


www.burmeseclassic.com



www.burmeseclassic.com



www.burmeseclassic.com



BURMESE CLASSIC .com
www.burmeseclassic.com

လာဘ်မိုးရွှေစာပေ - စာစဉ် (၂၇)

လာဘ်မိုးရွှေစာပေ

လာဘ်မိုးရွှေစာပေ
အမှတ်(၁၁၁)၊ (၃၃)လမ်း (လယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း- ၂၅၃၅၁၉

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | – | ၁၄၄၅/၂၀၀၁(၁၂) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – | ၃၆၆/၂၀၀၂(၅)<br>ပထမအကြိမ်<br>၂၀၀၂-ခုနှစ်၊ စက်တင်ဘာလ |
| အုပ်ရေ | – | ၅၀၀၀ |
| တန်ဖိုး | – | ၆၀၀ ကျပ် |
| မျက်နှာဖုံးပန်းချီ | – | မောင်မောင်သိုက် |
| အတွင်းပန်းချီ | – | မောင်နေကြည် |
| မျက်နှာဖုံးဂရပ်ဖစ်ဒီဇိုင်း | – | ရဲထွန်း |
| ကွန်ပျူတာစာစီ | – | Deep Blue |
| အတွင်းဖလင် | – | ကိုတင်ဝင်း(Perfect) ၃၈ လမ်း |
| စာအုပ်ချုပ် | – | ရှာကီး ၁၁၉ လမ်း |
| ထုတ်ဝေသူ | – | မနောဟရီစာပေ<br>ဦးအောင်ထွန်း(မြဲ-၀၁၉၅၂)<br>မြို့မ (၁)၊ ပေါ်တော်မူလမ်း<br>မှော်ဘီမြို့နယ်။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် | – | ဦးအောင်မြင့်ဦး<br>(မြဲ-၀၁၅၀၃)<br>သိန်းသန်းဦးပုံနှိပ်တိုက်<br>၃၄ လမ်း ရန်ကုန်မြို့။ |

www.burmeseclassic.com

မင်းသိင်္ခ

# မြနန်းနွယ်

( ဂဋ္ဌိ ရဝဏ္ဏ၊ ရည် အစအဆုံး း )

www.burmeseclassic.com

## ဒို့တာဝန်အရေး သုံးပါး

* ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com



# [၁]

တစ်နေ့သ၌ ကျွန်ုပ်သည် ဗိုလ်တထောင်ဘုရားသို့ ဘုရားဖူး ရောက်ခဲ့လေ၏။ ကျွန်ုပ်သည် ကျွန်ုပ်၏မွေးနေ့ထောင့်ဖြစ်သော တနင်္ဂနွေထောင့်တွင်ထိုင်၍ စေတီတော်မြတ်ကြီးအား ရှိခိုးလေ၏။ ထိုသို့ရှိခိုးပြီးနောက် ထိုထောင့်တွင်ရှိသော ခေါင်းလောင်းကြီးအား ကိုးချက်တိတိ ထိုးလိုက်လေ၏။ ပြီးလျှင် စေတီအတွင်း လိုဏ်သို့ဝင်ကာ လက်ယာရစ်လှည့်ပတ်၍ ရှိခိုးပြန်၏။ ထိုနေရာမှထွက်ပြီးလျှင် လိပ်ကန် ဘက်သို့သွားရောက်ကာ လိပ်များ၊ ငါးများကို အစာကျွေး၍ ဆုတောင်း လေ၏။ ပြီးလျှင် လိပ်ကန်အနီးရှိ လင်းလွန်းပင်လေးအောက်၌ ထိုင်၍

www.burmeseclassic.com



အမောဖြေနေလေ၏။ အမောဖြေသည်ဆိုရာ၌ အမှန်တကယ် မောပန်း၍ အမောဖြေသည်မဟုတ်ပေ။ အခြား လုပ်စရာမရှိသောကြောင့် အပျင်းဆွဲကာ ထိုင်ချလိုက်ခြင်းဖြစ်၏။ ထိုအချိန်၌ ကျွန်ုပ်၏အသက် သည် သုံးဆယ်မျှသာရှိသေးရာ ဗိုလ်တထောင်စေတီတော်၏ အတွင်း လိုဏ်ကို တစ်ပတ်ပတ်ရုံမျှဖြင့် မောပန်းဖွယ်ရာမရှိပေ။ ဤသို့လျှင် လင်းလွန်းပင်အောက်၌ ထိုင်ချလိုက်ပြီးနောက် လွယ်အိတ်ထဲတွင်ပါ သောဆေးပေါ့လိပ်တစ်လိပ်ကို ထုတ်ယူကာ မီးညှိရှိုက်ဖွာရင်း ကမ်းနားဆိပ်ဘက်မှ ဖြတ်၍တိုက်လာသော လေညင်းအေးအေးကလေးကို အတိုက်ခံ၍ နေလေ၏။ အချိန်အတန်ကြာ ထိုင်နေသောအခါ၌ အေးစိမ့်စိမ့်ပင် ဖြစ်လာသဖြင့် လွယ်အိတ်အတွင်းမှ ဆွယ်တာလက်ပြတ်ကလေးကို ထုတ်၍ဝတ်လိုက်ရလေတော့၏။

ထိုအချိန်မှာပင် အသက်ခြောက်ဆယ်ကျော်အရွယ်ရှိ လူကြီးတစ်ယောက်သည် ကျွန်ုပ်အနီးသို့ ရောက်လာပြီးလျှင် ဘုရားရှိခိုးလေ ၏။ ထိုသို့ ဘုရားရှိခိုးပြီးနောက်. . .

"ရွှေတိဂုံစေတီတော်၊ ရွှေဘုန်းပွင့်စေတီတော်၊ ရွှေနားပန်စေတီတော်၊ ရွှေကြက်ယက်စေတီတော်၊ ရွှေခုံတိုင်စေတီတော်၊ ရွှေစာရံစေတီတော်၊ ရွှေမုဋ္ဌောစေတီတော်၊ ခုနစ်ဆူသော ရွှေ

www.burmeseclassic.com



စေတီအပေါင်း၌ ကျွန်ုပ်ပြုခဲ့သော မနောမယ ရွှေအဓိဋ္ဌာန်ခုနစ်ကြိမ်၏ ကုသိုလ်ကောင်းမှုကို ကျွန်ုပ်၏သူငယ်ချင်း မောင်ဖေသော်အား အမျှပေးဝေပါ၏။ မောင်ဖေသော်ရေ. . . အမျှ. . . အမျှ. . . အမျှ. . .”

ဟု ရွတ်ဆိုလေ၏။ ထို့နောက် လူကြီးလည်း ကျွန်ုပ်၏အနီး၌ပင် ထိုင်လိုက်လေ၏။ ထိုသို့ထိုင်ပြီးလျှင် ထိုလူကြီးသည် ဆေးလိပ်တစ်လိပ်ကိုထုတ်၍ သူ၏အိတ်တွင် မီးခြစ်ကိုစမ်းလေ၏။ သို့ရာတွင် မီးခြစ်ကို မတွေ့သောအခါ ကျွန်ုပ်အား. .

“မီးတစ်တို့လောက် ပေးပါ”

ဟု ပြောလေ၏။

ကျွန်ုပ်လည်း ထိုလူကြီးအား ကျွန်ုပ်၏ဆေးလိပ်ကို လှမ်း၍ပေးလိုက်၏။ ထိုလူကြီးသည် ကျွန်ုပ်၏ဆေးလိပ်၌ မီးတို့လေ၏။ မီးတို့ပြီးသောအခါ၌ ကျွန်ုပ်က. .

“နေစမ်းပါဦး ဦးလေးရဲ့။ စောစောက ဦးလေးဆိုတဲ့ ရွှေစေတီခုနစ်ဆူဆိုတာ ဘာလဲခင်ဗျ”

ဟု မေးလိုက်လေ၏။ ထိုအခါ ထိုလူကြီးက. .

“သြော်. . မောင်ရင်က ကျုပ် ဘုရားရှိခိုးနေတာကို အစအဆုံး

www.burmeseclassic.com



နားထောင်နေတာကိုး။ အဲဒါက ကျုပ်တို့ဆရာကြီး ပေးသွားတဲ့ ခါတ်ပွင့်၊ လာဘ်ပွင့်၊ ကိုယ်ခါတ်၊ ရွှေခါတ် အစိဋ္ဌာန်ကွယ့်။ အဲဒီတုန်းက ကျုပ်က အတော့်ကို ဒုက္ခရောက်နေတယ်”

ဟု ပြောပြီးလျှင် ဆေးလိပ်ကို ဖွာလိုက်လေ၏။

“ဘယ်လို ဒုက္ခရောက်နေတာလဲ ဦးလေးရဲ့”

ကျွန်ုပ်က စပ်စပ်စုစု မေးမြန်းလိုက်ရာ ထိုလူကြီးက. .

“မောင်ရင်. . စုံထောက်တော့ မဟုတ်ပါဘူးနော်”

ဟု ပြောလေ၏။

“စုံထောက်မဟုတ်ပါဘူး ဦးလေးရယ်။ စုံထောက်က ကျွန်တော့်လို ပြောင်ဘယ်မေးမလဲ။ သူသိချင်တာကို ဦးလေးမသိအောင် လှေ့လာမှာပေါ့။ ကျွန်တော်က ရိုးရိုးအရပ်သားပါ။ ဗဟုသုတ လိုချင်လို့ မေးတာပါ။ တစ်မျိုးမထင်ပါနဲ့”

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

ထိုလူကြီးက ပြုံးလေ၏။ ထိုသို့ ပြုံးပြီးနောက်. .

“ဒီလို မောင်ရင်ရဲ့. .။ အဲဒီတုန်းက ကျုပ်က အသက် သုံးဆယ် လောက်ပဲရှိဦးမယ်။ ဒုက္ခရောက်နေတယ်ဆိုတာက ဒီလိုပါ မောင်ရင်ရယ်။ ဒုက္ခက တစ်မျိုးတည်းမဟုတ်ဘူး။ ရှစ်မျိုးတိတိ

www.burmeseclassic.com



ကျုပ်ဆီကိုရောက်နေတယ်။ နံပါတ် (၁) ဒုက္ခကတော့ ကျုပ်အိမ်မှာ နေတဲ့ အလုပ်သမားနှစ်ယောက် ကျုပ်ဆီက ပိုက်ဆံခိုးပြီး ထွက်ပြေးသွားကြတယ်။ ပိုက်ဆံခိုးတာက အရေးမကြီးဘူး။ သူတို့ နှစ်ယောက် ထွက်ပြေးသွားတော့ ကျုပ်မှာ အလုပ်ပျက်တာပေါ့။ နံပါတ်(၂) ဒုက္ခကတော့ ကျုပ်ရဲ့ကျန်းမာရေးပဲ။ ကျုပ်ကို ဆရာဝန်က တီဘီရှိတယ်လို့ပြောတယ်။ ကျုပ်ကလည်း ချောင်းတဟွတ်ဟွတ်ဆိုးတယ်။ မောလိုက်တာလည်း မပြောပါနဲ့တော့ဗျာ။ အသက်ကို သေမင်းဆီမှာ ဝကွက်ပြီးအပ်ထားရတဲ့အချိန်ပေါ့ဗျာ။ နံပါတ်(၃) ဒုက္ခကတော့ ကျုပ်က သယ်န်းကျွန်းဘက်မှာနေနေတာ။ ကျုပ်ရဲ့လုပ်ငန်းက မြို့ထဲမှာလုပ်မှ အလုပ်ဖြစ်မှာ။ ဒီတော့ နေရာသိပ်ပြီးပြောင်းချင်တယ်။ ပြောင်းဖို့ငွေလည်းမရှိဘူး။ အတော့်ကို ကျုပ်တည်းနေတဲ့အချိန်။ နောက် ကျုပ်နေရတဲ့ အိမ်ကလည်း မြေစိုက်တဲကြီးဗျ။ ကျုပ်ရဲ့ရောဂါနဲ့ လုံးဝမသင့်တော်ဘူး။ အဲဒီတော့ ဘာပဲဖြစ်ဖြစ် အိမ်ကောင်းအိမ်သန့်လေးတစ်လုံးတော့ ကိုယ်ပိုင်ရချင်တာပေါ့ဗျာ။ အဲဒီ မြေစိုက်တဲကြီးတောင် ကျုပ်က ငှားပြီးနေနေရတာ မဟုတ်လား။

နံပါတ်(၄) ဒုက္ခကတော့ နယ်မှာရှိတဲ့ ကျုပ်ရဲ့ဖခင်ကြီးက သေလု

www.burmeseclassic.com



မြောပါးအချိန်ကို စောင့်နေပြီ။ သူ့ကို ကျုပ် ကောင်းကောင်း သင်္ဂြိုဟ်ချင်တယ်။ အဲဒီအချိန်မှာသေသွားရင်တောင် ကျုပ်မှာ ပိုက်ဆံတစ်ပြားမှမရှိတဲ့အတွက် အလောင်းကို ဖျာလိပ်နဲ့ပတ်ပြီး ပစ်ရမလိုဖြစ်နေတယ်။ အဲဒီအတွက်လည်း ကျုပ်စိတ်မှာ တော်တော်မကောင်းဘဲဖြစ်နေပြန်တယ်။

နံပါတ်(၅) ဒုက္ခကတော့ ဘာပဲဖြစ်ဖြစ် ကျုပ်က အလုပ်လုပ်လို့ ငွေရခဲ့တာတော့ မှန်တယ်။ ဒါပေမယ့် မစုမိ မဆောင်းမိဘူး။ ငွေပိုငွေလျှံလည်း မရှိဘူး။ ကျုပ်က ဘာပဲဖြစ်ဖြစ် နေ့စဉ် စားသောက်သုံးစွဲနေရတဲ့အပြင် ဘဏ်တိုက်မှာ ငွေလေး သုံး၊ လေးငါးသောင်းလောက်တော့ ငွေပိုငွေလျှံအနေနဲ့ စုဆောင်းထားချင်တာ အမှန်ပဲ။

နံပါတ်(၆) ဒုက္ခကတော့ ကျုပ်ဟာ ဘယ်သူနဲ့ပဲတွေ့တွေ့ ဩဇာမတည်ဘူး။ အနိမ့်ဆုံးအားဖြင့် ကျုပ်အိမ်မှာ ကျုပ်ထမင်းကျွေးထားရတဲ့ ခွေးပိန်မအပေါ်မှာတောင် ဩဇာမရှိဘူး။ ကျုပ်မောင်းရင် ဘယ်တော့မှ မသွားဘူး။ သူများမောင်းရင် အဲဒီခွေးမက တစ်ချက်တည်းနဲ့ ထသွားတယ်။ အဲဒီတော့ ကျုပ်ဟာ တန်ခိုးဩဇာလေး အတော်အတန်လိုချင်တယ်။ အဲဒါလေးဟာ အမှန်ပါပဲ။

www.burmeseclassic.com



နံပါတ် (၇) ဒုက္ခကတော့ ကျုပ်ဟာ အလုပ်တွေ တစ်ခုပြီးတစ်ခု ပြောင်းပြီးလုပ်လာတယ်။ ဘာအလုပ်မှ ကျုပ်ကို အကျိုးမပေးဘူး။ အလုပ်လည်း မမြဲဘူး။ အလုပ်လေးတစ်ခုတော့ မြဲချင်တယ်။ ပြီးတော့ နေရာထိုင်ခင်းလည်း မမြဲဘူး။ ဟိုပြောင်းလိုက် ဒီရွှေ့လိုက်နဲ့။ အဲဒီတော့ စိတ်တိုင်းကျနေရာလေး လိုချင်တယ်။

နံပါတ် (၈) ဒုက္ခကတော့ ပြောရမှာတောင် ရှက်ပါတယ်။ ကျုပ်မျက်နှာကို ကျုပ်မှန်ထဲမှာကြည့်လိုက်တဲ့အခါမှာ တစ်မျိုးကြီးဗျ။ ကျက်သရေမရှိသလိုဖြစ်နေတယ်။ သူများအနေနဲ့မပြောနဲ့။ ကိုယ့်မျက်နှာကိုယ်ကြည့်တာတောင် ကိုယ့်မျက်နှာကို ကိုယ့်စိတ်ထဲမှာ ကျက်သရေမရှိဖြစ်နေတယ်ဆိုတော့ သူများအနေနဲ့ ဘယ်လိုနေမလဲဗျာ။ အဲဒီတော့ ဘာပဲဖြစ်ဖြစ်ဗျာ။ ကျုပ်မျက်နှာကို ကျက်သရေရှိစေချင်တယ်။ ကျုပ်မျက်နှာမြင်ရင် ချစ်ခင်ပါစေ ဖြစ်ချင်တယ်ပေါ့ သူငယ်ရယ်"

ဟု ထိုလူကြီးက ပြောလေ၏။ ထိုအခါ ကျွန်ုပ်က. .

"ဘာပဲဖြစ်ဖြစ် ဦးလေးရယ်. . ဦးလေးဒုက္ခ ရှစ်မျိုးကလည်း ခပ်ဆန်းဆန်းပါပဲလား။ အဲဒီဒုက္ခတွေ ဘယ်လိုဖြစ်ကုန်သလဲ ပြောပါဦး"

www.burmeseclassic.com



ဟု မေးလိုက်ရာ ထိုလူကြီးက ပြုံးလေ၏။ ထိုသို့ပြုံးပြီးနောက်. .

"စောစောက မောင်ရင်ကြားတဲ့ ရွှေပါတဲ့ ဘုရားခုနစ်ဆူမှာ အမိဋ္ဌာန်လုပ်လိုက်တယ် မောင်ရင်ရဲ့။ ကျုပ် တတ်လို့တော့ မဟုတ်ဘူးနော်။ ကျုပ်တို့ဆရာက ခိုင်းလို့လုပ်တာ။ ကျုပ်တို့ဆရာ ဆိုတာက တခြားလူမဟုတ်ဘူး။ ကျုပ်တို့က အဘမှည့်လို့ခေါ် တယ်။ အခုတော့ မရှိရှာတော့ဘူး။ မရှိရှာတော့ဘူးဆိုတာ သေပြီ လို့ပြောတာ မဟုတ်ဘူးနော်။ သူ့အိမ်မှာ သူမရှိတာကိုပြောတာ" ဟု ထိုလူကြီးက ပြောလေ၏။ ထိုအခါ ကျွန်ုပ်က. .

"ဘယ်လို အမိဋ္ဌာန်တာလဲ ဦးလေးရဲ့။ ပြောပါဦး ဦးလေးရဲ့။ ဦးလေးနဲ့ စကားပြောရတာကလည်း သွားတိုက်ဆေးဘူး ညှစ်ရ သလိုပါပဲ။ တစ်ခါညှစ်မှ တစ်ခါထွက်တယ်။ ကျွန်တော် နားလည် အောင် အစအဆုံး တစ်ခါတည်း ပြောပြလိုက်ပါ ဦးလေးရယ်" ဟု ပြောရာ ထိုလူကြီးက. .

"စကားပြောတယ်ဆိုတာ အလကားနေရင်း ကရားရေသွန် မပြော ရဘူး မောင်ရင်ရဲ့။ ပုစွန်လက်မ၊ ကဏ္ဍရ စည်ကြီးတီးသလို တစ် ချက်တီးမှ တစ်ခါမြည်ရတယ်ကွယ်။ မောင်ရင်တို့ခေတ်ကလူတွေ စကားပြောတာက ဒီလိုမဟုတ်ဘူး။ တစ်ခွန်းမေးရင် ဆယ်ခွန်း

www.burmeseclassic.com



လောက်ဖြေနေကြတယ်။ ဥပမာကွာ ထမင်းစားပြီးပြီလားလို့ မေးရင် စားပြီးရင် စားပြီးတယ်လို့ ဖြေဖို့ပဲရှိတယ်။ အခုတော့ ဒီလိုမဟုတ်ဘူး။ စားပြီးပြီ၊ ကြက်သားဟင်းနဲ့။ အစကတော့ ကြက်သားဟင်းနဲ့စားဖို့မဟုတ်ဘူး။ အမေကလည်း နေမကောင်းလို့ သူ့ကို ကြက်သားပြုတ်ကြော်လေးလည်း လုပ်ပေးရင်းနဲ့ ကျန်တဲ့တစ်ခြမ်းကို ပန်းသုံးပွင့်မဆလာလေးနိုင်နိုင်ခပ်ပြီး ကာလသားချက် ချက်တာ။ ဟင်းချိုလေးလည်း သောက်ချင်တာနဲ့ ကြက်ရိုးကလေးတွေကိုပြုတ်ပြီး ဆူးပုပ်ရွက်ခတ်တာလေ။ ပြီးတော့ ဘောလယ်ကျွန်းဘက်က အင်းသူကြီး ကိုသောင်းစိန်ဆိုတဲ့သူယူလာတဲ့ သုံးဦးစပ် ငါးပိလေးလည်း ကျိုတယ်။ ပြီးတော့ ငါးကျည်းလေးနှစ်ကောင်လောက် မီးဖုတ်ပြီး အဲဒီ ငါးပိရည်ထဲ အသားနွှင်ပြီးထည့်လိုက်တာ ကြက်သွန်ဖြူနဲ့ ဂျင်းကလေးတောင် ထောင်းပြီးထည့်လိုက်သေးတယ်။ ပြီးတော့တာပါပဲ။ မြိန်လိုက်တာ မပြောပါနဲ့တော့လို့ ဆိုတာမျိုး။ မေးတာက တစ်ခွန်းရယ် ဖြေလိုက်တာက ဆယ်ခွန်းလောက်ဖြေနေကြတယ်။ အဲဒါ ဘာလို့ဖြစ်လဲဆိုတော့ စိတ်ဓာတ်အားနည်းတာကိုပြတာ။ ဒါမှမဟုတ် မေးခွန်းကို နားမလည်တာကို ပြတာ။ ဒီမှာ မောင်ရင်. . ကျုပ်က စိတ်ဓာတ်

www.burmeseclassic.com



အားနည်းတဲ့လူမဟုတ်ဘူး။ မေးခွန်းနားမလည်တဲ့သူလည်း မဟုတ်ဘူး မောင်။ မောင်ရင် ထပ်ပြီးသိချင်ရင် ထပ်ပြီးမေး။ ဒါပဲ” ဟု ပြောလိုက်လေ၏။

ထိုအခါ ကျွန်ုပ်သည် ဆေးလိပ်တိုကို ထိုးချေ၍လွှင့်ပစ်ရင်း. .

“ပုစ္ဆန်လက်မ၊ ကက္ကရစည်ကြီးလည်းဆိုတော့ တစ်ချက်မေးမှ တစ်ချက်ဖြေမယ်လည်း ပြောထားတော့ ဦးလေး မထနဲ့။ ကျုပ် သိချင်တာတွေ တစ်ခုချင်းမေးမယ်”

ဟု ဆိုကာ ထိုလူကြီး၏ခါးကို ကျွန်ုပ်က သိုင်း၍ဖက်လိုက်လေ၏။ ထိုအခါ. .

“ဟေ့သူငယ်. . ယားတတ်တယ်ကွ။ ခါးကိုမဖက်နဲ့။ ငါ အခုထိ လူပျိုကြီးလုပ်နေတာ အဲဒီအချက်ပဲကွ။ ခါးကိုထိတာနဲ့ကို ယားတာနဲ့ မိန်းမ မယူရဲတာဟေ့”

ဟု ထိုလူကြီးက ပြောလေ၏။ ထိုအခါ ကျွန်ုပ်က ဖက်ထားသော လက်များကို ဖြေပေးလိုက်ရင်း. .

“ကဲပါ ဦးလေးရယ်. . ရွှေစေတီခုနစ်ဆူမှာ ဘယ်လို အဓိဋ္ဌာန် လုပ်ရတယ်ဆိုတာ ကျွန်တော့်ကို ပြောစမ်းပါ။ ဒါပေမယ့် ဦးလေး လို ဒုက္ခရှစ်မျိုးတော့ မဟုတ်ဘူး။ ကျွန်တော့်မှာ အမျိုး (၈၀)

www.burmeseclassic.com



လောက်ရှိမယ်ထင်တယ်”

ဟု ကျွန်ုပ်ကပြောလိုက်လျှင် ထိုလူကြီးက. .

“လေမျိုး (၈၀) ပဲ ကြားဖူးပါတယ်ကွာ။ ဒုက္ခမျိုး (၈၀) လို့တော့ မကြားဖူးပါဘူး”

ဟု ပြောလေ၏။

“ဒါနဲ့ နေပါဦး ဦးလေးရဲ့။ ကျွန်တော်တို့စကားပြောတဲ့အခါမှာ ဒုက္ခကို ဒုက္ခလို့ တစ်မျိုးတည်းမပြောဘူး။ ဒုက္ခသုက္ခလို့ ပြောနေကြတယ်။ ဒုက္ခကိုတော့ နားလည်ပါပြီ။ သုက္ခဆိုတာ ဘာလဲ ဦးလေးရဲ့”

ဟု ကျွန်ုပ်က မေးလိုက်ရာ ထိုလူကြီးက. .

“သုက္ခဆိုတဲ့စာလုံးတော့ ပါဠိစာလုံးရှိဟန်မတူဘူးကွယ့်။ စကားပြောတဲ့အခါမှာ တုံးတိတိကြီးဖြစ်မှာစိုးလို့ စကားဖို၊ စကားမ အနေနဲ့ ပြောနေကြတာနဲ့တူပါတယ်ကွာ။ ဒါမှမဟုတ်ရင်လည်း ဦးလေးနားလည်သလိုပြောရရင် ဒုက္ခဆိုတာက ဆင်းရဲမှုကွ၊ သုက္ခဆိုတာက ချမ်းသာမှုထဲကလာတဲ့ ဆင်းရဲမှုပဲ။ ဥပမာ ကိုယ်ပိုင်မော်တော်ကားမရှိတဲ့လူဟာ ကားတိုးစီးရတဲ့ ဒုက္ခပေါ့ကွာ။ ကိုယ်ပိုင်မော်တော်ကားရှိတဲ့သူကလည်း မင်းတို့၊ ငါတို့လို ဒုက္ခ

www.burmeseclassic.com



မဟုတ်ပေမယ့် ကားခတ်ဆီထည့်ရတာတို့၊ ကိုယ့်ကားကို သူများနဲ့ပွတ်မိလို့ စိတ်ဆင်းရဲတာတို့တွေ ရှိမှာပေ့ါ။ အဲဒါကတော့ သုခထဲကလာတဲ့ ဒုက္ခမို့လို့ သူ့ကို သုက္ခလို့ ခေါ် လိုက်ဟန်တူတယ်ကွ”

ဟုပြောကာ ထိုလူကြီးသည် သူ၏စကားကို သူ့ဘာသာသဘောကျ၍ တခွစ်ခွစ်ရယ်လေ၏။ အမှန်အားဖြင့် တခစ်ခစ်ရယ်သည်ဟု ပြောရမည့်အစား ထိုလူကြီးရယ်သည့်အခါ၌ ချောင်းသံပါနေ၍ တခွစ်ခွစ်ဖြစ်နေသောကြောင့် တခွစ်ခွစ်ရယ်သည်ဟု ပြောရခြင်းဖြစ်၏။

“ကဲပါ ဦးလေးရယ်. . ဦးလေးရဲ့ ရွှေစေတီခုနစ်ဆူအဓိဋ္ဌာန်အကြောင်း ပြောပါဦး”

ဟု ကျွန်ုပ်က သတိပေးလိုက်ရာ ထိုလူကြီးက. .

“ကျုပ် အဓိဋ္ဌာန်ဝင်တာ တစ်ယောက်တည်းမဟုတ်ဘူး။ အဖော်ပါသေးတယ်။ အဖော်က ဘယ်သူလဲဆိုတော့ မီးရထားရုံးကစာရေးလေး မောင်လှဖေပဲ။ မောင်လှဖေဟာ ရုံးစဝင်ကတည်းကအောက်တန်းစာရေးပဲ။ ဆယ်နှစ်ကျော်ပြီ။ အောက်တန်းစာရေးကကို မတတ်ဘူး။ အဲဒီတော့ သူကလည်း အဓိဋ္ဌာန်ဝင်ချင်တယ်။ သူလည်းလိုက်ပါရစေဆိုတော့ သူ့ကိုပါ ခေါ်သွားရတယ်။ အဓိကကတော့ ရွှေစေတီခုနစ်ဆူမှာ ပုတီးစိပ်ရတာပါပဲ။ တစ်ပတ်မှာ

www.burmeseclassic.com



တစ်ရက်ပေါ့။ ဗုဒ္ဓဟူးနေ့မှာ စိပ်ရတယ်။ စိပ်ရတဲ့ဂါထာကတော့”

ဟု ဆိုကာ အောက်ပါဂါထာကို ရွတ်ပြလေတော့၏။

**ဝေရာ ． မံသီယ ဘောဂါစ၊**
**အနန္တာ ． ခီဏာ ဘောဂဝါ။**
**အနန္တ ． ဘဇ္ဇ ပရိသော၊**
**ဘဝသော ပါပုဏော သိဝံ ။ ။**

“အဓိပ္ပာယ်က ဘယ်လိုလဲ ဦးလေးရဲ့”

ဟု ကျွန်ုပ်က မေးရာ ထိုလူကြီးက． ．

“အဓိပ္ပာယ်လို့ မပြောရဘူးကွ။ ‘အနက်’ လို့ ပြောရတယ်။ အနက်က ဒီလိုကွ။ တစ်လုံးချင်း မင်းကိုပြောမယ်။ ‘ဝေရာ ． မံသီယ ဘောဂါစ’ ဆိုတာက ရန်သူမျိုးငါးပါးတို့ မလုယက် မဖျက်ဆီးနိုင်သော ပစ္စည်းဥစ္စာရှိသည်လို့ အဓိပ္ပာယ်ရတယ်။ ‘အနန္တာ ခီဏာ ဘောဂဝါ’ ဆိုတာက အတိုင်းမသိ အဆုံးမရှိသုံးဆောင်၍ မကုန်နိုင်သော ပစ္စည်းဥစ္စာရှိသည်လို့ အဓိပ္ပာယ်ရသည်။

www.burmeseclassic.com



'အနန္တာ ဘဇ္ဇ ပရိသော' ဆိုတာက အတိုင်းမသိ အဆုံးမရှိ မပျက်စီးနိုင်သော ပရိသတ်ရှိသည်လို့ အဓိပ္ပာယ်ရတယ်။ 'ဘဝသော' ဆိုတာက ဘဝတိုင်း၊ ဘဝတိုင်းလို့ အဓိပ္ပာယ်ရတယ်။ 'ပါပုဏေ' ဆိုတာက ရောက်ရပါလို၏ လို့ အဓိပ္ပာယ်ရတယ်။ 'သိဝံ' ဆိုတာက နိဗ္ဗာန်လို့ အဓိပ္ပာယ်ရတယ်။ အဲဒီတော့ကွာ အတိုချုပ် မောင်ရင်နားလည်အောင် အနက်ပေးရရင်တော့ နိဗ္ဗာန်မရမီစပ်ကြား ဖြစ်လေရာဘဝတိုင်းမှာ ရန်သူမျိုးငါးပါး ဖျက်ဆီးလို့မရတဲ့ ပစ္စည်းဥစ္စာရှိပါစေ၊ ပစ္စည်းဥစ္စာနဲ့ ပြည့်စုံပါစေ။ အတိုင်းမသိ အဆုံးအစမရှိ ပစ္စည်းဥစ္စာ ချမ်းသာပါစေ။ အတိုင်းမသိတဲ့ ပရိသတ်လည်း ကိုယ့်မှာရှိပါစေလို့ အဓိပ္ပာယ် ရတာပေါ့ကွာ။ ငါက စာတတ်ပေတတ် ဘုန်းကြီးမှမဟုတ်ဘဲ။ အတိအကျတော့ အဓိပ္ပာယ်ပြန်မပေးနိုင်ဘူးကွ။ သဘောလောက် ရရင်တော်ရောပေါ့ကွာ"

ဟု ပြောလေ၏။

"အဲဒါဂါထာကတော့ ဟုတ်ပါပြီ ဦးလေးရယ်။ အဲဒါ ဘယ်လို အဓိဋ္ဌာန်ယူရမှာလဲ"

ဟု ကျွန်ုပ်က မေးပြန်ရာ ထိုလူကြီးက. .

---

www.burmeseclassic.com



"ဗုဒ္ဓဟူးနေ့တိုင်းလုပ်ရမှာကွ။ တစ်နှစ်မှာ အကြမ်းဖျင်းအားဖြင့် ဗုဒ္ဓဟူးနေ့ ၅၂ကြိမ်မြောက်လောက်ပါတယ်။ လုပ်ရမှာက ၄၉ခါ တိတိ လုပ်ရမှာဆိုတော့ တစ်နှစ်လောက်လုပ်ရမှာပေါ့ကွာ။ လုပ်နေတဲ့အတွင်းမှာလည်း ညအိပ်ရာဝင်တိုင်း အဲဒီ ကုသိုလ်ကောင်းမှုကို အမျှဝေရမယ်။ ပြီးတော့ တို့ဆရာကြီးပြောသွားတဲ့အတိုင်း ဆိုရင်တော့ အဲဒီအမိဌာန်လုပ်တဲ့နေ့ကစပြီး ထမင်းစားတဲ့အခါမှာ ကြွေပန်းကန်မှာ ရွှေရေးအနားကွပ်လေးပါတဲ့ဟာမျိုးနဲ့ စားရမယ်ကွာ။ သူပြောတဲ့အတိုင်းကတော့ ဒါမှ ကိသ်ခာတ်မိတယ်လို့ ဆိုတာပဲ။ ငါလည်း မမေးဝံ့လို့ မမေးလိုက်ရဘူး။ ကိသ်ခာတ်ဆိုတာ ရွှေခာတ်နဲ့တူပါတယ်"

ဟု ပြောလေ၏။

"ပုတီးက ဘယ်နှပတ်စိပ်ရမှာလဲ"

ဟု ကျွန်ုပ်က မေးလိုက်ရာ. .

"များများမဟုတ်ပါဘူးကွ။ ခုနစ်ပတ်တည်း စိတ်ရမှာ"

ဟု ထိုလူကြီးက ပြောလေ၏။

"ပုတီးစိပ်တာက ဟုတ်ပါပြီ ဦးလေးရယ်။ ဘယ်လိုပုတီးမျိုးနဲ့ စိပ်ရမှာလဲ"

www.burmeseclassic.com



ဟု ကျွန်ုပ်က မေးပြန်ရာ ထိုလူကြီးက. .

"ကြိုက်တဲ့ပုတီးနဲ့စိပ်နိုင်တယ်။ သစ်သားပုတီးနဲ့စိပ်စိပ်၊ ကျောက်ပုတီးနဲ့စိပ်စိပ်၊ ကြေးပုတီးနဲ့စိပ်စိပ် စိပ်နိုင်တယ်။ ဒါပေမယ့် တို့ဆရာကြီးပြောခဲ့တဲ့အတိုင်းပြောရရင်တော့ ကိုးလုံးပုတီးခေါင်းလေးကိုရွှေချပြီးမှစိပ်ရမယ်။ ဒီမှာမြင်လား။ ငါ့ပုတီး"

ဟု ဆိုကာ ထိုလူကြီးသည် သူ၏ပုတီးလေးကို ထုတ်ပြလေ၏။ ကျွန်ုပ်သည် သူ၏ပုတီးကို မြင်ရုံမျှနှင့်ပင် ပိတောက်သားပုတီးမှန်း သိလေ၏။ ထို့ကြောင့် ကျွန်ုပ်က. .

"ဦးလေးပုတီးက ပိတောက်သားပုတီးပါဗျာ"

ဟု ပြောလိုက်ရာ ထိုလူကြီးက. .

"မှန်တာပေါ့ မောင်ရင်ရယ်. . ကျုပ်က တနင်္ဂနွေသား၊ နာမည်က အောင်သော်တဲ့။ တနင်္ဂနွေရဲ့မိတ်က ကြာသပတေးမဟုတ်လား။ တနင်္ဂနွေရဲ့ဓာတ်က စနေမဟုတ်လား။ အဲဒီတော့ ကြာသပတေးနဲ့ စနေတွဲတဲ့အသားဆိုတော့ ပိတောက်ပေါ့။ အဲဒါလည်း ကျုပ်တို့ဆရာကြီးပေးခဲ့တဲ့နည်းပါပဲ။ မိတ်ကို ဓာတ်အုပ်ရမယ်တဲ့"

ဟု ပြောပြလေ၏။

www.burmeseclassic.com



"ဟုတ်ပါပြီ ဦးလေး။ တနင်္ဂနွေသားအတွက် ပိတောက်ဆိုတော့ ဟုတ်ပါပြီ။ တနင်္လာသားအတွက်ဆို ဘာလဲ"

ဟု မေးလိုက်ရာ ဦးအောင်သော်ကြီးက. .

"တနင်္ဂနွေအတွက် ပိတောက်၊ တနင်္လာအတွက် လက်ပံ၊ အင်္ဂါအတွက် သရက်၊ ဗုဒ္ဓဟူးအတွက် ကသစ်၊ ကြာသပတေးအတွက် အင်ကြင်း၊ သောကြာအတွက် စောင်းလျား၊ စနေအတွက် ရှာရ အတော်ခက်တယ်။ ဒါပေမယ့် လုပ်နည်းကတော့ ပုတီးကို လင်းလွန်းသားနဲ့ အုန်းသားနဲ့ လုပ်ရတယ်။ လင်းလွန်းသားတစ်လုံး အုန်းသီးတစ်လုံးစီ စီပြီးတော့ လုပ်ရတယ်။ အဲဒါက သိပ်ပြီး အရေးမကြီးပါဘူး။ ဆရာကြီးစကားအရတော့ ပုတီးခေါင်းမှာ ရွှေချရတာက အဓိဋ္ဌာန်နဲ့ ပိုပြီးသက်ဆိုင်တယ်။ အဓိဋ္ဌာန်လုပ်နေတုန်းမှာလည်း အခြားကုသိုလ်ထက် ဆင်းတုတော်တွေ၊ စေတီတွေရွှေချတဲ့ ကုသိုလ်က ပိုပြီးလုပ်သင့်တယ်"

ဟု ပြောလေ၏။

"အဲဒီ အဓိဋ္ဌာန်လုပ်ရင် ဘယ်နှကြိမ်လောက်မှာ အစွမ်းပြသလဲ"

ဟု ကျွန်ုပ်ကမေးလိုက်ရာ ဦးအောင်သော်ကြီးက. .

"ငါနဲ့အတူလုပ်တဲ့ လှဖေဟာ အဓိဋ္ဌာန်လေးခါလည်းပြီးရော

www.burmeseclassic.com



ရာထူးတက်သွားတယ်။ တခြားလူတွေအတွက်ကတော့ အောက်တန်းစာရေးက အထက်တန်းစာရေးရတာဟာ မဆန်းပေမယ့် လှဖေအတွက်ကတော့ ဘုရင်ခံရာထူးရတာထက်တောင် ဝမ်းသာသွားတယ်။ သူဟာ ရာထူးတစ်ခါမှ မတက်ဖူးဘဲကိုးကွ။ တကယ်တော့ လှဖေဆိုတဲ့ကောင်က ဆန်းတယ်ကွ။ ရာထူးလည်းတက်ရော ဆက်ပြီး အမိဋ္ဌာန်မလိုက်တော့ဘူး”

ဟု ပြောလိုက်လေ၏။

“အဲဒီတုန်းက ဦးလေးကြုံတွေ့နေရတဲ့ ဒုက္ခရှစ်မျိုးကရော အမိဋ္ဌာန်ဘယ်နှစ်ကြိမ်လုပ်ပြီးတဲ့အခါမှာ ပြေပျောက်သွားသလဲ”

ဟု ကျွန်ုပ်က မေးလိုက်ရာ ဦးအောင်သော်ကြီးက. .

“မင်းက အစစ်အဆေး၊ အမေးအမြန်း ထူတဲ့အကောင်ပဲ။ ပုလိပ်ဘက်မှာလုပ်ဖို့ကောင်းတယ်။ ငါက အမိဋ္ဌာန်ရှစ်ကြိမ်အထိ မထူးသေးဘူးကွ။ ကိုးကြိမ်ကျမှ ထူးတာ။ ကိုးကြိမ်မှာ ဒုက္ခတစ်ခုပြုတ်သွားတယ်။ ဆယ်ကြိမ်မှာ နောက်ထပ်ဒုက္ခတစ်ခုပြုတ်သွားတယ်။ တစ်ဆယ့်ခြောက်ကြိမ်လည်းရောက်ရော ဒုက္ခအားလုံးလောက်နီးနီးပြုတ်သွားတာပေါ့။ တစ်ခုထူးဆန်းတာက ငါ့ရဲ့နောက်ဆုံးဒုက္ခဖြစ်တဲ့ မျက်နှာမှာ ကျက်သရေမရှိဖြစ်နေတဲ့ဒုက္ခဟာ ဘယ်ပုံ

www.burmeseclassic.com



ဘယ်နည်းပျောက်သွားတယ်ဆိုတာ မင်းကိုပြောပြချင်သေးတယ်"

"အဲဒါ ကျွန်တော် အသိချင်ဆုံးပါပဲ ဦးလေးရယ်။ ကျွန်တော့်ကို ပြောပြစမ်းပါ"

ဟု ပြောလိုက်ရာ ဦးအောင်သော်ကြီးက. .

"ဒါက ဒီလိုကွ"

ဟု အစချီကာ အောက်ပါအတိုင်း ရှည်လျားစွာ ပြောပြလိုက်လေတော့သတည်း။

*****

www.burmeseclassic.com



www.burmeseclassic.com



# [၂]

"ဒီလိုမောင်ရင်ရဲ့ ငါတို့ဆရာကြီး အဘမှည့်က ရှေးစကားပုံတွေနဲ့ ခတ်ဆင်လေ့ရှိတယ်ကွယ့်။ အခုလည်း ငါ့ကို ကြွေပန်းကန်မှာ ရွှေရေးအနားကွပ်ပါတဲ့ ပန်းကန်နဲ့ ထမင်းစားရမယ်လို့ ပြောတာဟာ အကြောင်းမဲ့ပြောတာမဟုတ်ဘူးကွ။ တို့ မြန်မာစကားပုံမှာ **'မျက်နှာသာပေး၊ ရွှေရေးပန်းကန်တက်'** ဆိုတဲ့ စကားရှိတယ်မဟုတ်လား။ အဲဒီ ပညတ်ခတ်ကိုယူပြီး ငါ့ကို ရွှေရေးပန်းကန်နဲ့ စားခိုင်းတာ။ လူအများရဲ့ မျက်နှာသာပေးခြင်းခံရအောင်ပေါ့ကွာ"

---

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com



ဟု ပြောလေ၏။ ကျွန်ုပ်လည်း ဦးအောင်သော်ကြီးပြောသည့် စကားကို စဉ်းစားနေမိလေ၏။ ထို့ကြောင့် ဦးအောင်သော်ကြီးက. .

"ဘာလဲကွ။ မင်းက ငါပြောတဲ့စကားကို မယုံလို့လား။ ဒါမှမဟုတ်ရင် တို့ဆရာကြီး အဘမှည့်ပြောတဲ့စကားကို မယုံလို့လား"

ဟု မေးလေ၏။

ထိုအခါ ကျွန်ုပ်က. .

"ကျွန်တော်က ဘာကိုပဲဖြစ်ဖြစ် ယုံတယ်၊ မယုံဘူးဆိုတဲ့ 'ဘက်' တွေနဲ့ မစဉ်းစားပါဘူး။ ယုံတယ်၊ မယုံဘူးဆိုတာဟာလည်း ပုံသေမရှိပါဘူး။ ယုံစရာရှိတော့လည်း ယုံလိုက်တာပေါ့။ ယုံစရာမရှိတော့လည်း မယုံလိုက်တာပေါ့။ ဒါက အရေးမကြီးပါဘူး"

ဟု ပြောလိုက်ရာ ဦးအောင်သော်ကြီးက. .

"မင်းပြောတဲ့စကား မဆိုးဘူးကွ။ ဒါပေမယ့် ငါကတော့ မင်းလိုမဟုတ်ဘူး။ ဟိုတုန်းက ဘာမှမယုံဘူး။ အခုတော့ အကုန်လုံးယုံနေပြီ။ ဟိုတုန်းက မယုံဘူးဆိုတာ ဘာဆန်းသလဲကွယ်။ အဲဒီတုန်းက တမလွန်ဘဝရှိတယ်ဆိုတာကိုတောင် မယုံတာ။ အဲဒီတုန်းက အယူအဆနဲ့ပြောမယ်ဆိုရင် သေပြီးရင်ပြီးပြီလို့ ယူဆခဲ့တာပေါ့။ ငါ့သူငယ်ချင်းဖေသော်ကို အကြောင်းပြုပြီး တမလွန်

www.burmeseclassic.com



ဘဝ ရှိတယ်ဆိုတာကိုလည်း ယုံ။ နတ်တွေ၊ ဇော်ဂျီတွေ၊ ဝိဇ္ဇာတွေ ရှိတယ်ဆိုတာကိုလည်း ယုံ။ သရဲ၊ တစ္ဆေ၊ မှင်စာ ရှိတယ်ဆိုတာ ကိုလည်း ယုံ။ အကုန်လုံးကို ယုံတော့တာပဲကွာ။ အဲဒီလို ယုံပြန် တော့လည်း ယုံတဲ့အတိုင်း လျှောက်ပြီးတော့လုပ်တော့တာပေါ့”

ဟု ပြောလေ၏။

“အဲဒါ ထားပါဦး ဦးလေးရဲ့။ ကျွန်တော့်ကို ရွှေအဓိဋ္ဌာန်အကြောင်း ပြောပါဦးဗျ”

ဟု ကျွန်ုပ်က ပြောလိုက်ရာ. . ဦးအောင်သော်က ပြုံး၍. .

“ပြောရမှာပေါ့ကွာ. .။ ငါတို့ကို ငါတို့ဆရာကြီးက ရွှေအဓိဋ္ဌာန် လုပ်ခိုင်းတဲ့နေ့ကစပြီး ငါတို့နာမည်တွေကို ရိုးရိုးမခေါ်ဘူးကွ။ ရွှေတပ်ပြီးခေါ်တယ်။ လှဖေကို ရွှေလှဖေတဲ့။ ငါ့ကိုလည်း ရွှေ အောင်သော်တဲ့။ တို့နဲ့အတူ အဓိဋ္ဌာန်လိုက်ပြီးဝင်တဲ့ မပန်းနု ဆိုတဲ့ မိန်းမတစ်ယောက်ရှိသေးတယ်။ သူ့ကိုလည်း ရွှေပန်းနု တဲ့။ အဲဒီလို ဘာလို့ခေါ်ရတာလဲလို့ တို့က တို့ဆရာကြီး အဘမှည့် ကို မေးတယ်။ အဲဒီအခါမှာ အဘမှည့်က ရွှေဟိတ်ခတ်ပြီး ရွှေ ခာတ်ဆင်ပေးတာဟေ့. . လို့ ပြန်ပြီးပြောတယ်”

ဟု ပြောလေ၏။ ထိုအခါ၌ ကျွန်ုပ်သည်. .

---

www.burmeseclassic.com



"ဦးလေး. . ခဏနေဦး။ ကျွန်တော် စားစရာလေး တစ်ခုခု သွားဝယ်ဦးမယ်"

ဟုပြောပြီး စေတီတော်ဝင်းအပြင်ဘက်တွင် ရောင်းချနေသည့် ဘယာကြော်ကုလားထံမှ ဘယာကြော် ပူနွေးနွေးတစ်မတ်ဖိုးကို သွား၍ ဝယ်လေ၏။ ထိုကုလားသည် ဘယာကြော်ကိုသာမက ဘယာကြော်နှင့် တွဲဖက်စားရန် ကြက်သွန်နှင့် ငရုတ်သီးတောင့်ကိုပါ အဆစ်ပေးလိုက်သေး၏။ ကျွန်ုပ်သည် ဦးအောင်သော်ကြီးအား. .

"ဦးလေးစားပါ"

ဟုဆိုကာ ဘယာကြော်ထုပ်ကိုပေးလိုက်၍ ဦးအောင်သော်ကြီးက

"အလွန်ကောင်းတဲ့ အစားအသောက်ကွ။ တို့ဆရာကြီးဆို သိပ်ကြိုက်တာ။ ဘယာကြော်ဆိုတာ ဘေးဘယာတွေကျော်လွှားသွားတယ်လို့ နိမိတ်ကောက်တယ်ကွ။ ဆရာကြီးဟာ ဘေးဘယာနဲ့ ကြုံတွေ့နေတဲ့လူတွေကို ဘယာကြော်ကျွေးလေ့ရှိတယ်"

ဟုပြောလိုက်လျှင် ကျွန်ုပ်က. . .

"ဒီလိုဆို ဦးလေးရယ် ဘယာကြော်ပြီးရောင်းတဲ့ကုလားဟာ ဘယ်တော့မှ ဘေးဘယာရောက်စရာမရှိတော့ဘူးပေါ့"

ဟု ပြောလိုက်လျှင် ဦးအောင်သော်က. .

www.burmeseclassic.com



"မင်းဟာ အတော်ကို ကတ်ဖိုးကတ်ဖဲ့ပြောတဲ့ကောင်။ တို့ဆရာကြီး အဘမှည့်နဲ့ဆိုရင်တော့ ဒီလိုမေးလိုက်တာနဲ့ မင်းကို ထွေးခံနဲ့ ပေါက်ပြီးသားပဲ"

ဟုပြောလေ၏။

"ဦးလေးရဲ့ဆရာကြီးကလည်း အတော့်ကို စိတ်ကြီးတာပဲ။ မသိလို့မေးတာပဲ အဘရယ်"

ဟု ကျွန်ုပ်ပြောလိုက်လျှင်. .

"မင်းဟာက မသိလို့မေးတာမှမဟုတ်ဘဲကွ။ ကတ်ပြီးပြောတာပဲ။ မင်းပြောတဲ့ ဘယာကြော်ကုလားက ဓာတ်ဆင်တာမဟုတ်ဘူးကွ။ သူ့ရဲ့ဝမ်းစာရေးအတွက် သူ့ဟာသူ ကြော်ပြီးရောင်းတာ။ အဘမှည့်က ဓာတ်ဆင်တာလေကွာ။ တစ်ခါတုန်းက တို့ရပ်ကွက်ထဲမှာ သူခိုးဆူတော့ အိမ်ကို သူခိုးမဝင်အောင်ဆိုပြီး သူခိုးရဲ့ ကက်ကင်းဖြစ်တဲ့ ကြက်သွန်တွေဝယ်ပြီး အိမ်အဝင်ဝမှာ ဆွဲကြတယ်ကွ။ သူခိုးက တို့အိမ်ကိုတော့ မဝင်ဘူးကွ။ ဒါပေမယ့် တို့ကြက်သွန်သွားဝယ်တဲ့အိမ်က ကြက်သွန်အိတ်ကြီးနှစ်အိတ်တော့ မ,ချသွားတယ်ဟေ့။ သူက ဓာတ်ဆင်တာမှမဟုတ်ဘဲကွာ။ အဲဒီတော့ သူ့ကြက်သွန်အိတ်ကြီး ပါသွားတာပေါ့။ တို့က ဓာတ်ဆင်တာ မဟုတ်

www.burmeseclassic.com



လား။ အဲဒီလို ခွဲခြားပြီး နားလည်မှပေါ့ကွာ”

ဟု ဦးအောင်သော်က ပြောပြလေ၏။ ထိုအခါ ကျွန်ုပ်က. .

“စိတ်မဆိုးပါနဲ့ ဦးလေးရယ်။ ကျွန်တော်က ကျီစားတာပါ။ မယုံလို့ မဟုတ်ပါဘူး ဦးလေးရယ်။ ယုံလို့လည်း ဦးလေးကို ရွှေအဓိဋ္ဌာန် အကြောင်း မေးနေတာပေါ့”

ဟု ပြောလိုက်မှပင် ဦးအောင်သော်လည်း ကျွန်ုပ်အပေါ် ကျေနပ် သွားလေတော့၏။ ထို့နောက် ဦးအောင်သော်က. .

“အလျှင်တုန်းက စားတဲ့သောက်တဲ့နေရာမှာ ငါဟာ စည်းကမ်း မရှိဘူးကွ။ ဇလုံနဲ့စားတယ်။ ငါစားတဲ့ဇလုံဆိုတာလည်း ကြွေရည် သုတ်သံဇလုံကွ။ ကြွေတွေကလည်း ကွာပြီး ကြည့်လို့မကောင်း တော့ပါဘူးကွာ။ အဲဒီလို ဇလုံစုတ်နဲ့ ဘာနဲ့ စားတာကွ။ ပြောရမှာ မရှက်ပါဘူးကွာ။ တစ်ခါတလေ ဒန်အိုးဖုံးနဲ့ ဘာနဲ့ စားချင်စား ပစ်လိုက်တာ။ အဲဒီတော့ ငါ့ဘဝဟာ အဆင်ပြေသင့်သလောက် အဆင်မပြေဘူးပေါ့ကွာ။ **လူဟာ တစ်ခါတလေ စားတာ သောက် တာ နေတာ ထိုင်တာ ပုံမကျရင် ကြီးပွားချမ်းသာဖို့ခက်တယ်။** အဲဒါကို တချို့လူတွေက မယုံဘူး။ ဒါပေမယ့် ငါက ကိုယ်တွေ့ ဆိုတော့ ယုံတယ်။ ငါ့ဆရာကြီးအဘမှည့်နဲ့တွေ့မှ ဒါတွေကို

www.burmeseclassic.com



သိရတာ။ အစပထမကတော့ မယုံပါဘူးလေ။ နောက်တော့ လည်း တဖြည်းဖြည်းနဲ့ ယုံလာရတော့တယ်”

ဟုပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က. .

“စောစောကစကားကို ပြန်ဆက်ပါဦး။ ရွှေအဓိဋ္ဌာန်ယူတော့ ဘယ်လိုထူးခြားသွားသလဲ”

ဟု မေးလိုက်ရာ ဦးအောင်သော်က. .

“ငါက သယ်န်းကျွန်းဘက်မှာ တပည့်နှစ်ယောက်လည်း အိမ်မှာ မွေးထားတယ်။ တစ်ယောက်က ထမင်းချက်ဖို့ တစ်ယောက်က ကားပြင်ဖို့။ ယုန်တံဆိပ်၊ လခြမ်းတံဆိပ်တွေ တပ်ထားတဲ့ သယ်န်းကျွန်း မော်တော်ကားသုံးစီးထောင်ထားတယ်။ ကားတွေလည်း အကျိုး မပေးဘူး။ သုံးစီးတစ်ခါတည်းထွက်ရတဲ့ရက် တစ်ခါမှမရှိဘူး။ တစ်စီးထွက် နှစ်စီးပျက်ပဲ။ ငါ ခေါ်ထားတဲ့ တပည့်လေးကလည်း ကားပြင်လိုက်ရတာ နားရတယ်ကိုမရှိဘူး။ လမ်းထဲက လူတွေက သူ့ကို ကောင်းကောင်းမမှတ်မိဘူး။ ဘာကြောင့်လဲဆိုတော့ အမြဲ တမ်း ဆီချေးတွေပေနေလို့ ရုပ်ကိုမပေါ်ဘူး။ အဲဒါနဲ့ ငါလည်း ကားကို တစ်စီးပြီးတစ်စီး ရောင်းပစ်လိုက်တာ သုံးစီးစလုံး တက် တက်ပြောင်ရော ဆိုပါတော့။ အဲဒီကစပြီး ငါ့ဆီကို ဒုက္ခတွေ

www.burmeseclassic.com



တစ်ခုပြီးတစ်ခု ရောက်လာတော့တာပဲ။ အရပ်စကားနဲ့ လွယ်လွယ်ပြောရရင် ဒုက္ခတွေပင်လယ်ဝေပြီပေါ့ကွာ။ သုံးနှစ်လောက် ဒုက္ခအကြီးအကျယ်ရောက်လိုက်တာ ကြွေးတွေတင်၊ လူလည်း စုတ်ပြတ်သတ်ပြီး စားရသောက်ရမဲ့တဲ့ဘဝကို ရောက်ရတော့တာပဲပေါ့။ အဲဒီလိုဖြစ်နေတုန်းမှာ ဆရာကြီး အဘမှည့်နဲ့ မလှကုန်းဘူတာမှာ ရထားစောင့်ရင်း စပြီးတွေ့တာပဲကွ။ အဲဒီမှာ အဘမှည့်က ငါ့ကိုကယ်လိုက်တာ။ စပြီးလုပ်ရတာ 'ရွှေဘုရားခုနစ်ဆူ' မှာ စပြီး အမိန့်ဝင်ခိုင်းတယ်ကွ။ ဂါထာကလည်း မင်းကိုပြောတဲ့ ဂါထာပဲ။ လုပ်ခါစကတော့ မယုံပါဘူးကွာ။ လုပ်သာလုပ်နေရတယ်။ တကယ်က တခြားလုပ်စရာမရှိလို့ လုပ်နေရတာ။ အမိန့်ရှစ်ပတ်လည်းကျော်ရော ငါ့ဆီကထွက်ပြေးသွားတဲ့ ငါ့တပည့်နှစ်ယောက်ဟာ တွံတေးမှာ သွားပြီးဆုံကြတယ်တဲ့။ အဲဒီမှာ စကားစပ်မိပြီး ငါ့အကြောင်းကို ပြောကြတယ်။ အဲဒီလို ပြောမိရာကနေ တို့ဆရာ သနားပါတယ်ဆိုပြီး ငါ့ဆီကို ပြန်လာကြတာတဲ့။ အဲဒီလို ပြန်လာတဲ့အခါမှာ တွံတေးက ဆရာမင်း ဆိုတဲ့ ဆေးဆရာကြီးဆီက ဆေးတွေဝါးတွေ တောင်းလာကြ တယ်။ အဲဒီဆေးနဲ့ပဲ ငါလည်း နေကောင်းသွားတာပေါ့။ သူတို့

www.burmeseclassic.com



ပြန်လာတဲ့နေ့မှာပဲ ငါနေတဲ့ တဲကြီးရဲ့နောက်ဘက်က တိုင်တွေက ဆွေးပြီး ပြိုကျတော့တာကိုး။ အဲဒီမှာ ဆရာတပည့် သုံးယောက် တိုင်အသစ်တွေဝယ်ပြီး တဲကိုပြင်ကြတယ်ကွယ့်။ တိုင်ထူဖို့ ကျင်းကို နက်နက်တူးကြမယ်ဆိုပြီး ဆရာတပည့်သုံးယောက် တစ်လှည့်စီတူးကြတယ်။ ငါတူးတဲ့အလှည့်မှာ တူရွင်းနဲ့ထိုးလိုက်တာ ဂေါက်ခနဲမြည်လို့ မြေစာတွေဖယ်ပြီးကြည့်လိုက်တဲ့အခါမှာ ဝက်အူရစ်ပါတဲ့ ကြေးနွားနို့အိုး အလတ်စားလေးတစ်လုံးကို သွားတွေ့တယ်ဟေ့။ ငါလည်း တွင်းပေါ်ကိုဆယ်ယူပြီး အားရဝမ်းသာ အိုးကိုဖွင့်တော့တာပဲ။ ဝက်အူရစ်က ကျပ်နေလို့ အဖုံးပေါ်က ကြေးကွင်းထဲကို တူရွင်းလျှိုပြီး ဆရာတပည့်သုံးယောက် ပြိုင်တူ လှည့်ကြတာဟေ့။ အဖုံးလည်း ပွင့်သွားရော သုံးယောက်သား ထခုန်လိုက်ကြတာ။ ငါ့တပည့် မက္ကင်းနစ်ဟာ တွင်းထဲ ခြေထောက်တစ်ဖက်ကျသွားလို့ ခြေပွတ်တိုင်လည်သွားတယ်ဟေ့။ အဲဒီလို ဘာကြောင့် ထခုန်ရသလဲဆိုတော့ အိုးထဲမှာ ရွှေဒင်္ဂါးတွေကွ။ ဝင်းနေတာပဲ။ သွန်ချပြီး ရေကြည့်တာ စုစုပေါင်း သုံးရာခြောက်ဆယ့်ငါးပြားရှိတယ်ကွ”

ဟုပြောလိုက်ရာ ကျွန်ုပ်က. .

---

www.burmeseclassic.com



"မူလစုတဲ့သူက တစ်နေ့တစ်ပြား ထည့်သွားဟန်ရှိတယ်။ ဒါဟာ တစ်နှစ်ပြည့်လို့ အိုးပြည့်တော့ မြေကြီးထဲမြှုပ်လိုက်တာဖြစ်မယ်" ဟုပြောလိုက်ရာ ဦးအောင်သော်က. .

"မင်းတွေးတောတာ မဆိုးဘူးကွ။ အဲဒီလိုပဲ ဖြစ်နိုင်တယ်။ အဲဒါနဲ့ တို့ဆရာတပည့်သုံးယောက် ဒီအတိုင်း မနေဘူးဟေ့။ အိမ်မှာရှိတဲ့ တိုင်တွေဖြုတ်ပြီး လျှောက်ပြီးတူးတော့တာပဲဟေ့။ တဲအိမ်ကြီးလည်း ပြိုရောဆိုပါတော့ကွာ။ တဲနေရာတစ်ခုလုံး ကျောက်ပေါက်မာတွေဖြစ်ကုန်တော့တာပဲဟေ့။ ငါ့တပည့်နှစ်ယောက်ဟာ နည်းနည်းလေးအားတာနဲ့ တူးတော့တာပဲ။ သစ်ပင်တွေလည်း သေကုန်ရောဟေ့။ သစ်ပင်အောက်လည်း တူးတော့တာပဲ။ ငါလည်းပဲ ငါတို့ဆရာကြီး အဘမှည့်ဆီကို အဲဒီအိုးနဲ့ ပြေးသွားပြီး ပြောတော့တယ်။ ပြီးတော့ အဘမှည့်ကိုလည်း အပြားတစ်ရာ့ ရှစ်ဆယ် လှူတယ်။ အဘ သာသနာပြုဖို့ဆိုပြီး ပြောပြီးလှူတယ်။ အဲဒီမှာ အဘကရယ်တယ်။ ပြီးတော့ ဘာပြောသလဲဆိုတော့ မင်းတို့ရွှေ မင်းတို့ပြန်ယူသွား။ ငါ ဘာမှ သာသနာမပြုဘူး။ ငါ လုပ်စရာရှိတာလုပ်တာ။ ငါတို့လူတွေက သာသနာပြုတာမဟုတ်ပါဘူး။ သံဃာတော်ရှင်မြတ်တွေက သာသနာပြုတာလို့ ပြောပြီး ပြန်ပေးလိုက်တယ်"

www.burmeseclassic.com



ဟုပြောပြီးလျှင် ဦးအောင်သော်သည် ရေငတ်သည်ဟုပြော၏။ ထို့ကြောင့် ကျွန်ုပ်လည်း သောက်ရေအိုးစင်မှရေတစ်ခွက်သွား၍ခပ်ပေးရ၏။

ဦးအောင်သော်လည်း ရေသောက်ပြီးနောက် ရေအကျိုးဆယ်ပါးဆုကို ကျွန်ုပ်အား ပေးလေ၏။ ထို့ကြောင့် ကျွန်ုပ်က. .

"ဦးလေးရယ်. . အလကားရတဲ့ရေတောင် ဆယ်ပါးဆုပေးတယ်။ ဘယာကြော်ကျွေးတဲ့ဆု ကျွန်တော့်ကို မပေးတော့ဘူးလား"

ဟု ပြောလိုက်ရာ ဦးအောင်သော်က. .

"မင်းကတော့ကွာ တို့ဆရာကြီး အဘမှည့်နဲ့တွေ့ရင် တောင်ဝှေးနဲ့ ရိုက်ခံရတော့မယ်။ ကတ်ဖိုးကတ်ဖဲ့ တော်တော်ပြောတတ်တဲ့ ကောင်ပဲ"

ဟု ပြော၍ ရယ်လေ၏။ ထို့နောက် ဦးအောင်သော်က. .

"ငါ့ဒုက္ခတွေကို ငါက များလှပြီအောက်မေ့နေတာ။ ဆရာကြီးနဲ့ တွေ့တော့မှ ဆရာကြီးက မင်းဒုက္ခတွေ ပြောစမ်းဆိုပြီး ငါ့ကို ပြောခိုင်းတယ်။ ငါလည်း သူ့ကို ပြောပြလိုက်တယ်။ အဲဒီမှာ ဆရာကြီးက ငါ့ဒုက္ခတွေကို တစ်ခုချင်း ခေါင်းစဉ်တပ်ပြီး ခွဲခြမ်းပြလိုက်တာ ငါ့မှာ ဒုက္ခရှစ်မျိုးရှိနေမှန်း သိရတော့တာပဲ။ အခုလို

www.burmeseclassic.com



ရွှေဒင်္ဂါးတွေရတော့ ဒုက္ခရှစ်မျိုးဟာ တစ်ခုပြီးတစ်ခု ပြေလည်သွားတော့တာပေါ့ကွာ”

ဟု ပြောလျှင် ကျွန်ုပ်က. .

“နောက်ထပ် ထပ်ပြီးရသေးသလား ဦးလေး”

ဟု မေးလိုက်ရာ ဦးအောင်သော်က. .

“ရသေးတယ်ကွ။ ငါတို့ဆရာကြီးက ငါ့ကို တဲပြန်မဆောက်နဲ့ဦးတဲ့။ ကျေနပ်အောင် တူးကြည့်လိုက်ဦးတဲ့။ မင်းခြံထဲမှာ ဘာပင်တွေရှိသလဲတဲ့။ ဘယ်လိုငှက်တွေ လာနားတတ်သလဲတဲ့။ ငါ့ကိုမေးတယ်။ အဲဒီတော့ ငါက ခေါင်းရင်းဘက်မှာ သကြားပင်လေးတစ်ပင်ရှိတယ်။ အဲဒီ သကြားပင်မှာ ရွှေပြည်စိုး ငှက်လေးတစ်ကောင်ဟာ အိပ်တန်းလာပြီးတက်လေ့ရှိကြောင်း ပြောပြတော့ ဆရာကြီးက ရွှေပြည်စိုးငှက် အဲဒီမှာနေတယ်ဆိုရင် အဲဒီငှက်မစင်စွန့်တဲ့နေရာကို ထပ်ပြီးတူးကြည့်ဦးတဲ့။ အဲဒီလို မှာလိုက် တော့ ငါလည်း အိမ်ကိုပြန်လာပြီး ငါ့တပည့်နှစ်ယောက်နဲ့ တူရွင်း တွေ၊ ဂေါ်ပြားတွေ ကိုင်ကြတာပေါ့ကွာ။ အဲဒီမှာ ထပ်ပြီးရတာ ပေါ့ကွာ။ ထပ်ပြီးရတာကလည်း ဝက်အူရစ်ပါတဲ့ ကြေးနွားနို့အိုး ပဲကွ။ ဒါပေမယ့် အိုးက အကြီးကွ။ အဲဒီ ရတဲ့အခါမှာတော့ ရွှေ

www.burmeseclassic.com



ဒင်္ဂါးတွေမဟုတ်ဘူး။ လက်ဝတ်လက်စားတွေကွ။ ကျောက်မျက်ရတနာတွေလည်း ပါတာပေါ့ကွာ။ အဲဒါနဲ့ ငါလည်း အဲဒီအထဲက ပစ္စည်းတစ်ခုကိုယူပြီး စိန်ဘာဘူကို ပြကြည့်တယ်။ အဲဒီတော့ စိန်ဘာဘူက အဲဒီပစ္စည်းကိုကြည့်ပြီး ဒီပစ္စည်းလက်ရာဟာ ခုခေတ်လက်ရာမဟုတ်ဘူးတဲ့။ ဒီပစ္စည်းဟာ အနည်းဆုံး နှစ် ၂၀၀ ကျော်၊ ၃၀၀လောက်က ပစ္စည်းတဲ့။ အဲဒီလိုပြောတယ်ကွ"

ဟု ပြောလေ၏။

"ဦးလေး. . အဲဒီပစ္စည်းတွေကို ဘယ်လိုလုပ်ပစ်သလဲ"

ဟု ကျွန်ုပ်က မေးလိုက်ပြန်ရာ ဦးအောင်သော်က. .

"ပြောပါမယ်ကွ"

ဟု ဝန်ခံပြီးလျှင် သူ၏အိတ်တွင်းမှ ဆေးလိပ်အသစ်တစ်လိပ်ကိုထုတ်ကာ မီးညှိလေတော့၏။ ထို့နောက် အနည်းငယ်ရှိုက်ဖွာလိုက် ၏။ ပြီးလျှင် မီးခိုးများကို အားရပါးရ မှုတ်ထုတ်ရင်း. .

"ငါ့သူငယ်ချင်းဖေသော်အတွက် အလှူအတန်းလုပ်ရမယ်ကွ။ ပြီးတော့ ဒီကောင်ကြီးကို အမျှအတန်းပေးဝေရမယ်ကွ။ အဲဒါကြောင့် ရှေးထည်ပစ္စည်းတွေကို ထုခွဲရောင်းချရတယ်ဟေ့။ ကျောက်မျိုးစုံစီခြယ်ထားတဲ့ ရတနာဘယက်တစ်ခုတည်းကကို

www.burmeseclassic.com



သုံးသောင်းလောက်ရတယ်ကွ။ အဲဒါနဲ့ ဖေသော်ကြီးအတွက် ဘုန်းကြီး (၂၅)ပါးပင့်ပြီး ဆွမ်းကျွေးတယ်။ သင်္ကန်းကပ်တယ်။ ဘုန်းကြီးကျောင်းမှာ ဆွမ်းစားကျောင်းကောင်းကောင်းမရှိလို့ ပျဉ်ထောင်သွပ်မိုးနဲ့ ဆွမ်းစားကျောင်းတစ်ဆောင် ဆောက်ပြီး လှူရတယ်ကွ။ ပြီးတော့ ရေစက်ချအမျှပေးဝေလိုက်တယ်။ နောက်တော့ ငါ မြို့ထဲမှာနေချင်တာနဲ့ မောင်ဂိုမာရီလမ်း (ယခု ဗိုလ်ချုပ်လမ်း) မှာ တိုက်ခန်းတစ်ခန်း ဝယ်တယ်။ တဲကြီးကိုလည်း ပျဉ်ထောင်သွပ်မိုးအိမ်ကြီး ဆောက်ပစ်လိုက်တယ်ကွ။ ပြီးတော့ ငါ့တပည့်နှစ်ယောက်ကို အဲဒီမှာထားတယ်။

ဘတ်စ်ကားသုံးစီး ပြန်ဝယ်လိုက်တယ်။ ငါ့ရဲ့ ဘတ်စ်ကားတွေမှာ 'ရွှေအိုးကြီး' ဆိုတဲ့ စာတမ်းတွေကို ရေးထားတယ်။ ငါ့တပည့်နှစ်ယောက်ကိုလည်း ငါ လစာရိက္ခာကောင်းကောင်းပေး ထားတာပေါ့ကွာ။ ပြီးတော့ ငါစီးဖို့ ဂျစ်ကားတစ်စီးဝယ်တယ်။ မနက်ဆိုရင် ငါ့တိုက်ခန်းကနေပြီးတော့ သဃ်န်းကျွန်းမှာရှိတဲ့ ငါ့တပည့်တွေဆီကို ဂျစ်ကားနဲ့ထွက်လာခဲ့တယ်။ တာမွေကလေး ရောက်တဲ့အခါမှာ အီကြာကွေးဝယ်တယ်။ သဃ်န်းကျွန်းလမ်း ကွေ့ရောက်တဲ့အခါကျမှ ကုလားဆိုင်မှာဆင်းပြီး လက်ဖက်ရည်

www.burmeseclassic.com



ဝယ်တယ်။ အဲဒီမှာ ငါ့တပည့်နှစ်ယောက်က ပန်းကန်ဆေးပြီး အသင့်စောင့်နေတယ်။ ပြီးတော့ တို့ဆရာတပည့်သုံးယောက် လက်ဖက်ရည်နဲ့ အီကြာကွေးကို လွေးကြတော့တာပဲဟေ့။ ပြီးတော့ ငါ့တပည့်မြမောင်က ကားပြင်စရာရှိရင် ပြင်ဆင်တယ်။ ပြင်စရာမရှိရင် အသင်းတိုက်မှာသွားပြီး ငွေအပ်တယ်။ ငါ့တပည့်မောင်ညိုကတော့ သယ်န်းကျွန်းဈေးသွားပြီး ဟင်းချက်စရာတွေ ဝယ်တော့တာပဲ။ ပြီးရင် ဖွယ်ဖွယ်ရာရာဖြစ်အောင် ချက်ပြုတ်တယ်လေ။ ငါကတော့ ပုတီးစိပ်တော့တာပဲ။ ပုတီး (၁၀) ပတ်ပြီးရင် စာဖတ်တယ်။ ပြီးတော့ (၁၁)နာရီလောက်မှာ မနက်စာ စားကြတယ်ဟေ့။ ထမင်းစားပြီးတဲ့အခါမှာ တို့ဆရာတပည့် သုံးယောက် တစ်ရေးတမောအိပ်ကြသေးတယ်ကွယ့်။ အိပ်ရာက နိုးတော့ မြမောင်က သူလုပ်စရာရှိတဲ့ ကားအလုပ်ကိုလုပ်တယ်။ မောင်ညိုကလည်း နေ့လယ်နေ့ခင်း လက်ဖက်ရည်သောက်ဖို့ စီစဉ်တော့တာပဲ။ အဲဒီအချိန်မှာ ငါက ပုတီး (၁၀)ပတ် ထပ်စိပ်တယ်။ (၁၀) ပတ်ပြီးရင် စာဖတ်တယ်။ စာဖတ်ပြီး ရေမိုးချိုးလိုက်တာနဲ့ နေ့ခင်းတစ်နာရီ၊ နှစ်နာရီ ရောက်သွားတော့တာပဲ။ အဲဒီမှာ မောင်ညိုက လက်ဖက်ရည်တိုက်တယ်။ ဆရာတပည့်

www.burmeseclassic.com



သုံးယောက် လက်ဖက်ရည်သောက်ရင်း စကားစမြည်ပြောကြတာပေါ့ကွာ။ အဲဒီလိုနဲ့ ညနေ (၃)နာရီ၊ (၄)နာရီ ရောက်သွားတော့ မြမောင်က စာဖတ်အသင်းမှာ သွားပြီး ဝိတ်မတယ်။ မောင်ညိုက ထမင်းချက်တယ်။ ထမင်းချက်ရင်းနဲ့ ခိုးပြီးဝယ်ထားတဲ့ ပုလင်းလေးကို တစ်ငုံချင်း မော့တော့တာပေါ့ကွာ”

ဟု ပြောလေ၏။

“မောင်ညိုကတော့ အသောက်အစားရှိတယ်။ မြမောင်က အသောက်အစားမရှိဘူးပေါ့”

ဟု ကျွန်ုပ်ကမေးလိုက်ရာ. .

“မြမောင်က အသောက်အစားမရှိဘူးကွ။ ကိုယ်လုံးလည်း သိပ်လှတယ်။ သူမြို့ကို သွားပြီး မောင်ရွေးပွဲဝင်တာ ဒုတိယရတယ်။ ပြီးတော့ ညကျောင်းတွေ ဘာတွေတက်ပြီး (၁၀)တန်းတွေ ဘာတွေဖြေသေးတယ်”

ဟု ဦးအောင်သော်က ပြောလေ၏။

ထိုအခါ ကျွန်ုပ်က. .

“အဲဒါ ထားပါဦး ဦးလေးရယ်။ ဦးလေးရဲ့သူငယ်ချင်း ဖေသော်ဆိုတာကို ဦးလေးက ခဏခဏထည့်ပြောတယ်။ ဦးလေးနဲ့ သူနဲ့က ဘယ်လိုပတ်သက်ကြတာတုံး”

www.burmeseclassic.com



ဟု ကျွန်ုပ်က ပြောလိုက်လျှင် ဦးအောင်သော်က. .

"အဲဒါက အရှည်ကြီးကွ။ တစ်ထိုင်တည်းပြောလို့လည်း မပြီးဘူး။ ဖြည်းဖြည်းချင်းပြောမှဖြစ်မှာ၊ အဲဒါကြောင့် ငါ့အိမ်ကိုလိုက်ခဲ့ကွာ။ ငါ့သူငယ်ချင်းဖေသော်အကြောင်း မင်းကိုပြောပြမယ်"

ဟု ပြောလိုက်ပြီးလျှင်. .

"အမယ်လေး. . ကြည့်စမ်း၊ ကြည့်စမ်း။ ဒီကောင့်အကြောင်း ပြောမယ်ကြံကာရှိသေး။ ကြက်သီးတွေထလာလိုက်တာ"

ဟု ဆိုကာ သူ၏လက်တစ်ဖက်ကို ထိုးပြလိုက်ရာ ကြက်သီးများ ထ၍ မွေးညင်းများ မတ်နေအောင်ထောင်နေသည်ကို တွေ့ရလေ၏။ ထိုသို့ တွေ့ပြီးနောက် ကျွန်ုပ်လက်တွင်လည်း ကြက်သီးများထလာ၏။ မွေးညင်းများလည်း ထောင်လာလေ၏။ ထို့ကြောင့် ကျွန်ုပ်က. .

"တော်တော်ဆန်းတာပဲ ဦးလေး။ သူ့အကြောင်းပြောတာနဲ့ ဦးလေးက ကြက်သီးထတယ်ဆိုတာတော့ ထားပါတော့။ ကျွန်တော်က ဘာကြောင့်ကြက်သီးထရမှာတုံး။ အခုကြည့်စမ်း။ ကျွန်တော်လည်း ကြက်သီးထနေပြီ"

ဟု ပြောလိုက်ရာ ဦးအောင်သော်က. .

"မင်းသိထားဖို့က ဖေသော်ဟာ လူမဟုတ်ဘူးကွ"

www.burmeseclassic.com



ဟု ပြောကာ မျက်ရည်များ တတွေတွေစီးကျလာလေတော့သည်။

ကျွန်ုပ်သည် ဦးအောင်သော်အားကြည့်၍ ကရုဏာသက်မိ၏။ ထို့ကြောင့် ချော့မော့ရလေ၏။

"ဦးလေးရယ်. . ကျွန်တော်က အမိဌာန်အကြောင်း သိချင်လို့ မေးတာပါ။ မဆိုင်တဲ့ အကြောင်းအရာတွေပါလာတော့ စိတ်မကောင်းဖြစ်ရတယ်။ ကျွန်တော် တောင်းပန်ပါတယ်"

ဟု ပြောမှသာ ဦးအောင်သော်သည် မျက်ရည်စများကို သုတ်လေ၏။ ထိုသို့သုတ်ပြီးနောက်. .

"သတိရလို့ပါကွာ. . မင်းကြောင့် စိတ်မကောင်းဖြစ်ရတာ မဟုတ်ပါဘူး"

ဟု ဦးအောင်သော်က ပြောလေ၏။

"ဒီမှာ ဦးလေး၊ ကမ္ဘာမီးလောင်တဲ့အထဲ ဆီမီးခွက်က တစ်မှောင့် ဆိုတာလိုဖြစ်နေပြီ။ ဦးလေးရဲ့ ဆရာကြီးအဘမှည့်က ရွှေအမိဌာန်ဆိုပြီး ရွှေဘုရားခုနစ်ဆူမှာ အမိဌာန်ဝင်ခိုင်းတဲ့ကိစ္စ ဟာ စဉ်းစားကြည့်ရင် ရန်ကုန်ကလူတွေအတွက်ပဲ ဖြစ်နေတယ်။ တခြားမြို့ကလူတွေ အဲဒီအမိဌာန်လုပ်ချင်ရင် အခက်အခဲရှိတာပေါ့။ တည့်တည့်ပြောရရင် လုပ်လို့မရနိုင်ဘူးပေါ့ ဦးလေးရယ်"

www.burmeseclassic.com



ဟု ပြောလိုက်ရာ ဦးအောင်သော်ကြီးက ကျွန်ုပ်အား မျက်လုံးပြူး၍ကြည့်ပြီးလျှင်. .

"မင်းကတော့ တစ်ခုမဟုတ်တစ်ခု ကတ်သီးကတ်သတ်မေးတတ်တဲ့ကောင်ပဲ။ တို့ဆရာကြီး အဘမှည့်နားမှာနေရင် မင်းကတော့ ဖနောင့်နဲ့အပေါက်ခံရမယ့်ကောင်ပဲ. . "

ဟု ပြန်၍ပြောလေ၏။

"စိတ်မဆိုးပါနဲ့ ဦးလေးရယ်။ ကျွန်တော်က သိချင်လို့မေးတာပါ။ ကတ်သီးကတ်သတ်လုပ်တာမဟုတ်ပါဘူး"

ဟု ပြောလိုက်ရာ ဦးအောင်သော်ကြီးက. .

"စိတ်မဆိုးပါဘူးကွာ. . ။ အခု မင်းမေးတဲ့မေးခွန်းမျိုးကို မန္တလေးသား မောင်ဇင်မြင့်ဆိုတဲ့ သူငယ်တစ်ယောက်က မေးဖူးတယ်။ အဲဒီတော့ အဘမှည့်က မောင်ဇင်မြင့်ကိုလည်း ရွှေအဓိဋ္ဌာန်ပေးလိုက်တယ်။ သူ့ကိုလည်း မန္တလေးမှာပဲ လုပ်ခိုင်းတယ်။ မန္တလေးက ရွှေဘုရားခုနစ်ဆူပေါ့ကွာ။ အဲဒီမှာ လုပ်ခိုင်းတယ်ဟေ့. . "

ဟု ကျွန်ုပ်အား ပြန်၍ပြောလေ၏။

"မန္တလေးကို ကျွန်တော်ရောက်ဖူးပါတယ်။ အတော့်ကို နှံ့နှံ့စပ်စပ်

www.burmeseclassic.com



ရောက်ဖူးပါတယ်။ ရွှေဘုရားခုနစ်ဆူတော့ မရောက်ဖူးပါဘူး။ ဘယ်ဟာတွေလဲ ဦးလေးရဲ့”

ဟု ကျွန်ုပ်က မေးလိုက်ရာ ဦးအောင်သော်က. .

**“ရွှေစာရံ၊ ရွှေကျိုးလာ ရွှေကျိုးသာ၊ ရွှေကျိုးမြင်၊ ရွှေကြက်ယက်၊ ရွှေကြက်ကျ၊ ရွှေကူကြီး၊ ရွှေမုဋ္ဌော ရယ်လို့ ခုနစ်ဆူရှိပါတယ်** ကွာ. .။ **ရွှေစာရံ**ဆိုတာကတော့ အများသိပြီးသား စောမွန်လှနဲ့ ပတ်သက်နေတဲ့ စေတီတော်ပဲ။ မန္တလေး-မေမြို့(ပြင်ဦးလွင်) ကားလမ်းဘေး အုန်းချောရွာနားက ဒုဋ္ဌဝတီမြစ်ဘေးမှာရှိတယ်။ အုန်းချောရွာ ကနေ ၃မိုင်၊ ၂ဖာလုံလောက်သွားရင် ရွှေစာရံဆိုတဲ့ သာယာတဲ့ ရွာကလေးတစ်ရွာရှိတယ်။ အလွယ်ခေါ်တော့ ရွှေစာရံ ပေါ့ကွာ။ အပြည့်အစုံခေါ်ရင်တော့ **‘သစ္စာမိဋ္ဌာန်ရွှေစာရံ ဆုတောင်းပြည့်သည် မြတ်စေတီ’** လို့ ခေါ်ရမယ်ကွ။ **‘ရွှေကျိုးလာ ရွှေကျိုးသာစေတီ’** ကတော့ မန္တလေးမြို့အထွက် အောင်ပင်လယ် ကန်နဲ့ မလှမ်းမကမ်းမှာရှိတယ်။ **‘ရွှေကူကြီးဘုရား’** ကတော့ မန္တလေး- အမရပူရလမ်းမပေါ်မှာရှိတယ်ကွ။ ရွှေကူကြီးလမ်း ညွှန်ဆိုင်းဘုတ်လည်းတပ်ထားတယ်။ **‘ရွှေမုဋ္ဌောစေတီ’** ကတော့ စစ်ကိုင်းချောင်သွားတဲ့ ကားလမ်းဘေးမှာတင်ရှိတယ်ကွ။ ကျန်တဲ့

www.burmeseclassic.com



စေတီတွေကတော့ မင်းသိပြီးသားပါကွာ။ ပြီးတော့ မင်းကို ပြောရဦးမယ်။ ဒါက ရွှေစေတီတွေကို ကိုယ်တိုင်သွားရောက်ပြီး ဖူးမြော်အဓိဋ္ဌာန်လုပ်ရတဲ့ကိစ္စကွ။ အကြောင်းအမျိုးမျိုးကြောင့် မလုပ်နိုင်တဲ့လူတွေအတွက် ရွှေအဓိဋ္ဌာန်လုပ်နည်းကိုလည်း ငါတို့ဆရာ အဘမှည့်က သင်ပြပေးထားပါတယ်”

ဟု ရှည်လျားစွာ ကျွန်ုပ်အားပြောပြလေ၏။ ထိုအခါ ကျွန်ုပ်က. .

“ဦးလေးဟာကလည်းဗျာ. . ။ အဲဒီလို စေတီတော်တွေကို မသွားဘဲနဲ့ အဓိဋ္ဌာန်လုပ်လို့ရရင် ဘာဖြစ်လို့ အပင်ပန်းခံပြီး သွားမလဲ”

ဟု ကျွန်ုပ်က မေးလိုက်ပြန်၏။ ထိုအခါ ဦးအောင်သော်က. .

“ကိုယ်တိုင်ကိုယ်ကျ သွားပြီးလုပ်တဲ့လူအတွက် သွားပြီးလုပ်ပေါ့ကွာ။ ကိုယ်တိုင်ကိုယ်ကျမသွားနိုင်တဲ့သူအတွက်တော့ ရွှေဘုရားခုနစ်ဆူဓာတ်ပုံနဲ့ အဓိဋ္ဌာန်ဝင်ရင်လည်း ရနိုင်တာပါပဲ။ တို့ဆရာကြီး အဘမှည့်ဆိုရင် ဓာတ်ပုံကိုတောင် သူက သိပ်ပြီး အသုံးမခိုင်းဘူးကွ။ ရွှေရေးအနားကွပ်ပါတဲ့ ပန်းကန် (၇)ချပ်ဝယ်ခိုင်းတယ်။ ပြီးတော့ အဲဒီ ပန်းကန်ပြားပေါ်မှာ ဆေးနဲ့ ရွှေစေတီခုနစ်ဆူရဲ့ဘွဲ့အမည်တွေရေးခိုင်းပြီးတော့ ပန်းကန်ပြားတစ်ချပ် စီမှာ ရွှေတစ်ပြားစီချခိုင်းတယ်။ ပြီးတော့ အဲဒီပန်းကန်တွေကို

www.burmeseclassic.com



ရွှေစာရံဘုရား



ရွှေကြီးမြင့်ဘုရား



ရွှေဂိုလေ • ရွှေဂိုသော စေတီတော်

www.burmeseclassic.com



ရွှေကြက်ကျဘုရား



ရွှေကူကြီးဘုရား



ရွှေမုဋ္ဌောဘုရား



ရွှေကြက်ယက်ဘုရား

www.burmeseclassic.com



ဘုရားစင်ပေါ်မှာတင်ခိုင်းပြီး အမိဋ္ဌာန်လုပ်ခိုင်းတယ်ကွ။ ဥပမာ-ရွှေမုဋ္ဌောစေတီ အမိဋ္ဌာန်အလှည့်ဆိုရင် ပုတီးကို ရွှေမုဋ္ဌောလို့ ရေးထားတဲ့ ပန်းကန်ပြားထဲမှာထည့်ပြီး ရှိခိုးခိုင်းတယ်။ ပြီးတော့မှ ပုတီးကို လက်နှစ်ဖက်နဲ့ တရိုတသေယူပြီး သတ်မှတ်ထားတဲ့ ဂါထာကို ပုတီးစိပ်ခိုင်းတယ်။ အဲဒါ ဘယ်သူ့ကိုလုပ်ခိုင်းတာ တွေ့ဖူးသလဲဆိုတော့ မျက်စိမကောင်းလို့ ကောင်းကောင်း လမ်း မလျှောက်နိုင်တဲ့ ကရင်အမျိုးသားကြီး စောထွန်းစိန်ကို လုပ်ခိုင်း တာ ငါကိုယ်တိုင် တွေ့ဖူးတယ်ကွ။ အဲဒီတော့ ငါက အဘရယ်. . ကျွန်တော်လည်း ဘုရားတွေ မသွားဘဲ ဦးစောထွန်းစိန်လုပ်သလို လုပ်ရမလားလို့ပြောတော့ တို့ဆရာကြီးအဘမှည့်က ရွှေအောင် သော်ရယ် မင်းအသက်က ငယ်ပါသေးတယ်။ အပင်ပန်းခံလိုက် ပါ။ ရွှေထွန်းစိန်ကတော့ မျက်စိက မှုန်ဝါးဝါးဖြစ်နေလို့ အဲဒီလို လုပ်ခိုင်းရတာလို့ ပြောဖူးတယ်ကွ။ ကျောက်မြောင်းဈေးထဲက ပန်းမာမွတ်ဆိုတဲ့ ပန်းသည်အဘွားကြီးကိုလည်း ရွှေဘုရားခုနစ် ဆူဓာတ်ပုံနဲ့ အမိဋ္ဌာန်ဝင်ခိုင်းတာ ငါတွေ့ဖူးတယ်ကွ။ အဲဒီမိန်းမ ကြီးရဲ့ ဆရာအရင်းက ဆိတ်သားရောင်းတဲ့ မာမွတ်။ အဲဒါ ကြောင့် အဲဒီမိန်းမကြီးကို ပန်းမာမွတ်လို့ခေါ်တာ။ အဲဒီမိန်းမ

www.burmeseclassic.com



ကြီးက ပုတီးလေးတစ်ကုံးနဲ့ လိုက်ပြီးပေဒင်ဟောနေတဲ့မိန်းမကြီးကွ။ နောက်တော့လည်း တို့အဘမှည့်ရဲ့ တပည့်ဖြစ်လာတယ်။ သူ့မှာ ရွှေဘုရားခုနစ်ဆူရဲ့ ဓာတ်ပုံလေးတွေရှိတယ်။ အဲဒီဓာတ်ပုံလေးတွေကို သူက ရောင်စုံခြယ်ထားတယ်ကွ။ ဘုရားတစ်ဆူရဲ့ ဓာတ်ပုံကို ရှေ့မှာထောင်ပြီး ပုတီးစိပ်တော့တာပဲဟေ့။ ဒါနဲ့ ငါက ဒေါ်ပန်းနုကြီးလို ဓာတ်ပုံနဲ့အဓိဋ္ဌာန်ဝင်လို့ရမလားအဘလို့ မေးဖူးတယ်။ တို့ဆရာကြီးအဘမှည့်က မင်းကလည်း တော်တော်အသက်သာခိုချင်တာပဲလို့ ပြောတယ်။ ဒါပေမယ့် မရဘူးလို့တော့ မပြောဘူးကွ။ အဲဒါထောက်ရင် ရတဲ့သဘောရှိတာပေါ့ကွာ. . ”

ဟု ဦးအောင်သော်ကြီးက ပြန်၍ပြောလေ၏။ ထို့နောက် ဦးအောင်သော်ကြီးသည် ဆေးလိပ်သောက်ချင်သည်ဟုပြောသဖြင့် ကျွန်ုပ်လည်း ‘လက်ညှိုးထိုးတံဆိပ်၊ မအေးမေ’ ဆေးပေါ့လိပ်ကို ပြေး၍ဝယ်ရပြန်လေ၏။ ပြန်၍ရောက်သောအခါ ထိုလူကြီးက သူသောက်သောဆေးလိပ်မှာ လက်ညှိုးထိုးဆေးလိပ်မဟုတ်။ မစိန်ညွှန့်တံဆိပ်သာ သောက်သည်ဟု ပြောလေ၏။

ကျွန်ုပ်သည် စောစောက ဂရင်းလွှင့်ပစ်လိုက်သော ဆေးလိပ်တိုလေးကို ကောက်ယူကြည့်လိုက်ရာ လက်ညှိုးထိုးတံဆိပ် မအေးမေ

www.burmeseclassic.com



ဆေးပေါ့လိပ်ဖြစ်နေသည်ကို တွေ့ရလေ၏။ ထို့ကြောင့် . .

"ဦးလေး စောစောကသောက်တာ လက်ညှိုးထိုးတံဆိပ် မအေးမေ ပါ။ ဒီမှာလေ ဦးလေးသောက်ပြီးပစ်ထားတဲ့ ဆေးလိပ်တို"

ဟု ဆိုကာ ကျွန်ုပ်သည် ၎င်း၏ဆေးလိပ်တိုကို ပြလိုက်လေ၏။ ထိုအခါ ဦးအောင်သော်က. .

"မင်းဟာ အတော့်ကို ကတ်သီးကတ်သတ်ပြောတဲ့ကောင်ပဲ။ စောစောက ဒီဘုရားထဲကို ငါရောက်တဲ့အချိန်မှာ ဟောဟိုက ဆေးလိပ်ဆိုင်လေး မဖွင့်သေးဘူးကွ။ ဒီဘက်ကဆိုင်ပဲဖွင့်သေး တယ်။ အဲဒီဆိုင်မှာက တခြား ဘာဆေးလိပ်မှမရှိဘူး။ လက်ညှိုး ထိုးတံဆိပ် မအေးမေဆေးပေါ့လိပ်ပဲရှိလို့ သောက်ရတာပေါ့။ တကယ် ငါသောက်တာ မစိန်ညွှန့်ဆေးလိပ်ကွ"

ဟု ပြန်၍ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်သည် မအေးမေ ဆေးပေါ့လိပ်ကို ကျွန်ုပ်အိတ်တွင်းသို့ ထည့်လိုက်ပြီးလျှင် မစိန်ညွှန့် ဆေးလိပ်ကို ပြေး၍ဝယ်ရပြန်လေ၏။ ထို့နောက် ကျွန်ုပ်သည် မစိန်ညွှန့် ဆေးလိပ်ကို ဦးအောင်သော်အား ပေးလိုက်ရာ ဦးအောင်သော်က. .

"မင်းဟာ ဆေးလိပ်ရွေးတဲ့နေရာမှာ တော်တော်ညံ့တဲ့ကောင်ပဲ ကွ။ ဖက်မည်းမည်းကြီးတွေ မရွေးရဘူး။ ဖက်စိမ်းစိမ်းကလေးတွေ

www.burmeseclassic.com



ယူရတယ်။ စိမ်းစိမ်းကလေးတွေက ဖက်နုကွ။ သောက်တဲ့နေရာမှာ အရသာနည်းနည်းကွာတယ်ကွ။ ပြီးတော့. . ဆေးလိပ်ကိုလက်နဲ့ဖျစ်ကြည့်ရတယ်။ ပျော့ပျော့ကြီးနေရင် ဆေးစာတွေချောင်နေတယ်ကွ။ သောက်တဲ့နေရာမှာ ဟာတာတာကြီးဖြစ်တတ်တယ်။ သိပ်ပြီးတော့ မာနေရင်လည်း ဆေးစာတွေကျပ်နေလို့ကွ။ အဲဒီတော့ သောက်တဲ့အခါမှာ မီးခိုးကောင်းကောင်းမလိုက်ဘူး။ ပြီးတော့ ဆေးလိပ်ကို နမ်းကြည့်ရတယ်။ မှိုနံ့ရရင်လည်း မယူရဘူး ငါ့လူရ. . ”

ဟု ကျွန်ုပ်အားပြောရင်း ၎င်း၏ဆေးလိပ်ကို မီးညှိလေတော့၏။ ထို့နောက် ဆေးလိပ်ကို စိတ်အေးလက်အေးဖွာနေ၏။ မီးခိုးများကိုမှုတ်ထုတ်နေ၏။ ထိုအချိန်၌ ကျွန်ုပ်က ဦးအောင်သော်အနီးတွင် ထိုင်ကာ ဦးအောင်သော်လှုပ်ရှားပုံကို အသေးစိတ်ကြည့်ရှုမှတ်သားနေ၏။ ထိုသို့မှတ်သားရင်း. . .

“ဦးလေးတို့ ဆရာကြီး အဘမှည့်နဲ့ ဦးလေးတို့နဲ့က တော်တော်ကို ရင်းနှီးကြတာကိုး။ သူက ဦးလေးကို ဘယ်လိုပညာမျိုး အဓိကထားပြီး သင်ပေးပါသလဲ”

ဟု ကျွန်ုပ်က မေးလိုက်ရာ ဦးအောင်သော်က ပြုံးလေ၏။

www.burmeseclassic.com



“ငါ့ကိုတော့ များများစားစား မသင်ပါဘူးကွာ။ တခြား ထွေထွေထူးထူးလည်း မလုပ်ခိုင်းပါဘူး။ ပုတီးပဲစိပ်ခိုင်းတာပါပဲ။ ပုတီးကိုတော့ အမျိုးမျိုးစိပ်ခိုင်းတယ်ဟေ့။ တစ်ခါတလေ ငါ့ပုတီးတွေကို ယူပြီး သူက သိမ်းချင်သိမ်းထားတာ။ အဲဒီလို သိမ်းထားပြီး ပုတီးသွားဝယ်ချည်ဆိုပြီး ပုတီးအသစ်နဲ့ စိပ်ချင်စိပ်ခိုင်းတာ။ ငါ့ဆီက သိမ်းတဲ့ ပုတီးချည်းပဲ ငါမှတ်မိသလောက်ပြောရရင် ရှစ်ကုံးကွ။ ပါပုတီး၊ ကြေးပုတီး၊ ကျောက်ပုတီး၊ မျောက်မင်းသွေးခဲပုတီး၊ သမလန်းပုတီး၊ သရိုးပုတီး၊ ဖန်ပုတီး၊ ကြိုးပုတီး။ အဲဒါတွေအားလုံး သူကယူပြီး သိမ်းလိုက်တယ်ကွ။ နောက်ဆုံးမှာ ငါက ပိတောက်သား နီနီရဲရဲရတာနဲ့ ပုတီးလုပ်တတ်တဲ့သူဆီသွားပြီး ပိတောက်သားပုတီးတစ်ကုံးလုပ်ရတယ်။ အဲဒီ ပိတောက်သားကလည်း ငါစိပ်လိုက်တာ ပြောင်ပြီးချောမွတ်နေပြီ။ ငါ့ဆရာကြီးရှေ့မှာ မစိပ်ရဲဘူးကွ။ ငါ့ပုတီးကို သိမ်းမှာစိုးလို့။ ဒါပေမယ့်လည်း ဘယ် ကြာကြာဝှက်နိုင်မလဲကွာ။ သူ့ရှေ့မှာစိပ်မိတာပါပဲ။ အဲဒီတော့ သူက ပုတီးကိုယူကြည့်ပြီး ‘ကောင်းတယ်၊ ပုတီးခေါင်းလေးတော့ လဲပစ်လိုက်။ ပိတောက်သားလေးနဲ့ပဲ လေးထောင့်ချွန်းချွန်းကလေးလုပ်လိုက်’ ဆိုလို့ ငါလည်း ပုတီးလုပ်တဲ့ဆီသွားပြီး ခေါင်းလေးလဲပစ်ရတယ်”

www.burmeseclassic.com



ဟု ဦးအောင်သော်က ပြောလေ၏။

"ဘာဖြစ်လို့ အဲဒီလို လုပ်ခိုင်းတာလဲ"

ဟု ကျွန်ုပ်က မေးလိုက်ရာ ဦးအောင်သော်က. .

"မင်းကသာ ငါ့ကို အခုလို မေးခွန်းတွေ တစ်ခုပြီးတစ်ခုမေးတာကွ။ ငါတို့က ငါတို့ဆရာကြီးကို မေးဝံ့တာမဟုတ်ဘူး။ အမေးမတော်ရင် ခေါင်းကို ခေါက်တယ်ကွ။ ပြီးတော့ သိပ်ပြီး စိတ်တိုလာရင် အနားမှာရှိတဲ့ ထွေးခံနဲ့ ကောက်ပေါက်တယ်။ တောင်ဝှေးနဲ့ရိုက်တယ်ကွ။ အဲဒီတော့ ပုတီးခေါင်းလေးကို လေးထောင့်ပုံ လဲလိုက်ဆိုရင် လဲလိုက်ရတာပဲ။ ဘာကြောင့်လဲဆိုတာ မမေးဝံ့ဘူး"

ဟု ပြောရာ ကျွန်ုပ်က. .

"ဦးလေးတို့ဟာကလည်း နေရာမကျပါဘူး။ ဘုမသိဘမသိနဲ့ လိုက်လုပ်နေတဲ့ နောက်လိုက်တွေပဲ။ ဘလိုင်းဖောလိုဝါးလို့ ခေါ်တာပေါ့"

ဟု ပြောလိုက်ရာ ဦးအောင်သော်က ပြုံးလေ၏။ ထိုသို့ ပြုံးပြီးနောက်. .

"ဟုတ်တယ် ငါ့လူရေ။ ဘလိုင်းဖောလိုးဝါးပဲပြောပြော၊ ဘာပဲပြောပြော တို့ဆရာကြီး အဘမှည့်နဲ့ပတ်သက်လို့ တို့က အားလုံး

www.burmeseclassic.com



ယုံထားရတာ။ ကြောက်လည်း သိပ်ကြောက်ရတယ်။ မကြောက်တဲ့လူတွေလည်း ဒုက္ခရောက်ကုန်ကြတာ။ ငါ့မျက်စိနဲ့မြင်ဖူးတာများလှပြီ။ တစ်ခုတော့ရှိတယ် ငါ့လူရ။ တို့ဆရာကြီးဟာ တို့အပေါ်မှာ မကောင်းမကြံတာ အမှန်ပဲ။ တို့ရဲ့ကောင်းကျိုးကို လည်းလိုလားတာ အမှန်ပဲ။ အဲဒါကြောင့် သူနဲ့ပတ်သက်လာရင် ဘလိုင်းပဲပြောပြော၊ ဘလက်ပဲပြောပြော သူ့ကိုပုံပြီး ယုံထားရ တာ။ ထားပါတော့ ငါ့လူရယ်။ စောစောက ငါပြောသလို ပုတီးခေါင်းလေးကို လေးထောင့်ချွန်ချွန်လေးလုပ်လိုက်ရတယ်။ ပြီးတော့ သူ့ရှေ့မှာ ငါ ပုတီးစိပ်တယ်။ အဲဒီတော့ ငါ့ပုတီးကို ယူပြီးကြည့်ပြန်ရောဟေ့။ အဲဒီလိုကြည့်ပြီးတော့ သူက ပြုံးတယ်။ ပြုံးရုံနဲ့မပြီးသေးဘူးဟေ့။ 'ရွှေချလိုက်' လို့ ပြောတယ်။ အဲဒီတော့ ငါလည်း ကပျာကယာထပြီး ဘုရားစောင်းတန်းက ပန်းပုဆိုင်ကိုသွားပြီး ရွှေချလိုက်တယ်။ နောက်တစ်ခါ အဘရှေ့မှာ ပုတီးစိပ်တော့ ငါ့ပုတီးကို အဘက ယူကြည့်ပြီး ပြုံးပြန်တယ်။ အဲဒီလိုပြုံးပြီး 'သိပ်ကောင်းတာပဲ။ ကျောက်ကလေးတွေကပ်လိုက်' လို့ပြောပြန်တယ်။ အဲဒီတော့ ငါလည်း မနေသာတော့ဘဲ ငွေထည်ပစ္စည်းကလေးတွေရောင်းတဲ့ ကုလားပန်းထိမ်ဆိုင်သွားပြီး ကျောက်နီ၊

www.burmeseclassic.com



ကျောက်စိမ်းတွေဝယ်ပြီး ပန်းပုဆိုင်ကိုသွားပြီး သရိုးနဲ့ ကျောက်ကလေးတွေကို ကပ်ခိုင်းရတယ်။ အဲဒီတော့ ပုတီးခေါင်းလေးဟာ ရွှေရောင်လက်ပြီး ပြောင်ပြောင်လက်လက်လေးတွေ ဖြစ်နေတာပေါ့ကွာ။ အဲဒါကို ဘာဖြစ်လို့လုပ်ရတာလဲလို့ တို့က တို့အဘကို မမေးဝံ့ဘူးကွ။ မေးရင် ခေါင်းကိုခေါက်ဦးမှာ။ အဲဒီ ပုတီးလေးနဲ့ ငါက သူ့ရှေ့မှာ ပုတီးစိပ်တော့ အဘက ပုတီးလေးကိုကြည့်ပြီး ပြုံးပြန်တယ်။ ဘာကြောင့်ပြုံးမှန်းတော့ မသိဘူးကွ”

ဟု ဦးအောင်သော်က ပြောလိုက်ရာ ကျွန်ုပ်က. .

“ဦးလေးတို့အဘကလည်း ခဏခဏပြုံးနေတာပဲ။ ကလေးဆိုရင်တော့ အဲဒီလို ခဏခဏပြုံးရင် သွားပေါက်တော့မယ်။ လူကြီးဆိုရင်တော့ ဘာဖြစ်မယ်မှန်းမသိဘူး”

ဟု ပြောလိုက်လေတော့၏။

“အေး. . အဲဒီလို ရွှတ်နောက်နောက်ပြောရင်လည်း သိပ်စိတ်ဆိုးတာကွ။ တစ်ခါက ကိုလှဖေဆိုတဲ့သူကတော့ အဘရှေ့မှာ အရွှန်းပြောမိလို့ ခေါင်းကို တောင်ဝှေးနဲ့ရိုက်လိုက်တယ်ကွ။ အဲဒီ ရိုက်ပြီးနောက် ‘လူပျက်’ လို့ လေးလေးနက်နက်ပြောလိုက်တယ်ကွ။ အဲဒီလိုပြောပြီးကတည်းက ကိုလှဖေလည်း အဘရှေ့မှာ ရွှတ်ရွှတ်နောက်နောက် မပြောရဲတော့ဘူးဟေ့”

www.burmeseclassic.com



ဟု ဦးအောင်သော်က ပြောလေ၏။

ထိုအခါ ကျွန်ုပ်က. .

“ဦးလေးတို့အဘကျင့်စဉ်က တခြားကျင့်စဉ်မဟုတ်ဘူး။ အမြဲ တမ်း စိတ်ဆိုးအောင်လုပ်နေတဲ့ ကျင့်စဉ်ပဲဖြစ်မှာပေါ့”

ဟု ပြောလိုက်လျှင် ဦးအောင်သော်ကြီးက. .

“မင်းနဲ့အဘနဲ့ အတူနေစေချင်တယ်။ မင်းခေါင်းမှာ ဘုတွေ၊ ထစ်တွေ နည်းမှာမဟုတ်ဘူး။ မင်းခေါင်းတစ်ခေါင်းလုံး ဒူးရင်း သီးလို ဖြစ်နေမှာ”

ဟု ပြောကာ ဦးအောင်သော်က ရယ်လေ၏။ ထိုသို့ရယ်ပြီးနောက် “ငါဟာ စောစောကပြောတဲ့ ပုတီးလေးနဲ့ မကြာခဏ စိပ်မိတယ်။ တစ်လခွဲလောက်ကြာတော့ ပုတီးလေးကို သူက ကိုင်ကြည့်ပြီး ပြုံးတယ်။ ပြီးတော့ ‘တစ်ကုံးလုံး ရွှေချလိုက်တော့’ တဲ့။ အဲဒီတော့ ငါက ‘အဘရယ်၊ တစ်ကုံးလုံး ရွှေချလိုက်ရင် ကျွန်တော် ဘယ်လို စိပ်မှာတုံး။ စိပ်ရင်လည်း ရွှေတွေကွာကျကုန်မှာပေါ့’ လို့ ပြော တယ်။ အဲဒီမှာ အဘက ငါ့ခေါင်းကို ‘တောင်’ ခနဲ ခေါက်ပြီး တော့ ‘ရွှေစော်နံ ပြန်လိုက်ဦးဆိုတာ မင်းလိုကောင်မျိုးကိုပြော တာ ရွှေအောင်သော်ရဲ့’ လို့ ဆူတယ်ကွ။ အဲဒါနဲ့ ငါလည်း ပန်းပု

www.burmeseclassic.com



ဆိုင်ကိုသွားပြီး ပုတီးတစ်ကုံးလုံးကို ရွေးချလိုက်ရတယ်ဟော့။ အဲဒီလို ချပြီးတာနဲ့ သူ့ရှေ့ကိုယူလာတယ်။ အဲဒီမှာ သူက ‘အဲဒီ ပုတီးနဲ့ မစိပ်နဲ့။ စိပ်ပုတီးမဟုတ်ဘူး။ ဆွဲပုတီး’ တဲ့။ ‘ဆွဲပုတီး ဆိုတာ ဘာလဲ အဘ’ လို့မေးတော့ သူက ‘ စိပ်ပုတီး၊ ချိတ်ပုတီး၊ ဆွဲပုတီး၊ စွပ်ပုတီး၊ ဆောင်ပုတီး၊ ကြွားပုတီး’ အမျိုးမျိုးရှိတာပေါ့။ ဆွဲပုတီးဆိုတာက လည်ပင်းမှာဆွဲထားဖို့။ ချိတ်ပုတီးဆိုတာက ကိုယ့်ရဲ့ဘုရားခန်းမှာ ဝိဇ္ဇာတွေကိုလှူဒါန်းပြီး ချိတ်ထားတဲ့ ပုတီးကွ။ စွပ်ပုတီးဆိုတာက စိပ်ဖို့မဟုတ်ဘူး။ လမ်းသွားရင်း ပုတီးသမားမှန်းသိအောင် လက်မှာစွပ်ထားဖို့။ ကိုယ့်ရဲ့ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တွေကပေးတဲ့ ပုတီးကိုတော့ အိတ်ကလေးနဲ့ထည့်ပြီး သွားလေရာမှာယူသွား တဲ့ အဆောင်ပုတီးကို ဆောင်ပုတီးလို့ ခေါ်တယ်။ ကြွားပုတီး ဆိုတာက ပုတီးကို ထူးထူးဆန်းဆန်းလုပ်ပြီး ဘယ်တောင်မှာ ကျုပ် အဓိဋ္ဌာန်ဝင်တုန်းက တောင်စောင့်ဘီလူးက လာပြီး လက်ဆောင် ပေးသွားတာဆိုပြီး ကြွားလုံးထုတ်တဲ့ ပုတီး။ ဘယ်ဘီလူး၊ ဘယ် သရဲကမှ ပုတီးကို လက်ဆောင်မပေးဘူး။ မြဲမြဲမှတ်ထား’ လို့ ပြောဖူးတယ်”

ဟု ဦးအောင်သော်ကြီးက ပြောလိုက်ရာ. .

---

**လာဘ်မိုးရွာစေ**

www.burmeseclassic.com



"နေပါဦး ဦးလေး။ အဲဒီပုတီးကြီးကို ရွှေချခိုင်းပြီးတော့ ဦးလေး လည်ပင်းမှာဆွဲခိုင်းတယ်ပေါ့"

ဟု ကျွန်ုပ်ကမေးလိုက်ရာ ဦးအောင်သော်က. .

"ဟုတ်တယ်ကွ။ ငါ့ရဲ့စိပ်ပုတီးကြီးဟာ ရွှေရောင်တဝင်းဝင်းနဲ့ ဆွဲပုတီးကြီးဖြစ်သွားပါလေရော"

ဟု ပြန်၍ပြောလေ၏။

"ဦးလေးတို့ဆရာကြီးက သူ့တပည့်တိုင်းကို အဲဒီလိုလုပ်ခိုင်း သလား"

ဟု ကျွန်ုပ်ကမေးလိုက်ရာ ဦးအောင်သော်ကြီးက. .

"မင်းအနေနဲ့ မေးမယ်ဆိုရင်လည်း မေးစရာပဲကွ။ လူတိုင်းကို အဲဒီလိုမလုပ်ခိုင်းဘူးကွ။ တချို့လူတွေကျတော့ ပုတီးကို ဆေး အနီရောင် သုတ်ခိုင်းတယ်။ တချို့ကျတော့ ငွေမင်ရောင်သုတ် ခိုင်းတယ်။ ငါမှတ်မိသလောက်ပြောမယ်ဆိုရင် ရေကျော်ဘက် က ကိုကျော်ရွှေဆိုတဲ့လူတစ်ယောက်ကို သူစိပ်နေတဲ့ပုတီးကို ငွေမင်သုတ်ရမယ်ဆိုပြီး အတင်းသုတ်ခိုင်းတယ်။ ပြီးတော့ အဲဒီ ပုတီးကို မစိပ်နဲ့တော့ ဆွဲပုတီးလုပ်တော့ဆိုပြီး ဆွဲခိုင်းတယ်။ အဲဒီ ကိုကျော်ရွှေမှာ အိမ်ထောင်မရှိဘူးကွ။ မိန်းကလေးတစ်ယောက်

www.burmeseclassic.com




နဲ့တော့ မေတ္တာမျှတယ်။ မိန်းကလေးမိဘက သူနဲ့ သဘောမတူဘူး။ မိန်းကလေးကတော့ သူ့ကို မေတ္တာရှိပါတယ်။ အဲဒီမှာ မိန်းကလေးမိဘဘက်က ဘယ်လိုလုပ်သလဲဆိုတော့ ကိုကျော်ရွှေနဲ့ သူတို့သမီးရသွားမှာစိုးလို့ သူတို့သမီးကို နိုင်ငံခြားပို့လိုက်တယ်။ နိုင်ငံခြားဆိုလို့ ဝေးဝေးမဟုတ်ပါဘူးကွာ။ မလေးရှားပို့လိုက်တာပါ။ မလေးရှားမှာက သူ့အစ်ကိုတစ်ယောက်ရှိတယ်ကွ။ အဲဒီလို မိန်းကလေးက နိုင်ငံခြားကိုလည်းထွက်သွားရော ကိုကျော်ရွှေခမျာမှာ ရူးမတတ်ခံစားရတော့တာပေါ့ကွာ။ အဲဒီတော့ အဘက သူ့ရဲ့ ငွေရောင်ချိတ်ပုတီးကြီးကို စက်ဝိုင်းနှစ်ထပ် ပုံသဏ္ဍာန်ကြမ်းမှာ ခင်းခိုင်းတယ်။ ပြီးတော့ ကတ်ပြားလေး တစ်ခုပေါ်မှာ လိပ်ပြာရုပ်ကလေးတစ်ခု ရေးပေးတယ်။ အဲဒီ လိပ်ပြာရုပ်ကလေးကိုတော့ ငါ ကောင်းကောင်းရေးတတ်တယ်ကွ။ အဘရေးတာကို ကြည့်ပြီး ငါ လေ့ကျင့်ထားတာ။ ဟောဒီမှာ ကြည့်”

ဟု ဆိုကာ ဦးအောင်သော်သည် လိပ်ပြာရုပ်ကလေးတစ်ခုကို ရေးပြလေ၏။

www.burmeseclassic.com





"ပြီးတော့ ကိုကျော်ရွှေကို နစ်ထပ်စက်ဝိုင်းပုံသဏ္ဍာန်လုပ်ထား
တဲ့အထဲကို အဲဒီ လိပ်ပြာရုပ်ကလေး ချနိုင်းတယ်။ အဲဒီလို ချနိုင်း
ပြီးတော့ ပုတီးတစ်ခုလုံးကို နှင်းဆီပန်းတွေ၊ စံပယ်ပန်းတွေ၊

www.burmeseclassic.com



ကံ့ကော်ပန်းတွေ ရှာလို့ရသမျှ ပန်းတွေနဲ့ ပုတီးကို ပျောက်သွားအောင် အုံခိုင်းပြီးတော့ ပုတီးစိပ်ခိုင်းတယ်။ ခုနစ်ရက်ပြည့်အောင် စိပ်ရတယ်။ ဘာကိုစိပ်ရသလဲဆိုတော့. . .

မုဋ္ဌလိန္ဒာ
တောသာယာက
လာသည့်လိပ်ပြာ. .
မောင့်လိပ်ပြာ
မယ့်နှလုံးသားမှာ
နားသည်တကား။
ဟိမဝန္တာ
သူယောင်ရှာက
လာသည့်လိပ်ပြာ
မယ့်လိပ်ပြာ. . .
မောင့်အသည်းမှာ
နားသည်တကား။

အဲဒီလို စိပ်ခိုင်းတယ်ကွ”

လာဘ်မိုးစွေစာပေ

www.burmeseclassic.com



ဟု ဦးအောင်သော်ကြီးက ပြောလေ၏။ ထိုအခါ ကျွန်ုပ်က. .

"ဦးလေးဟာကလည်း ဂါထာလည်း မဟုတ်ဘူး။ အချစ်ကဗျာကြီးပါလား"

ဟု ပြောလိုက်လျှင် ဦးအောင်သော်က. .

"အဲဒါတွေ မင်းပြောမနေနဲ့။ ကိုကျော်ရွှေရဲ့မိန်းကလေးဟာ မလေးရှားမှာ ကြာကြာမနေနိုင်ဘူး။ ချက်ချင်းပြန်လာတော့ တာပဲ"

ဟုပြောလျှင် ကျွန်ုပ်လည်း ဦးအောင်သော်ကြီးဆွဲပြသော လိပ်ပြာရုပ်ကလေးကို ဆွဲတတ်ရန်အတွက် ထိုလိပ်ပြာပုံလေးပါသော စာရွက် ကို ပြန်၍မပေးဘဲ ကျွန်ုပ်၏မှတ်စုစာအုပ်အတွင်း၌ သိမ်းထားလိုက် လေ၏။ ထို့နောက် ဦးအောင်သော်ကြီးပြောပြသော ချစ်လိပ်ပြာဂါထာ သို့မဟုတ် အဝေးရောက်ချစ်သူအား ပြန်လည်၍ခေါ်ယူနိုင်သော ဂါထာ ကို အလွတ်ကျက်မှတ်ရန်အတွက် ကျွန်ုပ်၏မှတ်စုစာအုပ်၌ ရေးသွင်း လိုက်ရလေတော့သတည်း။

*****

www.burmeseclassic.com



# [၃]

ကျွန်ုပ်သည် ဦးအောင်သော်ကြီးအတွက် ဆေးလိပ်၊ မီးခြစ်စသည်တို့ကို ရှာဖွေကာပေးရ၏။ ဗယာကြော်လည်း ကျွေးပြီးဖြစ်၏။ သူပြောသောစကားများမှာလည်း လွန်စွာစိတ်ဝင်စားဖွယ်ကောင်းသောကြောင့် ကျွန်ုပ်သည် သူ၏နားမှထ၍ မသွားချင်အောင် ရှိလေတော့၏။ နောက်ဆုံး ကျွန်ုပ်သည် သိမ်ဖြူလမ်းထိပ်ရှိ ကာကာကုလားဆိုင်သို့ သွားကာ သတ္တုရေနွေးကရားလေးတစ်လုံးကို အပေါင်ပေး၍ ငွေ၁ါးယူပြီးလျှင် ရေနွေးကြမ်းပါထည့်၍ အကြမ်းပန်းကန်လုံးကလေးနှစ်လုံးနှင့်အတူ ဦးအောင်သော်ကြီးထံသို့ ပြန်လာခဲ့လေ၏။ ထို့နောက် ကျွန်ုပ်သည်

www.burmeseclassic.com



ဦးအောင်သော်ကြီးအား ရေနွေးကြမ်းတစ်ခွက်ပြီး တစ်ခွက်ငှဲ့ပေး၏။ ဦးအောင်သော်ကြီးသည်လည်း ကျွန်ုပ်ငှဲ့ပေးသော ရေနွေးကြမ်းတစ်ခွက်ကို သောက်လိုက်ပြီးနောက်. . .

"ဒါကုလားဆိုင်က ရေနွေးအိုးကွ၊ အကြမ်းခြောက်ခတ်ထားတဲ့ ရေနွေးမျိုးမဟုတ်ဘူး။ လက်ဖက်ရည်ဖျော်တဲ့ အချိုခြောက် အကျရည်ကို ထည့်ထားတာကွ။ သောက်လို့တော့ သိပ်မကောင်းဘူး။ မြန်မာအကြမ်းခြောက်မှ ကောင်းတာကွ၊ ကြုံတုန်းပြောရဦးမယ်။ ရေနွေးကြမ်းကို ဒီအတိုင်း မသောက်နဲ့ကွ။ ရေနွေးတစ်အိုးကို နှီးပြားလေးနဲ့ ဆားလေးနှစ်ကော်လောက် ခတ်ပြီးမှ သောက်ရတယ်ကွ။ ဘာဖြစ်လို့လဲဆိုတော့ လေရောဂါမဖြစ်ဘူးပေါ့ကွာ။ ပြီးတော့ လက်ဖက်ခြောက်ကိုလည်း ဒီအတိုင်းမခတ်ရဘူးကွ။ ဒယ်အိုးသန့်သန့်လေးထဲမှာ ထည့်ပြီး လှော်ပြီးမှ ခတ်ရတယ်။ လက်ဖက်ခြောက်အနံ့ ပိုပြီးမွှေးတာပေါ့ကွာ"

ဟု ပြောလိုက်၏။ ထိုအခါ ကျွန်ုပ်က

"ကျွန်တော်က ရေနွေးကြမ်း မသောက်ပါဘူးဦးလေးရယ်၊ အဲဒါကြောင့် ကျွန်တော့်အတွက် ဦးလေးပြောတာတွေဟာ အရေးမကြီးပါဘူး။ ကျွန်တော် မေးချင်တာက သယ်န်းကျွန်းအိမ်နေရာက ရခဲ့တဲ့ ရွှေတွေ နောက်တော့ဘယ်လိုကုန်သွားသလဲ"

www.burmeseclassic.com



ဟု မေးလိုက်ရာ ဦးအောင်သော်ကြီးက . . .

"မင်းဟာကလည်းကွာ၊ အခုမှ အပျိုတော်ထွက်ခါစ ရှိသေးတယ်၊ အတင်းကို ဇာတ်သိမ်းခိုင်းနေပြီလား"

ဟု ပြောလေ၏။

ထို့နောက် ဆက်ကာ . . .

"ဘာပဲဖြစ်ဖြစ်ပေါ့၊ ရွှေတွေ ကုန်သွားတာလည်း ငါကမနှမြော ပါဘူး။ လောကမှာ ငါနှမြောတသဆုံးကတော့ ငါ့သူငယ်ချင်း ဖေသော်ကွ၊ ဖေသော်ကြောင့်လည်း ငါက ငါတို့ဆရာကြီး 'အဘ မှည့်'နဲ့လည်း ပိုရင်းနှီးတာ၊ ဖေသော်ဆိုတဲ့ အကောင်လည်းကွာ သနားဖို့ သိပ်ပြီးကောင်းတာ"

ဟု ပြော၍ အဝေးတစ်နေရာသို့ ငေးမောနေလေတော့၏။

ဦးအောင်သော်ကြီးသည် သူ၏ အတိတ်ဇာတ်ကြောင်းများဆီသို့ စိတ်ရောက်သွားပြီးလျှင် ဆွေးမြည့်နေပုံရ၏။ ကျွန်ုပ်သည် သူ၏ဆွေး မြည့်ခြင်းကို ရပ်တန့်သွားစေရန်အတွက်. .

"ဦးလေးတို့ ဆရာကြီး အဘမှည့်က ဦးလေးကို နောက်ထပ်ပညာ တွေ ပေးသေးသလား"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။ ထိုအခါကျမှပင် ဦးအောင်သော်

www.burmeseclassic.com



ကြီးသည် အဝေးသို့ ငေးမောနေရာမှ ကျွန်ုပ်၏ မျက်နှာအား စူးစူးရဲ ရဲ ကြည့်လိုက်လေ၏။ ထိုသို့ကြည့်ပြီးလျှင် . .

“ဒီလိုကွ တို့ဆရာကြီးက တို့ကို ပညာသတ်သတ် သင်ပေးတာ တော့မဟုတ်ဘူး။ လိုအပ်တဲ့အခါတွေမှာ လုပ်စရာရှိတာတွေကို လုပ်ပေးတယ်ကွ၊ ခိုင်းစရာရှိတာတွေ ခိုင်းတယ်ကွ၊ အဲဒါဟာ ပညာသင်တာပဲနဲ့ တူပါတယ်ကွာ၊ ဆရာကြီးက စကားပြောရင် ‘ခတ်’ ဆိုတဲ့ စကားလုံးဟာ တော်တော်များများ ပါတယ်ကွ၊ ဥပမာကွာ ငါတို့က သူ့ရှေ့မှာ ထမင်းစားတယ်ဆိုပါတော့။ ငါက ရှောက်သီးတွေ ထမင်းထဲညှစ်ထည့်ပြီး စားတယ်ကွ၊ အဲဒါကို သူကမကြိုက်ဘူး ဆိုပါတော့ကွာ။ တကယ် သူပြောရမှာက ‘အောင်သော်ရေ အချဉ်တွေသိပ်မစားနဲ့’ လို့ပဲ ပြောရမယ်။ ဒါပေမယ့် ဒီလိုမ ပြောဘူးကွ၊ ‘ဟေ့ ရွှေအောင်သော် အချဉ်ခတ်တွေ သိပ်ပြီးမစားနဲ့’ တဲ့ကွ၊ အချဉ်ကို အချဉ်လို့ မပြောဘူး။ အချဉ် ခတ်တဲ့ ကွ။

အဲဒီမှာ တို့နဲ့မဝင်းဆိုတဲ့ ပညာသင်ဖက် မိန်းမကြီးတစ်ယောက်ပါ သေးတယ်ကွ၊ သူက ကုလားကပြားကွ၊ သူက အချဉ်မကြိုက်ဘူး။ အချိုကြိုက်တယ်။ သူကလည်း ငြိမ်ငြိမ်မနေဘူးကွ၊ တို့ဆရာကြီး

www.burmeseclassic.com



ကို သူက သမီးကတော့ အချိုပဲကြိုက်တယ်လို့ သွားပြီးပြောတယ်။ အဲဒီမှာ ဆရာကြီးက သူ့ကို 'ဟဲ့ ဇေတဘာရီမ နင့်ကျတော့လည်း အချိုခါတ်တွေ သိပ်ပြီးစားတာကိုး၊ သွေးတွေ ချိုကုန်လိမ့်မယ်၊ သွေးတွေ ချိုကုန်ရင် ရောဂါတွေဖြစ်မယ့်ခါတ် ရောက်လာရော' လို့ ပြောတယ်ကွ၊ အချိုကိုလည်း အချိုမပြောဘူး။ အချိုခါတ်တဲ့။ အချဉ်ကိုလည်း အချဉ်မပြောဘူး။ အချဉ်ခါတ်တဲ့။ အခါးတို့၊ အဖန်တို့ကိုလည်း ဒီလိုပဲ။ အခါးခါတ်၊ အဖန်ခါတ်တို့တဲ့ကွ။ တစ်နေ့မှာ ဆရာကြီးအပြင်ထွက်သွားတုန်း ငါတို့ တပည့်တွေ ချည်းပဲ ကျန်ခဲ့တာပေါ့ကွာ။ အဲဒီမှာ ငါတို့က ရယ်စရာတွေ ပြောပြီး တဟားဟားနဲ့ ရယ်နေကြတာပေါ့။ အဲဒီအချိန်မှာ ဆရာ ကြီးက ပြန်ပြီးရောက်လာတယ်။ အဲဒီလို ရောက်လာပြီး 'အရယ် ခါတ်တွေ တယ်ပြီးပွင့်နေပါလား' တဲ့။ ရယ်တာကိုလည်း ခါတ် လို့ပြောတယ်။ တစ်ခါကလည်း သူ့တပည့်မတွေ တစ်ယောက်နဲ့ တစ်ယောက် စကားများပြီး ငိုကြတယ်။ အဲဒါကိုလည်း နင်တို့ အငိုခါတ်တွေ တယ်ပြီးများပါလားလို့ ပြောတယ်။ ငိုတာကိုလည်း ခါတ်လို့ပြောတယ်။ အဲဒီမှာ တစ်ခုပြောရဦးမယ်"

ဟု ဦးအောင်သော်ကြီးက ပြောလိုက်ပြီးလျှင် ရေနွေးကြမ်းကို

www.burmeseclassic.com



မော့လိုက်လေ၏။ ထိုအခါ ကျွန်ုပ်က . . .

"ဖြည်းဖြည်းသောက်ပါ ဦးလေးရယ်၊ ပြီးတော့လည်း ဖြည်းဖြည်း ပြောတာပေ့ါ" ဟု ပြောလိုက်ရလေ၏။

ဦးအောင်သော်ကြီးက. .

"ပြောစရာရှိတာကတော့ ပြောရမှာပဲဟော့"

ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က . . .

"ဒီနေ့လည်း ဦးလေးက အပြောခတ်တွေ တယ်ပြီးများနေပါလား၊"

ဟု ပြောလိုက်ရာ ဦးအောင်သော်က . . .

"အပြောခတ်တွေ များတာလည်း မပြောနဲ့လေကွာ။ မင်းကလည်း အမေးခတ်တွေ များတာကိုး"

ဟု ပြောဆိုကာ ၎င်းဘာသာ သဘောကျ၍ ရယ်မောနေတော့၏။

ထိုသို့ ရယ်မောပြီးနောက်. . .

"ဆရာကြီးရဲ့ တပည့်ထဲမှာ ရုံးကအရာရှိတွေလည်း ပါတယ်ကွ၊ အဲဒီအရာရှိထဲမှာ ကိုမြင့်သိန်းဆိုတဲ့ အရာရှိတစ်ယောက်လည်း ပါတယ်။ အဲဒီလူဟာ နိုင်ငံခြားသွားဖို့ အရွေးခံရပြီးမှ တစ်ယောက် ဝင်ပြီး နှောင့်ယှက်လို့ သူ့ကို ဖယ်ထုတ်ထားခဲ့တယ်။ အဲဒါကို သူကမကျေနပ်တော့ ဆရာကြီးဆီလာပြီး သူ့အဖြစ်အပျက်ကို

www.burmeseclassic.com



ပြောပြတယ်။ အဲဒီတော့ တို့ဆရာကြီးက ‘ဟ မြင့်သိန်းရ၊ မင်းမှာလည်း အဖျက်ဓာတ်တွေက များလှချည်လား’ လို့ ပြောပြီး တဟားဟား ရယ်တယ်ကွ၊ အဲဒီလို ရယ်ပြီးတော့ အိပ်ရာနံဘေးနားမှာ အုန်းမှုတ်ခွက်နှစ်ခုထားကွာတဲ့။ ပြီးတော့ အဲ့ဒီ အုန်းမှုတ်ခွက် နှစ်ခုကို အိပ်ခါနီးမှာ တဂွမ်းဂွမ်းတီးပေတော့တဲ့။ အဲဒီတော့ ကိုမြင့်သိန်းက အဘဒါဘာဓာတ်လဲလို့ မေးတယ်ကွ၊ အဲဒီမှာ အဘက ‘အုန်းမှုတ်ခွက်ကြီး မြည်အောင်တီး၊ ခရီးအဝေးကြီးသွားလတ္တံ့ ဆိုတဲ့ဓာတ်ပေါ့ကွာ၊ အပျက်ကို အပျက်နဲ့ချေတဲ့ အပျက်ဖြေဓာတ်ကွ’ လို့ ပြောလိုက်တယ်။ အဲဒီမှာ ကိုမြင့်သိန်းဆိုတဲ့ အရာရှိဟာ အုန်းမှုတ်ခွက်နှစ်ခုကို သူ့အိပ်ရာနံဘေးနားထားပြီး ညညတီးတော့တာပဲဟေ့”

ဟု ဦးအောင်သော်က ပြောလေသည်။

“အုန်းမှုတ်ခွက်တီးတာတော့ ဟုတ်ပါပြီဦးလေးရယ်၊ ခွက်ခွက်ချင်းတီးရမှာလား၊ ကုန်းကုန်းချင်း တီးရမှာလား”

ဟု ကျွန်ုပ်က မေးလိုက်ရာ . . .

“ကုန်းကုန်းချင်း တီးရမှာ၊ ပြီးတော့ အုန်းမှုတ်ခွက်ကလည်း အုန်းသီးတစ်လုံးတည်းကို ခြမ်းထားတဲ့ အုန်းမှုတ်ခွက်နှစ်ခု ဖြစ်ရမယ်”

www.burmeseclassic.com



ဟု ဦးအောင်သော်က ပြောလေ၏။

"အဲဒီတော့ ဦးလေးရယ်၊ အဲဒီ ကိုမြင့်သိန်းဆိုတဲ့ အရာရှိ နိုင်ငံခြားကို ပါသွားရောလား"

ဟု ကျွန်ုပ်ကမေးလိုက်ရာ ဦးအောင်သော်က . . .

"အဲဒါတော့ ဆန်းတယ်ဟေ့၊ သူတို့ ရွေးထားတဲ့အထဲက တစ်ယောက်ဟာ ရုတ်တရက် ဦးနှောက်သွေးကြောပြတ်ပြီး သေဆုံးသွားလို့ ကိုမြင့်သိန်းကို ပြန်ပြီးထည့်ရတယ်"

ဟု ပြောလိုက်လေ၏။

"ဒါကတော့ ဒီလိုရှိတယ် ဦးလေးရဲ့၊ အုန်းမှုတ်ခွက်တီးတာဟာ အဲဒီ ကိုမြင့်သိန်းတစ်ယောက်တည်းအတွက် ပေးတဲ့ဓာတ်နဲ့ တူ တယ်၊ တစ်ခြားလူလုပ်ရင်ကော အဆင်ပြေပါ့မလား"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဦးအောင်သော်က. . .

"တခြားလူလည်း ဒီဓာတ်ပဲကွ၊ ငါတို့ စမ်းကြည့်တာ များနေပြီ၊ အဲဒီအတိုင်း ဖြစ်တယ်ကွ"

ဟု ပြောလေ၏။

"နောက်ထပ် ဘာတွေသင်ပေးသေးသလဲ ဦးလေးရဲ့"

ဟု ကျွန်ုပ်ကမေးပြန်ရာ ဦးအောင်သော်က . . .

www.burmeseclassic.com



"မင်းကို ငါပြောသွားပဲကွ၊ တကူးတက သင်ပေးတာ မဟုတ်ဘူးကွ၊ ကြုံတဲ့အခါလုပ်ပေးတာ၊ တစ်ခုပြောပြရဦးမယ်၊ သူ့ တပည့်ထဲမှာ ကိုသန်းဌေးဆိုတဲ့ လူတစ်ယောက်ရှိတယ်ကွ၊ တစ်နေ့မှာ အဲဒီကိုသန်းဌေးက အဘဆီလာပြီး သူ့အလုပ်တွေက ဘာမှ မဖြစ်တဲ့အကြောင်း၊ ငွေရစရာတွေလည်း မရတဲ့အကြောင်း ပြောပြတယ်။ အဲဒီအခါမှာ အဘက 'သန်းဌေး မင်းတော့ လမ်းဘေးရောက်တော့မယ်၊ အဲဒီတော့ ရောက်တော့မယ့်အတူတူ လမ်းဘေးမှာ သွားအိပ်ကွာ" ဆိုပြီး ကီလီဆိပ်ကမ်းကို လွှတ်လိုက်တယ်။ အဲဒီ ကိုသန်းဌေးဟာ အဲဒီကီလီဆိပ်ကမ်း လမ်းဘေးဘောတံတားမှာ တစ်ညအိပ်ပြီး ပြန်လာတယ်။ အဲဒီမှာ အဘက ကိုသန်းဌေးဝတ်လာတဲ့ အင်္ကျီ၊ လုံချည်တွေကို ချွတ်ပြီးလဲခိုင်းတယ်။ ပြီးတော့ အဲဒီအင်္ကျီ၊ လုံချည်တွေကို ရေမျှောခိုင်းတယ်။ ပြီးတော့ အဝတ်သစ်အစားသစ်တွေဝတ်ပြီး ရွှေတိဂုံဘုရားကို ညာရစ်လှည့်ပြီး ဖူးခိုင်းတယ်။ မယုံမရှိနဲ့ဟေ့။ အဲဒီ ကိုသန်းဌေးဟာ ဒုက္ခရောက်မလိုလိုနဲ့ မရောက်ဘဲ စီးပွားရေးဟာ ထောင်တက်သွားတယ်။ ဒါနဲ့ တို့လည်း 'မသိလို့ အဘရယ်၊ အဲဒါ ဘာဓာတ်လဲလို့ မေးတော့ လမ်းဘေးကနေ ဆွဲတင်တဲ့ဓာတ်ပေါ့ကွ၊ သန်း

www.burmeseclassic.com



ငွေးကို လမ်းဘေးကနေ ဆွဲတင်ပြီး ဘုရားဘေးကို လွှတ်လိုက်တာလို့ ပြောတယ်ကွ။ အဲဒီတော့ ငါတို့ဆရာကြီး အဘမှည့်ရဲ့ ဓာတ်တွေလည်း ခပ်ဆန်းဆန်းကွ”

ဟု ပြောလိုက်လျှင် ကျွန်ုပ်က . . .

“ဟုတ်တယ်နော် ဦးလေး၊ သူဟာ ဗေဒင်နဲ့လည်းမတူဘူး။ ဗေဒင်နည်းနဲ့ ယတြာချေရင် အဲဒါမျိုးမလုပ်ရဘူး။ ဦးလေးတို့ အဘနည်းက တစ်မျိုးပဲ”

ဟု ပြောလိုက်လေ၏။ ထိုအခါ၌ ဦးအောင်သော်သည် ရေနွေးကြမ်းကို ငုံ့ပြန်၏။ ငုံ့ပြီးလျှင် သောက်ပြန်၏။ ထို့နောက် ဆေးလိပ် ကို ဖွာပြန်၏။ ထို့နောက် ၎င်းက . . .

“ငါတို့ ဆရာကြီးမှာ တပည့်တစ်ယောက်ရှိတယ်ကွ၊ အဲဒီ တပည့်နာမည်က ကိုတင်အောင်တဲ့။ အဲဒီ ကိုတင်အောင်ကို ဆရာတစ်ယောက်အဖြစ် မြှင့်တင်တဲ့အခါမှာ သပြေအစည်းလေး(၉)စည်းကို ဘုရားမှာ သတ်သတ်ထိုးခိုင်းတယ်ကွ။ အဲဒီ သပြေကိုးစည်းမှာ အစည်းလေးတစ်စည်းမှာ သပြေ(၉)ခက်ပါတယ်ကွ။ ကိုးစည်းဆိုတော့ စုစုပေါင်း အခက် (၈၁)ခက်ပေါ့ကွာ။ အဲဒီ သပြေကိုးစည်းကို အိုးထဲထည့်ပြီး ထိုးခိုင်းတယ်ကွ၊ တစ်စည်းထည့်တိုင်း

www.burmeseclassic.com



ထည့်တိုင်း သပြေတစ်သိန်းလို့ အောခ်ိုင်းတယ်။ နောက်တစ်စည်း ထည့်ရင် သပြေနှစ်သိန်းလို့ အော်ခိုင်းတယ်။ ကိုးစည်းထည့်တော့ သပြေကိုးသိန်းပေါ့ကွာ။ အဲဒါကို ကိုးရက်လုပ်ခိုင်းတယ်ကွ၊ တစ်နေ့တစ်ခါ သပြေပန်းတွေကို လဲခိုင်းတယ်။ ကိုးရက်တိတိ လုပ်ရတယ်ကွ၊ အဲဒါတွေလုပ်ပြီးလို့ ကိုးရက်ပြည့်တဲ့အခါမှာ သပြေကိုးသိန်းကို ရပ်ခိုင်းတယ်။ ပြီးတော့ ကြေးလင်ပန်းတစ်ခု ထဲကို ငွေပန်းကိုးပွင့်ထည့်ခိုင်းတယ်။ တစ်ပွင့်ထည့်တိုင်း ထည့် တိုင်း ငွေတစ်သိန်းလို့ အော်ခိုင်းတယ်။ ကိုးပွင့်ဆိုတော့ ငွေကိုး သိန်းလို့ အော်ရတာပေါ့ကွာ။ အဲဒါကိုလည်း ကိုးရက်လုပ်ခိုင်း တယ်။ သပြေကိုးသိန်း ကိုးရက်မှာ 'သုဂတော' ဂုဏ်တော်ကို ကိုးပတ်စိပ်ခိုင်းတယ်။ ငွေပန်းပွင့်လေးတွေ လှူတဲ့ ငွေကိုးသိန်း၊ ကိုးရက်မှာတော့ 'လောကဝိဒူ' ဂုဏ်တော်ကို ကိုးရက်စိပ်ခိုင်း တယ်။ ပြီးတော့ သပြေကိုးသိန်းထည့်တဲ့ အိုးရယ်၊ ငွေကိုးသိန်း လုပ်တဲ့ ကြေးလင်ပန်းကို ငါတို့ဆရာကြီးက ကိုတင်အောင်ကို အပြီး ပေးလိုက်တယ်။ အဲဒီတော့ ငါတို့က ငါတို့ဆရာကြီးကို အဲဒါ ဘာခတ်လဲလို့ မေးတာပေါ့ကွာ။ အဲဒီတော့ ဆရာကြီးက 'သပြေကိုးသိန်း ငွေကိုးသိန်းခတ်' တဲ့ကွ၊ နောက်ဆုံးမှာ အဘ

www.burmeseclassic.com



တပည့် ကိုတင်အောင်ကြီးဟာ ဆရာကြီးတစ်ဆူဖြစ်သွားတာပဲ။ လာဘ်လည်း အတော်ပွင့်တယ်ဟေ့၊ ဆရာကြီး ပြောတဲ့စကား တစ်ခုရှိတယ်ကွ၊ လောကုတ္တရာက 'ပရမတ်' တဲ့။ လောကီက 'ပညတ်'တဲ့။ လောကီကိစ္စတွေ လုပ်တဲ့အခါမှာ ပညတ်ဓာတ်တွေကို ဦးစားပေးပြီး လုပ်ရတယ်။ ဆရာကြီးဟာ ဘယ်သူကို ဘာပဲလုပ်ပေးလုပ်ပေး၊ ပညတ်ဓာတ်တွေနဲ့ လုပ်ပေးတာကွ။ နောက်တစ်ခုက ဆရာကြီးရဲ့ နည်းတွေဟာ မင်းပြောသလိုပဲ ဗေဒင်ယတြာနည်းတွေ မဟုတ်ဘူးကွ။ ဓာတ်နည်းတွေကွ။ ဓာတ်နည်းတွေဆိုလို့ ငါ့ကိုမမေးနဲ့။ ငါလည်း မသိဘူးကွ။ တစ်ခုမှတ်မိတာကို ပြောရဦးမယ်။ လက်ဖက်ရည်ဆိုင်ဖွင့်မယ့် လူတစ်ယောက်သူ့ဆီ ရောက်လာတယ်။ အဲဒီလူနာမည်ကို ငါကောင်းကောင်းမှတ်မိသေးတယ်။ ဦးတင်ရွှေတဲ့။ အင်္ဂလိပ်ခေတ် ပုလိပ်အဖွဲ့မှာ ပါဖူးတယ်ကွ။ ပါဖူးတဲ့ ပုလိပ်အဖွဲ့ကလည်း ရိုးရိုးပုလိပ်အဖွဲ့မဟုတ်ဘူး။ မြင်းစီးတဲ့ ပုလိပ်အဖွဲ့ကွ။ ဒါကြောင့်သူ့ကို မြင်းတင်ရွှေလို့ ခေါ်ကြတယ်။ အဲဒီ မြင်းတင်ရွှေကြီးဟာ လွတ်လပ်ရေးရတဲ့ ဒီဘက်ခေတ်ကြီးမှာ လက်ဖက်ရည်ဆိုင်ဖွင့်ချင်တယ်ဆိုပြီး ဆရာကြီးဆီ ရောက်လာတာ။ ဆရာကြီးက မင်းရဲ့ လက်ဖက်ရည်

www.burmeseclassic.com



ဆိုင်မှာ နံပြားဖိုပါမလားလို့ မေးတယ်။ မြင်းတင်ရွှေက ပါမယ်လို့လည်းပြောရော နံပြားဖိုလုပ်ရင် ငါ့ကိုလာခေါ်ဦးလို့ ပြော တယ်။ မြင်းတင်ရွှေကလည်း ခေါ်ပါ့မယ် ဆရာကြီး ဆိုပြီး ပြန် သွားတယ်။ နံပြားဖို လုပ်တဲ့နေ့မှာ ဆရာကြီးကိုလာခေါ်တယ်။ ငါက အဖော်အဖြစ် လိုက်သွားရတယ်။ ဆရာကြီးက ဈေးထဲက ပရဆေးဆိုင် ဝင်ပြီး တစ်ကျပ်သားရှိတဲ့ သွပ်ခဲလေးတစ်ခဲ ဝယ်တယ်ကွ။ ပြီးတော့ မြင်းတင်ရွှေဖွင့်တဲ့ လက်ဖက်ရည်ဆိုင်ရှိတဲ့ နေရာကို သွားတယ်ကွ။ အဲဒီလည်း ရောက်ရော နံပြားဖိုထဲကို သူဝယ်လာတဲ့ သွပ်ခဲလေးကို ထည့်ပြီး အင်္ဂတေနဲ့ပိတ်ခိုင်းလိုက်တယ်။ အဲဒီတော့ ငါက အဘ အဲဒါဘာဓာတ်လဲလို့ မေးတော့ သွပ်ဓာတ်တဲ့ကွ။ အဲဒီသွပ်ဟာ မီးကြိုက်တော့ မီးတောင်းပြီကွ။ မီးတောင်းပြီဆိုတော့ အဲဒီနံပြားဖိုဟာ နံပြားတွေ အများကြီး ဖုတ်ရပြီပေါ့ကွာ။ နံပြားဖိုဟာ နံပြားတွေအများကြီး ဖုတ်ရပြီ ဆိုတော့ မြင်းတင်ရွှေရဲ့ လက်ဖက်ရည်လည်း အများကြီး ရောင်းရပြီပေါ့ကွာ”

ဟု ပြောလေ၏။ အဘပြောသည့်အတိုင်းပင် မြင်းတင်ရွှေ၏ နံပြားဖိုသည် လူသုံးယောက် အလဲအလှယ်ထား၍ တစ်နေကုန်နံပြား

www.burmeseclassic.com



ရိုက်ရသည်ဆို၏။ မြင်းတင်ရွှေလည်း သူ၏လက်ဖက်ရည်ဆိုင်နှင့်ပင် လွန်စွာ အကျိုးပေးလေ၏။ ၁၀နှစ်ခန့်ကြာသောအခါ၌ ဆိုင်ကိုပြင်၍ ဆောက်ရာ နံပြားဖိုကိုပါ ဖြိုရလေ၏။ ထိုသို့ နံပြားဖိုဖြိုရာတွင် ဖိုအတွင်းမှ အလွန်အရည်အသွေးကောင်းသော သွပ်ဓာတ်လုံးတစ်လုံးကို မြင်းတင်ရွှေရခဲ့သည်ဆို၏။ ထို သွပ်ဓာတ်လုံးသည် လွန်စွာမျက်နှာပွင့်သည် ဖြစ်ရာ မြင်းတင်ရွှေကြီးသည် အသက်ကြီးမှ မိန်းမနှစ်ယောက် ထပ်၍ ရသွားသည်ဆို၏။ ထိုသို့ ရပြီးမှ ကုန်းကောက်စရာ မရှိလောက်အောင် မွဲတေသွားသည်ဟုလည်း ကြားရလေ၏။

ကျွန်ုပ်သည် ဦးအောင်သော်ကြီး ပြောသည်ကို နှစ်ခြိုက်စွာ နားထောင်ခဲ့ရ၏။ ဦးအောင်သော်ကြီးလည်း ရေနွေးကြမ်းကို တစ်ခွက်ပြီး တစ်ခွက် သောက်သည်ဖြစ်ရာ ရေနွေးကုန်သည်နှင့် ကျွန်ုပ်သည် ကာကာဆိုင်သို့ ပြေး၍ ရေနွေးတောင်းရလေ၏။ ဦးအောင်သော်ကြီးသည် ကျွန်ုပ်ထပ်၍ ယူလာသော ရေနွေးကြမ်းကိုငှဲ့၍ သောက်ပြန်လေ၏။ ပြီးလျှင် စကားများပြောပြန်လေ၏။ ၎င်းပြောသော စကားများထဲတွင် ထူးဆန်းသော အကြောင်းအရာများ များစွာပါဝင်လေ၏။ ကျွန်ုပ်သည် ဦးအောင်သော်ကြီးနှင့် စကားပြောရသည်ကို လွန်စွာကျေနပ်မိလေ၏။ ထို့ကြောင့် ရေနွေးကြမ်းကို တစ်ခွက်ပြီးတစ်ခွက် ငှဲ့ပေးရလေ၏။ ထိုသို့ ငှဲ့ပေးရင်း. .

www.burmeseclassic.com



"နေပါဦး ဦးလေးရယ်။ ဦးလေးတို့ ဆရာကြီးရဲ့ ပညာက ဘာပညာတုံး။ ကျွန်တော့်ကို ပြောပြပါဦး"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဦးအောင်သော်ကြီးက . . .

"ခာတ်စမပညာကွ။ ငါ့ကို ခာတ်စမနဲ့ပတ်သက်လို့ ဘာမှ မသင်ဘူး။ မသင်ရုံမသင်တာ မဟုတ်ဘူးကွ။ ဟ ရွှေအောင်သော် နင်နဲ့ ခာတ်စမပညာနဲ့ မတန်ဘူးလို့ ပြောသေးတာ။ အဲဒီတော့ ငါက မခံချင်လို့ အဘရယ် လူပဲ မတန်တာမရှိပါဘူးလို့ ပြန် ပြီး ပြောလိုက်တော့ ထူးထူးဆန်းဆန်းပဲဟေ့။ ဆရာကြီးဟာ စိတ်မဆိုးဘူးကွ။ အားရပါးရ ရယ်တယ်။ အဲဒီလို အားရပါးရ ရယ်ပြီးတော့ 'ဝကာရောစ၊ ဗုဒ္ဓရူပံ၊ ဝတစ်လုံး. . . အသုံးအများကြီးပဲ' မင်းတို့ကို နားလည်အောင် ပြောထားရဦးမယ်။ ကိုယ်နဲ့ မဆိုင်တဲ့ ကိစ္စတွေမှာ ဝင်ပြီးမရှုပ်ရဘူး။ ဝရုန်းသုန်းကားတွေ ဖြစ်တတ်တယ်။ ဒါကြောင့် မင်းတို့အိမ်မှာ စာကပ်ထား၊ ကပ်ထားရမယ့် စာက ဟောဒီလိုလို့ ဆိုပြီး မြေဖြူခဲနဲ့ ခါးပန်းမှာ စာရေးပြတယ်။ အဘရေးပြတဲ့ စာက ဟောဒီလိုကွ"

ဟု ဆိုကာ ဦးအောင်သော်ကြီးသည် ကျွန်ုပ်အား စာရွက်တစ်ရွက်ဖြင့် အောက်ပါစာကို ရေးပြလေ၏။

---

www.burmeseclassic.com



ဝဝစား၊
ဝေးဝေးနေ၊
ဝင်မရှုပ်နဲ့
ဝရုန်းသုန်းကားတွေ
ဖြစ်ကုန်မယ်။

အထက်ပါအတိုင်း ရေးပြပြီးလျှင် ဦးအောင်သော်ကြီးက. . .

"ဒါနဲ့ ငါကလည်း အဘကို ပြန်ပြီးမေးတယ်။ အဘရယ် အဘ စာကလည်း ဆုံးမစာလည်း မဟုတ်၊ နီတိလည်းမဟုတ်၊ ကလေး ကလား နိုင်လိုက်တာလို့ ပြောလိုက်တော့ အဘက ရယ်တယ်။ ရယ်ပြီးတော့ တောင်ဝှေးနဲ့ ငါ့ခေါင်းကို သုံးချက်ခေါက်တယ်။ အဲဒီလို ခေါက်ပြီးတော့ ရတနာသုံးပါးကို ရည်စူးပြီးတော့ သုံး ချက်ခေါက်တယ်လို့ ပြောတယ်။ အဲဒီတော့ ငါက အဘရယ် အနန္တော၊ အနန္တငါးပါးကို ရည်ရွယ်ပြီးခေါက်ရင် ကျွန်တော် ငါးချက် အခေါက်ခံရမှာပေါ့လို့ ပြောတော့ အဘက ခေါင်းကို တောင်ဝှေးနဲ့ ကိုးချက်ခေါက်ပြန်တယ်။ ဂုဏ်တော်ကိုးပါးတဲ့။

www.burmeseclassic.com



အဲဒီလို ပြောသေးတယ်ကွ။ အဲဒါနဲ့ တော်ပါတော့ အဘရယ်လို့ ပြောပြီး နေရာရွှေ့လိုက်ရတယ်။ အဲဒီမှာ အဘက ခေါင်းကို တောင်ဝှေးနဲ့ တစ်ချက်ခေါက်ပြန်တယ်။ ခေါက်ပြီးတော့ 'ဧကော ဓမော' တဲ့။ အဲဒီတော့ ငါ့ခေါင်းကို သုံးချက်တစ်ခါ၊ ကိုးချက် တစ်ခါ၊ တစ်ချက်တစ်ခါဆိုတော့ စုစုပေါင်း ၁၃ချက် ခေါက်ရတယ်ပေါ့ကွာ။ ဒါပေမယ့် ငါ့နားမှာထိုင်နေတဲ့ အဘတပည့် ကိုပေစိဆိုတဲ့လူက အဲဒီအပတ်မှာ မြင်းပွဲမှာ သုံးကိုးတစ်ကို တွဲပွဲလောင်းပစ်လိုက်တယ်။ အဲဒါ အဲ့ဒီလူ တွဲပွဲတိုက်တယ်ဟေ့။ တစ်သောင်းကိုးထောင်လောက် အလျော်ရတယ်ဟေ့။ အဲဒီငွေ တွေကို ကိုပေစိက အဘဆီကိုလာပေးတယ်။ အဘက ဘုန်းကြီး ၁၃ပါးပင့်ပြီး ထောပတ်ထမင်းနဲ့ ဆွမ်းကပ်လိုက်တယ်ကွ။ ပိုတဲ့ ပိုက်ဆံကို ကိုပေစိကို ပြန်ပေးလိုက်တယ်ကွ။ ထောပတ်ထမင်း ကပ်တာ ဘယ်လောက်မှ မကုန်ပါဘူးကွာ။ နှစ်ရာ၊ သုံးရာပဲ ကုန်ပါတယ်။ အဲဒီတုန်းက ပိုက်ဆံက အလွန်အဖိုးတန်တာကွ။ ကိုပေစိကြီးက အလုပ်မည်မည်ရရ မရှိဘူး။ အဲဒီတော့ သူက မေးတယ်။ ဘာလုပ်ငန်းလုပ်ရမလဲတဲ့။ အဲဒီမှာ ထမင်းဆိုင်ဖွင့် တဲ့၊ ထမင်းဆိုင်နာမည်ကို ရတနာလို့၊ အဲဒီလို ညွှန်ကြားလိုက်

www.burmeseclassic.com



တော့ ကိုပေစိကြီးဟာ ရွှေတိဂုံအရှေ့ဘက်အဆင်းမှာ ရတနာ ဆိုတဲ့ ထမင်းဆိုင်သွားပြီးဖွင့်တယ်။ အတော့်ကို ဟန်ကျတာပဲ ကွာ။ သူ့ရဲ့ထမင်းဆိုင်မှာ ထောပတ်ထမင်းစားချင်ရင် စားလို့ရ တယ်။ တို့လည်း အဲဒီတုန်းက ရွှေတိဂုံဘုရားတက်ရင် သူ့ရဲ့ ထမင်းဆိုင်မှာ ထမင်းစားတယ်။ အလကား စားတာမဟုတ်ဘူး ကွ။ ပိုက်ဆံပေးစားတာပါ။ ကိုပေစိကြီးကလည်းကွာ သဘော ကောင်းလိုက်တာ လွန်ပါရော။ အဲဒီလူကြီးက မုဆိုးဖိုတစ်ဦးကွ။ သူ့ဆီမှာ ထမင်းလာစားတဲ့ မိန်းမတစ်ယောက်နဲ့ အိမ်ထောင်ကျ သွားတယ်။ အဲဒီ မိန်းမနာမည်က မစိန်ခင်တဲ့။ အင်္ဂါနဲ့ တနင်္လာ ပူးပြီးမှည့်ထားတဲ့ နာမည်ကွ။ နောက်တော့ ထမင်းဆိုင်မှာ ကိုပေစိမထိုင်ဘူးကွ။ မစိန်ခင်ပဲ ထိုင်တယ်။ ကိုပေစိကတော့ မြင်းသမားတွေနဲ့ မြင်းပဲတွက်နေတယ်။ သူ့မိန်းမ မစိန်ခင် ကလည်း ကိုပေစိနဲ့မရခင်က အတော်တော်တာကွ။ ရွှေတိဂုံ ဘုရားမှာ ပုတီးတက်စိပ်တယ်။ လပြည့် လကွယ် ဥပုသ်စောင့်တယ်။ ဝတ်ရင်လည်း အမြဲယောဂီရောင် ဝတ်ထားတာ။ နောက်တော့ အဲဒီမစိန်ခင်ကလည်း ထမင်းလာစားတဲ့ လူတစ်ယောက်နဲ့ ငြိပြီး ပစ္စည်းတွေ သုံးဖြုန်းပစ်လိုက်တာ မနည်းပါဘူး။ ကိုပေစိကလည်း

www.burmeseclassic.com



မြင်းမှာဖြုန်းပစ်လိုက်တာ မနည်းပါဘူး။ နောက်ဆုံးမှာ ဆိုင်ပါ ပြုတ်သွားတယ်ကွ”

ဟု ဦးအောင်သော်ကြီးက ရှည်လျားစွာ ပြောပြလေ၏။

ထိုအခါ ကျွန်ုပ်က. . . .

“အဲဒီလို ဒုက္ခရောက်တော့ ဦးလေးတို့ အဘဆရာကြီး မကယ်ဘူးလား” ဟု မေးလိုက်ရာ ဦးအောင်သော်ကြီးက

“ကယ်တာပေါ့ကွာ။ မခင်စိန်ကို မယ်သီလရှင်ဝတ်ဖို့ တိုက်တွန်းပြီး သီလရှင်ဝတ်ပေးလိုက်တယ်။ ကိုပေစိကိုလည်း ဘုန်းကြီးဝတ်ဖို့ တိုက်တွန်းပြီး ဘုန်းကြီးဝတ်ပေးလိုက်တယ်။ ကိုပေစိကို အညာဘက်မှာ ဘုန်းကြီးဝတ်ခိုင်းတာကွ၊ မခင်စိန်ကို မြစ်ဝကျွန်းပေါ်ဘက်မှာ သီလရှင်ဝတ်ခိုင်းတာကွ၊ တစ်ယောက်နဲ့ တစ်ယောက် အဝေးကြီးပေါ့ကွာ၊ သုံးနှစ်လောက်ကြာတော့ မခင်စိန်ကလည်း မြသလွန်ဘုရားပွဲတော်ချိန်မှာ ဘုရားဖူးဖို့ ဆိုပြီး မကွေးကို ရောက်လာတယ်။ ကိုပေစိကြီးကလည်း မြသလွန်ဘုရားဖူးချင်လို့ ဆိုပြီး မကွေးကို ရောက်လာတယ်။ ဘုရားပွဲမှာ ပြန်ဆုံတော့ ဦးပဥ္စင်းကိုပေစိလည်း လူထွက်တယ်။ သူ့မိန်းမ မစိန်ခင်လည်း သီလရှင်က လူထွက်တယ်။ ပြီးတော့ နှစ်ယောက်သား ပြန်ပေါင်း

www.burmeseclassic.com



သွားကြတယ်။ ပြီးတော့ နှစ်ယောက်သား ပွဲဈေးတန်းတွေမှာ လိုက်ပြီး 'မေတ္တာရေစင်'ဆိုတဲ့ နာမည်နဲ့ အောင်ဗလမုန့်တို့ ဘာတို့ ရောင်းကြတယ်ကွယ်။ ဆယ့်နှစ်ရာသီလုံး ပွဲတော်တွေရှာ ပြီး ဈေးရောင်းကြတာပေါ့ကွယ်။ ရှေးအခါက အဲဒီလို လူတွေကို ဆယ့်နှစ်ပွဲလိုက်တဲ့လူတွေလို့ ခေါ်တာကွ။ အဘဆီကို သူတို့လင် မယား လာပြီး ကန်တော့ကြသေးတယ်။ အဲဒီမှာအဘက ညောင် ရွက်ပေါ်မှာ ထုံးနဲ့နှငယ်နကင်းပိတ် စမလေးတစ်လုံး ရေးပေး လိုက်တယ်။ အဲဒါလေးရသွားပြီးကတည်းက ကိုပေစိတို့ ဆိုင်ဟာ သိပ်ပြီးဈေးရောင်းကောင်းတယ်ဆိုပဲ။ မခင်စိန်ကလည်း ဒီအတိုင်း မနေဘူးကွ။ ဆယ့်နှစ်ပွဲဈေးတန်းမှာ သူကငွေတိုးလေးဘာလေး ချတယ်။ အဲဒီတော့ သူတို့လင်မယားနှစ်ယောက် စီးပွားပြန်ပြီး တက်လာတယ်။ စီးပွားတက်လာတာနဲ့ တစ်ပြိုက်နက် ကိုပေစိ က ဖောက်တော့တာပဲပေါ့။ သူက အငယ်အနှောင်းတွေ ဘာတွေ ထားတယ်"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က ပြန်၍. .

"အဲဒီတော့ မခင်စိန်က ဘာလုပ်သေးတုံး"

ဟု မေးလိုက်ရာ ဦးအောင်သော်က. .

www.burmeseclassic.com



"မခင်စိန်က ယောကျ်ားတွေနဲ့တော့ မရှုပ်တော့ဘူးကွ၊ သူက ပိုကာဒေါင်းတယ်၊ အရင်တစ်ခါတုန်းက ကိုပေစိက မြင်းလောင်းတယ်။ မခင်စိန်က ယောကျ်ားတွေနဲ့ ရှုပ်တယ်။ ခုတစ်ခါက မခင်စိန်က ပိုကာဒေါင်းတယ်၊ အပြန်အလှန်ပေါ့ကွာ။ ဒါပေမယ့် အဲဒီလင်မယားက အလွန်ကိုသဘောကောင်းတယ်။ သူများကို လည်း သိပ်ကို ကူညီတတ်တယ်။ အပေးအကမ်းလည်း သိပ်ရက် ရောတယ်ကွ"

ဟု ပြောလိုက်လျှင် ထိုအခါက ကျွန်ုပ်က. . .

"သူတို့နှစ်ယောက် ဒီတစ်ခါတော့ မမွဲပါလား"

ဟု မေးလိုက်ရာ ဦးအောင်သော်ကြီးသည် ရယ်လေ၏။

"ဟော့ကောင်လေးရဲ့၊ မကောင်းတာလုပ်တိုင်း မွဲတာမဟုတ်ဘူးကွ၊ မကောင်းတာလုပ်ပြီး ချမ်းသာနေတာ အပုံကြီးရှိတယ်။ ကောင်း တာလုပ်ပြီး မွဲနေတဲ့ လူတွေလည်း အပုံကြီးရှိတယ်"

ဟု ဦးအောင်သော်ကြီးက ပြောလေ၏။ ထိုအခါ ကျွန်ုပ်က. . .

"ထားလိုက်ပါတော့အဘရယ်၊ အဘရဲ့ သူငယ်ချင်းဦးဖေသော် အကြောင်း ပြောမယ်ဆို၊ အဲဒီအကြောင်းဟာ ပြတ်သွားလိုက် တာ အစကို ရှာလို့မရတော့ဘူး။ ပြောပါဦးအဘရဲ့"

www.burmeseclassic.com



ဟု ပြောလိုက်ရာ ဦးအောင်သော်ကြီးက. .

"သိပ်ပြီး သိချင်ရင် ငါ့အိမ်လိုက်ခဲ့"

ဟု ပြောလေ၏။

ထိုအခါ ကျွန်ုပ်က . . .

"လိုက်ရမှာပေါ့ ဦးလေးရယ်၊ ကျွန်တော်က သိချင်နေတာပဲ" ဟု ပြောလိုက်လျှင် ဦးအောင်သော်က. . .

"သိရစေ့မယ်၊ သိရစေ့မယ်၊ ကဲ လာသွားကြစို့"

ဟု ဆိုကာ. . .

ကျွန်ုပ်အား ၎င်းအိမ်သို့ ခေါ်သွားလေ၏။ ကျွန်ုပ်လည်းထူးဆန်းအံ့သြဖွယ်ရာကောင်းသော ဦးဖေသော်ဆိုသူတစ်ယောက်၏ အကြောင်းကို သိရှိခွင့်ရတော့မည်ဟု နှလုံးပိုက်ကာ ဦးအောင်သော်၏ နောက်သို့ လိုက်ပါသွားခဲ့လေတော့သတည်း။

*****

www.burmeseclassic.com



# မြနန်းနွယ်

ကျွန်ုပ်သည် ဦးအောင်သော်ကြီး၏ အိမ်သို့လိုက်ပါသွားခဲ့လေ၏။ ဦးအောင်သော်ကြီးသည် အိမ်သို့ရောက်သောအခါ၌ ကျွန်ုပ်အား

"မင်းလည်း ဆာရောပေါ့ကွာ၊ အဲဒီတော့ ထမင်းစား၊ ငါ့အိမ်မှာ ထမင်းက သက်သတ်လွတ်ပဲ ရှိတယ်ကွ။ ငါကလည်း ငှက်ပျော သီးရယ်၊ သကြားရယ်၊ ထမင်းရယ် နယ်ပြီးစားနေတာကြာပြီ၊ မင်းလည်း အဲဒါနဲ့ပဲစား"

ဟုဆိုကာ ကျွန်ုပ်အား ထမင်းတစ်ပန်းကန်၊ ထောပတ်ငှက်ပျော သီး သုံးလုံးနှင့် သကြားအနည်းငယ်ကို ပေးလေ၏။ ကျွန်ုပ်လည်း ငှက် ပျောသီးများ၊ သကြားများကို ထမင်းနှင့်ဖိဖိပါအောင် နယ်လေ၏။ ပြီး

www.burmeseclassic.com



လျှင် မြိန်ရေရှက်ရေ စားသောက်လေတော့၏။ ထို့နောက် ဦးအောင်သော်ကြီးသည် ပိတ်စအနီဖြင့် ပတ်၍ထုပ်ထားသော စာအုပ်ကြီးတစ်အုပ်ကို ကျွန်ုပ်အား ပေးလေ၏။ ပေးပြီးနောက်

"ဒီစာအုပ်ကြီးကို မင်းအိမ်ကို ယူသွားပါ။ ဖြည်းဖြည်းဆေးဆေး ဖတ်ပါ။ ဒီစာအုပ်ဟာ ငါ့သူငယ်ချင်း ဖေသော်ကိုယ်တိုင် ရေးထားတာ"

ဟု ပြောလျှင် ကျွန်ုပ်က. .

"ဝတ္ထုစာအုပ်လား"

ဟု မေးလိုက်ရာ ဦးအောင်သော်ကြီးက. .

"ဝတ္ထုမဟုတ်ဘူးကွ၊ တကယ့်အဖြစ်အပျက်၊ အဲဒီ တကယ့်အဖြစ်အပျက် ဇာတ်လမ်းအချို့နေရာတွေမှာ ငါကိုယ်တိုင်တောင် ဇာတ်ကောင်အဖြစ် ပါနေရသေးတယ်"

ဟု ပြောလေ၏။

"စာအုပ်က တော်တော်ထူတာပဲ။ တကယ့်အဖြစ်အပျက်ပဲဖြစ် ဖြစ်၊ ဘာပဲဖြစ်ဖြစ် ဇာတ်လမ်းကောင်းတယ်ဆိုရင်တော့ ဝတ္ထုစာအုပ်ရိုက်တဲ့ တိုက်တစ်တိုက်ကိုပို့ပြီး ရိုက်နှိပ်ထုတ်ဝေလိုက်ရင်ကောင်းမယ်ထင်တယ်"

www.burmeseclassic.com



ဟု ကျွန်ုပ်က ပြောလိုက်ရာ ဦးအောင်သော်က ပြုံးလေ၏။

“အဲဒီလို စာအုပ်အဖြစ် ရိုက်နှိပ်ဖို့တော့ အကြံအစည်မရှိပါဘူး ကွာ။ ဒါပေမယ့် ဒီစာအုပ်ကြီးကို ဝါရင့်အယ်ဒီတာတစ်ယောက် ဖတ်ခိုင်းတယ်။ အဲဒီအယ်ဒီတာက သေသေချာချာ ဖတ်ပြီးတဲ့ အခါမှာ ဦးအောင်သော်ရယ် ဒီစာအုပ်ဟာ အတော့်ကို ယုတ္တိမရှိတဲ့ ဇာတ်လမ်းတစ်ခုပါ။ ရူးကြောင်ကြောင်နိုင်တဲ့ လူတစ်ယောက် ဒါမှမဟုတ်ရင်တော့ ဆေးခြောက်မူးနေတဲ့ လူတစ်ယောက်၊ သူ့စိတ်ထဲမှာ ရှိတာတွေ လျှောက်ပြီးရေးထားတာပါ။ ဘာမှ တန်ဖိုးမရှိပါဘူး။ အနှစ်သာရလည်း မရှိပါဘူး။ အဲဒီတော့ ဦးအောင်သော် အနေနဲ့ မြတ်နိုးတယ်ဆိုရင်တော့ အဲဒါကြီး ခေါင်းအုံးပြီး အိပ်ပေတော့။ ပုံနှိပ်စက်တင်ဖို့တောင် စိတ်မကူးလေနဲ့လို့ အကြံပေးဖူးတယ်ကွ၊ အဲဒါကြောင့်လည်း သူပြောတဲ့အတိုင်း ခေါင်းအုံးပြီး အိပ်လာတာကြာပြီကွ။ အဲဒီတော့ ဒီစာအုပ်ကြီးကို မင်းယူသွားပါ၊ ဖတ်တဲ့အချိန်ဖတ်ပါ၊ မဖတ်တဲ့အချိန်မှာတော့ ခေါင်းအုံးပြီး အိပ်ပေတော့”

ဟု ဦးအောင်သော်ကြီးက ပြောလေ၏။ ကျွန်ုပ်လည်း အဝတ်နီဖြင့် ပတ်ထားသော ထိုစာအုပ်ကြီးကိုပိုက်၍ ဦးအောင်သော်အား နှုတ်

www.burmeseclassic.com



ဆက်ကာ အိမ်သို့ပြန်လာခဲ့လေ၏။ ထိုသို့ပြန်လာခဲ့ရာ အတော်အတန် မိုးချုပ်နေပြီဖြစ်သဖြင့် ဘတ်(စ်)ကားမရသောကြောင့် ခြေကျင်လျှောက်ခဲ့ရလေ၏။ ကျွန်ုပ်သည် ထိုစာအုပ်ကြီးကိုပိုက်၍ ပန်းဆိုးတန်းကိုဖြတ်၏။ ထို့နောက် ဘူတာရုံကြီးကို ကျော်၏။ ပြီးလျှင် အထက်ပန်းဆိုးတန်းလမ်းအတိုင်း ဆက်၍လျှောက်ခဲ့၏။ ထိုသို့ လျှောက်ခဲ့ရာ အထက်ပန်းဆိုးတန်းလမ်းထိပ်သို့ ရောက်သောအခါ၌ ကန်တော်ကြီးစောင်းအတိုင်း ပတ်၍ လျှောက်ခဲ့၏။ ထိုအချိန်မှစ၍ မည်သို့ဖြစ်သည်မသိ။ ကျွန်ုပ်၏ တစ်ကိုယ်လုံး ကြက်သီးတဖြန်းဖြန်း ထလေတော့၏။ ကျွန်ုပ်၏ ခေါင်းမှာလည်း မကြာခဏ ကြီး၍ကြီး၍ သွားလေ၏။ ထို့ကြောင့် ကျွန်ုပ်သည် မည်သည့်အရာကို ထိတ်လန့်သည်မသိ၊ ထိတ်လန့်၍ လာလေတော့၏။ ထိုသို့ ထိတ်လန့်၍လာသောကြောင့် တစ်စုံတစ်ရာသော မန္တန်ကို ရွတ်မည်ဟု စိတ်ကူးသော်လည်း မည်သည့်မန္တန်ကိုမျှ အစအဆုံးမရသောကြောင့် အခက်တွေ့ရလေတော့၏။ သို့ရာတွင် မန္တန်ရွတ်၍ မဖြစ်သောကြောင့်. . .

www.burmeseclassic.com



**"ဘုရားကို ကိုးကွယ်ပါ၏၊**
**တရားကို ကိုးကွယ်ပါ၏၊**
**သံဃာကို ကိုးကွယ်ပါ၏။"**

ဟု အဆက်မပြတ်ရွတ်ရင်း လျှောက်ခဲ့ရလေတော့၏။ ထိုသို့ တိုးတိုး တိုးတိုးနှင့် ရွတ်၍ လျှောက်လာခဲ့ရာ ကနေဒီကျွန်းအနီးသို့ ရောက်သောအခါ၌ ထိုကျွန်းနှင့်ကပ်လျက်သော ရပ်ကွက်မှ အသံချဲ့ စက်ဖွင့်သံကို ကြားရ၏။ ထိုအသံချဲ့စက်မှ သီချင်းသံတစ်သံကို သဲသဲ ကွဲကွဲ ကြားနေရ၏။ ထိုသီချင်းမှာ မည်သည့်သီချင်းဖြစ်သည်။ မည်သူ သီဆိုသည်ကို မသိရသော်လည်း သီချင်းစာသားတစ်ခုသည် ကျွန်ုပ်၏ နားသို့ တည့်တည့်ကြီး ဝင်လာလေတော့၏။

"အတ္တာဟိ၊ အတ္တနော၊ နာထော။
မိမိကိုယ်သာ ကိုးကွယ်ရာ"

ကျွန်ုပ်သည် ထိုစာသားကို လွန်စွာသဘောကျသွား၏။

ထို့ကြောင့် တစ်ကိုယ်တည်း ကြိမ်းဝါးလိုက်၏။

"ငါ့ကို ကြက်သီးထအောင်ပဲလုပ်လုပ်၊ ဘဲသီးထအောင်ပဲလုပ်လုပ်၊ ငါမကြောက်ဘူး။ ဉာဏ်စွမ်းရှိသရွေ့၊ ကိုယ်စွမ်းရှိသရွေ့ ခုခံမယ်"

www.burmeseclassic.com



ဟု အော်ဟစ်လိုက်မိလေ၏။ ထိုသို့ အော်ဟစ်လိုက်သောအခါ၌ ကြက်သီးထခြင်းသည်လည်းကောင်း၊ ခေါင်းကြီးခြင်းသည်လည်းကောင်း လွင့်ပျောက်၍ သွားလေတော့၏။ သို့ရာတွင် ဆက်၍ လျှောက်သောအခါ၌ သစ်ပင်အုပ်အုပ်ကြီးများကို လေတိုက်၍ တရှဲရှဲမြည်သံကြီးများသည် ကြောက်မယ်ဖွယ်ကောင်းအောင် ထွက်ပေါ်နေလေ၏။ ထိုအခါ ကျွန်ုပ်က. . .

"လေတိုက်လို့ သစ်ရွက်ချင်းတိုက်ပြီး မြည်တဲ့အသံပဲဖြစ်ဖြစ်၊ ဘယ်သူလုပ်တဲ့အသံပဲဖြစ်ဖြစ်၊ အသံဟာ အသံပဲဖြစ်တယ်၊ ငါ့ကိုလာပြီး ဘာမှမထိခိုက်နိုင်ဘူး"

ဟု အော်ဟစ်လိုက်လေ၏။ ထိုသို့အော်ဟစ်လိုက်သည့် တစ်ခဏ၌ တရှဲရှဲ သစ်ရွက်လှုပ်သံများကို ကျွန်ုပ်သည် မကြောက်လန့်တော့ပေ။ ဤသို့နှင့်ပင် ကြောက်စိတ်ကို ဖြေဖျောက်ရင်း ဆက်၍လျှောက်လာခဲ့ ရာ အိမ်သို့ ချောမောစွာ ရောက်လေတော့၏။ အိမ်သို့ရောက်လျှင် ကျွန်ုပ်၏မိခင်က ကျွန်ုပ်အား. . .

"မိုးချုပ်လှချည်လား၊ ထမင်းစားပြီးပြီလား"

ဟု မေးလေ၏။

"ထမင်းကတော့ စားပြီးပြီပြောရင်လည်း ရပါတယ်။ ဒါပေမယ့်

www.burmeseclassic.com



ခရီးဝေးကြီးက ခြေကျင်လျှောက်လာရတာဆိုတော့ ပြန်ပြီးဆာတာပေါ့။ ထမင်းတွေ၊ ဟင်းတွေ ကျန်သေးတယ်ဆိုရင်တော့ ထပ်ပြီး စားရမှာပဲ”

ဟု ပြောလိုက်ရာ ကျွန်ုပ်၏မိခင်က ကျွန်ုပ်အား ထမင်းတစ်ပန်းကန်ခူးပေးပြီးလျှင် ထိုထမင်းပေါ်၌ ပုစွန်ကြော်အနည်းငယ်နှင့် ကြက်သွန်ဥတစ်လုံးတင်ကာ ပေးလေ၏။ ကျွန်ုပ်လည်း ပုစွန်ကြော်နှင့်ထမင်းကို နယ်လိုက်ပြီးနောက် ကြက်သွန်ဥကို တဂွပ်ဂွပ်ကိုက်ရင်း ထမင်း တစ်နပ်ထပ်၍ စားလိုက်ပြန်လေ၏။ ထမင်းစားပြီးသောအခါ၌. .

“ဒီအချိန် လက်ဖက်ရည်ချိုလေး သောက်ရရင် ကောင်းမယ် အမေရယ်”

ဟု ပြောလိုက်ရာ ကျွန်ုပ်၏မိခင်က . . .

“ထမင်းစားလို့ ဗိုက်တင်းသွားပြီပဲ။ အေးအေးဆေးဆေး မနေ ဘူး။ လက်ဖက်ရည်ထပ်ပြီး သောက်ချင်နေသေးတယ်။ နင်တို့ ဟာ အဖြုန်းသက်သက်ပဲ။ ဘယ်တော့မှ ကောင်းစားမှာမဟုတ် ဘူး။ ရော့ . . ရော့. . ကာကာဆိုင်မှာ လက်ဖက်ရည်တစ်ခွက် သွားဝယ်ချေ”

ဟု ဆိုသဖြင့် ကျွန်ုပ်လည်း ဒန်ချိုင့်ကလေးကို ဆွဲကာ ကာကာ

www.burmeseclassic.com



ဆိုင်တွင် လက်ဖက်ရည်တစ်ခွက် သွားဝယ်၏။ ပြီးလျှင် အိမ်ရှေ့သို့ ထွက်၍ ထိုင်လျက် ကာကာလက်ဖက်ရည်ကို တစိမ့်စိမ့်မော့ရင်း ကျွန်ုပ်နှင့်တွေ့ကြုံသိကျွမ်းခဲ့ရသော ဦးအောင်သော်ကြီး၏ အကြောင်းကို စဉ်းစားနေမိလေ၏။ ကျွန်ုပ်၏ လက်တွင်း၌လည်း ပိတ်စနီဖြင့်ပတ်ထား သောစာအုပ်ကြီးကိုကိုင်ထားလျက် ရှိ၏။ ထိုစာအုပ်မှာ ဦးအောင်သော် ၏ သူငယ်ချင်း ဦးဖေသော်ရေးသားခဲ့သည်ဆိုသော စာအုပ်ကြီးပင် ဖြစ်၏။ မည်သည့်အကြောင်းအရာများ ပါဝင်သည်ကိုမူ ကျွန်ုပ်မသိရ သေးပါ။ ထိုအချိန်၌ ကျွန်ုပ်တို့၏ အိမ်ရှေ့၌ရှိသော အမှိုက်ပုံ၌လာ ရောက်၍ ထမင်းကျန်၊ ဟင်းကျန်များကို စားသောက်လေ့ရှိသော ခွေးနက်မတစ်ကောင်သည် ကျွန်ုပ်၏ မျက်နှာကိုမော့ကြည့်၍ အစပထမတွင် ဟောင်၏။ ထို့နောက် အူလေတော့၏။ ထိုသို့ အူလိုက်သောအခါ၌ အခြားခွေးများလည်း ပြေး၍ထွက်လာပြီးလျှင် ကျွန်ုပ်အား မော့ကြည့် ၍ သံပြိုင်အူကြလေတော့၏။

ကျွန်ုပ်တို့ ငယ်စဉ်က ခွေးများသည် မကောင်းဆိုးဝါးတွေ့လျှင် အူသည်ဟု ကြားဖူး၏။ ယခု ခွေးများသည် ကျွန်ုပ်အား ကြည့်၍အူနေလေပြီ။ ကျွန်ုပ်သည် မကောင်းဆိုးဝါးမဟုတ်၊ အဘယ့်ကြောင့် ကျွန်ုပ်အားကြည့်၍ အူနေသည်ကို စဉ်းစားနေမိလေ၏။ ကျွန်ုပ်၏ မိခင်သည် အိမ်တွင်းမှနေ၍ ကျွန်ုပ်အနီးသို့ရောက်လာပြီးလျှင်. .

www.burmeseclassic.com



"ဟဲ့ကောင်လေး နင့်ကိုကြည့်ပြီး ခွေးတွေအူနေပါလား၊ သူတို့ အူနေတာလည်း မကောင်းဆိုးဝါးတွေ့လို့ အူနေတဲ့အတိုင်းပဲ။ နင့်မှာများ သရဲ၊ တစ္ဆေတွေ ကပ်လာပြီလားမသိဘူး"

ဟု ပြောကာ ကျွန်ုပ်၏ မိခင်ကြီးသည် ဘုရားစင်မှ ရေမန်းပုလင်းကို ယူကာ ကျွန်ုပ်၏ခေါင်းပေါ်သို့ ရေဖျန်းပေးလေ၏။ ထို့နောက် ကျွန်ုပ်ကိုလည်း ရေခွက်တစ်ခွက်ယူ၍ ရေမန်းထည့်ကာ 'သောက်လိုက်' ဟု ဆို၏။ ကျွန်ုပ်လည်း ကျွန်ုပ်မိခင်ကြီးတိုက်သော ရေမန်းကို သောက်လိုက်ပြီးနောက်. . .

"အမေတိုက်တဲ့ အိပ်ချ်တူးအိုက သိပ်မဆိုးပါဘူး"

ဟု ပြောလိုက်ရာ ကျွန်ုပ်၏မိခင်ကြီးက နားမလည်သဖြင့်. .

"နင်ပြောတဲ့ အိပ်ချ်တူးအိုဆိုတာ ဘာလဲ"

ဟု မေးလေ၏။

"ဟိုက်ဒရိုဂျင်နှစ်ဆ၊ အောက်စီဂျင်တစ်ဆကို ပြောတာ၊ အဲဒါဟာ ရေပဲ အမေရဲ့"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ကျွန်ုပ်၏မိခင်ကြီးက. .

"ဟဲ့ ကောင်လေး၊ ဒါဟာ နောက်စရာမဟုတ်ဘူး။ ငရဲကြီးလိမ့်မယ်၊ ဒီရေဟာ တခြားရေမဟုတ်ဘူး။ နင်ပြောတဲ့ ဟိုက်ဒရိုဂျင်တွေ၊ အောက်စီဂျင်တွေလည်း မဟုတ်ဘူး။ အဘမှည့်ရဲ့ ရေမန်းဟဲ့"

www.burmeseclassic.com



ဟု ပြောလိုက်ရာ ကျွန်ုပ်က. .

"အဘမှည့်ဆိုတာ ဘယ်သူလဲ"

ဟု ပြန်၍မေးလိုက်လေ၏။ ထိုအခါ ကျွန်ုပ်၏ မိခင်က. .

"အလွန် သီလ၊ သမာဓိနဲ့ ပြည့်စုံတဲ့ ဆရာကြီးဟဲ့၊ သူမန်းပေးထားတဲ့ ရေမန်း"

ဟု ပြန်၍ ပြောလိုက်ရလေ၏။

"အမေက အဲဒီအဘမှည့်ကို သိလို့လား"

ဟု ကျွန်ုပ်က မေးလိုက်ရာ

"သိတာပေါ့ဟဲ့။ အဲဒီဆရာကြီးက အရင်တုန်းက ဆေးဆရာကြီး၊ နင်တို့ ငယ်ငယ်တုန်းက နေမကောင်းရင်တောင် သူ့ဆီက ဆေးတွေ တောင်းပြီးတိုက်ရတယ်။ သူ့ရဲ့ဆေးတွေက ဂမုန်းတွေနဲ့ ဖော်စပ်ထားတာ။ တစ်ခွက်တိုက်လိုက်တာနဲ့ ရောဂါဟာ ပျောက်တော့တာပဲ။ အခုကြည့်စမ်း နင့်ကိုရေမန်းနဲ့ ဖျန်းလိုက်ရော နင့်ကို ကြည့်ပြီး အူနေတဲ့ခွေးတွေ ဘယ်ရောက်ကုန်လဲ။ နင်ပြောတဲ့ ဟိုက်ဒရိုဂျင်တွေဆိုရင် ဒီခွေးတွေက ကြောက်ပါ့မလား။ အခု မရှိတော့ဘူး။ နေစမ်းပါဦး၊ နင့်လက်ထဲမှာ ပိုက်ထားတဲ့ နီနီ အထုပ်က ဘာလဲ"

www.burmeseclassic.com



ဟု မေးလေ၏။

“အမေမသိပါဘူးအမေရယ်၊ ဒါဟာ ကျွန်တော့်မိတ်ဆွေ ဦးလေးကြီးတစ်ယောက်က ဖတ်ဖို့ပေးလိုက်တဲ့ စာအုပ်ပါ။ သူကိုယ်တိုင်တွေ့ကြုံဖြစ်ပျက်ခဲ့တာတွေကို ရေးထားတာပေါ့။ ဒါပေမယ့် အဲဒီစာအုပ်ကို ရေးခဲ့တဲ့လူကတော့ လူ့လောကကြီးမှာ မရှိရှာတော့ဘူးတဲ့။ အဲဒါကို ကျွန်တော်က ဖတ်ချင်လို့ ယူလာတယ်”

ဟု ပြောလိုက်လျှင်. .

“အလိုတော် နင့်စာအုပ်ကလည်း ရှုန်နီစတွေ၊ ဘာတွေနဲ့ ပတ်လို့ပါလား။ ဘယ်လောက်များ အရေးကြီးတဲ့ စာအုပ်မို့လို့လဲ၊ မင်းဖတ်လို့ကောင်းတယ်ဆိုရင် ငါ့ကိုလည်းပြောပြ၊ နေဦး. . နေဦး. . နင့်စာအုပ်မှာ မကောင်းဆိုးဝါးတွေ ဘာတွေ ကပ်နေဦး မယ်။ အဘမှည့်ရေမန်းနဲ့ ပက်လိုက်ဦးမှ”

ဟု ဆိုကာ ကျွန်ုပ်၏ မိခင်သည် ရေမန်းခွက်နှင့် ကျွန်ုပ်၏စာအုပ်ကို ပက်မည်လုပ်၏။

“မလုပ်ပါနဲ့အမေရယ်၊ စာအုပ် စိုကုန်ပါဦးမယ်။ ပြီးတော့ အထဲကစာတွေလည်း ပျက်ကုန်ပါဦးမယ်၊ စာအုပ်မှာ မကောင်းဆိုးဝါး မရှိပါဘူး”

www.burmeseclassic.com



ဟု ပြောလိုက်ရာ ကျွန်ုပ်၏မိခင်က. .

"မကောင်းဆိုးဝါးဆိုတာ ဘယ်မှာမဆို ကပ်နိုင်တယ်"

ဟု ပြောကာ ပိတ်စနီဖြင့် ပတ်ထားသော ကျွန်ုပ်၏ငှားလာသည့် စာအုပ်ကို ရေမန်းများဖြင့် ဆွတ်ဖျန်းလေတော့၏။ ကျွန်ုပ်လည်း စာအုပ် အတွင်းမှ စာများစိုကုန်မည် စိုးသောကြောင့် မိခင်ကြီး၏ ရေမန်းကို မနည်းရှောင်နေရလေတော့၏။ ကျွန်ုပ်သည် စာအုပ် ကိုဖတ်မည်ဟု ကြံ၏။ သို့သော် ကျွန်ုပ်၏မိခင်က . . .

"နင်တစ်ညလုံး ဖတ်မှာမဟုတ်လား။ ဒီမီးကို တစ်ညလုံးထွန်းလို့ မရဘူး။ မီတာတက်တယ်"

ဟု ပြောသဖြင့် ကျွန်ုပ်က

"အမေ့မီးကို အမေပိတ်လိုက်။ အဲဒီမီးနဲ့ ကျွန်တော်မဖတ်ဘူး။ ဟော ဟိုဓါတ်တိုင်ကလာတဲ့ အလင်းရောင်ဟာ ကျွန်တော် ကောင်းကောင်းကြီး ဖတ်လို့ရတယ်။ ကဲ မီးချုပ်ပြီ။ အမေလည်း အိပ်လိုက်တော့"

ဟု ပြောသဖြင့် ကျွန်ုပ်၏မိခင်ကြီးသည် တံခါးကို အတွင်းမှဆွဲ စေ့၍ ဝင်မည်လုပ်ပြီးနောက် အပြင်သို့ပြန်၍ ထွက်လာပြီးလျှင် ကျွန်ုပ် ၏ ခေါင်းပေါ်သို့ ရေမန်းများ လောင်းချပြန်၏။ ထို့ကြောင့် ကျွန်ုပ်က. .

www.burmeseclassic.com



"အမေ့ရဲ့ ဟိုက်ဒရိုဂျင်နှစ်ဆ၊ အောက်ဆီဂျင်တစ်ဆတွေက ကျွန်တော့်ကို အအေးမိတော့မယ်။ တော်လောက်ပါပြီ အမေရယ်"

ဟု ပြောလိုက်ရာ ကျွန်ုပ်၏မိခင်ကြီးသည် ကျွန်ုပ်အား

"နင်ပြောတဲ့ ဟိုက်ဒရိုဂျင်တွေ၊ အောက်ဆီဂျင်တွေ မဟုတ်ဘူး။ ဒါဟာ အဘမှည့်ရဲ့ရေမန်းတွေ၊ နင့်ကို မကောင်းဆိုးဝါး မနှောင့်ယှက်နိုင်အောင် ဖျန်းပေးတာ"

ဟု ပြောကာ ကျွန်ုပ်၏မိခင်ကြီးသည် အိမ်အတွင်းသို့ ဝင်သွားပြီးလျှင် တံခါးကို အတွင်းဆွဲ၍ စေ့ထားလိုက်၏။ ကျွန်ုပ်သည် စာဖတ်မည်ဟု ကြံသော်လည်း မိခင်ကြီး၏ လောင်းချခဲ့သော ရေမန်းများသည် တစ်ကိုယ်လုံး စိုရွှဲနေသည်ဖြစ်၍ ကျွန်ုပ်သည် အိမ်တွင်းသို့ဝင်ကာ မျက်နှာသုတ်ပုဝါတစ်ထည်ယူ၍ သုတ်ပစ်ရလေ၏။ ပြီးလျှင် ခြောက်သွေ့သောအကျီများ ယူ၍ လဲလှယ်ရလေ၏။ ထို့နောက် ကျွန်ုပ်သည် အိမ်ရှေ့ရှိ အုတ်ခုံကလေးပေါ်တွင် ဖျာတစ်ချပ်ခင်းကာ အကျထိုင်၍ စာဖတ်မည်ဟု စဉ်းစားခဲ့သော်လည်း စာဖတ်နေစဉ်အတွင်း ခံတွင်းချဉ်လျှင် သောက်ရန်အတွက် ဆေးလိပ်နှင့်မီးခြစ်လိုသောကြောင့် လမ်းထိပ်ကာကာဆိုင်သို့ သွားကာ မစိန်ညွှန့်ဆေးလိပ်တစ်မတ်ဖိုးနှင့် နတ်သမီးမီးခြစ်တစ်လုံးကို ဝယ်ရလေ၏။ ပြီးလျှင် အုတ်ခုံကလေးပေါ်တွင် ပြန်

www.burmeseclassic.com



၍ထိုင်လိုက်လေ၏။ အချိန်မှာ ညသုံးနာရီထိုးနေပြီဖြစ်၏။ ကျွန်ုပ်၏ အိမ်အနီးတွင် ခပ်ညံ့ညံ့ ရုပ်ရှင်ရုံတစ်ရုံရှိသည်ဖြစ်ရာ ထိုရုပ်ရှင်ရုံ၌ ၉နာရီမှ ၁၂နာရီအတွက်ပြသသောပွဲသည် မကြာမီအချိန်၌ ပြီးတော့ မည်ဖြစ်ရာ ဆိုက်ကားများနှင့် တက္ကစီကားအချို့သည် ဟွန်းများ၊ ဘဲလ် များတီးကာ ထိုရုပ်ရှင်ရုံရှေ့သို့လာ၍ ဆိုက်ကြလေ၏။ အိပ်ငိုက်နေသော ဈေးသည် များလည်း ရုပ်ရှင်လွှတ်လျှင် ဈေးရောင်းရန်အတွက် ပြန်၍ နိုးထနေကြပြီ ဖြစ်၏။ ဆူဆူညံညံ၊ လှုပ်လှုပ်ရှားရှားပင် ဖြစ်နေကြပြီ ဖြစ်၏။

ဆိုက်ကားသမားတစ်ဦးသည် သူ၏ဆိုက်ကားကိုရပ်ပြီးလျှင် သူ၏ ဆိုက်ကားပေါ်မှ ဆင်းကာ ကျွန်ုပ်ထံ ဆေးလိပ်မီးလာ၍ တောင်းလေ ၏။ ထိုဆိုက်ကားသမားကို ကျွန်ုပ်ကောင်းစွာ သိ၏။ သူသည် သီတာ လမ်းဆိုက်ကားဂိတ်တွင် ဂိတ်ထိုး၍ ဆိုက်ကားနင်းခဲ့သည်မှာ အနှစ် ၂၀ပင် ကျော်ခဲ့ပြီဖြစ်၏။ သူ၏အမည်မှာ ကိုဘသက်ဟူ၍ဖြစ်၏။ ကျွန်ုပ် တို့ နေထိုင်သောရပ်ကွက်မှ ကိုဘသက်ကို မသိသူသည် မရှိသလောက် ဖြစ်၏။ ကိုဘသက်သည် ကျွန်ုပ်ထံ၌ ဆေးလိပ်မီးတောင်းပြီးလျှင် ကျွန်ုပ် အား. .

"မအိပ်သေးဘူးလား"

www.burmeseclassic.com



ဟု မေးလေ၏။ ထိုအခါတွင်ကား. .

“ကိုဘသက်ဆိုတဲ့ ဆိုက်ကားသမားတစ်ယောက် ကျုပ်ဆီကို ဆေးလိပ်မီး လာပြီးတောင်းမယ်ဆိုတာ သိလို့ ကျုပ်မအိပ်ဘဲ စောင့်နေတာ”

ဟု ပြောလိုက်ရာ ဆိုက်ကားသမား ကိုဘသက်သည် ကျွန်ုပ်အား. .

“အမျိုးယုတ်ကလေး”

ဟု ပြောကာ ထွက်သွားလေတော့၏။ ကျွန်ုပ်သည် စာကိုမဖတ်ဖြစ်သေးပါ။ စိန်ညွန့်ဆေးပေါ့လိပ်ကို မီးညှိ၍ဖွာရင်း ကျွန်ုပ်အား စိတ်ဆိုး၍ ထွက်သွားသော ကိုဘသက်အားကြည့်၍ သဘောကျနေမိလေ၏။ ထိုအချိန်၌ ကျွန်ုပ်ထိုင်နေရာ ဘိုးလိန်းလမ်း(ဗညားဒလလမ်း)တစ်လျှောက် အထုပ်ကြီးနှစ်ထုပ်ကိုလွယ်၍ မမောနိုင် မပန်းနိုင်လျှောက်နေသော “ဒေါ်လာများ” ဆိုသည့် ကုလားအရူးသည် ကျွန်ုပ်အနီးသို့ ရောက်လာပြီးလျှင် ကျွန်ုပ်ထံမှ ဆေးလိပ်တောင်းလေ၏။ ကျွန်ုပ်သည် ထိုဒေါ်လာများအရူးနှင့် လွန်စွာရင်းနှီး၏။ ထိုဒေါ်လာများသည် ယခင်က ကျွန်ုပ်တို့နှင့် များစွာမဝေးသော ၁၄၆လမ်းထိပ်တွင် ကွမ်းယာရောင်းခဲ့သော ကွမ်းယာကုလားဖြစ်၏။ သူသည် ရခိုင်သို့အသွား၌ ကားခားပြ

www.burmeseclassic.com



များက ရိုက်နှက်သောကြောင့် ရှုးသွပ်သွားရခြင်းဖြစ်၏။ မည်မျှပင် ရှုးသွပ်သွားရသည်ဖြစ်စေ သူ၏ဖောက်သည်များကို မေ့သည်ဟူ၍မရှိ။ ဒေါ်လာများသည် ကျွန်ုပ်ပေးလိုက်သော မစိန်ညွန့် ဆေးပေါ့လိပ်ကို မီးညှိ၍ ဖွာပြီးနောက်. .

"ဆေးပေါ့လိပ်တွေဟာ သိပ်ပြီး သောက်လို့မကောင်းတော့ဘူး။ ဘာဖြစ်လို့လည်းဆိုတော့ မီးခိုးတွေဟာ ဖင်ဘက်ကထွက်နေတယ်။ ခင်ဗျား တစ်ခုစဉ်းစားကြည့်လေ၊ ဆန်စက်ခေါင်းတိုင်ပဲဖြစ်ဖြစ်၊ သင်္ဘောခေါင်းတိုင်ပဲဖြစ်ဖြစ်၊ မီးခိုးထွက်ရင် အပေါ်ကပဲ ထွက်တာမဟုတ်လား။ ဆေးပေါ့လိပ်တွေက ဒီလိုမဟုတ်ဘူး။ ရှေ့ကမထွက်ဘဲ နောက်ဘက်က ပြန်ထွက်နေတာ ဒါကို ကျုပ်မကြိုက်ဘူး"

ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က. .

"ဒါဆိုရင်လည်း ခေါင်းဘက်က မီးမညှိဘဲ အစီခံဘက်က မီးညှိပြီး သောက်ပေါ့ ဒေါ်လာများရယ်"

ဟု ပြောလိုက်ရာ ၎င်းက. .

"အစီခံဘက်ကမီးညှိပြီးသောက်ရအောင် ကျုပ်ကအရူးမှမဟုတ်ဘဲ"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က. .

---

www.burmeseclassic.com



"မင်းက အရူးမဟုတ်ရင် ဘာလဲ"

ဟု မေးရာ ၎င်းက. .

"ကျုပ်ဟာ သူဌေးတစ်ယောက် ဖြစ်တယ်။ ဟောဒီမှာ ကျွန်ုပ်လွယ်ထားတဲ့ အထုပ်နှစ်ထုပ်ကို မြင်တယ်မဟုတ်လား။ ဒီထဲမှာ ဘယ်လောက်တန်ဖိုးရှိတဲ့ပစ္စည်းတွေ ရှိတယ်ဆိုတာ ဘယ်သူမှ မသိကြဘူး။ ပြီးတော့ ခင်ဗျားဟာလည်း သူဌေးပါပဲ။ ဟောဟို ပိတ်စအနီနဲ့ ထုပ်ထားတဲ့အထဲမှာ ဘယ်လောက်တန်ဖိုးရှိတဲ့ ပစ္စည်း ရှိတယ်ဆိုတာ ကျုပ်ကလွဲပြီး ဘယ်သူမှမသိကြဘူး"

ဟု ဆိုကာ ပိတ်စအနီဖြင့် ပတ်ထားသော ကျွန်ုပ်၏စာအုပ်ကို ဆွဲယူမည်ပြုလေ၏။ ကျွန်ုပ်သည် ကပျာကယာ ပြန်၍ဆွဲထားလိုက်ရ၏။ ထိုသို့ ဆွဲထားပြီးနောက်. .

"ဒီထဲမှာ စာအုပ်တစ်အုပ်ရှိတယ်။ မင်းယူလို့တော့ မဖြစ်ဘူး။ တကယ်လိုရင် မင်းလွယ်ထားတဲ့ အထုပ်နှစ်ထုပ်ကို ငါ့ကိုပေး၊ ဒီစာအုပ်ကို မင်းကိုပေးမယ်"

ဟု ကျွန်ုပ်က ကျီစားလိုက်လေ၏။ ထိုအခါ ကုလားအရူးဒေါ်လာများသည် နှစ်ပေါင်းများစွာ မြတ်မြတ်နိုးနိုး လွယ်ထားသည့် သူ၏အထုပ်ကြီးနှစ်ထုပ်အား ပခုံးမှဖြုတ်၍ ကျွန်ုပ်၏ရှေ့တွင် ပစ်ချလိုက်လေတော့၏။ ထိုသို့ ပစ်ချလိုက်ပြီးလျှင်. . .

www.burmeseclassic.com



"ရော့ အဲဒီစာအုပ်ပေး"

ဟု ကျွန်ုပ်ထံတွင် တောင်းလေတော့၏။ ကျွန်ုပ်သည် လွန်စွာ အံ့သြသွား၏။ ထိုအရူးသည် သူ၏အထုပ်ကို မည်သူမျှ ထိ၍မရ။ ယခုမူ ထိုအထုပ်နှစ်ထုပ်ကို ကျွန်ုပ်အား ရက်ရက်ရောရောပေး၍ ထိုစာအုပ် ကို တောင်းနေလေတော့၏။ ထို့ကြောင့် ကျွန်ုပ်က. .

"နေစမ်းပါဦး ဒေါ်လာများရဲ့၊ ဒီစာအုပ်ထဲမှာ ဘာတွေပါသလဲ မင်းသိသလား"

ဟု မေးလိုက်ရာ ၎င်းက. .

"သိတာပေါ့၊ အဲဒီထဲမှာ အဖိုးတန်တဲ့ပစ္စည်း ကိုးခုရှိတယ်။ အဲဒါ ကြောင့် လိုချင်တာ"

ဟု ပြန်၍ပြောလေ၏။

"မင်းကို ကျီစားတာပါကွာ၊ ဒီစာအုပ်က ငါ့ဟာမဟုတ်ဘူး။ ငါ့ရဲ့ မိတ်ဆွေ ဦးအောင်သော်ကြီးရဲ့စာအုပ်"

ဟု ပြောလိုက်လေ၏။

ဒေါ်လာများသည် ဆေးလိပ်ကို မီးရဲအောင်ဖွာပြီးနောက်. .

"ခင်ဗျား သိပ်မှားတယ်။ စာအုပ်ဆိုတာ ဘယ်သူရဲ့စာအုပ်လို့ ပြောလို့မရဘူး။ လူတွေအတွက်ရေးထားတဲ့ စာအုပ်ဆိုရင် လူတိုင်း

www.burmeseclassic.com



ပိုင်ဆိုင်ခွင့်ရှိတယ်။ အဲဒီလောက်တောင်မလည်ဘဲ ခင်ဗျားစာဖတ်ရသလား"

ဟု ပြောပြီးလျှင် ၎င်း၏အထုပ်နှစ်ထုပ်ကို ကောက်လွယ်၏။ ပြီးလျှင် ၎င်းသည် ကျွန်ုပ်အား မကြားဝံ့မနာသာဆဲဆို၍ ထွက်သွားလေတော့၏။ ထိုအရှူး၏ဆဲသံကြောင့် ကျွန်ုပ်၏မိခင်ကြီးသည် အိပ်ရာမှလန့်၍ နိုးလာပြီးလျှင် တံခါးကိုဖွင့်၍ ထွက်လာ၏။ ထို့နောက် ကျွန်ုပ်အား

"ဘာဖြစ်နေတာလဲ" ဟု မေးလေ၏။

"ဘာမှမဟုတ်ပါဘူး အမေရယ်။ အရူးဒေါ်လာချား ကျွန်တော့်ကို ဆဲပြီး ထွက်သွားတာပါ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ကျွန်ုပ်၏မိခင်က. .

"ဒီအရူး နင့်ကို တစ်ခါမှ မဆဲဖူးပါဘူး။ တအား ဖောက်နေတုန်းကတောင် နင်ပြောရင်ရတာပဲ။ အခု ဆဲတယ်ဆိုတော့ မကောင်းဆိုးဝါး ကပ်နေပြီလား"

ဟု ပြောလိုက်ရာ ကျွန်ုပ်က. . .

"မကောင်းဆိုးဝါးလည်း ကပ်ချင်ကပ်နေမှာပေါ့ အမေရယ်၊ ဒါပေမယ့် အမေ့ရေမန်းတော့ မပက်ပါနဲ့တော့။ နောက်ထပ် လဲစရာ အင်္ကျီလည်း မရှိတော့ဘူး"

www.burmeseclassic.com



ဟု ပြောလိုက်ရာ ကျွန်ုပ်၏မိခင်က ကျွန်ုပ်၏အနီးတွင်ထိုင်၍ မေတ္တာသုတ်ကို ရွတ်လေတော့၏။ ကျွန်ုပ်၏မိခင်သည် မေတ္တာသုတ် ၇ခေါက်ရွတ်ပြီးနောက် စိတ်ချလက်ချ အိမ်တွင်းသို့ ဝင်သွားလေတော့၏။ ထိုအချိန်မှာပင် ၁၂နာရီထိုးသွားပြီဖြစ်သဖြင့် အနီးရှိ ရုပ်ရှင်ရုံမှ လူများလွှတ်လိုက်ပြီ ဖြစ်၏။ ထိုသို့ လွှတ်လိုက်သဖြင့် ရုံအတွင်းမှလူများ စုပြုံထွက်လာကြ၏။ ထိုသို့ ထွက်လာသည့်အထဲမှ လူတစ်ယောက်သည် မိန်းမတစ်ဦးအား ထိကပါး ရိကပါး ပွတ်တိုက်သွားသည်ဟုဆိုကာ ထို မိန်းမက ထိုသူအား ဆဲ၏။ ထိုမိန်းမနှင့်ပါသော ယောကျ်ားတစ်ဦးက ထိုသူ၏ မျက်နှာအားလက်သီးဖြင့်ထိုး၏။ ထိုသူကလည်း မခံဘဲ ပြန်၍ ထိုးရာ ရန်ပွဲတစ်ပွဲ ဖြစ်လေတော့၏။ ရန်ပွဲသည် ကြီးလာလေ၏။ အမျိုးသမီးဘက်မှ အခြားအမျိုးသားနှစ်ဦးကလည်း ဝင်၍ထိုးကြလေ၏။ တစ်ဖက်မှ အပေါင်းအသင်းများကလည်း ပါဝင်လာလေတော့၏။ ထို့ကြောင့် တစ်ဖက်လျှင် ယောကျ်ားသုံးယောက်စီပါသော လွန်စွာကြည့်ကောင်းသော ရိုက်ပွဲကြီးတစ်ပွဲသည် ရုပ်ရှင်ရုံရှေ့တွင် ဖြစ်ပွားလေတော့၏။ ကျွန်ုပ်သည် စာမဖတ်နိုင်သေးဘဲ စာအုပ်ကိုပိတ်ကာ အုတ်ခုံပေါ် မှ မတ်တတ်ရပ်၍ ရန်ပွဲကိုကြည့်၏။ များမကြာမီ၌ ရဲများရောက်လာပြီးလျှင် ရန်ပွဲကို ထိန်းသိမ်းလိုက်၏။ ရန်ဖြစ်သော လူခြောက်ယောက်စလုံး ခေါင်းပေါက်၊

www.burmeseclassic.com



ခေါင်းကွဲ ဖြစ်လေတော့၏။ ရဲများသည် လူအားလုံးကို လက်ထိပ်ခတ်၍ ကားနှစ်စီးခွဲကာ စခန်းသို့ခေါ်သွားလေတော့၏။ ဈေးသည်အချို့မှာ ရန်ပွဲကြောင့် ဈေးဗန်းများ လွတ်ကျနေလေတော့၏။ တက်စီကားနှစ်စီး၏ မှန်နှစ်ချပ်ကွဲသွား၏။ ထို့ကြောင့် ရုံနေရာတစ်ဝိုက်တွင် ကျွက်ကျွက်ညံ၍ နေလေတော့၏။ ကျွန်ုပ်သည် အငြိမ်မနေနိုင်ဘဲ သွားရောက်၍ စပ်စု မေးမြန်းမိ၏။

ထိုသို့ မေးမြန်းနေစဉ်အတွင်း ရဲကားတစ်စီး ပြန်၍ ရောက်လာပြီးလျှင် အုတ်ခဲများ၊ တုတ်များကို သက်သေခံပစ္စည်းအဖြစ် ကောက်ယူ၍ ပြန်သွား၏။ ဤသို့နှင့် နံနက် ၄နာရီထိုးပြီးသည်အထိ ကျွန်ုပ်သည် စာဖတ်ခြင်း မပြုရသေးပါ။ အနည်းငယ် ဆာလာသောကြောင့် မိုးလင်းရောင်းသော ကာကာဆိုင်သို့သွားကာ လက်ဖက်ရည်တစ်ခွက်နှင့် ယမန်နေ့က ကျန်နေသောအထပ်တစ်ရာမုန့်တစ်ခုကို ဝယ်ယူစားသောက်ရလေတော့၏။ ထိုသို့စားသောက်ပြီး ပြန်လာသောအခါ၌ ရုပ်ရှင်ရုံရှေ့၌လည်းကောင်း၊ ကျွန်ုပ်တို့၏ အိမ်ရှေ့၌လည်းကောင်း တိတ်ဆိတ်ငြိမ်သက်နေပြီဖြစ်၏။ ထိုအခါကျမှပင် ဆေးပေါ့လိပ်ဖွာရင်း စာအုပ်ကို ပတ်ထားသောပိတ်စအနီကြီးကို ဖွင့်လိုက်လေ၏။ အတွင်း၌ သားရေဖုံးဖြင့်ချုပ်ထားသော စာအုပ်တစ်အုပ် ထွက်လာလေ၏။ ထိုအချိန်၌ ညစောင့်

www.burmeseclassic.com



ကင်းသမား၏ သံချောင်းခေါက်သံ ငါးချက်ကို ကြားရလေတော့၏။ နံနက် ငါးနာရီထိုးပေပြီ။

ကျွန်ုပ်သည် အရှေ့ဘက် မိုးကောင်းကင်သို့ လှမ်းမျှော်၍ ကြည့်လိုက်၏။ အရှေ့ဘက် မိုးကောင်းကင်တွင် လှပသောအနီရောင်တစ်မျိုး ဖြစ်၍ ထွက်နေ၏။ ထိုအနီရောင်ကား ထိုနေ့အဖို့ ထွက်ပြူလာမည်ဖြစ်သော သူရိယနေမင်းကြီး၏ ရှေ့ပြေးရောင်နီဦးပင် ဖြစ်၏။ ကန်တော်ကြီးဘက်မှ အိပ်တန်းထ၍ ပျံလာသောကျီးကန်းများသည် တအားအား အော်မြည်လာ၏။ ထို့နောက် အတွင်းဘက်တွင် ရေးထားသော စာကို ကြည့်လိုက်ရာ အောက်ပါအတိုင်း တွေ့ရလေတော့သတည်း။

*****

www.burmeseclassic.com



# မှတ်တမ်းရေးသူ
# ကောလိပ်ကျောင်းသားမောင်ဖေသော်
# မြန်းနွယ်

လာဘ်မိုးစွေစာပေ

www.burmeseclassic.com



www.burmeseclassic.com



# အခန်း(၁)
# "နွေနှောင်းရွက်ကျန်"

နွေသည် လူရမ်းကားနှင့်တူ၏။ လူရမ်းကားသည် အလှအပများကို ဖျက်ဆီးတတ်၏။ ထို့အတူ နွေသည်လည်း ရမ်းကားလှပေ၏။ လောကဓာတ်တစ်ခုလုံးကို အပူတိုက်၏။ လှပသော အပွင့်အရွက်များကို ခြွေပစ်၏။ လောင်ကျွမ်းပစ်၏။ ထို့ကြောင့် နွေကာလရင့်ကျက်လာသည်နှင့်အမျှ သစ်ပင်အကိုင်းအခက်တို့ဖြင့် ဝေဆာခဲ့သော စိမ်းစိုလှပသည့် အရွက်များသည် မြေခခဲ့ရလေ၏။ ယခုအခါ၌ကား နွေကာလကုန်ခါနီး နွေနှောင်းချိန် ရောက်နေပြီဖြစ်၏။ သို့သော် ကြံ့ကြံ့ခံနိုင်သော အရွက်

တချို့သည် အကိုင်းထက်၌ တွဲရရွဲခို၍ အားမာန်အပြည့်ဖြင့် ရပ်တည်နေကြလေ၏။ ထိုအရွက်များကို ဤသို့ခေါ်လျှင်ရ၏။။

## "နွေနှောင်းရွက်ကျန်"

မောင်ဖေသော်သည် နွေနှောင်းရွက်ကျန်များကို ကြည့်၍ သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်လေ၏။ ထိုသို့ သက်ပြင်းမှုတ်ထုတ်ပြီးနောက်. . .

"နွေကာလက နှုတ်ဆက်တော့မယ်။ သူ နှုတ်ဆက်သွားရင် မိုးစက်မိုးပေါက်လေးတွေ ရောက်လာတော့မယ်။ မိုးစက် မိုးပေါက်ကလေးတွေနဲ့အတူ ချမ်းစိမ့်စိမ့် လေနုအေးကလေးလည်း ပါလာလိမ့်မယ်။ ငါလည်းပဲ ဒီနေရာကို ရောက်နေတာ အတော်ကြာ ပြီ။ နောက်ထပ် ရာသီနှစ်ခုပြောင်းမှ ဒီနေရာကခွာရမှာ"

ဟု စိတ်အတွင်း၌ တွေးတောနေမိလေ၏။ မောင်ဖေသော်သည် နာရီကို ငုံ့၍ကြည့်လိုက်၏။ ထို့နောက် ၎င်း၏စိတ်မှ. .

"ညနေခြောက်နာရီထိုးပြီပဲ။ မနက်ဖြန် တနင်္ဂနွေနေ့ဆိုတော့ ကျောင်းပိတ်တယ်။ ဘာပဲဖြစ်ဖြစ် စာကျက်ရတာလည်း ပင်ပန်းလှပြီ။ ဒီနေ့ည ဝင်းဝင်းရုံမှာ ပြဇာတ်သွားကြည့်မယ်"

www.burmeseclassic.com



ဟု ရေရွတ်လိုက်လေ၏။ ပြီးလျှင် ရေမိုးချိုး၍ အဝတ်အစားလဲကာ လခြမ်းထက်တွင် ကြယ်ပွင့်တစ်ပွင့်ပါသော တံဆိပ်တပ်ထားသည့် ဘတ်စ်ကားကိုစီးကာ ပြဇာတ်ရုံသို့ ထွက်လာခဲ့လေ၏။ ပြဇာတ်ရုံအနီးသို့ရောက်လျှင် ပြဇာတ်ရုံထိပ်၌ ချိတ်ဆွဲထားသော ပိုစတာများကို ကြည့်လိုက်လေ၏။ ပိုစတာမှာ ကြောက်စရာ လန့်စရာပုံများကို ပန်းချီဆရာက လက်စွမ်းပြ၍ ရေးဆွဲထား၏။ ပြဇာတ်၏ အမည်မှာ "ရွှေညောင်ပင်သိုက်" ဟူ၍ ဖြစ်၏။ မင်းသားမှာ ကျော်အေးဖြစ်၍ မင်းသမီးမှာ မေချစ်၊ မေမြင့် ဖြစ်၏။ လူကြမ်းမှာ ဦးအေးငွေကြီးဖြစ်၏။ လူရွှင်တော်မှာ ဦးစံပဖြစ်၏။ သိုက်သမိုင်း ဇာတ်ထုပ်ဖြစ်သောကြောင့် မိန်းမပရိသတ်သည် အထူးအားပေးလျက်ရှိ၏။ မိန်းမများကြည့်ချင်သည်ဆိုသောကြောင့် ယောကျ်ားများလည်း လိုက်ပါလာရ၏။ လက်မှတ်ယူသောရုံတွင် ကြိတ်ကြိတ်တိုးနေလေ၏။ မောင်ဖေသော်သည် ပြဇာတ်ရုံအနီးသို့ ရောက်သော်လည်း ထိုရုံ၏ ဆင်ဝင်အောက်သို့မဝင်သေးဘဲ ပလက်ဖောင်းနံဘေးတွင်ရပ်၍ လက်မှတ်ရုံကို လှမ်းမျှော်ကြည့်ရှုနေလေ၏။ ထိုအချိန်၌ ၎င်း၏အနီးသို့ ရထားလုံးတစ်စီးလာ၍ရပ်၏။ ရထားလုံးပေါ်မှ အသက်လေးဆယ်အရွယ် မိန်းမဝဝကြီးတစ်ဦး ဆင်းလာ၏။ ထိုမိန်းမကြီး၏နောက်တွင် ထပ်၍ အသက်နှစ်ဆယ်အရွယ်ခန့်ရှိ မိန်းကလေးငယ်တစ်ဦး ဆင်းလာ

www.burmeseclassic.com



၏။ ထိုမိန်းကလေး ဆင်းလာသည်နှင့်တစ်ပြိုင်နက် မောင်ဖေသော်၏ နှာခေါင်းဝသို့ လွန်စွာသင်းပျံ့သော ရေမွှေးနံ့တစ်မျိုးက လာ၍ နှတ်ဆက်လေ၏။ ထိုရေမွှေးနံ့သည် မောင်ဖေသော် ရှူရှိုက်ခဲ့ဖူးသော ရေမွှေးနံ့တို့တွင် အသင်းပျံ့ဆုံးဖြစ်သည်ဟု ဆိုရပေမည်။ မောင်ဖေသော်သည် ထိုမိန်းကလေးကို လှမ်း၍ကြည့်လိုက်၏။ ထိုမိန်းကလေး၏ အသားရောင်သည် တန်ဆောင်မုန်းလတွင် ဖူးကာစ စပါးခွံ၏ အရောင်နှင့်တူ၏။ ဝါသည်ဟုလည်းမဆိုသာ။ စိမ်းသည်ဟုလည်း မဆိုသာဘဲ ဝါဖန့်စိမ်းစိုသော အသားရောင်မျိုးဖြစ်၏။ မီးရောင်တွင် ထိုမိန်းကလေး၏ အသားရောင်သည် ရွှန်းပ၍နေ၏။ မျက်နှာသွယ်၍ မျက်လုံးမျက်ဖန် ညိုမှောင်၏။ သူ၏မျက်တောင်မှာ ရှည်လျား၍ ဆင်စွယ်ကဲ့သို့ ကော့နေ၏။ နှာတံမှာ ဖြောင့်စင်း၏။ နှုတ်ခမ်းအစုံမှာ ပိရိစေ့စပ်လှ၏။ အပေါ်နှုတ်ခမ်း၏ အတွန့်သည် ကျွမ်းကျင်သောလေးသမား၏ လေးကိုင်းကဲ့သို့ ညီညီညာညာ တွန့်နေလေ၏။ သူ၏ နှုတ်ခမ်းသည်မဆိုးဘဲ နီနေဟန်တူ၏။ လည်တိုင် ကျော့ရှင်း၏။ ထို ကျော့ရှင်းသောလည်တိုင်တွင် တဖျတ်ဖျတ် အရောင်ထွက်နေသော စိန်လည်တုံကလေး ဆင်မြန်းထား၏။ ခြေဆံ၊ လက်ဆံ ရှည်သွယ်၏။ ကိုယ်လုံးကိုယ်ပေါက်မှာလည်း လွန်စွာလှပ၏။ ရင်မှာလည်း အချိုးကျကျ မောက်၏။ ခါး လွန်စွာသေး၏။ အောက်ပိုင်း

www.burmeseclassic.com



မှာ စွင့်ကားကားရှိ၏။ နံ့သာရောင် ပိုးအင်္ကျီဝတ်ထား၏။ အပေါ်မှ နက်ပြာရောင်စိန်ကတ္တီပါအင်္ကျီထပ်၍ ဝတ်ထား၏။ လုံချည်မှာလည်း နက်ပြာရောင်စိန်ကတ္တီပါလုံချည်ဖြစ်၏။ မောင်ဖေသော်မှာ ထိုမိန်းကလေး၏ လုံချည်အောက်နားဆီသို့ ကြည့်လိုက်၏။ ပြည့်မောက်နေသော ခြေခုံကလေးကို တွေ့ရ၏။ ဖုထစ်နေခြင်းမရှိသော ခြေမျက်စိနေရာလေးကိုလည်း တွေ့ရ၏။ ထိုခြေမျက်စိနေရာတွင် လွန်စွာတုတ်ခိုင်သော ရွှေခြေကျင်းကြီးကို တွေ့ရ၏။ ညီညွတ်လှပနေသော ခြေထောက်နှင့် နက်ပြာရောင် ကတ္တီပါဖိနပ်မှာ လွန်စွာလိုက်ဖက်လှပေသည်။ မောင်ဖေသော်သည် ထိုမိန်းကလေးကို ငေးစိုက်ကြည့်နေရင်း သူ၏စိတ်တွင်း၌ . .

"သိပ်ပြီး လှတာပဲ။ မဟုတ်သေးပါဘူးလေ၊ သိပ်ပြီး ချောတာပဲ။ ဒါလည်း မဟုတ်သေးပါဘူး၊ သိပ်ပြီး မဟာဆန်တာပဲ"

ဟု တီးတိုးရေရွတ်မိလေ၏။ ထိုမိန်းကလေးသည် ရထားလုံးပေါ်မှ ကန္တဲ့ကလျှလေး ဆင်းလာ၏။ ထို့နောက် ပြဇာတ်ရုံ၏ လက်မှတ်ရောင်းသောနေရာသို့ မျက်စိကစား၍ ကြည့်လိုက်ပြီးလျှင် သူ၏အဖော်မိန်းမကြီးအား

"ဒေါ်စာဥရေ လူတွေလည်း ပြည့်နေတာပဲ။ လက်မှတ်ဘယ်လိုသွားပြီး ယူရမလဲတောင် မပြောတတ်တော့ပါဘူး"

www.burmeseclassic.com



ဟု ညည်းညူသံလေးထည့်၍ ပြောလိုက်လေ၏။ မောင်ဖေသော် သည် ထိုမိန်းကလေး၏ရုပ်ရည်ကို စိတ်တွင်းမှ ချီးကျူးနေမိ၏။ ယခု အသံကြားလိုက်ရသောအခါတွင်မူ ထိုမိန်းကလေး၏အသံသည် ရုပ်ရည် ထက် ပို၍သာသည်ဟု ဆိုရမလိုဖြစ်နေ၏။ ထို့နောက် ထိုမိန်းကလေး သည် မောင်ဖေသော်ဘက်သို့ မျက်လုံးဝင့်၍ ကြည့်လိုက်ပြီးနောက် သွားလေးပေါ်ရုံမျှ ပြုံးလိုက်ပြီးလျှင် . .

"ဒီမှာရှင့်"

ဟု တီးတိုးညင်းညင်းကလေး ခေါ်လိုက်လေ၏။ မောင်ဖေသော် ၏ ရင်သည်ဒိတ်ခနဲ ဖြစ်သွား၏။ သို့မဟုတ် ရင်တွင်းမှ နှလုံးသည်းပွတ် များသည် အတန်ငယ်လှုပ်သွား၏။ ထို့နောက် ထိုမိန်းကလေးက . .

"နွယ်တို့ တူဝရီး ပြဇာတ်ကြည့်ချင်လို့ပါ။ အပန်းမကြီးဘူးဆိုရင် လက်မှတ်ဝယ်ပေးပါလားဟင်"

ဟု ပြောလိုက်လေ၏။ နောက်ဆုံးမှ 'ဟင်' ဟူသောအသံသည် အတော့်ကို သာယာ၏။ (ထိုအသံကို စာဖြင့်ရေးပြ၍ မရပါ။ 'ဟင်' ဟု သာ ရေးပြ၍ ရပါသည်။ ထို့ကြောင့် ဟင်ဟုသာ ရေးလိုက်ရပါသည်။ ထိုမိန်းကလေး၏ အသံမှာ ဟင် မဟုတ်ပါ။ ထို့ထက်ပို၍ သာယာပါ သည်) ထိုမိန်းကလေးသည် ထိုသို့ပြောရင်း ပုတီးစေ့များ စီခြယ်ထားသော

www.burmeseclassic.com



သူ၏ လက်ကိုင်အိတ်ကို ဖွင့်ကာ အတွင်းမှ ဆယ်တန်တစ်ရွက်ကို ဆွဲ၍ ထုတ်လိုက်လေ၏။ မောင်ဖေသော်လည်း ထိုမိန်းကလေး၏ မျက်နှာကို မဝံ့မရဲပြန်၍ကြည့်လိုက်ပြီးနောက်. .

"ဟုတ်ကဲ့ ကျွန်တော့်အတွက် အပန်းမကြီးပါဘူး။ ကျွန်တော် ဝယ်ပေးပါ့မယ်"

ဟု ဆိုကာ လက်ကို လှမ်းလိုက်လေ၏။ ထိုမိန်းကလေး၏ လက်မှ ဆယ်တန်ကို ယူလိုက်ပြီးနောက် မောင်ဖေသော်သည် စစ်ခရာသံကို ကြားသော စစ်မြင်းကဲ့သို့ လျင်မြန်စွာ ထွက်ခွာသွားလေတော့၏။ လက်မှတ်ရုံဝမှ လက်မှတ်တန်းစီနေသောသူများကို တွန်းထည့်လိုက်၏။ လက်မှတ်ပေါက်ဝမှ လက်ကို အတင်းထိုးသွင်းလိုက်၏။ ထို့ကြောင့် ၎င်းထက် အလျင်လက်ထိုး၍ ဝယ်နေသောလူ၏လက်နှင့် ညှပ်မိသွား၏။ ထို့ကြောင့် ထိုလူက. .

"ဘယ်လိုလုပ်တာလဲ၊ ဒီမှာ လက်မှမထုတ်ရသေးဘူး။ အရမ်းဆောင့်တွန်းတာကိုး"

ဟု ပြောလိုက်လျှင် မောင်ဖေသော်က. .

"ဒါတွေပြောမနေပါနဲ့ဗျာ၊ လက်မှတ်ဆိုတာ ဒီလိုပဲ လုဝယ်ရတာပဲ။ နည်းနည်းပါးပါးတော့ ထိမိတာတို့၊ ညှပ်မိတာတို့ကို ရေးကြီးခွင်ကျယ် မလုပ်ပါနဲ့။ ယောကျ်ားချင်းပဲဗျာ"

www.burmeseclassic.com



ဟု ဆိုကာ လက်မှတ်သုံးစောင် ဝယ်လိုက်လေ၏။ ထို့နောက် လက်မှတ်ပေါက်မှနေ၍ လက်ကို အတင်းဆောင့်၍ရုန်းကာ ပြန်၍ထွက်လိုက်လေ၏။ ထိုသို့ ထွက်လာပြီးလျှင် မိန်းကလေးတို့ တူဝရီးအနီးဆီသို့ ပြန်၍သွားလေ၏။ ထိုသို့ သွားပြီးနောက် ၎င်း၏လက်မှတ်ဖိုးကို အိတ်အတွင်းမှ နှိုက်ကာ လက်မှတ်နှစ်စောင်နှင့်အတူ မိန်းကလေးအား ပြန်၍ပေးလေ၏။ ထိုအခါ မိန်းကလေးက. .

"မဟုတ်တာပဲရှင်။ ကျွန်မတို့တူဝရီး မဝယ်နိုင်တဲ့လက်မှတ်ကို ဝယ်ပေးတာပဲ။ အဲဒီတော့ ရှင့်အတွက် လက်မှတ်ခကို ကျွန်မက ပေးရမှာပေါ့၊ မပေးပါနဲ့ရှင်"

ဟု ဆိုကာ ငြင်းဆန်လေ၏။ မောင်ဖေသော်ကလည်း. .

"အားနာစရာကြီး"

ဟု ဆိုကာ အတင်းပေး၏။ သို့ရာတွင် မိန်းကလေးက အတင်းငြင်းဆန်နေသောကြောင့် မပေးရတော့ပါ။ ထို့နောက် မောင်ဖေသော်သည် မြေပဲလှော်၊ ကွာစေ့၊ သကြားလုံးစသော ပြဇာတ်ကြည့်ရင်း အပျင်းပြေစားရန် မုန့်ပဲသရေစာများကိုဝယ်ယူ၍ မိန်းကလေးတို့ တူဝရီးနှစ်ယောက်နှင့်အတူ ရုံတွင်းသို့ ဝင်လာလေ၏။ ပြဇာတ်ကြည့်ခြင်းနှင့် ရုပ်ရှင်ကြည့်ခြင်းမှာ ပြောင်းပြန်ဖြစ်၏။ ရုပ်ရှင်သည် နောက်သို့ရောက်လေ ကြည့်ခ

www.burmeseclassic.com



ပိုပေးရလေဖြစ်၏။ ပြဇာတ်မှာမူကား ရှေ့သို့ပို၍ရောက်လေ ကြည့်ခ ပို၍ပေးရလေဖြစ်၏။ မောင်ဖေသော် ဝယ်ယူခဲ့သော လက်မှတ်မှာ ရှေ့ဆုံးတန်း၏ နောက်တွင်ကပ်လျက်ရှိသော အတန်းတွင်ဖြစ်ပြီး အလယ်မင်းလမ်းမ၏ဘေးတွင် ကျ၏။ မောင်ဖေသော်၏ ခုံနံပါတ်မှာ ၁၄ ဖြစ်၍ မိန်းကလေးတို့တူဝရီးနှစ်ယောက်သည် နံပါတ် ၁၃ နှင့် ၁၂ တို့ကို ရကြ၏။ နံပါတ် ၁၁ ထိုင်ခုံတွင် ကုလားတစ်ယောက် ထိုင်နေနှင့်ပြီဖြစ်၏။ နံပါတ် ၁၅ တွင်လည်း လူငယ်တစ်ယောက်ထိုင်နေ၏။ ထို့ကြောင့် မောင်ဖေသော်လည်း ၁၄ ၌ပင် ထိုင်နေသည်ဖြစ်ရာ ၎င်းတို့နှစ်ဦးကြားတွင် ကာရံထားသော တံတိုင်းကြီးသည် ကုလားထိုင် လက်တန်းတစ်ခုသာဖြစ်၏။ မောင်ဖေသော်သည် မြေပဲလှော်ထုပ်များ၊ ကွာစေ့ထုပ်များ၊ ချိုချဉ်များကို မိန်းကလေးလက်တွင်းသို့ ထည့်လိုက်၏။ မိန်းကလေးကလည်း အဒေါ်ကြီးလက်တွင်းသို့ ထပ်၍ထည့်ပေးပြန်လေ၏။ ထို့နောက် မိန်းကလေးက. .

"ပြဇာတ်က တစ်နာရီထိုးခါနီးမှပြီးမှာ နွယ်တို့နှစ်ယောက်တည်း ပြန်ရမှာ ကြောက်တယ်။ ဖြစ်နိုင်ရင် အပြန်မှာ လိုက်ပို့ပါနော်"

ဟု ပြောလိုက်လျှင် မောင်ဖေသော်က. .

"ဒီ့အတွက် မပူပါနဲ့၊ နာမည်က 'နွယ်' တဲ့လား"

www.burmeseclassic.com



ဟု ပြန်၍ မေးလိုက်လေ၏။

"ဟုတ်ပါတယ်။ အားလုံးက နွယ်လို့ခေါ်ပါတယ်။ နာမည်ရင်းက နွယ်တစ်လုံးတည်း မဟုတ်ပါဘူး။ မြနန်းနွယ် ရယ်ပါ"

ဟု ပြန်၍ ပြောလိုက်လေ၏။ မောင်ဖေသော်၏စိတ်၌. .

"လူကသာ မဟာဆန်တယ်ထင်နေတာ။ နာမည်ကလည်း တယ်ပြီး မဟာဆန်ပါလား"

ဟု ရေရွတ်မိနေလေ၏။ ထို့နောက် မောင်ဖေသော်၏စိတ်၌. .

"ဘာပဲဖြစ်ဖြစ် မြနန်းနွယ်ဟာ ရိုးရိုးလူသာမန်ထဲကမဟုတ်ဘဲ ဆွေတော်မျိုးတော်လက်ကျန်တွေထဲကများလား မဆိုနိုင်ဘူး"

ဟု တွေးမိလေ၏။ ထိုအချိန်၌ပင် ပြဇာတ် စ၍ထွက်၏။ ပြဇာတ်ထဲတွင် မင်းသား ကိုကျော်အေးသည် ထောက်ကြံ့ရွာတွင်နေထိုင်သော လယ်သမားတစ်ဦးအဖြစ် သရုပ်ဆောင်ရ၏။ ထိုရွာတွင် ပွဲစားကြီးတစ်ဦးရှိ၏။ ထိုပွဲစားကြီးအဖြစ် လူကြမ်းဦးအေးငွေကြီးက သရုပ်ဆောင်ရ၏။ ထိုပွဲစားကြီးတွင် နှမအပျိုတစ်ယောက်ရှိ၏။ ထိုနှမနေရာတွင် မင်းသမီး မေချစ်က သရုပ်ဆောင်ရ၏။ ကျော်အေးနှင့်မေချစ်တို့သည် လူငယ်ဘာဝ မေတ္တာမျှကြ၏။ ပွဲစားကြီးသိသွားသောအခါ ကျော်အေးအား နှမနှင့်ပေးစားမည်၊ ငွေနှစ်သောင်းတင်တောင်းရမည်ဟု အကျပ်ကိုင်၏။ ထို

www.burmeseclassic.com



အခါ ကျော်အေးသည် ငွေနှစ်သောင်းရရန်အတွက် သူ၏သူငယ်ချင်း စံပနှင့် တိုင်ပင်၏။ စံပက ထောက်ကြံ့နှင့် မျှားစွာမဝေးသောနေရာတွင် ညောင်ပင်ကြီးတစ်ပင်ရှိ၍ ထိုညောင်ပင်ကြီးအောက်၌ သိုက်တစ်ခုရှိသည်။ ထိုသိုက်ကို ရွှေညောင်ပင်သိုက်ဟုခေါ်ကြောင်း ပြောပြ၏။ သိုက်ထဲတွင် ရတနာ၊ ရွှေ၊ ငွေ အမြောက်အမြားရှိ၍ ထိုသိုက်အား တူးမှသာလျှင် ပွဲစားကြီးပြောသောငွေကို ရနိုင်မည် ဖြစ်ကြောင်းပြောပြ၏။ ကျော်အေးမှာ လွန်စွာရိုးသားသူဖြစ်၍ သိုက်တူးခြင်းသည် ရေတွင်းတူးသကဲ့သို့ တူးလျှင်ရနိုင်သည်ဟုထင်ပြီး ပေါက်တူးတစ်လက်ဖြင့် ရွှေညောင်ပင်ရှိရာသို့ သွား၏။ ထိုရွှေညောင်ပင်သိုက်တွင် သိုက်ချုပ်အဖြစ် သရုပ်ဆောင်ရသူမှာ မင်းသမီးချော မေမြင့်ဖြစ်၏။ မေမြင့်သည် ကျော်အေးသိုက်တူးပုံကို ကြည့်၍ ရယ်မောနေ၏။ ထို့နောက် လူယောင်ဆောင်ကာ ကျော်အေးနှင့်လာ၍စကားပြော၏။ ထိုအခန်းမှာ ပရိသတ် လွန်စွာသဘောကျသောအခန်းဖြစ်၏။ သိုက်တူးသမားက သိုက်တူးနည်းကိုမသိသောကြောင့် သိုက်နန်းရှင်က လာရောက်၍ တူးနည်းကို ပြနေရ၏။ ပရိသတ်သည် တဟားဟား၊ တဝါးဝါးနှင့် သဘောကျနေ၏။ မြနန်းနွယ်သည် ထိုအချိန်၌ အသံလေးညင်းညင်းထွက်ကာရယ်လေ၏။ ထို့ကြောင့် မောင်ဖေသော်က. .

"နွယ် ဒီအခန်းကို သိပ်ပြီး သဘောကျနေတယ်ထင်တယ်"

---

www.burmeseclassic.com



ဟု မေးလိုက်ရာ မြနန်းနွယ်က. . .

"သူပဲ စဉ်းစားကြည့်ပါဦး။ နွယ်ကတော့ ဥစ္စာစောင့်တွေ၊ ဘာတွေ အကြောင်းလည်း မသိပါဘူးလေ။ ဥစ္စာစောင့်တွေက အဲဒီလို လူတွေနဲ့လာပြီး စကားပြောလို့ရသလား"

ဟု မေးလိုက်ရာ မောင်ဖေသော်က. . .

"ကိုယ်က မသိပါဘူး၊ အမေတို့ကတော့ ပြောဖူးတယ်။ ရွှေချိုးဖြူ မူလခဲသိုက်က ဥစ္စာစောင့်ရွှေချိုးဖြူဟာ လူယောင်ဆောင်ပြီး ကာလသားတွေနဲ့ ခြင်းလုံးလာပြီးခတ်တယ်ဆိုပဲ၊ ဘာပဲဖြစ်ဖြစ် လေ။ ဥစ္စာစောင့်ဆိုတာ လူမှမဟုတ်ဘဲ။ သိရင်တော့ ကြောက် စရာကြီးပေါ့"

ဟု ပြန်၍ပြောလိုက်လျှင် မြနန်းနွယ်က. .

"ဥစ္စာစောင့်ကို ဘာဖြစ်လို့ကြောက်ရမှာလဲ"

ဟု ပြန်၍ မေးလိုက်လေ၏။ ထိုအခါ မောင်ဖေသော်က. .

"ဥစ္စာစောင့်ဆိုတာ နာနာဘာဝအမျိုးအစားထဲက မဟုတ်လား။ သူ့ရဲ့ ပုံပန်းသဏ္ဌာန်က ကြောက်စရာကြီးဖြစ်နေမှာပေါ့"

ဟု ပြောလိုက်လျှင် မြနန်းနွယ်က. .

"မဟုတ်တာမပြောပါနဲ့ရှင်။ ဟိုမှာ ဥစ္စာစောင့်မလေးက ဘယ် လောက်ချောသလဲ"

www.burmeseclassic.com



ဟု ဆိုကာ စင်ပေါ်မှ မင်းသမီးမေမြင့်ကို မေးငေ့ါ၍ ပြလေ၏။ မောင်ဖေသော်သည် မြနန်းနွယ်အား ငဲ့စောင်း၍ ကြည့်ပြီးနောက်. .

"ဒါကတော့ နွယ်ရယ်၊ သူကတော့ မင်းသမီးကိုး။ အဲဒီတော့ လှတာပေါ့၊ တကယ့်ဥစ္စာစောင့်က သူ့လိုလှပါ့မလား"

ဟု မေးလိုက်ရာ မြနန်းနွယ်က. .

"ဒါကတော့ နွယ်လည်းမသိဘူး။ နွယ် ဒီအသက်အရွယ်ရောက်ပြီ ဥစ္စာစောင့်လည်း တစ်ခါမှ မတွေ့ဖူးဘူး။ သူပြောတာနဲ့ နွယ်တောင် ပြန်ရမှာ ကြောက်လာပြီ။ တကယ်လိုက်ပို့ရမယ်နော်"

ဟု ပြောလိုက်ရာ မောင်ဖေသော်သည် နဂိုကပင် လိုက်ပို့ချင်သူဖြစ်သည့်အားလျော်စွာ မြနန်းနွယ်က လိုက်ပို့ရမည်ဟု အကြိမ်ကြိမ်ပြောနေသောအခါ၌ ရေငတ်တုန်းရေတွင်းထဲကျ ဆိုသော စကားကဲ့သို့ စိတ်တွင်းမှ ကျိတ်၍ပျော်မိနေလေတော့၏။ ၎င်းတို့သည် တစ်ဦးနှင့်တစ်ဦး စကား တစ်လုံးစ၊ နှစ်လုံးစ ပြောကြ၏။

ပြီးလျှင် တစ်ဦးနှင့်တစ်ဦး မျက်လုံးချင်း စကားပြောဖြစ်ကြ၏။ ထိုအချိန်တွင် ပြဇာတ်မှာလည်း ဇာတ်ရှိန်တက်နေပြီဖြစ်၏။ ၎င်းတို့နှစ်ဦး၏ အချစ်ရှိန်မှာလည်း တက်နေပြီဖြစ်၏။ ပြဇာတ်တွင် မင်းသားလုပ်သူ ကျော်အေးသည် ရွှေညောင်ပင်သိုက်ကိုတူး၏။ ဥစ္စာစောင့်လုပ်သူ မေမြင့်

www.burmeseclassic.com



က ကျော်အေးကို မြင်မြင်ချင်း မေတ္တာရှိသွား၏။ ထို့ကြောင့် ကျော်အေးအား သတ်ပစ်ပြီးလျှင် သိုက်ထဲတွင် ခေါ်ထားလိုက်၏။ ကျော်အေး၊ မေမြင့်တို့၏ သရုပ်ဆောင်ကောင်းခြင်းကြောင့် ပြဇာတ်ကြည့်နေကြသော မိန်းမအချို့ မျက်ရည်များ ရစ်ဝိုင်းလာကြ၏။ ထိုအခါ၌ မြနန်းနွယ်က. .

"ဒီမှာရှင်။ ဉစ္စာစောင့်မကလည်း မတရားလိုက်တာ။ ယောကျာ်းတစ်ယောက်ကို သူကချစ်တာနဲ့ သိုက်တံခါးပိတ်ပြီး သူ့နားခေါ်ထားလိုက်တယ်တဲ့"

ဟု ပြောလိုက်လျှင် မောင်ဖေသော်က. .

"ဒီမှာ နွယ်၊ အချစ်ဆိုတဲ့ အရာမှာ တရားတာ၊ မတရားတာ မရှိဘူးကွယ့်။ အချစ်ကြောင့် လုပ်တာအားလုံးဟာ မှန်တာချည်းပဲ"

ဟု ပြောလိုက်လျှင် မြနန်းနွယ်က နှုတ်ခမ်းလေးကို လှလှပပလေး စူလိုက်ပြီးလျှင်. .

"ဟွန်း တကယ်လို့များ ဉစ္စာစောင့်မတစ်ယောက်ယောက်က ကို့ကိုချစ်လို့ အဲဒီလိုလုပ်လိုက်ရင် ဘယ့်နှယ်လုပ်မတုံး"

ဟု မေးလိုက်၏။ ထိုအခါ မောင်ဖေသော်က. .

"ဉစ္စာစောင့်မတိုင်းအတွက်တော့ မဟုတ်ဘူးလေ။ နွယ့်လိုလှတဲ့ ဉစ္စာစောင့်မလေးကများ သိုက်တံခါးပိတ်ထားမယ်ဆိုရင် ကိုယ်ကတောင် ကူပြီးချက်ထိုးပေးပါ့မယ်"

www.burmeseclassic.com



ဟု ပြောလိုက်လျှင် မြနန်းနွယ်က. .

"ပိုလိုက်တာ"

ဟု ပြောလိုက်လေ၏။ ထိုအချိန်၌ ပြဇာတ်မှ မေချစ်သည် သူ၏ ချစ်သူ ပျောက်ဆုံးသွားသောကြောင့် အပူတိုက်၍ ငိုကြွေးနေပြီဖြစ်၏။ ထိုအခန်းကိုကြည့်၍ မြနန်းနွယ်က. .

"ဟိုမှာတွေ့လား၊ ဥစ္စာစောင့်မက ကျော်အေးကိုရလို့ ပျော်နေပေမယ့်၊ သူ့ရည်းစား မေချစ်ကတော့ ငိုနေရပြီ။ တကယ်လို့များ ကို့ကို ဥစ္စာစောင့်မတစ်ယောက်က ချစ်လို့ သိုက်ထဲ ထည့်လိုက်ရင် ကို့ရဲ့ချစ်သူကကော ငိုနေမှာလား"

ဟု မေးလိုက်လျှင် မောင်ဖေသော်က. .

"ဘုရားပေးပေး ကျမ်းပေးပေးပါ နွယ်ရယ်။ ရည်းစားဆိုလို့ ညောင်းလို့တောင် နှိပ်ခိုင်းစရာမရှိပါဘူး"

ဟု ပြောလိုက်လျှင် မြနန်းနွယ်က ခစ်ခနဲ ရယ်လိုက်လေ၏။

"မူးလို့တောင် ရှူစရာမရှိဘူး လုပ်စမ်းပါ ကိုရယ်"

ဟု ပြောလိုက်လျှင် မောင်ဖေသော်က. .

"ရည်းစားက ရှူဖို့မဟုတ်ဘူး။ နှိပ်ခိုင်းဖို့"

ဟု ပြောလိုက်လေ၏။

---

www.burmeseclassic.com



"ကိုရယ် ဒီအရွယ်ရောက်မှ အမြီးမပေါက်ရင် ဘာမျောက်လို့ ပြော မှာတုံး"

ဟု မြနန်းနွယ်က မေးလိုက်ရာ မောင်ဖေသော်က. .

"ကိုယ်ကတော့ ကိုယ့်ကိုယ်ကို ဟာနုမာန်မျောက်လို့ ထင်တာပဲ"

ဟု ပြန်၍ပြောလိုက်လျှင် နွယ်သည် တခစ်ခစ်ရယ်လေ၏။ ရယ်သံ လွင်လွင်ကလေး ထွက်သွားသောကြောင့် သူ၏အထိန်းတော် ဒေါ်စာဥ က နွယ်၏ပေါင်ကို ဆွဲ၍လိမ်လိုက်လေ၏။ ထိုသို့ လိမ်လိုက်သောကြောင့် မြနန်းနွယ်သည် ခါးကလေးတွန့်သွားလေ၏။ ပြီးလျှင် ဒေါ်စာဥဘက်သို့ နားကလေးကပ်၍ ပေးလိုက်၏။ ထိုအခါ ဒေါ်စာဥက မြနန်းနွယ်၏ နားသို့ကပ်ပြီး. .

"မိန်းကလေးလုပ်ပြီး ဒီလောက်တောင် ရယ်ရသလား"

ဟု ဆူလိုက်လျှင် မြနန်းနွယ်က. .

"ဒေါ်စာဥက အပျိုကြီးဆိုတော့ ဘယ်သိမှာတုံး။ အဲဒါ အချစ်လို့ ခေါ်တယ်"

ဟု ပြန်၍ ပြောလိုက်လျှင် ဒေါ်စာဥက. .

"ခက်တော့တာပဲ မြနန်းနွယ်ရယ်၊ မိန်းမတစ်ယောက်အဖို့ အချစ် ဆိုတဲ့အရာဟာ သူ့ဘဝတစ်လျှောက်လုံးဖြစ်ပေမယ့် ယောကျ်ား

www.burmeseclassic.com



တစ်ယောက်အဖို့ဆိုတာ သူ့ဘဝရဲ့အစိတ်အပိုင်းတစ်ခုပဲ ဖြစ်တယ်ဆိုတာကို ဘယ်တော့မှမမေ့နဲ့”

ဟု ခပ်တိုးတိုးပြောလိုက်လေ၏။

“ဒေါ်စာဥ ပြောတာ နွယ်တော့နားမလည်ဘူး။ ရှင်းပြစမ်းပါဦး”

ဟု ပြောလိုက်ရာ. . .

“ဟဲ့ နွယ်၊ ဘာများရှင်းစရာလိုလို့လဲ၊ နင်တို့ ငါတို့မိန်းမတွေဟာ ယောကျ်ားတစ်ယောက်ကို ဘဝတစ်ခုလုံးအတွက် ပုံပြီးချစ်လိုက်တာမဟုတ်လား။ သင်းတို့ ယောကျ်ားတွေက ဒီလိုမဟုတ်ဘူး။ အလုပ်တွေက အများကြီး၊ စစ်ရေး၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး စတဲ့အရေးတွေထဲက အချစ်ရေးဆိုတာကလေးက အရေးသေးသေးလေးတစ်ခုလောက်ပဲဟဲ့၊ အဲဒီတော့ အချစ်နဲ့ပတ်သက်ပြီး လေးနက်ပုံချင်း မတူဘူး ကလေးမရဲ့”

ဟု ဒေါ်စာဥက ရှင်းပြလိုက်လေ၏။ ထိုအခါ မြနန်းနွယ်က. .

“ဒေါ်စာဥရယ် အချစ်နဲ့ပတ်သက်ပြီး သူ့ဘက်က မလေးနက်ချင်နေပါစေ၊ နွယ့်ဘက်က လေးနက်ဖို့ပဲ အရေးကြီးပါတယ်။ နွယ်ရဲ့အချစ်က ပေါ့ပေါ့တန်တန်မဖြစ်စေချင်ဘူး။ နက်နက်ရှိုင်းရှိုင်းလေးဖြစ်ချင်တယ်။ ဒါကြောင့်မို့လို့ တွေ့တဲ့ယောကျ်ားတိုင်းကို

www.burmeseclassic.com



လည်း နွယ်က စိတ်မဝင်စားပါဘူး။ သူ့ကိုတော့ နွယ်က တကယ် စိတ်ဝင်စားတယ်။ သူက လိပ်ပြာလှတယ်”

ဟု ပြောလိုက်လျှင်. .

“လိပ်ပြာပဲလှလှ၊ ပြိတ္တာပဲလှလှ၊ ညည်းသဘောပဲ။ ငါက သတိ ပေးရမှာမို့ ပေးတာ၊ တချို့ယောကျ်ားတွေက မိန်းမကိုချစ်တာ မဟုတ်ဘူး။ မိန်းမရဲ့ စည်းစိမ်ဥစ္စာမက်မောတာလည်း ရှိသေး တယ်။ အဲဒါကို သိုက်သမားလို့ခေါ်တာပေါ့။ တချို့က ဘယ်သူ သေသေ၊ ငတေမာရင် ပြီးရောဆိုပြီး ကိုယ့်ဘကြီးအရင်းရဲ့ နဖူး မှာတောင် ပစ္စည်းရှိရင် ပေါက်တူးနဲ့တူးမယ့် လူစားမျိုးတွေလည်း ရှိတယ်။ အဲဒီလို လူမျိုးတွေကို ဘနဖူးမှာ သိုက်တူးမယ့်လူစား မျိုးလို့ ပြောတာပေါ့”

ဟု ဒေါ်စာဥက ပြောလေ၏။

မြနန်းနွယ်သည် မောင်ဖေသော်ဘက်သို့ လှည့်လိုက်၏။ မောင် ဖေသော်က. .

“နွယ်တို့တူအရီးက တတွတ်တွတ်နဲ့ ကိုယ့်အတင်းကို ပြောနေ ကြတယ် ထင်တယ်”

ဟု ပြောလိုက်လျှင်. .

www.burmeseclassic.com



"မဟုတ်တာပဲကိုရယ်၊ နွယ်တို့ တစ်မျိုးလုံးအတင်းမပြောတတ်ပါဘူး"

ဟု မြနန်းနွယ်က ပြန်၍ဖြေလိုက်လေ၏။

ထိုအချိန်၌ ပြဇာတ်သည် ပရိသတ်အား အကြီးအကျယ် ဖမ်းစားထားပြီဖြစ်၏။ လူကြမ်း အေးငွေကြီးသည် ကြည့်မြင်တိုင်မှ သိုက်ဆရာကိုခေါ်ကာ ရွှေညောင်ပင်သိုက်မှ မေမြင့်နှင့် ကျော်အေးတို့အား ချည်မန်းကွင်းများဖြင့် ချည်နှောင်၍ ရိုက်နေပြီဖြစ်၏။ မေမြင့်နှင့် ကျော်အေးတို့မှာလည်း အလူးအလှိမ့်ခံနေကြရ၏။ မြနန်းနွယ်သည် ပါးပြင်ပေါ်သို့ မျက်ရည်များ စီးကျလာလေ၏။ မောင်ဖေသော်သည် ထိုအဖြစ်အပျက်ကို ကြည့်ကာ စိတ်မကောင်းဖြစ်သွား၏။

"နွယ် ဘာဖြစ်လို့ ငိုနေတာလဲ။ ဒီဟာ ပြဇာတ်ပဲ။ ပြဇာတ်ဆိုတာ သရုပ်ဆောင်နေတာပဲ။ တကယ်မှ မဟုတ်ပဲနွယ်၊ အဲဒီလို မျက်ရည်တွေကျတော့ ကိုယ်ဘယ်စိတ်ကောင်းမလဲ"

ဟု မောင်ဖေသော်က ချော့လိုက်လျှင် မြနန်းနွယ်က. .

"တကယ်မဟုတ်ဘူးဆိုတာ သိပါတယ်။ ဒါပေမယ့် အဲဒါဟာ တကယ်ဆိုရင် ဘယ်လိုလုပ်မှာတုံး။ ဥစ္စာစောင့်မလေး မေမြင့်နေရာမှာ နွယ်ဖြစ်ပြီး၊ ကျော်အေးနေရာမှာ ကိုဆိုရင် ဘယ်လိုခံစားမှာတုံး"

www.burmeseclassic.com



ဟု မေးလိုက်ရာ မောင်ဖေသော်က. .

"ဒီမှာနွယ်၊ အဲဒီမှာ ကျော်အေးနေရာက ကိုယ်ဆိုရင် လက်ကို ကြိုးတုပ်ထားပေမယ့် ခြေထောက်နှစ်ချောင်းက လွတ်နေတာပဲ။ ဟို သိုက်ဆရာရဲ့ မျက်နှာကို ခြေထောက်နဲ့ ပြေးကန်ပစ်လိုက်မှာ ပေါ့"

ဟု ပြောလိုက်လျှင် မြနန်းနွယ်သည် ကျေနပ်သွားလေ၏။ ထို့နောက် မြနန်းနွယ်က. .

"တကယ်လား"

ဟုပြောလိုက်ရာ မောင်ဖေသော်သည် လက်ညှိုးနှစ်ချောင်း ထောင်ပြလိုက်လေ၏။ ပြီးလျှင်. .

"နှစ်ကယ်"

ဟု ပြောလိုက်လေ၏။ မြနန်းနွယ်သည် မောင်ဖေသော်၏ မျက်နှာကို လှမ်း၍ ကြည့်လိုက်၏။ နှုတ်ခမ်းမွေးစစ မေးရိုးကားကား စူးရဲသော မျက်လုံးပိုင်ရှင် မောင်ဖေသော်အား ယောကျ်ားပီသပါပေသည်ဟု စိတ်တွင်းမှ ချီးကျူးမိ၏။

'သူကြည့်ရတာ လိုအပ်ရင် တကယ်စွန့်စားမယ့်လူစားမျိုး'

ဟုလည်း စိတ်တွင်း၌ ကောက်ချက်ချမိလေ၏။ ထိုအချိန် ကျော်

www.burmeseclassic.com



အေး၏ ရည်းစားဟောင်းသည် သိုက်အတွင်းသို့ လိုက်လာပြီးလျှင် သိုက်ဆရာများကို ရိုက်နှက်၏။ ပွဲများကိုလည်း ရိုက်ချ၏။ ထိုအခါ ရှုံးနိမ့်နေသော ဥစ္စာစောင့်မ မေမြင့်တို့သည် အသာစီးရသွားကာ သိုက်တံခါးကို ဆွဲပိတ်လိုက်ကာ သိုက်ဆရာနှင့် ပွဲစားကြီးအေးငွေတို့သည်လည်း သိုက်အတွင်း၌ ပိတ်မိသွား၏။ ၎င်းတို့နှင့်အတူ မေချစ်လည်း ပိတ်မိ၍ သေဆုံးသွားလေ၏။ ထိုအခါ မြနန်းနွယ်က. .

"ကဲ ကြည့်စမ်းပါဦး၊ သိုက်ထဲမှာ ဥစ္စာစောင့်မ မေမြင့်ရော၊ မေချစ်ကြီးရော ဆုံနေကြပြီ။ အဲဒီတော့ ကျော်အေးကြီး ဘယ်လိုလုပ်ဦးမလဲ မသိဘူး။ အဲဒါထားပါတော့လေ။ ကျော်အေးနေရာမှာ ကိုသာဆိုရင် ဘယ်လိုလုပ်မတုံး"

ဟု မေးလိုက်ရာ မောင်ဖေသော်က. .

"နွယ်ရယ်၊ မိန်းမနဲ့ ယောကျ်ားချစ်တဲ့အချစ်က တစ်ထောင့်ငါးရာလို့ ပြောတယ်။ တစ်ယောက် ၇၅၀စီ ယူကြပေ့ါ"

ဟု ပြောလိုက်လျှင် မြနန်းနွယ်က. .

"ရွှေညောင်ပင်သိုက်ထဲက ဥစ္စာစောင့်မကတော့ ဘယ်လိုသဘောထားသလဲ မဆိုနိုင်ဘူး။ နွယ်သာ သူ့နေရာမှာဆို မရဘူး။ ၁၅၀၀ထဲက ၇၅၀လည်း ခွဲမပေးနိုင်ဘူး။ တစ်ယောက်တည်းပဲ အပိုင်

www.burmeseclassic.com



ယူမယ်။ ဘယ်သူနဲ့မှ ခွဲပြီးမယူနိုင်ဘူး။ အချစ်ဆိုတဲ့အရာဟာ ဘာလုပ်လုပ် မှန်တယ်မဟုတ်လား ကိုရယ်”

ဟု ပြောလိုက်ရာ မောင်ဖေသော်က. .

“ဩော် ဒီလိုလား။ နွယ့်ကို ကိုယ်ကချစ်တယ်လေ၊ အဲဒီတော့ နွယ် ပြောတာမှန်ရမှာပေါ့။ အချစ်ဆိုတာ မှန်တယ်မဟုတ်လား”

ဟု ပြန်၍ပြောလိုက်လျှင်. .

“တကယ်လား ဟင်. . . ”

ဟု ညင်ညင်သာသာကလေး မေးလိုက်လေ၏။ (နောက်ဆုံးမှ ဟင် ဆိုသော စကားသည် အသံထွက်မှန်ကို ရေးပြ၍မရပါ။ ဟင်နှင့် အင် ကြားထဲမှ အသံတစ်သံဟုသာ ရေးပြ၍ရပါသည်) ထိုအသံလေးသည် မောင်ဖေသော်၏ နှလုံးသားကို အမိအရဆုပ်ကိုင်လိုက်သောအသံလေး တစ်သံဟုလည်း ဆိုနိုင်လေ၏။ ပြဇာတ်မှာလည်း ပြီးသွားပြီဖြစ်၏။

ပြဇာတ်မှာ ပွဲစားကြီးနှင့် သိုက်ဆရာတို့လည်း အစိမ်းသရဲများ ဖြစ်သွားလေ၏။ စားရမဲ့၊ သောက်ရမဲ့ဖြစ်နေသောကြောင့် ရွှေညောင် ပင် သခင်မကြီးက ၎င်းတို့နှစ်ဦးအား ရန်ကုန်-ပဲခူးလမ်းကို အပိုင်စား ပေးလိုက်လေ၏။ ၎င်းတို့နှစ်ဦးသည် လာသမျှကားများ၊ လှည်းများကို ၎င်းတို့၏ ကမ္ဘဇိဒ္ဓိ တန်ခိုးဖြင့် မှောက်ပစ်နေ၏။ လှည်းသမား၊ ကား

www.burmeseclassic.com



သမားများလည်း ၎င်းတို့အား လာရောက်၍ ပူဇော်ကြရလေ၏။

နောင်တွင် ပွဲစားကြီးသည် ကျွတ်လွတ်သွားပြီး သိုက်ဆရာတစ်ဦးသာ ကျန်နေ၏။ ထိုသိုက်ဆရာသည်လည်း ဆက်လက်အကြမ်းမဖက်တော့ပေ။ ကားပိုင်ရှင်တို့သည် ထိုညောင်ပင်သို့လာရောက်၍ ထိုသိုက်ဆရာအား ဘိုးဘိုးကြီးဟု 'တ' ကာ ပ,သကြလေ၏။ ထိုအချိန်မှစ၍ သိုက်ဆရာသည် ကားသမားများအား စောင့်ရှောက်သည်ဟု ဆို၏။ ထိုသိုက်ဆရာသည် နောင်တွင် ရွှေညောင်ပင်ဘိုးဘိုးကြီးဟု ကျော်ကြားသွားကြောင်း ပြဇာတ်တွင် ပြလေ၏။

ထို့နောက် ပြဇာတ်ပြီးသွား၏။ ပြဇာတ်ပြီးသွားသောအခါ၌ ပြဇာတ်ကြည့်ပရိသတ်များ ရုံတွင်းမှ ထွက်သွားလေ၏။ ထိုအချိန်တွင် နွယ်သည် ထိတ်ထိတ်ပျာပျာဖြင့် . .

"ကိုရေ နွယ့်ရဲ့ စိန်လည်တုံလေး ကျပျောက်သွားပြီ"

ဟု ပြောလိုက်ရာ မောင်ဖေသော်လည်း ထိတ်ထိတ်ပျာပျာဖြစ်သွား၏။ ထို့ကြောင့် ၎င်းတို့သုံးဦးသည် ရုံအတွင်းမှ တော်ရုံနှင့်မထွက်နိုင်ကြဘဲ စိန်လည်တုံကို ရှာကြလေ၏။ ပြဇာတ်ရုံမှ လူများလည်း ကူညီ၍ ရှာပေးကြ၏။ သို့ရာတွင် စိန်လည်တုံကိုရှာ၍ မတွေ့ကြတော့ပေ။ နာရီဝက်ခန့်ရှာသော်လည်း ရှာ၍မတွေ့သည့်အဆုံး၌ လက်လျှော့လိုက်ကြ

www.burmeseclassic.com



လေ၏။ ရထားလုံးမောင်းသော ကုလားကြီးသည် အိပ်ငိုက်နေပြီဖြစ်၏။ မြနန်းနွယ်က ကုလားကြီးအား ကုလားဘာသာစကားဖြင့် အောက်ပါ အဓိပ္ပာယ်ရသော စကားကိုပြောလေ၏။

"ဦးမူဆာတို့များ သိပ်ပြီးအားကိုးရတာပဲ။ တစ်ခါတည်း ငိုက်နေတာပဲ"

ဟု ပြောလိုက်ရာ ဦးမူဆာက. .

"ငိုက်တာမဟုတ်ပါဘူး။ အိပ်နေတာပါ။ မူဆာက ဘယ်တော့မှ မငိုက်ဘူး။ အိပ်ရင် တစ်ခါတည်းအိပ်တယ်။ ကဲပါလေ အိပ်ချင်လို့ အိပ်တဲ့လူဟာ အပြစ်မရှိပါဘူး။ ညဉ့်လည်းနက်လှပါပြီ။ ပြန်ကြပါစို့ရယ်"

ဟု ပြောလိုက်လေ၏။ ထိုအခါ မြနန်းနွယ်တို့သုံးဦးသည် ရထားလုံးပေါ်သို့ တက်လိုက်ကြတော့၏။ ရထားလုံးမောင်းသော ကုလားကြီးလည်း ကြာပွတ်ကို တဖြောင်းဖြောင်းခါ၍ သူ၏မြင်းကို ကြာပွတ်သံပေးလိုက်လျှင် မြင်းသည် ခပ်သုတ်သုတ်လေး ဆွဲသွား၏။ ထို့ကြောင့် မြင်းတွင် တပ်ထားသော ချူများနှင့် ရထားမောင်းသမားကြီး၏ ခုံတွင် တပ်ထားသော ခေါင်းလောင်းလေးများ မြည်သွားကြသည်ဖြစ်ရာ တိတ်ဆိတ်သော ညချမ်း၌ ချူသံ၊ ခေါင်းလောင်းသံတို့သည် တစ်မျိုးတစ်ဖုံအားဖြင့် သာယာလျက်ရှိလေတော့သည်တကား။

---

**လာဘ်မိုးရွာစေပေ**

www.burmeseclassic.com



"ချွင်. . . ချွင်. . . ခေါင်"

"ချွင်. . . ချွင်. . . ခေါင်"

ရထားလုံးလေးသည် 'ချွင်ခလောက်' 'ချွင်ခလောက်' ဟူသော အသံကို ဖြစ်စေလျက် ပြေးနေ၏။ ရထားလုံးအတွင်းသို့ လမ်းဓာတ်မီးတိုင်မှ အလင်းရောင်သည် မကြာခဏ ဝင်လာလေ၏။ ထို့ကြောင့် မြနန်းနွယ်၏ မျက်နှာကလေးအား မောင်ဖေသော်သည် မကြာခဏ ကြည့်ခွင့်ရလေ၏။ မီးတိုင်မှ အလင်းအရောင်မရသောအခါ၌ ရထားလုံးအတွင်း၌ မှောင်အတိကျသွား၏။

ထိုအချိန်မျိုး၌ မောင်ဖေသော်လည်း ငရဲကျသော သတ္တဝါကဲ့သို့ ခံစားရလေ၏။ မောင်ဖေသော်သည် မျက်နှာကိုသုတ်ရန်အတွက် သူ၏ အိတ်တွင်းမှ လက်ကိုင်ပဝါကိုယူလိုက်ရာ မြနန်းနွယ်၏ လက်ဖျားကလေးကို သူ၏လက်ဖျားကလေးနှင့် ထိမိသွား၏။ ထိုအခါမျိုး၌ မောင်ဖေသော်၏ တစ်ကိုယ်လုံးသည် လျှပ်စစ်ဓာတ်ဖြင့် တို့လိုက်သကဲ့သို့ ဖြန်းခနဲဖြစ်သွား၏။

ထို့ကြောင့် မောင်ဖေသော်သည် လက်ကိုင်ပဝါကို မယူတော့ဘဲ မြနန်းနွယ်၏ လက်ဖျားလေးကို အသာအယာ ကိုင်ထားလိုက်၏။ မြနန်းနွယ်ကလည်း ငြိမ်၍နေ၏။

---

www.burmeseclassic.com



မောင်ဖေသော်သည် မြနန်းနွယ်၏ လက်ကလေးအား သူ၏လက်ဖြင့် ဆုပ်နယ်နေ၏။ ထူးခြားဆန်းပြားသော အရသာတစ်မျိုးကို တွေ့ရှိရလေ၏။

ရထားလုံးအတွင်းသို့ လမ်းဓာတ်မီးတိုင်မှ အလင်းဝင်လာသောအခါ သူ၏လက်ကို ရုတ်ထားရ၏။ ထို့ကြောင့် မောင်ဖေသော်သည် လမ်းမီးတိုင်ကို ကျိန်ဆဲမိပြန်၏။ ထိုသို့ ကျိန်ဆဲမိသော်လည်း အလင်းရောင်ဝင်လာသောအခါ၌ မြနန်းနွယ်၏ မျက်နှာကို ကြည့်ရှုခွင့်ရသောကြောင့် ပျစ်ပျစ်နှစ်နှစ်ကျိန်ဆဲ၍လည်း မဖြစ်ပေ။

အမှန်စင်စစ်အားဖြင့် ရထားလုံးအတွင်းသို့ အလင်းရောင်ဝင်လာလျှင် မျက်နှာကိုကြည့်ခွင့်ရ၏။ အလင်းရောင်ပျောက်သွားလျှင် လက်ကို ကိုင်ခွင့်ရ၏။ ထို့ကြောင့် မောင်ဖေသော်သည် 'ယောနိသောမသိကာလ' သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းနိုင်ခဲ့၏။

"မီးလာရင် မျက်နှာကိုကြည့်မယ်၊ မီးမလာရင် လက်ကိုကိုင်မယ်"

ဟု ဆုံးဖြတ်လိုက်လေတော့၏။

တစ်ခါတစ်ရံ၌ လမ်းဓာတ်မီးတိုင်၏ အလင်းရောင်သည် ချိန်သားမကိုက်ဘဲ ရှိသည်ဖြစ်ရာ အလင်းရောင်သည် ရထားလုံးအတွင်းသို့ အပြည့်အဝမဝင်တော့ဘဲ မြနန်းနွယ်၏ မျက်နှာတစ်ဝိုက်သို့သာ ကျ

www.burmeseclassic.com



ရောက်လေ၏။ ထိုအခါ၌ မောင်ဖေသော်သည် မြနန်းနွယ်၏ မျက်နှာကိုလည်း ကြည့်ခွင့်ရ၏။ လက်ကိုလည်း ကိုင်ခွင့်ရ၏။

တစ်ခါတစ်ရံ၌လည်း အလင်းရောင်သည် ရထားလုံးအတွင်း အောက်ပိုင်းဆီသို့သာ ရောက်ပြီး မျက်နှာသို့ အလင်းရောင်မရောက်သည်လည်း ရှိ၏။ ထိုအခါမျိုး၌ မောင်ဖေသော်သည် မျက်နှာကိုလည်း ကြည့်ခွင့်မရ၊ လက်ကိုလည်း ကိုင်ခွင့်မရဖြစ်လေတော့၏။ ထို့ကြောင့် မောင်ဖေသော်သည် ရထားလုံးစီးနေစဉ်အတွင်း မျက်နှာကို ကြည့်ခွင့်ရသောကံ၊ မျက်နှာကို ကြည့်ခွင့်မရဘဲ လက်ကိုသာကိုင်ခွင့်ရသော ကံ၊ မျက်နှာကိုလည်း ကြည့်ခွင့်ရ၊ မြနန်းနွယ်၏ လက်ကလေးကိုလည်း ကိုင်ခွင့်ရသော ကံ၊ မျက်နှာကိုလည်း ကြည့်ခွင့်မရ၊ မြနန်းနွယ်၏ လက်ကလေးကိုလည်း ကိုင်ခွင့်မရ ဟူသော လေးမျိုးလေးစားသော ကံတရားတို့သည် အကွက်ကျကျ စီစဉ်လာသည်ဖြစ်ရာ မောင်ဖေသော်သည် ရထားလုံးစီးနေရင်း ငရဲသို့ကျလိုက်၊ အသူရကယ်ဘုံသို့ရောက်လိုက်၊ လူ့ပြည်သို့ရောက်လိုက်၊ နတ်ပြည်သို့ တက်လိုက်နှင့် သုခ၊ ဒုက္ခဟူသော အရာနှစ်မျိုးကို အလှည့်ကျခံစားလာခဲ့ရ၏။ ရထားလုံးစီးရင်း မောင်ဖေသော်သည် ရယ်စရာကောင်းသော အကြောင်းအရာများကို ပြောလာ၏။ မြနန်းနွယ်သည် နားထောင်ရင်း တခစ်ခစ်ရယ်၍ လိုက်လာလေ၏။

www.burmeseclassic.com



ဒေါ်စာဥကြီးမှာ မြနန်းနွယ်၏ပေါင်ကို မကြာခဏ လိမ်ဆွဲနေလေ၏။ ထိုသို့ လိမ်ဆွဲနေသော အဓိပ္ပာယ်မှာ. .

'မိန်းကလေးဖြစ်ပြီး ယောကျ်ားလေးတစ်ယောက်ရှေ့မှာ ဒီလိုမနေရဘူး။ ကိုယ့်ကို အထင်သေးသွားတတ်တယ်' ဟူ၍ ဖြစ်တန်ရာ၏။

ဤသို့နှင့်ပင် ရထားလုံးကလေးသည် အချိန်အတော်ကြာ မောင်းနှင်လာခဲ့လေ၏။ မောင်ဖေသော်သည် မြနန်းနွယ်ဟူသော အရာတစ်ခုတည်း၌သာ အာရုံစိုက်ထားသည်ဖြစ်ရာ ရထားလုံး၏အပြင်ဘက်ကို အာရုံမစိုက်ဘဲ ရှိနေလေ၏။ ထို့ကြောင့် မည်သည့်နေရာ မည်သည့်အရပ်သို့ ရောက်နေသည်ကိုလည်း သူသည်မသိနိုင်တော့ပေ။

ထိုအချိန်၌မှာပင် ဒေါ်စာဥကြီးက. .

"မြနန်းနွယ်ရေ ရယ်တာ၊ မောတာလေးကို နည်းနည်းရပ်လိုက်ပါဦး။ အိမ်ရောက်ပြီ မိန်းကလေးရဲ့"

ဟု ပြောလိုက်မှပင် မောင်ဖေသော်လည်း ရထားလုံးအပြင်သို့ ကြည့်လိုက်၏။ ထို့အတူ ရထားလုံးအတွင်းမှ ခေါင်းကိုထုတ်၍ ရှေ့ကိုလည်း လှမ်းမျှော်၍ ကြည့်လိုက်လေ၏။

လွန်စွာပု၍ လွန်စွာခြေခွင်သော လူတစ်ယောက်သည် ခြံတံခါးကို လာ၍ ဖွင့်ပေးကြောင်း တွေ့ရလေ၏။ ဒေါ်စာဥသည် ထိုသူအား. .

www.burmeseclassic.com



"ဟဲ့ ခွင်ကလေး၊ ခြံတံခါးဖွင့်ပြီးရင် အိမ်တံခါးကိုလည်း သွားဖွင့်ဦး။ မီးတွေလည်း ဖွင့်ထား"

ဟု ပြောလိုက်ရာ ထိုခြေခွင်သူသည် ခွင်တင်ခွင်တင်၊ ကွတကွတ ဖြင့် အိမ်ကြီးဆီသို့ သွားလေ၏။ ထိုအခါ မောင်ဖေသော်က. .

"နွယ်ရေ ဒီလူက ခွင်ကလေးဆိုတော့ ဒီအိမ်မှာ ခွင်ကြီးဆိုတဲ့ လူတစ်ယောက် ရှိဦးမှာပေါ့"

ဟု မေးရာ နွယ်က ခစ်ကနဲ ရယ်လိုက်လေသည်။

"ကိုက သိပ်တော်တယ်။ လူတိုင်း အဲဒီလို မစဉ်းစားမိဘူးလေ။ သိပ်ပြီး ဉာဏ်ကောင်းတာ"

ဟု ပြောရာ မောင်ဖေသော်က. .

"ဉာဏ်ကောင်းသလား မကောင်းသလားတော့မသိဘူး။ စာမေးပွဲကျတာ နှစ်ခါရှိပြီ"

ဟု ပြောလိုက်ရာ မြနန်းနွယ်က ရယ်ပြန်လေ၏။ ထိုသို့ ရယ်ပြီးနောက်. .

"ဒီအိမ်မှာ ခွင်ကြီး၊ ခွင်လေးဆိုပြီး ရှိတယ်။ သူတို့က ညီအစ်ကိုနှစ်ယောက်၊ ပြီးတော့ မျက်နှာပြားတဲ့ ညီအစ်ကိုနှစ်ယောက်လည်း ရှိသေးတယ်။ သူတို့က ပြားကြီး၊ ပြားလေးတဲ့။ လက်ကောက်နေ

www.burmeseclassic.com



တဲ့ ညီအစ်ကိုနှစ်ယောက်လည်း ရှိသေးတယ်။ သူတို့ကလည်း ကောက်ကြီး၊ ကောက်ကလေးပဲ” ဟု ပြောလေ၏။

ဤအချိန်၌မူ မောင်ဖေသော် ရယ်ရသောအလှည့် ဖြစ်လေ၏။ သူသည် တခစ်ခစ် ရယ်လိုက်လေ၏။ ရယ်ပြီးလျှင်. .

“ဒေါ်စာဥကြီးကရော နှစ်ယောက်လား၊ ဥကြီး၊ ဥကလေးဆိုပြီး ရှိသလား”

ဟု ပြောလိုက်ရာ ဒေါ်စာဥကြီးက. .

“ဟေ့ သူငယ်၊ မဟုတ်တာတွေ မပြောနဲ့။ စာဥက တစ်ဥတည်းရှိတယ်”

ဟုပြောကာ ရထားလုံးပေါ်မှ ဆင်းလေ၏။ ထို့နောက် မြနန်းနွယ်ကဆင်းလေ၏။ ထို့နောက်မှ မောင်ဖေသော်က ဆင်းလေ၏။

မောင်ဖေသော်သည် ခြံကြီးကို လှမ်းမျှော်ကြည့်လိုက်၏။ ပန်းပင်များကိုလည်း တွေ့ရ၏။ ချုံနွယ်ပိတ်ပေါင်းများကိုလည်း တွေ့ရ၏။ အိမ်ကြီးကိုလည်း ကြည့်လိုက်၏။ အိမ်ကြီးမှာ လွန်စွာရှေးကျသော အိမ်ကြီးဖြစ်လေ၏။ သို့ရာတွင် မီးများထိန်ထိန်လင်းနေ၏။

မြနန်းနွယ်သည် မောင်ဖေသော်အား အိမ်ကြီးအတွင်းသို့ ခေါ်သွားလေ၏။ အိမ်ကြီးမှာ ရှေးကျသကဲ့သို့ အတွင်းမှ ပစ္စည်းများမှာလည်း

www.burmeseclassic.com



လွှန်စွာ ရှေးဆန်၏။ ထိုင်ခုံများမှာ ကနုတ်ပန်းများနှင့် ဖြစ်၏။ ခေါင်းရင်း ဘက်၌မူ ရွှေရောင်ဆွမ်းအုပ်ကြီးများ၊ ယွန်းဖြင့် ပြုလုပ်ထားသော ကလပ် ကြီးများကို တွေ့ရ၏။

မောင်ဖေသော်သည် နံရံတွင်ချိတ်ဆွဲထားသော နာရီကိုကြည့် လိုက်၏။ နာရီမှာ ရှစ်နာရီတစ်ဆယ်မိနစ်သို့ ပြနေ၏။ မောင်ဖေသော်က မြနန်းနွယ်အား. .

"နွယ်တို့အိမ်မှာ နာရီတိုက်မယ့်လူ မရှိဘူးထင်တယ်။ နာရီက အခုမှ ရှစ်နာရီဆယ်မိနစ်ပဲ ပြနေသေးတယ်"

ဟု ပြောလိုက်လျှင် မြနန်းနွယ်က. .

"ရှစ်နာရီဆယ်မိနစ်ဆိုတာ ကိုနဲ့နွယ်နဲ့ စပြီးတွေ့တဲ့အချိန်လေ။ ပြဇာတ်ရုံရှေ့မှာ ရထားလုံးရပ်ပြီး နွယ်ရဲ့နာရီကိုကြည့်လိုက်တယ်။ အဲဒီအချိန်ဟာ ရှစ်နာရီဆယ်မိနစ်ပဲ"

ဟု ပြောလိုက်လေ၏။

"ထားပါတော့ နွယ်၊ ရှစ်နာရီဆယ်မိနစ်မှာတွေ့ပြီး ပြဇာတ်ကြည့် ကြတာပဲ။ ပြဇာတ်က သုံးနာရီ ကျော်ကျော်လောက်ကြာတယ်။ အဲဒီတော့ ဆယ့်တစ်နာရီ၊ ဆယ့်တစ်နာရီခွဲလောက် ရောက်သွား ပြီပေါ့။ ရထားလုံးစီးတာက ဘာပဲဖြစ်ဖြစ်၊ တစ်နာရီခွဲလောက်

www.burmeseclassic.com



ကြာတယ်၊ အဲဒီတော့ ဒီအချိန်ဟာ တစ်ချက်ခွဲ၊ နှစ်ချက်တော့ ရှိပြီပေါ့"

ဟု ဆိုကာ မောင်ဖေသော်သည် သူ၏နာရီကို ငုံ့ကြည့်လိုက်၏။ မောင်ဖေသော်၏နာရီသည် ရှစ်နာရီတစ်ဆယ်မိနစ်သို့ ပြနေ၏။

"ကြည့်စမ်း၊ ကြည့်စမ်း ကိုယ့်ရဲ့နာရီလည်း ရှစ်နာရီဆယ်မိနစ်မှာ ရပ်နေတာကိုး။ နာရီလည်း ပြန်တိုက်လို့ မရတော့ဘူး။ ဒီအိမ်က နာရီနဲ့ တိုက်လို့လည်း မဖြစ်ဘူး။ သူလည်း ရှစ်နာရီဆယ်မိနစ်ပဲ၊ နွယ့်ရဲ့နာရီလေးပြပါဦး"

ဟု ပြောလိုက်ရာ မြနန်းနွယ်သည် သူ၏လက်ဖြူဖြူလေးကို ဆန့်တန်း၍ မောင်ဖေသော်၏ မျက်နှာအနီးသို့ ကပ်၍ပြရာ မောင်ဖေသော်လည်း မြနန်းနွယ်၏ လက်မှနာရီကိုကြည့်လိုက်၏။ မြနန်းနွယ်၏ နာရီမှာလည်း ရှစ်နာရီဆယ်မိနစ်သာ ရှိသေး၏။

မောင်ဖေသော်သည် အူကြောင်ကြောင်ဖြစ်သွား၏။

"နာရီတွေက ဘယ့်နှယ်ကြောင့် ရှစ်နာရီဆယ်မိနစ်ပဲ ရှိသေးတာတုံး"

ဟု မေးလိုက်ရာ မြနန်းနွယ်က. . .

"ကိုနဲ့ နွယ်နဲ့ တွေ့တဲ့အချိန်ကို သူတို့က မှတ်တမ်းတင်နေတာ ဖြစ်မှာပေါ့၊ ဒါမှမဟုတ် ဂုဏ်ပြုနေတာ ဖြစ်မှာပေါ့"

www.burmeseclassic.com



ဟု ပြောလိုက်လျှင် မောင်ဖေသော်က. .

"ထားပါတော့ နွယ်ရယ်၊ အခုအချိန်က အမှန်အတိုင်း ခန့်မှန်းရမယ်ဆိုရင် နှစ်နာရီဆယ်မိနစ်ရှိနေပြီ ဆိုကြပါစို့။ ဒါပေမယ့် နာရီက ရှစ်နာရီဆယ်မိနစ်ပဲ ပြနေတယ်ဆိုတာ တကယ့်အချိန် နဲ့ နာရီထဲက အချိန်ဟာ လေးနာရီကွာနေပြီနွယ်။ ကမ္ဘာကြီးဟာ လေးမိနစ်မှာ လောင်ဂျီတွဒ် 'တစ်' ဒီဂရီနှုန်း လည်ပတ်တယ်ဆို ရင်၊ တစ်နာရီမှာ ဆယ့်ငါးဒီဂရီကွာသွားပြီး၊ လေးနာရီဆိုတော့ ဒီဂရီခြောက်ဆယ်လောက် ကွာသွားပြီ၊ ကမ္ဘာကြီးက ဒီအတိုင်း လည်နေပြီး၊ နွယ်နဲ့ ကိုယ်တို့က ဒီဂရီခြောက်ဆယ် နောက်ကျပြီး ကျန်နေသလား"

ဟု ပြောလိုက်လျှင် မြနန်းနွယ်က. .

"ဒီဂရီ ခြောက်ဆယ်ကတော့ ကိစ္စမရှိဘူးနော်။ သူ့ရဲ့ သုံးဆဆိုရင်တော့ ဒီဂရီ တစ်ရာ့ရှစ်ဆယ်ပဲ။ အဲဒီလောက်ဆိုရင်တော့ နေထွက်နဲ့ နေဝင်ကွာသွားပြီး၊ ကမ္ဘာကြီးက နေထွက်နေပေမယ့် ကိုနဲ့နွယ်က နေဝင်ချိန်မှာကျန်နေခဲ့လိမ့်မယ်။ ကမ္ဘာကြီးက နေဝင်နေပေမယ့် ကိုနဲ့နွယ်က နေထွက်ချိန်မှာ ရောက်နေကြလိမ့်မယ်။ အဲဒီလို ဆိုရင်တော့ ကိုနဲ့နွယ်တို့ဟာ ဒီကမ္ဘာမြေကြီးရဲ့ အချိန်

www.burmeseclassic.com



စည်းမျဉ်းရဲ့ အပြင်ဘက်ကို ရောက်သွားကြပြီပေါ့။ အချိန်စည်းမျဉ်းရဲ့ အပြင်ဘက်ကိုရောက်သွားရန် ထာဝရပေါ့။ အဲဒီတော့ ကိုနဲ့နွယ်တို့ရဲ့အချစ်ကလည်း ထာဝရပေါ့ကိုရယ်။ ဘာတွေများ တွေးပြီး ပူပန်နေရတာတုံး”

ဟု လွန်စွာသာယာသောအသံကလေးဖြင့် ပြောလိုက်ရာ မောင်ဖေသော်သည် သူ၏နားအတွင်းသို့ နှင်းရည်များ လောင်းချလိုက်သကဲ့သို့ အေးစက်၍သွားသည်ဟုပင် ထင်မှတ်လိုက်ရလေတော့၏။

“နွယ်ပြောတဲ့စကားကိုကြားရတာ ကိုယ့်နားထဲမှာ အေးသွား တာပဲ”

ဟု ပြန်၍ပြောလိုက်ရာ မြနန်းနွယ်က. .

“နားမဟုတ်ပါဘူး ကိုရယ်။ နွယ်ပြောတဲ့စကားတွေ နားထဲကနေ နှလုံးသားထဲကို ရောက်သွားတာပါ။ အေးတယ်ဆိုရင် နှလုံးသား အေးသွားတာပါ”

ဟု ဆိုကာ မောင်ဖေသော်၏ လက်ကို ကိုင်လိုက်လေ၏။ မောင်ဖေသော်လည်း မြနန်းနွယ်၏ကိုယ်ကလေးကို ရင်ခွင်တွင်းသို့ ဆွဲ၍သွင်းလိုက်လေ၏။ မြနန်းနွယ်က. .

“ဟိုမှာ ဒေါ်စာဥကြီး လာနေပြီ”

www.burmeseclassic.com



ဟု ပြောလိုက်သဖြင့် ခွာလိုက်ရလေ၏။ မောင်ဖေသော်သည်. .

"အဲဒီ ဒေါ်စာဥဆိုတဲ့ အပျိုကြီးကို ကွကြီးနဲ့ဖြစ်ဖြစ်၊ ကွကလေး နဲ့ ဖြစ်ဖြစ် ပေးစားလိုက်စမ်းပါ။ ဒါမှမဟုတ်လည်း နွယ်ပြောတဲ့ ပြားကြီးနဲ့ဖြစ်ဖြစ်၊ ပြားကလေးနဲ့ပဲ ဖြစ်ဖြစ် ပေးစားလိုက်စမ်းပါ။ ဒါမှ အချစ်အကြောင်းသိမှာ"

ဟု ပြောလိုက်လေ၏။

"မဟုတ်တာပဲ ကိုရယ်၊ ဥယျာဉ်မှူးဟာ ပန်းပင်ပဲ စိုက်လို့ရတယ်။ ပန်းပွင့်ခိုင်းလို့တော့ မရဘူး။ ပန်းပွင့်ဆိုတာ သူ့သဘာဝအတိုင်း ပွင့်ချင်တဲ့အချိန်မှ ပွင့်တာ။ အတင်းပွင့်ခိုင်းလို့ ဘယ်ရမလဲ။ အချစ် ဆိုတာလည်း ဒီလိုပဲပေါ့။ ချစ်ပန်းပွင့်ကလေးကို အတင်းပွင့်ခိုင်း လို့ ဘယ်ရမလဲ"

ဟု မြနန်းနွယ်က ပြောလိုက်လျှင် မောင်ဖေသော်က. .

"ဟုတ်ပါတယ်၊ နွယ်ပြောတာ သိပ်မှန်တာပဲ။ ကိုယ့်နှလုံးသားထဲ က ချစ်ပန်းပွင့်ကလေးကတော့ ရထားလုံးပေါ်က ဆင်းလာတဲ့ နွယ်ဆိုတဲ့မိန်းကလေးရဲ့ ခြေထောက်ကလေးကို မြင်ကတည်းက ပွင့်သွားတာ။ အခုထက်ထိ ပြန်ပိတ်လို့ကို မရတော့ဘူး"

ဟုပြောလိုက်ရာ နွယ်သည် တခစ်ခစ်ရယ်နေ၏။

www.burmeseclassic.com



ထို့နောက် မြနန်းနွယ်က. .

"ခဏနေဦး"

ဟု ဆိုကာ အိမ်အတွင်းသို့ ဝင်သွားပြီးလျှင် ကော်ဖီပူပူတစ်ခွက်ကို ကိုယ်တိုင်ဖျော်ယူလာပြီး မောင်ဖေသော်ကို လာ၍ပေး၏။

"ကို ညဥ့်နက်တော့ သိပ်အေးတယ်။ ကော်ဖီသောက်လိုက်ဦး"

ဟု ပြောလိုက်လေ၏။ မောင်ဖေသော်လည်း ကော်ဖီကို သောက်လိုက်၏။ ထို့နောက် မြနန်းနွယ်သည် မောင်ဖေသော်အိပ်ရန်အတွက် မောင်ဖေသော်အား အိပ်ခန်းတစ်ခုအတွင်းသို့ ခေါ်သွား၏။ အိပ်ခန်း မှာ လွန်စွာသပ်ရပ်လှပသော အိပ်ခန်းဖြစ်၏။ ခြူးပန်းခြူးနွယ်များ ထွင်းထုထားသည့် ခုတင်ပေါ်တွင် လွန်စွာထူသော မွေ့ရာကြီးတစ်ခု ခင်းထား၏။ မွေ့ရာပေါ်တွင် ပန်းပွင့်ကြီးများပါသော အိပ်ရာခင်းကြီး နှင့် ခေါင်းအုံးကြီးနှစ်လုံး၊ ဖက်ခေါင်းအုံးတစ်လုံးကို တွေ့ရ၏။ စောင်မှာ လည်း ထိုစဉ်က 'ရှိုး' တိုက်တွင်ရောင်းသော အကောင်းစား သက္ကလတ် စောင်ဖြစ်၏။

မောင်ဖေသော်သည် အိပ်ရာထက်သို့ တက်၍ ပက်လက်လှန်လိုက်လေ၏။ မြနန်းနွယ်က စောင်ခြုံပေး၏။ ပြီးလျှင် အခန်းတွင်းမှထွက်ရန် လှည့်လိုက်စဉ် မောင်ဖေသော်က မြနန်းနွယ်၏ လက်ဖြူဖြူလေးကို

www.burmeseclassic.com



ဆွဲ၍ နမ်းရှုံ့လိုက်လေ၏။ ထို့နောက် 'ဂွတ်နိုက်' ဟု ပြောလိုက်ရာ မြနန်းနွယ်က. .

"နွယ်နဲ့ ကိုတို့ဟာ အမှန်ဖြစ်ရမယ့် ဒီဂရီထက် ဒီဂရီခြောက်ဆယ် နောက်ကျပြီး နေခဲ့တယ်နော်။ အမှန်က မကြာခင် မိုးလင်းတော့မှာ။ အဲဒီတော့ ဂွတ်မောနင်း"

ဟု ပြောကာထွက်သွားလေ၏။

မောင်ဖေသော်သည်လည်း အိစက်ညက်ညောသော အိပ်ရာကြီးပေါ်တွင်အိပ်လိုက်သည်နှင့် အိပ်ပျော်ခြင်းသို့ရောက်လေ၏။

နံနက်နိုးလာသောအခါ၌ နာရီကိုကြည့်လိုက်ရာ နံနက် ရှစ်နာရီ ဆယ်မိနစ်ပင် ထိုးနေသည်ကို တွေ့ရ၏။

သို့ရာတွင် ၎င်းအိပ်စက်နေသည်မှာ မြနန်းနွယ်တို့အိမ်မှ အိပ်ခန်းတစ်ခုအတွင်း၌မဟုတ်ဘဲ ဗိုလ်တစ်ထောင် ကုန်ရုံကြီးနှစ်ခုကြားရှိ အုတ်ခုံပေါင်းတစ်ခုပေါ်၌ ဖြစ်နေ၏။

အစပထမတွင် မောင်ဖေသော်သည် အူကြောင်ကြောင် ဖြစ်သွား၏။ ထို့ကြောင့် ဘာပဲဖြစ်ဖြစ် နွယ်တို့အိပ်ရာမထခင်မှာ သူ့အိမ်မှာ ရှိတဲ့ ခွင်ကလေးတို့ ခွင်ကြီးတို့ ဒါမှမဟုတ်ရင် ပြားကြီးတို့ ပြားကလေးတို့ ဆိုတဲ့ တောမရောက်တောင်မရောက် ကောင်တွေက ငါ့ကို အိပ်ရာထဲက

www.burmeseclassic.com



မ,ပြီး ဒီနေရာမှာ လာချထားတာဖြစ်မယ်၊ ဒီကောင်တွေက တော်တော့်ကို မနာလိုစိတ်များတဲ့ကောင်တွေပဲ။ ဒါကြောင့်လည်း အချိုးမကျတွေ ဖြစ်နေတာ။ သူတို့ထဲက အဆိုးဆုံးကောင်ကို မှတ်လောက်သားလောက် ဖြစ်သွားအောင် ဒေါ်စာဥကြီးနဲ့ ပေးစားပစ်မယ်ဟု စိတ်အတွင်းမှ ကြုံးဝါးရင်း အနီးရှိ ရေဘုံဘိုင်မှရေဖြင့် မျက်နှာသစ်ကာ ၎င်းနေထိုင်ရာ ဘော်ဒါဆောင်သို့ ပြန်လာခဲ့လေတော့သတည်း။

*****

www.burmeseclassic.com



# အခန်း(၂)

မောင်ဖေသော်သည် ကျောင်းသို့ပြန်ရောက်လာသည့်အခါ၌ မြနန်းနွယ်အကြောင်းကို တွေးတောမိနေသောကြောင့် ဘေးမှ သူငယ်ချင်းခေါ်သည်ကိုပင် မကြားမိဘဲရှိလေ၏။ ထို့ကြောင့် သူငယ်ချင်းဖြစ်သူက. .

"ဟေ့ ဖေသော်၊ မင်း အခုဘယ်လိုဖြစ်နေတာလဲ။ မနေ့ကလည်း တစ်ညလုံး ပျောက်သွားတယ်။ အခုကြည့်တော့လည်း အူတူတူ၊ ငိုင်တိုင်တိုင်နဲ့ မင်းကိုကြည့်ရတာ ဘိန်းမူးနေတဲ့ ကောင်လိုပဲ။ မဟုတ်မှလွဲရော မနေ့ညက အပေါင်းအသင်းများပြီး ဘိန်းခန်းရောက်သွားတယ် ထင်တယ်"

www.burmeseclassic.com



ဟု ပြောလိုက်ရာ မောင်ဖေသော်က. .

"အဲဒါ ခက်တာပေါ့ကွာ။ အချက်မသိတော့ သားမက်သူခိုးထင်၊ ငှက်မသိတော့ ဆက်ရက်ချိုးထင် ဆိုတာမျိုးပေါ့။ ဘိန်းခန်းမဟုတ်ဘူးဟ။ နန်းတော်ကို ရောက်သွားတာ။ ဘာနန်းတော်လဲ သိလားဟေ့ကောင်။ အချစ်နန်းတော်ကွ။ မင်းတို့မသိတဲ့ ဆွေတော်မျိုးတော်ထဲက အိမ်ကြီးတစ်အိမ်ကို ငါရောက်သွားတာ။ အဲဒီအိမ်ထဲက မြနန်းနွယ်ဆိုတဲ့မိန်းကလေးနဲ့ ငါနဲ့ ချစ်ကြိုးသွယ်ခဲ့ကြတယ် ဆိုပါတော့ကွာ"

ဟု ပြန်၍ ပြောလိုက်လေ၏။ ထိုအခါ မောင်ဖေသော်၏ သူငယ်ချင်းက. .

"မင်းပြောတဲ့ ဆွေတော်မျိုးတော်ရဲ့ အိမ်ကြီးဆိုတာက ဘယ်မှာလဲ"

ဟု မေးလိုက်လျှင် မောင်ဖေသော်က. .

"မသေမချင်းမှတ်ထား ဟေ့ကောင်။ အဲဒီအိမ်ကြီးက ဗိုလ်တထောင်က ကုန်ရုံကြီးတွေနဲ့ သိပ်မဝေးဘူး"

ဟု ပြောလိုက်ရာ မောင်ဖေသော်၏ သူငယ်ချင်းက. .

"အေး. . မင်းလည်း မသေမချင်းမှတ်ထားဟေ့ကောင်။ ငါက ဗိုလ်တထောင်သား အစစ်ကွ။ မင်းပြောတဲ့ ကုန်ရုံကြီးတွေနားမှာ

www.burmeseclassic.com



ဘယ်လိုအိမ်ကြီးမျိုးမှ မရှိဘူး။ မင်းကိုတော့ သရဲခြောက်လွှတ်လိုက်ပြီ ထင်ပါရဲ့”

ဟု ပြောလိုက်လေ၏။ ထိုအခါ မောင်ဖေသော်သည် ရယ်လိုက်လေ၏။ အားရပါးရ ရယ်ပြီးနောက်. .

“ဒီလောက်လှတဲ့မိန်းမဟာ သရဲဖြစ်နိုင်ပါ့မလား ငါ့လူရ။ တစ်ခုတော့ရှိတယ်။ သူ့အိမ်မှာ ခိုင်းထားတဲ့ ခွင်ကြီး၊ ခွင်လေး၊ ပြားကြီး ပြားလေးတို့ကတော့ သရဲလေးကောင် ဖြစ်ချင်ဖြစ်နိုင်တယ်။ ဒါပေမယ့် မြနန်းနွယ်ကတော့ မင်းသမီးအစစ်ပါကွာ”

ဟု ပြောလိုက်ရာ မောင်ဖေသော်၏ သူငယ်ချင်းက. .

“ကြည့်လည်း လုပ်ပါဦးဖေသော်ရယ်။ ကျောင်းလာနေတာ ပညာမတတ်ဘဲ သရဲဖမ်းစားလို့ သေသွားတယ်ဆိုမကောင်းပါဘူး။ ကျောင်းလည်း နာမည်ပျက်တယ်”

ဟု ပြောလိုက်လေ၏။

ထို့နောက် သူငယ်ချင်းနှစ်ဦးတို့သည် စာသင်ခန်းသို့ ဝင်ကြလေ၏။ များမကြာမီ၌ အင်္ဂလိပ်စာပြသော ဆရာပါဆိုသူရောက်လာပြီး ယမန်နေ့က သင်ကြားခဲ့သောစာများကို တစ်ယောက်ချင်း မေးမြန်းလေတော့၏။ ဆရာပါသည် လွန်စွာ စိတ်တိုတတ်သူဖြစ်၏။ ထိုအချိန်၌

www.burmeseclassic.com



ကျောင်းစာသင်ခန်း၏ အပြင်ဘက်သို့ငေးနေသော မောင်ဖေသော်အား 'ဟေ့ကောင်' ဟု အကျယ်ကြီးလှမ်း၍ခေါ်သော်လည်း မောင်ဖေသော်သည် မကြားပေ။ ဆရာပါသည် မောင်ဖေသော်အနီးသို့ ရောက်သွားပြီးလျှင်. .

"ဟေ့ကောင် ငါခေါ်နေတာ မကြားဘူးလား"

ဟု ပြောပြန်လေ၏။ မောင်ဖေသော်သည် မကြားပြန်။ ထို့ကြောင့် ဆရာပါလည်း စိတ်တိုပြီးလျှင် မောင်ဖေသော်၏ နားရွက်ကို တအား ဆွဲလိမ်လိုက်လေတော့၏။ ထိုအခါကျမှပင် မောင်ဖေသော်လည်း 'အား' ခနဲ အော်လိုက်လေ၏။

"ကျောင်းခန်းထဲမှာ ထိုင်ပြီး မင်းစိတ်က ဘယ်ကိုရောက်နေတာလဲ"

ဟု မေးလိုက်ရာ မောင်ဖေသော်သည် ယောင်ယမ်း၍. .

"မြနန်းနွယ်ဆီကို"

ဟု ပြောလိုက်လေ၏။ ထိုအခါ ဆရာပါက. .

"ဘယ်က မြနန်းနွယ်လဲ" ဟု မေးလိုက်ရာ မောင်ဖေသော်က. .

"ဗိုလ်တထောင်မှာရှိတဲ့ ဆွေတော်မျိုးတော်ထဲက မြနန်းနွယ်"

ဟု ပြန်၍ ဖြေလိုက်လျှင် ကျောင်းသားများသည် ရယ်ကြပြန်လေ၏။ ဆရာပါကမူ. .

www.burmeseclassic.com



"မဟုတ်မှလွဲရော မင်းပြောတာဟာ ပြဇာတ်မင်းသမီးတစ်ယောက် ဖြစ်လိမ့်မယ်။ ပြဇာတ်ဆိုတာ ကြည့်တော့ ကြည့်ပေါ့ကွာ။ မင်းသမီး ကို သိပ်တော့မစွဲရဘူး"

ဟု ပြော၍ မောင်ဖေသော်အား စာကိုမေးလေ၏။ မောင်ဖေသော် သည် တစ်လုံးမျှ မဖြေနိုင်ပေ။ ဆရာပါလည်း လွန်စွာစိတ်ဆိုးသွား၏။ ထို့နောက်. .

"မင်းကို မိဘတွေက ငွေကုန်ခံပြီး ဒီကျောင်းကို ပို့ထားတာဟာ အငြိမ့်မင်းသမီးကို စွဲဖို့မဟုတ်ဘူးနော်။ စာတော်ဖို့၊ ဒါကိုလည်း မင်း သတိထားပါ ဖေသော်"

ဟု ဆရာပါက ပြောလိုက်လေ၏။ ဤသို့နှင့်ပင် မောင်ဖေသော် သည် ကျောင်းစာကို စိတ်မဝင်စားဘဲ တစ်နေကုန် စာသင်ခန်းအတွင်း၌ နေခဲ့ပြီးနောက် ညနေပိုင်းအတွင်းသို့ ရောက်သောအခါ ရေမိုးချိုး၍ ဗိုလ် တထောင်ရှိ ကုန်ရုံများအနီးသို့ ထွက်လာခဲ့လေတော့၏။ ဗိုလ်တထောင် ကုန်ရုံအနီးသို့ရောက်လျှင် မှောင်စပျိုးနေပြီဖြစ်၏။ မောင်ဖေသော်သည် ခပ်သုတ်သုတ်လျှောက်သွားနေ၏။ တစ်နေရာသို့ အရောက်တွင် ခြေခွင် သော လူတစ်ယောက်က ၎င်း၏ရှေ့တွင်လာ၍ ရပ်လေ၏။ ထိုအခါ မောင်ဖေသော်က. .

www.burmeseclassic.com



"ကိုယ့်လူက ခွင်ကြီးထင်တယ်"

ဟု ပြောလိုက်ရာ ထိုခြေခွင်သူက. .

"မဟုတ်ဘူးဗျ။ ကျုပ်က ခွင်လေး။ ခွင်ကြီးဆိုတာက ကျုပ်ရဲ့ အစ်ကို။ သူက ကျုပ်ထက်ပိုပြီးခွင်တယ်။ ခြေခွင်တဲ့လူတွေ ဘုရင် ခံခန့်မယ်ဆိုရင်တော့ ကျုပ်တို့ ညီအစ်ကိုသေချာပေါက်ရတာ ပေါ့ဗျာ။ ဒါနဲ့ နေစမ်းပါဦး၊ ကိုယ့်လူက ဘယ်သွားမလို့တုံး"

ဟု မေးလိုက်ရာ မောင်ဖေသော်က. .

"ဘယ်သွားရမှာလဲ။ မြနန်းနွယ်အိမ်ကို သွားမှာပေါ့"

ဟု ပြန်၍ပြောလိုက်လေ၏။ ထိုအခါ ခွင်လေးက. .

"မသွားနဲ့ဦး။ သခင်မလေးမရှိဘူး။ အပြင်ကို သွားတယ်"

ဟု ပြောလေ၏။ မောင်ဖေသော်သည် ခွင်လေးအား ရှောင်ပြီး ဆက်၍ လျှောက်လာ၏။ တစ်နေရာသို့ ရောက်လျှင် မျက်နှာလွန်စွာ ပြားသော လူတစ်ယောက်သည် မောင်ဖေသော်၏ ရှေ့တွင်လာ၍ ရပ် လေ၏။ မောင်ဖေသော်က ထိုလူအား. .

"ခင်ဗျား ပြားလေးမဟုတ်လား"

ဟု ပြောလိုက်လေ၏။ ထိုအခါ ထိုသူက. .

"ကျုပ်ပြားလေး မဟုတ်ဘူး။ ပြားလေးက ကျုပ်ရဲ့ညီ။ သူက မျက်နှာ

www.burmeseclassic.com



ကျုပ်မျက်နှာလောက် မပြားဘူး။ ကျုပ်မျက်နှာက သူ့ ထက်ပိုပြီး ပြားတယ်။ တစ်ခုတော့ ရှိတာပေါ့ဗျာ။ မျက်နှာပြား တဲ့သူတွေ သူဌေးဖြစ်မယ်ဆိုရင်တော့ ကျုပ်တို့ညီအစ်ကိုနှစ် ယောက်ကို ဆာဘိုးသာ ဘယ်မီမလဲ။ ဒါနဲ့ နေစမ်းပါဦး။ ကိုယ့်လူ က ဘယ်သွားမလို့လဲ"

ဟု မေးပြန်လေ၏။

"မြနန်းနွယ်အိမ်ကို သွားမလို့"

ဟု မောင်ဖေသော်ကပြောလိုက်ရာ ပြားကြီးက ရယ်လေ၏။

"ယောကျ်ားကြိုက်တော့စိုက်စိုက်လာ ဆိုတဲ့စကားဟာ ခင်ဗျား အတွက်များ ထားခဲ့သလားဗျာ။ တစ်ခုတော့ ပြောပြမယ်။ ညနေ တို့၊ ဘာတို့မှာ သခင်မလေးက အိမ်မှာမရှိဘူး။ ဗိုလ်တထောင်မှာ သွားပြီး ဘုရားဖူးလေ့ရှိတယ်။ ဒေါ်စာဥကြီးက လိုက်သွားရတယ်။ ခင်ဗျားတွေ့ချင်ရင် အဲဒီကိုသွား။ အဲဒီလိုပြောပြရတဲ့အတွက် မုန့် ကလေး ဝယ်ကျွေးဗျာ"

ဟု ပြောလိုက်လျှင် မောင်ဖေသော်က. .

"ပိုက်ဆံတော့ မပေးချင်ဘူး။ မုန့်လေးဘာလေး ဝယ်ကျွေးဆို ကျွေးမယ်။ ကဲ ဘာစားချင်လဲ"

www.burmeseclassic.com



ဟု မေးလိုက်ရာ. .

"ပောဒိနားက အမဲအူပြုတ်ရောင်းတယ်။ ကျုပ်က အမဲအူပြုတ် တအား ကြိုက်တယ်လေ။ အနံ့လေးက မွှေးနေတာပဲ။ အမဲသား မစားတဲ့ သူအဖို့ကတော့ ညှီစော်နံတယ်ပေါ့။ စားတဲ့သူအဖို့က တော့ မွှေးနေတာပဲ။ ဘယ်သူမှန်သလဲလို့ မမေးနဲ့။ နှစ်ယောက် စလုံး မှန်တယ်။ မစားရင် ညှီတယ်။ နံနယ်။ စားရင် မွှေးတယ်။ ဒါပဲ"

ဟု ပြောလိုက်လေ၏။

မောင်ဖေသော်သည် သူ၏အင်္ကျီအိတ်အတွင်းမှ မတ်စေ့တစ်စေ့ ကိုထုတ်၍ ပေးလိုက်လေ၏။ ထို့နောက်. .

"ကိုယ့်လူဟာ ကိုယ့်လူ သွားဝယ်စား"

ဟု ပြောလိုက်ရာ ပြားကြီးက. .

"ခင်ဗျားဟာ စိတ်သဘောထားအလွန်ကောင်းပါတယ်။ အဲဒါကို လိပ်ပြာလှတယ်လို့ ခေါ်တာပဲ"

ဟု ပြောလေ၏။

"လိပ်ပြာလှတော့ ဘာဖြစ်သလဲဗျာ"

ဟု မောင်ဖေသော်ကမေးလိုက်ရာ ပြားကြီးက. .

www.burmeseclassic.com



"လိပ်ပြာလှတော့ လိပ်ပြာအချင်းချင်း ချစ်ကြတာပေါ့ဗျာ။ လိပ်ပြာဆိုတာ ဝိညာဉ်မဟုတ်လား။ ဝိညာဉ်လောကသားတွေက ခင်ဗျားကို ချစ်ကြမှာပေါ့"

ဟု ပြောလိုက်ပြန်ရာ မောင်ဖေသော်က. .

"ဝိညာဉ်လောကအကြောင်း ကိုပြားကြီးသိသလား"

ဟု ပြန်၍ မေးလိုက်လေ၏။

"သေသေချာချာတော့ ဘယ်သိမလဲဗျာ။ သူပြော၊ ငါပြော ကြားဖူးတာတော့ ရှိပါတယ်။ တစ်ခုတော့ ရှိတယ်။ ဝိညာဉ်လောကဆိုတာ စိတ်ကူးယဉ်လောက မဟုတ်ဘူးနော်။ တကယ်ရှိတဲ့လောကကိုယ့်လူ ယုံချင်မှယုံ။ တကယ်ရှိတယ်။ အဲဒါကို တမလွန်လောကလို့ ခေါ်တယ်။ ပရလောကလို့လည်း ခေါ်တယ်။ ဝိညာဉ်လောကလို့လည်း ခေါ်တယ်။ ကြိုက်တဲ့နာမည်နဲ့ ခေါ်ကြတာပေါ့။ အဓိပ္ပာယ်ကတော့ အတူတူပဲ။ ဝိညာဉ်လောကသားတွေက တခြားလောကကို မနှောင့်ယှက်ဘူး။ တခြားလောကသာ သူ့ကို နှောင့်ယှက်ကြတာပါ။ သူတို့လောကမှာက တန်ဖိုးအထားဆုံးက မေတ္တာတရားပဲဗျ။ မေတ္တာဆိုတာ ဘာလဲပြောရတာ သိပ်ခက်တယ်။ မေတ္တာပို့တွေ ရွတ်နေတိုင်းလည်း မေတ္တာမဖြစ်ဘူး။

www.burmeseclassic.com



မေတ္တာပို့မရွတ်ဘဲနဲ့လည်း သတ္တဝါတွေအပေါ် မေတ္တာထားရင် မေတ္တာက ဖြစ်တာပါပဲ။ မေတ္တာနဲ့ ပတ်သက်လို့ပြောရရင် မေတ္တာက အဒေါသ စေတသိက်ပဲဖြစ်တယ်။ ဒေါသမဖြစ်ဘူး။ မမုန်းဘူးပေါ့ဗျာ။ အဲဒါကိုက မေတ္တာဖြစ်နေပြီ”

ဟု ပြောဆိုကာ ပြားကြီးသည် အမဲအူပြုတ် ရောင်းသောဆိုင်သို့ ထွက်သွားလေတော့၏။ ထိုသို့ ထွက်သွားရင်း မောင်ဖေသော်ဘက်သို့ လှည့်ကာ. .

“စကားပုံကတော့ တစ်လုတ်စားဖူး သူ့ကျေးဇူးလို့ ဆိုထားတယ်။ အခုစားမှာက အမဲအူပြုတ်ဆိုတော့ တစ်လုတ်မဟုတ်ဘူး။ တစ်ဖတ်စားဖူး သူ့ကျေးဇူးလို့ ပြောရမလို ဖြစ်နေပြီ။ စကားပုံမှာက တစ်လုတ်စားဖူးပဲရှိတယ်ဆိုတော့ ကျေးဇူးမတင်တော့ဘူးနော်”

ဟု ပြောလိုက်လျှင် မောင်ဖေသော်က. .

“ဒါကြောင့်လည်း ကိုယ့်လူမျက်နှာက ဒီလောက်ပြားနေတာကိုး။ မျက်နှာပြားတဲ့သူတွေ ပါးအရိုက်ခံရမယ်ဆိုရင် ကိုယ့်လူက ရှေ့ဆုံးကပဲ။ ကဲ. . ကျုပ်သွားမယ်”

ဟု ပြောလိုက်လေ၏။ ပြီးလျှင် မောင်ဖေသော်သည် မြနန်းနွယ်၏အိမ်ကို မသွားတော့ဘဲ ဗိုလ်တထောင်စေတီတော်ဘက်သို့ ခြေကုန်

www.burmeseclassic.com



သုတ်၍ လျှောက်ခဲ့လေတော့၏။ စေတီတော်အဝသို့ရောက်လျှင် အင်္ကျီအပြာ၊ ထဘီအပြာကို ဝတ်ဆင်၍ ဖိနပ်အပြာကိုစီးကာ ဗေဒါပန်းကဲ့သို့ ပြာနှမ်း နှမ်းရှိသည့် ပန်းကိုပန်ထားသည့် မြနန်းနွယ်ကို တွေ့ရလေ၏။ သူ၏လက်ထဲတွင် ကြာပွင့်လေးပွင့်နှင့် ကြာဖူးလေးတစ်ဖူး ကိုင်ထားသည်ကို တွေ့ရ၏။ ထိုအချိန်၌ မီးများစတင်ထွန်းထားပြီးဖြစ်သောကြောင့် မီးများသည် မြနန်းနွယ်၏ ကိုယ်ပေါ်သို့ဖြာ၍ ကျနေသည်ကို တွေ့ရလေ၏။ ထို့အတူ နေဝင်စဖြစ်၍ အနောက်ဘက်မိုးကောင်းကင်တွင် တိမ်များတောက်နေသည်ဖြစ်ရာ ထို တိမ်များတောက်သောအရောင်သည် မြနန်းနွယ်၏ကိုယ်ပေါ်သို့ ကျနေ၏။ ထို တိမ်ရောင် မီးရောင်တို့ကြောင့် နဂိုကပင်လှသော မြနန်းနွယ်သည် ထူးထူးခြားခြား လှ၍နေ၏။ မောင်ဖေသော်သည် မြနန်းနွယ်ကိုမြင်လျှင် ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွား၏။ ထိုသို့ ထိတ်ခနဲသည် ကြည်နူးသွားသည်လား။ ကြေကွဲသွားသည်လား။ မဆိုနိုင်ပေ။ မြနန်းနွယ်သည် သူ၏နီရဲသော နှုတ်ခမ်းလေးကိုပင့်၍ သူ၏သွားအစွန်းကလေးများ ပေါ်ရုံမျှ ပြုံးလိုက်လေ၏။ ထိုသို့ ပြုံးပြီးနောက်. .

"အစ်ကို ဖေသော်ကြီးကို ဒီနေရာမှာ နွယ်ရှိတယ်လို့ ဘယ်သူက များ သတင်းပေးလိုက်ပါလိမ့်"

---

www.burmeseclassic.com



ဟု ပြောလိုက်လေ၏။

ထိုအခါ မောင်ဖေသော်သည် မြနန်းနွယ်အနီးသို့ တိုးကပ်သွားပြီးလျှင်. .

"နွယ် အစ်ကိုဖေသော်ကြီးလို့ ခေါ်လိုက်တာ ရင်ထဲမှာ နင့်ခနဲတောင် ဖြစ်သွားတယ်"

ဟု အသံကိုနှိမ့်၍ပြောလိုက်ရာ မြနန်းနွယ်က. .

"ဘယ်လို ခေါ်စေချင်လို့လဲ နွယ်ခေါ်ပါ့မယ်"

ဟု ပြောလိုက်ရာ မောင်ဖေသော်က. .

"မောင်လို့ ခေါ်ပါလို့ပြောရင်၊ ကိုယ့်အနေနဲ့ အတင့်ရဲမလား မဆိုနိုင်ဘူး"

ဟု ပြောလိုက်လျှင် မြနန်းနွယ်က. .

"ခေါ်ရမှာပေါ့ မောင်ရယ်။ နွယ်က မောင့်ကိုချစ်နေပြီပဲ"

ဟု ပြောလိုက်လျှင် မောင်ဖေသော်သည် မြေကြီးပေါ်တွင် ခြေစုံရပ်နေရင်း ကောင်းကင်ပေါ်သို့ မြောက်တက်သွားသည်ဟုပင် ခံစားရ၏။ ထို့ကြောင့် မောင်ဖေသော်က. .

"နွယ်ရယ် မောင်ကတော့ ကောင်းကင်ပေါ် မြောက်တက်တက်သွားတယ်တောင် ထင်တယ်"

www.burmeseclassic.com



ဟု ပြောလိုက်လေ၏။ ထိုအခါ မြနန်းနွယ်က. .

"ချစ်သူပြောတဲ့ စကားတွေဟာ ချိုရင် ဒီလိုပဲ ခံစားရတယ်မောင်၊ တစ်ခုတော့ ရှိတယ်မောင်ရေ၊ နွယ်တို့ မောင်တို့ရဲ့ အချစ်ဟာ အခုတွေ့ပြီး အခုချစ်တယ်လို့တော့ မထင်လိုက်နဲ့နော်။ သံသရာ တစ်လျှောက်လုံးမှာ ဒီလိုပဲချစ်ခဲ့ကြတယ်။ အဲဒါ မောင်သိရဲ့လား ဟင်. . "

ဟု ပြောလိုက်လေ၏။ မြနန်းနွယ်၏ နောက်ဆုံး 'ဟင်' ဆိုသော စကားကို စာဖြင့်ရေးပြ၍ မရပါ။ အင်နှင့်ဟင်ကြားထဲမှ အသံဖြစ်၏။ ထိုအသံလေးသည် မောင်ဖေသော်၏နှလုံးသည်းပွတ်အား လှုပ်ယမ်းစေခဲ့သော အသံကလေးဖြစ်၏။

"နေစမ်းပါဦး နွယ်ရယ်၊ ကြာပွင့်က ငါးပွင့်ဆိုရင်လည်း ငါးပွင့် ပေါ့။ ဘာဖြစ်လို့ အဖူးလေးက တစ်ဖူးဖြစ်နေရတာလဲ၊ ပွင့်ဖတ် ကလေးတွေ မောင်လှန်ပေးမယ်"

ဟု ပြောလိုက်လျှင် မြနန်းနွယ်က. .

"ဟင့်အင်း. . ဟင့်အင်း. . တမင်ကလာကို ဒီလိုလုပ်ထားတာ။ ပွင့်နေတဲ့ ကြာပွင့်လေးပွင့်က ပွင့်တော်မူပြီးတဲ့ ဘုရားလေးဆူကို ရည်ရွယ်တာ၊ မပွင့်သေးတဲ့ ကြာဖူးလေးက မပွင့်သေးတဲ့ ဘုရား

www.burmeseclassic.com



ကို ရည်ရွယ်တာ။ နွယ်နဲ့ မောင်တို့က နောက်ဘုရားပွင့်တဲအခါမှာ ဘုရားအတူတူဖူးကြမယ်။ ဘုရားပွင့်ရင် ဘုရားဖူးပြီး သံသရာရဲ့ ဟိုဘက်ကမ်းတိုင်အောင်သွားကြမယ်။ သံသာလေကမ်းတိုင်ဆိုတဲ့ သီချင်းကို မောင် မကြားဖူးဘူးလား”

ဟု ပြောလိုက်ရာ မောင်ဖေသော်က

“အမှန်အတိုင်း ပြောမယ်နွယ်၊ မောင်က စာသိပ်မဖတ်ဘူး။ တုံးလည်း တုံးတယ်။ အ,လည်း အ,တယ်။ ရှင်းရှင်းလင်းလင်းပြောမှ မောင်က နားလည်တာ မောင်က လူနုံပါကွယ်”

ဟု ပြောလိုက်လျှင် မြနန်းနွယ်က. .

“အဲဒီ မောင်တို့လို လူနုံတွေကိုပဲ ကြောက်ရတာ၊ လူနုံတွေက တစ်ချို့ကွယ်ရင် တမယ်မေ့တတ်တယ်”

ဟု ပြောလိုက်လေ၏။ ထိုအခါ မောင်ဖေသော်က. .

“အဲဒီအထဲမှာ မောင်မပါဘူး။ နွယ့်ကို မောင်ကတော့ နွယ်အခုန က ပြောတဲ့ သံသရာဟိုဘက်ကမ်းကို ကူးတဲ့အထိ မေ့မှာ မဟုတ်ဘူး နော်၊ အဲဒီတော့ နွယ်ရယ် သံသာလေကမ်းတိုင် . . . ကူးကြမယ် တူစုံမောင်နှံ့. . ဆိုတာ မကြားဖူးဘူးလား”

ဟု ပြောလိုက်လျှင် မြနန်းနွယ်က. .

www.burmeseclassic.com



"စောစောတုန်းကတော့ လူအ၊ လူနုံဆို အခုတော့ နွယ်ပြောတဲ့ သီချင်းကို ဆက်ပြီးတောင် ပြောနိုင်သေးတယ်။ ဒီအပြောမျိုးနဲ့ မိန်းမဘယ်နှစ်ယောက်ရဲ့ နှလုံးသည်းပွတ်ကို ခြေမွခဲ့ပြီးပြီလဲ မောင်ရယ်"

ဟု ပြုံးစစနှင့် မေးလိုက်ရာ မောင်ဖေသော်က. .

"မမှန်မကန် အကြံတစ်မျိုးနဲ့ ရိုးရိုးမချစ် ဆိုးညစ်ခဲ့ရင် မောင့်ကို မိုးကြိုးပစ်ပါစေ"

ဟု ပြောလိုက်လျှင် မြနန်းနွယ်က. . .

"ဆောင်းတွင်းကြီးပါ မောင်ရယ် မိုးကြိုးမပစ်ပါဘူး။ ကျိန်ချင်ရင်တော့ မိုးဦးကျမှ ကျိန်ပြပါ"

ဟု ပြောလိုက်လျှင် မောင်ဖေသော်က. .

"ကျိန်ပါ့မယ် နွယ်ရယ်၊ နွယ့်အပြင် နွယ့်ထက်ဦးတဲ့သူရှိခဲ့တယ်ဆိုရင် မောင်ဟာ ငရဲမှ သစ်ငုတ်ဖြစ်ရပါစေရဲ့။ ပြီးတော့အချစ်ဆိပ်သင့်ပြီး မျက်စိနှစ်ကွင်း အလင်းမရပါစေနဲ့"

ဟု ပြောလိုက်လျှင် မြနန်းနွယ်က. . .

"အိုး မောင်ကလည်း ဘာတွေလျှောက် ကျိန်နေတာလဲ။ ဒီလောက်တောင် ကျိန်ပြဖို့ မလိုပါဘူး။ မောင့်ကို နွယ်ယုံပါတယ်။ ကဲ. . လာ. . ဘုရားကို ပန်းသွားကပ်ကြရအောင်"

www.burmeseclassic.com



ဟုဆိုကာ မြနန်းနွယ်သည် မောင်ဖေသော်၏ လက်မောင်းကို ကိုင်လျက် သူ၏ကိုယ်လုံးလေးကို လှုပ်လှီလှုပ်လဲ့ ဖြစ်စေလျက် ဘုရားရင်ပြင်တွင် ခပ်သုတ်သုတ်ကလေးလျှောက်သွားလေ၏။ ထို့နောက် မြနန်းနွယ်က. .

"ဒီမှာ မောင်။ မောင်ကကြာသပတေးသားဆိုတော့ ကြာသပတေးထောင့်မှာ ပန်းကပ်ရမယ်။ နွယ်ကလည်း ကြာသပတေးသမီးပဲ။ ဒါပေမယ့် ဒီတစ်ခါ ကြာပန်းတွေကို မောင်ပဲ ကပ်လိုက်ပါလေ။ မောင် ကြာပန်းကပ်နေတာကို နွယ်က ဟိုနောက်ကကြည့်ပြီး ကြည်နူးစမ်းပါရစေ မောင်ရယ်"

ဟု ပြောလိုက်လျှင် မောင်ဖေသော်က. .

"နှစ်ယောက်အတူတူထိုင်ပြီးတော့ ဘုရားဝတ်ပြုကြမယ်လေ။ ဘာဖြစ်လို့ နွယ်က ရပ်နေရမှာတုံး"

ဟု ပြောလိုက်ရာ မြနန်းနွယ်က. .

"နွယ်ပြောသလိုသာ လုပ်စမ်းပါ မောင်ရယ်။ ညနေ တိမ်တောက်တဲ့ အရောင်အောက်မှာ နွယ်ချစ်တဲ့ မောင်တစ်ယောက်ကြာပန်းတွေကိုင်ပြီး စေတီတော်ကို ညွတ်တွားနေတာကို နွယ်က ဘေးကနေကြည့်နေချင်လို့ပါ"

www.burmeseclassic.com



ဟု ပြောလိုက်ပြန်ရာ မောင်ဖေသော်က. .

"ရပါတယ်နွယ်ရယ်၊ နွယ်က မောင့်ကို တကယ်ချစ်တာကိုး"

ဟု ပြောလိုက်လေ၏။ ထိုအခါ မြနန်းနွယ်က

"ချစ်ပြီလား မောင်ရယ်၊ ချစ်တယ်ဆိုတော့ တစ်ခါတည်းပြောထားမယ်။ နွယ်တို့ မိန်းမတွေဟာ အူတိုတယ်ပဲ ပြောရမလား။ သဝန်ကြောင်တယ်ပဲ ပြောရမလား။ ကိုယ်ချစ်တဲ့ ယောကျ်ားကိုတော့ တခြားမိန်းကလေးက လာပြီးချစ်သွားမှာ သိပ်ပြီးစိုးရိမ်ကြတယ်။ အဲဒီအထဲမှာ နွယ်လည်းပါတယ်။ တခြားမိန်းကလေးက မောင့်နားက ဖြတ်လျှောက်သွားပြီး မောင့်ရဲ့ကိုယ်ငွေ့နွေးနွေးကလေးကို တိတ်တဆိတ် ခိုးယူသွားမှာကိုလည်း နွယ်က ကြောက်တယ်။ ပြီးတော့ မကြည့်သလို ကြည့်သလိုနဲ့ မောင့်ကိုခိုးကြည့်သွားမှာကိုလည်း နွယ်က စိုးရိမ်တယ်"

ဟု ပြောလိုက်ရာ မောင်ဖေသော်က. .

"စိတ်ချ တာမွေဘက်မှာ သံပန်း၊ သံတံခါးလုပ်တဲ့ အလုပ်ရုံရှိတယ်။ အဲဒီမှာ သံကွန်ချာကြီး သွားလုပ်ခိုင်းမယ်။ ပြီးတော့ နွယ်နဲ့မောင် အထဲမှာ ဝင်နေကြမယ်"

ဟု ပြောလိုက်လေ၏။ ထိုအခါ မြနန်းနွယ်က. .

www.burmeseclassic.com



"ဒီလိုဆိုတော့လည်း ဘယ်ကောင်းမလဲ မောင်ရယ်၊ နှစ်ယောက်စလုံး ထောင်ကျသလို ဖြစ်နေမှာပေါ့။ မောင်ပဲ အထဲမှာနေပါ။ နွယ်က အပြင်ကနေ လိုအပ်တာတွေ လုပ်ပေးမှာပေါ့"

ဟု ပြောလိုက်လျှင် မောင်ဖေသော်က. .

"အဲသလိုဆိုရင် မောင်တစ်ယောက်တည်း ထောင်ကျသလို ဖြစ်နေမှာပေါ့"

ဟု ပြောလိုက်ရာ မြနန်းနွယ်က. .

"အမှန်ပေါ့ မောင်ရယ်၊ မောင့်ကို အိမ်ကြီးပေါ်က ထောင်ကျအောင် လုပ်ရမယ်။ အဲဒါကို အိမ်ထောင်ကျတယ်လို့ ပြောတာမဟုတ်လား"

ဟု ပြောလိုက်လျှင် မောင်ဖေသော်က. .

"အဲဒီထောင်မျိုးတော့ မောင်ကျချင်တာ ကြာပြီ"

ဟု ပြောလိုက်လေ၏။

"ကဲပါ မောင်ရယ်။ စကားတွေ ပြောမနေပါနဲ့။ ဘုရားဝတ်ပြုပါ။ နွယ် ဟိုနားက ကြည့်နေမယ်"

ဟု မြနန်းနွယ်က ပြောလိုက်ရာ မောင်ဖေသော်သည် ကြာပန်းများကို ကိုင်၍ မြတ်စွာဘုရားအား ကြည်ညိုဝပ်တွားကာ ပန်းများ ကပ်

www.burmeseclassic.com



လှူလိုက်လေတော့၏။ ထို့နောက် နွယ်နှင့်ပေါင်းရရန် ဆုတောင်းလေတော့၏။ ပြီးလျှင် ကြာပန်းများကို ဘုရားပန်းအိုးသို့ သွား၍ စိုက်လိုက်လေတော့၏။ ထိုသို့ ပြုလုပ်ပြီးနောက် မောင်ဖေသော်သည် မြနန်းနွယ်ဆီသို့ လျှောက်၍ သွား၏။ မြနန်းနွယ်သည် မောင်ဖေသော်၏ လက်ဖျားနှစ်ဖက်ကို ဆုပ်ကိုင်လိုက်၏။ ပြီးလျှင်

"ဒီမှာမောင် မောင်တို့ယောကျ်ားတွေဟာ မာန်မာနကြီးတတ်ကြတယ်။ ဒါပေမယ့် မောင်ဟာ ဘုရားဝတ်ပြုတဲ့အခါမှာ ဖူးမြော်မာန်လျှော့လို့ဆိုတဲ့ အတိုင်း မာန်လျှော့ချလိုက်တော့ မောင့်မျက်နှာမှာ အလှတွေ တွေ့ရတယ်။ အဲဒါတွေဟာ ယောကျ်ားတစ်ယောက်ရဲ့ တည်ကြည်မှု၊ ရင့်ကျက်မှု၊ မာန်မာနမရှိမှု ဆိုတဲ့ အရာသုံးမျိုးပေါင်းစပ်ပြီး ယောကျ်ားတစ်ယောက်ရဲ့ အလှတစ်မျိုးကို နွယ်တွေ့ရတယ်။ ဘုရားကို မာန်လျှော့ပြီး ရှိခိုးနေတဲ့ မောင့်ရဲ့မျက်နှာဟာ တန်ဆောင်မုန်းလပြည့်နေ့ညမှာသာတဲ့ လမင်းကြီးလိုပါပဲ မောင်ရယ်"

ဟု ပြောလိုက်ရာ မောင်ဖေသော်က. .

"မောင် အခုဘာတွေ ဆုတောင်းခဲ့သလဲ သိလား"

ဟု မေးလိုက်ရာ မြနန်းနွယ်က. .

www.burmeseclassic.com



"နွယ်နဲ့ပေါင်းရပါစေသားလို့ ဆုတောင်းမှာပေါ့။ တခြား ဘာတွေများ ဆုတောင်းစရာရှိလို့လဲ"

ဟု ပြောလိုက်ရာ မောင်ဖေသော်က. .

"အမှန်ပဲ နွယ်ရေ၊ အဲဒီအတိုင်း ဆုတောင်းတယ်"

ဟု ဝန်ခံလိုက်လေ၏။ မြနန်းနွယ်သည် မောင်ဖေသော်၏ လက်ကိုကိုင်၍ စေတီတော်အပြင်ဘက်ဆီသို့ လျှောက်လာခဲ့လေ၏။ လမ်းတွင် မြနန်းနွယ်က. .

"နွယ်ကတော့ မောင့်ရဲ့မေတ္တာကို ရချင်တာ ဒီတစ်ဘဝတစ်လျှောက် မဟုတ်ဘူးနော်။ သံသရာရဲ့ ဟိုဘက်ကမ်းကို ကူးတဲ့အထိ ရချင်တာ။ ပြီးတော့ နွယ်က အခုအရွယ်မှာတော့ လှသေးတာပေါ့။ အသက်ကြီးလို့ အဘွားကြီးဖြစ်ပြီး ခါးတွေကိုင်း၊ နားတွေထိုင်းတဲ့ အရွယ်မှာကော မောင်က ဒီအတိုင်း ချစ်နေမှာလား"

ဟု မေးလိုက်ရာ မောင်ဖေသော်က. .

"တခြား ယောကျ်ားတွေတော့ မပြောတတ်ဘူးနွယ်ရေ။ မောင့်အချစ်ကတော့ လျော့သွားဖို့မရှိပါဘူး။ တဖြည်းဖြည်း တိုးသွား ဖို့ပဲ ရှိပါတယ်။ ငယ်ကချစ် အနှစ်တစ်ရာဆိုရင် ကြီးလာတဲ့အခါ မှာ အနှစ်တစ်ထောင်ပေါ့နွယ်ရယ်။ အခုမောင်ပြောတဲ့ စကား တွေကို

www.burmeseclassic.com



နွယ့်စိတ်ထဲမှာ အပိုတွေလို့ ထင်ရင် နွယ့်အနေနဲ့ မောင့် ကို စမ်းနိုင်ပါတယ်”

ဟု ပြောလိုက်ပြန်ရာ မြနန်းနွယ်က

“မစမ်းရက်ပါဘူး မောင်ရယ်။ ကိုယ့်ကိုချစ်တာကို မယုံလို့ ကိုယ်ချစ်တဲ့ ယောကျ်ားကို စမ်းသပ်မယ်ဆိုတာ ရက်စက်ရာကျလှပါတယ်။ စမ်းလည်း မစမ်းရက်ပါဘူး။ စမ်းလည်း မစမ်းချင်ပါဘူး။ နွယ်ယုံပါတယ်။ တစ်ခုတော့ ရှိတယ်။ နွယ်နဲ့ မောင်တို့ကြားမှာ ဒေါ်စာဥကြီးက နှောင့်ယှက်မှာ။ ဒီမိန်းမကြီးက နွယ့်အုပ်ထိန်းသူတွေကို တိုင်ချင်တိုင်မှာ”

ဟု ပြောလိုက်လျှင် မောင်ဖေသော်က. .

“နွယ့်မှာ အုပ်ထိန်းသူ ဟုတ်လား။ ရှိသလား။ ဘယ်သူတွေလဲ ”

ဟု မေးလိုက်ရာ မြနန်းနွယ်က. .

“အုပ်ထိန်းသူရှိတာပေါ့ မောင်ရယ်။ ဘိုးဘိုးချုပ်ဆိုတာ နွယ့်ရဲ့ အုပ်ထိန်းသူပေါ့။ နွယ်အမှားလုပ်မိတာနဲ့ နွယ့်ကိုဆုံးမတယ်။ တစ်ခါတလေ အပြစ်ဒဏ်တွေ၊ ဘာတွေပေးတယ် မောင်ရဲ့။ ဘယ်သူနဲ့မှ မတွေ့ရအောင် အလွန်နက်တဲ့တွင်းကြီးထဲကို ချချင်ချထားတာ”

---

www.burmeseclassic.com



ဟု ပြောလိုက်ရာ မောင်ဖေသော်က. .

"ဘယ်လောက်ကြာကြာ ချထားသလဲ"

ဟု မေးလိုက်လျှင်. .

"သိပ်အကြာကြီးတော့ မဟုတ်ပါဘူး။ တစ်ခါချရင် တစ်ရာ့ရှစ်နှစ်ကြာတယ်"

ဟု ပြောလိုက်ရာ မောင်ဖေသော်က. .

"ဟင်"

ဟု ယောင်ယမ်း၍ ရေရွတ်လိုက်မိလေတော့၏။

မောင်ဖေသော်သည် မြနန်းနွယ်၏ လက်ကလေးကို အသာအယာ ဆုပ်ကိုင်လိုက်လေ၏။ ထို့နောက် ဗိုလ်တထောင်ဆိပ်ကမ်းဘက်ဆီသို့ ဦးတည်၍ ဆွဲခေါ်လေ၏။ မြနန်းနွယ်လည်း အလိုက်သင့်ကလေး လိုက်ပါခဲ့၏။

မြစ်ဘက်မှ ဖြတ်၍တိုက်လာသော လေကြောင့် မြနန်းနွယ်၏ ဆံပင်များသည် လေထဲတွင် ဝဲပျံ၍ နေလေ၏။ ထို့နောက် မောင်ဖေသော်က

"ဒီနေ့ ကျောင်းမှာ ဘာဖြစ်သလဲဆိုတာ နွယ့်ကိုမောင်ပြောပြမယ်"

ဟု စကားစလိုက်လျှင် မြနန်းနွယ်က. .

www.burmeseclassic.com



"စာသင်တာကို စိတ်မဝင်စားဘဲ အပြင်ကိုငေးနေလို့ ဆရာပါကြီး က မောင့်နားရွက်ကို လာပြီးဆွဲလိမ်တယ်မဟုတ်လား"

ဟု ပြောလိုက်လေ၏။ မောင်ဖေသော်သည် မြနန်းနွယ်၏မျက်နှာကို သေချာစွာ ကြည့်လိုက်လေ၏။ ထိုသို့ ကြည့်ပြီးနောက်. .

"နွယ်က အဲဒါကို ဘယ်လိုလုပ်ပြီးသိနေရတာလဲ"

ဟု မေးလိုက်လေ၏။

"သိတာပေါ့ မောင်ရယ်။ နွယ်က မောင့်ကို ချစ်နေတာကိုး။ အဲဒီတော့ ဘယ်လောက်ချစ်သလဲလို့ ပြောလိုက်ဦးမယ်။ နွယ်ရယ်၊ မောင်ရယ်ဆိုပြီး နှစ်ယောက်မဟုတ်တော့ဘူး။ တစ်ယောက်တည်း ဖြစ်သွားတယ်။ နွယ်လည်း မောင်ပဲ။ မောင်လည်းနွယ်ပဲ။ အဲဒီတော့ မောင်ဘာဖြစ်နေတယ်ဆိုတာဟာ နွယ်ဘာဖြစ်နေသလဲ ဆိုတာနဲ့အတူတူပဲပေါ့ မောင်ရယ်။ အဲဒီတော့ ဆရာပါကြီးက မောင့်ရဲ့နားရွက်ကို ဆွဲလိမ်လိုက်တာဟာ မောင်တစ်ယောက်တည်း နာတာမှမဟုတ်ပဲ။ နွယ်လည်းနာတယ်"

ဟု ပြောလိုက်လေ၏။ မောင်ဖေသော်သည် နွယ်၏လက်ကလေးကို တိုး၍ညှစ်လိုက်လေ၏။

ညှစ်ပြီးလျှင်ပြီးချင်း ဂငင်းကပင် "အား" ဟု အော်လိုက်လေ၏။

---

www.burmeseclassic.com



ထိုအခါ မြနန်းနွယ်က. .

"နွယ်က အော်ရမှာ ဘာဖြစ်လို့ မောင်က အော်နေရတာတုံး"

ဟု ပြောလိုက်လျှင် မောင်ဖေသော်က. .

"နွယ်နဲ့မောင်နဲ့က နှစ်ယောက်မဟုတ်ဘူးလေ။ တစ်ယောက်တည်းပဲ ဥစ္စာ၊ နွယ်နာရင် မောင်လည်းနာတာပေါ့"

ဟု ပြောလိုက်လျှင် မြနန်းနွယ်က. .

"ဟွန်း. . တတ်တယ်"

ဟု နှုတ်ခမ်းကလေး စူ၍ မျက်စောင်းကလေးထိုးကာ ပြောလိုက်လေ၏။ ထို့နောက် မောင်ဖေသော်နှင့် မြနန်းနွယ်တို့သည် ဗိုလ်တထောင်ဆိပ်ကမ်းတွင် အချိန်အတော်ကြာနေကြလေ၏။

"သိပ်ပြီး မှောင်လာပြီမောင်ရေ။ အချိန်ကိုလည်း ဂရုစိုက်ဦး"

ဟု ပြောလိုက်လျှင် မောင်ဖေသော်က. .

"အချစ်မှာ အချိန်မရှိဘူး"

ဟု ပြန်၍ ပြောလိုက်လေ၏။

"အဲဒီလို မပြောပါနဲ့မောင်ရယ်။ နွယ်တို့အိမ်က လူကြီးတွေ သိသွားလို့ရှိရင် ဒုက္ခရောက်ကုန်ပါ့မယ်"

ဟု မြနန်းနွယ်က ပြောလျှင် မောင်ဖေသော်က. .

www.burmeseclassic.com



"အချစ်မှာ ဒုက္ခမရှိဘူး"

ဟု ပြန်၍ ပြောလိုက်လေ၏။ မြနန်းနွယ်သည် ခြေထောက်နှစ်ဖက်ကို ညင်ညင်သာသာ မြေကိုဆောင့်၍ ဆောင့်၍နင်းရင်း. .

"ဒါဖြင့်မောင်ရယ်၊ အချစ်မှာ ဘာရှိသလဲ"

ဟု မေးလိုက်ရာ မောင်ဖေသော်က. .

"ဘာရှိရမလဲ နွယ်ရယ်၊ အချစ်မှာ အချစ်ပဲရှိတာပေါ့။ အချစ်ကို သုံးခွက်တစ်ခွက်တင်ကျိုရင်လည်း အချစ်ပဲရမယ်။ အချစ်ကို အဆီညှစ်ရင်လည်း ထွက်လာမယ့် ဆီဟာ အချစ်ပဲဖြစ်မယ်။ အချစ်ကို ရွှေချွတ်သလို ငရဲမီးနဲ့ချွတ်ရင်လည်း အချစ်ပဲရမယ်။ ဘာဖြစ်လို့လဲဆိုတော့ အချစ်ဟာ ဓာတ်ပေါင်းမဟုတ်ဘူး။ ဓာတ်သေပဲဖြစ်တယ်။ ဒါဟာလည်း အချစ်စစ်အချစ်မှန်ကို ပြောတာပါ။ အချစ်တုအချစ်ယောင်ဆိုရင်တော့ ချစ်ဒုက္ခငရဲမီးစားလိုက်တာနဲ့ အခိုးအငွေ့တွေဖြစ်ပြီး ပျောက်သွားမှာ။ မောင့်အချစ်က ဒီလိုမျိုးမဟုတ်ဘူး။ ကြိုက်တဲ့ ငရဲမီးနဲ့စားပါ။ အပြင်းဆုံး အကျွာရဂျာ ငရဲမီးနဲ့စားရင်တောင် အစားခံနိုင်မယ့် အချစ်ပါ"

ဟု ပြောလိုက်လျှင် မြနန်းနွယ်က. . .

"ဟွန့်. ."

www.burmeseclassic.com



ဟု ဆိုကာ မျက်စောင်းကလေးတစ်ချက်ထိုးရင်း. .

"သူ သိပ်တတ်တယ်"

ဟု ပြောလိုက်လေ၏။ ထိုအချိန်၌ လူတစ်ယောက်သည် အနီးသို့ ရောက်လာပြီးလျှင်. .

"လေညင်းခံရင်း သမ္ဗန်စီးကြမလား. ."

ဟု မေးလိုက်လေ၏။ မောင်ဖေသော်က နွယ်၏မျက်နှာကို လှမ်း၍ ကြည့်လိုက်၏။ နွယ်ကလည်း မောင်ဖေသော်၏ မျက်နှာကို ရွှန်းလဲ့ဝင်းပသော မျက်လုံးကြီးများဖြင့် ကြည့်လိုက်၏။ ထိုအကြည့်၌ အဓိပ္ပာယ်ပါ၏။ ထိုအဓိပ္ပာယ်မှာ 'မောင့်သဘောပဲ' ဟူ၍ ဖြစ်တန်ရာ၏။ ထိုအခါ မောင်ဖေသော်သည် နွယ်၏လက်ကိုဆွဲ၍. .

"ကဲ. . သမ္ဗန်ဆရာရေ. . ဘယ်မလဲ ခင်ဗျား သမ္ဗန်"

ဟုမေးလိုက်ရာ သမ္ဗန်ဆရာ သမ္ဗန်ကိုညွှန်ပြလေ၏။ မောင်ဖေသော်နှင့် မြနန်းနွယ်တို့သည် သမ္ဗန်ပေါ်တက်ကြလေ၏။ ပြီးလျှင် နှစ်ဦးယှဉ်တွဲ၍ ထိုင်ကြလေ၏။ မောင်ဖေသော်က မြနန်းနွယ်အား ဖက်ထား၏။ သမ္ဗန်ဆရာလည်း. . 'ကျွီး. . . ကျော့. . . ကျွီး. . . ကျော့' ဖြင့် ခတ်သွားလေတော့၏။

မြနန်းနွယ်သည် သူ၏ဦးခေါင်းကို မောင်ဖေသော်၏ ရင်ခွင်တွင်း

www.burmeseclassic.com



သို့ ထိုးနှစ်ထား၏။ မောင်ဖေသော်က မြနန်းနွယ်၏တစ်ကိုယ်လုံးကို သိုင်း၍ဖက်ထား၏။ မြနန်းနွယ်သည် တခစ်ခစ်ရယ်မောရင်း. .

"မောင်ရယ်. . ဒီအချိန်လေးဟာ တစ်ကမ္ဘာဆိုရင် ဘယ်လောက်ကောင်းမလဲ။ ကြည်နူးရတဲ့အချိန်ကလေးမဟုတ်လား။ ဆွတ်ပျံ့ရတဲ့အချိန်ကလေးမဟုတ်လား"

ဟု ပြောလိုက်သည်။ မောင်ဖေသော်က. .

"ဒီလိုဆိုရင်လည်း ဒီအချိန်လေးကို နွယ့်အနေနဲ့ တစ်ကမ္ဘာလို့ သတ်မှတ်လိုက်ပါကွယ်။ တစ်ကမ္ဘာဖြစ်သွားပါလိမ့်မယ်"

ဟု ပြောလိုက်လျှင် မြနန်းနွယ်က ရယ်လေ၏။ ထိုအချိန်၌ သမ္ဗန်သမားက. .

"စဥ့်အိုးတန်းဆိပ်ကမ်းအထိ ခတ်မယ်နော်"

ဟု မေးလိုက်ရာ မောင်ဖေသော်က. .

"ဖြစ်နိုင်ရင် ပစိဖိတ်သမုဒ္ဒရာထဲအထိ ခတ်သွားစမ်းပါ ကိုယ့်လူရာ။ ချစ်သမုဒ္ဒရာထဲမှာ ချစ်သမ္ဗန်လေးစီးသွားရတာ ဘယ်လောက်အရသာရှိမယ်လို့ ကိုယ့်လူထင်သလဲ"

ဟု မေးလိုက်ရာ သမ္ဗန်သမားက ရယ်လေ၏။

"ကျူပ်သမ္ဗန်ကို ချစ်သူနဲ့အတူစီးတဲ့လူတိုင်းဟာ ဒီလိုပဲ ပြောကြ

www.burmeseclassic.com



တာချည်းပဲ။ ပြီးတော့လည်း အခြားမိန်းမတစ်ယောက်နဲ့ ဒီသမ္ဘန်ကိုပဲ ပြန်ရောက်လာတတ်ကြတာပဲ”

ဟု ပြောလိုက်ရာ မောင်ဖေသော်သည် အူကြောင်ကြောင်ဖြစ်သွား၏။

“ကိုယ့်လူကတော့ လုပ်ပြီ”

ဟု ပြောလိုက်လျှင် သမ္ဘန်သမားက. .

“ဒါက အဖြစ်ပြောပြတာပါ ဆရာရယ်။ အဲဒီလိုပဲ မိန်းမတွေကလည်း ယောကျ်ားတစ်ယောက်နဲ့ ဒီသမ္ဘန်ကိုစီးပြီးရင် နောက်ယောကျ်ားတစ်ယောက်နဲ့ ဒီသမ္ဘန်ကို ပြန်ရောက်လာတတ်ကြပါသေးတယ်”

ဟု ပြောလိုက်ရာ မြနန်းနွယ်က. .

“ဒီမှာ သမ္ဘန်ဆရာကြီး။ ဒီက ဒီလိုအစားမျိုးထဲက မဟုတ်ပါဘူးနော်။ စကားကိုကြည့်ပြောပါ။ ဒီက ယောကျ်ားတစ်ယောက်တည်းကိုပဲ ချစ်ဖူးတာ။ လပြည့်မှ တစ်ကြိမ်သာပွင့်ပြီး ကြွေကျသွားတတ်တဲ့ ကုမုဒြာကြာမျိုးလို ဒီကအသည်းက တစ်ကြိမ်သာ ချစ်တတ်ပါတယ်”

ဟု ပြောလိုက်လေ၏။ ထိုအခါ သမ္ဘန်သမားက. .

www.burmeseclassic.com



"ဟိုတစ်ခါ သမ္မွန်စီးသွားတဲ့ မိန်းမတစ်ယောက်လည်း ဒီလိုပဲ ပြောတာပဲ။ နောက် တစ်လ၊ နှစ်လလောက်ကြာတော့ တခြား ယောက်ျားတစ်ယောက်နဲ့ ဒီသမ္မွန်ကို လာစီးပြန်ရတာပဲ။ ပြီးတော့ အဲဒီစကားမျိုး ပြောသွားတာပါပဲ"

ဟု ပြောလိုက်ရာ မြနန်းနွယ်က. .

"ဒီမှာ သမ္မွန်ဆရာကြီး။ ကျွန်မကို ရှင်ယုံဖို့မလိုဘူး။ ကျွန်မချစ်တဲ့ မောင် ယုံရင်ပြီးတာပါပဲ။ မောင့်ကိုတော့ ကျိန်ပြမယ်။ နွယ် ဟာ မမှန်မကန်တဲ့ အချစ်မျိုးနဲ့ မောင့်ကိုချစ်မိရင် ဖြစ်လေရာ ဘဝတိုင်းမှာ မိန်းမချည်းပဲဖြစ်ပါစေသတည်း။ ပြီးတော့ လင် မရပါစေသတည်း။ လင်လိုချင်သောအခါ၌လည်း ယူဇနာတစ်ရာ ဝေးသော ကန္တာရခရီးကို အဖော်မပါ တစ်ဦးတည်း ခြေကျင် သွားပြီး သစ်ငုတ်တိုပေါ်မှာ ဆောင့်ကြောင့်ထိုင်နေတဲ့ လင်အို လင်မင်းကို အခြားသော လင်ငတ်မသုံးဦးနှင့် နပန်းလုံးပြီး လုယူ ရပါစေသတည်း"

ဟု ကျယ်လောင်စွာ ကျိန်ပြလိုက်ရာ သမ္မွန်သမားသည် တဟား ဟားရယ်မောရင်း. .

"ဒီကျိန်နည်းက ပုဂံခေတ်က ကျိန်တဲ့နည်း။ ဒီခေတ်မှာ ဒီလို

www.burmeseclassic.com



ကျိန်နည်းမျိုး မရှိဘူး။ သမိုင်းကျောက်စာအချို့မှာ ပုဂံခေတ်က ကျိန်တဲ့ ကျိန်စာလေ့တွေ တွေ့ရတတ်တယ်။ အခု ခင်ဗျား ကျိန်တာမျိုးပေါ့”

ဟု ပြောလိုက်လျှင် မောင်ဖေသော်က. . .

“သမ္မန်ဆရာ၊ ခင်ဗျား ကျောက်စာ လိုက်စားသလား”

ဟု မေးလိုက်ရာ သမ္မန်သမားက. .

“ဟင့်အင်း. . ကျောက်စာ မလိုက်စားပါဘူး။ ထမင်းပဲ လိုက်စားတယ်”

ဟု အရွှန်းဖောက်လိုက်လေ၏။ ထို့ကြောင့် ၎င်းတို့သုံးဦးသည် ဝါးခနဲ ရယ်မောလိုက်ကြ၏။ ၎င်းတို့၏ရယ်မောသံသည် ရန်ကုန်မြစ်ရိုးတစ်လျှောက် ပျံ့နှံ့သွားလေတော့၏။

ထို့နောက်တွင်ကား သမ္မန်ဆရာသည် တိတ်ဆိတ်စွာ သမ္မန်ခတ်၏။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေ၏။ မြနန်းနွယ်သည် မောင်ဖေသော်၏ရင်ခွင်ထဲတွင် သူ၏ဦးခေါင်းကို နှစ်မြှုပ်ထားရင်း တွတ်တီးတွတ်တာပြော၍ လိုက်ပါလာလေ၏။ မောင်ဖေသော်သည် မြနန်းနွယ်၏ နဖူးပေါ်တွင် ဝဲကျနေသော ဆံစကလေးများကို လက်ဖြင့် အသာအယာ သပ်ပေးနေ၏။

www.burmeseclassic.com



ထိုအချိန်၌ လထွက်လာပြီဖြစ်၏။

လရောင်သည် ရန်ကုန်မြစ်၏ လှိုင်းကြက်ခွပ်များပေါ်တွင် တဝင်းဝင်းတောက်ပလျက် ပြေးလွှားဆော့ကစားနေ၏။ ထိုလရောင်နှင့်အတူ မောင်ဖေသော်နှင့် မြနန်းနွယ်တို့၏စိတ်များသည် မရပ်မနားပြေးလွှားဆော့ကစားနေကြပြီဖြစ်၏။ ထို့ကြောင့် မောင်ဖေသော်၏ လည်ချောင်းသည် တံတွေးများခန်းခြောက်ကာ ပူလောင်လာ၏။ ပူလောင်လာသည်နှင့်အမျှ အသံသည်လည်း အက်ရှရှဖြစ်လာ၏။ ထိုအက်ရှရှအသံကြီးဖြင့်. .

"မောင် နွယ်နဲ့ မခွဲချင်တော့ဘူး"

ဟု ပြောလိုက်ရာ သမ္ဗန်သမားက. .

"ခင်ဗျားအသံကြီးက ဘယ်လိုဖြစ်သွားတာလဲ"

ဟု ဝင်၍ပြောလိုက်လျှင် မောင်ဖေသော်သည် အလွန်စိတ်ဆိုးသွား၏။

"သမ္ဗန်သမားထဲမှာ ကိုယ့်လူ အညံ့ဆုံးပဲ။ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စတွေမှာ ဝင်ပြီးပါနေတာကိုး"

ဟုပြောလိုက်လျှင် သမ္ဗန်သမားသည် ရယ်လေ၏။

"စိတ်မဆိုးပါနဲ့ မိတ်ဆွေရာ။ ကျုပ်က ပျော်တတ်လို့ပါ။ ပြော. .

www.burmeseclassic.com



ပြော. . ပြော. . ကျုပ်ကလည်း ဘိုင်စကုပ်မကြည့်ရတာ ကြာပြီဆိုတော့ ခင်ဗျားတို့နှစ်ယောက်ကိုကြည့်ရင်း သမွှန်ခတ်မယ်”

ဟု ပြောလိုက်လေ၏။ မောင်ဖေသော်သည် နွယ့်အား အသံအက်ကြီးဖြင့် စကားပြော၍နေလေ၏။

“နွယ်. . . မောင်လေ နွယ်နဲ့အတူ အခုလို အမြဲတမ်း နေချင်တယ်”

ဟု ပြောလိုက်ရာ မြနန်းနွယ်က. .

“မိတ်ဆွေရဲ့အသံကြီးက ဘယ်လိုဖြစ်သွားတာလဲ”

ဟု တိုးတိုး ပြန်၍ပြောလိုက်လျှင် မောင်ဖေသော်သည် မြနန်းနွယ်၏ ဟာသဉာဏ်ရှိပုံကို လွန်စွာသဘောကျသွားသည့်အလျောက် မြနန်းနွယ်၏ နဖူးကလေးကို လက်သီးဖြင့် မနာကျင်အောင် ထုလိုက်လေ၏။ ထို့နောက် ၎င်းတို့သည် စဥ့်အိုးတန်းဆိပ်ကမ်းသို့ ရောက်ရှိသွားကြ လေ၏။

မောင်ဖေသော်သည် သမွှန်သမားအား သမွှန်ခ ပေးလိုက်၏။ ပြီးလျှင် မြနန်းနွယ်၏လက်ကိုဆွဲကာ ကုန်းပေါ်သို့တက်လိုက်၏။ ပြီးလျှင် ၎င်းတို့နှစ်ဦးသည် လက်ချင်းချိတ်ကာ ဗိုလ်တထောင်ဘက်ဆီသို့ ခြေကျင်လျှောက်ခဲ့ကြလေတော့၏။

---

**လာဘ်မိုးစွေစာပေ**

မှောင်မိုက်သော ကုန်ရုံကြီးများအနီးသို့ရောက်သောအခါ မောင်ဖေသော်က မြနန်းနွယ်အား. .

"မောင်တော့ ဟောဒီလို မှောင်မှောင်မည်းမည်း ဂိုဒေါင်ရိပ်ကြီးတွေထဲက ဖြတ်ပြီးလျှောက်ရမှာ ကြောက်သလိုပဲ။ အဲဒီလိုနေရာမျိုးတွေက မကောင်းဆိုးဝါးတွေ ရှိတတ်တယ်"

ဟု ပြောလိုက်ရာ မြနန်းနွယ်က ရယ်လေ၏။

"မကောင်းရင် ဆိုးဝါးတာပေါ့ မောင်ရယ်။ မကောင်းဆိုးဝါး ဆိုတာ သရဲကိုပြောတာလား။ တစ္ဆေကိုပြောတာလား။ သဘက်ကိုပြောတာလား။ ဥစ္စာစောင့်ကိုပြောတာလား"

ဟု မေးလိုက်ရာ မောင်ဖေသော်က. .

"တမလွန်ဘဝကဟာတွေအားလုံးဟာ မကောင်းဆိုးဝါးပဲ မဟုတ်လား"

ဟု ပြောလေ၏။ မြနန်းနွယ်သည် ခေါင်းကလေးကိုယမ်းရင်း. .

"ဟင့်အင်း. . ဟင့်အင်း. . နွယ်တော့ ဒီလိုမထင်ဘူး။ တမလွန်ဘဝကိုရောက်တဲ့ဟာတွေအားလုံးကို မကောင်းဆိုးဝါးထဲ ထည့်လို့မရဘူး။ တမလွန်ဘဝမရောက်ဘဲနဲ့ မကောင်းဆိုးဝါးဖြစ်နေတာတွေလည်း အများကြီးပဲ"

www.burmeseclassic.com



ဟု ပြန်၍ပြောလေ၏။

"နွယ်ပြောတာလည်း မှန်ပါတယ်။ မောင်က တမလွန်ဘဝကို ရောက်နေတဲ့ စောစောက နွယ်ပြောတဲ့ တစ္ဆေတို့၊ သရဲတို့၊ သဘက်တို့၊ ဥစ္စာစောင့်တို့ကို အားကြီးကြောက်တာ။ ဘာဖြစ်လို့ကြောက်တာလဲဆိုတော့ သူတို့အကြောင်းကို ဂဃနဏ မသိလို့ ကြောက်တာဖြစ်မှာပါ"

ဟုပြောလိုက်လျှင် နွယ်က. .

"သူတို့အကြောင်းကို မောင်က သိချင်လို့လား"

ဟု မေးလိုက်လေ၏။ ထိုအခါ မောင်ဖေသော်က. .

"သိချင်တယ် နွယ်။ သူတို့လောကဟာ ဘယ်လိုရပ်တည်နေတာလဲ မသိဘူး"

ဟု ပြောလိုက်လေ၏။

"ဒီလို မောင်ရဲ့။ တမလွန်လောကက လူတွေကြည့်တဲ့ ကြည့်မှန်လိုပဲ ပြောင်းပြန်ရပ်တည်နေတာ။ ဥပမာ လူတစ်ယောက်ဟာ ညာဘက်ပါးပေါ်မှာ အမှတ်ကြီးတစ်ခုပါတယ်ဆိုပါတော့။ သေသွားပြီး တမလွန်ဘဝရောက်ရင် အဲဒီအမှတ်ကြီးဟာ ဘယ်ဘက်မှာရောက်နေတယ်။ မောင်လည်း တစ်ခုစဉ်းစားကြည့်လေ။ မှန်ကို

www.burmeseclassic.com



ကြည့်ပြီး မောင့်ရဲ့ညာဘက်လက်ကို မြှောက်ကြည့်ပါလား။ မှန်ထဲက မောင့်အရိပ်ဟာ ဘယ်ဘက်လက်ကို မြှောက်ပြနေလိမ့်မယ်။ တစ်ခါတလေ တမလွန်လောကသားတွေ ဘာတွေဟာ တစ်စုံတစ်ယောက်ကို ပူးကပ်ပြီး စာတွေဘာတွေ ရေးပြတတ်တယ်။ အဲဒီလိုရေးပြတဲ့အခါမှာ စာတွေဟာ မှန်ထဲမှာထင်သလို ပြောင်းပြန်ကြီးဖြစ်နေတတ်တယ်။ သူတို့ရေးတဲ့စာကို မှန်နဲ့ ထောင်ကြည့်မှ အတည့်ဖတ်လို့ရတယ် မောင်ရဲ့။ နောက် ဥပမာ တစ်ခုပြောရရင် တမလွန်လောကနဲ့ မောင်တို့လောကဟာ ရာဘာစတင့် တံဆိပ်တုံးနဲ့ အဲဒီတံဆိပ်တုံးရိုက်ထားတဲ့ တံဆိပ်ကို ကြည့်ရင် အတည့်တွေဖြစ်နေတယ်။ တံဆိပ်တုံးကိုကြည့်ရင် ပြောင်းပြန်ဖြစ်နေတယ်"

ဟု မြနန်းနွယ်က ပြောလိုက်လျှင် မောင်ဖေသော်က. .

"အဆန်းပဲနော်. .။ အဲဒါက ဘာကြောင့် ဒီလို ဖြစ်နေရတာတုံး"

ဟု ပြောလိုက်လေ၏။ မြနန်းနွယ်သည် မောင်ဖေသော်၏လက်ကိုဆွဲယူပြီးလျှင် လက်ကိုနမ်းရှုံ့လိုက်ပြီးနောက်. .

"အဲဒါဟာ ဘာကြောင့်ဖြစ်လဲဆိုတော့ အချိန်ကာလဆိုတဲ့ စည်းမျဉ်းကြောင့်ဖြစ်တာ။ အချိန်ကာလရဲ့ စည်းမျဉ်းနဲ့အတူ

www.burmeseclassic.com



အမြင်လွှာတွေလည်း ကွာခြားတယ်။ အင်္ဂလိပ်လိုပြောရင် 'ဒိုင်မင်းရှင်း' ပေါ့ မောင်ရယ်။ မောင်နဲ့နွယ်တို့လောကက 'သရီးဒိုင်မင်းရှင်း' သုံးဘက်အမြင်လွှာလောက မဟုတ်လား။ တမလွန်လောကက ဒီလိုမဟုတ်ဘူး။ 'နန်းဒိုင်မင်းရှင်း' အမြင်လွှာ မဲ့နေတဲ့လောကပေါ့ မောင်ရယ်"

ဟု ပြောလိုက်လေ၏။ မောင်ဖေသော်သည် ခေါင်းကိုကုတ်၏။ ထို့နောက်. .

"နွယ်ပြောတာတွေကတော့ ဟုတ်တာတွေဖြစ်မှာပါပဲ။ ဒါပေမယ့် မောင်ကတော့ ဘာမှ နားမလည်ဘူး။  နားမလည်ဘူးဆိုတာ အိုင်တင်လုပ်ပြီးပြောတာမဟုတ်ဘူး။ တကယ့်ကို နားမလည်တာ ထပ်ပြီး ရှင်းပြပါဦးနွယ်ရယ်. . "

ဟု ပြောလိုက်လေ၏။ ထိုအခါ မြနန်းနွယ်က. .

"ဒီမှာမောင်. .  အချိန်ဆိုတာ တကယ်က မရှိဘူးနော်။ ရှိသလို တင်စားပြောဆိုနေရတာ။ တစ်နာရီ၊ နှစ်နာရီ၊ တစ်လ၊ နှစ်လ၊ တစ်နှစ်၊ နှစ်နှစ် ဆိုတာတွေက နှိုင်းစာပြီးပြောရတဲ့ စကားတွေ။ တကယ်က မရှိဘူး။ အဲဒီလိုပဲ နေရာဆိုတာလည်း သတ်မှတ်ပြောဆိုနေရတာ။ မောင်နဲ့နွယ်နဲ့ ဘယ်လောက်ဝေးသလဲလို့

www.burmeseclassic.com



ပြောမယ်ဆိုရင် ဖြေရသိပ်ခက်သွားလိမ့်မယ်။ မရှိတဲ့အချိန်ကာလကို ရှိတယ်လို့ အမှတ်မှားပြီး လူ့လောကကြီးမှာ ရပ်တည်နေကြရတာ။ မရှိတဲ့အကွာအဝေးကို ရှိတယ်လို့ သတ်မှတ်ပြီး ရပ်တည်နေကြရတာ။ အဲဒီနှစ်ခုစလုံးဟာ မာယာတွေချည်းဖြစ်တယ်။ ဒါကို လူတွေသိဖို့ခက်တယ်။ တမလွန်လောကသားတွေကတော့ သိကြတယ်။ လွန်ခဲ့တဲ့ နှစ်တစ်ထောင်ကျော်လောက်က နတ်ရွာစံကံတော်ကုန်သွားတဲ့ အနော်ရထာဘုရင်ကြီးနဲ့ ဒီနေ့မနက်မှ သေသွားတဲ့ ကလေးငယ်တစ်ယောက်တို့ဟာ တမလွန်မှာ အတူတူပဲ။ ဘယ်သူကမှ ရှေ့မကျဘူး။ ဘယ်သူကမှ နောက်မကျဘူး။ တစ်ထပ်တည်း၊ တစ်သားတည်းဖြစ်တယ်”

ဟု ပြောလိုက်လျှင် မောင်ဖေသော်သည် ခေါင်းကိုကုတ်ရင်း . .

“ပိုပြီး ရှုပ်ကုန်ပြီနွယ်ရေ မောင်တော့ နားမလည်ပါဘူး။ အချိန်ကာလနဲ့ အကွာအဝေး၊ ပြီးတော့ အမြင်လွှာ၊ အဲဒါဘာတွေလဲ”

ဟု ပြန်၍ မေးလိုက်ရာ မြနန်းနွယ်က တခစ်ခစ်ရယ်လေ၏။

“အဲဒါတွေက ပဟေဠိမဟုတ်ဘူး။ ဉာဏ်စမ်းပုစ္ဆာတွေလည်း မဟုတ်ဘူး။ တကယ့်အရာတွေ ဖြစ်တယ်။ နွယ်တစ်ခုပြောမယ်။ နွယ်ဟာ အခုခေတ်လူသား မဟုတ်ဘူး။ ရှေးနှစ်ပေါင်းများစွာက

www.burmeseclassic.com



ရှိနေတဲ့ လူသားဖြစ်တယ်။ အဲဒီလို နှစ်ပေါင်းများစွာ ရပ်တည်ဖို့ဆိုတာ လူ့ရဲ့အသွေးအသားတွေ၊ လူ့ရဲ့ခန္ဓာတွေနဲ့ ရပ်တည်လို့မရဘူး။ အဲဒီအသွေးအသားတွေ၊ အဲဒီခန္ဓာတွေဟာ ကြမ်းတမ်းတယ်။ ဒါကြောင့် အနုသုခုမခန္ဓာ၊ ဒါမှမဟုတ် ဇောတိခန္ဓာနဲ့ ရပ်တည်နေရတယ်။ အင်္ဂလိပ်လိုပြောရင်တော့ အက်စ်ထရက်ဘော်ဒီပေါ့"

ဟု ပြောလိုက်ရာ မောင်ဖေသော်သည် သူ၏နားကို မယုံသကဲ့သို့ ဖြစ်သွားပြီးလျှင် မြနန်းနွယ်၏ မျက်နှာကို စူးစူးရဲရဲကြည့်လိုက်လေ၏။

"ဒီလိုဆိုရင် နွယ်ဟာ လူမဟုတ်ဘူးလား"

ဟု တုံးတိတိ မေးလိုက်၏။ မြနန်းနွယ်က ပြုံး၍. .

"လူတော့ လူပဲ။ ဒါပေမယ့် မောင်တို့လို လူမဟုတ်ဘူး။ ဘော်ဒီကလည်း မောင်တို့လို ဟူးမင်းဘော်ဒီမဟုတ်ဘူး။ ပြီးတော့ နွယ်တို့မှာ မောင်တို့လို ဖလက်အင်ဘုန်းမရှိဘူး။ ပြီးတော့ ရုပ်ကလည်း မောင်တို့လို ကြမ်းတမ်းတဲ့ ဩဠာရိကရုပ်မဟုတ်ဘူး။ သုခုမရုပ်ဖြစ်တယ်။ ပြီးတော့ နွယ်ဟာ မောင်တို့လို သုံးဘက်မြင်လောကမဟုတ်ဘူး။ နန်းဒိုင်မင်းရှင်း ဖြစ်တယ်။ မသိတဲ့လူတွေက နွယ့်ကို ဥစ္စာစောင့်လို့တောင် ထင်ကြတယ်။ အမှန်က ဒီလို မဟုတ်ဘူး။ နေတဲ့ 'ပလိန်း' အလွှာချင်းမတူတာပါ"

www.burmeseclassic.com



ဟု ပြောလိုက်လျှင် မောင်ဖေသော်က. .

"နွယ် အခု မောင့်ကို ပြောပြနေတာတွေဟာ တကယ်ပဲလား။ ကျီစားနေတာလား. . "

ဟု ပြန်၍ မေးလိုက်လေ၏။ ထိုအခါ၌ မြနန်းနွယ်သည်. .

"မောင်မယုံဘူးဆိုရင် တစ်ခုပြမယ်။ မောင် အင်မတန်ကြောက်တဲ့ ဟောဒီ ဂိုဒေါင်အရိပ်မည်းမည်းကြီးကို လင်းအောင်လုပ်ပြ မယ်"

ဟု ဆိုကာ သူ၏ဘယ်ဘက်လက်ညှိုးကလေးကို ထောင်လိုက်လေ၏။ ထိုအခါ၌ ဝပ် ၅၀၀ ရှိသော မီးလုံးကို ထွန်းညှိလိုက်သကဲ့သို့ လင်းထိန်၍သွားလေတော့၏။ မောင်ဖေသော်သည် မျက်လုံးပြူး၍ သွား၏။ မြနန်းနွယ်သည် သူ၏ ညာလက်ညှိုးကို ထောင်လိုက်ပြန်၏။ ဝပ် ၁၀၀၀ ရှိသော မီးလုံးကို ထွန်းညှိလိုက်သကဲ့သို့ လင်းထိန်၍သွား၏။ ဂိုဒေါင်အရိပ်မည်းကြီးသည် နေ့ခင်းမွန်းတည့်ချိန်ကဲ့သို့ လင်းထိန်၍ နေလေတော့၏။

မောင်ဖေသော်သည် မြနန်းနွယ်ကို ထိတ်လန့်၍ လူချင်းခွာလိုက်လေ၏။ ထိုအခါ၌ မြနန်းနွယ်က. .

"မောင်. . သိပ်ပြီး ကြောက်သွားပြီလား"

www.burmeseclassic.com



ဟု မေးလိုက်လျှင် မောင်ဖေသော်က. .

"ကြောက်တယ်လို့ပြောရမှာထက် အံ့ဩသွားတယ်လို့ပြောရင် ပိုပြီးမှန်ပါတယ် နွယ်။ ပြီးတော့ နွယ်ဟာ လူမဟုတ်ဘူး။ ဘာမှန်း လည်း မောင်မသိဘူး။ နွယ်နဲ့ မောင်နဲ့က အလွှာချင်း၊ ပလိန်းချင်း လည်း မတူဘူးဆိုတော့ ပေါင်းရဖို့ကော ရှိသေးရဲ့လား"

ဟု မေးလိုက်ရာ မြနန်းနွယ်က ရယ်လေ၏။ ထို့နောက်. .

"ဒါက လွယ်ပါတယ်မောင်ရယ်။ ပလိန်းချင်းတူသွားအောင် မောင့်ကို တမလွန်လောကထဲ ခေါ်ဖို့ပဲရှိတာပေါ့. . ."

ဟု ပြောလိုက်လျှင် မောင်ဖေသော်သည်. .

"တမလွန်လောက. . ဟုတ်လား။ တမလွန်လောကဆိုတာ သေ သွားတာကို ပြောတာမို့လား"

ဟု အလန့်တကြား အော်ဟစ်လိုက်လေတော့၏။

ထို့နောက် မြနန်းနွယ်က. .

"မောင်ကလည်း တမလွန်ဆိုတာနဲ့ ကြောက်လိုက်တာ မပြောပါ နဲ့တော့။ တမလွန်ရယ်၊ အခုရယ်ဆိုတာဟာ တစ်ခုတည်းပဲ မဟုတ်လား။ စောစောက နွယ်ပြောထားသားပဲ။ အချိန်ကာလ ဆိုတာ တကယ်မရှိဘူးလေ။ ကဲပါ. . ဟိုမှာ အိမ်ကိုရောက်လာ ပါပြီ။ မိုးလည်းချုပ်လှပြီ။ ဒီမှာပဲအိပ်သွား"

www.burmeseclassic.com



ဟု ပြောလိုက်လေ၏။ မောင်ဖေသော်သည် မြနန်းနွယ်၏အိမ်ကြီးကိုကြည့်လိုက်ရာ မကြာသေးမီက ၎င်းရောက်ခဲ့ဖူးသော ခမ်းနားကြီးကျယ်သည့် အိမ်ကြီးဖြစ်ကြောင်း တွေ့ရပြန်လေ၏။

ထို့နောက် မြနန်းနွယ်က မောင်ဖေသော်အား အခန်းတစ်ခု သို့ ခေါ်သွား၏။ ထိုအခန်းကိုလည်း မောင်ဖေသော် ကောင်းစွာမှတ်မိ ၏။ ယခင်တစ်ကြိမ် အိပ်ဖူးခဲ့သော အခန်းဖြစ်၏။ လွန်စွာ ကြီးကျယ် သော ခုတင်ကြီးပေါ်တွင် လဲလျောင်းလိုက်၏။

ထို့နောက် မြနန်းနွယ်က မျက်လုံးတစ်ဖက်ကိုမှိတ်လိုက်ပြီးလျှင်. .

"မောင်. . အိပ်တော့"

ဟု ဆိုကာ ထွက်သွားလေတော့၏။ မည်မျှကြာကြာ အိပ်ပျော်သွားသည်မသိ။ နံနက် (၈)နာရီထိုးသောအခါ၌ မြူနီစီပယ်ကုလား အလုပ်သမားနှစ်ဦးသည် မောင်ဖေသော်အား ကုန်ရုံဂိုဒေါင်ကြီးနှစ်ခု ကြားမှ ဆွဲထူ၍နှိုးလိုက်ပြီးလျှင် တစ်ယောက်သောသူက. .

"ဟေ့ ကောင်လေး. . . မင်း. . . ကျောင်းသားမဟုတ်လား။ ဘာဖြစ်လို့ ဒီဂိုဒေါင်ကြားထဲ လာအိပ်နေတာလဲ"

ဟု ပြောလိုက်သဖြင့် မောင်ဖေသော်သည် အိပ်မှုန်စုံမွှားဖြင့် ထလိုက်ပြီးနောက် ပတ်ဝန်းကျင်ကိုကြည့်ကာ. .

www.burmeseclassic.com



"ဒီနေရာကို ငါ ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ။ ညက အဖြစ်အပျက်တွေဟာ အိပ်မက်လား။ တကယ်လား။ ဝေခွဲ၍ မရတော့ပါလား"

ဟု စိတ်ပျက်စွာ ညည်းညူလိုက်လေတော့သတည်း။

*****

www.burmeseclassic.com



# အခန်း(၃)

မောင်ဖေသော်သည် စာသင်ခန်းအတွင်းသို့ ဝင်၍ထိုင်နေသော်လည်း စိတ်ဝင်စားခြင်းမရှိတော့ပေ။ သူ၏မျက်လုံးများသည် အဝေးဆီသို့ ငေးမောနေ၏။

ထိုအချိန်၌ ဆရာပါက. .

"ဟေ့. . . ဖေသော်. . . မင်း. . ဘာကို ငေးမောနေတာလဲ။ သိပ်မကြာတဲ့အချိန်ကာလအတွင်းမှာ မင်းဟာ စာမေးပွဲဖြေရတော့မယ်"

ဟု ပြောလိုက်ရာ မောင်ဖေသော်က. .

www.burmeseclassic.com



"အချိန်ကာလဆိုတာ တကယ်မရှိဘူးဆရာ။ ပစ္စုပ္ပန်ကနေပြီး ထောက်ဆပြောဆိုနေရတာ တကယ်မရှိဘူး"

ဟု ပြောလိုက်လေ၏။ ထိုစဉ် ဆရာပါက. .

"မင်းဟာ မိဘတွေနဲ့ ဝေးကွာနေတဲ့ဆီကလာပြီး ကျောင်းတက်နေရတာ"

ဟု စကားစလိုက်လျှင် မောင်ဖေသော်က. .

"ဝေးတယ်၊ နီးတယ်ဆိုတာ မရှိဘူးဆရာ။ မရှိတဲ့ အာကာသကို အရှိလုပ်ပြီးပြောဆိုနေရတာ။ တကယ်ကတော့ အချိန်ဆိုတာလည်း မရှိဘူး။ နေရာဆိုတာလည်း မရှိဘူး။ အမြင်ထောင့်၊ အမြင်လွှာ၊ ဒိုင်မင်းရှင်းတွေပဲရှိတယ်"

ဟု ပြန်၍ပြောလိုက်လျှင် ဆရာပါသည် နေ့ခင်းကြောင်တောင် တစ္ဆေခြောက်ခံရသည့်အလား မျက်လုံးပြူး၍သွားလေ၏။ ထို့နောက်. .

"မောင်ဖေသော် မင်းဟာ ဖီလော်ဆော်ဖာကြီးဖြစ်သွားပြီဟေ့။ ဒါမှမဟုတ်ရင် ဦးနှောက်ပျက်သွားပြီပေါ့"

ဟု ပြောလိုက်လျှင် ကျန်သောကျောင်းသားများလည်း ရယ်မောကြလေ၏။ ဆရာပါကမူ မောင်ဖေသော်အား ကရုဏာသက်သော မျက်လုံးများဖြင့် ကြည့်လေ၏။ ထိုသို့ကြည့်ပြီးနောက်. .

www.burmeseclassic.com



"မင်းကို ဒါတွေ ဘယ်သူပြောသလဲ"

ဟု ပြောရာ မောင်ဖေသော်က. .

"မြနန်းနွယ်ပြောတာ"

ဟု ပြန်၍ပြောလေ၏။

"ဟုတ်ပါပြီ။ မြနန်းနွယ်ဆိုတာ ဘယ်သူလဲ"

ဟု ဆရာပါက မေးလိုက်ပြန်၏။ မောင်ဖေသော်က. .

"လွန်ခဲ့တဲ့ နှစ်တစ်ထောင်က အခုအချိန်အထိ အသက်ရှင်နေ တဲ့ မိန်းကလေးတစ်ယောက်ပါ။ အဲဒီမိန်းကလေးတစ်ယောက်နဲ့ ကျွန်တော်နဲ့ မေတ္တာရှိနေကြပြီ"

ဟု ပြောလိုက်လျှင် စာသင်ခန်းအတွင်းရှိ ကျောင်းသားများသည် 'ဝါး' ခနဲ ရယ်မောကြပြန်၏။ ဆရာပါက. .

"ဒီမှာ မောင်ဖေသော်။ မင်းဟာ ပေါက်တတ်ကရ စာရေးဆရာတွေရေးတဲ့ ဝတ္ထုတွေဖတ်ပြီး အူကြောင်ကြောင်ဖြစ်နေတာပါကွာ။ လွန်ခဲ့တဲ့ နှစ်တစ်ထောင်ကတည်းက အခုအချိန်ထိ အသက်ရှင်နေတဲ့ မိန်းကလေးဆိုတာ ရှိနိုင်ပါ့မလား"

ဟု ပြောလိုက်ရာ မောင်ဖေသော်က. .

"ဒါတွေဟာ စိတ်ကူးယဉ်မဟုတ်ဘူးဆရာ။ ပဟေဠိတွေလည်း

www.burmeseclassic.com



မဟုတ်ဘူး။ ဉာဏ်စမ်းပုစ္ဆာလည်း မဟုတ်ဘူး။ မြနန်းနွယ်ဟာ တကယ်ရှိနေတဲ့အရာ။ ရှိရယ်လတီ”

ဟု ပြောလိုက်လျှင် ကျောင်းသားများလည်း ဝါးခနဲ ရယ်ကြပြန်လေ၏။ ဆရာပါသည် ခေါင်းကိုတွင်တွင်ယမ်း၍. .

“ဘာပဲဖြစ်ဖြစ် မင်းမိဘတွေကို အကြောင်းကြားရတော့မှာပဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင်လည်း လွန်ခဲ့တဲ့ နှစ်တစ်ထောင်ကတည်းက အသက်ရှင်နေတယ်ဆိုတဲ့ မင်းရဲ့ရည်းစား မြနန်းနွယ်နဲ့ ငါ့ကိုမိတ်ဆက်ပေးရမယ်”

ဟု ပြောလိုက်လျှင် မောင်ဖေသော်က. .

“မခက်ပါဘူး ဆရာရယ်။ ဆရာနဲ့ သူ့ကို မိတ်ဆက်ပေးပါမယ်။ အဲဒီတော့ ဆရာလည်း လေ့လာကြည့်ပေါ့။ ဆရာ့ကို ကျွန်တော် တစ်ခုပြောပြဦးမယ်။ မနေ့ညက ဂိုဒေါင်နှစ်လုံးကြားက ကျွန်တော်နဲ့ သူ ဖြတ်လာကြတာ မှောင်မည်းနေတာပဲ ဆရာ။ အဲဒီတော့ သူက သူ့ဘယ်လက်ညှိုးလေးကို ထောင်လိုက်တယ်။ ဂိုဒေါင် (၂)လုံးကြားမှာ ထိန်ထိန်လင်းသွားတာပဲ။ နေ့ခင်း အတိုင်းပဲဆရာ”

ဟု မောင်ဖေသော်က ပြောလိုက်လျှင် ကျောင်းသားတစ်ယောက်က. .

www.burmeseclassic.com



"လက်နှိပ်ဓာတ်မီးအသေးစားလေးကို ထွန်းလိုက်တာဖြစ်မှာပါ။ လက်ညှိုးကတော့ မီးမလင်းနိုင်ပါဘူး"

ဟု ဝင်၍ပြောလိုက်သဖြင့် ကျောင်းသားများသည် ရယ်ကြပြန်သည်။ မောင်ဖေသော်သည် ထိုကျောင်းသားကိုလှမ်း၍ကြည့်ပြီးမှ. .

"လက်ညှိုးနဲ့ လက်နှိပ်ဓာတ်မီးကို မခွဲတတ်တဲ့သူမှမဟုတ်ဘဲ။ မင်းရဲ့စကားကို မင်းပြန်ပြီး ရုပ်သိမ်းပါ"

ဟု ပြောလိုက်လေ၏။ ထိုအခါ ထိုကျောင်းသားက. .

"ငါ့ရဲ့စကားကို ပြန်ရုပ်သိမ်းဖို့ဆိုရင် မင်းရဲ့စကားကို မင်း ပြန်ရုပ်သိမ်းရမယ်။ အဲဒါက ဘာလဲဆိုရင် ဟိုး လွန်ခဲ့တဲ့ နှစ်တစ်ထောင်ကနေ အသက်ရှင်ပြီး မင်းနဲ့ သမီးရည်းစားဖြစ်တယ်ဆို တဲ့ မြနန်းနွယ်ကိစ္စပဲ။ အဲဒါဟာ လုံးဝ ယုတ္တိလည်းမရှိဘူး။ ဖြစ်လည်းမဖြစ်နိုင်ဘူး။ ဒါကြောင့် အဲဒီစကားကို ရုပ်သိမ်းပါ။ အဲဒီစကားကို ရုပ်သိမ်းရင် ငါ့ရဲ့စကားကိုလည်း ရုပ်သိမ်းမယ်"

ဟု ပြန်၍ပြောလေ၏။ ထိုအခါ မောင်ဖေသော်သည် ထိုကျောင်းသားဆီသို့ လျှောက်သွားပြီးလျှင် ထိုကျောင်းသားကို စူးစူးရဲရဲကြည့်ကာ..

"ဟေ့ကောင်. . မြန်မာမကျ ဘာမကျ၊ အောက်ကလိအာ၊ ကျီးလည်းမမည်၊ ကြက်လည်းမဟုတ်၊ လူယုတ်။ ငါ့လက်သီးနဲ့ နှုတ်ဆက်လိုက်ဦးဟေ့"

www.burmeseclassic.com



ဟု ဆိုကာ ထိုကျောင်းသား၏မေးစေ့ကို လက်သီးဖြင့် ‘ဂွပ်’ ခနဲ ထိုးချလိုက်လေ၏။ ထိုကျောင်းသားသည် ထိုင်ခုံပေါ်မှ နောက်သို့လန်ကျ သွားလေ၏။ ထိုကျောင်းသားနှင့် လွန်စွာရင်းနှီးသော ကျောင်းသားသုံး ယောက်သည် သံပေတံများကိုကိုင်၍ ဝုန်းခနဲ ထလိုက်ကြလေ၏။ ထို အခါ မောင်ဖေသော်က. .

“မင်းတို့သုံးယောက်က ငါ့ကို သံပေတံသုံးချောင်းနဲ့ခုတ်မလို့ လား။ သံပေတံသုံးချောင်းကိုင်ထားတဲ့ မင်းတို့လိုကောင်မျိုး သုံး ယောက်မပြောနဲ့ဟေ့။ မြနန်းနွယ်နဲ့ပတ်သက်လာရင် ‘ခေါပဏီ’ တပ်ကြီးနဲ့လာရင်တောင် ငါက ဂရုစိုက်မှာမဟုတ်ဘူး။ အဲဒီတော့ မင်းတို့ ပေတံလေးတွေ သူ့နေရာသူပြန်ထားလိုက်ကြ ကြွက်စုတ် သုံးကောင်ရေ. . ”

ဟု ပြောလိုက်လေ၏။

မောင်ဖေသော်ထိုးလိုက်သော ကျောင်းသားမှာ နှုတ်ခမ်းကွဲ၍ သွေးများစီးကျနေလေ၏။ ဆရာပါကား ထိုကျောင်းသားကို ပြုစုနေလေ ၏။ ထို့နောက် မောင်ဖေသော်အား ဆူပူကြိမ်းမောင်းလေ၏။ ပြီးလျှင် ဘော်ဒါဆောင်၌သွားနေရန် အမိန့်ပေးလိုက်လေ၏။ မောင်ဖေသော် သွားလျှင်သွားချင်း ကျောင်းသူတစ်ယောက်သည် ထိုင်ရာမှထ၍. .

www.burmeseclassic.com



"ဆရာ. . ဆရာ. . ဖေသော် အခုဖြစ်နေတာ ရိုးရိုးမဟုတ် ဘူးဆရာ။ ပယောဂ။ ကျွန်မတို့ဘကြီးဟာ ပယောဂကို သိပ်ပြီးနိုင်တာ။ ကျောက်မြောင်းထဲတင်ရှိတယ်။ သူနဲ့ပြကြည့်ရင် ကောင်းမယ်"

ဟု ပြောလိုက်လျှင် ကျောင်းသားတစ်ယောက်က ထ၍. .

"ဒီလိုရှိပါတယ်ဆရာ။ မခင်တီရဲ့ဘကြီးဟာ ပယောဂဆရာကြီးပါပဲ။ ဆိုင်းဘုတ်ကြီးလည်း ချိတ်ထားပါတယ်။ ဒါပေမယ့်သတိပဋ္ဌာန်လမ်းထိပ်မှာ သူနဲ့ကျွန်တော် လမ်းဘေးဘိုင်စကုတ်ရပ်ကြည့်ခဲ့ဖူးတယ်။ ဘိုင်စကုတ်ပြီးလို့ အိမ်ပြန်တဲ့အခါမှာ လမ်းမီးတွေပျက်နေတယ်ဆရာ။ အဲဒီအခါမှာ အဲဒီအဘိုးကြီးဟာသရဲကြောက်လို့ အိမ်မပြန်ဝံ့လို့ ကျွန်တော်ကိုယ်တိုင် လိုက်ပြီးပို့ခဲ့ရတယ်။ ဒီစကားဟာ အမှန်ပါပဲ ဆရာ။ မယုံရင် အဲဒီဆရာကြီးနဲ့ မျက်နှာဆုံ ပြောဝံ့ပါတယ်"

ဟု ပြောလိုက်လျှင် ဆရာပါသည် ကျောင်းသူ မခင်တီ၏မျက်နှာကို လှမ်း၍ကြည့်လိုက်လေ၏။

ထိုအခါ မခင်တီက. .

"ဒီလိုရှိပါတယ်ဆရာ။ ကျွန်မတို့ရဲ့ဘကြီးဟာ သရဲကြောက်တယ်

www.burmeseclassic.com



ဆိုတာလည်း အမှန်ပါပဲ။ ပယောဂကိုနိုင်တာလည်း အမှန်ပါပဲ ဆရာ”

ဟု ပြောလိုက်လျှင် ကျောင်းသားများသည် ရယ်မောကြလေ၏။ ဆရာပါကမူ. .

“ဒီမှာ မခင်တီ။ ပယောဂကုတယ်ဆိုတာ သရဲတွေ၊ တစ္ဆေတွေ၊ နတ်စိမ်းတွေ၊ မကောင်းဆိုးဝါးတွေကိုနိုင်မှဖြစ်တယ်မဟုတ်လား။ မင်းဘကြီးက သရဲကြောက်တယ်ဆို ဘယ်လိုလုပ် ပယောကုမှာ တုံး”

ဟု ပြောလိုက်လေ၏။ ထိုအခါ ကျောင်းသူ မခင်တီက. .

“ဒီလိုရှိပါတယ်ဆရာ။ ကျွန်မတို့ဘကြီးဟာ သရဲ၊ တစ္ဆေကို ကြောက်တာအမှန်ပါပဲ။ သရဲ၊ တစ္ဆေ လူမှာဝင်ပူးထားရင်တော့ မကြောက်ဘူးဆရာ။ ရိုက်လိုရိုက်၊ ကန်လိုကန်၊ ထုလိုထု လုပ်ဝံ့ ပါတယ်။ အဲဒီတော့ ဘကြီးဟာ သရဲကို အပြင်မှာကြောက်တယ်။ လူမှာပူးရင် မကြောက်ဘူးပေါ့ဆရာရယ်။ ပယောဂကုတယ်ဆို တာ လူမှာပူးတုန်းကုရတာမဟုတ်လား ဆရာရယ်”

ဟု ပြောလိုက်လျှင် ဆရာပါက ပြုံးလေ၏။

“အကောင်းဆုံးကတော့ စိတ္တဇဆေးရုံကိုပို့တာ အကောင်းဆုံး

www.burmeseclassic.com



ပါကွယ်။ ခေတ်မီတဲ့နည်းစနစ်တွေနဲ့ကုလိုက်တာ မြန်မြန်ပျောက်တာပေါ့”

ဟု ပြောလိုက်လျှင် မခင်တီသည် တစ်စုံတစ်ရာ ပြောဆိုခြင်း မပြုဘဲ ငြိမ်၍သွားလေ၏။ ဆရာပါသည် နှုတ်ခမ်းကွဲသွားသော ကျောင်းသားအား အိမ်သို့ပြန်၍ပို့ခိုင်းလိုက်၏။ ကျန်သော ကျောင်းသား၊ ကျောင်းသူများကိုလည်း. .

“တပည့်တို့ရေ. . မင်းတို့သူငယ်ချင်း မောင်ဖေသော်ဟာ ယဉ်ယဉ်လေးနဲ့ ရှုးသွားပြီ။ အဲဒီတော့ သူ့ကို မစကြဖို့၊ စကားနိုင်မလုကြဖို့ ဆရာ တောင်းပန်ပါတယ်။ အဲဒီလိုပဲ သူ့ကို ဗွေမယူကြနဲ့ပေါ့ကွယ်။ သူဟာ သနားစရာအခြေအနေကို ရောက်သွားပြီပေါ့ ကွယ်။ သူ့မိဘတွေကိုမှာပြီး ဆေးကုသဖို့ စီစဉ်ရတော့မှာပဲ”

ဟု ပြောလိုက်လျှင် ကျောင်းသူကျောင်းသားအပေါင်းတို့သည် မောင်ဖေသော်အပေါ်၌ ကရုဏာသက်၍သွားကြလေတော့၏။ ထို့နောက်တွင်ကား ဆရာပါသည် ကျောင်းဆင်းပေးလိုက်လေတော့၏။ ကျောင်းသူကျောင်းသားများသည် ကျောင်းဆင်းသွားပြီဖြစ်၏။ ဆရာပါမှာမူ အိမ်သို့မပြန်သေးဘဲ ကျောင်းရုံးခန်းတွင် ထိုင်၍စာရေးနေ၏။ ၎င်းရေးနေသောစာမှာ မောင်ဖေသော်၏မိဘများကို မှာကြားခေါ်ယူ

www.burmeseclassic.com



သော စာဖြစ်၏။ ထိုအချိန်၌ ကျောင်းသားတစ်ယောက်သည် ဆရာပါ၏ ရှေ့တွင် လာ၍ရပ်၏။ ဆရာပါသည် ထိုကျောင်းသားကို မော့ကြည့် လိုက်လေ၏။ ထိုသို့ကြည့်ပြီးနောက်. .

"အေး. . အေး. . မောင်ချိုကိုကွယ့်။ ထိုင်ကွယ်။ မင်းသူငယ်ချင်း မောင်ဖေသော်နဲ့ပတ်သက်လို့ မင်းဘာတွေသိထားသလဲ။ ဆရာ့ ကိုပြောပြစမ်း"

ဟု ပြောလိုက်လေ၏။

မောင်ချိုသည် ရှေ့နောက်ဘေးဘီကို ငဲ့စောင်း၍ကြည့်ပြီးနောက် "ဒီကောင်ဟာ ဗိုလ်တထောင်ဘက်ကို ညနေတိုင်းသွားတယ် ဆရာရဲ့။ သူပြောတဲ့ မြနန်းနွယ်ဆိုတာနဲ့ သူနဲ့က ပြဇာတ်ရုံမှာ တွေ့ခဲ့ကြတာ။ ပန်းဆိုးတန်းက ပြဇာတ်ရုံမှာပါဆရာ။ မြနန်းနွယ် ရဲ့အိမ်ကတော့ ဗိုလ်တထောင်မှာရှိတယ်လို့ ဖေသော်က ပြော တယ်။ ပြီးတော့ မြနန်းနွယ်က ဘုရင့်ဆွေတော်မျိုးတော်ထဲကလို့ တောင် သူကပြောနေတော့တယ်"

ဟု ပြောလေ၏။

"ကောင်းပြီ မောင်ချိုရေ. .။ မင်းသူငယ်ချင်းကို မင်း တစေ့ တစောင်းကြည့်ပါကွယ်။ ဆရာလည်း သူ့ကို ဂရုစိုက်ပါ့မယ်။ ကဲ. . ကဲ. . သွားတော့ကွာ"

www.burmeseclassic.com



ဟု ဆရာပါက ပြောလိုက်လေ၏။ မောင်ချိုထွက်သွားလျှင် ဆရာပါသည် အိမ်သို့ပြန်သွား၏။ ရေမိုးချိုး၏။ ထမင်းစား၏။ ထို့နောက် သူ၏ဟမ်းဘားစက်ဘီးကလေးကိုနင်းကာ ဗိုလ်တထောင်ဘုရားဘက်ဆီသို့ ထွက်လာခဲ့လေတော့၏။ ဆရာပါသည် ကုန်ရုံများအနီးသို့ ရောက်သောအခါ စက်ဘီးကိုရပ်၍ ထောင်လိုက်ပြီးလျှင် ကာပူလီဝါလားကုလားတစ်ဦးထံမှ ဖရုံစေ့လှော်တစ်ထုပ် ဝယ်ယူပြီးလျှင် အပျင်းပြေစားရင်း ဟိုကြည့် ဒီကြည့်လုပ်နေလေ၏။ ထိုအချိန်၌ ရထားလုံးတစ်စီးသည် ဆရာပါအနီးသို့ ရောက်လာပြီး ရပ်လေ၏။ ရထားလုံးရပ်သည်နှင့် တံခါးပွင့်လာပြီး ရထားလုံးပေါ်မှ မိန်းကလေးတစ်ဦး ဆင်းလာ ၏။ ဆရာပါသည် ရထားလုံးပေါ်မှဆင်းလာသော မိန်းကလေးကို ခြေထောက်မှစ၍ သတိပြုမိလေ၏။ ဝင်းဝါစိုပြည်သော ခြေထောက်တွင် နက်ပြာရောင် ကတ္တီပါဖိနပ်ကလေးကိုစီးထားသော ခြေထောက်အလှပိုင်ရှင် မိန်းကလေးတစ်ဦးဖြစ်ကြောင်း ဆရာပ့ါအနေနှင့် အသိအမှတ်ပြုလိုက်လေ၏။ မိန်းကလေးသည် သူ၏ ငွေနားကွပ် စူရံတီလုံချည်အားမလိုက်ရာ ခြေဆစ်၌ လှပသော ရွှေခြေကျင်းတစ်ခုကို ဝတ်ဆင်ထားကြောင်းလည်း တွေ့မြင်ရလေ၏။ ထို့နောက် မိန်းကလေးသည် ရထားလုံးပေါ်မှဆင်းလိုက်၏။ ထိုမိန်းကလေး၏ ကိုယ်လုံးကိုယ်ထည်သည် သွယ်လျ

www.burmeseclassic.com



ကာ လက်တံ၊ ခြေတံရှည်၏။ အသားအရောင်မှာ တန်ဆောင်မုန်းလ တွင် သီးနေသော စပါးခွံအရောင်ကဲ့သို့ ဝါသည်ဟုလည်း မဆိုသာ။ စိမ်းသည်ဟုလည်း မဆိုသာရှိ၏။ထို့ကြောင့် ဝါတာတာ စိမ်းဖန့်ဖန့် အသားရောင်ဟုလည်း ဆိုနိုင်၏။ ဝတ်စားဆင်ယင်ပုံမှာ လွန်စွာယဉ်၏။ မျက်လုံးမျက်ဖန်လှ၏။ နှုတ်ခမ်းမှာ ပိရိစေ့စပ်လျက်။ ဆရာပါသည် ထို မိန်းကလေးကိုကြည့်ရှုရင်း 'မဟာဆန်သူ' ဟု စိတ်အတွင်း၌ မှတ်ချက်ချမိလေ၏။ ထိုမိန်းကလေးသည် ဆရာပါအနီးသို့ လျှောက်လာပြီးလျှင် ဆရာပါအား လက်ကလေးနှစ်ဖက်ချီ၍ အရိုအသေပေးလိုက်လေ၏။ ဆရာပါသည် ယောင်ယမ်း၍

"သာဓုကွယ်၊ သာဓု"

ဟု ပြောလိုက်လျှင် ထိုမိန်းကလေးက

"ဆရာတို့လို အသက်အရွယ်ကြီးရင့်တဲ့သူတွေတော့ မပြောတတ်ဘူး။ ကျွန်မနဲ့ ရွယ်တူတန်းတူယောကျ်ားလေးတွေဆိုရင်တော့ အခုလိုညနေမျိုးမှာ ကျွန်မအလှကိုတွေ့ရင် ယစ်မူးမေ့မောသွားတတ်ကြပါတယ်"

ဟု ပြောလိုက်လျှင် ဆရာပါက. .

"ဟုတ်မှာပါ မိန်းကလေး၊ ဒါကတော့ အရွယ်ရဲ့လျှို့ဝှက်ချက်ပဲ။

www.burmeseclassic.com



ကျုပ်ကတော့ သမီးအရွယ်လောက်ရှိတဲ့ မိန်းမချောကလေးကို တွေ့တဲ့အခါမှာ ငါ့သမီးလေးများဖြစ်ရင် ဘယ်လောက်ကောင်းမလဲ လို့ဆိုတဲ့ စိတ်ကလွဲရင် တခြားဘာမှ မဖြစ်တော့ပါဘူးကွယ်”

ဟု ပြောလိုက်လျှင် ထိုမိန်းကလေးက. .

“သာဓုပါ ဆရာရယ်“

ဟု ခပ်တည်တည်နှင့် သာဓုခေါ်လိုက်လေ၏။

ထိုအခါ ဆရာပါက. .

“ဆိုစမ်းပါဦး သမီးရယ်၊ မင်းက ဘယ်သူလဲ၊ ဘာကိစ္စလဲ”

ဟု မေးလိုက်ရာ ထိုမိန်းကလေးက. .

“သမီး ဆရာ့ကို တွေ့ချင်နေတာ ကြာပါပြီ။ တွေ့ချင်တဲ့ အကြောင်း ကတော့ ဟိုးနှစ်ပေါင်းတစ်ထောင်ကျော်ကနေ အခုချိန်ထိ အသက် ရှင်နေတယ်ဆိုတဲ့ မိန်းမတစ်ယောက်အကြောင်းကို ပြောပြချင်လို့ ပါ”

ဟု ပြောလိုက်လျှင် ဆရာပါသည် မျက်လုံးပြူးသွား၏။ ခေါင်း သည် လှုပ်ယမ်းသွား၏။ သားကောင်၏ အနံ့ကို ရသောမုဆိုးကဲ့သို့ ဂနာ မငြိမ် ဖြစ်သွား၏။ ထို့နောက်

“ဒီမှာ သမီး မင်းဘယ်သူလဲ”

www.burmeseclassic.com



ဟု မေးလိုက်ရာ ထိုမိန်းကလေးက. .

"မြနန်းနွယ် ရယ် ပါ လေ"

ဟု ပြောလိုက်လျှင် ဆရာပါ၏ မျက်နှာသည် နီမြန်းသွား၏။

"မင်းဟာ နောက်စရာမရှိ နောက်တတ်တဲ့ မိန်းကလေးပဲ။ မင်း နောက်တာ ကိစ္စမရှိဘူး။ ငါ့ရဲ့ကျောင်းသား မောင်ဖေသော်တော့ အရူးထောင် ရောက်တော့မယ်"

ဟု ဒေါ်နှင့်မောနှင့်ပြောလိုက်ရာ မြနန်းနွယ်က အသံလွင်လွင် လေးဖြင့် တခစ်ခစ်ရယ်လိုက်ပြီးလျှင်. .

"ဩော် ဆရာပါ၊ ဆရာပါ တပည့်ကိုချစ်တဲ့ ဆရာပါလား။ ဆရာ့ ကို သမီးပြောပါရစေ။ သမီးဟာ ကိုဖေသော်ကို လိမ်လည်ပြီး ကျီစားနေတာမဟုတ်ပါဘူး"

ဟုပြောလိုက်လျှင် ဆရာပါက. .

"ဒီလိုဆိုရင် မိန်းကလေး၊ မင်းဟာ အသက်တစ်ထောင်ကျော်နေ ပြီပေါ့"

ဟု မေးလိုက်ရာ မြနန်းနွယ်က. .

"ဒီမှာဆရာ ဆရာ့ကို သမီးတစ်ခုမေးမယ်။ ကျွန်းပင်တွေရဲ့ သက် တမ်း ဘယ်လောက်ရှိပြီလဲဆိုတာ ဘယ်လိုလုပ်သိနိုင်သလဲဆရာ"

www.burmeseclassic.com



ဟု မေးလိုက်ရာ ဆရာပါက. .

"အတိအကျတော့ မပြောနိုင်ဘူး မိန်းကလေး။ အရစ်တွေကို ရေတွက်ရတယ်လို့တော့ ကြားဖူးတယ်"

ဟု ပြန်၍ ပြောလိုက်လေ၏။

"ဒီလိုဆိုရင်လူတွေရဲ့ သက်တမ်းကို ဘယ်လောက်ရှိပြီလဲဆိုတာ ကို ဘာနဲ့သိနိုင်သလဲဆရာ"

ဟု မြနန်းနွယ်က မေးလိုက်ရာ ဆရာပါက. .

"နဖူးတွေ၊ ပါးရေတွေ တွန့်တာကို ကြည့်ပြီး ခန့်မှန်းပြောဆိုရမှာပဲ၊ ဘာကိုကြည့်ရင် အသက်ဘယ်လောက်ဆိုတဲ့နည်းတော့ ဆရာလည်း မတတ်ပါဘူး"

ဟု ပြောလေ၏။

"ဒီလိုဆိုရင် ဆရာရယ်၊ ပစ္စည်းတစ်ခု နှစ်ပေါင်းဘယ်လောက်ကြာပြီဆိုတာပြောဖို့ နည်းလမ်းကော ရှိပြီလား"

ဟု မြနန်းနွယ်က မေးလိုက်ရာ ဆရာပါက. .

"နိုင်ငံခြားမှာတော့ ကာဗွန်(၁၄)နည်းစနစ်နဲ့ စမ်းသပ်ပြီး ရှေးဟောင်းပစ္စည်းတွေကို သက်တမ်းတွက်တယ် ပြောတာပဲ၊ အဲဒါကလည်း ကြားဖူးတာပြောတာပါ၊ ကျုပ် အတိအကျမပြောနိုင်ဘူး"

www.burmeseclassic.com



ဟုပြောလိုက်လျှင် မြနန်းနွယ်က. .

"ဒီလိုဆိုရင် သမီးက ဆရာ့ကို ရှေးဟောင်းဘုရားဆင်းတုတော် တစ်ဆူ လှူမယ်။ ဘယ်ခေတ်ကဆိုတာ ပြောနိုင်ပါမလား"

ဟုမေးလိုက်ရာ ဆရာပါက. .

"အဲဒါတော့ အင်းဝခေတ် ပန်းပုလက်ရာဟာ မြတ်စွာဘုရားပုံ ထုတဲ့အခါမှာ ခြေဖဝါးတော်နှစ်ခု၊ ပက်လက်လှန်ရက်သား ယှက် ပြီး မထုတတ်သေးဘူးကွယ်၊ ဒါကြောင့် ခြေဖဝါးလှန်ထားတဲ့ ပုံ ကြည့်ပြီး အင်းဝခေတ်နဲ့ ကုန်းဘောင်ခေတ် ခွဲလို့ရပါတယ်"

ဟုပြောလိုက်လျှင် မြနန်းနွယ်က. .

"အင်းဝခေတ်တွေ၊ ကုန်းဘောင်ခေတ်တွေ ရှုပ်ပါတယ် ဆရာရယ်၊ အခုခေတ်ပဲ ပန်းပုကောင်းကောင်းမထုတတ်သေးတဲ့ ပန်းပုဆရာ တစ်ယောက်ကို ထုခိုင်းမယ်ဆိုရင် သူလည်းပဲ ခြေဖဝါးတော်နှစ်ခု ကို အချိုးကျအောင် ဘယ်ထုနိုင်မလဲ။ အဲဒါကို ဆရာက အင်းဝ ခေတ်မှာ ထုတယ်လို့ ပြောမလို့လား"

ဟု ပြောလိုက်လေ၏။

"အဲဒါကြောင့် မိန်းကလေးကို ပြောတာပေါ့။ အတိအကျ မပြော နိုင်ပါဘူးလို့ နဂိုကတည်းက စကားပလ္လင်ခံထားပြီးပြီပဲ ကလေးမ ရယ်"

www.burmeseclassic.com



ဟု ဆရာပါက ပြောလိုက်လျှင် မြနန်းနွယ်က. .

"ဆရာနဲ့ စပြီး စကားပြောကတည်းက သမီးဂရုစိုက်မိတာ တစ်ခု ရှိပါတယ်။ အဲဒါဘာလဲဆိုတော့ အတိအကျမပြောနိုင်ပါဘူးဆိုတဲ့ စကားတွေပဲ ထပ်ချည်းတလဲလဲ ပြောနေပါတယ်။ ဆရာ့အနေနဲ့ အတိအကျပြောနိုင်တာလေးတစ်ခုလောက် သမီးကို ပြောပြပါ လား"

ဟု ပြောလိုက်လျှင် ဆရာပါက. .

"ဆရာ့အနေနဲ့ အတိအကျပြောနိုင်တာကတော့ ဘာမှ အတိ အကျမပြောနိုင်ပါဘူးဆိုတဲ့စကားပါပဲ"

ဟု ပြောလိုက်လျှင် မြနန်းနွယ်သည် အသံလွင်လွင်ကလေးဖြင့် တခစ်ခစ်ရယ်လိုက်လေ၏။ သူမ အသံသည် ငွေဆည်းလည်းကလေး ခါလိုက်သကဲ့သို့ ရှိ၏။ ဆရာပါသည် မြနန်းနွယ်အား စေ့စေ့ကြည့်လိုက် ပြီးနောက်. .

"ဒီမှာ မိန်းကလေး။ မင်းရော အတိအကျပြောနိုင်သလား။ ပြော နိုင်ရင် အခြား မမေးပါဘူး။ မင်းရဲ့အရပ် ဘယ်လောက်မြင့် သလဲဆိုတာကိုပဲ ဆရာ့ကိုပြောပြပါ"

ဟု ပြောလိုက်လျှင် မြနန်းနွယ်က. .

www.burmeseclassic.com



"သမီးအရပ် ငါးပေသုံးလက်မ အတိအကျပဲ။ အလေးချိန်က ၉၇ပေါင် တိတိပဲ။ စီးတဲ့ဖိနပ်က မန္တလေးပိန်းတန်း နံပါတ် ၈၊ ခါးက ၂၃လက်မရှိတယ်။ ပေါင်က ၂၃လက်မရှိတယ်။ ရင်ဘတ် အကျယ်က ၃၂လက်မရှိတယ်။ တင်ပါး ၃၂လက်မပဲ။ လည်ပင်းက ၁၀လက်မခွဲရှိတယ်။ ခြေသလုံးကလည်း ၁၀လက်မခွဲရှိတယ်။ အားတော့နာပါတယ် ဆရာရယ်။ သမီးက ဘော့ဒစ်ဝတ်ရင် ရွှေနှင်းဆီတံဆိပ်ဘော့ဒစ် ဝတ်တယ်။ နံပါတ်က ၁၆၊ မျက်စိ အကြောင်းလည်း ပြောပြရဦးမယ်။ သာမန်မျက်စိအမြင်ဟာ အဝေး တစ်မိုင်အထိ သဲသဲကွဲကွဲ မြင်ရပါတယ်။ အနီးအမြင် ကတော့ ၆လက်မလောက် ကပ်နေတဲ့ စာကိုလည်း မြင်နိုင်ပါ တယ်။ အဲဒီတော့ အောင်ဘာလေဆုလက်မှတ်ရဲ့ နောက်ဘက် မှာရေးထားတဲ့ ကြေညာချက်ကို လက်တစ်ဆန့်ထားပြီး သမီး ကောင်းကောင်း ဖတ်နိုင်ပါတယ်"

ဟု ပြောလိုက်လျှင် ဆရာပါသည် သူ၏ခေါင်းကို လက်ဖြင့် တဗျင်းဗျင်းကုတ်လေတော့၏။

"ဒီမှာ မိန်းကလေး၊ မင်းကိုယ်မင်း လူမဟုတ်ဘူးလို့ ပြောချင်နေ တာလား။ ဒါမှမဟုတ် ငါ့တပည့် မောင်ဖေသော်ကို မင်းဟာ လူ

www.burmeseclassic.com



မဟုတ်ဘူးလို့ ပြောလိုက်တာလား”

ဟု ဆရာပါက ဒေါ်နှင့်မောနှင့်မေးလိုက်ရာ မြနန်းနွယ်က. .

“သမီးတစ်ခုပြောမယ်ဆရာ၊ မြနန်းနွယ်ဟာ လူတော့လူပဲ။ ဒါပေမယ့် ဆရာတို့၊ ကိုဖေသော်တို့လို လူမျိုးမဟုတ်ဘူး။ လွန်ခဲ့တဲ့နှစ်ပေါင်း တစ်ထောင်ကျော်ကတည်းက အခုချိန်အထိ အသက်ရှင်နေတဲ့ လူသားဖြစ်တယ်ဆရာရေ”

ဟု ပြောလိုက်ရာ ဆရာပါသည် ပါးစပ်မှ ‘အို’ ဟု ရွတ်ဆိုမိလိုက်လေ၏။

*****

www.burmeseclassic.com



www.burmeseclassic.com



# အခန်း(၄)

ဆရာပါသည် 'အို' ဟု ယောင်ယမ်း၍ အော်လိုက်၏။ ထို့နောက် မျက်စိကို ဆတ်ခနဲဖွင့်ကာ ဦးခေါင်းကို ထောင်လိုက်၏။ ပြီးလျှင် ဘေး ဘယ်ညာကိုကြည့်လိုက်ရာ ဆရာပါ၏မိန်းမက. .

"ကိုပါ ရှင် ဘာဖြစ်နေတာလဲ"

ဟု မေးလိုက်လေ၏။

"ငါ မြနန်းနွယ်နဲ့ တွေ့နေတာ။ ဗိုလ်တထောင်ဘုရားနားမှာ ဘယ်လို ဘယ်လို ငါ့အိမ်ကို ပြန်ရောက်နေတာတုံး"

ဟုပြောလျှင် ဆရာပါ၏ မိန်းမက. .

www.burmeseclassic.com



"ရှင်ပဲ ထမင်းစားပြီးတာနဲ့ နည်းနည်းပင်ပန်းတယ်။ ငါ တစ်ရေး လောက်မှေးလိုက်ဦးမယ်ဆိုတာနဲ့ ကျွန်မအဲဒီနားမှာ ဖျာခင်းပေး ထားတာလေ။ အိပ်မက်မက်နေတာ ဖြစ်မှာပေါ့ ကိုပါရယ်။ ရှင့် တပည့်မောင်ဖေသော်ကတော့ မြနန်းနွယ်ကို အိပ်မက်မက်ပြီး ရူးတယ်၊ ရှင်လည်း အဲဒီလိုရူးနေဦးမယ်။ ဆရာရော၊ တပည့်ကော ရူးတယ်ဆိုရင် မကောင်းပါဘူး"

ဟု ပြောလိုက်ရာ ဆရာပါက. .

"ရူးတာမရူးတာက အကြောင်းမဟုတ်ပါဘူးကွာ။ နည်းနည်း တော့ ထူးဆန်းနေပြီ"

ဟု ပြောလိုက်လေ၏။

ထို့နောက်တွင်ကား ဆရာပါသည် မောင်ဖေသော်၏ ကိစ္စကို ယခင်ကကဲ့သို့ ပေါ့ပေါ့တန်တန် သဘောမထားတော့ဘဲ အလေးအနက် သဘောထားခဲ့လေ၏။ မောင်ဖေသော်၏ မိဘများသည် မောင်ဖေသော် အား စိတ္တဇဆေးရုံသို့ ပြသခဲ့လေ၏။ ထို့နောက် အိမ်သို့ပြန်၍ ခေါ် သွားလေတော့၏။

၁၀တန်းဖြေရန် အချိန်နီးကပ်လာသည်အထိ မောင်ဖေသော် သည် ကျောင်းသို့ပြန်၍ ရောက်မလာတော့ပေ။ ဆရာပါသည် သူ၏

www.burmeseclassic.com



ကျောင်းသားများအား သူကိုယ်တိုင် မြနန်းနွယ်ကို အိပ်မက်မက်ခဲ့ပုံကိုပြောပြလေ၏။ မြနန်းနွယ်ပြောသော စကားများကိုလည်း ကျောင်းသားများအား ပြန်၍ပြောပြလေ၏။

ကျောင်းသားများသည် မောင်ဖေသော်အား နောက်ပြောင်ဝံ့သော်လည်း ဆရာပါအား မနောက်ပြောင်ဝံ့သောကြောင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပြုံးစိစိဖြစ်နေကြ၏။

နှုတ်မစောင့်နိုင်သော ကျောင်းသားတစ်ယောက်ကမူ

"မောင်ဖေသော်ကတော့ အရူးထောင်ရောက်သွားပြီ။ ဆရာပဲကျန်တော့တယ်။ အခု ဆရာလည်းအရူးထောင် ရောက်သွားရင်တော့ သင်ခန်းစာတွေကလည်း မပြတ်သေးဘူးဆိုတော့ ငါတို့တစ်တန်းလုံး ၁၀တန်းအောင်ဖို့ မရှိဘူး။ အဲဒီတော့ မြနန်းနွယ်ဟာလူပဲဖြစ်ဖြစ်၊ သရဲပဲဖြစ်ဖြစ်၊ နတ်သမီးပဲဖြစ်ဖြစ် တို့ပညာရေးကိုနှောင့်ယှက်တဲ့အတွက် တို့အနေနဲ့ အလိုမရှိဘူး"

ဟု ပြောလေ၏။ ထိုအခါ အနီးမှကျောင်းသားက. .

"ဟေ့ကောင် ဖေသန်းမောင်။ အကောင်းဆုံးကတော့ အဲဒီမြနန်းနွယ်ဆိုတဲ့ စကားကို မပြောမိဖို့ပဲ။ သူက ဘာမှန်းတော့ မသိဘူး။ လူနှစ်ယောက်ကို ဖမ်းစားတာကတော့ တို့မျက်မြင်ပဲ"

www.burmeseclassic.com



ဟု ပြောလိုက်လေ၏။

"ဟော့ကောင် အောင်သူ၊ လူပဲဖြစ်ဖြစ်၊ သရဲပဲဖြစ်ဖြစ်၊ နတ်သမီးပဲ ဖြစ်ဖြစ် တို့ကို ဒုက္ခပေးရင်တော့ ဆန့်ကျင်ရမှာပဲ။ ဒါပရင်စီပယ်ပဲ။ မနက်ဖြန် ပိုစတာတွေရေးလာပြီး ကျောင်းခန်းထဲမှာ ကပ်ထားမယ်"

ဟု ပြောလေ၏။

အမှန်တကယ်လည်း နောက်တစ်နေ့၌ *'မြနန်းနွယ် အလိုမရှိ'* ဆိုသော ပိုစတာများကို နံရံလေးဖက်တွင် ကပ်ထားလိုက်၏။ ဆရာပါ ကိုယ်တိုင်လည်း ထိုပိုစတာများကို ကြည့်ရှုပြီးလေ၏။

သုံးရက်ခန့်ကြာသောအခါ၌ ဖေသန်းမောင်သည် သူ၏ပိုစတာများကို သူကိုယ်တိုင် ဆုတ်ဖြဲပစ်လိုက်၏။ ပြီးလျှင် ပိုစတာအသစ်များကပ်ပြန်၏။ ထိုပိုစတာအသစ်များမှာ အောက်ပါအတိုင်းဖြစ်လေ၏။

**'မြနန်းနွယ် တကယ်ရှိ'**

ကျောင်းသူကျောင်းသားများသည် ဖေသန်းမောင်အား အံ့သြကြလေ၏။  ဆရာပါလည်း အခန်းတွင်းသို့ ရောက်လာသောအခါ၌

www.burmeseclassic.com



ဖေသန်းမောင်၏ ပိုစတာအသစ်များကို တွေ့ရလေ၏။ ထိုအခါ ဆရာပါ က. .

"ဘယ်လိုဖြစ်တာလဲ ဖေသန်းမောင်၊ မနေ့ကထိ အလိုမရှိ၊ ဒီနေ့ ကျတော့ တကယ်ရှိ၊ ဘယ်လိုဖြစ်တာတုံး"

ဟု မေးလိုက်ရာ ဖေသန်းမောင်သည်မတ်တတ်ရပ်၏။ မတ်တတ် ရပ်ရာ၌ ကြမ်းပြင်ပေါ်၌မတ်တတ်ရပ်သည်မဟုတ်။ ထိုင်ခုံပေါ်မှ ရပ် လိုက်ခြင်းဖြစ်၏။ ထိုအပြုအမူမှာ ပုံမှန်စိတ်မဟုတ်ကြောင်း ဖော်ပြ ၏။ ကျောင်းသားများလည်း ပါးစပ်အဟောင်းသားဖြင့် ငေးမောကြည့်ရှု နေ၏။ ထိုအခါ ဆရာပါသည်. .

"ပြောစမ်းပါဦးကွ၊ မင်းဟာက မနေ့ကအထိ အလိုမရှိ၊ ကနေ့ကျ တော့ တကယ်ရှိ၊ ဘယ်လိုဖြစ်တာတုံး"

ဟု မေးလိုက်ရာ ဖေသန်းမောင်က. .

"ဒီက ဒီလိုပါဆရာရယ်။ လောကသဘာဝရဲ့ ဖြစ်စဉ်လမ်းကြောင်း မှာ တည့်တဲ့လူတွေဟာ တစ်ချိန်ချိန်မှာ မသင့်မမြတ်ဖြစ်သွား တတ်တယ်။ အဲဒီလိုပဲ မသင့်မြတ်တဲ့လူတွေဟာလည်း တစ်ချိန် ချိန်မှာ သင့်မြတ်သွားတတ်ကြတယ်။ နိမ့်ပါးတဲ့လူတွေဟာ မြင့် တက်လာပြီး မြင့်မားတဲ့လူတွေဟာ နိမ့်ပါးသွားတတ်ကြတယ်။

www.burmeseclassic.com



ဆိုးတဲ့လူတွေဟာ ကောင်းလာနိုင်ပြီး၊ ကောင်းတဲ့လူတွေဟာ ဆိုးသွားနိုင်တယ်။ ဒါဟာ အထူးအဆန်းတော့ မဟုတ်ဘူးဆရာ။ လောကသဘာဝ ဖြစ်စဉ်လမ်းကြောင်းပဲ။ အဲဒီဖြစ်စဉ်လမ်းကြောင်းဟာ မကြာခဏ ဖြစ်လာတဲ့အခါမှာ ပုံသေလိုဖြစ်သွားတယ်။ အဲဒီအခါမျိုးမှာ လူတွေက နိယာမလို့ ခေါ်လိုက်တာပဲ”

ဟု ပြောလိုက်ရာ ကျန်ကျောင်းသားများသည် ဖေသန်းမောင် အားဝိုင်းရယ်ကြလေ၏။ ဆရာပါကမူ လုံးဝပြုံးရယ်ခြင်းမရှိဘဲ. .

“ပြောစမ်းပါဦး တပည့်ရဲ့”

ဟု ပြောလိုက်လေ၏။ ထိုအခါ ဖေသန်းမောင်က. .

“ဖြစ်တည်မှုဆိုတာ ပုံစံအမျိုးမျိုးရှိတယ်ဆရာ။ ကိုယ်သိထားတဲ့ပုံစံမဟုတ်တာနဲ့ မဖြစ်နိုင်ဘူး၊ မရှိနိုင်ဘူးလို့ မပြောသင့်ဘူး။ မြနန်းနွယ်ဟာ ကျွန်တော်တို့နဲ့မတူတဲ့ ဖြစ်တည်မှုတစ်ခုနဲ့ ဖြစ်တည်နေတယ်”

ဟုပြောလိုက်လျှင် ကျောင်းသားများက ရယ်မောကြလေ၏။

ထိုအခါ ဖေသန်းမောင်က. .

“မရယ်ကြနဲ့ သူငယ်ချင်းတို့၊ မြန်မာစကားမှာ ရယ်မောလို့ ပြောတယ်မဟုတ်လား။ ရယ်ပြီးရင် မောရတတ်တယ်။ မင်းတို့အားလုံးမောရတော့မယ်။ အဲဒါ ဖြစ်စဉ်လမ်းကြောင်းပဲ”

www.burmeseclassic.com



ဟု ပြောလိုက်လျှင် ကျောင်းသားတစ်ယောက်က ထ၍. .

"ဖေသန်းမောင်ရယ်၊ ဖြစ်တည်မှုတွေ ဖြစ်စဉ်လမ်းကြောင်းတွေနဲ့ မင်းစကားတွေက နားယားဖို့ ကောင်းလိုက်တာကွာ။ ငါတော့ ကျောင်းဆင်းတာနဲ့ နားကလော်တဲ့ဆီသွားပြီး နားကလော်ပစ်ရဦးမယ်"

ဟုပြောလျှင် ဖေသန်းမောင်က. .

"နားတကယ်ယားရင်တော့ ကလော်ရမှာပေါ့ သူငယ်ချင်းရာ။ ဒါပေမယ့် ငါ့ကို လှောင်ပြောင်ဖို့ ကလော်တာဆိုရင်တော့ ငါက မင်းကို ဘာမှမလုပ်ပါဘူး။ မင်းရဲ့နားက မင်းကို လှောင်ပြောင်လိမ့်မယ်"

ဟု ပြောလိုက်လေ၏။ ထိုနေ့တွင် ဆရာပါသည် မည်မည်ရရ စာမသင်နိုင်ဘဲ မြနန်းနွယ်နှင့်ပတ်သက်သောကိစ္စများကို ရှင်းလင်း ပြောဆိုနေရလေ၏။

နောက်တစ်နေ့ရောက်သောအခါ၌ ဖေသန်းမောင်၏ စကားများကို နားယား၍ နားကလော်ရဦးမည်ဆိုသော ကျောင်းသားသည် ကျောင်းမတက်နိုင်ဘဲ ရှိလေ၏။ သူ၏အိမ်မှ ခွင့်စာလာပေး၏။ ဆရာပါသည် ခွင့်စာကို ဖတ်ကြည့်ရာ ထိုကျောင်းသားသည် ယမန်နေ့ညက ကျောင်း

www.burmeseclassic.com

**၂၁၂မင်းသိခ်**

ဆင်းသောအခါတွင် လမ်းဘေးတရုတ်ဘိန်းစားတစ်ဦးထံ၌ နားကလော်သည်ဟု ဆို၏။ တရုတ်ဘိန်းစားသည် ဘိန်းငိုက်သောကြောင့် ထိုကျောင်းသား၏နားကို နားဖာချေးကော်သော သံချွန်ဖြင့်ထိုးမိသည်ဟု ဆို၏။ ထို့ကြောင့် ထိုကျောင်းသားသည် ဆေးရုံရောက်သွားသည်ဟု ဖော်ပြထားလေ၏။

ထိုအလွတ်ပညာသင်ကျောင်းကလေးတွင် မြနန်းနွယ်ဆိုသော ထူးခြားဆန်းကြယ်သည့် မိန်းကလေးတစ်ဦးကြောင့် ယောက်ယက်ခတ်လျက်ရှိလေတော့၏။ အမှန်စင်စစ်အားဖြင့် ထိုမိန်းကလေးကို တစ်စုံတစ်ယောက်မျှ မြင်ဖူးကြသည်မဟုတ်။ အိပ်မက်မက်ခဲ့ကြခြင်းသာ ဖြစ်၏။ မည်သို့ဖြစ်စေ၊ ဆရာပါသည် သူ၏စာသင်ကျောင်းကလေးကို ပြန်လည်၍ ထိန်းသိမ်းထားနိုင်၏။ ကျောင်းသားများကိုလည်း မြနန်းနွယ် နှင့် ပတ်သက်သောအကြောင်းများကို မပြောဆိုကြရန် အမိန့်ထုတ်ထားလေ၏။

မောင်ဖေသော်သည် သုံးလခန့် ကျောင်းပျက်ခဲ့ပြီးနောက် ၁၀တန်းစာမေးပွဲဖြေခါနီးတွင် ကျောင်းသို့ ရောက်လာ၏။ ကျောင်းသို့ ရောက်လာသောအခါ ခေါင်းတုံးတုံးလျက်သား ရောက်လာခြင်းဖြစ်၏။ မောင်ဖေသော်၏ သူငယ်ချင်းများက အကျိုးအကြောင်းဝိုင်း၍ မေးမြန်းကြရာ မောင်ဖေသော်က. .

www.burmeseclassic.com



"ဒီလို ရှိတယ် သူငယ်ချင်းတို့။ ကိုယ့်မိဘတွေက ကိုယ့်ကို အိမ်ခေါ် သွားတဲ့အခါမှာ အိမ်မှာပယောဂဆရာက ရောက်နှင့်နေတယ်။ အဲဒီ ပယောဂဆရာက ခေါင်းတုံးတုံးထားတယ်။ ဗလကောင်းတဲ့ သူ့ တပည့်နှစ်ယောက်က ပါသေးတယ်။ သူတို့ကလည်း ခေါင်းတုံး တွေနဲ့ပဲ။ ကိုယ်လည်း အိမ်ပေါ်တက်လိုက်ရော အဲဒီဗလကောင်း တဲ့ ခေါင်းတုံးနှစ်ကောင်ဟာ ကိုယ့်ကိုဝိုင်းချုပ်ပြီး ကတ်ကြေးနဲ့ ကိုယ့်ဆံပင်တွေကို ဝိုင်းညှပ်ပစ်လိုက်ကြတယ်။ အဲဒီတော့ ကိုယ့် ဆံပင်တွေဟာ ကြွက်ကိုက်ထားသလို ဖြစ်သွားတာပေါ့။ အဲဒီအခါ မှာ သူတို့က ကိုယ့်ကို မှန်တစ်ချပ်လာထောင်ပြတယ်။ တော်တော့် ကို ကြည့်ရဆိုးနေပြီ။ အဲဒီတော့လည်း မထူးပါဘူးဆိုပြီး ခေါင်းတုံး ပဲ ပြောင်အောင် တုံးခိုင်းလိုက်ရတယ်။ ခေါင်းတုံးလည်း ပြောင် သွားရော၊ အဲဒီ ခေါင်းတုံးဆရာတပည့်သုံးယောက်ဟာ ကိုယ့်မိဘ တွေကို ဘာမှမပူနဲ့။ ကျုပ်တို့လူဖြစ်သွားပြီ လို့ပြောတယ်။ မှန်တာ ပေါ့လေ။ ကိုယ်တို့အိမ်ပေါ်မှာ ခေါင်းတုံးလေးယောက်ဖြစ်သွား ပြီ။ အဲဒီ ပယောဂဆရာတွေက ကိုယ့်ကို သူတို့လူဖြစ်သွားပြီလို့ ပြောတဲ့အချိန်မှာပဲ ကြိုးနဲ့ဝိုင်းတုပ်ကြတော့တာပဲ။ ကြိုးနဲ့လည်း တုပ်ပြီးရော ဆေးကြိမ်လုံးလို့ပြောတဲ့ နွားရိုက်တဲ့ ကြိမ်လုံးကြီးနဲ့

www.burmeseclassic.com



တစ်ယောက်တစ်လဲ လှိမ့်ပြီး ရိုက်ကြတော့တာပဲ။ ပြီးတော့ သပွတ်ခါးသီးနဲ့ဖော်ထားတဲ့ ဆေးတစ်ခွက် ကျုပ်ကိုတိုက်တယ်။ ဝမ်းတွေသွားလိုက်တာ လူဟာ မြော့မြော့ပဲကျန်တယ်။ အဲဒီအခါကျမှ သူတို့က ကိုယ့်ကို အညိုရောင်အင်္ကျီလုံချည်တွေ ဝတ်ပေးပြီး ယောဂီဘဝရောက်သွားပြီလို့ ပြောကြတယ်။ တစ်ခုဆိုးတာက ကိုယ့်ကိုထမင်းကျွေးတဲ့အခါ ဟင်းနဲ့မကျွေးဘူး။ ဆီနဲ့ ဆားနဲ့ပဲ ကျွေးခဲ့တာ။ ၄၅ ရက်လောက် ဆီနဲ့ဆားနဲ့ပဲစားရတယ်ဆိုတော့ အာဟာရကလည်း ပြတ်လာတာပေါ့။ အဲဒီ ပယောဂဆရာ ခေါင်းတုံးသုံးယောက်ဟာလည်း အိမ်ပေါ်က မဆင်းတော့ဘူး။ ကိုယ့်မိဘဆီကလည်း အကြောင်းအမျိုးမျိုးပြပြီး ငွေတောင်းကြတယ်။ ဆေးဖော်ဖို့ ပြောတာတစ်မျိုး၊ ဆေးကြိတ်ဖို့ ပြောတာတစ်မျိုး၊ ပွဲပြင်ဖို့လို့ပြောတာတစ်မျိုး၊ ကိုယ့်ကိုလည်း နှိပ်စက်လိုက်တာ မပြောပါနဲ့တော့။ သူတို့ကို ကြည့်ရင် ပယောဂမျက်လုံးနဲ့ ကြည့်တယ်ဆိုပြီးထရိုက်တယ်။ မကြည့်ဘဲ နေပြန်ရင်လည်း သူတို့ကို အာခံတယ်ဆိုပြီး ရိုက်တာပါပဲ။ ကိုယ်လည်း အဲဒီအခါမှာ မထူးဘူးဆိုပြီးသူတို့ကိုတိုက်ခိုက်ဖို့ စစ်ပြင်ရတော့တယ်။ စစ်ဆိုတဲ့သဘောဟာရန်သူကိုအနိုင်တိုက်တာပဲ မဟုတ်လား။ ပထမဆုံး ရန်သူအင်အား

www.burmeseclassic.com



ပြတ်သွားအောင်လုပ်ရမယ်ဆိုတာ ကိုယ်လည်း စွန်ဖူးရဲ့စာအုပ်တွေဖတ်ဖူးတဲ့ကောင်ဆိုတော့ သိတာပေါ့။ အဲဒီတော့ သူတို့ဖော်ထားတဲ့ သပွတ်ခါးဝမ်းနုတ်ဆေးကိုကော်ပြီး သူတို့စားတဲ့ ချဉ်ပေါင်ဟင်းထဲမှာ ထည့်ပေးလိုက်တယ်။ အဲဒီ ခေါင်းတုံးသုံးယောက်ဟာ ချဉ်ပေါင်ဟာလူနဲ့တည့်တယ်ဆိုပြီး ကုန်းပြီးသောက်ကြ တယ်။ အဲဒီမှာ ဝမ်းတွေသွားပြီး မြော့မြော့ပဲကျန်တော့တယ်။ အဲဒီ မှာ ကိုယ်က သူတို့သုံးယောက်ကို ကြိုးနဲ့တုပ်လိုက်တယ်။ ပြီးတော့ ကိုယ်က ပယောဂရှိတယ်ဆိုပြီး သူတို့ကြိမ်လုံးနဲ့ သူတို့ကို နာနာကြီးနှက်လိုက်တယ်။ သူတို့ မအော်နိုင်အောင် သူတို့ပါးစပ်ကို အဝတ်နဲ့ဆို့ထားသေးတာ။ ညကြီးသန်းခေါင်ဆိုတော့ ကိုယ့်မိဘတွေကလည်း မသိကြဖူး။ ကိုယ်ဟာ သူတို့သုံးယောက်ကို ကျေနပ်လောက်အောင်ရိုက်ပြီးတော့ တစ်ယောက်ချင်း မြစ်ဆိပ်ကိုဆွဲချသွားတယ်။ ပြီးတော့ သုံးယောက်စလုံးကို သမ္ဗန်ပေါ်တင်ပြီး ရေစီးအတိုင်း မျှောချလိုက်တယ်။ အဲဒီ ခေါင်းတုံးသုံးယောက်ဟာ သမ္ဗန်နဲ့ မျှောသွားကြတယ်။ ကိုယ်လည်း အိမ်ကို ပြန်လာပြီး စားပွဲတင် နာရီ၊ တိုင်ကပ်နာရီ၊ အပ်ချုပ်စက်ခေါင်းတွေကို မြစ်ထဲပစ်ချလိုက်တယ်။ ပြီးတော့ မိဘတွေနိုးလာတဲ့အခါမှာ ခေါင်းတုံး

www.burmeseclassic.com



သုံးယောက်ဟာ ပစ္စည်းတွေယူပြီး ထွက်ပြေးသွားကြတယ်လို့ ပြောလိုက်တယ်။ အဲဒီမှာ ကိုယ့်အဖေဟာ ဒေါပွပြီး ဂါတ်မှာ အမှု ဖွင့်တော့တာပဲ။ ပြောဖို့တစ်ခုကျန်တာရှိသေးတယ်။ အဲဒီခေါင်းတုံး သုံးကောင်ကို မြစ်ထဲကို မျှောလိုက်တဲ့အခါမှာ သူတို့လည်ပင်း မှာ စာတွေဆွဲပြီး လွှတ်လိုက်တယ်။ စာတွေက ဘာတွေရေးထား သလဲဆိုတော့. .

| |
|---|
| *ဤသူ သုံးယောက်သည် နယ်လှည့်၍ လိမ်နေသော သူ သုံးယောက် ဖြစ်ပါသည်။ ကြံ့ရင် ကြံ့သလို သားပျို၊ သမီးပျိုများကို ဖျက်ဆီးသူများလည်း ဖြစ်ပါသည်။ ထို့ ကြောင့် သူတို့ကို ကြိုးများဖြေမပေးကြပါနဲ့။ ကြုံတဲ့လူက ကြုံသလို ရိုက်ပြီး ဆုံးမလွှတ်လိုက်ကြပါ။ ဆက်ပြီး မြစ် ကြောင်းအတိုင်း မျှောလွှတ်လိုက်ကြပါ။ ကုန်းပေါ် အတက်မခံပါနဲ့။ လွန်စွာဆိုးသွမ်းသော ခေါင်းတုံး သုံး ယောက် ဖြစ်ပါသည်။* |

ဆိုတဲ့ စာကို ရေးပြီးလွှတ်လိုက်သေးတယ်"

www.burmeseclassic.com



ဟုပြောလိုက်လျှင် နားထောင်နေသော ကျောင်းသား၊ ကျောင်းသူ အပေါင်းသည် ရယ်မောကြလေ၏။ ထို့နောက်တွင်ကား မောင်ဖေသော် သည် ကျောင်းကိုတက်၏။ မြနန်းနွယ်နှင့်ပတ်သက်၍လည်း တစ်စုံ တစ်ရာကို ပြောဆိုခြင်းမပြုတော့ပါ။

ဆယ်တန်းဖြေချိန်သို့ ရောက်သောအခါ၌ စာမေးပွဲဝင်၍ဖြေ၏။ ကျောင်းပိတ်သော်လည်း မောင်ဖေသော်သည် ဂုင်း၏ရပ်ရွာကို မပြန် တော့ဘဲ ကျောင်း၌ ဆက်နေ၏။ နားကလော်၍ နားခိုက်မိသွားသော ကျောင်းသားမှာမူ လုံးဝနားကန်းသွား၍ ကျောင်းဆက်နေ၍ မရတော့ ပေ။ မောင်ဖေသော်သည် ကျောင်းပိတ်ရက်တွင် ကျောင်း၌နေပြီးနောက် ရွှေတိဂုံဘုရားသို့ မှန်မှန်တက်၍ ပုတီးစိပ်တော့၏။ ထိုသို့ ပုတီးစိပ်ရင်း ဆရာမှည့်ဆိုသူနှင့် ရင်းနှီးခင်မင်သွားလေ၏။ ထို့ကြောင့် မောင်ဖေ သော်သည် အချိန်အားရလျှင် ဆရာမှည့်၏ အိမ်သို့သာ သွားရောက် နေတော့၏။ ဆရာမှည့်သည် မောင်ဖေသော်အား လောကီနှင့်ဆိုင် သော ပညာရပ်များကို ကောင်းစွာသင်ကြားပေးလေ၏။ မောင်ဖေသော် လည်း ကောင်းစွာသင်ယူလေ၏။

ဆရာကြီးဆရာမှည့်သည် မောင်ဖေသော်အား မကြာခဏ အဓိဋ္ဌာန် ဝင်ခိုင်း၏။ မောင်ဖေသော်လည်း ဆရာကြီးဝင်ခိုင်းသော အဓိဋ္ဌာန်များ


www.burmeseclassic.com



ကို ကောင်းစွာဝင်၏။ ထိုဆရာကြီး၌ တပည့်များစွာရှိ၏။ ဆရာကြီးသည် ထိုတပည့်များအနက် မောင်ဖေသော်အား လွန်စွာချစ်ခင်၍ ဦးစားပေးလေ၏။

တစ်ခါတွင် မောင်ဖေသော်သည် ကျောင်းပိတ်ထားစဉ်အတွင်း ဘော်ဒါဆောင်၌ အိပ်နေ၏။ ဆရာပါ၏အိမ်သို့ လာ၍တည်းခိုနေသောနယ်မှ မိသားစုတွင် ကလေးငယ်လေးတစ်ဦးပါလာ၏။

ထိုကလေးငယ်သည် ညရောက်သောအခါ၌ လန့်၍အော်နေ၏။ ကလေးမိဘများလည်း ကလေးအငိုတိတ်စေရန်အတွက် အမျိုးမျိုးချော့၏။ သို့ရာတွင် ကလေးသည် ငိုမြဲငိုနေ၏။ ထိုအခါ မောင်ဖေသော်သည် သွားတိုက်ဆေးဘူးအလွတ်တစ်ခုကို ယူ၍သွားတိုက်ဆေးဘူးခဲပြားကိုဖြန့်လေ၏။ ပြီးလျှင် ပြောင်စင်အောင်ဆေးကြော၏။ ထို့နောက် ထိုသွားတိုက်ဆေးဘူးခွံအား တစ်လက်မပတ်လည် အပြားလေးဖြစ်အောင် ကတ်ကြေးဖြင့် ဖြတ်လိုက်လေ၏။ ထိုသို့ ဖြတ်ပြီးလျှင် ထိုခဲပြားလေးပေါ်၌ အောက်ပါပုံသဏ္ဌာန်ကို သံချွန်ဖြင့် ရေးဆွဲလိုက်လေတော့၏။



ပြီးလျှင် မောင်ဖေသော်သည် ထိုခဲပြားလေးအား လိပ်လိုက်လေ၏။ ထိုသို့လိပ်ပြီးနောက် ထိုခဲပြားအလိပ်ကလေးထဲတွင် အပ်ချည်ကြိုးခုနစ်မျှင်ကို လျှိုလိုက်လေ၏။ ထို့နောက် ငိုနေသောကလေးငယ်၏ လည်ပင်းတွင်သွား၍ ဆွဲပေးလိုက်ရာ ကလေးသည် ချက်ချင်းအငိုတိတ်သွား၏။ ကလေး၏မိဘများသည် လွန်စွာကျေးဇူးတင်သွား၏။ ဆရာပါလည်း မောင်ဖေသော်လုပ်ပုံကိုကြည့်၍..

www.burmeseclassic.com



"ဟော့ မောင်ဖေသော်၊ မင်းကဖြင့် တယ်ဟုတ်နေပါလား။ ကလေးတွေ ညဘက်မလန့်အောင် လည်ပင်းမှာ ဆွဲပေးရတဲ့ 'လိပ်ပြာချုပ်' ဆိုတာမျိုးလား"

ဟု မေးလိုက်ရာ မောင်ဖေသော်က. .

"ဟုတ်ပါတယ်ဆရာ၊ ကလေးလိပ်ပြာချုပ်က အမျိုးမျိုးရှိပါတယ်။ ဒါကလည်း တစ်နည်းပေါ့"

ဟု ပြောလိုက်လျှင် ဆရာပါက. .

"အတွင်းမှာ ဘာရေးထားသလဲ"

ဟု မေးလိုက်လေ၏။

"ကပျက်ယပျက်လို့ ဆိုပါတယ်ဆရာ၊ ကကြီးလို့လည်း ဖတ်လို့ မရတော့ဘူး။ ယပက်လက်လို့လည်း ဖတ်လို့မရတော့ပါဘူး။ နှစ်ခုစလုံး ပျက်သွားတာပေါ့။ အဖျက်ဓာတ်တစ်မျိုးပါပဲ"

ဟု ပြောလိုက်လေ၏။

ဆရာပါသည် မောင်ဖေသော်အား လွန်စွာ သဘောကျသွားလေ၏။

"နောက်ဘာတွေများ တတ်ထားသေးသလဲ မောင်ဖေသော်ရယ်"

ဟု ဆရာပါကမေးရာ မောင်ဖေသော်က. .

www.burmeseclassic.com



"ကျွန်တော်တို့ ဆရာကြီးအဘမှည့်ဟာ ကျွန်တော်တို့ကို ပညာတွေအများကြီး သင်ပေးထားပါတယ်။ သူ့နေရာနဲ့သူ ဆိုသလို သုံးလို့ရတဲ့နည်းတွေ ချည်းပါပဲ"

ဟု ပြန်၍ ဖြေလိုက်လေ၏။

"နေစမ်းပါဦး မောင်ဖေသော်ရဲ့။ မကြာခဏဆိုသလို သွားသွားပြီး အဓိဋ္ဌာန်ဝင်နေတော အဲဒီဆရာကြီးဆီမှာလား"

ဟု ဆရာပါက မေးရာ မောင်ဖေသော်က. .

"ဟုတ်ပါတယ် ဆရာရယ်။ အဲဒီ ဆရာကြီးဆီမှာသွားပြီး အဓိဋ္ဌာန်ဝင်နေတာပါ"

ဟု ပြောလိုက်လျှင် ဆရာပါက. .

"ဒီတစ်ခါသွားရင် ငါ့ကိုလည်းခေါ်ပါ မောင်ဖေသော်ရယ်။ ငါလည်းလိုက်ချင်တယ်"

ဟုပြောလိုက်ရာ မောင်ဖေသော်က. .

"တစ်ခုတော့ရှိတယ်ဆရာ။ အဘမှည့်က ပုတီးအဓိဋ္ဌာန်အများကြီးဝင်မှ သဘောကျတာ၊ ဆရာ့အနေနဲ့ အဓိဋ္ဌာန်ဝင်နိုင်မယ်ဆိုရင်တော့ လိုက်ခဲ့ပါ။ ကျွန်တော် ခေါ်သွားပါ့မယ်"

ဟု ပြောလိုက်ရာ ဆရာပါက. .

www.burmeseclassic.com



“အခမ်းအနားဝင်ဆိုလည်း ဝင်ရမှာပေါ့ တပည့်ရာ”

ဟု ပြန်၍ ပြောလေ၏။ ထိုအခါ မောင်ဖေသော်က. .

“မနက်ဖြန် ၉နာရီ ၄၅မိနစ်မှာ အဘဆီမှာ အခမ်းအနား ဝင်ဖို့ရှိတယ် ဆရာလိုက်ခဲ့ပေတော့”

ဟု ပြောလိုက်လေတော့သတည်း။

*****

www.burmeseclassic.com



# အခန်း(၅)

ဆရာပါလည်း မောင်ဖေသော်နှင့်အတူ အဘမှည့်အခန်းသို့ လိုက်ခဲ့၏။ အိမ်ပေါ်သို့တက်လိုက်သည်နှင့် တစ်ပြိုင်နက် ၎င်းတို့နှစ်ဦးသည် လွန်စွာအံ့အားသင့်သွားကြ၏။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့မျှော်လင့်မထားကြသော လူတစ်ယောက်ကို တွေ့လိုက်ရသောကြောင့် ဖြစ်၏။

ထိုလူမှာ အတန်းထဲတွင် ရူးသလိုလို၊ ကြောင်သလိုလိုဖြစ်ကာ စကားကြီးစကားကျယ်များပြောသော ဖေသန်းမောင်ဖြစ်၏။ ဖေသန်းမောင်သည်လည်း ခေါင်းတုံးနှင့်ဖြစ်နေ၏။

www.burmeseclassic.com



ဆရာပါသည် ဖေသန်းမောင်ကိုမြင်လျှင်. .

"ဘယ်လိုဖြစ်တာလဲ တပည့်ရယ်"

ဟု မေးလိုက်ရာ ဖေသန်းမောင်က. .

"လောကဖြစ်စဉ်တွေပါ။ တစ်ခုနဲ့တစ်ခု ဆင်တူလိုဖြစ်နေတယ်။ ဒါပေမယ့် သူဟာ စက်ဝိုင်းသဏ္ဍာန်ဖြစ်နေတာ မဟုတ်ဘူး။ ဖြစ်ပြီးသားတွေ ထပ်ပြီး ဖြစ်နေတာမဟုတ်ဘူး။ ကြောင်လိမ်လှေကားလို တရွေ့ရွေ့ပတ်ပြီး မြင့်တက်သွားတာ။ ခုကြည့်လေ ဆရာနဲ့ ကျွန်တော်ဆုံတွေ့ခြင်းဟာ ဖြစ်စဉ်တစ်ခုဆိုပါစို့။ ဒါပေမယ့် စာသင်ခန်းမှာ မဟုတ်တော့ဘူး။ အခြားတစ်နေရာမှာ ဖြစ်နေပြီ။ ဘာပဲဖြစ်ဖြစ် လိုအပ်ချက်တစ်ခုကို ပြောပြမယ်။ ကျွန်တော်လည်း ခေါင်းတုံး၊ မောင်ဖေသော်လည်း ခေါင်းတုံးပဲ အဲဒီတော့ ဆရာလည်း ခေါင်းတုံးတုံး ဖို့ကောင်းတယ်"

ဟု ပြောလိုက်ရာ ဆရာပါက. .

"အဲဒီလိုဆိုရင် ဘယ်လိုဖြစ်သွားမလဲ"

ဟု ပြန်၍ မေးလေ၏။ ထိုအခါ ဖေသန်းမောင်က. .

"သရီးခေါင်းတုံးဖြစ်သွားမှာပေါ့"

ဟု ပြောလေ၏။

---

www.burmeseclassic.com



"သရီးခေါင်းတုံးဖြစ်တော့ ဘယ်လိုဖြစ်မှာလဲတပည့်ရယ်"

ဟု ဆရာပါက ပြောလျှင် ဖေသန်းမောင်က. .

"သရီးခေါင်းတုံး ခရီးဆုံးအောင် လျှောက်မယ်ဆရာ၊ ခုဟာက ကျွန်တော်တို့သုံးယောက်ဟာ အ,အ အိပ်မက်မက်သလို သိတော့ သိတယ်၊ ပြန်မပြောတတ်ဘူး ဖြစ်နေတယ်။ အဲဒါဘာကြောင့်လဲ ဆိုတော့ မြနန်းနွယ်ဆိုတဲ့ မိန်းမတစ်ယောက်ကြောင့်ပေါ့။ အဲဒီ တော့ မြနန်းနွယ်ဆိုတာ လူလား၊ နတ်လား၊ ဥစ္စာစောင့်လား၊ သရဲလား၊ မကောင်းဆိုးဝါးလား ပီပီပြင်ပြင်သိအောင် လုပ်ရမှာ မဟုတ်လား ဆရာရဲ့"

ဟု ပြောလိုက်ရာ ဆရာပါက. .

"မင်းကတော့ ဘယ်လိုဖြစ်နေပြီလဲတော့ မသိဘူး။ ဒါပေမယ့် မင်းပြောတဲ့စကားကတော့မှန်တယ်"

ဟု ပြောလေ၏။

ထို့နောက်တွင်ကား မောင်ဖေသော်က ဖေသန်းမောင်အား. .

"မင်းက ဒီကိုဘယ်လိုကနေ ဘယ်လိုရောက်လာတာလဲ"

ဟု မေးလိုက်၏။ ထိုအခါ ဖေသန်းမောင်က. .

"ဘယ်လိုကနေ ဘယ်လိုရောက်လာတာလဲဆိုတော့ ဒီလိုကနေ

www.burmeseclassic.com



ဒီလိုရောက်လာတာပေါ့ ဖေသော်ရယ်။ ဟောဒီ အဘမှည့်ဟာ တို့မိဘတွေ ကိုးကွယ်တဲ့ ဆရာကြီးကွ။ ငါ့မိဘတွေက ငါ့ကို ပယောဂဖမ်းစားလို့ထင်ပြီး ငါ့ကို ပို့လိုက်တာဟေ့။ အဘမှည့်က ငါ့ကို ပုတီးအဓိဋ္ဌာန်တွေပေးလို့ ပုတီးစိပ်ရတယ်”

ဟု ပြောလိုက်လေ၏။

ထို့နောက် မောင်ဖေသော်က ဆရာပါအား အဘမှည့်နှင့် မိတ်ဆက်ပေး၏။ အဘမှည့်လည်း အဓိဋ္ဌာန်ဝင်ရန် ဆရာပါအား ပြောကြားလေ၏။ ပြီးလျှင် အဓိဋ္ဌာန်ဝင်ပုံဝင်နည်းကို ပြောပြလေ၏။ ဆရာပါလည်း လွန်စွာ သဘောကျလေ၏။

အဘမှည့်သည် သုံးဦးစလုံးအား အတူတကွ အဓိဋ္ဌာန်ဝင်ရန် ပြောသဖြင့် ဆရာတပည့်သုံးဦးလည်း အဘမှည့်အား ကန်တော့ပြီးလျှင် ရွှေတိဂုံဘုရားဆီသို့ ထွက်လာခဲ့ကြတော့၏။ ဗဟန်းသို့ရောက်သောအခါ၌ မြင်းလှည်းပေါ်တွင်ပါလာသောလူသုံးယောက်သည် ကပျာကယာဆင်းလာပြီးလျှင် မောင်ဖေသော်အား ထိုးလားကြိတ်လား လုပ်လေတော့၏။ မောင်ဖေသော်လည်း ပြန်လည်ခုခံထိုးကြိတ်လေ၏။ ဖေသန်းမောင်နှင့် ဆရာပါလည်း မနေသာတော့ဘဲ အတင်းဝင်ရောက် ထိုးကြိတ်ရလေ၏။ ထိုသူများမှာ မတိုမရှည် ခေါင်းတုံးဆံပင်များနှင့် ဖြစ်လေ၏။ မောင်ဖေ

www.burmeseclassic.com



သော်နှင့် ဖေသန်းမောင်မှာလည်း ခေါင်းတုံးများနှင့် ဖြစ်လေ၏။ ဆံပင်နှင့်ဆို၍ ဆရာပါတစ်ယောက်တည်းသာရှိ၏။ ခေါင်းတုံး ငါးယောက်နှင့် ဆံပင်တစ်ယောက် လုံးထွေးသတ်ပုတ်နေသည်ကို လမ်းသွားလမ်းလာများသည် အံ့အားသင့်စွာ ကြည့်ရှုနေ၏။ ရန်သူ ခေါင်းတုံးတစ်ဦးသည် အနီးရှိ အုတ်ခဲတစ်ခဲကိုယူကာ ဆရာပါ၏ခေါင်းကို ထုချလိုက်လေ၏။ ဆရာပါ၏ခေါင်းသည် သွေးများဖြာ၍ သွားလေ၏။

ထိုအချိန်၌ပင် ထိုရပ်ကွက်မှ လူကြီးများ ရောက်လာပြီး အတင်းဝင်ရောက်ဖျန်ဖြေ၍ ဂါတ်သို့ပို့လိုက်လေတော့၏။ ဆရာပါကိုမူ ဆေးခန်းသို့ ပို့လိုက်လေ၏။ ဂါတ်သို့ရောက်သောအခါ၌ တစ်ဖက်မှခေါင်းတုံးသုံးဦးအား တရားခံပြေးများဟု ဆိုကာ အချုပ်ခန်းအတွင်းသို့ သွင်းလိုက်လေတော့၏။

မောင်ဖေသော်နှင့် ဖေသန်းမောင်ကိုမူ လိပ်စာနေရပ်များမေးကာ ပြန်လွှတ်လိုက်လေတော့၏။

ဎင်းတို့နှစ်ဦးလည်း ဆရာပါ၏အခြေအနေကို သိလိုသောကြောင့် ဆရာပါ၏နေအိမ်သို့ အပြေးအလွှားသွားကြ၏။ အိမ်ပေါ်သို့ မတက်မီ၌ပင် ဆရာပါအား လှမ်း၍ တွေ့မြင်ကြရ၏။ ဆရာပါသည် ခေါင်းတွင် ပတ်တီးကြီးစည်းထား၏။ ဆံပင်လည်းမရှိတော့ချေ။ ခေါင်းတုံးပြောင်အောင်ရိတ်ထား၏။ ထိုအခါ ဖေသန်းမောင်က. .

www.burmeseclassic.com



"ဖြစ်စဉ်တွေဟာ ကြောင်လိမ်လှေကားလို တရွေ့ရွေ့ပတ်ပြီး မြင့်တက်လာတာအခုကြည့်လေ သရီးခေါင်းတုံးဖြစ်သွားပြီ"

ဟု ပြောလိုက်ရာ မောင်ဖေသော်သည် သဘောကျ၍ ဟက်ဟက်ပက်ပက်ရယ်မောလေ၏။ ဆရာပါကမူ ရယ်ချင်သော်လည်း ခေါင်းမှ အနာကြောင့် ကောင်းစွာမရယ်နိုင်ဘဲ ရှိလေ၏။

ထို့နောက် ဆရာပါက. .

"မောင်ဖေသော်ရေ သရီးခေါင်းတုံးဆိုတော့ ခရီးဆုံးအောင် သွားရပေမပေါ့ကွာ။ ငါ့ရဲ့ တစ်သက်နဲ့တစ်ကိုယ်မှာ ဒီလောက် ထူးဆန်းတာ၊ တိုက်ဆိုင်တာတစ်ခုမှ မတွေ့ဖူးသေးဘူး။ ခုလို ခေါင်းတုံးတုံးပြီးကာမှ ဟိုခေါင်းတုံးသုံးကောင်နဲ့ တစ်ပွဲလောက် နွှဲလိုက်ချင်တယ်ကွာ"

ဟုပြောသဖြင့် မောင်ဖေသော်နှင့် ဖေသန်းမောင်လည်း ရယ်ကြရလေ၏။ ထိုအခါ မောင်ဖေသော်က. .

"ဟို သရီးခေါင်းတုံးကတော့ အချုပ်ထဲမှာ ခရီးဆုံးသွားပြီ ဆရာ"

ဟု ပြောလေ၏။ ထို့နောက်တွင်ကား ဆရာတပည့်သုံးဦးတို့သည် လက်ဖက်ရည်၊ မုန့်များဝယ်ယူစားသောက်ကြလေ၏။ ပြီးလျှင် တစ်ဦး မျက်နှာကို တစ်ဦးကြည့်ကာ ကမ္ဘာဦး ကျွန်းသားသုံးဦး ဆုံမိသကဲ့သို့

www.burmeseclassic.com



အူတက်မတတ် တဟားဟားနှင့် ရယ်မောနေကြလေတော့၏။

*

နောက်တစ်နေ့တွင် ၎င်းတို့သုံးဦးသည် အဓိဋ္ဌာန်ပုတီးစိပ်ရန် အတွက် ရွှေတိဂုံဘုရား တနင်္ဂနွေထောင့်တွင် ဆုံမိကြလေ၏။ ထိုသို့ ဆုံမိသော်လည်း မိမိတို့ဘာသာမိမိ ပုတီးစိပ်၍ လမ်းခွဲခဲ့ကြလေ၏။

ဤသို့လျှင် ၉ ရက်ခန့်မည်သည့်အကြောင်းမျှ မပြောဖြစ်တော့ဘဲ ပုတီးစိပ်ချိန်တွင် တွေ့ဆုံခဲ့ကြပြီးနောက်. .

"မင်းတို့နှစ်ယောက်ကို ငါပြောမလို့ကွ"

ဟု ဆရာပါက စကားစလိုက်လေ၏။ ထိုအခါ မောင်ဖေသော် နှင့် ဖေသန်းမောင်က. .

"ပြောပါဆရာရယ်၊ နားထောင်ပါ့မယ်"

ဟု ပြိုင်တူပြောလိုက်လေ၏။ ဆရာပါသည် သူ့လွယ်အိတ်အတွင်းမှ စာတစ်စောင်ကို ထုတ်လိုက်၏။

"ပြောမလို့ဆိုတာထက် ပြမလို့ဆိုရင် ပိုပြီးမှန်တယ်ကွာ။ ဒီမှာ ငါစာတစ်စောင် ရေးထားတယ်။ ဘာပြုလို့ရေးထားတာလဲဆိုတော့ မြနန်းနွယ်နဲ့ ငါထပ်ပြီး တွေ့တယ်ကွ။ ဒီကိစ္စက တခြားလူတွေကို

www.burmeseclassic.com



ပြောရင်တော့ အိပ်မက်ပေါ့ကွာ။ တို့ ၃ယောက်အဖို့ကတော့ တကယ်တွေ့တာ။ ဒါပေမယ့် ခါတိုင်းတွေ့သလို မဟုတ်ဘူးဟေ့။ ဒီတစ်ခါတွေ့တာ အတော်ထူးတယ်ကွ။ အဲဒါကြောင့် မေ့သွားမှာစိုးလို့ အဖြစ်အပျက်တစ်ခုလုံးကို ငါက စာနဲ့ရေးထားတာ”

ဟု ပြောလိုက်လျှင် မောင်ဖေသော်က ရယ်လေ၏။

“ဟောဒီ ရက်ပိုင်းအတွင်းမှာ ကျွန်တော်လည်း မြနန်းနွယ်နဲ့ တွေ့ပါတယ် ဆရာရယ်။ ဒီတစ်ခါတွေ့တာ ခါတိုင်းနဲ့မတူလို့ ကျွန်တော်လည်း စာနဲ့ရေးထားတယ်။ ဟောဒီမှာစာ”

ဟုဆိုကာ အိတ်တွင်းမှ စာတစ်စောင်ကို ထုတ်ပြလေ၏။ ထိုအခါ ဖေသန်းမောင်က ရယ်လေ၏။

“ဖေသော်ရယ် မင်းနဲ့ဆရာပါက စာတစ်စောင်စီထုတ်ပြလိုက်တယ်ဆိုတော့ ငါကလည်း စာတစ်စောင်ထုတ်ပြရမှာပေါ့”

ဟုဆိုကာ ဖေသန်းမောင်ကလည်း စာတစ်စောင်ထုတ်ပြလေ၏။

“ငါလည်း ဒီရက်ပိုင်းအတွင်းမှာ မြနန်းနွယ်နဲ့ တွေ့တယ်ကွ။ တွေ့တာမှ တော်တော်ကို ထူးတယ်။ ထူးတဲ့အကြောင်းကတော့ သူဟာ မကောင်းဆိုးဝါးလည်း မဟုတ်ဘူးတဲ့။ ဝိညာဉ်လောကလည်း မဟုတ်ဘူးတဲ့။ တကယ်ရှိနေတာတဲ့။ မယုံရင် သူ့ဆီလာခဲ့တဲ့ဆိုပြီး မြေပုံ

www.burmeseclassic.com



ဆွဲပြတယ်ကွ။ ဒါပေမယ့် ငါ့ဆီမှာရှိတဲ့မြေပုံက အဆုံးထိမပါဘူးကွ။ တစ်ဝက်တစ်ပျက်ကြီး၊ ဒါပေမယ့် အားလုံးကို ငါ့မျက်စိထဲမှာ ဓာတ်ပုံရိုက်ထားသလို စွဲနေတယ်”

ဟု ပြောလိုက်လျှင် ဆရာပါက. .

“ဖေသန်းမောင်ရယ် ငါ့စာကိုလည်း ဖတ်ကြည့်ပါဦးကွာ။ ငါ့ကိုလည်း မြနန်းနွယ်က မြေပုံတစ်ခုပြတာကွ။ ဒါပေမယ့် ငါ့မြေပုံကလည်း အဆုံးမပါဘူးကွ။ တစ်ဝက်တစ်ပျက်မှာ သူနဲ့လမ်းခွဲခဲ့ရတာ၊ ဒါပေမယ့် ငါလည်း မင်းလိုပဲ စိတ်ထဲမှာ အကုန်မှတ်မိနေတယ်။ ရေကန်ကလေးတွေ၊ တောင်စောင်းကလေးတွေကအစ အသေးစိတ်မှတ်မိနေတယ်”

ဟု ပြောလိုက်လျှင် မောင်ဖေသော်က. .

“ဆရာတို့နှစ်ယောက်ကပြောတော့ ကျွန်တော့်မှာလည်း အဲဒီအတိုင်းပါပဲ။ ကျွန်တော့်ကိုလည်း မြနန်းနွယ်က မြေပုံတစ်ခုပြတယ်။ ဒါပေမယ့် အစမရှိဘူး။ အဆုံးပဲရှိတယ်။ သူနေတဲ့နေရာကိုရောက်တဲ့အထိ တောလမ်းကလေးတစ်ခုကနေ ကျွန်တော်သွားရပုံများကို မြေပုံလည်းဆွဲပြတယ်။ ဘိုင်စကုတ်ပြသလိုပဲ သူကပြသေးတာ၊ အဲဒီတော့ ဒီတစ်ခါ မြနန်းနွယ်နဲ့ ကျွန်တော်နဲ့

www.burmeseclassic.com



တွေ့ပုံက တော်တော်ဆန်းတယ်။ ဒါကြောင့် ကျွန်တော်လည်း စာနဲ့မှတ်ထားတာ မြေပုံတော့ မပါဘူးပေါ့”

ဟု ပြောလိုက်လျှင် ဆရာပါက. .

“ဟုတ်ပြီပေ့ ဟုတ်ပြီ။ ငါ့စိတ်ကူးပြောတာနော်။ မြနန်းနွယ်ဟာ ငါတို့ ၃ယောက်ကို ခရီးစဉ်တစ်ခုရဲ့ မြေပုံတစ်ခုကိုပြလိုက်တာပဲ။ ဒါပေမယ့် အပြည့်အစုံပြတာ မဟုတ်ဘူးဟေ့။ ၃ပိုင်းပိုင်းပြီး ပြတာဖြစ်မယ်။ ဖေသန်းမောင်က ပထမပိုင်း၊ ငါက ဒုတိယပိုင်း၊ ဖေသော်ကြီးက နောက်ဆုံးပိုင်းဖြစ်လိမ့်မယ်ကွ”

ဟု ပြောလိုက်ရာ ဖေသန်းမောင်က. .

“ဆရာပြောတာ ဟုတ်မယ်ဆရာ။ ဒီအတိုင်းဖြစ်မှာပဲ”

ဟု ပြောလေ၏။ ထို့နောက် မောင်ဖေသော်က. .

“မြို့တွေ၊ နယ်တွေရဲ့ နာမည်မပါဘူး။ တောအုပ်တွေ၊ ရေကန်တွေ၊ စမ်းချောင်းတွေပဲ ပြနေတာ။ ရောက်သွားမှဟုတ် မဟုတ် သိရမှာ။ ဘယ်ဘက်ကို ဦးတည်သွားရမယ်ဆိုတာကိုတော့ ပြောဖို့ အတော်ခက်နေတယ်”

ဟု ပြောလိုက်ရာ ဖေသန်းမောင်က. .

“ငါ့ကို ပြတာတော့ မြန်မာပြည်မြောက်ဘက်ကွ”

www.burmeseclassic.com



ဟု ပြောလိုက်လျှင် ဆရာပါက

"ငါလည်း အဲဒီလိုပဲ ထင်တယ်ကွ။ အဲဒီညက ငါ့ကို ဒီမှာကြည့်ဆို ပြီး ပိတ်ကားတစ်ခုကို လက်ညှိုးထိုးပြတယ်။ အဲဒီပိတ်ကားပေါ် ငါ ကြည့်လိုက်တာ ဘိုင်စကုပ်ပြသလိုပဲဟေ့။ တောတွေ၊ တောင်တွေ အတိုင်းသား မြင်နေရတယ်။ ဒါပေမယ့် တောက အောက်ခြေ ရှင်းနေတယ်ကွ။ မြစ်ဝကျွန်းပေါ်တော့ မဖြစ်နိုင်ဘူး။ မြောက် ဘက်ဒေသမှာပဲ ဒီတောမျိုးတွေက ရှိတာကွ"

ဟု ပြောလေ၏။

"တစ်ခုတော့ရှိတယ်လေ။ သူပြောတဲ့အတိုင်းတို့က လိုက်သွားပြီ ပဲထားဦး။ ဘယ်လိုအကျိုးထူးမှာတုံးဆိုတာ တို့စဉ်းစားရလိမ့် မယ်ဟေ့"

ဟု ဖေသန်းမောင်က ပြောလိုက်လေ၏။

ထိုအခါ ဆရာပါက. .

"မင်းတို့ကို လိုက်ရမယ်လို့ မဆိုဘူးနော်။ ငါ့ သဘောထားကို ပြောပြတာ။ ငါကတော့ ဘာအကျိုးထူးမှ ရချင်ရ၊ မရချင်နေ သူနဲ့တွေ့ရရင်တော်ပြီကွာ။ ငါ့ခေါင်းထဲမှာ ရှိတဲ့ပုစ္ဆာ ရှင်းသွားရင် တော်ပြီ"

www.burmeseclassic.com



ဟု ပြောလိုက်လျှင် မောင်ဖေသော်ကလည်း. .

"ကျွန်တော် သူနဲ့တွေ့ချင်တာက ဆရာတို့နဲ့မတူဘူးနော်။ ကျွန်တော်က ဆရာတို့လို မဟုတ်ဘူး။သူနဲ့ ကျွန်တော်နဲ့က ချစ်သူတွေလေ။ အဲဒီတော့ ကိုယ်ချင်းစာတရားနဲ့ ပြောရမယ်ဆိုရင် ကျွန်တော် အခုထသွားမယ်ဆိုရင်တောင် ဆရာတို့နှစ်ယောက်က သွားသင့်တယ်လို့ ထောက်ခံသင့်တာပေါ့"

ဟု ပြောလိုက်လျှင် ဖေသန်းမောင်က. .

"ဖေသော်ကြီး မင်းကိုငါပြောဦးမယ်ကွ။ လူမှုဆက်ဆံရေးဆိုတာက ကုန်လုပ်ဆက်ဆံရေးရဲ့လက်အောက်မှာ ရှိတယ်ကွ။ အဲဒီတော့ မြနန်းနွယ်ပြောတဲ့ ဆီကိုသွားမယ်။ မြနန်းနွယ်က ငါတို့ကို ဘယ်လောက်ပေးမှာလဲဆိုတဲ့အပေါ်မှာပဲစဉ်းစားမယ်။ တစ်ပြားမှမရရင် တစ်ဖဝါးမှ မရွှေ့ဘူး။ အဲဒီတော့ ငါမပါရင် မင်းတို့နှစ်ယောက်က သေလောက်အောင် သွားချင်နေလည်း သွားလို့မရဘူး။ ဘာလို့လဲဆိုတော့ မြေပုံရဲ့အစပိုင်းက ငါနဲ့ ပတ်သက်နေတာကိုး"

ဟု ပြောလိုက်လျှင် ဆရာပါက. .

"မှန်တာပေါ့ ငါ့လူရာ။ မင်းမပါရင် ခရီးသွားလို့မဖြစ်ဘူး။ အဲဒီတော့လည်း မင်းပြောသလိုပဲ ခဏစောင့်ကြသေးတာပေါ့။ မြနန်းနွယ်က ဘာများပြောမလဲဆိုတာ စောင့်ကြသေးတာပေါ့ကွာ"

www.burmeseclassic.com



ဟု ပြောလိုက်လျှင် ဖေသန်းမောင်က. .

"တစ်ခုတော့ရှိတယ်နော်။ ဘယ်လိုအကြောင်းနဲ့ပဲ သူဆီသွားချင် သွားချင် အရင်းတော့လိုတယ်။ သွားရမယ့်ခရီးကဝေးတော့ အရင်းအနှီးဆိုတဲ့ ပြဿနာပေါ်လာတယ်။ အဲဒါ ဘယ်သူက စိုက်မှာတုံး"

ဟုပြောလိုက်လျှင် မောင်ဖေသော်က. .

"အဲဒါတော့ ငါစိုက်မယ်ကွ။ စိုက်မှာဆိုတော့ ငါ့မှာရှိလို့တော့ မဟုတ်ဘူး။ ငါ့အိမ်ကို တစ်ခေါက်ပြန်သွားမယ်။ ငါ့အမေဆီမှာ စိန်နားကပ်တွေ၊ စိန်လက်စွပ်တွေ ရှိတယ်ကွ။ အဲဒါတွေ ငါခိုးခဲ့မယ်"

ဟု ပြောလိုက်လျှင် ဆရာပါက. .

"မင်းဟာကလည်း သွားရမယ့်ခရီးက အန္တရာယ်များရတဲ့အထဲ မိဘပစ္စည်းခိုးလာမယ်ဆိုတော့ လမ်းမှာအန္တရာယ်တွေ့မှာပေါ့ ကွာ။ မလုပ်စမ်းပါနဲ့။ အဲဒီကိစ္စကိုလည်း ဆရာ့အနေနဲ့ ဖြည်းဖြည်း စဉ်းစားပြီး ဖြေရှင်းပေးပါ့မယ်။ အခုအခါမှာတော့ အဲဒါကိုခဏထား ပြီး အဘမှည့်ပေးထားတဲ့ အဓိဋ္ဌာန် ၄၉-ရက်ကိုပြည့်အောင်လုပ် ရမယ်ဟေ့"

www.burmeseclassic.com



ဟု ပြောလိုက်ရာ တပည့်နှစ်ဦးဖြစ်ကြသော မောင်ဖေသော်နှင့် ဖေသန်းမောင်တို့က

"ဟုတ်ပါတယ် ဆရာ"

ဟု ပြိုင်တူ ပြောလိုက်ကြလေသည်။

ထို့နောက် ၎င်းတို့သုံးဦးသည် ဘုရားပေါ်တွင် ပုတီးစိပ်ကြပြီး နောက် ပြန်ကြလေ၏။ ၎င်းတို့သည် မြနန်းနွယ် အိပ်မက်၌ပေးသော မြေပုံအကြောင်းကို မပြောဖြစ်ကြတော့ပေ။

ရက်အတန်ကြာသောအခါ၌ သူတို့သည် ရွှေတိဂုံဘုရားသို့ ပုတီး စိပ်ရန်သွားကြသော်လည်း အတူတကွ မစိပ်ဖြစ်ကြတော့ဘဲ တကွဲတပြား စီ မိမိအစီအစဉ်နှင့်မိမိဆိုသလို သွားကြလေ၏။ အဓိဋ္ဌာန်မပြည့်မီ နှစ် ရက်အလို၌ သုံးဦးသား ဆုံမိကြပြန်၏။ ထိုနေ့က ဖေသန်းမောင်သည် ချိုင့်တစ်လုံးနှင့် လက်ဖက်ရည်ဝယ်လာ၏။ လက်ဖက်ရည် သောက်ရန် ကြွေရည်သုတ်သံခွက်များလည်း ပါလာ၏။ ပုတီးစိပ်ပြီးသောအခါ၌ ဖေသန်းမောင်က ထိုခွက်များဖြင့် လက်ဖက်ရည်များငှဲ့၍ တိုက်လေ၏။ ထို့ကြောင့် ဆရာပါက. .

"ဖေသန်းမောင် မင်းအစီအစဉ်တယ်ကောင်းပါလား"

ဟု ပြောလိုက်ရာ ဖေသန်းမောင်က. .

---

www.burmeseclassic.com



“လက်ဖက်ရည်သောက်ရင်း စကားပြောကြတာပေါ့ ဆရာရယ်”

ဟု စကားစလိုက်လျှင် မောင်ဖေသော်က. .

“လက်ဖက်ရည်မတိုက်လည်း ပြောလို့ရပါတယ်”

ဟု ပြန်၍ပြောလေ၏။ ဆရာပါကလည်း. .

“ဖေသော်ပြောတာ ဟုတ်ပါတယ်ဖေသန်းမောင်ရာ။ အချင်းချင်းတွေ ပြောစရာရှိတာလည်း ပြောတာပေါ့။ လက်ဖက်ရည်တိုက်စရာ မလိုပါဘူး။ ခုလိုဆိုတော့လည်း ကောင်းတာပေါ့ကွာ”

ဟုပြောလိုက်လေ၏။ ထိုအခါ ဖေသန်းမောင်က. .

“ဒီလိုရှိပါတယ်ဆရာ၊ အခု ကျွန်တော်ပြောမယ့်စကားမှာ အပိုင်းကြီး (၃)ပိုင်းပါဝင်ပါတယ်။ အဲဒါက ဘာလဲဆိုတော့ အခုကျွန်တော်တို့ ၃ယောက်ဖြစ်ပျက်ခဲ့တဲ့ ဖြစ်စဉ်တစ်ခုလုံးအပေါ်မှာ သုံးသပ်တဲ့အပိုင်း၊ ပြီးတော့ မြနန်းနွယ်ဆိုတာ ဘယ်လိုအရာဖြစ်တယ်ဆိုတာ စိစစ်တဲ့အပိုင်း၊ နောက်ဆုံးအပိုင်းကတော့ သူညွှန်ပြတဲ့လမ်းကြောင်းအတိုင်း ခရီးသွားဖို့ သင့်မသင့်ဆိုတဲ့အပိုင်းကို ရုပ်လုံးပေါ်လာတဲ့အထိ ဆွေးနွေးဖို့ ကိစ္စပါပဲ။ အခု ကျွန်တော်တို့ ၃ယောက်တွေ့ကြုံနေရတဲ့ အဆင့်ဟာ ရုပ်လုံးမပေါ်ဘူး။ ပုံရိပ်လောက်ပဲရှိတယ်”

www.burmeseclassic.com



ဟု ပြောလိုက်လျှင်. .

မောင်ဖေသော်သည် ဆရာပါ၏ မျက်နှာကို လှမ်း၍ကြည့်လိုက်သည်။ ဆရာပါက မျက်လုံးပြူးပြလိုက်၏။ ထို့နောက် ဆရာပါကပင်

"ဟုတ်ပါတယ် ဖေသန်းမောင်၊ မင်းပြောတဲ့စကားဟာ အဓိပ္ပာယ်ရှိပါတယ်။ အဲဒီတော့ ဆက်ပြီးပြောပါဦး"

ဟု ပြောလိုက်လေ၏။ ထိုအခါ ဖေသန်းမောင်က. .

"ကျွန်တော်တို့ သုံးယောက်စလုံးဟာ မြနန်းနွယ်နဲ့ ပတ်သက်နေကြတယ်။ အစဦးဆုံး ပတ်သက်တာက ဖေသော်ပဲ၊ ဖေသော့်ကိစ္စကို ကျွန်တော်က မယုံဘူးလို့ ငြင်းဆိုခဲ့တယ်။ အဲဒီမယုံဘူးဆိုတဲ့ ကျွန်တော့်ကို မြနန်းနွယ်က လာပြီးပတ်သက်လိုက်တယ်။ အဲဒီအခါမှာ ကျန်တဲ့လူတွေက ကျွန်တော့်ကို ကြောင်တောင်တောင်ဖြစ်သွားပြီလို့ ထင်ကြတယ်။ အဲဒီအထဲမှာ ဆရာလည်းပါတယ်။ ဆရာက ကျွန်တော်တို့နှစ်ယောက်ကို လေ့လာတာ၊ အဲဒီမှာ ဆရာ့ကိုပါ မြနန်းနွယ်က ပတ်သက်လိုက်တယ်။ ဘာနဲ့တူသလဲဆိုတော့ ဆိုးရွားတဲ့ ကျောက်ရောဂါတစ်ခုလိုပဲ လာပြီးပတ်သက်တာနဲ့ ရောဂါဟာ ကူးသွားတော့တာပဲ။ အခု ကျွန်တော်တို့ သုံးယောက်ဟာ ရောဂါစကားနဲ့ပြောရင်တော့ ကူးစက်ပျံ့နှံ့သွားပြီ။

www.burmeseclassic.com



အခုကျွန်တော်ပြောတာဟာ ဖြစ်စဉ်တစ်ခုလုံးကို အကျဉ်းချုံးပြီး သုံးသပ်ပြတာမဟုတ်လား”

ဟု ပြောလိုက်လျှင် ဆရာပါက. .

“ဟုတ်ပါတယ် တပည့်ကြီး ဖေသန်းမောင်၊ မင်းဟာ အတော်တော်တဲ့ကောင်ပဲ။ နောက်တစ်ခု ဆက်ပါဦး”

ဟု ပြောလိုက်လေ၏။ ဖေသန်းမောင်သည် သောက်ပြီးသော ခွက်များကို ချိုင့်အတွင်းသို့ထည့်ရင်း. .

“မြနန်းနွယ်ဆိုတာ ဘယ်လိုအရာဖြစ်တယ်ဆိုတာ သုံးသပ်ဖို့ ပါပဲ”

ဟု စကားစလိုက်လေ၏။ ထိုအခါ မောင်ဖေသော်က. .

“မင်း အခုပြောတဲ့အကြောင်းအရာ ပိုပြီးစိတ်ဝင်စားဖို့ ကောင်းလိမ့်မယ်”

ဟု အားတက်သရော ပြောလိုက်လေ၏။ ဖေသန်းမောင်သည် လက်ဖက်ရည်ချိုင့်ကို ဘေးတွင်ဖယ်ထားလိုက်ပြီးနောက်

“မြနန်းနွယ်ဟာ လူမဟုတ်တာတော့ သေချာတယ်။ ဥစ္စာစောင့်တို့ တစ္ဆေတို့ သရဲတို့ဆိုတဲ့ မကောင်းဆိုးဝါး၊ နာနာဘာဝထဲက လည်း မဟုတ်ဘူး။ မကောင်းဆိုးဝါးတွေဟာ အခုလို စိတ်ရှည် လက်ရှည် ပျံ့ပျံ့နှံ့နှံ့ လူတွေနဲ့ ပတ်သက်လေ့မရှိဘူး။ သူဟာ

www.burmeseclassic.com



ခဏတ်တစ်ခု သို့မဟုတ် 'ဝေ့ဖ်' တစ်ခုအဖြစ်နဲ့ ကျွန်တော်တို့ သုံးယောက်ကို ဆက်သွယ်နေတာ။ ဒါပေမယ့် အဲဒီ 'ဝေ့ဖ်' ဟာ ခိုင်မာကျစ်လျစ်တဲ့ ဝေ့ဖ်တစ်ခုဖြစ်တယ်။ အဲဒါကြောင့်လည်း ကျွန်တော်တို့သုံးယောက်စလုံးကို သူဟာ ခိုင်ခိုင်မာမာ ဆက်သွယ်လို့ ရတာပေါ့"

ဟု ပြောလေ၏။

"နေစမ်းပါဦး ဖေသန်းမောင်ရဲ့၊ မင်းပြောတဲ့ ဝေ့ဖ်ဆိုတာက ဘာကိုပြောနေတာလဲ"

ဟု မောင်ဖေသော်က မေးလိုက်ရာ ဖေသန်းမောင်က. .

"ရေဒီယိုအသံလှိုင်း ဝေ့ဖ်ကိုတော့ မင်းအနေနဲ့ သဘောပေါက်တယ်မဟုတ်လား။ အဲဒါကိုလည်း လက်ခံတယ်မဟုတ်လား။ ဥပမာကွာ အင်္ဂလန်က လွှင့်လိုက်တဲ့အသံလည်း ဒီနေရာမှာ ဖမ်းယူလို့ရတယ်။ အိန္ဒိယက လွှင့်လိုက်တဲ့အသံလည်း ဒီနေရာမှာ ဖမ်းယူလို့ ရတယ်လေကွာ။ အဲဒီလိုပဲ လောကီပညာရပ်မှာ ဝေ့ဖ်တွေနဲ့လာနေတာ ရှိတယ်။ နတ်ပူးတာတို့၊ စုန်းပူးတာတို့ဟာ အကောင်လိုက်ကြီးလာတာ မဟုတ်ဘူး။ ဝေ့ဖ်အဖြစ်နဲ့ ဝင်ပူးတာ။ ဒါကြောင့် နတ်တစ်မျိုးတည်းက နှစ်နေရာမှာ ဝင်ပြီးပူးနိုင်တာပေါ့။ သူက

www.burmeseclassic.com



ဝေ့ဖ်ကိုလွှင့်ထုတ်လိုက်တာဆိုတော့ ဖမ်းလို့ရတဲ့နေရာက ဖမ်းလိုက်ရင် သူ့ဝေ့ဖ်ကို မိနေတဲ့သဘောပဲ”

ဟု ပြောလေ၏။ ဆရာပါသည် ဖေသန်းမောင်စကားကို ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်ရင်း. .

“ဖေသန်းမောင် မင်းပြောတာတွေဟာ သဘာဝကျပါတယ်။ ငါ့အနေနဲ့ လက်လည်းခံပါတယ်။ တစ်ခုတော့မေးမယ်။ စုန်းပူးတာကလည်း စားချင်သောက်ချင်လို့ ပူးတာ။ နတ်ပူးတာကလည်း သူ့ကိုပူဇော်ပသစေချင်လို့ ပူးတာ။ အခု မြနန်းနွယ်က ဘာလုပ် ချင်လို့တို့ကို ဝေ့ဖ်တွေ ဝင်ပူးနေတာတုံး”

ဟု မေးလိုက်ရာ ဖေသန်းမောင်က. .

“ဆရာမော်ကက်တင်ရဲ့ စကားကိုပြောရမယ်ဆိုရင်”

ဟု စကားစလိုက်ရာ မောင်ဖေသော်က. .

“ဘာ. . . ဘာ. . . ဘာ ဆရာမော်ကက်တင် ဟုတ်လား၊ ခေါင်းပြောင်ပြောင်၊ ပါးစပ်ပြုပြု၊ ဗိုက်ရွှဲရွှဲ စကားပြောရင် မျက်နှာကို မဲ့ရွဲ့ပြီးပြောတဲ့ မော်ကက်တင်လား၊ ငါတွေ့ဖူးတယ်။ ဘိုင်စကုတ် ထဲကဆိုက်ပတ်လုပ်တဲ့မိန်းမတစ်ယောက်နဲ့ ယူထားတယ် မဟုတ် လား။ အဲဒီဆိုက်ပတ်ကို မင်းသမီးဖြစ်အောင် လုပ်ပေးမယ် ဆိုပြီး

www.burmeseclassic.com



မကောင်းတဲ့အောက်လမ်း အတတ်တွေဘာတွေနဲ့ အစီအရင် လုပ်လို့ တစ်ခါက အဖမ်းခံရတယ်လို့လည်း ငါကြားဖူးတယ်။ မင်း သူနဲ့ ပတ်သက်နေလို့လား”

ဟု မေးလိုက်ရာ ဖေသန်းမောင်က. .

“ဆရာမော်ကက်တင်နဲ့ ပတ်သက်လာရင် လူတော်တော်များများ ဟာ အဲဒီလိုပဲ မြင်ကြတယ်။ အမှန်က ဒီလိုမဟုတ်ဘူး။ ဆရာ မော်ကက်တင်ဟာ လူတော်တစ်ယောက်ဖြစ်တယ်။ ပြောစရာ ရှိရင် ပြတ်ပြတ်သားသားပြောတယ်။ လုပ်စရာရှိရင် ရဲရဲဝံ့ဝံ့လုပ် တယ်။ မင်းပြောတဲ့ ဆိုက်ပတ်အမျိုးသမီးနဲ့ အိမ်ထောင်ကျတယ် ဆိုတာလည်း ဟုတ်တယ်။ အဲဒီအမျိုးသမီးကို သူက ချဉ်းကပ် တာမဟုတ်ဘူး။ အဲဒီအမျိုးသမီးက သူ့ကိုချဉ်းကပ်တာ”

ဟု ပြောလေ၏။ ထိုအခါ မောင်ဖေသော်က. .

“ဒီလိုဆို မင်းကိုတစ်ခုတော့ မေးမယ်ကွာ။ တို့ဆရာကြီး အဘမှည့် နဲ့ မင်းဆရာမော်ကက်တင် ဘယ်သူကပိုတော်သလဲ၊ အဘမှည့် အကြောင်းလည်း မင်းသိတယ်။ မင်းဆရာ မော်ကက်တင် အကြောင်းလည်း မင်းသိတယ်။ ပြောပါ”

ဟုမေးလိုက်ရာ ဖေသန်းမောင်က. .

www.burmeseclassic.com



"ဒါကတော့ကွာ။ မင်းကိုငါ ပြန်ပြီးမေးမယ်။ မင်းမှာရှိတဲ့ မျက်လုံးနှစ်လုံးထဲက ဘယ်မျက်လုံးဟာ ပိုပြီးအဖိုးတန်လဲ"

ဟု မေးလိုက်ရာ မောင်ဖေသော်က. .

"နှစ်လုံးစလုံး အဖိုးတန်တယ်လေ"

ဟု ဖြေလိုက်လျှင် ဖေသန်းမောင်က. .

"ဒီအတိုင်းပဲပေါ့ကွာ"

ဟု ပြန်၍ ပြောလေ၏။ ဆရာပါကလည်း ခေါင်းရှုပ်သွားပုံရ၏။ ထို့ကြောင့် ခေါင်းကိုတဗျင်းဗျင်းကုတ်၏။ ထိုသို့ကုတ်ရင်း

"မောင်ဖေသော်ရေ မင်းရဲ့ထင်မြင်ချက်ကို ရှေ့တန်းမထုတ်နဲ့ ဦးကွ။ ဖေသန်းမောင်ပြောချင်တာလည်း ပြောပါစေဦး။ ဝေဖန်တယ်ဆိုတာ ပြည့်ပြည့်စုံစုံ သိပြီးမှ ဝေဖန်တာပိုပြီးကောင်းတယ်"

ဟု ပြောလိုက်လျှင် မောင်ဖေသော်က. .

"ကောင်းပါပြီ ဆရာ"

ဟု ဝန်ခံလေ၏။ ထို့နောက် ဆရာပါက. .

"ဒီမှာ ဖေသန်းမောင်၊ မင်းရဲ့ ဆရာမော်ကက်တင်နဲ့ မင်းနဲ့က ဘယ်တုန်းကတွေ့ကြတာတုံး"

ဟု မေးလိုက်လေ၏။

www.burmeseclassic.com



"သိပ်ပြီးမကြာသေးပါဘူး ဆရာရယ်။ ပြောရမယ်ဆိုရင် မြနန်း နွယ် ဝေ့ဖ်ရောက်လာပြီးမှ ကျွန်တော့်ကို ကြောင်သွားပြီထင်လို့ ဆရာရှာရင်းနဲ့ ဆရာမော်ကက်တင်နဲ့ တွေ့တာပါ။ ဆရာကြီး အဘမှည့်ကိုလည်း ကျွန်တော်လေးစားပါတယ်။ ဒါပေမယ့် အဘ မှည့်တို့က လူကြီးပိုင်းရောက်သွားပြီဆိုတော့ ဘာကိုပဲလုပ်လုပ် ဖြည်းဖြည်းဆေးဆေး မှန်မှန်ပဲလုပ်တာ။ ဆရာမော်ကက်တင် တို့ကတော့ ဒီလိုမဟုတ်ဘူး ဆရာ။ သိပ်ပြီး အားရစရာကောင်း တာ။ လုပ်စရာရှိရင် ဒုန်းဒိုင်းလုပ်တတ်တယ်။ မြနန်းနွယ်ကို သူက ဥစ္စာစောင့်အောက်မေ့လို့ ဖမ်းမယ်၊ ဆီးမယ် စဉ်းစားသေး တယ်။ ဖမ်းပြီးရင် သိုက်တံခါးကို ဖွင့်ခိုင်းပြီး သိုက်တူးမယ်လို့ တောင် ဆရာမော်ကက်တင်က စဉ်းစားတာ။ ကျွန်တော့်ကိုလည်း ခြေမန်းကွင်းတွေ ဘာတွေစွပ်ပြီး မြနန်းနွယ်ဝေ့ဖ်ကို ခေါ်ကြည့် တယ်။အဲဒါကြောင့်လည်း ဆရာမော်ကက်တင်က မြနန်းနွယ်ဟာ ဥစ္စာစောင့်တွေ၊ သရဲတစ္ဆေတွေထဲက မဟုတ်ဘူးတဲ့။ အလွန် ခိုင်မာထူးခြားတဲ့ ဝေ့ဖ်တစ်ခုဖြစ်တယ်တဲ့"

ဟု ပြောလေ၏။ ထို့နောက်တွင်ကား ၎င်းတို့သုံးဦးသည် လူစု ခွဲ၍ ရွှေတိဂုံဘုရားပေါ်မှ ဆင်းခဲ့ကြလေ၏။

---

www.burmeseclassic.com



ဖေသန်းမောင်က ဆရာမော်ကက်တင်ဆီ သွားစရာရှိသည်ဆို ကာ မြောက်ဘက်မုခ်မှ ဆင်း၏။ မောင်ဖေသော်နှင့် ဆရာပါတို့က အရှေ့ဘက်မုခ်မှ ဆင်းကြ၏။ လမ်းတွင် မောင်ဖေသော်က ဆရာပါအား. .

"ဆရာ ဒီလိုရှိတယ်နော်။ ဒီကောင်ပြောမယ့်အချက်ဟာ သုံးချက် အခု နှစ်ချက်ပဲ ပြောရသေးတယ်။ နောက်ဆုံးအချက်ဖြစ်တဲ့ မြနန်းနွယ်ပြတဲ့ လမ်းကြောင်းအတိုင်း ခရီးသွားသင့်၊ မသွားသင့် ဆိုတာကို ဆွေးနွေးမသွားသေးဘူးနော်"

ဟု ပြောလိုက်လျှင် ဆရာပါက. .

"ဘယ်ဆွေးနွေးမလဲကွယ်။ မင်းက သူ့ဆရာ မော်ကက်တင်ကို မကောင်းဘူးပြောတော့ သူက စကားအကုန်မပြောတော့ဘဲ ပြန်ပြီး လျှိုသွားတော့တာပေါ့"

ဟု ပြောလေ၏။

"ဒီလို ဆရာရဲ့။ သူပြောတဲ့ မော်ကက်တင်ဆိုတာ အတော်ဆိုးတာ။ အရင်တုန်းကဆိုရင် အိမ်ရာရှိတာမဟုတ်ဘူး။ သချိုင်းတွေမှာ လှည့်ပြီးနေတာ။ အခုမှ အိမ်နဲ့ရာနဲ့ဖြစ်သွားတာ။ သူ့ဆီလာတဲ့လူတွေကိုလည်း ညစ်ညမ်းတဲ့ရေတွေ ဘာတွေတိုက်ပြီး ဘုန်းကံနိမ့်အောင် လုပ်ထားတာ။ သူ့ဆီရောက်ပြီးရင်တော့ ပြန်ထွက်

www.burmeseclassic.com



ဖို့ ခက်တယ်နော့်။ အဲဒါ ဖေသန်းမောင်တစ်ယောက်ကတော့ ဒုက္ခလှလှကြီး တွေ့တော့မယ်။ အဲဒါကြောင့် ကျွန်တော်က သူ့ကို သိအောင် ပြောတာ။ ဒါပေမယ့် သူက သူ့ဆရာဆိုတော့ ကျွန်တော့်စကား နားမဝင်ဘူးပေါ့ဆရာရယ်"

ဟု ပြန်ပြောလေ၏။ ၎င်းတို့နှစ်ဦးလည်း ရွှေတိဂုံဘုရားခြေတော်ရင်းသို့ ရောက်သောအခါ၌ လမ်းခွဲကြလေ၏။

ညနေပိုင်းသို့ရောက်လျှင် ဆရာပါသည် မောင်ဖေသော်ထံသို့ ရေးကြီးသုတ်ပျာနှင့် ရောက်လာ၏။

"ဖေသော်ရေ ဖေသန်းမောင်တစ်ယောက် ဆေးရုံရောက်နေပြီ။ တို့နဲ့လမ်းခွဲပြီး လင့်လမ်း(ယခုဓမ္မစေတီလမ်း) ကုန်းကိုအဖြတ်မှာ ရန်သူနဲ့တွေ့လို့ ဓားနဲ့အထိုးခံရတယ်တဲ့။ အခု ဆေးရုံမှာ သေတမ်းစစ်ချက်တောင် ယူထားရပြီ။ အဲဒါ ပုလိပ်ဘက်က သူ့အိတ်ထဲက စာရွက်စာတမ်းတွေတွေ့လို့ ငါ့ကျောင်းကမှန်း သိတာနဲ့ ငါ့ဆီကို အကြောင်းကြားတာ၊ ငါဆေးရုံကို သွားကြည့်ပြီးပြီ။ အခုထိ စကားမေးမရသေးဘူး"

ဟု ရေးကြီးသုတ်ပျာဖြင့် ပြောလေ၏။

"နေပါဦး ဆရာပါရဲ့။ ဖေသန်းမောင်မှာ ရန်သူမှမရှိဘဲ ဆရာပါရယ်"

www.burmeseclassic.com



ဟု မောင်ဖေသော်က ပြောလိုက်လျှင်. .

"ဘယ်ကလာ ရန်သူမရှိရမှာလဲ။ ဟို ခေါင်းတုံးသုံးယောက်လေကွာ။ ဒါပေမယ့် ခေါင်းတုံးတွေတော့ မဟုတ်တော့ဘူး။ ဆံပင်ရှည်တွေနဲ့ ဖြစ်နေပြီ။ ဖေသန်းမောင်က တို့နဲ့ခွဲပြီး လင့်လမ်းကုန်းကလေးကို ဖြတ်တာ။ အဲဒီကုန်းကလေးကလည်း တောစပ်ကလေးလိုပဲလေကွာ။ သစ်ပင်တွေ၊ ဘာတွေနဲ့။ အဲဒီမှာ မျက်နှာချင်းဆိုင်ကလာတဲ့ ဟိုကောင်သုံးကောင်နဲ့ တွေ့တာ။ ဖေသန်းမောင်က မမှတ်မိဘူး။ ဟိုကောင်တွေက မှတ်မိတော့ အတင်းဝင်ပြီး ဓားနဲ့ထိုးတာ။ အဲဒါကို မလှမ်းမကမ်းက ပါလာတဲ့ အကြော်သည်ကြီးက တွေ့တော့ လန့်ပြီးအော်တာပေါ့။ အဲဒီအကြော်သည်ကြီးကြောင့် လူသုံးယောက်နဲ့တစ်ယောက်ဆိုတာ ပုလိပ်ကသိရတာ။ ဒါပေမယ့် ဖေသန်းမောင်က စကားမပြောနိုင်တော့ဘူး။ ငါ့ဆီကို ပုလိပ်ကအကြောင်းကြားတော့မှ ငါက ပုလိပ်ကိုပြောပြတာ။ အဲဒီတော့ ဆေးရုံကိုသွားမယ်ကွာ"

ဟု ဆရာပါက ပြောလိုက်လေ၏။

ထို့နောက် ဆရာပါနှင့် မောင်ဖေသော်တို့သည် ဆေးရုံသို့ လိုက်သွားကြလေ၏။ ဆေးရုံသို့ရောက်သောအခါ၌ ဖေသန်းမောင်၏ ဆွေမျိုး

www.burmeseclassic.com



များလည်း ရောက်နေကြသည်ဖြစ်၏။ ဖေသန်းမောင်သည် သတိရလာပြီ ဖြစ်၏။ သို့ရာတွင် စကားများမပြောနိုင်ပေ။ မောင်ဖေသော်ကိုမြင်လျှင် အသံယဲ့ယဲ့ဖြင့်. .

“ခေါင်းတုံးတွေ ငါ့ကိုဓားနဲ့ထိုးတာ။ အခု ဆံပင်ပေါက်နေကြပြီ။ သူတို့ဟာ မော်ကက်တင်အိမ်ကို အဝင်အထွက်ရှိတယ်။ ငါက သူတို့ကို မမှတ်မိလို့ ပုလိပ်ဘက်ကို အဲဒီအတိုင်းပြောပြ”

ဟုပြောပြီးလျှင် ဆရာပါဘက်သို့လှည့်ကာ လက်အုပ်ကလေးချီလိုက်၏။ ဆရာပါနှင့် မောင်ဖေသော်သည် ဖေသန်းမောင်ကိုကြည့်၍ မျက်ရည်များ တတွေတွေစီးကျလာလေ၏။ မောင်ဖေသော်တို့ နှစ်ဦး သည် ထိုအမှုကိုကိုင်သောအရာရှိအား အကျိုးအကြောင်းကို ရှင်းပြလိုက်လေ၏။ ထိုအရာရှိလည်း မောင်ဖေသော်တို့ ပြောပြချက်များကို ရေးမှတ်ကာ မော်ကက်တင်အား ဖမ်းဆီးလိုက်လေ၏။ ထို့နောက် မော်ကက်တင်ကိုစစ်ဆေးရာ မော်ကက်တင်ထံမှ ဖေသန်းမောင်အား ဓားဖြင့်ထိုးသတ်ခဲ့သော တရားခံပြေးသုံးဦး၏သဲလွန်စကို ရရှိခဲ့လေ၏။ ထို့ကြောင့် ရက်ပိုင်းအတွင်း၌ပင် ထိုတရားခံပြေးသုံးဦးအား ဒလဘက်၌ သွားရောက်ဖမ်းဆီးခဲ့သည့် သတင်းကို ပုလိပ်အရာရှိထံမှ ကြားရလေတော့၏။ ဆရာပါနှင့် မောင်ဖေသော်တို့သည် ဖေသန်းမောင်၏ အသုဘတွင် ဝိုင်းဝန်းလုပ်ကိုင်

www.burmeseclassic.com



ကြလေ၏။ အသုဘကိစ္စပြီးမှသာလျှင် ဖုင်းတို့အိမ်သို့ အသီးသီး ပြန်သွားကြလေ၏။ မောင်ဖေသော်သည် ကျောင်းဆောင်၌မနေတော့ဘဲ တာမွေဘက်တွင် အိမ်ခန်းတစ်ခန်းငှားရမ်း၍ နေထိုင်နေပြီဖြစ်၏။ ဆရာပါနှင့်မောင်ဖေသော်သည် နေ့စဉ်နေ့တိုင်း ဘုရားကို အတူတက်ကြ၏။ အတူတကွ ပုတီးစိပ်ကြ၏။ တစ်နေ့တွင် ဆရာပါက. .

"ဖေသော်ကြီးရေ ဘာလိုလိုနဲ့ ဖေသန်းမောင်သေတာ နှစ်လပြည့်သွားပြီကွ၊ ဘာပဲဖြစ်ဖြစ် ဒီကောင်ရှိရင် အကြောင်းအရာတစ်ခုကို လေးလေးနက်နက်စဉ်းစားပြီး ဝေဖန်သုံးသပ်တတ်တယ်ကွ။ ပြီးတော့ သူပြောသလို ဝေ့ဖ်ပဲခေါ်ခေါ်၊ ဓာတ်ပဲခေါ်ခေါ်၊ မြနန်းနွယ်နဲ့ပတ်သက်တဲ့ ဓာတ်တွေပြတ်နေပါလား"

ဟု ပြောလိုက်လျှင် မောင်ဖေသော်က

"ဆရာ့ကို ကျွန်တော် တစ်ခုပြောရဦးမယ်။ မြနန်းနွယ်နဲ့ တွေ့ခါနီးရင် ကျွန်တော့်နားထဲမှာ အသံကလေးတိုးမျှင်မျှင်ကလေးတစ်ခု ကြားရတယ်။ အဲဒီအသံကို အစပထမ ကျွန်တော် ကြိုးတပ်တူရိယာတစ်ခုကို တီးခတ်လိုက်တဲ့အသံလို့ ထင်နေတာ။ ဒါပေမယ့် မဟုတ်ဘူးဆရာ။ ဥုမ် ဆိုတဲ့အသံကို ရှည်ရှည်မျှင်မျှင်ဆွဲပြီးဆိုတဲ့အသံပဲ။ ဘယ်လောက်ရှည်သလဲဆိုရင် တစ်၊ နှစ်၊ သုံး၊ လေးနဲ့

www.burmeseclassic.com



မှတ်ရင် ဆယ့်နှစ်အထိ ရောက်တယ်။ အဲဒီအသံလေးကြားပြီးမှ မြနန်းနွယ်ကို တွေ့ရတယ်”

ဟုပြောလိုက်လျှင် ဆရာပါက. .

“ဟုတ်ပြီ. . ဟုတ်ပြီ။ ငါလည်း ဒီလိုပဲကွ။ အသံလေးတစ်သံကြား ရတယ်။ တိုးတိုးလေးကွ။ ဘာသံမှန်းလည်း မသိဘူး။ အဲဒီအသံ ကြားရင် ငါ သတိလစ်သွားတယ်။ ဟုတ်ပါပြီကွာ။ ဟုတ်ပါပြီ။ အခု မင်းပြောမှ ပိုပြီးရှင်းသွားတယ်။ အဲဒီအသံလေး မကြားရ တာ ကြာပြီကွာ။ အဲဒီတော့ လွမ်းသလိုလိုပဲ”

ဟု ပြောလိုက်လျှင် မောင်ဖေသော်က. .

“လွမ်းစရာရှိရင် ကျွန်တော်ကလွမ်းရမှာပါ ဆရာရယ်”

ဟု ပြောလိုက်လေတော့သတည်း။

*****

www.burmeseclassic.com



# အခန်း(၆)

မောင်ဖေသော်နှင့်ဆရာပါတို့သည် ရွှေတိဂုံဘုရားမှဆင်းလာကြပြီးနောက် ကန်တော်ကြီးစောင်းအတိုင်းလျှောက်ခဲ့ကြလေ၏။ ဆရာပါသည် ခြေလှမ်းကျဲကြီးများဖြင့်လျှောက်၏။ မောင်ဖေသော်ကမူ မှန်မှန်ပင် လျှောက်လာခဲ့၏။ ထို့ကြောင့် ဆရာပါက. .

"ဟေ့ ဖေသော်၊ ခြေလှမ်းနှေးလှချည်လားကွ"

ဟုအပြစ်တင်၏။ ထိုအခါ မောင်ဖေသော်က. .

"နှေးတာမဟုတ်ပါဘူးဆရာရယ်။ ကိုယ့်စိတ်ကူးလေးနဲ့ကိုယ် လျှောက်နေလို့ပါ"

www.burmeseclassic.com



ဟုပြောလိုက်ရာ ဆရာပါက. .

"ဘာတွေ စိတ်ကူးနေတာလဲ။ မင်းစိတ်ကူးနဲ့၊ ငါ့စိတ်ကူးနဲ့ တူမလားမဆိုနိုင်ဘူး"

ဟုပြောလိုက်လျှင် မောင်ဖေသော်က. .

"ဆရာ အရင်ပြောကြည့်လေ"

ဟု ပြောလေ၏။

"ငါကတော့ တို့အဖြစ်အပျက်ကိုရှင်းပေးနိုင်မယ့် ပုဂ္ဂိုလ်တစ်ဦးဦး ပေါ်ပေါက်လာစေချင်တယ်။ ဒါမှလည်း တို့ခေါင်းထဲမှာ ရှုပ်နေတာတွေ ရှင်းလင်းသွားမှာပေါ့ကွာ။ အခုတော့ မတင်မကျကြီး"

ဟု ဆရာပါကပြောလေ၏။ ထိုအခါ မောင်ဖေသော်က. .

"ကျွန်တော်ကတော့ ဒီလိုမဟုတ်ဘူးဆရာရယ်။ ကျွန်တော့်စိတ်ကူးမှာတော့ အခုနေ မြနန်းနွယ်နဲ့တွေ့ရရင်ကောင်းမှာပဲလို့ စိတ်ကူးနေမိတယ်။ ဘာပဲဖြစ်ဖြစ်လေ ကျွန်တော်စိတ်ကူးတာလည်း မြနန်းနွယ်၊ ဆရာစိတ်ကူးတာလည်း မြနန်းနွယ်။ ဒီတော့ ဆရာနဲ့ ကျွန်တော်နဲ့ စိတ်ကူးချင်းတူတယ်"

ဟု ပြောလိုက်လေ၏။

"စိတ်ကူးချင်းတူတော့ ဘာဖြစ်သလဲ မောင်ဖေသော်ရဲ့"

www.burmeseclassic.com



ဟု ဆရာပါကပြောရာ မောင်ဖေသော်က. .

"စိတ်ကူးချင်းတူတော့ မအူကုန်းမှာတွေ့တဲ့ လက်ဖက်ရည်ဆိုင် မှာ လက်ဖက်ရည်ဝင်ပြီး သောက်ရရင် ကောင်းတာပေါ့ဆရာရယ်။ ကျွန်တော့်မှာတော့ ပိုက်ဆံပါမလာဘူး"

ဟုပြောလိုက်လျှင် ဆရာပါက ရယ်လေ၏။ ထို့နောက်. .

"ကောင်းပါပြီကွာ. . ကောင်းပါပြီ။ ငါ့မှာ ပိုက်ဆံပါပါတယ်။ မင်းကို လက်ဖက်ရည်တင်မဟုတ်ဘူး။ မလိုင်နဲ့ နံပြားတောင် ကျွေးလိုက်ဦးမယ်"

ဟု ပြောလေ၏။ ထို့နောက် ၎င်းတို့နှစ်ဦးသည် စကားတပြောပြောနှင့်လျှောက်လာခဲ့ကြရာ တိရစ္ဆာန်ရုံလွန်သည်နှင့် ဆရာပါက. .

"ငါ့နှာခေါင်းထဲမှာ အမွှေးနံ့လိုလို၊ ဘာလိုလို ရတယ်ကွ"

ဟုပြောလိုက်ရာ မောင်ဖေသော်က. .

"အမွှေးနံ့လိုလိုမဟုတ်ဘူး ဆရာရေ။ အမွှေးနံ့ကိုရတာ။ ဘာကြောင့်ရလဲဆိုတော့ ဟောဟိုတိရစ္ဆာန်ရုံထောင့်မှာ ပေါက်နေတဲ့ တောင်မရိုးပင်ကြီးကအနံ့ ဆရာရဲ့။ တခြားမထင်ပါနဲ့ ဆရာရယ်"

ဟု ပြောလေ၏။

"တောင်မရိုးနံ့ကို ငါကောင်းကောင်းသိတယ်ကွ။ အခု ငါ့နှာခေါင်း

ထဲမှာရနေတာ တောင်မရိုးနဲ့မဟုတ်ဘူး။ နဲ့သာဖြူနဲ့လိုလို၊ ဆောင်တော်ကူးနဲ့လိုလို ရနေတယ်ကွ”

ဟု ဆရာပါကပြောလျှင် မောင်ဖေသော်က ရယ်လေ၏။

“ဆရာရယ် ဆရာနဲ့ကျွန်တော် အတူလျှောက်လာတာ ကျွန်တော်မရဘဲ ဆရာရတယ်ဆိုတော့ စိတ်ကထင်လို့ဖြစ်ပါလိမ့်မယ်”

ဟုပြောလေ၏။ ထိုအခါ ဆရာပါက. .

“ဖေသော်ကြီး မင်းကိုငါပြောရဦးမယ်။ မင်းအနေနဲ့ ယုံမလားတော့ မဆိုနိုင်ဘူး။ ဟောဒီ ဘုတ်ကလပ်ဘေးနားမှာ ထန်းပင်လောက်မြင့်တဲ့ မကောင်းဆိုးဝါးကြီးတစ်ကောင်ရှိတယ်ကွ။ ဒါပေမယ့် သူ့ပုံစံက မကောင်းဆိုးဝါးနဲ့မတူဘူး။ ဂေါ်ဇီလာကြီးနဲ့ တူတယ် ကွ။ သူထိုင်ရင် ဘုတ်ကလပ်ဘေးက ရေဆိပ်ဘက်မှာထိုင်တယ် ကွ။ တစ်ခါတလေ ညောင်းတယ်နဲ့ တူပါတယ်ကွာ။ လမ်းလျှောက်ထွက်တယ်ကွ”

ဟု ပြောလိုက်လျှင် မောင်ဖေသော်က. .

“မကောင်းဆိုးဝါးဆိုတာ ညောင်းဖို့မရှိပါဘူး ဆရာရယ်”

ဟု ပြောလိုက်လျှင်. .

“ညောင်းတာမဟုတ်ရင်လည်း ပျင်းလို့ဖြစ်လိမ့်မယ်။ ဖေသော်

www.burmeseclassic.com



ကြီးရဲ့။ အဲဒီ မကောင်းဆိုးဝါးကြီးဟာ လမ်း ထွက်ထွက်လျှောက်တတ်တယ်”

ဟု ဆရာပါက ပြောလေ၏။ မောင်ဖေသော်ကလည်း. .

“မကောင်းဆိုးဝါးမှာ ပျင်းတယ်တို့၊ ဘာတို့ ရှိမယ်မထင်ပါဘူးဆရာရဲ့”

ဟုပြောလျှင် ဆရာပါက. .

“အေးကွာ. . . ဘာကြောင့်ပဲဖြစ်ဖြစ်။ အဲဒီ ဂေါ်ဇီလာနဲ့တူတဲ့ မကောင်းဆိုးဝါးကြီးဟာ တစ်ခါတလေ ဟောဒီကတ္တရာလမ်းအတိုင်း ကနေဒီကျွန်းအထိ လမ်းလျှောက်တယ်တဲ့ကွ”

ဟုပြောလိုက်ရာ မောင်ဖေသော်က ခစ်ခနဲရယ်၏။

“ဆရာပြောတဲ့ ဂေါ်ဇီလာနဲ့တူတဲ့ မကောင်းဆိုးဝါးကြီးဟာ ထန်းပင်လောက်မြင့်တယ်ဆိုတော့ လမ်းမှာ ခြေတက်ကြိုးတွေရှိတယ်ဆရာရဲ့။ သူ့ခေါင်းနဲ့လွတ်ပါ့မလား”

ဟုပြောလိုက်ရာ ဆရာပါက. .

“မကောင်းဆိုးဝါးဆိုတာ ထိကိုင်လို့ရတဲ့ အရာမှမဟုတ်ဘဲကွာ။ အဲဒီတော့ ခြေတက်ကြိုးနဲ့ ဘယ်လိုလုပ်ငြိမှာတုံး”

ဟု ပြန်၍ပြောလေ၏။

www.burmeseclassic.com



"ကဲပါ ဆရာရယ်။ ဆရာ့ဂေါ်ဇီလာ မကောင်းဆိုးဝါးအကြောင်း ဆက်ပြီးပြောစမ်းပါဦး"

ဟု မောင်ဖေသော်က ပြောသည်။

"အဲဒီ မကောင်းဆိုးဝါးကြီးလမ်းလျှောက်လာတာကို အချို့တက္ကစီကားသမားတွေ မြင်တွေ့ခဲ့ကြရတယ်။ အဲဒီမှာ လန့်ဖျပ်ပြီး စတီယာတိုင် ဟိုဆွဲဒီဆွဲ ဆွဲလို့ ကန်တော်ကြီးထဲ ထိုးကျတာမနည်းတော့ဘူးကွ။ အဲဒီမှာ သေတဲ့လူလည်း သေတယ်။ ရှင်တဲ့သူတွေက ပြန်ပြောပြတာ။ အဲဒီ ဂေါ်ဇီလာ မကောင်းဆိုးဝါးကြီးဟာ ကနေဒီကျွန်းရောက်ရင် ပြန်ပြီးလှည့်တယ်။ အဲဒီအတိုင်းပဲ ဘုတ်ကလပ်နဲ့ ကနေဒီကိုလျှောက်နေတာ နှစ်ပေါင်းများစွာပေါ့ကွာ။ တစ်နေ့မှာ အဲဒီဟာကြီးဟာ မျက်စိလည်လမ်းမှားပြီး ပြန်ကွေ့ရမှာ မကွေ့ဘဲ သပြေကုန်းရပ်ကွက်ထဲကို ဝင်သွားတယ်ကွ။ အဲဒီလိုဝင်သွားတဲ့အချိန်မှာ အိမ်တစ်အိမ်ရဲ့အပေါ်ထပ်မှာ ပရိတ်ရွတ်နေတဲ့ လူတစ်ယောက်ဟာ ပြတင်းပေါက်ကနေ ရိပ်ခနဲ မြင်ပါလေရော။ ဒီလူဟာ ပရိတ်ရွတ်ရင် ရေခွက်ကလေးတစ်ခွက် ရှေ့မှာချပြီး အမြဲရွတ်လေ့ရှိတယ်။ သူရွတ်လေ့ရှိတဲ့ပရိတ်ကလည်း ဓာရဏပရိတ်ပေါ့။ အဲဒီလူဟာ ကြောက်အားလန့်အားနဲ့ ဓာရဏ

www.burmeseclassic.com



ပရိတ်ရေနဲ့လှမ်းပြီး ပက်လိုက်တာ အဲဒီဟာကြီးလည်း မချိမဆန့် ခံစားရပြီး ထွက်ပြေးသွားတယ်။ အဲဒီနောက်မှာ ဒါကြီးဟာ ကန်တော်ကြီးစောင်းမှာ လမ်းလျှောက်တာမတွေ့ရတော့ဘူး။ သေသွားပြီလို့ ယူဆရတာပဲ”

ဟု ပြောလေ၏။ ထိုအခါ မောင်ဖေသော်က. .

“မကောင်းဆိုးဝါးက ဘယ်လိုသေမှာလဲ”

ဟု ပြောလေ၏။

“ဘယ်လို သေမှာလည်းတော့ မသိဘူးကွ။ ဒါကြီးမရှိတော့တာ တော့ သေချာတယ်”

**မှတ်ချက် ။ ။ ဆရာပါနှင့် မောင်ဖေသော်တို့ ထိုအကြောင်း အရာပြောနေသည့်အချိန်ကာလတွင် ဘုတ်ကလပ်ခေါ် ကန်တော်ကြီးဟိုတယ်ဘေး၌ အင်္ဂတေဖြင့်ပြုလုပ်ထားသော ဂေါ်ဇီလာရုပ်ကြီးမရှိ သေးပါ။**

*စာရေးသူ*

www.burmeseclassic.com



"ဆရာပြောတဲ့ ဂေါ်ဇီလာနဲ့တူတဲ့ မကောင်းဆိုးဝါးပုံပြင်တွေဟာ အစချီလာတာကတော့ တော်တော်ကြောက်ဖို့ကောင်းတယ်။ ဒါပေမယ့် ဇာတ်သိမ်းပိုင်းမှာ အဖျားရှူးသွားသလိုပဲ"

ဟု မောင်ဖေသော်ကပြောလျှင် ဆရာပါက. .

"မင်းကို ပုံပြင်ပြောပြနေတာ မဟုတ်ဘူး။ ငါသိတာ၊ ငါ ကြားဖူးတာကို ပြောပြနေတာ။ ဖေသော်ကြီးရဲ့ မင်း အခုလို ကတ်သီး ကတ်သတ်မေးမယ်။ ပြောမယ်ဆိုရင် နောက်နောင် ငါကြားဖူး တဲ့ မကောင်းဆိုးဝါးအကြောင်းတွေ မပြောတော့ဘူး"

ဟုပြောလိုက်လျှင် မောင်ဖေသော်က. .

"အဲဒီလိုတော့ မလုပ်ပါနဲ့ ဆရာရယ်။ ကျွန်တော်က ဒါမျိုးတွေ ကြိုက်ပါတယ်။ နားလည်းထောင်ချင်ပါတယ်။ ဒါပေမယ့် စာရေး ဆရာတာတေရေးတဲ့ ထဘီခြုံဆရာကြီးဆိုတဲ့ ဝတ္ထုထဲကအကြောင်း အရာရယ်၊ စာရေးဆရာ ကိုကိုလေးရေးတဲ့ မှော်ဆရာမှတ်တမ်း ဆိုတဲ့ ဝတ္ထုထဲကအကြောင်းအရာရယ်ကလွဲရင် ပြောပါဆရာ"

ဟု ပြန်၍ ပြောလေ၏။

"မင်းက အဲဒီဆရာနှစ်ယောက်ရဲ့ စာအုပ်ထဲက အကြောင်းအရာ တွေကို မယုံလို့လား"

---

www.burmeseclassic.com



ဟု ဆရာပါကဒေါ်နှင့်မောနှင့်မေးလေ၏။

"ယုံပါတယ်ဆရာရယ်။ ကျွန်တော်က အဲဒီစာအုပ်ထဲက အကြောင်းအရာတွေ ဖတ်ဖူးပြီးသားဆိုတော့ ဆရာ့အနေနဲ့ ပြောဖို့မလိုတော့လို့ပါ"

ဟု မောင်ဖေသော်က ပြန်၍ပြောလေ၏။

ရင်းတို့သည် ဤသို့လျှင် စကားတပြောပြောနှင့် လမ်းလျှောက်လာခဲ့ကြလေ၏။ ထိုသို့လမ်းလျှောက်လာရင်း ဆရာပါက. .

"အမွှေးနံ့က ပိုပြီးစူးလာတယ်ကွ။ မင်းပြောသလို တိရစ္ဆာန်ရုံထဲမှာပေါက်နေတဲ့ တောင်မရိုးပင်ကြီးကအနံ့ဆိုရင် အခုလောက်ဆိုပျောက်ဖို့ကောင်းပါပြီကွာ"

ဟု ပြောလေ၏။

"ဆရာပြောတာမှန်ပါတယ်။ ဒါပေမယ့် အဲဒီအနံ့ကို ကျွန်တော်က မရတော့ ဆရာတစ်ယောက်တည်း ဖြစ်နေတယ်။ တစ်ခုခုတော့ တစ်ခုခုပဲ ဆရာ"

ဟု မောင်ဖေသော်ကပြောလိုက်လေ၏။ ဆရာပါက. .

"မင်းအနေနဲ့ လက်ခံမယ်ဆိုရင် ငါ့အနေနဲ့ စကားတစ်ခုပြောချင်တယ်။ အဲဒါကဘာလဲဆိုတော့ အကောင်းလား၊ အဆိုးလား၊ ရန်သူ

www.burmeseclassic.com



လား၊ မိတ်ဆွေလားဆိုတာ တစ်ခါတလေမှာ ခွဲခြားဖို့ သိပ်ပြီး ခက်တယ်ကွ။ အခုကိစ္စမှာပဲ ကြည့်လေ။ မြနန်းနွယ်ဟာ ငါတို့ရဲ့ မိတ်ဆွေလား၊ ငါတို့ရဲ့ ရန်သူလား၊ သူယောင်ဆောင်တဲ့ ဝိညာဉ်လား၊ ဆိုးတဲ့မကောင်းဆိုးဝါးဝိညာဉ်လား"

ဟု စကားစလိုက်လေ၏။ မောင်ဖေသော်က. .

"ဆရာ့စကားကို ပြီးအောင်ဆက်ပါဦးဆရာရယ်"

ဟုပြောလိုက်လျှင် ဆရာပါက. .

"မင်းအနေနဲ့ တစ်ခုစဉ်းစားကြည့်လေ။ မြနန်းနွယ်နဲ့ပတ်သက်ပြီးမှ ဆေးရုံရောက်တဲ့လူရှိတယ်။ ရူးသွပ်တဲ့လူရှိတယ်။ သေသွားတဲ့လူရှိတယ်။ မင်းနဲ့ငါနဲ့လည်း အခုထိဆောက်တည်ရာမရကြသေးဘူး"

ဟု ပြောလိုက်လေ၏။

"ဒါကိုတော့ ကျွန်တော်လည်း စဉ်းစားမိပါတယ်။ တစ်ခုပြောချင်တာက ဆရာတို့၊ ဖေသန်းမောင်တို့ဟာ မြနန်းနွယ်ကို အိပ်မက်နဲ့ပဲ တွေ့ဖူးတာ။ ကျွန်တော်က လူနဲ့တွေ့ခဲ့တာလေ။ ရွှေညောင်ပင်ပြဇာတ်ကို အတူကြည့်ခဲ့တာပဲ။ ကျော်အေးတို့၊ မေမြင့်တို့၊ မေချစ်တို့ပါတဲ့ ပြဇာတ်ဟာလေ။ အဲဒီတုန်းက တွေ့ခဲ့ရတုန်းက မြနန်းနွယ်ဟာ ဆရာပြောသလို ရန်သူစာရင်းထဲ ထည့်ရမှာ

www.burmeseclassic.com



မဟုတ်ဘူး။ ကျွန်တော့်ရဲ့ မိတ်ဆွေ၊ ကျွန်တော့်ရဲ့ ချစ်သူအစစ်ပဲ။ အဲဒါကို ဆရာ့အနေနဲ့ စွပ်စွဲဖို့ တစ်ခုပဲရှိတယ်။ မြနန်းနွယ်ဟာ အဆိုး၊ မြနန်းနွယ်ဟာ ရန်သူဖြစ်တယ်။ ဒါပေမယ့် အလွန်ချော မောလှပတဲ့ ပုံသဏ္ဌာန်နဲ့ ကျွန်တော့်ကို လှည့်စားထားတယ်လို့တော့ ပြောချင်ပြောနိုင်တာပေါ့”

ဟု စိတ်ပျက်သံကြီးဖြင့် ပြောလိုက်လေ၏။

ဆရာပါသည် သူပြောသောစကားကို မောင်ဖေသော် မနှစ်သက်ကြောင်း ရိပ်မိလေသည်။ ထို့ကြောင့် စကားစကို ဖြတ်လိုက်လေ၏။ ပြီးလျှင် မောင်ဖေသော်၏မျက်နှာကို အကဲခတ်ပြန်၏။ ထိုသို့ အကဲခတ်ပြီးနောက်. .

“ဖေသော်ကြီးရေ အခြားအကြောင်းပြောတာထက်၊ ဂေါ်ဇီလာ မကောင်းဆိုးဝါးကြီးအကြောင်းပြောတာက ပိုကောင်းတယ်ကွ။ ပြောတဲ့လူကပြော၊ နားထောင်တဲ့လူကလည်း ယုံချင်ယုံ၊ မယုံချင်နေ။ အဲဒီအကြောင်းတွေကို တစ်ဦးနဲ့တစ်ဦး အယူအဆချင်း သိပ်ပြီး ကွဲလွဲစရာမရှိဘူး။ ငါဟာ ဝတ္ထုတွေ၊ ဘာတွေဖတ်ရင်လည်း အဲဒါမျိုးတွေပဲ ဖတ်တယ်ကွ။ နိုင်ငံခြားကလာတဲ့ ဂို့စ်စတိုရီတို့၊ နော်ဗင့်အက်နိုက်(တ်)လို့ ခေါ်တဲ့ ‘ညမဖတ်ပါနဲ့’ ညမဖတ်ရဆိုတဲ့

www.burmeseclassic.com



ဝတ္ထုမျိုးတွေပဲ ရွေးပြီးဖတ်တာကွ။ ငါ့မှာ တခြားစာအုပ် သိပ်မရှိဘူး။ အဲဒီစာအုပ်မျိုးတွေကများတာ။ မြန်မာမှာလည်း အဲဒီဝတ္ထုမျိုးတွေ၊ ဇာတ်လမ်းမျိုးတွေက အများကြီးပါပဲကွာ။ ဖတ်လည်းဖတ်ဖူးပါတယ်။ ကြားလည်းကြားဖူးပါတယ်”

ဟု ပြောလိုက်လေ၏။

“အမှန်အတိုင်းပြောရရင် ကျွန်တော်ဟာ မြနန်းနွယ်နဲ့ မတွေ့ခင်အထိ အဲဒါမျိုးတွေကို ယုံတာမဟုတ်ဘူးဆရာရဲ့၊ အခုတော့လည်း မယုံဘူးလို့ ဘယ်လိုလုပ်ပြီး ပြောမလဲဆရာရယ်။ ဒါပေမယ့် ဆရာစဉ်းစားသလို မြနန်းနွယ်ဟာ ရန်သူလို့တော့ ကျွန်တော် မစဉ်းစားနိုင်ဘူး။ ကျွန်တော်တို့ တွေ့ကြုံဖြစ်ပျက်နေရတာတွေဟာလည်း အကောင်းတွေတော့မဟုတ်ဘူး။ အဲဒါတွေ ဘာကြောင့်ဖြစ်နေတယ်ဆိုတာလည်း ကျွန်တော့်အနေနဲ့ မတွေးတတ်အောင်ပါပဲ ဆရာရယ်”

ဟု ဖေသော်က ပြောလေ၏။

ဤသို့လျှင် စကားတပြောပြောနှင့် လျှောက်လာခဲ့ကြရာ လူအိုရုံလမ်းထိပ်နှင့် တည့်တည့်လောက်တွင်ရှိသော ကျွန်းဆွယ်လေးတစ်ခုအနီးသို့ ရောက်ရှိလာခဲ့ကြလေတော့၏။ ထိုနေရာသို့ရောက်လျှင် ဆရာတပည့်

www.burmeseclassic.com



နှစ်ဦး အမောပြေထိုင်ကြလေ၏။ ၎င်းတို့ထိုင်သောနေရာနှင့် မလှမ်းမကမ်း လောက်တွင် အကြော်ဆိုင်လေးတစ်ဆိုင်သည်လည်း ရှိ၏။ ထို့ကြောင့် ၎င်းတို့သည် အကြော်ကိုမှာ၍ စားလေ၏။

အကြော်သည်အဒေါ်ကြီး၏ သားကလေးသည် ရေနွေးကြမ်းအိုး နှင့်ပန်းကန်နှစ်လုံးကို လာ၍ချပေး၏။ ထို့နောက် အကြော်ထည့်ထား သော သံပန်းကန်ပြားကို လာ၍ချပေး၏။ အကြော်နှင့်စားရန် အချဉ်ကို မူ ရေနွေးကြမ်းပန်းကန်တစ်လုံးတွင်ထည့်၍ယူလာပေး၏။

အချိန်မှာ အတော်အတန်စောသေးသောကြောင့် လူသွားလူလာ အလွန်မတန်နည်းလေ၏။

ဆရာပါနှင့် မောင်ဖေသော်တို့သည် အကြော်နှင့်ရေနွေးကြမ်းကို စကားတပြောပြောနှင့် စားသောက်နေကြလေ၏။

ထိုအချိန်၌ ဘုတ်ကလပ် (ယခု ကန်တော်ကြီးဟိုတယ်) ဘက်မှ ဘုန်းကြီးတစ်ပါးလျှောက်လာသည်ကို တွေ့ရ၏။

ထိုဘုန်းကြီးသည် ၎င်းတို့နှစ်ဦးအနီးသို့ ရောက်သောအခါ၌ ၎င်း တို့နှစ်ဦးအား စူးစူးရဲရဲ ကြည့်ရှုတော်မူ၏။ ပြီးလျှင် ဆရာပါ၏ ရှေ့တည့် တည့်လောက်တွင်လာ၍ ရပ်လေ၏။ ဆရာပါသည် မုန့်အကြော်များကို လှူရန်ကြည့်လိုက်၏။ သို့ရာတွင် သပိတ်မပါသောကြောင့် ဝတ္ထုပဲ ကပ်

www.burmeseclassic.com



တော့မည်ဟု ဆုံးဖြတ်ကာ မတ်တတ်ရပ်လိုက်ပြီးလျှင် လွန်စွာ ရှိသေကိုင်းရှိုင်းစွာဖြင့် (၁၀)တန်တစ်ရွက်ကို ထုတ်၍ လှူဒါန်းမည်ပြုလိုက်လေ၏။

ထိုအခါ ဘုန်းတော်ကြီးက. .

"အလှူခံမလို့ မဟုတ်ဘူးကွ။ လှူမလို့။ မင်းတို့နှစ်ယောက်စားတဲ့ အကြော်တွေရော၊ မင်းတို့နှစ်ယောက်သောက်တဲ့ ရေနွေးကြမ်း တွေရော၊ အချဉ်တွေရော ငါက လှူမှာ၊ အဲဒါတွေ အားလုံးဟာ ငါ့ပစ္စည်းတွေ၊ မင်းတို့နှစ်ယောက်ကို ငါက လှူတာလို့ သဘောထား"

ဟုဆိုကာ အကြော်ဆိုင်မှကလေးကိုခေါ်၍ ငါးကျပ်တန်တစ်ရွက်ကို ထုတ်ပေးလိုက်လေ၏။ ကလေးလည်း ၎င်း၏အမေအား ပိုက်ဆံကို ပေးလေ၏။ အကြော်သည်အဒေါ်ကြီးလည်း ကျသင့်ငွေကို တွက်ချက်၍ ပြန်အမ်းပေးလေ၏။ ကလေးသည် ထိုငွေကိုယူ၍ ဘုန်းတော်ကြီးအားကပ်လေ၏။ ထိုအခါ ဘုန်းတော်ကြီးက

"ငါ့ကို အဲဒီဝတ္ထုမကပ်နဲ့ ကလေး။ မင်းကို ငါက မုန့်ဖိုးစွန့်တာ"

ဟု ပြောလေ၏။ ထို့နောက် ထိုဘုန်းတော်ကြီးသည် ဆရာပါဘက်သို့လှည့်ကာ. .

"ဟေ့ ဒကာ၊ ဘုန်းကြီးကို ကူညီစမ်းပါ။ ဘုန်းကြီးက ခရီးသွား

www.burmeseclassic.com



နေတာဆိုတော့၊ ဝတ္ထုငွေများများ ယူသွားလို့မကောင်းဘူး။ အဲဒါကြောင့် ဟောဒီငွေတွေကို ဘုန်းကြီးအပ်ခဲ့ချင်တယ်။ ခရီးက ပြန်လာမှ ဘုန်းကြီးပြန်ယူမယ်"

ဟုဆိုကာ ငွေထုပ်တစ်ထုပ်ကို လှမ်း၍ပေးလေ၏။ ဆရာပါသည်-

"ကောင်းပါပြီ ဘုရား"

ဟုဆိုကာ ငွေထုပ်ကို လှမ်း၍ယူလိုက်လေ၏။ ထို့နောက် ဘုန်းကြီးသည် သာစုခေါ်ကာ ထွက်ခွာသွားလေ၏။ အချိန်အတော်ကြာ၍ မြင်ကွင်းထဲမှ ဘုန်းကြီးပျောက်သွားချိန်တွင် ဆရာပါက. .

"ခက်တော့တာပဲကွာ၊ ဘုန်းကြီးဟာ ငါ့အိမ်လိပ်စာလည်း မေးမသွားဘူး။ သူ့ရဲ့ကျောင်းလိပ်စာလည်း ပေးမသွားဘူး။ ဒီငွေတွေကို ဘယ်လိုလုပ်ပြီး ပြန်ပေးရမှာတုံး"

ဟုပြောလိုက်မှပင် မောင်ဖေသော်လည်း အလန့်တကြားနှင့်. .

"ဟုတ်ပါရဲ့ ဆရာရယ်"

ဟု ပြောလေ၏။

"နေပါဦး ဖေသော်ကြီးရ။ သူ့ပိုက်ဆံဘယ်လောက်ဆိုတာ မင်းနဲ့ အကြော်သည်အဒေါ်ကြီးကို သက်သေထားပြီး ရေရဦးမယ်ကွာ၊ ဘုန်းကြီးနဲ့ ပြန်မဆုံဖြစ်ဘူးဆိုရင်တော့ သူ့ပိုက်ဆံကို ငါ့အနေနဲ့

www.burmeseclassic.com



ကိုင်မထားဝံ့ဘူး။ တောင်ညွန့်ဂါတ်မှာပဲဖြစ်ဖြစ်၊ တာမွေဂါတ်မှာ ပဲဖြစ်ဖြစ် သွားပြီးအပ်ထားမယ်ကွာ”

ဟု ပြောလေ၏။

“ချက်ချင်းတော့မအပ်ပါနဲ့ဆရာရယ်။ တစ်ပတ်တော့ စောင့်ပါဦး။ တစ်ပတ်လောက်နေလို့ မလာမှအပ်ပါ။ ခုတော့ သူ့ငွေတွေကို ရေကြည့်ပါဦး”

ဟု ပြောသဖြင့် ဆရာပါသည် အကြော်သည်အဒေါ်ကြီး၏ ရှေ့တွင် ငွေထုပ်ကိုဖြေ၍ရေကြည့်ရာ စုစုပေါင်း(၉၃၇)ကျပ်ဖြစ်ကြောင်း သိရလေတော့၏။ ပြီးလျှင် ဆရာပါသည် ငွေကိုပြန်ထုပ်လေ၏။ ထို့နောက် ၎င်းတို့နှစ်ဦးသည် အကြော်ဆိုင်မှ ထွက်ခဲ့ကြလေတော့၏။ မအူကုန်းထိပ်သို့ရောက်သောအခါ၌ လက်ဖက်ရည်ဆိုင်သို့ဝင်ကာ လက်ဖက်ရည်သောက်ကြပြန်၏။ ပြီးမှ နှစ်ယောက်သား လမ်းခွဲလိုက်ကြလေ၏။

မောင်ဖေသော်သည် အိမ်သို့ရောက်သည့်အခါ၌လည်း ဆရာပါ လမ်း၌ပြောခဲ့သော စကားများကို စဉ်းစားနေမိလေ၏။ မြနန်းနွယ် အကြောင်းကိုလည်း စဉ်းစားနေမိလေ၏။ ထို့ထက်ပို၍ စဉ်းစားမိသည်ကား ၎င်းတို့စားသောက်သော အကြော်ဖိုးကို ရှင်းပေးသွားသည့်အပြင် လိပ်စာမျှမပေးဘဲ ဆရာပါအား ငွေထုပ်အပ်သွားသည့် ဘုန်းတော်ကြီး အကြောင်းကို အထပ်ထပ်တွေးနေမိလေ၏။

www.burmeseclassic.com



ညအိပ်ရာသို့ ဝင်သောအခါ၌လည်း မောင်ဖေသော်သည် ထိုအကြောင်းအရာများကိုချည်း စဉ်းစားနေမိသောကြောင့် တော်တော်နှင့် အိပ်မပျော်နိုင်ဘဲရှိနေလေ၏။

နံနက်မိုးလင်းသည့်အခါ၌ ရွှေတိဂုံဘုရား၌ ပုတီးစိပ်ရန်အတွက် ဆရာပါအားခေါ်ရန် မောင်ဖေသော်သည် ဆရာပါ၏အိမ်ဘက်သို့ ထွက်လာခဲ့လေ၏။

ဆရာပါ၏မိန်းမသည် မောင်ဖေသော်ကိုမြင်လျှင်. .

"မင်းဆရာ မနေ့ကတည်းက ဘုန်းကြီးနဲ့ပါသွားတာ ခုထိပြန်မရောက်သေးဘူး။ ညကလည်း အိမ်ပြန်မအိပ်ဘူး"

ဟု ဆီး၍ပြောလေ၏။

"ဘယ်ကဘုန်းကြီးလဲ ဆရာကတော်ရဲ့"

ဟုမောင်ဖေသော်ကမေးရာ ဆရာပါ၏မိန်းမက. .

"မင်းတို့ဆရာ မင်းနဲ့အတူ ပုတီးစိပ်ပြီး အိမ်ပြန်မရောက်ခင် နာရီဝက်သာသာလောက်မှာ ဘုန်းကြီးတစ်ပါးအိမ်ကိုကြွလာတယ်။ ငါကလည်း 'ဘာကိစ္စရှိပါသလဲ' လို့လျှောက်ရတာပေါ့။ အဲဒီတော့ ဘုန်းကြီးက ဆရာပါကို ငွေ ၉၃၇ကျပ် အပ်ထားတယ်လို့ပြောတယ်။ အဲဒီတော့ ငါက ဘယ်မှာအပ်ထားတာလဲလို့ မေး

www.burmeseclassic.com



တော့ မကြာခင်ကပဲ လမ်းမှာအပ်တာတဲ့။ အခု အဲဒီငွေကို အသုံး လိုလို့ လာပြန်တောင်းတာတဲ့။ အဲဒါနဲ့ ငါလည်းဘုန်းကြီးကို နေရာ ထိုင်ခင်းပေး၊ ရေနွေးကြမ်းလေးဘာလေးကပ်ပြီး စောင့်တော်မူ ပါဦးဆိုပြီး စောင့်ခိုင်းရတာပေါ့။ အဲဒီတော့ ဘုန်းကြီးဟာ ဟောဒီ ဘုရားစင်ရှေ့မှာပဲ ထိုင်ပြီးစောင့်နေတယ်။ သိပ်ပြီး မကြာလှပါ ဘူးကွယ်။ မင်းတို့ဆရာ ပြန်ရောက်လာတယ်။ သူ့လက်ထဲမှာ ကလည်း အထုပ်တစ်ထုပ်နဲ့ မင်းတို့ဆရာဟာ ဘုန်းကြီးကိုလည်း မြင်ရော မျက်လုံးပြူးသွားတယ်။ ပြီးတော့ ကပျာကယာဦးချတယ်။ အဲဒီလိုဦးချပြီးတော့ တပည့်တော်က စိတ်ပူနေတာ။ တပည့်တော် လိပ်စာလည်းအရှင်ဘုရားက မသိဘဲနဲ့ ဘယ်လိုလုပ် ငွေထုပ်ကို ပြန်ယူမလဲလို့ တွေးမိတယ်။ မတတ်သာတဲ့အဆုံးမှာတော့ ဒီ ငွေထုပ်ကို ဂါတ်မှာသွားပြီးအပ်မယ်လို့ ဆုံးဖြတ်ထားတယ်လို့ မင်းတို့ဆရာက ပြောလိုက်တယ်။ အဲဒီမှာ ဘုန်းတော်ကြီးက ပြုံး တယ်။ အဲဒီလို ပြုံးပြီးတော့ ဒကာပါရယ်၊ ဒကာပါရဲ့လိပ်စာကို မေးထားဖို့မလိုပါဘူး။ ဘုန်းကြီးသိချင်ရင် သိလို့ရပါတယ်။ ဘုန်းကြီးရှာချင်ရင် ရှာလို့ရပါတယ်။ ဘုန်းကြီးရောက်ချင်ရင် သွား လို့ရပါတယ်လို့ ပြောတယ်။ အဲဒီမှာ မင်းတို့ဆရာက ဘုန်းကြီး

www.burmeseclassic.com



ရဲ့ ငွေထုပ်ကိုအပ်လိုက်တယ်။ ဘုန်းကြီးက သူ့ငွေထုပ်ကိုကိုင်လိုက်ပြီးတာနဲ့ ဒကာပါ ငွေ(၁၀)လိုနေတယ်လို့ ပြောတယ်။ အဲဒီတော့ မင်းတို့ဆရာက မလိုပါဘူးဘုရား ရေကြည့်ပါဦးလို့ ပြန်ပြီးပြောလိုက်တယ်။ အဲဒီတော့ ဘုန်းကြီးက ရေကြည့်ရင် အရွက်တော့ စေ့တာပေါ့။ ဒါပေမယ့် ငါ့ရဲ့ငွေ(၁၀)လိုနေတာတော့ အမှန်ပဲ။ အရွက်ရေလည်းစေ့တယ်။ ငွေတစ်ဆယ် လည်းလိုနေတယ်ဆိုတော့ ဆရာပါလဲထားပြီ လို့ပြောတော့ မင်းတို့ဆရာက အိတ်ထဲက ဆယ်တန်တစ်ရွက်ထုတ်ပြီး မှန်ပါတယ်ဘုရား။ အရှင်ဘုရားရဲ့ဆယ်တန်ကို အဆောင်အဖြစ်လိုချင်လို့ပါဆိုပြီး ပြန်ပြီးလဲပေးလိုက်ရတယ်။ ပြီးတော့ ဘုန်းကြီးက ဒကာမကြီး၊ ဒီဒကာကြီးကိုခေါ်သွားမယ်နော်။ တကယ်လို့များ လမ်းကိုရောက်မှ ဒီဒကာကြီးက ရဟန်းဝတ်ချင်ပါတယ်လို့ပြောရင် ရဟန်းဝတ်ပေးလိုက်ရမလားလို့မေးတော့ ငါလည်း ရပါတယ်လို့ ပြန်ဖြေလိုက်တယ်။ အဲဒီနောက်တော့ ဘုန်းကြီးက ‘ကဲ. . ဒကာပါရေ။ ခရီးက နည်းနည်းလှမ်းတယ်။ နေမမြင့်ခင်ခရီးထွက်ရအောင် ဘုန်းကြီးနဲ့လိုက်ခဲ့စမ်းပါ’ လို့ပြောတယ်။ မင်းတို့ဆရာဟာ မိန်းမကိုတောင် နှုတ်ဆက်ဖော်မရဘဲ လွယ်အိတ်ကလေးလွယ်ပြီး စွေ့ခနဲလိုက်သွားလိုက်တာ ခုထိတောင် ပေါ်မလာတော့ဘူး”

www.burmeseclassic.com



ဟု ရှည်လျားစွာ ရှင်းပြလေ၏။ မောင်ဖေသော်သည် လွန်စွာ ရှုပ်ထွေးသော အဖြစ်အပျက်ကြောင့် စိတ်အိုက်၍ လာလေတော့၏။ ထို့ကြောင့် ဆရာကတော်အား နှုတ်ဆက်ကာ ပုတီးစိပ်ရန်အတွက် ရွှေတိဂုံဘုရားဘက်ဆီသို့ တစ်ဦးတည်း ထွက်လာခဲ့လေတော့သတည်း။

***

www.burmeseclassic.com



# အခန်း(၇)

မောင်ဖေသော်သည် အဖော်မရှိတော့ပေ။ ၎င်းတစ်ဦးတည်းသာ ကျန်ရစ်တော့ပြီဖြစ်၏။ ထို့ကြောင့် ဘုရားပေါ်သို့ တစ်ယောက်တည်း သွား၏။ ပုတီးစိပ်၏။ ထို့နောက် မြနန်းနွယ်အား မျှော်နေမိ၏။

သူသည် မြနန်းနွယ်နှင့် ပတ်သက်သော အကြောင်းအရာများကို အကြိမ်ကြိမ်စဉ်းစားနေမိ၏။ မြနန်းနွယ်အား ပြဇာတ်ရုံရှေ့တွင် စ၍ တွေ့သည်မှစ၍ တစ်ခုချင်း ပြန်၍စဉ်းစားမိ၏။

မြနန်းနွယ်အား ပြဇာတ်ရုံမှပြန်၍ပို့ခဲ့စဉ်က သူကိုယ်တိုင် မြနန်း နွယ်၏အိမ်သို့ရောက်ခဲ့၏။ မြနန်းနွယ်၏အိပ်ရာပေါ်၌ ကောင်းစွာ အိပ် စက်ခဲ့၏။

www.burmeseclassic.com



အိပ်ရာမှနိုးသောအခါ ဂိုဒေါင်နှစ်လုံးကြားသို့ ရောက်နေခဲ့သော အဖြစ်အပျက်များကို ပြန်၍စဉ်းစားမိ၏။ မြနန်းနွယ်သည် သူ့အား လှည့်စားနေသောအဖြစ်အပျက်များကို ပြန်၍စဉ်းစားနေခဲ့၏။

ထို့နောက် မြနန်းနွယ်နှင့် မြစ်ထဲတွင်သမ္ဗန်စီးခဲ့ပုံများ၊ မှောင်မိုက်သောနေရာသို့အရောက်တွင် မြနန်းနွယ်က လက်ညှိုးမှအလင်းရောင်ကို ထုတ်၍ ထိန်ထိန်လင်းစေခဲ့သောအဖြစ်အပျက်များကို ပြန်၍ သတိရလာ၏။

ထို့နောက် မြနန်းနွယ်သည် ဝေးလံသောနေရာသို့ လိုက်လာရန် မြေပုံများ ပြသခဲ့၏။ ထိုနေရာတွင် သူရှိသည်ဟု ပြောခဲ့၏။

မြနန်းနွယ်သည် အစပထမတွင် သူနှင့်လာဆက်သွယ်၏။ နောက်ပိုင်းတွင် သူ၏သူငယ်ချင်းနှင့်လည်းကောင်း၊ သူ၏ဆရာနှင့်လည်း ကောင်း ဆက်သွယ်လာ၏။

ဤအဖြစ်အပျက်များသည် မောင်ဖေသော် နားမလည်နိုင်သော အဖြစ်အပျက်များ ဖြစ်၏။ သို့မဟုတ် ဝိညာဉ်လောက၏ လှည့်စားချက်များဖြစ်၏။ ထို့ပြင် မြနန်းနွယ်နှင့်ပတ်သက်သော လူသုံးယောက်ရှိသည့် အနက် တစ်ယောက်မှာ အသတ်ခံသွားရပြီဖြစ်၏။ တစ်ယောက်မှာ ဘုန်းကြီးတစ်ပါးနှင့် အပြီးတိုင် လိုက်ပါသွားပြီဖြစ်၏။ ၎င်းတစ်ဦးတည်း

www.burmeseclassic.com



သာ ကျန်တော့၏။ ထိုသူများမှာလည်း ဆရာတစ်ဦးနှင့် တပည့်နှစ်ဦး ဖြစ်နေ၏။ တပည့်နှစ်ဦးအနက် မောင်ဖောသော်သည် တပည့်တစ်ဦး ဖြစ်၏။ ဖေသန်းမောင်မှာလည်း တပည့်တစ်ဦးဖြစ်၏။ ဆရာပါမှာ ဆရာ ဖြစ်၏။ ယခုအခါ၌ ဖေသန်းမောင်သည် အသတ်ခံရ၍ သေသွားပြီဖြစ် ၏။ ဆရာပါမှာလည်း ဘယ်ကမှန်းမသိသော ဘုန်းကြီးတစ်ပါးနှင့် အပြီး တိုင်လိုက်သွားပြီဖြစ်၏။

ယခု မောင်ဖေသော်တစ်ဦးတည်းသာ ကျန်ခဲ့တော့၏။ မောင် ဖေသော်သည် ဤအဖြစ်အပျက်ကို အထပ်ထပ်စဉ်းစားနေမိ၏။ ထိုသို့ စဉ်းစားရာတွင် မောင်ဖေသော်သည် တုန်လှုပ်လာ၏။

ထို့နောက် တစ်ကိုယ်တည်း ရေရွတ်နေမိလေ၏။

"ဒါဟာ လူစုခွဲတာပဲ။ ဆရာပါနဲ့ ငါနဲ့လည်း ထပ်ပြီးခွဲလိုက်ပြီ။ ပထမဦးဆုံး ဖေသန်းမောင်နဲ့ ခွဲလိုက်တယ်။ လူစုခွဲပြီး ငါတစ် ယောက်တည်းကျန်တာကို ဘာများဆက်ပြီး လုပ်ဦးမလဲ မသိဘူး။ ဘာပဲဖြစ်ဖြစ် ဝိညာဉ်လောကရဲ့ အရှုပ်အထွေးတစ်ခုထဲမှာ ငါဟာ ကျရောက်နေပြီ"

မောင်ဖေသော်သည် အထက်ပါအတိုင်းရေရွတ်ပြီးနောက်. .

"ငါ့ရဲ့ အဖြစ်အပျက်ဟာ ကောင်းတာပဲဖြစ်ဖြစ်၊ ဆိုးတာပဲဖြစ်ဖြစ်

www.burmeseclassic.com



အန္တရာယ်ရှိတာပဲဖြစ်ဖြစ်၊ မရှိတာပဲဖြစ်ဖြစ်၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အန္တရာယ်ကျရောက်လာတာပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ်လေ ဘာတွေဖြစ်ပျက်ခဲ့တယ်ဆိုတာတော့ ကျန်တဲ့လူသိအောင် မှတ်တမ်းကို အသေးစိတ်ရေးသွားမယ်။ ပြီးခဲ့တဲ့ အချိန်ကာလတွေက အဖြစ်အပျက်တွေကိုလည်း မှတ်တမ်းထဲမှာ ပြန်ပြီးရေးထည့်ထားမယ်”

ဟု ရေရွတ်ပြီးလျှင် မှတ်တမ်းကြီးကို ရေးလေတော့၏။ မောင်ဖေသော်သည် ထိုမှတ်တမ်းကြီးအား ကြိုးစား၍ရေးခဲ့ရာ သုံးလကျော်ကျော်ခန့်ကြာသောအခါ၌ ဆရာပါ ဘုန်းတော်ကြီးတစ်ပါးနှင့် လိုက်ပါသွားပုံအထိ မှတ်တမ်းကြီးလည်း ပြီးစီးသွားလေတော့၏။

ထိုနေ့တွင် မောင်ဖေသော်သည် မှတ်တမ်းကြီးကို တစ်ခေါက်ပြန်၍ ဖတ်ကြည့်၏။ ထိုသို့ဖတ်ကြည့်ပြီးနောက် လိုသောအပိုဒ်နေရာများပြန်၍ ဖြည့်စွက်၏။

စာအရေးအသားထစ်နေသောနေရာများ၊ အထားအသိုမှားသောနေရာများကို ပြန်၍ပြင်ဆင်၏။

ထို့နောက် မှတ်တမ်းကြီးကို သေချာကျနစွာထုပ်၍ သိမ်းဆည်းထားလိုက်လေ၏။ မြနန်းနွယ်နှင့် ပတ်သက်၍ ထူးခြားသော အဖြစ်ပျက်

www.burmeseclassic.com



များ ပေါ်ပေါက်လျှင်လည်း ထိုမှတ်တမ်းကြီး၌ ဆက်လက်ရေးသွားမည်ဟု ဆုံးဖြတ်လိုက်လေ၏။

မောင်ဖေသော်သည် မနက်ပိုင်း၌ ဘုရားသို့မတက်ဖြစ်သဖြင့် ညနေပိုင်းတွင် ဘုရားသို့တက်ခဲ့လေ၏။

ဘုရားသို့ရောက်လျှင် နောင်တော်ကြီးပေါ်သို့တက်၍ ပုတီးစိပ်လေ၏။

မီးထွန်းချိန်သို့ရောက်မှ နောင်တော်ကြီးမှဆင်းကာ စေတီတော်ကြီးအား လက်ယာရစ်ပတ်လေ၏။

ထို့နောက်မှ မြောက်ဘက်မုခ်မှဆင်းကာ ထရန်စပို့လမ်းအတိုင်း လျှောက်လာခဲ့ရာ တောင်ဘက်မုခ်အနီးသို့ရောက်လျှင် မြေနီလမ်းလေးအတိုင်းချိုးကွေ့၍ ဦးထောင်ဗိုလ်ကုန်းဘက်ဆီသို့ လျှောက်ခဲ့လေ၏။ ထို့နောက် ဦးထောင်ဗိုလ်ရေအိုးစင်သို့ရောက်လျှင် ရေတစ်ခွက်ကို ခပ်၍ သောက်၏။

ထိုသို့ ရေသောက်နေစဉ်၌. .

"မောင်လေး ရေကအေးသလားကွယ့်"

ဟု မိန်းမတစ်ဦး၏ မေးသံကိုကြားလိုက်ရလေ၏။ ထိုအခါ မောင်ဖေသော်သည် ရေသောက်နေရာမှ နောက်သို့ လှည့်ကြည့်လိုက်၏။

www.burmeseclassic.com



အသက်အစိတ်အရွယ်ခန့်ရှိ မိန်းမချောတစ်ဦးကို တွေ့လိုက်ရ၏။

မောင်ဖေသော်၏ စိတ်ထဲ၌. .

"အတော့်ကို ချောတဲ့မိန်းမပဲ"

ဟု တွေးတောလိုက်မိလေ၏။ မောင်ဖေသော်သည် ထိုမိန်းမကို ခြေဆုံး၊ ခေါင်းဆုံး ကြည့်ပြီးနောက်. .

"အေးပါတယ်ခင်ဗျာ၊ အေးပါတယ်။ အိုးတွေက သဲထဲမှာနှစ်ထားတာဆိုတော့ အေးပါတယ်။ အစ်မသောက်မယ်ဆိုရင် ခပ်လိုက်ပါ့မယ်"

ဟု ပြောလိုက်ရာ ထိုမိန်းမက. .

"သာခုလို့ ပြောရမလား။ ကျေးဇူးတင်ပါတယ်လို့ ပြောရမလားတောင် မသိတော့ပါဘူးကွယ်"

ဟု ပြောပြီးလျှင် လက်ကမ်းလိုက်လေ၏။ မောင်ဖေသော်ကလည်း သောက်ရေကို ခပ်၍ပေးလိုက်လေ၏။

ထိုအခါ ထိုမိန်းမသည် ၎င်းလက်တွင်ဆွဲထားသော အိတ်ကလေးအတွင်းမှ ခွက်ကလေးတစ်လုံးကို ထုတ်လိုက်လေ၏။ ထို့နောက်မှ. .

"မောင်လေးရယ် ဟောဒီခွက်ကလေးအတွင်းကို လောင်းထည့်ပေးပါဦးကွယ်"

www.burmeseclassic.com



ဟု ပြောလိုက်လေ၏။ မောင်ဖေသော်သည် ထိုခွက်အတွင်းသို့ ရေလောင်းထည့်ရင်း သေချာကြည့်လိုက်ရာ ရွှေခွက်ဖြစ်နေကြောင်း တွေ့ရလေ၏။ ထိုမိန်းမသည် ထိုရွှေခွက်ကလေးနှင့် ရေကိုသောက် လိုက်လေ၏။ မောင်ဖေသော်၏စိတ်၌. .

"တစ်မျိုးပဲနော်"

ဟု တွေးလိုက်မိလေ၏။ ထို့နောက်

"ရွှေခွက်က တော်တော်တန်မှာ။ သူတစ်ယောက်တည်း ဒီလမ်း ကသွားရင် သူများဆွဲလုသွားဦးမယ်"

ဟု တွေးလိုက်မိသောအခါ၌ ထိုမိန်းမက. .

"မောင်လေးက ဒီဘက်ကိုသွားမှာလား။ တခြားကြောင့် မေးတာ မဟုတ်ပါဘူး။ မမတစ်ယောက်တည်းဆိုတော့ မိုးကလည်း ချုပ် နေပြီ။ မတော်တဲ့လူနဲ့ တွေ့မှာစိုးလို့"

ဟု ပြောလိုက်ရာ မောင်ဖေသော်က. .

"ကျွန်တော် ဒီဘက်သွားတာ၊ မသွားတာ အကြောင်းမဟုတ်ပါ ဘူး။ အစ်မသွားချင်တဲ့ဆီကို ကျွန်တော်လိုက်ပို့ပေးပါမယ်"

ဟုပြောလိုက်ရာ ထိုမိန်းမသည် အသံလွင်လွင်ကလေးဖြင့် တခစ် ခစ်ရယ်လိုက်လေ၏။ ထိုသို့ရယ်လိုက်ပြီးနောက်. .

www.burmeseclassic.com



"ကျေးဇူးတင်ရတယ်လို့ ပြောရမလား။ သာဓုပါလို့ပြောရမလား တောင် မသိတော့ပါဘူး ငါ့မောင်ရယ်"

ဟုပြောလိုက်ရာ မောင်ဖေသော်က. .

"ကျေးဇူးတင်ပါတယ်လို့ပဲ ပြောပါဗျာ။ သာဓုလို့ပြောရအောင် အစ်မက သီလရှင်မှမဟုတ်ဘဲ"

ဟုပြောလိုက်ရာ ထိုမိန်းမက. .

"ဒီလိုတော့ မပြောပါနဲ့ ငါ့မောင်ရယ်။ အစ်မက သီလစောင့်ထိန်းနေတဲ့လူပါ။ သီလရှင်ဆိုတာ သီလစောင့်သူပဲ မဟုတ်လား"

ဟု သွားကလေးပေါ်ရုံမျှ ပြုံး၍ပြောလေ၏။

"ကျွန်တော့်နာမည်က မောင်ဖေသော်လို့ခေါ်ပါတယ်။ အစ်မနာမည်က ဘယ်လိုခေါ်သလဲ"

ဟုပြောလိုက်ရာ ထိုမိန်းမက. .

"အခုခေတ်မိန်းကလေးတွေက နာမည်ကိုအဖျားဆွတ်ခေါ်မှ သဘောကျတယ်မဟုတ်လား။ အဲဒါကြောင့် မမနာမည်ကို အဖျားဆွတ်ပြီးတော့ 'နွယ်'လို့ခေါ်ကြတယ်။ နာမည်အပြည့်အစုံကတော့ 'မြနန်းနွယ်' ရယ်ပါ"

ဟု ပြောလိုက်လျှင် မောင်ဖေသော်သည် ပါးစပ်အဟောင်းသား

www.burmeseclassic.com



ဖြစ်သွား၏။ ကြက်သေသေ သွား၏။ မျက်တောင်သည် ပုတ်ခတ်ပုတ်ခတ်ဖြစ်သွား၏။ ထို့နောက် နှုတ်ခမ်းအကျသည် မြန်လာ၏။

“ဒီနာမည်က ကျွန်တော့်ကို ဒုက္ခပေးနေတဲ့နာမည်ပါပဲ”

ဟုပြောလိုက်လျှင် မြနန်းနွယ်က တခစ်ခစ်ရယ်လိုက်ပြန်၏။

“မြနန်းနွယ်ဆိုတဲ့နာမည်တွေ ဒီကမ္ဘာကြီးမှာ အများကြီးရှိနေမှာပါ မောင်ရယ်။ ဒါပေမယ့် မမကတော့ ဘယ်သူ့ကိုမှ ဒုက္ခမပေးပါဘူး။ နာမည်ကတော့ မြနန်းနွယ်ပါပဲ။ နာမည်တူမရှား လူတူမရှားတဲ့”

ဟုပြောလိုက်လျှင် မောင်ဖေသော်က. .

“ကျွန်တော့်ကို ဒုက္ခပေးတဲ့ မြနန်းနွယ်ကလည်း ချောတယ်”

ဟုပြောလိုက်လျှင် ထိုမိန်းမက. .

“ဒီက မြနန်းနွယ်ကရော မောင်လေးရဲ့”

ဟုပြောလိုက်လျှင် မောင်ဖေသော်သည်. .

“ဒီ မြနန်းနွယ်ကလည်း လှတာပါပဲ”

ဟု ပြောလိုက်လေ၏။

“အလိုလေးကွယ်။ တစ်ယောက်ကိုတော့ ချောတယ်တဲ့။ တစ်ယောက်ကိုတော့ လှတယ်တဲ့။ ချောတာနဲ့ လှတာကို ဘယ်လိုများ ခွဲပါသလဲ မောင်လေးရယ်”

www.burmeseclassic.com



ဟု ပြုံးပြုံးကလေးနှင့် မေးလိုက်လေ၏။

"ဘယ်ကိုစွမဆို လုပ်လိုက်လို့ အဆင်ပြေသွားတာကို ချောတယ်လို့ ပြောတယ်မဟုတ်လား။ ချောတယ်ဆိုတာ အဖုအထစ်မရှိ ပြေပြစ် တာကို ပြောတာမဟုတ်လား။ လှတာကတော့ ချောတာထက် ပိုလိမ့်မယ်။ ချောတာအပြင် အခြားနှစ်လိုဖွယ်ရာတွေပါ ပေါင်းစပ် ထားတာ ဖြစ်မှာပေါ့"

ဟုပြောလိုက်လျှင် ထိုမြနန်းနွယ်ဆိုသောမိန်းမက. .

"ကဲ. . မမ ဘယ်နေရာမှာ လှသတုံး၊ ဘယ်နေရာမှာ နှစ်လိုဖွယ် ဖြစ်သတုံး"

ဟုမေးလိုက်ရာ မောင်ဖေသော်က မြနန်းနွယ်၏မျက်နှာကို သေချာ စွာကြည့်လိုက်၏။ ထိုသို့ကြည့်လိုက်ပြီးနောက်. .

"လှတာကတော့ အားလုံးလှနေတာပါပဲ။ အဲဒီထဲက တစ်ခုစီ ပြော ရမယ်ဆိုရင်တော့ မျက်လုံးတွေကလှတယ်။ မျက်လုံးတွေက လှ တယ်ဆိုတာ မျက်လုံးမှာရှိတဲ့သူငယ်အိမ်ဟာ တခြားမိန်းမတွေ နဲ့ မတူဘူး။ ပိုပြီးနက်မှောင်နေတယ်။ အဲဒီဘေးက မျက်ဖြူသား တွေကလည်း သွေးကြောတွေယှက်သန်းပြီး ညစ်ညမ်းမနေဘူး။ ပကတိ သန့်ရှင်းနေတယ်။ အဲဒီမျက်လုံးပေါ်က အုပ်ထားတဲ့

www.burmeseclassic.com



မျက်ခွံလေးတစ်ခုတည်းကိုပဲ ကျွန်တော်ရှင်းပြမယ်။ မျက်လုံးကို အပေါ်ဘက်က တစ်ခြမ်းအုပ်ထားတဲ့ မျက်ခွံကလေးရှိတယ်။ အဲဒီ မျက်ခွံကလေးမှာ မျက်ရစ်ကလေးရှိတယ်မဟုတ်လား။ အဲဒီ မျက်ရစ်ကလေးဟာ သိပ်ပြီးကြီးရင် ကုလားမနဲ့တူတယ်။ အဲဒီ မျက်ရစ်မပါဘူးဆိုရင်တော့ မျက်လုံးကြီးဟာ ထူအမ်းအမ်းကြီး ဖြစ်နေလိမ့်မယ်။ တချို့ တရုတ်မတွေမလှတာ အဲဒါကြောင့် မလှ တာ။ တချို့မှာ မျက်ရစ်မပါကြဘူး။ မမရဲ့မျက်ရစ်ကလေးတွေ ကတော့ ကြီးလည်းမကြီးဘူး။ သိပ်လည်းမနက်ရှိုင်းဘူး။ တိမ် လည်း သိပ်ပြီးမတိမ်ဘူး။ အလောတော်လောက်ပဲ။ ပြီးတော့ အဲဒီမျက်ရစ်အစပ်က မျက်တောင်မွေးလေးတွေ အကြောင်းပြော ပြဦးမယ်။ အဲဒီမျက်တောင်မွေးလေးတွေဟာ သိပ်ပြီးစိပ်လွန်းရင် ကြည့်ရဆိုးတယ်။ မျက်တောင်မွေးသိပ်ကျဲရင်လည်း ကြည့်လို့ မကောင်းဘူး။ သိပ်ရှည်ရင် ဒီအတိုင်းနေတာကို မျက်လုံးကြီး မှိတ်ပြီး အိပ်နေသလိုထင်ရတတ်တယ်။ တိုရင် မျက်ခမ်းစပ်သလို ဖြစ်နေလိမ့်မယ်။ မမရဲ့ မျက်တောင်မွေးတွေဟာ အစိပ်အကျဲ အနေတော်ပဲ။ အတိုအရှည်လည်း အလောတော်ပဲ။ မမရဲ့မျက် တောင်မွေးလေးတွေဟာ အဖျားကော့တယ်။ အဖျားကော့တဲ့

www.burmeseclassic.com



နေရာမှာလည်း အဖျားလေးတင်ကော့လို့ မလှဘူး။ ဆင်စွယ်လို အရင်းကနေ အဖျားထိကော့သွားမှလှတာ။ မမရဲ့ မျက်တောင်မွေးလေးတွေဟာ အဲဒီလိုပဲ”

ဟုပြောလိုက်ရာ မြနန်းနွယ်ဆိုသောမိန်းမသည် တခစ်ခစ်နှင့် ရယ်လေ၏။

“ဒီလောက်အချိန်ကလေးအတွင်းမှာ မမရဲ့အလှကို မင်းဟာ ဒီလောက်တောင်သိနေတာကိုး။ မျက်လုံးတစ်လုံးတည်းကိုတောင် ချီးမွမ်းလိုက်တာ မမဖြင့်မနေတတ်အောင်ပဲ”

ဟုပြောကာရယ်လေ၏။ ထို့နောက် ၎င်းကပင်. .

“ကဲပါ ငါ့မောင်ရယ်၊ မိုးလည်းချုပ်လှပါပြီ။ သွားကြရအောင်ပါ”

ဟုဆိုသဖြင့် မောင်ဖေသော်လည်း ၎င်းနှင့်အတူယှဉ်တွဲ၍ ခရစ်ယာန်သင်္ချိုင်းဘက်ဆီသို့ ဦးတည်ကာ လျှောက်ခဲ့လေ၏။

ထိုသို့လျှောက်လာရာ ခရစ်ယာန်သင်္ချိုင်းအနီးသို့ရောက်လျှင်. .

“မောင်လေးရေ၊ ဟောဒါ သင်္ချိုင်းမဟုတ်လားကွယ်။ မမဖြင့် ကြောက်လိုက်တာ”

ဟုပြောလိုက်ရာ မောင်ဖေသော်က. .

“မကြောက်ပါနဲ့မမရယ်။ ကျွန်တော်ရှိပါတယ်။ ဘယ်လိုအန္တရာယ်မျိုးပဲဖြစ်ဖြစ် မမရှေ့က ကျွန်တော်ကာကွယ်ပါ့မယ်”

www.burmeseclassic.com



ဟုပြောလိုက်လျှင် မြနန်းနွယ်က. .

"သင်္ချိုင်းနားမှာ ကြောက်တယ်ဆိုတာ ရိုးရိုးအန္တရာယ်ဘယ်ဟုတ်မလဲ မောင်လေးရဲ့။ သရဲတစ္ဆေကို ကြောက်တာ။ သရဲတစ္ဆေကို ရော ငါ့မောင် ဘယ်လိုကာကွယ်မလဲ"

ဟုပြောလိုက်ရာ မောင်ဖေသော်က. .

"လူချင်းတောင်မကြောက်တာ မမရယ်။ သရဲတစ္ဆေကို ကြောက်စရာမလိုပါဘူး။ ပြီးတော့ အဲဒါတွေက ကျွန်တော်တို့လို သရဏဂုံတည်တာမှ မဟုတ်ဘဲ။ ကျွန်တော်တို့မှာက ဘုရားရှိတယ်။ တရားရှိတယ်။ သံဃာရှိတယ်။ သင်းတို့ကို ဘာကြောက်စရာလိုမလဲ။ ပြီးတော့ ဒါမျိုးတွေက ကြောက်တတ်တဲ့လူကိုသာ ဖြဲပြီးခြောက်တာ။ ကျွန်တော်တို့လိုမကြောက်တတ်တဲ့ လူနဲ့တွေ့ရင် သင်းတို့ဘာမှမတတ်နိုင်ဘူး"

ဟုပြောလိုက်လျှင် မြနန်းနွယ်က. .

"မမတော့ ဒီညမှာ စစ်သူကြီးမဟာဗန္ဓုလနဲ့ ခရီးသွားရတယ်လို့ မှတ်ထားလိုက်မယ်နော်"

ဟုပြောလိုက်ရာ မောင်ဖေသော်က. .

"မမက ဒိုင်ယာရီမှတ်တဲ့ အကျင့်ရှိလို့လား။ အဲဒီအကျင့်ရှိရင်

www.burmeseclassic.com



တော့ စစ်သူကြီးမဟာဗန္ဓုလနဲ့အတူခရီးသွားခဲ့ခြင်းလို့ မှတ်ချင်လည်း မှတ်ပေါ့။ ဒါမှမဟုတ် စစ်သူကြီးမဟာဗန္ဓုလပြောပြတဲ့ မြနန်းနွယ်ရဲ့အလှလို့ ခေါင်းစဉ်တပ်ပေါ့။ ဘာပဲဖြစ်ဖြစ် ကျွန်တော်လည်းပဲ ကျွန်တော့်မှတ်တမ်းမှာရေးရဦးမယ်”

ဟုပြောလိုက်ချိန်၌ပင် မြနန်းနွယ်က. .

“မောင်လေး. . ဟိုမှာကြည့်စမ်း။ လတောင်ထွက်လာပြီကွယ့်။ လရောင်ကလည်း လှလိုက်တာကွယ်”

ဟုပြောလိုက်လျှင် မောင်ဖေသော်က. .

“အဲဒီလရောင်ဟာ မမမျက်နှာပေါ်ကို ဖြာပြီးကျနေတော့ မမရဲ့မျက်နှာဟာ ပိုပြီးလှနေတယ်။ အဲဒီတော့ ကျွန်တော့်မှတ်တမ်းထဲမှာတော့ လမင်းကြီးကထိန်ထိန်သာတယ်။ မြနန်းနွယ်က လှလွန်းပါတယ်လို့ မှတ်တမ်းတင်ထားလိုက်မယ်”

ဟုပြောလိုက်လျှင် မြနန်းနွယ်က အသံစာစာလေးဖြင့် ရယ်လိုက်လေ၏။ သူ၏ရယ်သံသည် ငွေဆည်းလည်းကလေးများ လှုပ်ခါလိုက်သကဲ့သို့ သာယာလှပနေ၏။ ထိုရယ်သံလွင်လွင်ကလေးသည် ကန်တော်ကြီးရေပြင်ကို ဖြတ်၍လောကဓာတ်တစ်ခုလုံးကို လွှမ်းခြုံသွားသည်ဟု ပင်မောင်ဖေသော်၏စိတ်၌ ထင်မှတ်လိုက်ရလေတော့သတည်း။

*****

---

www.burmeseclassic.com



# အခန်း(၈)

မောင်ဖေသော်နှင့် မြနန်းနွယ်တို့နှစ်ဦးသည် ယှဉ်တွဲ၍ လမ်းလျှောက်လာခဲ့ကြ၏။ အလယ်ကျွန်းအား တည့်တည့်မြင်ရလောက်သော နေရာအရောက်တွင် နှစ်ယောက်သားရပ်၍ ကန်ရေပြင်ကို ကြည့်ကြလေ၏။ ကန်ရေပြင်သည် လရောင်ကြောင့် တဖျပ်ဖျပ်လက်နေ၏။

"ဒီမှာ အစ်မကြီး မြနန်းနွယ်၊ အချိန်ကမရှိတော့ဘူး။ ကန်တော်ကြီးစောင်းမှာ မိန်းမချောချောတစ်ယောက်နဲ့ ယောကျ်ားလေးတစ်ယောက် အကြာကြီးရပ်ပြီး နေဖို့မသင့်တော်ပေဘူး။ ခင်ဗျားဘယ်ကို ပြန်မှာလဲ။ ကျွန်တော် လိုက်ပို့ပေးမယ်။ ပြီးတော့

www.burmeseclassic.com



ခြေလျင်ပြန်လို့တော့ မဖြစ်ပေဘူး။ မော်တော်ကားငှားပြီးစီးရ မယ်။ အဲဒီ မော်တော်ကားငှားဖို့ပိုက်ဆံကိုတော့ ကျွန်တော် စိုက်ပေးလိုက်ပါမယ်”

ဟု မောင်ဖေသော်က ပြောလိုက်ရာ မြနန်းနွယ်က ရယ်လေ၏။

“ငွေအကြောင်းလည်း မပြောနဲ့။ စိုးရိမ်စရာတွေလည်း မပြောပါနဲ့။ ရေထဲကို ကြည့်လိုက်စမ်း။ ဘယ်လောက်အေးမလဲ မပြောနိုင်ဘူး။ မင်းနဲ့ ငါနဲ့ လက်တွဲပြီး ရေထဲခုန်ချရအောင်။ ပြီးတော့ ရေထဲမှာ တို့နှစ်ယောက် ကူးခတ်ရအောင်။ ဘယ်လောက်များ ပျော်ဖို့ကောင်းလိုက်မလဲ။ လေကလေးကလည်း ဖြည်းဖြည်း ကလေးတိုက်နေတယ်။ လကလည်းသာနေတယ်။ ပြီးတော့ တိတ်ဆိတ်နေတယ်”

ဟု မြနန်းနွယ်ကပြောကာ မောင်ဖေသော်၏ညာဘက်လက်ကို ဆုပ်ကိုင်လိုက်လေ၏။

“မဟုတ်တာဗျာ။ ညကြီးသန်းခေါင် မိန်းမနဲ့ယောကျ်ား အတူတူ ရေဆင်းကူးရမယ်လို့။ ပြီးတော့ ရေစိုကြီးနဲ့တက်လာပြီး အိမ်ကို ဘယ်လိုပြန်ကြမှာတုံး”

ဟု မောင်ဖေသော်ကမေးလျှင် မြနန်းနွယ်က. .

www.burmeseclassic.com



"ဟင့်အင်း၊ ဟင့်အင်း နွယ်ရေကူးချင်တယ်"

ဟုပြောကာ ရေကန်ဘက်သို့ဆွဲသဖြင့် မောင်ဖေသော်လည်း အတင်းရုန်းရလေ၏။

မြနန်းနွယ်သည် နုနယ်ချောမောသော မိန်းကလေးဖြစ်သော် လည်း မောင်ဖေသော်သည် ယခုကဲ့သို့ရုန်းသောအခါ၌ သူ၏လက်သည် လွန်စွာသန်မာကြောင်းကို တွေ့ရလေတော့၏။ သူ၏ ဆုပ်ကိုင်ထားပုံမှာလည်း မိန်းကလေးတစ်ဦးဆုပ်ကိုင်ထားပုံနှင့်မတူဘဲ သံပြုတ်တူနှင့် ညှပ်ထားသကဲ့သို့ မြဲမြဲလှုပေ၏။ ထို့ကြောင့် မောင်ဖေသော်သည် ကိုင်ထားသောလက်ကို လက်ချင်းမဖြုတ်တော့ဘဲ ဒူးဖြင့်နင်း၍ ဖြုတ်ချလိုက်လေ၏။ ထိုအခါကျမှပင် လက်လည်းပြုတ်သွား၏။ ပြုတ်သွားသောအခါ၌ မောင်ဖေသော်သည် ထိုမိန်းမ၏ ရင်ဘတ်အား. .

"သွား"

ဟုဆိုကာ ဆောင့်၍တွန်းလိုက်လေ၏။ ထိုမိန်းမသည် ငြိမ်၍ခံနေသည်မဟုတ်။ သူ့တွင်ပါလာသော လက်ကိုင်ပဝါဖြင့် မောင်ဖေသော်၏မျက်နှာအား ဖြန်းခနဲ ရိုက်လိုက်လေ၏။ ထိုသို့ ရိုက်လိုက်သည့်ခဏ၌ မောင်ဖေသော်သည် သတိလစ်၍ လဲကျသွားလေ၏။

မောင်ဖေသော်သည် မည်မျှကြာကြာ လဲကျမေ့မြောနေသည်

www.burmeseclassic.com



မသိ။ ပတ္တရောင်လှည့်သော ပုလိပ်က အတင်းလှုပ်၍ နှိုးမှပင်နိုးလေ၏။

ပတ္တရောင်ပုလိပ်နှစ်ဦးအနက် တစ်ဦးသောသူက. .

"မင်း ဘာဖြစ်လို့ ဒီနေရာမှာ တစ်ယောက်တည်းလာပြီး ထန်းပင်ကိုမှီပြီး အိပ်နေရတာလဲ"

ဟု မေးရာ မောင်ဖေသော်က. .

"ထန်းပင်ကိုမှီပြီး အိပ်နေတာမဟုတ်ဘူး။ မိန်းမတစ်ယောက်နဲ့ ကျုပ်နဲ့ ရန်ဖြစ်တာ။ အဲဒီမိန်းမက ကျုပ်မျက်နှာကို လက်ကိုင် ပဝါနဲ့ ရိုက်လိုက်လို့ ကျုပ် သတိလစ်မေ့မြောသွားတာ"

ဟုပြောလိုက်လျှင် ပတ္တရောင်ပုလိပ်နှစ်ဦးသည် ဟက်ဟက်ပက်ပက်ရယ်လေ၏။ ထိုသို့ ရယ်လိုက်ပြီးနောက် တစ်ယောက်သောပုလိပ်က-

"မင်းတို့လို ကောင်လေးတွေတွေ့ရင် ကန်တော်ကြီးစောင်း သရဲပုံပြင်တွေ တစ်ခုမဟုတ်တစ်ခု ကြားရတယ်။ ငါဟာ ဒီကန်တော်ကြီးစောင်းကို စက်ဘီးနဲ့ ပတ္တရောင်လှည့်နေတာ နှစ်သုံးဆယ်ပြည့်လို့ ပင်စင်တောင်ယူတော့မယ်။ လာ. . လာ. . မင်း ဘယ်သွားမှာလဲ"

ဟုဆို၍ မောင်ဖေသော်အား စက်ဘီးနှင့်တင်ကာ လိုက်၍ပို့လေ၏။ မအူကုန်းထိပ်တွင်ရှိသော မိုးလင်းရောင်းသည့် လက်ဖက်ရည်ဆိုင်

www.burmeseclassic.com



သို့ရောက်လျှင် မောင်ဖေသော်လည်း ထိုပုလိပ်နှစ်ဦးအား လက်ဖက်ရည်တိုက်လေ၏။ အချိန်မှာ နံနက်နာရီပြန် သုံးနာရီပင်ထိုးနေပြီဖြစ်၏။

ပြီးလျှင် မောင်ဖေသော်သည် ထိုပတ္တရောင်ပုလိပ်နှစ်ဦးနှင့် လမ်းခွဲခဲ့လေ၏။

မောင်ဖေသော်သည် ထိုနေ့မှစ၍ ထိုမြနန်းနွယ်ဆိုသော မိန်းမကို မကြာခဏ အိပ်မက်မြင်မက်၏။ အိပ်မက်၏အစပိုင်းတွင် ထိုမိန်းမသည် လွန်စွာချောမောလှပ၏။ အိပ်မက်ပြီးခါနီးတွင် ထိုမိန်းမ၏မျက်နှာသည် ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာသဏ္ဍာန်ကြီး ဖြစ်သွားတတ်၏။

မောင်ဖေသော်သည် ထိုမိန်းမအား အိပ်မက်မြင်မက်ရမည်ကို ထိတ်လန့်နေ၏။ ထို့ကြောင့် ညအိပ်ရာဝင်ခါနီးတွင် မေတ္တာသုတ်ရွတ်ခြင်း၊ အနန္တသောသတ္တဝါတို့အား မေတ္တာပို့ခြင်း စသောအမှုများကို မှန်မှန်ပြုရလေ၏။ ထိုသို့ပြုလုပ်သောအခါ၌ ထိုမိန်းမအား မြင်မက်သောအိပ်မက်များသည် တစ်စတစ်စ လွင့်ပျောက်သွားလေတော့၏။

မောင်ဖေသော်သည် ဘုရားသို့ မှန်မှန်ကြီးတက်ခဲ့၏။ အဓိဋ္ဌာန်ပုတီးကိုလည်း စိပ်မြဲစိပ်ခဲ့၏။ တစ်နေ့တွင် မောင်ဖေသော်သည် ဘုရားတွင် ပုတီးစိပ်ပြီး၍ တောင်ဘက်မုခ်မှဆင်းကာ မြို့ထဲဘက်ဆီသို့ လျှောက်လာခဲ့လေ၏။

---

www.burmeseclassic.com



ကုက္ကိုပင်အရိပ်တစ်ခုသို့ ရောက်သောအခါ၌ နေပူသောကြောင့် ခေတ္တအရိပ်ခိုနေရလေ၏။ မောင်ဖေသော်ကဲ့သို့ပင် အရိပ်ခိုနေသော အသက် ၅၀ အရွယ် ကုလားကြီးတစ်ဦးသည် မောင်ဖေသော်အား တစ်ချက်လှမ်း၍ ကြည့်လိုက်၏။ မောင်ဖေသော်လည်း ၎င်းအား လှမ်း၍ ကြည့်လိုက်မိလေ၏။ ကုလားကြီးသည် မြက်ဖျာကလေးတစ်ချပ်ကိုခင်း၍ အေးချမ်းစွာထိုင်နေခြင်းဖြစ်၏။ လူသွားလူလာမှာ အတော်ပြတ်၏။ မော်တော်ကားများသာလျှင် တစ်စီးစ၊ နှစ်စီးစ လမ်းမှဖြတ်၍ မောင်းသွားတတ်၏။

မောင်ဖေသော်သည် ရေငတ်လာသဖြင့် ရေသောက်ရန် ဟိုကြည့် ဒီကြည့် ကြည့်လိုက်မိလေ၏။ ထိုအခါ ကုလားကြီးက. .

"ဗေတာ"

ဟု လှမ်း၍ခေါ်လိုက်လေ၏။ မောင်ဖေသော်လည်း ဗေတာ ဆိုသော ကုလားစကားကို ကောင်းစွာနားလည်၏။ 'သား' ဟုခေါ်လိုက်ခြင်းပင်ဖြစ်၏။

မောင်ဖေသော်သည် ကုလားကြီးအနီးသို့လျှောက်သွား၏။ ကုလားကြီးသည် သူ၏ကြေးရေဘူးအတွင်းမှ ရေတစ်ခွက်ကို ရေခွက်အတွင်းသို့ ငှဲ့ကာ မောင်ဖေသော်အား လှမ်း၍ပေးလိုက်လေ၏။

www.burmeseclassic.com



မောင်ဖေသော်သည် ဝမ်းသာအားရ ရေဖလားကို လှမ်း၍ယူပြီး လျှင်. .

"အတော်အေးတာပဲ။ ရေငတ်ကို တစ်ခါတည်းပြေသွားတာပဲ"

ဟု ပြောလိုက်လျှင် ထိုကုလားကြီးက ခေါင်းကို ဖြည်းဖြည်း ညိတ်ရင်း. .

"မင်းမှာ အန္တရာယ် သိပ်ပြီးများနေတယ်။ မင်းကို ဂါထာတစ်ခု သင်ပေးမယ်။ အဲဒီဂါထာကို ဘာဂါထာလဲလို့ မမေးနဲ့။ အန္တရာယ် ကလွတ်တဲ့ ဂါထာလို့နားလည်ထား။ အလွန် ထူးခြားတဲ့အတတ် ပညာတစ်ခုကလာတဲ့ စကားဖြစ်တယ်။ *'အိုဝါယီး'* လို့ ဆိုကြည့် စမ်း။ အဲဒီအသံဟာ မင်းကိုကျရောက်မယ့်အန္တရာယ်တွေကနေ ကာကွယ်ပေးနိုင်လိမ့်မယ်။ ပါးစပ်ထဲမှာ ခဏခဏဆိုနေ"

ဟု ပြောလေ၏။ ထို့နောက် သန္တာကို ငွေဖြင့်ကွင်းထားသော လက်စွပ်ကလေးအား မောင်ဖေသော်၏ လက်တွင်စွပ်ပေးလိုက်လေ၏။ မောင်ဖေသော်လည်း ကုလားကြီးအား ဂါရဝပြုပြီးနောက် ထိုနေရာမှ ထွက်လာခဲ့လေ၏။ ထိုသို့ ထွက်မလာမီ၌ ကုလားကြီးအား ငွေအနည်း ငယ် ပူဇော်ခဲ့သေး၏။

မောင်ဖေသော်သည် တစ်လမ်းလုံးနှုတ်မှ တဖွဖွ 'အိုဝါယီး၊ အိုဝါ

www.burmeseclassic.com



ယီး၊' ဟူ၍ ရွတ်ဆိုလာခဲ့၏။ မောင်ဖေသော်၏ စိတ်၌ ဤသို့ရွတ်ဆိုရသည်ကို ကျေနပ်နေ၏။ ထို့နောက် ကုလားအဘိုးကြီးပေးခဲ့သော သန္တာလက်စွပ်ကလေးကိုလည်း မကြာခဏကြည့်နေမိလေ၏။

မောင်ဖေသော်သည် အစဉ်သဖြင့်ဆိုသလို 'အိုဝါယီး'ကို ရွတ်နေ၏။ လက်စွပ်ကလေးကိုလည်း သူ၏လက်မဖြင့် ပွတ်သပ်ကာ စမ်းမိလေ၏။

တစ်လခန့်အကြာတွင် သူ့အားကန်တော်ကြီးအတွင်းသို့ အတင်းဆွဲချခဲ့သော မြနန်းနွယ်ဆိုသော မိန်းမချောတစ်ဦးအား အိပ်မက် မက်ပြန်၏။ အိပ်မက်ထဲတွင်လည်း ထိုမိန်းမသည် လှနေ၏။

အိပ်မက်ထဲတွင် မောင်ဖေသော်က ထိုမိန်းမအား. .

"ဆိုစမ်းပါဦးဗျ။ ဘာကိစ္စလဲ။ ကျုပ်ကို ရေထဲဆွဲချဦးမလို့လား"

ဟု ခပ်ငေါ့ငေါ့ဆိုလိုက်ရာ ထိုမိန်းမက. .

"အခုလာတာ မမအကျိုးအတွက် လာတာမဟုတ်ဘူး။ မောင်လေးအကျိုးအတွက် လာတာ။ မောင်လေး ခုတလော ဘာတွေရွတ်နေတာလဲ။ ဗုဒ္ဓဘာသာနဲ့မပတ်သက်တဲ့ ဂါထာတွေမရွတ်နဲ့ကွယ့်။ အဲဒါတွေဟာ မိစ္ဆာဒိဋ္ဌိတွေရဲ့ ဟာတွေ။ အပါယ်ငရဲကို ကျလိမ့်မယ်"

www.burmeseclassic.com



ဟုပြောလိုက်ရာ မောင်ဖေသော်က. .

"အပါယ်ငရဲကျမှာက နောက်ဗျ။ ရေကန်ထဲကျမှာက အရင်။ အဲဒီကုလားကြီးက အဲဒါကိုရွတ်တဲ့။ အဲဒါကြောင့် ရွတ်နေရတာ ခင်ဗျားသွားပါဗျာ"

ဟုပြောလိုက်လျှင် ထိုမိန်းမက ရယ်လေ၏။

"ရေထဲကျမှာစိုးလို့ဆိုရင်တော့ မရွတ်ပါနဲ့တော့ကွယ်။ မမ မင်း ကို ရေထဲ ဆွဲမချတော့ပါဘူး။ ဒါနဲ့ နေစမ်းပါဦး။ မင်းလက်မှာ ဝတ်ထားတဲ့ လက်စွပ်ကလည်း မလှပါဘူးကွယ်။ ငွေလက်စွပ်ကြီး။ မမ ရွှေလက်စွပ်တစ်ကွင်း ပေးပါမယ်။ ချွတ်ပစ်လိုက်ပါ"

ဟုပြောလိုက်ရာ မောင်ဖေသော်က. .

"လှလို့ ဝတ်ထားတာမဟုတ်ဘူး။ ကျုပ်ကို မြင်မြင်ချင်း မေတ္တာရှိသွားတဲ့ သူတော်စင်ကုလားအဘိုးကြီးက ဝတ်ပါဆိုလို့ ဝတ်ထားတာ။ ခင်ဗျားပေးမယ့် ရွှေလက်စွပ်ဆယ်ကွင်းနဲ့ မလဲနိုင်ဘူး။ ဒီလက်စွပ်မှာက မေတ္တာဓာတ်တွေပါတယ်။ ခင်ဗျားလက်စွပ်မှာက ဘာမှပါမှာမဟုတ်ဘူး။ သွားပါဗျာ"

ဟုဆိုကာ လက်စွပ်ဝတ်ထားသောလက်ဖြင့် ထိုမိန်းမ၏မျက်နှာကိုရိုက်လိုက်လျှင် ထိုမိန်းမလည်း ပျောက်ကွယ်သွားလေတော့၏။

---

www.burmeseclassic.com



မောင်ဖေသော်လည်း . .

"အတော်ဆန်းတဲ့ အိပ်မက်ပဲ"

ဟု တစ်ကိုယ်တည်း ရေရွတ်လိုက်မိလေတော့၏။ မောင်ဖေသော်သည် ရွှေတိဂုံဘုရားတွင်အစိဋ္ဌာန်လုပ်၍ ရက်စေ့သွားသောအခါ၌ ဆူးလေဘုရားတွင် အဓိဋ္ဌာန်လုပ်ပြန်သည်။ ဆူးလေဘုရားတွင် အဓိဋ္ဌာန်လုပ်သောရက်တွင် လူတစ်ဦးကို သတိထားမိလေ၏။ ထိုလူသည် ဆူးလေဘုရားမုခ်ကြီးလေးခုရှိ ဆင်းတုတော်များကို လှည့်လည်၍ ဖူးမြော်သူဖြစ်၏။ ဖူးမြော်ရာ၌လည်း အများသူငါကဲ့သို့ ထိုင်လျက်မဟုတ်ဘဲ မတ်တတ်ရပ်လျက် ဖူးမြော်သူဖြစ်၏။ ဘုရားကိုဖူးသောအခါ၌ ရိုးရိုးလက်အုပ်ချီ၍ဖူးသည်မဟုတ်။ လက်ပုံသဏ္ဌာန် (၈)မျိုးပြောင်းလဲ၍ ဖူးမြော်ခြင်းဖြစ်၏။

မောင်ဖေသော်သည် ထိုသူအား လွန်စွာစိတ်ဝင်စားခဲ့၏။ ထို့ကြောင့် ထိုသူ၏ လက်ပုံသဏ္ဌာန်၈မျိုးကို စာဖြင့်ရေးကာ မှတ်လေ၏။

ထိုသို့ ရေးမှတ်သည်ကို ထိုလူကတွေ့လေ၏။ ဘုရားဝတ်ပြုပြီးသောအခါ၌ ထိုသူက မောင်ဖေသော်အား . .

"ဒီမှာ ညီလေး၊ မင်းဘာတွေ လိုက်ပြီးမှတ်နေတာလဲ"

ဟု မေးလေ၏။

www.burmeseclassic.com



"ဒီလိုပါ အစ်ကိုကြီးရယ်။ အစ်ကိုကြီး ရှိခိုးတာက ပုံစံအမျိုးမျိုးနဲ့ရှိခိုးတာဆိုတော့ ဆန်းလို့လိုက်ကူးနေတာပါ"

ဟု ပြောလျှင် ထိုသူက ပြုံးလေ၏။ ထို့နောက်. .

"ငါ့ညီကို အစ်ကိုကြီး တစ်ခုပြောပြမယ်။ မင်းတို့ ငါတို့ အခုရှိခိုးနေကြတာကတော့ ဆောင့်ကြောင့်ထိုင်၊ ဒူးနှစ်ဖက်ပေါ်မှာ တံတောင်ဆစ်နှစ်ခုတင်ပြီး မျက်နှာမှာ လက်ဖဝါးနှစ်ဖက်ကပ်ထားတာပေါ့ကွာ။ ဒီပုံစံ ရှိခိုးနည်းဟာ ဒီအချိန်မှာ အမှန်ဆုံးပဲကွ။ ဒါပေမယ့် ဟိုဘက်ကပ်ကမ္ဘာ (၈)ခုလောက်ကဆိုရင် ရှိခိုးတဲ့ ပုံစံဟာ ဒီပုံမဟုတ်ဘူးကွ။ ပုံစံတစ်မျိုး ဖြစ်လိမ့်မယ်။ အခုအစ်ကိုကြီးရှိခိုးတာက ဟိုးဘက်ဟိုးဘက် ကပ်ကမ္ဘာတွေက ရှိခိုးတဲ့ ပုံသဏ္ဍာန်(၇)မျိုးနဲ့ အခုရှိခိုးတဲ့ပုံစံ (၁)မျိုး ပေါင်းပြီး ရှိခိုးနေတာကွ။ အဓိပ္ပာယ်ကတော့ကွာ ဘုရားကို အခုမှ ရှိခိုးတာမဟုတ်ဘူး။ ဟိုးဘက် (၈)ကမ္ဘာကတည်းက ရှိခိုးခဲ့တာလို့ ကိုယ့်ကိုကိုယ် အသိပေးနေတာကွ"

ဟု ရှင်းပြလေ၏။ မောင်ဖေသော်လည်း ၎င်းသိလိုသော အချက်များကို မေး၏။ ထိုသူကလည်း ရှင်းပြလေ၏။ ထို့နောက် အလုပ်သွားရဦးမယ်ဟု ပြောကာ ထွက်သွားလေ၏။

---

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com



ထိုသူထွက်သွားလျှင် လူတစ်ယောက်သည် မောင်ဖေသော်အနီးသို့ ရောက်လာ၏။ ထိုသူက မောင်ဖေသော်အား. .

"ခုန မင်းနဲ့စကားပြောတဲ့လူကို အစ်ကိုကြီး သိတာကြာပြီ။ သိပ်ပြီး ဦးနှောက်မကောင်းဘူးကွ။ ဘုရားရှိခိုးတာကို ကောင်းကောင်းမရှိခိုးဘူး။ ကုန်းလိုက်၊ ကွလိုက်၊ ရှေ့တိုးလိုက်၊ နောက်ဆုတ်လိုက်နဲ့ တော်တော့်ကို ပုံပျက်တယ်။ ဒီလို ပုံပျက်ပန်းပျက်တွေဟာ ဘုရားပေါ်မှာ မကောင်းဘူးကွ။ နိုင်ငံခြားသားမြင်ရင် အထင်သေးသွားမှာပေါ့"

ဟုပြောလျှင် မောင်ဖေသော်က. .

"မဟုတ်ဘူးအစ်ကိုကြီးရဲ့။ သူက လွန်ခဲ့တဲ့ (၈)ကမ္ဘာက ရှိခိုးနည်းတွေနဲ့ ရှိခိုးတာတဲ့"

ဟုပြန်၍ပြောလိုက်လျှင် ထိုသူက. .

"ငါ့ညီ စဉ်းစားကြည့်လေ။ လွန်ခဲ့တဲ့ (၈)ကမ္ဘာက ရှိခိုးနည်းတွေကို သူက ဘယ်လိုလုပ်ပြီးသိမှာတဲ့လဲ"

ဟု ပြောလိုက်လေ၏။ ထိုအခါ မောင်ဖေသော်လည်း အူကြောင်ကြောင် ဖြစ်၍သွားလေ၏။ မောင်ဖေသော်သည် ဘုရားပေါ်တွင် အချိန်အတော်ကြာ အဓိဋ္ဌာန်ပြုနေ၏။

www.burmeseclassic.com



တစ်နေ့တွင် ပုတီးကို ရိုးရိုးမစိပ်ဘဲ စွန်လွှတ်သကဲ့သို့ မြှောက်၍ မြှောက်၍ ဆွဲချနေသော ပုတီးသမားတစ်ဦးကို တွေ့ရလေ၏။ မောင်ဖေသော်လည်း စိတ်ဝင်တစားဖြင့် ကြည့်နေ၏။ ထိုသူ ပုတီးစိပ်ပြီးသွားသောအခါ၌ မောင်ဖေသော်က. .

"ဦးလေး ပုတီးစိပ်တာ တစ်မျိုးပဲနော်။ အဲဒါ ဘယ်လိုနည်းလဲဆိုတာ ကျွန်တော့်ကိုပြောပြနိုင်ရင် ပြောပြပါ"

ဟုပြောလိုက်ရာ ထိုပုတီးသမားလူကြီးက. .

"ဒီလိုရှိတယ်မောင်ရင်ရဲ့။ တခြားလူ ပုတီးစိပ်တာတော့ မပြောတတ်ဘူး။ ကျုပ်ပုတီးစိပ်တာကတော့ လေထဲမှာပျံ့နှံ့နေတဲ့ 'ဝေ့ဖ်' တွေကို ဖမ်းတာမဟုတ်လား။ ဒါကြောင့်မို့ ပုတီးနဲ့ အုပ်အုပ်ပြီး ဆွဲချနေတာ။ ဒါမှ မြန်မြန်ဓာတ်တွေကို ရမှာမဟုတ်လား"

ဟု ပြောလေ၏။ ထို့နောက် ထိုလူလည်း မောင်ဖေသော်အနီးမှ ထွက်သွားလေ၏။

ထိုအခါ အနီးမှလူတစ်ဦးသည် မောင်ဖေသော်အနီးသို့ ဖင်ရွှေ့ဖင်ရွှေ့ဖြင့် ရောက်လာပြီးလျှင်. .

"ဒါတွေကို မယုံနဲ့ကွယ့်။ ပုတီးစိပ်တာ ကောင်းကောင်းမစိပ်ဘဲနဲ့ စွန်လွှတ်သလိုလုပ်တာ ဘယ်ကောင်းမလဲကွယ်။ ဒါဟာ 'အဂါရဝ' ပုံစံတစ်မျိုးပဲ"

www.burmeseclassic.com



ဟု ပြောလေ၏။ ထိုအခါ၌ မောင်ဖေသော်လည်း. .

"ဟုတ်ကဲ့ ဟုတ်ကဲ့"

ဟုပြောကာ ပြန်ခဲ့ရလေ၏။

တစ်ခါတွင်လည်း မိန်းမတစ်ယောက်သည် ပုတီးကို လက်နှစ်ဖက်ဖြင့် သေနတ်ကဲ့သို့ ကိုင်လိုက်ပြီးလျှင် ပါးစပ်မှလည်း ဗုဒ္ဓေါ၊ ဗုဒ္ဓေါ ဟု ရွတ်ကာ ဟိုဘက်ချိန်လိုက်၊ ဒီဘက်ချိန်လိုက် လုပ်နေလေ၏။ မောင်ဖေသော်သည် ထိုမိန်းမအနီး၌ထိုင်၍ ပုတီးစိပ်ရင်း ထိုမိန်းမပုတီးစိပ်နေသည်ကို ကြည့်နေလေ၏။ ထိုမိန်းမ ပုတီးစိပ်ပြီးသောအခါ၌ မောင်ဖေသော်က. .

"အစ်မရယ်။ အစ်မ ပုတီးစိပ်တဲ့နည်းက အဆန်းပဲနော်။ ကျွန်တော့်ကို သင်ပေးနိုင်ရင် သင်ပေးစမ်းပါ"

ဟု ပြောလိုက်ရာ ထိုမိန်းမက. .

"မမ ဒီမှာပုတီးစိပ်နေတာ ကြာပြီကွယ့်။ မသိသူကျော်သွား၊ သိသူဖော်စား ဆိုတဲ့စကားဟာ အားကြီးမှန်တာပဲ။ ဘယ်သူမှ ဒီနည်းကိုတောင်းတဲ့လူမရှိဘူး။ တန်ဖိုးကို နားမလည်ကြဘဲကိုး။ ဒီနေ့တော့ ငါ့မောင်က လာတောင်းပြီ။ တောင်းတော့လည်း ပေးရမှာပေါ့ကွယ်။ ဒီလို ငါ့မောင်ရဲ့ ဓာတ်တွေက ဟိုပြေးဒီပြေး ပြေး

www.burmeseclassic.com



နေတာကွယ့်။ ပုတီးဆိုတာက ကျည်ဆန်တစ်ရာ့ရှစ်တောင့်ပါတဲ့ ခဲတတ် လက်နက်မဟုတ်လားကွယ်။ ဒါကြောင့် ပြေးလွှားနေတဲ့ ခဲတတ်တွေကို ဗုဒ္ဓေါ၊ ဗုဒ္ဓေါလို့ ခေါ်ပြီး ပစ်နေရတာကွယ့်။ အဲဒီလိုပဲ တစ်နေ့ တစ်နေ့ ပုတီးအလုံးပေါင်းများစွာနဲ့ ပစ်နေရတယ်ကွယ့်”

ဟု ရှင်းပြလေ၏။ မောင်ဖေသော်လည်း ခေါင်းတဆတ်ဆတ် ညိတ်၍ နားထောင်နေလေ၏။ ထို့နောက် ထိုမိန်းမလည်း. .

“အသေးစိတ်ကိုတော့ ငါ့မောင်စိတ်ဝင်စားရင် မမ နေ့တိုင်းသင် ပေးမယ်။ ဒီနေရာကို လာခဲ့ပါ”

ဟု ပြောကာ နှုတ်ဆက်၍ ပြန်သွားလေ၏။

ထိုအချိန်၌ မိန်းမကြီးတစ်ဦးသည် မောင်ဖေသော်အနီးသို့ရောက် လာကာ. .

“ဒီမှာ ငါ့တူ။ အဲဒီမိန်းမ ပုတီးစိပ်နေတာကို အဒေါ်တွေ့နေတာ ကြာပြီ။ ပုတီးကို ကောင်းကောင်းမစိပ်ဘူး။ သေနတ်ချိန်သလိုပဲ ဟိုလိုက်ချိန် ဒီလိုက်ချိန်နဲ့။ အဒေါ်ဖြင့် အဲဒါတွေကို အရေးယူဖို့ သက်ဆိုင်ရာကို စာတင်ရဦးမယ်”

ဟု ပြောလေ၏။

မောင်ဖေသော်သည် ဘုရားများကို လှည့်လည်၍ အဓိဋ္ဌာန်ဝင်ရာ

ဤသို့လျှင် ပုံစံအမျိုးမျိုးသော ပုတီးသမားများကို တွေ့လေ၏။

လအတန်ကြာသောအခါ၌ ထိုပုတီးသမားများကို ဘုရားပေါ်တွင် မတွေ့ရတော့ပေ။ ဘုရားမှ တာဝန်ရှိသူများသည် ဤသို့ကိုးရိုးကားရား နိုင်သော ပုံသဏ္ဌာန်ဖြင့် ပုတီးစိပ်ခြင်း၊ ဘုရားရှိခိုးခြင်းများကို လက်မခံ တော့ပေ။ ထို့ကြောင့် ထိုသူများလည်း ပျောက်ကွယ်သွားခြင်းဖြစ်၏။

မောင်ဖေသော်သည် ဆူးလေစေတီတော်၌ အဓိဋ္ဌာန်ပြည့်လျှင် ရွှေဘုန်းပွင့်စေတီတော်သို့ ရွှေ့၍ အဓိဋ္ဌာန်ပြုလုပ်ပြန်၏။ ရွှေဘုန်းပွင့် စေတီတော်သို့ရောက်လျှင် မောင်ဖေသော်သည် သမ္ဗုဒ္ဓေဂါထာတော် ဖြင့် အဓိဋ္ဌာန်ဝင်လေ၏။ မောင်ဖေသော်အဓိဋ္ဌာန်ဝင်သောနေ့မှာ ကြာသပတေးနေ့ ဖြစ်၏။ ထိုစေတီတော်တွင် ၄၉-ရက် အဓိဋ္ဌာန်ဝင်ခဲ့၏။ နေ့စဉ် အဓိဋ္ဌာန်ပုတီးစိပ်ရန် သွားရောက်ခဲ့ရာ ၇-ရက်ပြည့်သောနေ့တွင် မောင်ဖေသော်အား အသက်(၄၀)ကျော်အရွယ် လူတစ်ဦးက. .

"ငါ့ညီကို ဒီဘုရားမှာ ဒီအချိန်ဆိုရင် တွေ့နေရပြီ။ အဓိဋ္ဌာန်ဝင် နေတာလား"

ဟုမေးရာ မောင်ဖေသော်က. .

"ဟုတ်ပါတယ် ခင်ဗျား။ အဓိဋ္ဌာန်ဝင်နေတာပါ"

ဟု ပြန်၍ပြောလေ၏။ ထိုအခါ ထိုလူက. .

www.burmeseclassic.com



"ဘယ်လို ဝင်နေတာလဲကွယ်"

ဟုမေးရာ မောင်ဖေသော်က. .

"သမ္ဗုဒ္ဓေဂါထာနဲ့ အဓိဋ္ဌာန်ဝင်နေတာ၊ ၄၉-ရက် ကြာမှ အဓိဋ္ဌာန် ပြည့်မယ်"

ဟု ပြောလိုက်လျှင် ထိုလူက. .

"ကောင်းပါတယ်. . ကောင်းပါတယ်။ ကျုပ်လည်း ဘုရားတွေ လှည့်ပြီး အဓိဋ္ဌာန်ဝင်နေတာပဲ။ တစ်ဦးနဲ့တစ်ဦး မိတ်ဆွေဖြစ်ကြ ရတာပေါ့"

ဟုပြောလေ၏။ ထိုအခါ မောင်ဖေသော်က. .

"ကောင်းပါတယ်ခင်ဗျာ။ ကျွန်တော့်ကိုလည်း မိတ်ဆွေလို့ သဘော ထားပါ။ ကျွန်တော်က ကျောင်းသားပါ။ ကျွန်တော့်နာမည် မောင် ဖေသော်တဲ့။ ဦးလေးနာမည်ကို သိပါရစေ"

ဟုပြောလိုက်လျှင် ထိုလူက. .

"ကျုပ်နာမည်က ဦးစိန်မြသာတဲ့"

ဟု ပြောလေ၏။

မောင်ဖေသော်လည်း ဦးစိန်မြသာဆိုသူ၏မျက်နှာကို သေချာစွာ ကြည့်၏။ ထိုသူ၏ ဆံပင်မှာလွန်စွာရှည်၏။ ကျောအလယ်သို့ပင် ရောက်

www.burmeseclassic.com



နေပြီဖြစ်၏။ သို့ရာတွင် သူသည် ဆံပင်ကို နောက်မှစည်း၍ထုံးထား၏။ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတို့မှာလည်း လွန်စွာရှည်၏။ သို့ရာတွင် မုတ်ဆိတ်မွေးရော၊ နှုတ်ခမ်းမွေးပါ လွန်စွာနက်မှောင်၏။ ထိုသူ၏ မျက်လုံး၊ မျက်ခုံးသည် လွန်စွာကောင်း၏။ အသံဩဇာနှင့်လည်း ပြည့်စုံ၏။

မောင်ဖေသော် ပုတီးစိပ်သောအခါ၌ ထိုဦးစိန်မြသာကြီးသည် ရောက်လာတတ်လေ၏။ မောင်ဖေသော် ပုတီးစိပ်ပြီးလျှင် ထိုလူကြီးသည် မောင်ဖေသော်နှင့် စကားပြော၏။

ကြာသောအခါ၌ မောင်ဖေသော်နှင့် လွန်စွာရင်းနှီးလာလေ၏။ မောင်ဖေသော်သည် ဦးစိန်မြသာကြီးကို လွန်စွာခင်မင်၏။

တစ်နေ့တွင် ဦးစိန်မြသာကြီးက မောင်ဖေသော်အား. .

“ဒီနေ့ မောင်ဖေသော် အဓိဋ္ဌာန်ပြည့်ပြီနော်။ ဒီနေ့ ၄၉-ရက် ဆိုတော့ ဒီနေ့ ပုတီးစိပ်ပြီးတာနဲ့ ပြည့်ပြီပေါ့။ မနက်ဖြန် ဘယ်မှာ အဓိဋ္ဌာန်ဝင်မလဲ။ နားဦးမှာလား”

ဟု မေးလိုက်လေ၏။

“မနက်ဖြန် တစ်ရက်တော့နားမယ် ဦးစိန်မြသာရေ။ သန်ဘက်ခါ ပြန်ဝင်မယ်။ ဒီတစ်ခါ ဘယ်စေတီမှာဝင်ရမလဲ မသိသေးဘူး”

ဟုပြောလိုက်ရာ ဦးစိန်မြသာကြီးက ရယ်လေ၏။

www.burmeseclassic.com



"မောင်ဖေသော်တို့လည်း အဓိဋ္ဌာန်ဝင်တာ များပြီ။ အခုထိ အဓိပ္ပာယ်မပေါက်သေးဘူးလား။ ဘယ်စေတီတော်မှာ အဓိဋ္ဌာန်ဝင်ရမယ်ဆိုတာ ဘယ်သူ့မှမမေးနဲ့။ မျက်စိမှိတ်ပြီး အသာလေး၊ ငြိမ်ငြိမ်လေးထိုင်နေလိုက်။ မင်းအဓိဋ္ဌာန်ဝင်ရမယ့်စေတီကို မျက်စိထဲမှာ ပြတ်ပြတ်သားသား မြင်လာလိမ့်မယ်။ အဲဒီမှာ ဝင်ရမယ်။ ကျုပ်ပြောတာမယုံရင် လုပ်ကြည့်စမ်း"

ဟု ပြောလိုက်ရာ မောင်ဖေသော်သည် တင်ပျဉ်ခွေထိုင်ကာ မျက်စိကိုမှိတ်၍ ငြိမ်ငြိမ်ကလေးထိုင်လိုက်လေ၏။ နာရီဝက်ခန့်ကြာလျှင် မောင်ဖေသော်သည် မျက်စိကိုဖွင့်လိုက်လေ၏။

ထိုသို့ ဖွင့်ပြီးနောက်. .

"ဒီမှာ ဦးစိန်မြသာ၊ ကျွန်တော့်အာရုံထဲမှာ ဗိုလ်တထောင်ဘုရားကိုပဲ ပြတ်ပြတ်ထင်ထင်မြင်နေတယ်"

ဟုပြောလိုက်လျှင် ဦးစိန်မြသာက. .

"ဒါပေါ့ ငါ့လူရယ်။ အဲဒီဗိုလ်တထောင်ဘုရားမှာ အဓိဋ္ဌာန်ဝင်ရုံပေါ့။ ကဲ. . ကဲ ဘယ်နှစ်ရက် အဓိဋ္ဌာန်ဝင်ရမယ်ဆိုတာလည်း အာရုံပြုကြည့်လိုက်ပါဦး"

ဟု ဆိုသဖြင့် မောင်ဖေသော်လည်း မျက်စိကိုမှိတ်ထားလေ၏။

www.burmeseclassic.com



တအောင့်မျှကြာလျှင် မျက်စိကိုဖွင့်ပြီး. .

"ဦးစိန်မြသာရေ. . မျက်စိမှာထင်တာမဟုတ်ဘူးဗျ။ စိတ်မှာထင်တာ။ တစ်နှစ်တောင်လုပ်ရမယ်ဆိုပဲ။ အဲဒီတော့ ကျောင်းဖွင့်ရင် အခက်အခဲတွေ့မှာပဲ။ ဘာပဲဖြစ်ဖြစ် ကျောင်းဖွင့်ချိန်မှာ ကျောင်းသွားတက်လိုက်၊ အဓိဋ္ဌာန်ဝင်ချိန်မှာ ဘုရားသွားလိုက်လုပ်ရမှာ ပဲ၊ အဓိဋ္ဌာန်ပျက်လို့တော့ မဖြစ်ပေဘူး"

ဟု ပြောလေ၏။ ဦးစိန်မြသာသည် တဟားဟား ရယ်လေ၏။

"အာရုံထဲမှာ တစ်နှစ်ပေါ်လာတော့လည်း တစ်နှစ်လုပ်ရမှာပေါ့ကွယ်။ ဒါပေမယ့် တစ်ခုတော့အကြံပေးချင်တယ်။ မောင်ဖေသော်ရဲ့အဓိဋ္ဌာန်က တစ်နှစ်လုံးလုံး တစ်မျိုးစားတည်း၊ တစ်ပုံစံတည်းလုပ်ရမယ် မထင်ဘူး။ ပြောင်းသင့်တဲ့နေရာမှာ ပြောင်းလဲပြီး လုပ်ရမယ်ထင်တယ်။ ဘာပဲဖြစ်ဖြစ် ကျုပ်လည်း မောင်ဖေသော်နဲ့ အတူအဓိဋ္ဌာန်ဝင်ပါ့မယ်။ တစ်ခုတော့ မေတ္တာရပ်ခံပါရစေ မောင်ဖေသော်။ အဓိဋ္ဌာန်ဝင်တဲ့ရက်မှာ သက်သတ်လွတ်စားပါ။ အဲဒီနားကထမင်းဆိုင်မှာ တစ်နှစ်လုံးသက်သတ်လွတ်စားဖို့ ကျုပ်ပိုက်ဆံပေးထားမယ်"

ဟုပြောလိုက်လျှင် မောင်ဖေသော်က. .

---

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် ဦးစိန်မြသာ၊ အဲဒီတော့ သန်ဘက်ခါမနက် ဘယ်အချိန်လောက် ဆုံကြမလဲ"

ဟုမေးလေ၏။ ထိုအခါ ဦးစိန်မြသာက. .

"ဗိုလ်တထောင်ဘုရားမှာ ငါးနာရီလောက် ဆုံကြရအောင်။ ကျုပ်လည်း အဲဒီအချိန်လောက်လာမယ်။ မောင်ဖေသော်လည်းလာခဲ့"

ဟု မှာလိုက်လေ၏။

မောင်ဖေသော်သည် ဦးစိန်မြသာကြီးနှင့် လမ်းခွဲခဲ့ပြီဖြစ်၏။ ည အိပ်ရာဝင်သောအခါ၌ ဦးစိန်မြသာကြီးအကြောင်းကို စဉ်းစားမိလေ၏။ သူ၏စိတ်၌လည်း. .

"ဦးစိန်မြသာဆိုတဲ့ လူကြီးရဲ့ ဉပဓိရုပ်ဟာ အတော့်ကို သန့်တယ်။ သူ့ရဲ့ ဆံပင်တွေ၊ မုတ်ဆိတ်တွေ၊ နှုတ်ခမ်းမွေးတွေကလည်း အတော့်ကို နက်မှောင်နေတာပဲ။ သူ့ကို ကြည့်ရတာ ပန်းချီဆရာ ရေးထားတဲ့ ဇော်ဂျီရုပ်ကို ကြည့်ရသလိုပဲ။ ဘာပဲဖြစ်ဖြစ် သူပေးတဲ့အကြံဉာဏ်ဟာ မဆိုးဘူး။ အဓိဋ္ဌာန်ကို ဘယ်ဆရာဆီမှာမှ တောင်းယူဖို့မလိုတော့ဘူး။ ကိုယ့်ဟာကိုယ် ငြိမ်ငြိမ်ကလေးထိုင်ပြီး အာရုံပြုလိုက်ရုံပဲ။ ကိုယ့်စိတ်အာရုံထဲမှာ ပေါ်လာတဲ့အတိုင်း လုပ်ရုံပဲ။ ဘာပဲဖြစ်ဖြစ် ဒီလူကြီးဟာ အတော့်ကိုနားလည်တဲ့

www.burmeseclassic.com



လူကြီးဖြစ်မှာပဲ။ မနက်ဖြန်မနက်ငါးနာရီမှာ ဒီဦးစိန်မြသာ ဆိုတဲ့ လူကြီးနဲ့အတူ ဗိုလ်တထောင်ဘုရားမှာ အမိဌာန်လုပ်ရတော့မယ်။ ဒီအမိဌာန်ဟာ ငါ့ဘဝအတွက် ထူးခြားတဲ့အမိဌာန်ဖြစ်မှာပါပဲလေ”

ဟု ရေရွတ်ရင်း ကျေနပ်ဝမ်းမြောက်သောစိတ်ဖြင့် အိပ်ချလိုက်လေတော့သတည်း။

*****

www.burmeseclassic.com



# အခန်း(၉)

နံနက်လေးနာရီခန့်တွင် မောင်ဖေသော်သည် အိပ်ရာမှနိုးလေ၏။ နိုးသည်နှင့်တစ်ပြိုက်နက် မျက်နှာသစ်ခြင်း၊ ကိုယ်လက်သုတ်သင်ခြင်းကို ပြုပြီးနောက် ဗိုလ်တထောင်ဘုရားဆီသို့ ထွက်လာခဲ့လေ၏။

ဘုရားသို့ရောက်လျှင် ဖယောင်းတိုင်တစ်တိုင်၊ အမွှေးတိုင်တစ်တိုင် ပူဇော်လိုက်ပြီးနောက် ဘုရားကိုရှိခိုးလေ၏။ ထို့နောက် ဘယ်လိုအဓိဋ္ဌာန်မျိုးလုပ်ရင်ကောင်းမလဲဟု ငြိမ်ငြိမ်ကလေးထိုင်၍ အာရုံပြုလိုက်ရာ မောင်ဖေသော်၏အာရုံ၌ ပိတ်ဖြူစင်ကြယ်ဝတ်၍ ဘုရားစာရွတ်ဆိုနေပုံကို ထင်မြင်လေ၏။ သူ၏စိတ်တွင် (၄၉)ရက်လုပ်ရမည်ဟုလည်း သိနေသကဲ့သို့

ရှိလေ၏။ (၄၉)ရက်လုံးလုံး နံနက်စောစောမှ ညနေနေဝင်သည်အထိ ဘုရားတွင်နေပြီး အမွေးနံ့သာလိမ်းကျံကာ ပိတ်ဖြူစင်ကြယ်ဝတ်လျက် ဘုရား၌သာအာရုံထားလျက် ဘုရားစာရွတ်နေရမည်ဟု ရင်ထဲမှာ သိနေ၏။ ထိုအချိန်၌မှာပင် ဦးစိန်မြသာရောက်လာ၏။ ထို့ကြောင့် မောင်ဖေသော်က. .

"ဒီမှာ ဦးစိန်မြသာ၊ ခင်ဗျားမလာခင်အချိန်မှာ ကျွန်တော့်ဟာ ကျွန်တော်ငြိမ်ငြိမ်ကလေးထိုင်နေတာ အာရုံထဲမှာ ပိတ်ဖြူစင်ကြယ် ဝတ်ပြီး (၄၉)ရက်လုံးလုံး ဘုရား၌သာအာရုံထားပြီး ဘုရားစာ ရွတ်နေရမယ်လို့ ထင်မြင်လာတယ်"

ဟုပြောလိုက်လျှင် ဦးစိန်မြသာက. .

"အဲဒီအတိုင်း လုပ်လိုက်ရုံပေါ့။ ဘာများခက်လို့လဲ။ ကဲ. . ကဲ. . မောင်ဖေသော်ရေ ကျုပ်လည်း ဘုရားဝတ်ပြုလိုက်ဦးမယ်။ အချိန်က ငါးနာရီကျော်ပြီဆိုတော့ ဟောဟိုနားက ကုလားလက်ဖက်ရည်ဆိုင်က ဖွင့်ပါပြီ။ လက်ဖက်ရည်လေး ဘာလေးသွားသောက်ကြတာပေါ့။ ပြီးမှ လိုက်လုပ်စရာရှိတာ လာပြီးလုပ်ကြတာပေါ့"

ဟုပြောလေ၏။

မောင်ဖေသော်လည်း ဦးစိန်မြသာ၏စကားကို သဘောတူလိုက်လေ၏။

www.burmeseclassic.com



ထို့ကြောင့် ၎င်းတို့နှစ်ဦးသည် ဗိုလ်တထောင်စေတီနှင့် မဝေးလှသောနေရာတွင်ရှိသည့် ကုလားလက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့လေ၏။ ထိုဆိုင်သို့ရောက်လျှင် မောင်ဖေသော်က နံပြားထောပတ်သုတ် တစ်ချပ်နှင့် လက်ဖက်ရည်တစ်ခွက်ကိုမှာယူ၍ စားသောက်လေ၏။ ဦးစိန်မြသာကမူ မည်သည့်အစားအသောက်ကိုမျှ မစားသောက်ခဲ့ပေ။

ဦးစိန်မြသာသည် မောင်ဖေသော် လက်ဖက်ရည်သောက်နေစဉ်အတွင်း စကားတပြောပြောနှင့် ရှိနေလေ၏။

"ဒီလို မောင်ဖေသော်ရဲ့။ (၄၉)ရက်လုံး လုပ်ရမယ်ဆိုတော့ မင်းအနေနဲ့ ဘုရားလူကြီးတွေကိုပြောပြီး ဘုရားထဲမှာနေမှကိုဖြစ်တော့မယ်။ ငါလည်း မနက်တိုင်းရောက်လာမှာပါ။ အကောင်းဆုံးကတော့ သက်သတ်လွတ်နဲ့ရှစ်ပါးသီလယူထားရင် ကောင်းတယ်ကွ။ ဒီနားက ဆိုင်မှာ (၄၉)ရက်စာ ငါက ပိုက်ဆံပေးထားမယ်။ အဲဒီတော့ ဘာမှ ပူစရာမလိုတော့ဘူး။ မနက်စာကို အဲဒီဆိုင်မှာစားလိုက်၊ ဥပုသ်စောင့်ထားတာဆိုတော့ ညစာလည်း မလိုတော့ဘူး။ ရေနွေးကြမ်းသောက်ချင်ရင်လည်း ဓာတ်ဘူးတစ်လုံးနဲ့ ပန်းကန်တစ်လုံးရှိရင် လုံလောက်တာပဲကွာ။ အဲဒီအတွက်လည်း ငါစီစဉ်ပေးခဲ့မယ်။ နောက်ပြီး ပိတ်ဖြူစင်ကြယ်အတွက်

www.burmeseclassic.com



လည်း ဘာမှမပူနဲ့။ မင်းရဲ့ကိုယ်တိုင်းကို ငါအခုပဲယူသွားမယ်။ စက်ဆိုင်မှာ အပ်လာခဲ့မယ်။ အဲဒီတော့ ဒီကနေပြီး မင်းပြန်သွား၊ အိပ်ရာလိပ်ယူပြီး ပြန်လာခဲ့။ ဘုရားထဲမှာ အမိဋ္ဌာန်ဝင်ဖို့ကိစ္စ လည်း ဘုရားလူကြီးတွေကို ငါပဲဝင်ပြောခဲ့မယ်"

ဟုပြောလိုက်ရာ မောင်ဖေသော်က. .

"ကျောင်းတက်ဖို့ ကိစ္စကော ဦးစိန်မြသာကြီးရဲ့"

ဟုပြောလိုက်လျှင်. .

ဦးစိန်မြသာကြီးက ရယ်လေ၏။

"ကျောင်းတက်ဖို့ကိစ္စလည်း ဘာမှမပူနဲ့။ ငါ စီစဉ်ပေးမယ်။ စာမေးပွဲအောင်ဖို့ အဓိကမဟုတ်လားကွ"

ဟု ပြောလေ၏။ ထို့နောက် ၎င်းတို့နှစ်ဦးသည် လမ်းခွဲသွားကြလေ၏။ မောင်ဖေသော်လည်း အိပ်ရာလိပ်ယူပြီး ဗိုလ်တထောင်ဘုရားသို့ ပြန်၍လာ၏။ (၁၀)နာရီထိုးလောက်တွင် ဦးစိန်မြသာကြီးသည် မောင်ဖေသော်ထံသို့ ရောက်လာလေ၏။ သူ၏လက်တွင်းတွင် အထုပ်အပိုးများလည်း ပါလာ၏။

"ဟော့ မောင်ဖေသော်။ (၄၉)ရက်လုံးလုံး ဒီမှာနေပြီး အမိဋ္ဌာန်ဝင်ဖို့လည်း ဘုရားက လူကြီးတွေဆီမှာ ငါပြောပြီးပြီ။ သူတို့က ခွင့်

www.burmeseclassic.com



ပြုကြပါတယ်။ ပြီးတော့ ညဘက်မှာ ရေနွေးကြမ်းလေး ဘာလေး သောက်ဖို့ ဟောဒီမှာခေတ်ဘူး၊ ဟောဒီမှာပန်းကန်လုံး၊ ဟောဒီ မှာထန်းလျက်ပုလင်း၊ ဟောဒီမှာလက်ဖက်ခြောက်ထုပ်၊ ပြီးတော့ ဟောဒီပုလင်းကြီးက အမွှေးနံ့သာပုလင်းကြီး၊ မနက်တိုင်း ရေချိုး ပြီးရင် အမွှေးနံ့သာလိမ်းရမယ်ကွ။ ပြီးတော့ ဟောဒီမှာ ပိတ်ဖြူ လုံချည် (၇)ထည်၊ ပိတ်ဖြူအင်္ကျီ(၇)ထည်၊ အင်္ကျီက ကော်လာမပါ ဘူးနော်။ ရှုပ်မှာစိုးလို့ ရိုးရိုးလည်ကတုံးပေါက်ပဲလုပ်ထားတယ်”

ဟုပြောဆိုကာ ပိတ်ဖြူအင်္ကျီ (၇)ထည်နှင့် ပိတ်ဖြူလုံချည် (၇) ထည်ကို မောင်ဖေသော်အား ပေးလိုက်လေ၏။

မောင်ဖေသော်သည် ပိတ်ဖြူအင်္ကျီ၊လုံချည်များကို လှမ်းယူရင်း. .

“ဒီအချိန်လေးအတွင်းမှာ အင်္ကျီ(၇)ထည်ချုပ်နိုင်တဲ့ စက်ဆရာ ကိုတော့ ရွှေတံဆိပ်တောင် ဆုချဖို့ကောင်းနေပြီ”

ဟုပြောလိုက်ရာ ဦးစိန်မြသာက. .

“တစ်ဆိုင်တည်းအပ်တာမဟုတ်ဘူး ငါ့လူရ။ (၇)ဆိုင်ခွဲပြီး တစ် ထည်စီအပ်တာ။ ချုပ်ခ အမြန်ကြေးလည်း ပေးရတာပေါ့။ ကဲပါ ကွာ၊ ဟောဟိုနားမှာ ရေသွားချိုးလို့ ရတယ်။ ရေချိုးခဲ့ပြီးတော့ အမွှေးနံ့သာတွေ လိမ်း။ ပိတ်ဖြူစင်ကြယ်တွေဝတ်ပြီး အဓိဋ္ဌာန် ယူရအောင်”

www.burmeseclassic.com



ဟုဆိုသဖြင့် မောင်ဖေသော်လည်း ဘုရားနှင့်မလှမ်းမကမ်းနေရာတွင် ရေသွားချိုး၏။ ထို့နောက် အမွှေးနံ့သာများလိမ်းကျံ၏။ ပြီးလျှင် ပိတ်ဖြူစင်ကြယ်များ ဝတ်လိုက်လေ၏။ ထိုအခါ၌ ဦးစိန်မြသာက. .

"မင်းနဲ့ ဒီအဖြူရောင်နဲ့ သိပ်ပြီးလိုက်ဖက်တယ် မောင်ဖေသော်။ အမြဲတမ်းတောင်ဝတ်ဖို့ကောင်းတယ်"

ဟု ပြောလေ၏။

"တစ်ခုတော့ရှိတယ် ဦးစိန်မြသာ၊ တစ်နေကုန် ဘုရားစာတွေ ရွတ်နေရမယ်ဆိုတော့ ကျုပ်ကဘုရားစာတွေ အများကြီးမရဘူး။ ဘယ်လိုလုပ်ရမလဲ"

ဟုမေးလိုက်ရာ ဦးစိန်မြသာက. .

"ရှည်ရှည်ဝေးဝေးတော့ လုပ်မနေပါနဲ့ကွာ။ အဇ္ဈတဂ္ဂေါ ပါဏု ပေတာံ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ယနေ့မှစ၍ မြတ်စွာဘုရားကို အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်ပါ၏ လို့ အဓိပ္ပာယ်ရတယ် ကွ။ အဲဒါကိုပဲ အထပ်ထပ်ပွားများနေပေ့ါကွာ . . . "

ဟု ပြောလေ၏။

"အဲသလောက်ဆိုရင် မဆိုးဘူး၊ ဦးစိန်မြသာရဲ့။ ရွတ်နိုင်ပါတယ်၊ ကဲ . . . ကျွန်တော် အဓိဋ္ဌာန်ယူလိုက်ဦးမယ်"

www.burmeseclassic.com



ဟုဆိုကာ မောင်ဖေသော်လည်း ဘုရားရှိခိုး၍ (၄၉)ရက်အဓိဋ္ဌာန် ယူလိုက်လေ၏။ ထို့နောက် ဦးစိန်မြသာသည် မောင်ဖေသော် ထမင်းစား ရမည့်ဆိုင်ကို လိုက်၍ပြလေ၏။ ထို့နောက် နှစ်ယောက်သား လမ်းခွဲသွား ကြလေ၏။

မောင်ဖေသော်သည် (၄၉)ရက်လုံးလုံး ဗိုလ်တထောင်ဘုရား၌ ရှစ်ပါးသီလ သက်သတ်လွတ်အဓိဋ္ဌာန်ဝင်နေလေ၏။ ဦးစိန်မြသာကြီး သည် နံနက်တိုင်း မောင်ဖေသော်ထံသို့ ရောက်လာ၏။ ရောက်လာသော အခါတိုင်းတွင်လည်း ပဲပြုတ်၊ နံပြား၊ လက်ဖက်ရည်များ ပါလာတတ်မြဲ ဖြစ်လေ၏။

ထို့ကြောင့် မောင်ဖေသော်သည် (၄၉)ရက်လုံးလုံး ကိုယ်၏ ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းဖြင့် အဓိဋ္ဌာန်ဝင်နိုင်ခဲ့လေ၏။

(၄၉)ရက်ပြည့်သောနေ့၌ ဦးစိန်မြသာကြီးရောက်လာပြီးလျှင်. .

"ဘယ်လိုလဲ မောင်ဖေသော်ရဲ့။ (၄၉)ရက်အဓိဋ္ဌာန်ကိုတော့ အောင်မြင်သွားပြီ။ ရှေ့ ဘာဆက်လုပ်ရမယ်ဆိုတာ အာရုံပေါ် အောင် ထိုင်ကြည့်ပါဦး"

ဟုအကြံပေးလေ၏။ ထို့ကြောင့် မောင်ဖေသော်လည်း အဓိဋ္ဌာန် အောင်သည့်အတွက် ဗိုလ်တထောင်ဘုရားတွင် ဆုတောင်းပြီး နောက်

www.burmeseclassic.com



ထပ်ပြုလုပ်ရမည့် အမိဋ္ဌာန်အတွက် ငြိမ်ငြိမ်ကလေးထိုင်၍ အာရုံခံနေလေ၏။ ထိုသို့ပြုလုပ်နေစဉ် ၎င်း၏အာရုံ၌ ရက်ပေါင်း(၆၀) အမိဋ္ဌာန်လုပ်ရမည် ပေါ်လာ၏။

ထိုအမိဋ္ဌာန်မှာ အရပ်လေးမျက်နှာကိုလှည့်၍ သမ္မာဒေဝနတ်ကောင်းနတ်မြတ်များကို မေတ္တာပို့ရမည်။ ၎င်းတို့ပေးသော အိပ်မက်များကိုလည်း မှတ်သားထားရမည်ဟု ပေါ်လာလေ၏။

ထိုသို့ ပေါ်လာသည့်အကြောင်းကိုလည်း ဦးစိန်မြသာကြီးအား ပြောပြလိုက်ရာ ဦးစိန်မြသာကြီးက. .

"သိပ်ပြီးကောင်းတာပဲဟေ့။ ငါကြားဖူးသလောက် ပြောရရင် သမ္မာဒေဝနတ်တွေက ချီးမြှင့်တဲ့ ဒေဝသိဒ္ဓိအမိဋ္ဌာန်ဆိုတာ အဲဒါကိုပြောတာ ငဲ့လူရ။ အောင်မြင်အောင် လုပ်ကွာ။ ထမင်းဆိုင်ကိုလည်း ပိုက်ဆံထပ်ပြီး ပေးထားမယ်"

ဟုဆိုလေ၏။ ထို့ကြောင့် မောင်ဖေသော်လည်း ဒေဝသိဒ္ဓိအမိဋ္ဌာန်ကို စတင်လေတော့၏။

ဦးစိန်မြသာကြီးသည် နံနက်တိုင်းရောက်လာ၏။ ဒေဝသိဒ္ဓိအမိဋ္ဌာန် (၇)ရက်မြောက်သောနေ့၌ မောင်ဖေသော်သည် ထူးခြားသော အိပ်မက်ကို မက်လေ၏။ အိပ်မက်ထဲတွင် လွန်စွာလှပချောမောသော လူတစ်ယောက်သည် ၎င်းထံသို့ ရောက်လာပြီးလျှင်. .

www.burmeseclassic.com



"ဒီမှာ မောင်ဖေသော်။ မင်းကိုငါ ပြောပြချင်တယ်။ အဲဒါက ဘာလဲလို့ဆိုတော့ နဝင်းပြတ်တယ်ဆိုတဲ့အကြောင်းပဲ။ နဝင်းပြတ်တဲ့နှစ်မှာ လူဟာ သိပ်ပြီးဒုက္ခရောက်တတ်တယ်။ နဝင်းပြတ်တဲ့နှစ် ဟုတ်မဟုတ်သိဖို့က ကိုယ်ရောက်နေတဲ့အသက်ကို သုံးနဲ့ မြှောက်ရတယ်။ ပြီးတော့ ကိုးနဲ့စားကြည့်ရတယ်။ သုညကြွင်းရင် နဝင်းပြတ်တယ်ပေါ့။ နဝင်းပြတ်ရင် အလုပ်အကိုင်ရော၊ ကျန်းမာရေးကော ထိခိုက်တတ်တယ်။ အဲဒီလို ဒုက္ခရောက်မယ်ဆိုတာ ကြိုပြီးသိရင် နဝင်းဆက်တဲ့ ယတြာရှိတယ်ကွ။ အဲဒါက ဘာလဲဆိုတော့ လဆန်း(၉)ရက်နေ့။ ဘယ်လဆန်းပဲဖြစ်ဖြစ် လုပ်လို့ရတယ်။ လဆန်း(၉)ရက်နေ့မှာ ကိုးနဝင်းစေတီလို့ခေါ်တဲ့ ကိုးတောင်ပြည့်စေတီကို သွားရတယ်။ ဆွမ်းတော်ပွဲ ကိုးပွဲ၊ ပန်း ကိုးပွင့်၊ ပန်းကိုးပွင့်ကလည်း ကြိုက်ရာပန်းကို လုပ်လို့ရတယ်။ သောက်တော်ရေ ကိုးခွက်၊ ဖယောင်းတိုင် ကိုးတိုင်လှူဒါန်းပြီး ဘုရားမှာ ကိုးပါးသီလယူရတယ်။ ပြီးတော့ ဂုဏ်တော်ကိုးပါးကို ပုတီးကိုးပတ်စိပ်ရတယ်ကွ။ အဲဒါကို ကိုးရက်တိတိလုပ်ရတယ်။ အဲဒါဆိုရင် နဝင်းပြတ်တာ ပြန်ဆက်ပြီး အစဉ်ကောင်းကျိုးချမ်းသာတွေ ရရှိတတ်တယ်"

---

www.burmeseclassic.com



ဟုပြောလေ၏။ မောင်ဖေသော်လည်း အိပ်မက်မက်ရာမှ လန့်၍ နိုးလာ၏။ နိုးသည်နှင့်တစ်ပြိုင်နက် ထိုအကြောင်းအရာကို စာအုပ်ထဲ တွင် ရေးမှတ်ထားလိုက်လေ၏။

နောက်တစ်နေ့တွင်လည်း လူတစ်ယောက်ကို အိပ်မက်မက်ပြန် ၏။ ထိုလူမှာ ပထမနေ့ကလူနှင့်မတူပေ။ ထိုသူက မောင်ဖေသော်အား-

"ဟေ့ မောင်ဖေသော် တြင်းပြတ်တယ်ဆိုတာ ရှိတယ်ကွ။ တြင်း ပြတ်ရင် လူကို ဥပဒ်ပေးတတ်တယ်ကွ။ တြင်းပြတ်-မပြတ်သိဖို့ ကတော့ ရောက်တဲ့အသက်ကိုတည်၊ ကိုးခုနဲ့ပေါင်း၊ သုံးခုနဲ့မြှောက် ပြီး ရှစ်နဲ့စားရတယ်။ သုညကြွင်းရင် တြင်းပြတ်တာပေါ့ကွာ"

ဟုပြောလေ၏။ ထိုအခါ မောင်ဖေသော်က. .

"အဲဒီတော့ တြင်းပြတ်ရင် ဘယ်လိုလုပ်ရမှာတုံး။ သူ့ကို ချေပတဲ့ နည်းမရှိဘူးလား"

ဟုမေးလိုက်ရာ ထိုသူက. .

"ချေပတဲ့နည်း ပြောချင်လို့ လာတာကွ။ တြင်းပြတ်တယ်လို့ သိရုံ နဲ့ ချေပတဲ့နည်းမရသေးဘူးကွ။ တွက်ရသေးတယ်။ အဲဒါက ဘာလဲဆိုတော့ အသက်ကိုတည်ပြီး ၄-နဲ့ပေါင်းပြီး ၄-နဲ့စားလို့ သုညကြွင်းရင် တေဇောဓာတ်ပျက်တယ်လို့ ခေါ်တယ်။ တေဇော

www.burmeseclassic.com



ခေတ်ပျက်ရင် ဗောဓိညောင်ပင်မှာ ဆီမီးလေးတိုင် ထွန်းညှိပူဇော်ရတယ်။ အသက်ကိုတည်ပြီး ၁၂-နဲ့ပေါင်း၊ ၄-နဲ့စားလို့ (၀)ကြွင်းရင် အာပေါခေတ်ပျက်တယ်လို့ ခေါ်တယ်။ အဲဒီလို အာပေါခေတ်ပျက်ရင် ဗောဓိညောင်ပင်မှာ ရေ (၁၂)ခွက်လောင်းပြီး ပူဇော်ရတယ်။ အသက်ကို တည်ပြီး ၆-နဲ့မြှောက်၊ ၄-နဲ့စားလို့ (၀)ကြွင်းရင် ဝါယောခေတ်ပျက်တယ်လို့ခေါ်တယ်။ အဲဒီအခါမှာ ဗောဓိညောင်ပင်မှာ ယပ်(၆)ခု လှူဒါန်းရတယ်။ ပြီးတော့ အသက်ကိုတည်ပြီး ၂၀-နဲ့ပေါင်း၊ ၄-နဲ့စားလို့ (၀)ကြွင်းရင် ပထဝီခေတ်ပျက်တယ်လို့ ခေါ်တယ်။ ပထဝီပျက်ရင် ဗောဓိညောင်ပင်မှာ သံပုံးနဲ့ သဲအပြည့် ပုံး(၂၀)ခင်းပြီး ပူဇော်ရတယ်”

ဟုပြောလေ၏။ ထို့နောက်တွင်လည်း တစ်နေ့တစ်မျိုး ခေတ်ယတြာများချေပုံ၊ တွက်ချက်ပုံတို့ကို အိပ်မက်တွင် လာ၍ပြကြလေ၏။ ထိုပြသည့် ပညာရပ်များထဲတွင် ငလျင်တွက်ကိန်း၊ ကပ်ကြီးသုံးပါး တွက်ကိန်း၊ သံပုရာသီးတစ်ခြမ်းဖြင့် ယတြာချေနည်း စသည်တို့ပါလေ၏။

ထို့နောက် ရုတ်တရက်ဖြစ်တတ်သော လေဘေး၊ မီးဘေး အန္တရာယ်ဆိုးများကို ကာကွယ်သည့် ယတြာများကို ပြောပြလေ၏။ မောင်ဖေသော်လည်း ရသမျှကို မှတ်သားလေ၏။

---

**လာဘ်မိုးစွေစာပေ**

မောင်ဖေသော်သည် ဗိုလ်တထောင်ဘုရား၌ အဓိဋ္ဌာန်(၂)လ ဆက်၍ ဝင်ခဲ့လေ၏။ ထိုအဓိဋ္ဌာန်ရက်အတွင်း၌ ပညာရပ်မျိုးစုံကို အိပ်မက်မက်ခြင်းဖြင့် နားလည်တတ်ကျွမ်းခဲ့ရ၏။ ထို့ကြောင့် မောင်ဖေသော်သည် သူ၏မှတ်စုစာအုပ်၌ 'သင်ယူရသော အဓိဋ္ဌာန်ရက်များ' ဟု မှတ်သားထားလိုက်လေတော့၏။

ထိုအဓိဋ္ဌာန်ပြည့်သောနေ့၌ ဦးစိန်မြသာကြီးက မောင်ဖေသော်အား ချစ်တီးကုလားများရောင်းသောထမင်းဆိုင်သို့ခေါ်သွားကာ ထောပတ်ထမင်း၊ သက်သတ်လွတ်ဟင်းများဖြင့် ကျွေးလေ၏။ ထိုသို့ ကျွေးရင်း. .

"မောင်ဖေသော်ရေ မင်းကတော့ အဓိဋ္ဌာန်ကြီးနှစ်ခု အောင်ပြီးသွားပြန်ပြီ။ တတိယအဓိဋ္ဌာန်ကို ဆက်ပေဦးတော့"

ဟု ပြောလေ၏။

ထို့နောက်တွင်ကား ဦးစိန်မြသာကြီးသည် မောင်ဖေသော်အတွက် လိုအပ်သောပစ္စည်းများကို ဝယ်ခြမ်း၍ပေးလေ၏။ ပြီးလျှင် မောင်ဖေသော်အား ဗိုလ်တထောင်ဘုရားသို့ ပြန်၍ပို့လေ၏။

မောင်ဖေသော်သည် ဘုရားဖူးပြီးနောက် တတိယယူရမည့်အဓိဋ္ဌာန်ကိုအာရုံပြုရာ ငှက်ပျောသီး၊ အုန်းသီး၊ ထီး၊ တံခွန်၊ ကုက္ကားတို့ဖြင့် ဝေဝေဆာဆာထိုးထားသည့် ကန်တော့ပွဲကြီးကိုတွေ့ရလေ၏။ ထို့နောက် သူ၏

www.burmeseclassic.com



စိတ်၌ ကိုးရက်ပတ်လုံး ဂုဏ်တော်ပုတီးကို ပွားများရမည်ဟု သိသလို ရှိလေ၏။ မောင်ဖေသော်သည် အမိန့်ခြွာန်တောင်းပြီးနောက် သူ၏ ထိုင်နေကျနေရာကလေးတွင် ထိုင်နေ၏။ ထိုသို့ ထိုင်နေခြင်းမှာ ဦးစိန်မြသာကြီးအား စောင့်နေခြင်းဖြစ်၏။ ဦးစိန်မြသာကြီးသည် ကိုးနာရီထိုးလောက်တွင် ရောက်လာ၏။ ထိုအခါ မောင်ဖေသော်က. .

"ဒီမှာ ဦးစိန်မြသာ။ ကျုပ်ခင်ဗျားကို စောင့်နေတာ ဒီတစ်ခါ ကျုပ်လုပ်ရမယ့်အမိန့်ခြွာန်က ကန်တော့ပွဲထိုးဖို့ လိုတယ်ဗျ။ ကန်တော့ပွဲက ခုနစ်ပွဲတောင်"

ဟုပြောလိုက်ရာ ဦးစိန်မြသာက. .

"ဘာများခက်လို့လဲ မောင်ဖေသော်ရယ်။ ဒါက လွယ်လွယ် လေးပါ။ ဟောဟိုနားက ပန်းဆိုင်ကိုသွားပြီး ကန်တော့ပွဲ ၇ပွဲထိုးပေးပါ။ ကျသလောက်ပေးပါ့မယ်လို့ ပြောလိုက်ရုံပဲ။ ကန်တော့ပွဲကလည်း ကိုယ်ကြိုက်တဲ့ပုံစံပြောပြပေါ့။ ဇလုံနဲ့ထိုးချင်ရင်လည်း သူတို့ ဇလုံငှားလိမ့်မယ်။ ဇလုံမလိုချင်ဘူးဆိုလည်း ကန်တော့ပွဲထိုးတဲ့ ဝါးတောင်းကလေးတွေ ရှိတယ်။ ဘာများခက်လို့လဲ မောင်ဖေသော်ရယ်။ ကဲပါ ငါပဲသွားပြီး မှာလိုက်ပါ့မယ်"

ဟုပြောဆိုကာ ဦးစိန်မြသာကြီးသည် ထွက်သွားလေတော့၏။

www.burmeseclassic.com



များမကြာမီ၌ပင် ကန်တော့ပွဲများနှင့်အတူ ဦးစိန်မြသာကြီးက ရောက်လာလေ၏။ မောင်ဖေသော်လည်း ကန်တော့ပွဲများကို ဘုရားရင်ပြင် တော်ပေါ်၌နေရာချပြီးလျှင် အဓိဋ္ဌာန်ယူလေ၏။

အဓိဋ္ဌာန်ယူပြီးနောက် မောင်ဖေသော်သည် ဂုဏ်တော်ပုတီးကို စိပ်လေ၏။ ကိုးရက်မြောက်သောနေ့တွင် မောင်ဖေသော်သည် မျက်စိ ကိုမှိတ်၍ အာရုံပြုလိုက်ရာ ဂုဏ်တော်ကိုပင် ဆက်၍စိပ်ရမည်ဟု စိတ်ထဲ တွင် သိလာလေ၏။ ထို့ကြောင့် (၈၁)ရက်လုံးလုံး ဂုဏ်တော်ကို ဆက်၍ ပွားများခဲ့လေ၏။

အဓိဋ္ဌာန်ပြည့်မြောက်သောနေ့တွင် ဦးစိန်မြသာကြီးသည် မောင် ဖေသော်အား မြန်မာထမင်းဆိုင်တစ်ဆိုင်သို့ခေါ်သွားပြီးလျှင် သက်သတ် လွတ်ထမင်းဟင်းများဖြင့် ကျွေးပြန်လေ၏။ မောင်ဖေသော်အတွက် လို အပ်သောပစ္စည်းများလည်း ဝယ်ပေးပြန်၏။ ထို့နောက်. .

"မောင်ဖေသော်ရေ မင်းပြောတဲ့အတိုင်းဆိုရင် မင်းရဲ့ တတိယ အဓိဋ္ဌာန်က ဝိဇ္ဇာသိဒ္ဓိအဓိဋ္ဌာန်ကွ။ ထူးလိမ့်မယ်ဟေ့"

ဟု ပြောလေ၏။

"ကဲ မင်းရဲ့ စတုတ္ထအဓိဋ္ဌာန်ကို ဆက်ပြီးလုပ်လိုက်ဦးဟေ့"

ဟုပြော၏။ ထို့ကြောင့် မောင်ဖေသော်လည်း ဗိုလ်တထောင်

www.burmeseclassic.com



ဘုရားသို့ပြန်လာပြီးလျှင် လေးကြိမ်မြောက်ပြုလုပ်ရမည့် အဓိဋ္ဌာန်အတွက် မျက်စိကိုမှိတ်ကာ အာရုံယူ၍ နေလေ၏။

ဝင်း၏အာရုံထဲတွင် မြတ်စွာဘုရား၏ ဘယ်ဘက်မျက်စိတော်၊ ညာဘက်မျက်စိတော်၊ ဘယ်ဘက်နားတော်၊ ညာဘက်နားတော်၊ ပါးစပ်တော်၊ နှာခေါင်းတော်၊ ဥဏှာလုံမွေးရှင်တော်၊ ရောင်လျှံတော် စသည့် နေရာများသို့ တစ်ကွက်ချင်း အာရုံပြု၍ ဂုဏ်တော်များ ပွားများရမည်ကို ထင်မြင်လာလေ၏။

ထိုအကြောင်းကို ဦးစိန်မြသာကြီးအားပြောပြရာ. .

"ငါတော့ တပ်အပ်သေချာ မသိပါဘူးကွာ။ ရှေးလူကြီးတွေ လုပ်တာတော့ တွေ့ဖူး၊ ကြားဖူးပါရဲ့။ ပိတ်နေတဲ့ကံတွေ ပွင့်အောင် လုပ်တဲ့ ကံပွင့်၊ လာဘ်ပွင့် အဓိဋ္ဌာန်တစ်မျိုးပဲကွ။ ထူးလိမ့်မယ် ထင်တယ်ဟေ့။ ကြိုးစားသာလုပ်ပေတော့"

ဟုပြောလိုက်ရာ မောင်ဖေသော်က. .

"ဦးစိန်မြသာကြီးကလည်းဗျာ၊ ပြောလိုက်ရင် မသိဘူး၊ မသိဘူး နဲ့ ဘာမဆို သိနေတာချည်းပဲ။ ဘာပဲဖြစ်ဖြစ်လေ ကျုပ်ကတော့ ကျေးဇူးတင်ရမှာပဲ။ ခင်ဗျားက ကျုပ်ကို အဓိဋ္ဌာန်ဝင်ဖြစ်အောင် ကူညီနေတာကိုး"

www.burmeseclassic.com



ဟုပြောလိုက်ရာ ဦးစိန်မြသာကြီးက. .

"ဒါကတော့ အကြောင်းကြောင်း အရာရာပေါ့ ငါ့လူရာ"

ဟု ပြန်၍ဖြေပြီးလျှင် တဟားဟားရယ်လေတော့၏။ မောင်ဖေသော်လည်း ၎င်း၏အစိဋ္ဌာန်ကို ပြင်းပြင်းထန်ထန်ကြီး ဆက်၍လုပ်လေ၏။

အစိဋ္ဌာန်ပြည့်မြောက်သောအခါ၌ ဦးစိန်မြသာကြီး ရောက်လာပြီးလျှင် စားသောက်ဆိုင်တစ်ဆိုင်သို့ ခေါ်သွားပြီးနောက် အစိဋ္ဌာန်အောင်မြင်သော အထိမ်းအမှတ်အဖြစ် ကျွေးမွေးပြန်၏။ ထို့နောက် လိုအပ်သောပစ္စည်းများကို ဝယ်ပေးပြန်၏။

မောင်ဖေသော်သည် (၅)ခုမြောက် အစိဋ္ဌာန်ကို ယူလေ၏။ ထိုအစိဋ္ဌာန်မှာ မြတ်စွာဘုရား၏ ဥဒါန်းဂါထာခေါ် 'အနေကဇာတိ သံသာရံ' အစချီသော ဂါထာတော်ကို ရွတ်ဆိုပွားများရခြင်းပင်ဖြစ်၏။

မောင်ဖေသော်သည် မည်သည့်အစိဋ္ဌာန်ကိုပြုရမည်နည်းဟု အာရုံယူလိုက်ရာ ဤအတိုင်းပေါ်လာခြင်းဖြစ်၏။ ထိုအကြောင်းကို ဦးစိန်မြသာအားပြောပြရာ ဦးစိန်မြသာက. .

"ငါကတော့ ဒါကို အသေအချာမသိပါဘူးကွာ။ ငါကြားဖူးတာက ဒီအစိဋ္ဌာန်မျိုးဟာ ဝိညာဉ်လောကက စကားတွေကို နားလည်

www.burmeseclassic.com



တတ်ကျွမ်းစေတဲ့ အဓိဋ္ဌာန်မျိုးပဲကွ။ နောက်ပြီးတော့ ဒါဟာ မြတ်စွာဘုရားရဲ့ ဥဒါန်းဂါထာဆိုတော့ ဝိဇ္ဇာတွေက အလွန်ပဲ စောင့်ရှောက်တတ်တယ်။ ပြီးတော့ အနှောင့်အယှက်တွေလည်း လာ တတ်သေးတယ်ကွ။ ဂရုတော့စိုက်ပေါ့ မောင်ဖေသော်ရာ” ဟုပြောလေ၏။ မောင်ဖေသော်လည်း အဓိဋ္ဌာန်ကို ဖိဖိစီးစီး ဝင်လေ၏။

အဓိဋ္ဌာန်ဝင်၍ လေးရက်မြောက်သောနေ့တွင် မောင်ဖေသော်သည် မြနန်းနွယ်ကို အိပ်မက်မက်လေတော့၏။

မြနန်းနွယ်သည် အိပ်မက်ထဲတွင် လွန်စွာလှနေ၏။ မောင်ဖေသော်အား နှစ်လိုဖွယ်ရာပြုံးပြ၏။ ထို့နောက် ပျောက်ကွယ်သွား၏။

မောင်ဖေသော်သည် အိပ်ရာမှလန့်၍နိုးသွား၏။ ထို့ကြောင့် ဓာတ်ဘူးအတွင်းမှ ရေနွေးကိုငှဲ့ကာ သောက်လေ၏။ ထို့နောက် ဆာလောင်မွတ်သိပ်လွန်းသဖြင့် ထန်းလျက်တစ်ခဲကို စားလိုက်လေ၏။ နံနက်မိုးလင်းသောအခါ၌ မောင်ဖေသော်သည် ကြာသပတေးထောင့်တွင် ပုတီးစိပ်လေ၏။

ပုတီးစိပ်၍ပြီးသောအခါ၌ ထလိုက်ရာ အနီးသို့ မိန်းကလေးတစ်ဦး ရောက်လာပြီးလျှင်. .

---

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com



"ဒီမှာ အစ်ကိုကြီး၊ ညီမက နယ်ကပါ။ ရန်ကုန်ကို တစ်ခါမှ မရောက်ဖူးဘူး။ ညီမ ဒီမှာဘုရားဝတ်ပြုနေတုန်း အဖော်တွေက ထွက်သွားကြပြီး ညီမတစ်ယောက်တည်း ဒီမှာကျန်နေတာ ဘယ်သွားရမှန်းလည်း မသိဘူး။ အစ်ကို မကယ်ရင်တော့ ညီမ တော့ ဒုက္ခရောက်ပါပြီ။ ညီမတို့ တည်းတဲ့နေရာက မင်္ဂလာဒုံမှာ ပါ။ လိပ်စာကိုတော့ ပြောမပြတတ်ဘူး။ အဲဒီနားရောက်ရင် တော့ ညီမသွားတတ်ပါတယ်။ လိုက်ပို့မယ် မို့လားဟင်"

ဟုပြောလိုက်လျှင် မောင်ဖေသော်သည် ပထမအစ၌ လွန်စွာ သနား၍ သွား၏။ ထို့နောက် မိမိ၏အမိဋ္ဌာန်ကို သတိရသွားသဖြင့်. .

"သနားတော့ သနားတယ်မိန်းကလေးရေ။ ဒါပေမယ့် ကျုပ်က အဓိဋ္ဌာန်လုပ်နေတာ အဓိဋ္ဌာန်တစ်ခုမပြတ်မချင်း ဒီဘုရားပရိဝုဏ် အတွင်းက ထွက်ခွာသွားလို့မရဘူး။ အဓိဋ္ဌာန်ပျက်သွားလိမ့်မယ်" ဟုပြောလိုက်ရာ ထိုမိန်းကလေးက. .

"မဟုတ်တာပဲ အစ်ကိုရယ်။ အဓိဋ္ဌာန်နဲ့ သတ္တဝါကို ကယ်တင်တာ ဘယ်ဟာက အရေးကြီးသလဲ။ အလောင်းတော်တွေဟာ သတ္တဝါ တွေကို သူတို့အသက်ကိုတောင် စွန့်ပြီး၊ ကယ်တင်တယ်လို့ ကြား

www.burmeseclassic.com



ဖူးတယ်။ အစ်ကိုကျတော့ ဒါလေးတောင် လုပ်မပေးနိုင်ဘူးဆို တော့ အစ်ကိုကတော့ သူတော်ကောင်းတရားနဲ့ တော်တော်နီးနေ ပြီ။ ညီမကို မကယ်နိုင်ဘူးလား။ ဟီး. . ဟီး”

ဟု ပြောကာ ငိုချလိုက်လေတော့၏။

မောင်ဖေသော်၏စိတ်သည် ယိုင်နဲ့၍သွား၏။

“သူပြောတာ ဟုတ်သားပဲ။ သူ့ခမျာ အပျိုအရွယ်ကလေး။ မသမာ သူတွေနဲ့ တွေ့သွားရင် ရေတိမ်နစ်ရချည်ရဲ့”

ဟုတွေးလိုက်မိလေ၏။ ထိုအချိန်၌မှာပင် ထိုမိန်းကလေးက. .

“အစ်ကိုရယ် ညီမကိုကယ်ပါ။ ညီမ ရေတိမ်နစ်ရပါလိမ့်မယ်”

ဟုပြောလိုက်ရာ မောင်ဖေသော်သည် မျက်စိကိုမှိတ်၍ ထိုမိန်း ကလေးကို ကယ်သင့်၊ မကယ်သင့် အာရုံပြုမိလေ၏။

ထိုအခါ သူ၏အာရုံထဲ၌. .

“အဖျက်၊ အဖျက်”

ဟူ၍ပေါ်လာလေ၏။ မောင်ဖေသော်သည် ထိုမိန်းကလေးအား ကြည့်၍ မခိုးမခန့်ပြုံးလိုက်လေ၏။ ထိုသို့ ပြုံးပြီးနောက်. .

“ဒီမှာ မိန်းကလေး၊ ဒီအချိန်မှာ ကျုပ်လုပ်နေတဲ့အဓိဋ္ဌာန်ထက်

www.burmeseclassic.com



ဘာမှအရေးမကြီးဘူး။ မိန်းကလေးအနေနဲ့ အကူအညီတောင်းရမယ့်သူတွေ ဒီဘုရားပေါ်မှာ အများကြီးပါ။ ဒီတော့ ကျုပ်မကူညီရင်လည်း ရေတိမ်နစ်ဖို့မရှိပါဘူး။ နောက်တစ်ခုက မိန်းကလေးတစ်ယောက်ဒုက္ခရောက်နေရင် ငမ်းငမ်းတက်ကူညီချင်တဲ့ ယောက်ျားပေါ၊ ယောက်ျားပျက်ထဲမှာ ကျုပ်မပါဘူး။ အဲဒီတော့ ကိုယ့်လမ်းကိုယ်သွားပါ”

ဟုပြောလိုက်ရာ မိန်းကလေးက မဲ့လိုက်လေ၏။ ထိုသို့မဲ့ပြီးနောက်-

“ကြင်နာသနားတတ်တဲ့ စိတ်မရှိဘဲ ဘယ်လိုအဓိဋ္ဌာန်မျိုးဝင်ဝင်၊ ဘာမှဖြစ်မှာမဟုတ်ဘူး”

ဟုဆိုကာ ဆောင့်ဆောင့်ဆောင့်နှင့် ခြေကိုဆောင့်၍နင်းကာ ထွက်သွားလေတော့၏။ ထိုအချိန်မှာပင် ဦးစိန်မြသာကြီး ရောက်လာလေ၏။

ဦးစိန်မြသာကြီးသည် ပြောမပြပါဘဲလျက် အလုံးစုံသိနေသည့်အလား မောင်ဖေသော်အား ပြုံးပြလိုက်လေ၏။ ပြီးလျှင်

“မင်း သိပ်ပြီးမှန်တယ် မောင်ဖေသော်၊ အဲဒါအဖျက်ပဲ။ မင်းဆီကိုလာပြီး ပြောတယ်မဟုတ်လား။ ဘယ်လိုက်ပို့ပါ၊ ညာလိုက်ပို့ပါဆိုပြီးတော့. .၊ မင်းက မလိုက်နိုင်ဘူးလို့ ပြောလိုက်တယ်မဟုတ်လား”

www.burmeseclassic.com



ဟု ပြောလေ၏။ မောင်ဖေသော်က. .

“ဦးစိန်မြသာပြောတာ အမှန်ပဲ”

ဟုဖြေလိုက်ရာ ဦးစိန်မြသာက. .

“သာဓု . . . သာဓု. . . သာဓု”

ဟု လေးလေးနက်နက်ကြီး သာဓုသုံးကြိမ်ခေါ်လိုက်လေတော့သတည်း။

*****

www.burmeseclassic.com



www.burmeseclassic.com



# အခန်း(၁၀)

မောင်ဖေသော်သည် ကျင့်စဉ်များကို ဆက်၍ကျင့်နေ၏။ ယခု ကျင့်ရသောကျင့်စဉ်မှာ ပဋ္ဌမမြောက်ကျင့်စဉ်ဖြစ်၏။ သူသည် တစ်ခု တည်းသော ဘုရားစာကိုသာ စွဲစွဲမြဲမြဲ ပုတီးစိပ်လျက်ရှိ၏။ အာရုံမှာ လည်း အတော့်ကို ငြိမ်သွားပြီဖြစ်၏။

ထိုကျင့်စဉ်ကို တစ်လတိတိ ကျင့်ရမည်ဖြစ်၏။ ထိုကျင့်စဉ်ရက်များ အတွင်း၌ နေတိုင်းလိုလို အိပ်မက်ရ၏။ အိပ်မက်ထဲတွင် ဘုန်းကြီးတစ် ပါးလာ၍ မောင်ဖေသော်အား စကားပြော၏။

ထိုဘုန်းကြီးပြောသော စကားများကို မောင်ဖေသော်သည် လုံးဝ

www.burmeseclassic.com



နားမလည်ပေ။ ဘုန်းကြီးသည် အားရပါးရပြောနေ၏။ စကားလုံးများကိုလည်း ကြားနေရ၏။ သို့သော် နားလည်ခြင်းကား မရှိပေ။

ထို့ကြောင့် မောင်ဖေသော်သည် အိပ်မက်ထဲမှ ဘုန်းကြီးအား

"အရှင်ဘုရား၊ မိန့်တော်မူတဲ့စကားတွေကို တပည့်တော်တစ်လုံးမှနားမလည်ပါဘူး။ အရှင်ဘုရားဟာ ဘယ်သူလဲ"

ဟု မေးလေ၏။ ထိုအခါ ဘုန်းကြီးက

"မင်းဘယ်လိုလုပ်နားလည်မလဲကွာ၊ အခု ငါပြောတဲ့ စကားတွေက အလွန်ရှေးကျတဲ့စကားတွေ ဖြစ်တယ်။ ငါဘယ်သူလဲလို့ မေးတော့ မင်းကို ငါက ပြောရမှာပေါ့။ ပုဂံခေတ် သေလည်ကြောင်မင်းလက်ထက်မှာ အလွန်ကျော်ကြားခဲ့တဲ့ ရှင်အဋ္ဌဂေါဏဆိုတာ ငါပဲကွ"

ဟု ပြောလိုက်လျှင် မောင်ဖေသော်က

"ဖြစ်နိုင်ပါ့မလား ဦးပဥ္စင်းရယ်၊ တပည့်တော်ကြားဖူးတာက ရှင်အဋ္ဌဂေါဏဆိုတာ ဆိတ်မျက်လုံးတစ်ဖက်၊ နွားမျက်လုံးတစ်ဖက်တပ်ထားရလို့ မျက်လုံးကတစ်ဖက်ကျဉ်း၊ တစ်ဖက်ကျယ်လို့ ကြားဖူးတယ်။ အရှင်ဘုရားက ဒီလိုမှမဟုတ်ဘဲ"

ဟု ပြောလိုက်လျှင် ဘုန်းကြီးက ရယ်လေ၏။ ထိုသို့ ရယ်ပြီးနောက်

www.burmeseclassic.com



"မင်းပဲ တစ်ခုစဉ်းစားကြည့်လေကွာ။ လူ့မျက်လုံးဆိုတာက ဆိတ်မျက်လုံးနဲ့လည်းမတူဘူး။ နွားမျက်လုံးနဲ့လည်းမတူဘူး။ ဘယ်လိုတပ်လို့ရမှာတုံး။ အဇ္ဇဆိုတာက ဆိတ်ကွ၊ ဂေါဏဆိုတာက နွား။ အဲဒါမျက်လုံးကိုပြောတာမဟုတ်ဘူး။ ငါ့မှာရှိတဲ့ ဓာတ်လုံးနှစ်လုံးကို ပြောတာကွ။ ဓာတ်လုံးတစ်လုံးဟာ ဆိတ်လိုပဲပေါ့။ ထည့်သမျှဓာတ်တွေကို အကုန်စားပစ်တယ်။ ဓာတ်လုံးတစ်လုံးဟာ နွားလိုပဲဟော့။ စားတော့စားတယ်ဟော့။ ပြီးတော့ ပြန်ပြီးစားမြုံ့ပြန်တယ်။ အဲဒါကြောင့် ဒီဓာတ်လုံးနှစ်လုံးကို တစ်လုံးကိုဆိတ်၊ တစ်လုံးကို နွားလို့ နာမည်ပေးထားတာ၊ ဒီဓာတ်လုံးနှစ်လုံးနဲ့ ငါ့မျက်လုံးကိုတို့လိုက်တယ်ဆိုရင်ပဲ ငါ့မျက်လုံးနှစ်လုံးဟာ အကောင်းပကတိ ဖြစ်သွားတာပါပဲကွာ။ ဈေးကသွားဝယ်တဲ့ ဆိတ်မျက်လုံးနဲ့ နွားမျက်လုံးကြောင့် မဟုတ်ပါဘူးကွာ။ ဓာတ်လုံးရဲ့အစွမ်းနဲ့ ကောင်းသွားတယ်ဆိုရင် လုံလောက်ပါပြီ။ ဒါတွေထားလိုက်ပါတော့။ အခုမင်းကျင့်နေတဲ့ ပဥ္စမကျင့်စဉ်ဟာ အတော်လေးကိုတည့်မတ်နေပြီ။ အဲဒီတော့ မနက်ကျရင် တနင်္ဂနွေထောင့်ကို သွား၊ မင်းပုတီးစိပ်နေကျ နေရာမှာ ငါ့အထုပ်ကလေးတစ်ထုပ် ထားမယ်။ အဲဒါ မင်းအပိုင်ယူလိုက်တော့"

www.burmeseclassic.com



ဟု ပြောလေ၏။

ထို့နောက် မောင်ဖေသော်သည် အိပ်မက်မက်နေရာမှ လန့်၍နိုးလာလေ၏။ နံနက် မိုးလင်း၍ တနင်္ဂနွေထောင့်သို့ ပုတီးစိပ်ရန်သွားသောအခါ၌ အညိုရောင်ပိတ်စကလေးဖြင့်ထုပ်ထားသော အထုပ်ကလေးတစ်ထုပ်ကို တွေ့ရလေသည်။ ထိုအထုပ်ကို ဖြေကြည့်ရာ ရွှေစ၊ ငွေစနှင့် အခြားကျောက်ငါးမျိုးကို ရရှိလေ၏။

နံနက် ၇နာရီခန့်အချိန်သို့ ရောက်သောအခါ၌ ဦးစိန်မြသာကြီးရောက်လာလေ၏။

မောင်ဖေသော်သည် ထိုအကြောင်းကို ပြောပြရာ ဦးစိန်မြသာကြီးက

"နေရာကျတာပဲကွ။ ဒါပေမယ့် မင်းကိုတစ်ခုပြောပြရဦးမယ်။ အခုမင်းရတာဟာ ရတနာခုနစ်ပါးလို့ခေါ်တယ်။ ရွှေ၊ ငွေ၊ ပုလဲ၊ ပတ္တမြား၊ ကြောင်၊ စိန်၊ သန္တာ၊ ဒါဟာ အပွင့်ဓာတ်တစ်မျိုးပဲ။ မင်းရဲ့အိပ်မက်ထဲက ဘုန်းကြီးကတော့ ရှင်အဇ္ဇဂေါဏအစစ်ဟုတ်ဟန်မတူဘူး။ ဝိဇ္ဇာလမ်းမှာက ဘိုးဘိုးအောင်ရဲ့ နည်းအတိုင်းလုပ်လို့ ပေါက်မြောက်သွားတဲ့ ပုဂ္ဂိုလ်တွေအားလုံးဟာ ပထမံအဖြစ်ခံယူကြတယ်။ မေးရင်လည်း ပထမံလို့ပဲ ပြောလေ့ရှိတယ်။

www.burmeseclassic.com



ရှင်အဇ္ဇဂေါဏနည်းနဲ့ ဖိုထိုးလို့ ပေါက်မြောက်သွားတဲ့ ပုဂ္ဂိုလ်တွေကလည်း သူတို့ရဲ့နာမည်ရင်းကို မပြောကြတော့ဘူး။ မေးရင် ရှင်အဇ္ဇဂေါဏလို့ ပြောကြတယ်။ မင်းသိထားဖို့ကတော့ ကျင့်စဉ်တစ်ခုဟာ ရတနာရပြီ။ အထူးသဖြင့် ရတနာခုနစ်ပါးရပြီဆိုရင် ကျင့်စဉ်ရဲ့ လမ်းခွဲတစ်ခုကို ရောက်သွားပြီ။ ဒီမှာ ရှေ့ဆက်မတက်ဘဲ ရပ်လိုက်ရင်လည်း ဓနသိဒ္ဓိတော့ရပြီပေါ့ကွာ။ ဒီနေရာမှာ မင်းဟာ အင်းကို ဝါသနာပါရင် အင်းလမ်းကိုလိုက်ပေတော့၊ ဖိုလမ်းကို ဝါသနာပါရင်ဖိုလမ်းကိုလိုက်ပေတော့။ မန္တန်လမ်းကို
ဝါသနာပါရင် မန္တန်လမ်းကိုလိုက်ပေတော့”

ဟု ပြောလိုက်လျှင် မောင်ဖေသော်က

“ဆယ်တန်းအောင်ရင် တက္ကသိုလ်ကျတော့ လိုင်းတွေခွဲသွားသလိုပေါ့နော်”

ဟု ပြောလိုက်လျှင် ဦးစိန်မြသာက

“မှန်ပေတယ် မောင်ဖေသော်၊ အခု မင်းဟာ ကျင့်စဉ်ရဲ့အခြေခံအတန်းကို အောင်သွားတာ။ အထက်တန်းကို ဆက်လုပ်ချင် လည်း လုပ်ပါ။ မလုပ်ချင်လည်း ရပ်လို့ရပြီ။ မင်းအတွက် ဆုံး ရှုံးစရာ၊ နစ်နာစရာမရှိပါဘူး”

www.burmeseclassic.com



ဟု ပြောလိုက်လေ၏။

မောင်ဖေသော်သည် ကျင့်စဉ်၏အဆင့်ကို အောင်မြင်အောင် ပြုလုပ်လေ၏။ ပဥ္စမကျင့်စဉ်ကို အောင်မြင်သွားသောအခါ၌၊ ဆဋ္ဌမ ကျင့်စဉ်ကို ဆက်၍ကျင့်ရပြန်၏။ ကျင့်ရန်လည်း အာရုံပြုရပြန်၏။

ဆဋ္ဌမကျင့်စဉ်မှာ မီးလွတ်စား၍ ကျင့်ရသောကျင့်စဉ်ဖြစ်၏။ မီးလွတ်စားနိုင်ရန်အတွက် ဦးစိန်မြသာကပင် စီစဉ်ပေး၏။ ထိုကျင့်စဉ် မှာ ကိုးရက်သာဖြစ်၏။

ထိုကျင့်စဉ် ကျင့်နေစဉ်အတွင်း မိန်းမတစ်ဦးနှင့် ယောကျ်ားတစ် ဦးသည် အိပ်မက်ထဲတွင် လာရောက်၍ မောင်ဖေသော်အား အမျိုးမျိုး အဖုံဖုံသော အကြောင်းအရာတို့ကို ပြောပြကြ၏။

ကိုးရက်စေ့သောနေ့တွင် မောင်ဖေသော်သည် အိပ်မက်တွင် မြင် တွေ့နေကျဖြစ်သော မိန်းမနှင့်ယောကျ်ားကို မြင်မက်ပြန်၏။ အိပ်မက် ထဲတွင် ထိုမိန်းမက မောင်ဖေသော်အား. .

"ပုတီးစိပ်နေကျနေရာတွင် ရွှေချထားသော ဆေးလုံးကလေးတစ်

လုံးချထားမည်။ ထိုဆေးကို မျိုချလိုက်ပါ"

ဟု မှာ၏။ မောင်ဖေသော်သည် နံနက်မိုးလင်းသောအခါ၌ ပုတီးစိပ်နေ ၏။ တနင်္ဂနွေထောင့်သို့သွားရာ ရွှေချထားသော ဆေးလုံးကလေးတစ်လုံး

www.burmeseclassic.com



ကို တွေ့ရ၏။ ဆေးလုံး၏ အရွယ်ပမာဏမှာ ဖန်ဂေါ်လီလုံးအရွယ်ခန့် ဖြစ်၏။ သူသည် အနီးရှိရေအိုးစင်သို့သွားကာ ရေတစ်ခွက်ကိုခပ်၍ ထို ဆေးလုံးကိုသောက်ချလိုက်၏။ ထိုသို့သောက်ချလိုက်သည်နှင့်တစ်ပြိုက် နက် တစ်ကိုယ်လုံးမွှေးကြိုင်၍ သွား၏။ ထိုအမွှေးနံ့သည် အချိန်အတန် ကြာမှ ပျောက်သွားလေတော့၏။

အမွှေးနံ့ပျောက်သွားသည်နှင့် တစ်ပြိုက်နက် ဦးစိန်မြသာကြီး ရောက်လာလေ၏။ ဦးစိန်မြသာသည် မောင်ဖေသော်နှင့် တွေ့လျှင် တွေ့ချင်း . .

"ဘာတွေထူးနေပြီလဲ"

ဟု မေးရာ မောင်ဖေသော်က အကျိုးအကြောင်းကို ပြောပြလိုက် လျှင် . .

"အဲဒါ ပီယသိဒ္ဓိခေါ်တယ်။ အဲဒီပီယသိဒ္ဓိကို ဆေးပဲသောက်ရ သောက်ရ၊ ရေပဲသောက်ရသောက်ရ အသားထဲကို စုတ်နဲ့ထိုးနှံ့ လို့ပဲရရ၊ သိပ်ပြီး သတိထားရတယ်။ မိန်းမအနှောင့်အယှက်က အလွန်လာတာ"

ဟု ပြောလိုက်ရာ မောင်ဖေသော်က ပြုံးလေ၏။

"ဦးစိန်မြသာရယ်၊ မိန်းမအနှောင့်အယှက်ကို ကျွန်တော်မကြောက် ပါဘူး"

www.burmeseclassic.com



ဟု ပြောလိုက်လေ၏။

ထို့နောက် မောင်ဖေသော်သည် သတ္တမမြောက်ကျင့်စဉ်ကို ကျင့်လေ၏။ သတ္တမမြောက်ကျင့်စဉ်သည် တစ်လလုံးကျင့်ရ၏။ ထိုကျင့်စဉ်မှာ ထမင်းနှင့်ဆားကိုသာ စားရသော ဆားထမင်းကျင့်စဉ်ဖြစ်၏။

ဆားထမင်းကျင့်စဉ်ကျင့်သောအခါ၌ ပုတီးစိပ်ရသည်ထက် မေတ္တာပို့ရသောလုပ်ငန်းက ပိုများလေ၏။ ထိုသို့ကျင့်နေစဉ်အတွင်း ဘုရားပရဝဏ်အတွင်း၌ လူတစ်ယောက်ကို အချိန်ကြာမြင့်စွာ လက်ခံထားခြင်းသည် လုံခြုံရေးကို ထိခိုက်နိုင်သည်ဟု သုံးသပ်ကာ သက်ဆိုင်ရာမှ မောင်ဖေသော်အား ဘုရားပရဝဏ်အတွင်း၌ မအိပ်ရန် ပြောလေတော့၏။

ထိုကိစ္စကို မောင်ဖေသော်သည် ဦးစိန်မြသာကြီးအား ပြောပြရာ ဦးစိန်မြသာကြီးက. .

"ကိစ္စမရှိပါဘူးကွာ။ မင်းဟာ လူကောင်းတစ်ယောက်ဖြစ်ကြောင်း ငါသွားပြီး အာမခံလိုက်ပါ့မယ်။ အဲဒါဆိုရင် အိပ်ခွင့်ရမှာပါ"

ဟု ပြောဆိုပြီးလျှင် ဦးစိန်မြသာကြီးသည် ဘုရားတွင်တာဝန်ရှိသော လူကြီးများထံသို့ သွားရောက်၍ မောင်ဖေသော်အတွက် အာမခံပေးခဲ့လေ၏။

www.burmeseclassic.com



ထိုအခါကျမှပင် မောင်ဖေသော်လည်း ဆက်လက်၍ အဓိဋ္ဌာန် ဝင်ခွင့်ရလေတော့၏။ ထိုအဓိဋ္ဌာန်ဝင်နေစဉ်အတွင်း၌ မောင်ဖေသော် သည် မကြာခဏ အိပ်မက်ဆိုးများမက်လေ၏။

အိပ်မက်ထဲတွင် ကုလားစစ်တပ်မှ စစ်သားတစ်ဦးသည် မကြာ ခဏမောင်ဖေသော်အား လာရောက်၍ တိုက်ခိုက်လေ၏။ ထိုအကြောင်း ကို မောင်ဖေသော်က ဦးစိန်မြသာအား ပြောပြရာ ဦးစိန်မြသာက

"အချိန်ရှိသရွေ့ မေတ္တာသာပို့ပေတော့၊ အရေးကြီးတဲ့အစိတ်အပိုင်း ကို ရောက်နေပြီ။ အဓိဋ္ဌာန်ပြည့်ကာနီးရင် လာပြီးလည်ပင်းညှစ် တာတို့၊ ဘာတို့တောင် လုပ်တတ်တယ်။ အိပ်မက်မဟုတ်ဘူး။ တကယ်အညှစ်ခံရတတ်တယ်"

ဟု ပြောသဖြင့် မောင်ဖေသော်လည်း မေတ္တာနှင့်ပတ်သက်သော ကျင့်စဉ်ကို ဖိဖိစီးစီးကျင့်လေတော့၏။

ကျင့်စဉ်ပြီးဆုံးကာနီးတွင် ဦးစိန်မြသာပြောသည့်အတိုင်းပင် တစ်စုံတစ်ယောက်သည် လည်ပင်းကိုလာ၍ ညှစ်သဖြင့် မောင်ဖေသော် သည် အတင်းရုန်းကန်ရ၏။ ထိုသို့ ရုန်းကန်ရင်း မေတ္တာပို့ရန် သတိ ရသဖြင့် မေတ္တာပို့သောအခါမှပင် သက်သာခွင့်ရလေတော့၏။

ထိုအဓိဋ္ဌာန်ပြီးသောအခါ၌ ဦးစိန်မြသာကြီးသည် မောင်ဖေသော်

www.burmeseclassic.com



အား ထမင်းဆိုင်သို့ ခေါ်၍သွားကာ သက်သတ်လွတ်ထမင်းဟင်းလျာများဖြင့် ခေါ်၍ ကျွေးမွေးပြန်၏။

ဤသို့နှယ်ပင် မောင်ဖေသော်သည် တစ်စထက်တစ်စ အဆင့်မြင့်သော ကျင့်စဉ်များကို ကျင့်လာခဲ့၏။ အဓိဋ္ဌာန်ရက် အလုံးစုံပြည့်မြောက်သောအခါ၌ ဦးစိန်မြသာကြီးသည် မောင်ဖေသော်ထံ ရောက်လာ၏။

"မောင်ဖေသော်ရေ မင်းရဲ့ကျင့်စဉ်ကတော့ အတော်ကိုပြည့်စုံသွားပြီ။ ဘုရားတွေလှည့်ပြီး ဖူးရဦးမယ်။ အဲဒီလိုဘုရားဖူးဖို့ ငါကပဲ အစီအစဉ်လုပ်ပေးပါ့မယ်။ အခုလောလောဆယ်တော့ မင်းကိုအနားပေးရဦးမယ်။ ပြီးတော့ ဟိုးသံပုံချိုင့်နားက ဘုန်းကြီးကျောင်းမှာ ခဏထားမယ်။ အဲဒီဘုန်းကြီးက ငါနဲ့သိပ်ပြီးခင် တာ။ ညီအစ်ကိုအရင်းလိုပဲ။ အဲဒီမှာနေရင်း မင်းရဲ့စာမေးပွဲကို ဖြေဖို့ ဆရာတစ်ယောက်နဲ့ ကျောင်းပျက်တဲ့ရက်တွေအတွက် စာတွေ ကို ပြန်သင်ပေးရဦးမယ်"

ဟု ပြောလေ၏။

ထို့နောက်တွင်ကား ဦးစိန်မြသာကြီးသည် မောင်ဖေသော်အားသံပုံချိုင့်ရှိ ဘုန်းကြီးကျောင်းဆီသို့ ခေါ်ဆောင်သွားပြီးလျှင် ဘုန်းကြီး ထံ အပ်နှံလေ၏။

www.burmeseclassic.com



နေ့လယ်ပိုင်းသို့ရောက်သောအခါ၌ ဦးစိန်မြသာကြီးသည် အသက်လေးဆယ်အရွယ်ရှိ ပိန်ပိန်ပါးပါးကုလားတစ်ဦးကို ခေါ်လာလေ၏။

ဦးစိန်မြသာကြီးသည် ထိုကုလားအား မောင်ဖေသော်ကို စာသင်ပေးရန် အပ်နှံလေ၏။

သင်ပေးရသောစာမှာ ဘာသာစုံဖြစ်၏။ မောင်ဖေသော်လည်း ကြိုးစား၍ လိုက်ရလေ၏။ မာစတာလားဇရားသည် လွန်စွာအသင်အပြကောင်းသူဖြစ်၏။

ရက်ပေါင်း ကိုးဆယ်ခန့် သင်လိုက်သောအခါ မောင်ဖေသော်ကျောင်းမတက်ဘဲ လွတ်ခဲ့သောစာများကို မီသွားလေတော့၏။ ထို့ကြောင့် စာမေးပွဲကို ကောင်းစွာဖြေဆိုနိုင်လေ၏။

အောင်စာရင်းထွက်သောနေ့၌ ဦးစိန်မြသာကြီးသည် မောင်ဖေသော်ထံသို့ ရောက်လာလေ၏။

"ဘယ်လိုလဲ မောင်ဖေသော်၊ စာမေးပွဲကတော့ အောင်သွားပြီ။ ကျောင်းဆက်ပြီးတက်ဖို့ကလည်း ငါပဲတာဝန်ယူပါ့မယ်။ မင်းမိဘဆီကလည်း ငွေတွေ၊ ဘာတွေ မတောင်းပါနဲ့တော့။ တစ်ခုတော့ရှိတယ်ကွ။ ဗိုလ်တထောင်ဘုရားမှာ နေ့တိုင်းတော့ ပုတီးစိပ်ဦးကွ။ စိပ်ရမယ့်ဂါထာကတော့ ဟောဒီဂါထာပဲကွ"

www.burmeseclassic.com



ဟု ဆိုကာ အောက်တွင်ဖော်ပြထားသော ဂါထာကို ရေးပေးခဲ့လေ၏။

ဂတေ ဂတေ
ပါရ ဂတေ။
ပါရ ဆမ်ဂတေ
ဗောဓိဆွာဟာ။

မောင်ဖေသော်က ထိုဂါထာ၏ အဓိပ္ပာယ်ကိုမေးရာ ဦးစိန်မြသာက. .

"တစ်ဖက်ကမ်းကို ကူးမြောက်ကုန်ကြပြီတဲ့။ အဲဒါဘာကိုပြောတာလဲဆိုတော့ နိဗ္ဗာန်စံဝင်သွားတဲ့ ဘုရားရှင်တွေကိုပြောတာ။ ပြီးတော့ ကျွန်ုပ်လည်း အဲဒီလမ်းကိုလိုက်မယ်တဲ့။ ကမ်းတစ်ဖက်ကို ကူးမြောက်နိုင်အောင် ကြိုးစားမယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့"

ဟု ပြောလေ၏။

စာမေးပွဲပြီးသည့်အချိန်မှစ၍ မာစတာလားဇရားသည် လုံးဝပေါ်မလာတော့ပေ။ မောင်ဖေသော်သည် ဗိုလ်တထောင်ဘုရားသို့ နေ့

www.burmeseclassic.com



စဉ်မှန်မှန်သွား၍ ပုတီးစိပ်၏။ ကျောင်းဖွင့်သောအခါ၌ ဘုန်းကြီးကျောင်းမှပင် ကျောင်းတက်လေတော့၏။

ထိုသို့ ကျောင်းတက်နေစဉ်ကာလအတွင်း၌ မောင်ဖေသော် သည် သူ၏မှတ်တမ်းကြီးကို ဆက်လက်ရေးသားနေလေ၏။ ပြည့်စုံသည်ထက် ပြည့်စုံရန် လိုအပ်သည်များကို ဖြည့်စွက်နေလေ၏။

ထိုအချိန်ကလေးအတွင်း၌ ကွဲကွာသွားသော ဆရာပါအား မကြာခဏ အိပ်မက်တွင် မြင်မက်လေ၏။ ထိုသို့ မြင်မက်သောအခါ၌လည်း ဆရာပါအား လူအဖြစ်နှင့်မြင်မက်သည်မဟုတ်၊ ရဟန်းအသွင်ဖြင့် မြင်မက်ခြင်းဖြစ်၏။

ဆရာပါသည် အိပ်မက်မြင်မက်သောအခါတိုင်း၌. .

"တို့နှစ်ယောက်တွေ့ကြသေးတာပေါ့"

ဟူ၍သာ ပြောလေ့ရှိ၏။

တစ်နေ့တွင် မောင်ဖေသော်သည် ကျောင်းမှပြန်လာပြီး ဗိုလ်တထောင်ဘုရားသို့ ပုတီးစိပ်ရန် သွားရောက်ခဲ့လေ၏။ ၎င်းသည် အမြဲတမ်းစိပ်နေကျဖြစ်သော ချောင်ကလေးတစ်ချောင်တွင် ဝင်၍ထိုင်လိုက်၏။ ထိုသို့ ထိုင်ပြီးများမကြာမီ၌ပင် ၎င်းနှင့်မလှမ်းမကမ်းနေရာသို့ အသက်သုံးဆယ်နီးပါးအရွယ်ရှိ မိန်းမတစ်ဦးရောက်လာလေ၏။

www.burmeseclassic.com



ထိုမိန်းမသည် ဖယောင်းတိုင်၊ အမွှေးတိုင်များကိုထုတ်၍ ဂြိုဟ်တိုင်အနီးတွင် မီးပူဇော်၏။ သို့ရာတွင် လေတိုက်သောကြောင့် ဖယောင်းတိုင်များသည် မကြာခဏငြိမ်းလေ၏။

ထိုအခါ မောင်ဖေသော်ကို ခေါ်၍ အကူအညီတောင်းလေ၏။ မောင်ဖေသော်လည်း ထိုမိန်းမ၏ ဖယောင်းတိုင်များကို လေကွယ်ရာတွင်ထွန်းပေး၏။ ထို့ကြောင့် ထိုမိန်းမက မောင်ဖေသော်အား

"ကျေးဇူးတင်လိုက်တာ မောင်လေးရယ်"

ဟု ပြောလေ၏။

ထို့နောက် မောင်ဖေသော်လည်း ၎င်း၏နေရာကလေးတွင် ထိုင်၍ ပုတီးစိပ်လေ၏။ မောင်ဖေသော် ပုတီးစိပ်သည်မှာ ၄၅မိနစ်ခန့်ကြာ၏။

မောင်ဖေသော် ပုတီးစိပ်ပြီး၍ မျက်စိဖွင့်လိုက်သောအခါ၌ ထိုမိန်းမက. .

"ဒီမှာ ငါ့မောင်ရယ်၊ မမက ဘုရားကိုလာရင် အပြည့်အစုံယူလာတာ။ ကော်ဖီထည့်ဖို့ ဖလပ်စ်လည်း ပါလာတယ်။ မုန့်လည်း ဘူးနဲ့ထည့်လာတယ်။ ဘုရားပါရှိခိုး၊ ပုတီးပါစိပ်ပြီးရင် ဘရိတ်ဖတ်စ်ကို ဒီမှာပဲစားလိုက်တာ။ ဖလပ်စ်က နှစ်ခုယူလာတာ၊ တစ်ခုက ကော်ဖီ၊ တစ်ခုက ရေနွေးကြမ်းကွယ့်။ မမရဲ့ လက်ဖက်ခြောက်

www.burmeseclassic.com



လည်း သောက်ကြည့်ဦးနော်။ ရွှေဖီမိုးလွတ် လက်ဖက်ခြောက် ခပ်ထားတာ။ ရွှေဖီမိုးလွတ်ဆိုတာ ဟိုး ပလောင်တောင်မှာ သကြြန် မကျခင် ခူးရတာကွယ့်။ အဲဒီလက်ဖက်က သိပ်ပြီးနုတာ။ အရသာ လည်း အလွန်ကောင်းတာကလားကွယ့်။ စားပါဦး။ ကော်ဖီလည်း သောက်ပါဦး"

ဟု ဆိုကာ သတ္တုဘူးလေးကို ဖွင့်၍ ပေါင်မုန့်ထောပတ်သုတ် တစ်ခုထုတ်ယူပြီးလျှင် ကော်ဖီတစ်ပန်းကန်နှင့်အတူ ပေးလေ၏။ မောင် ဖေသော်လည်း အားနာပါးနာနှင့်ပင် ထိုကော်ဖီနှင့်ပေါင်မုန့်ကို လှမ်း၍ ယူပြီး စားသောက်လေ၏။ ထိုသို့ စားသောက်ပြီးသောအခါ၌. .

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

ဟု ပြောလိုက်လျှင် ထိုမိန်းမက. .

"ကျေးဇူးမတင်နဲ့ မောင်လေးရေ။ ရေနွေးကြမ်းသောက်လိုက်ဦး။ အစ်မရေနွေးကြမ်းတစ်ခါသောက်ပြီးရင် တစ်သက်စွဲသွားမှာ နော်"

ဟု ပြောလိုက်လေ၏။

ဤနေရာ၌ ထိုမိန်းမ၏နောက်ဆုံးစကားလုံးဖြစ်သော 'နော်' ဟူ သော အသံမှာ 'နော်' ဟုမထွက်ပါ။ ဟထိုးသံပါ၍ 'နှော်' ဟူ၍အသံ

www.burmeseclassic.com



ထွက်သည်နှင့် အလွန်နီးစပ်၏။ သို့သော် 'နှော်' ဟူ၍လည်းအတိ အကျ မထွက်ပါ။ 'နော်' နှင့် 'နှော်' ကြားမှ အသံဖြစ်၏။ စာဖြင့်ရေးပြ၍ မရပါ။

မောင်ဖေသော်၏ နား၌ ထိုအသံကလေးသည် ပဲ့တင်ရိုက်၍ သွားလေတော့၏။

"နှော်. . . နှော်. . . နှော်"

ထိုမိန်းမသည် သူ၏ခါတ်ဘူးအတွင်းမှ ရေနွေးကြမ်းကို အကြမ်း ပန်းကန်အတွင်းသို့ လောင်း၍ထည့်လိုက်၏။ လက်ဖက်ခြောက်အနံ့သည် မောင်ဖေသော်၏ နှာခေါင်းထဲသို့ တိုးဝင်သွားလေ၏။ ထိုရနံ့မှာ လွန်စွာ မွှေးသော ရနံ့ဖြစ်၏။

ထို့ကြောင့် မောင်ဖေသော်က. .

"မမရဲ့ ရေနွေးကြမ်းကဖြင့် မသောက်ရခင်ကတည်းက မွှေးနေ တာပဲ"

ဟု ချီးမွမ်းလိုက်လျှင် ထိုမိန်းမက. .

"ဒီလို ရှိပါတယ်မောင်လေး၊ မင်းရဲ့ မျက်စိမှာတော့ ရေနွေးကြမ်း ရိုးရိုးလို့ မြင်မှာပေါ့ကွယ်။ ရေနွေးကြမ်းရိုးရိုးဆိုရင်တော့ ဒီလောက် မွှေးဖို့ မရှိပါဘူးကွယ်။ မမက ဒီရေနွေးကြမ်းထဲမှာ မင်းမမြင်နိုင် တဲ့ စေတနာတွေ၊ မေတ္တာတွေ ထည့်ထားတယ်ကွယ့်"

www.burmeseclassic.com



ဟု ပြောလိုက်လျှင် မောင်ဖေသော်က. .

"ဟုတ်မှာပါ ခင်ဗျာ"

ဟု ပြန်၍ပြောလေ၏။

"မောင်လေးက ဒီမှာ ပုတီးလာစိပ်တာလား။ နေ့တိုင်းလာစိပ်တာဆိုရင်တော့ သူတော်ကောင်းလေးပေါ့။ မမက နေ့တိုင်းလာပြီး ဝတ်ကြီးဝတ်ငယ်ပြုစုချင်ပါတယ်။ မနက်တိုင်းလည်း ကော်ဖီတို့ မုန့်တို့၊ ရေနွေးကြမ်းတို့ လာပြီးတိုက်မယ်။ ဒါနပေါ့၊ ဒါနပြုတာဆိုတော့ မငြင်းကောင်းဘူးနော်"

ဟု ပြောလိုက်လေ၏။ နောက်ဆုံး 'နော်' ဟူသောအသံကလေးသည် မောင်ဖေသော်၏ နား၌ ပဲ့တင်ထပ်၍ သွားပြန်လေ၏။

"နော် . . . နော်. . . နော်"

မောင်ဖေသော်သည် ရေနွေးကြမ်းပန်းကန်ကို လှမ်းယူပြီးနောက် အရသာခံ၍ တစ်ငုံချင်းစုပ်၍ သောက်နေလေ၏။ ရေနွေးကြမ်းတစ်ပန်းကန် ကုန်သွားသောအခါ၌ အောက်သို့ချလိုက်လျှင် ထိုမိန်းမကထပ်၍ ငှဲ့ပေးပြန်၏။ ထိုအခါ မောင်ဖေသော်က. .

"မမရေ ကျွန်တော်တော့ 'ကရင်ထန်းလျက်အိုးတွေ့' ဆိုသလို ဖြစ်နေပြီ"

www.burmeseclassic.com



ဟု ပြောလိုက်ရာ ထိုမိန်းမကြီးက. .

"စိတ်ချမောင်လေး။ နေ့တိုင်းကိုလာပြီးတော့ ဒါနပြုမယ်"

ဟု ပြောလိုက်လေ၏။ ထို့နောက်တွင်ကား မောင်ဖေသော်သည် ရေနွေးကြမ်းကိုသောက်ရင်း

"အစ်မနာမည်လည်း ကျွန်တော်မသိရပါလား။ ကျွန်တော့နာမည် အရင်ပြောမယ်။ ကျွန်တော့်နာမည် မောင်ဖေသော်တဲ့"

ဟု ပြောလိုက်လျှင်ထိုမိန်းမက

"မင်းက နာမည်ပြောတော့ မမကလည်း ပြောရမှာပေ့ါကွယ်"

ဟု ဆိုပြီးလျှင် ပိုက်ဆံအိတ်ကိုဖွင့်၍ ပေါ့ဖ်ခေါ် တို့ပတ်ပဝါအဝိုင်းကလေးကိုထုတ်ကာ မျက်နှာကို ဟိုတို့ဒီတို့ လျှောက်၍ တို့ပြန်၏။ ထိုသို့ တို့ပြီးနောက်

"မမတို့က ညီအစ်မ သုံးယောက်ရှိတာ။ အကြီးဆုံးက မမထားစီတဲ့။ အငယ်က မထားရီတဲ့။ မမက အလတ်ကွယ့်။ မထားကြည်လို့ခေါ်တယ်။ ညီမသုံးယောက်ထဲမှာ မမက အပေါင်းအသင်းအများဆုံး။ အားလုံးကလည်း မထားကြည်လို့ ဘယ်သူမှ မခေါ်ကြပါဘူး။ ထားလို့ပဲ ခေါ်ကြတယ်။ အဲဒီတော့ မောင်လေးကလည်း ခေါ်မယ်ဆိုရင်တော့. ."

www.burmeseclassic.com



ဟုပြောကာ စကားကိုရပ်လိုက်သဖြင့် မောင်ဖေသော်က. .

"ဘယ်လိုခေါ်ရမလဲခင်ဗျ"

ဟုပြန်၍ မေးလိုက်လျှင် ၎င်းမိန်းမက လွန်စွာသာယာနာပျော်ဖွယ်ကောင်းသော လေသံဖြင့် အောက်ပါအတိုင်း ပြောလိုက်လေတော့သတည်း။

"မမထား. ."

*****

www.burmeseclassic.com



www.burmeseclassic.com



# အခန်း(၁၁)

မမထားပြန်သွားပြီဖြစ်၏။ မောင်ဖေသော်သည် ပုတီးစိပ်ပြီးပြီဖြစ်၍ ရင်ပြင်တော်ပေါ်တွင် ဟိုလျှောက်ဒီလျှောက်လုပ်နေ၏။ လမ်းလျှောက်ရင်း ပါးစပ်မှလည်း ဆီမန်းမန်းသလို ရွတ်နေ၏။

"မမထား. . မမထား. . လက်ဖက်ရည်တိုက်တဲ့မမထား. . မမထား. . ရေနွေးကြမ်းတိုက်တဲ့ မမထား၊ မမထား. . နော်. . နော်ဆိုတဲ့ စကားလေးထည့်ပြောတတ်တဲ့. . မမထား၊ မမထား ကျုပ်တော့ ဘယ်လိုဖြစ်သွားမှန်းမသိဘူး မမထား"

ဟု တစ်ကိုယ်တည်း ရွတ်ဆိုနေစဉ်. .

www.burmeseclassic.com



"မမထား . . . မမထား ဒုက္ခပေးမယ့် မမထား"

ဟု ရွတ်ဆိုလိုက်သော ဦးစိန်မြသာ၏အသံကိုကြားရလေ၏။

မောင်ဖေသော်သည် နောက်သို့ဆတ်ခနဲ လှည့်ကြည့်လိုက်ပြီးလျှင်

"ဒီလောက်တိုးတိုးလေး ရွတ်တာတောင် ဦးစိန်မြသာကြီးက ကြားတယ်။ တော်တော်ကို နားပါးတဲ့လူကြီးပဲ"

ဟု ပြောလိုက်လျှင် ဦးစိန်မြသာက

"နားပါးတာမဟုတ်ဘူးကွ အကင်းပါတာ။ မင်းကို ဟိုသတ္တဝါမ က လက်ဖက်ရည်တိုက်လိုက်၊ ရေနွေးကြမ်းတိုက်လိုက်နဲ့ တော် တော့်ကို ဒုက္ခပျိုးနေပြီ။ အချိန်မီရပ်တန်းကမရပ်ရင်တော့ ငါးပါး မှောက်ရုံမဟုတ်ဘူး။ သံဃာစင်ပါ ပြုတ်ထွက်သွားလိမ့်မယ်"

ဟု ပြောလေ၏။

မောင်ဖေသော်သည် ရယ်လေ၏။

"လက်ဖက်ရည်လေးတစ်ခွက်၊ ရေနွေးကြမ်းလေးတစ်ခွက်သောက် ရုံနဲ့တော့ ဒီလောက်ဒုက္ခဖြစ်ဖို့မရှိပါဘူး"

ဟု ပြန်၍ပြောလိုက်လျှင် ဦးစိန်မြသာကြီးက. .

"မိုင်တစ်သောင်းဝေးတဲ့ခရီးရဲ့အစဟာ ပထမခြေလှမ်းပဲကွ။ အဲဒီလို ဘာမှမဟုတ်တာလေးတွေကစပြီး ပင်လယ်ကူးသင်္ဘောမှာ

www.burmeseclassic.com



သုံးတဲ့ ကျောက်ဆူးကြိုးကြီးတွေလောက်ကြီးတဲ့ အင်မတန်ခိုင်မာတဲ့ သံယောဇဉ်ကြိုးကြီးတွေ ဖြစ်ကုန်တော့တာပဲ”

ဟု ပြန်၍ပြောလေ၏။ ထိုအခါ မောင်ဖေသော်က. .

“ဒုက္ခပါပဲ ဦးစိန်မြသာရယ်။ ဒီလိုဆိုရင် ကျုပ်က ဘယ်မိန်းမနဲ့မှကို စကားပြောခွင့်မရှိတော့ဘူးလား”

ဟု မေးလေ၏။

“ဒီလိုရှိတယ် မောင်ဖေသော်။ ကိုယ်က ‘ချိပ်’ လို့ သိထားရင် ‘မီး’ နဲ့ မတွေ့တာ အကောင်းဆုံးပဲ။ တွေ့တာနဲ့ အရည်ပျော်သွား မှာပဲ။ ကိုယ့်ကိုယ်ကိုယ် သံမဏိဆိုရင်တော့ မီးနဲ့တွေ့ရုံမပဟုတ်ဘူး။ မီးထဲထည့်လည်း ဘာမှမဖြစ်ပါဘူး။ အဲဒီတော့ ကိုယ့်ဟာကိုယ် စဉ်းစားပေါ့ကွာ။ ကိုယ်ဟာ ချိပ်လား၊ သံမဏိလား သိအောင်လုပ်၊ အဲဒီလို သိအောင်လုပ်တဲ့နေရာမှာ ကိုယ့်ကိုယ်ကိုယ် အမှတ်တွေပိုပေးပြီး ချိပ်ဖြစ်ပါလျက် သံမဏိလို့တော့ မဆုံးဖြတ်နဲ့ပေါ့ကွာ။ အဲဒီလို ဆုံးဖြတ်မိလို့ ဒုက္ခတွေ့ရင်လည်း အခြားလူတွေ့မှာ မဟုတ်ဘူး။ ကိုယ်ပဲတွေ့မှာ”

ဟု ပြောလေ၏။

မောင်ဖေသော်သည် ခေါင်းကိုအနည်းငယ်ကုတ်လိုက်ပြီးနောက်

www.burmeseclassic.com



"မှန်ပါတယ် ဦးစိန်မြသာ၊ ကျုပ်ဟာ ချိပ်ပါပဲ။ မီးနဲ့တွေ့တာနဲ့ အရည်ပျော်မှာပါ။ အဲဒီတော့ မနက်ဖြန် မမထားလာရင် ဘယ်လို ပြောပြီး ခွာရမလဲ၊ အကြံပေးပါဦး"

ဟု ပြောလေ၏။

"ဘာဖြစ်လို့ ရှည်ရှည်ဝေးဝေး စဉ်းစားနေရသလဲ မောင်ဖေသော် ရယ်။ ကျုပ်ဟာ ဆရာကောင်း၊ သမားကောင်းထံ နည်းနာခံပြီး အထက်တန်းဂမ္ဘီရပညာတွေကို လိုက်စားနေတယ်။ မိန်းမတွေနဲ့ မဆက်ဆံရဘူး။ အဲဒါကြောင့် ဒေါ်ထားကြည်၊ ကျုပ်ဆီကို မလာ ပါနဲ့တော့။ အဲဒါနဲ့ပတ်သက်လို့ ဒေါ်ထားကြည်မကျေနပ်လို့ စကားပြောချင်တယ်ဆိုရင်တော့ ကျုပ်ကိုမပြောပါနဲ့။ ကျုပ် ဆရာ ဦးစိန်မြသာဆိုတာ လာလိမ့်မယ်။ သူ့ကိုပြောပါလို့ ပြောပြီး အဲဒီ မိန်းမပြောတာကို လုံးဝနားမထောင်နဲ့တော့။ နေရာကနေ ရှောင် သွားပေတော့။ သူပြောတာနားထောင်မိရင်တော့မလွယ်ဘူးကွ။ မိန်းမဆိုတာ ပရိယာယ်များတယ်။ အထူးသဖြင့် အဲဒီလို မိန်းမမျိုး က ပိုပြီးပရိယာယ်များတယ်။ မင်းလို မနူးမနပ်ကောင်လေးမျိုးကို သားကောင်လိုသဘောထားပြီး တောကစားထွက်လာတဲ့ လုဒ္ဒကမုဆိုး ကွ"

www.burmeseclassic.com



ဟု ပြောလိုက်လျှင် မောင်ဖေသော်ကလည်း. .

"စိတ်ချပါ ဦးစိန်မြသာ၊ ကျုပ်ခင်ဗျားမှာတဲ့အတိုင်းပြောပ့ါမယ်"

ဟု ဝန်ခံလိုက်လေ၏။

ထို့နောက်တွင်ကား ဦးစိန်မြသာသည် မောင်ဖေသော်လိုအပ်မည့် ပစ္စည်းများကို ဝယ်ခြမ်းပေးပြီးနောက် ပြန်သွားလေ၏။

နောက်တစ်နေ့နံနက်တွင် မောင်ဖေသော်သည် ပုတီးစိပ်နေ၏။ ပုတီးစိပ်ပြီးသည်နှင့်တစ်ပြိုင်နက် ဘေးသို့ကြည့်လိုက်ရာ မမထားနှင့်အတူ မိန်းမတစ်ဦးကိုပါ တွေ့ရလေ၏။ မမထား၏ရှေ့တွင် ခြင်းတောင်းတစ်လုံး ကိုတွေ့ရလေ၏။ ခြင်းတောင်းထဲတွင် စားဖွယ်သောက်ဖွယ်များ၊ ဓာတ်ဘူး များထည့်ထားသည်ကိုလည်း သတိပြုမိ၏။

"မောင်လေး ပုတီးစိပ်နေတာ အာရုံပျက်သွားမှာစိုးလို့ မမထား တို့နှစ်ယောက် အသံကိုမထွက်ဝံ့ဘူး။ မမထားဖြင့် ချောင်းဆိုးချင် တာကို အတော်အောင့်ထားရတယ်။ အဲဒီဒုက္ခကတော့ အတော် ကိုကြီးတယ်မောင်လေးရေ။ နိုင်ငံခြားစကားပုံကတော့ အချစ်နဲ့ ချောင်းဆိုးတာကိုတော့ အောင့်မထားနိုင်ဘူးတဲ့။ မမထားကတော့ ချောင်းဆိုးတာကို အောင့်ထားနိုင်တယ်။ အချစ်ကတော့ တစ်နေ့ ကအထိ မတွေ့ဖူးသေးလို့ အောင့်နိုင် မအောင့်နိုင် မပြောတတ် ဘူးကွယ်. . ဟိ. . ဟိ"

www.burmeseclassic.com



ဟု ပြောလိုက်လေ၏။ ထိုအခါ မောင်ဖေသော်က. .

"ကဲ ဒေါ်ထားကြည်ရေ ဘာတွေညာတွေ သွယ်ဝိုက်ပြီး ပြောမနေတော့ဘူး။ တည့်တည့်ပဲပြောမယ်။ ကျုပ်ဟာ အထက်တန်း ဂမ္ဘီရအတတ်ကို ဆရာသမားကောင်းထံမှာ နည်းနာခံပြီး သင်ယူနေတယ်။ ကျုပ်ရဲ့ဆရာက ဦးစိန်မြသာတဲ့။ သူက ကျုပ်ကို ဂမ္ဘီရလိုက်စားနေတုန်းမှာ ဘယ်မိန်းမနဲ့မှ ရင်းရင်းနှီးနှီးမနေရဘူးလို့မနေ့က ခင်ဗျားပြန်သွားချိန်မှာ အမိန့်ထုတ်တယ်။ အဲဒါကြောင့်ခင်ဗျားပြန်သွားပါတော့"

ဟု ပြောလိုက်လျှင် မမထားသည် စိတ်ဆိုးရမည့်အစား အလွန်ပွဲကျစရာကောင်းသော ပြက်လုံးကိုကြားလိုက်ရသကဲ့သို့ 'တဟားဟား' ရယ်လေ၏။ ထိုသို့ ရယ်ပြီးနောက် အဖော်ပါလာသော မိန်းမဘက်သို့လှည့်၍. .

"ပက်ဂီ မောင်လေးပြောတဲ့ ဦးစိန်မြသာဆိုတာ သိလား။ တို့ရုံးမှာအရင် စာရေးကြီးလုပ်သွားတဲ့ ကိုစိန်မြသာကြီးကိုပြောတာ။ ဦးနှောက်မကောင်းလို့ အလုပ်ကအနားပေးရတာလေ။ နောက်ပိုးရူးကြီး၊ တစ်ခါက သူက ဒီနားမှာ ပုတီးစိပ်နေတယ်။ အိုင်ကလည်းသူ့ဟာသူ အရူးပဲဖြစ်ဖြစ်၊ အနှမ်းပဲဖြစ်ဖြစ်၊ ကိုယ်နဲ့တစ်ရုံးတည်း

www.burmeseclassic.com



လုပ်ခဲ့တာဆိုတော့ သနားပြီး သူ့ကို လက်ဖက်ရည်တွေ၊ ရေနွေးကြမ်းတွေ တိုက်ခဲ့တယ်။ နေ့တိုင်းလည်း ဒီလိုတိုက်ပါ့မယ်လို့ တာဝန်ယူခဲ့တယ်။ သုံးရက်မြောက်တဲ့နေ့မှာပဲ အဲဒီငတကြီးက အိုင့်ကို ယီးတီးယားတားလုပ်လာတော့တာပဲ။ အဲဒီမှာ ကိုယ်လည်း စေတနာနဲ့မတန်တဲ့ဟာကြီးဆိုပြီး ကြိမ်းမောင်းပြီးသူ့ကို မဆက်ဆံတာ။ အဲ. . သူက ကိုယ့်ကိုမကျေနပ်ဘူး။ ကိုယ်နဲ့တွေ့တဲ့အခါတိုင်း မကြားတကြား ဆဲသွားတယ်။ မဟုတ်တမ်းတရားတွေ ပြောသွားတယ်။ အခုလည်း ဒီမောင်လေးကို အိုင်က ကိုယ့်မောင်လေးအရင်းလိုသဘောထားပြီး ကျွေးမွေးတာကို ဒီမသာကြီးက မကျေနပ်လို့ မဆက်ဆံရဘူးလေး ဘာလေးလုပ်တာ”

ဟုပြောလိုက်လျှင် မမထားနှင့်ပါလာသော ‘ပက်ဂီ’ ဆိုသည့် အမျိုးသမီးကလည်း. .

“သြော်. . . စိန်မြသာဆိုတဲ့လူကြီးလား။ အလကားဟာကြီးပါကွယ်။ ဘတ်စ်ကားပေါ်မှာ ပက်ဂီနဲ့ဆုံဖူးသေးတယ်။ ပက်ဂီနားလာပြီး ပွတ်သီးပွတ်သပ်လုပ်လို့ သူ့ရင်ဘတ်ကို တံတောင်နဲ့တွက်ပြီး ဆုံးမလိုက်ရသေးတယ်။ ဒီမှာမောင်လေး။ မင်းနှယ်ကွယ်။ ဒီလိုအရှုးအနှမ်းကြီးများ ဆရာတင်ရသတဲ့ကွယ်။ ဘာမှမဟုတ်ဘူး။ ထားကို သူမရလို့ မစားရတဲ့အမဲ သဲနဲ့ပက်တဲ့သဘောလုပ်တာ”

ဟု ဝင်၍ပြောလေ၏။ မောင်ဖေသော်သည် ထိုမိန်းမနှစ်ဦးပြော သောစကားများကြောင့် ဦးစိန်မြသာကြီးအပေါ် စိတ်ခု၍သွားလေ၏။ သို့ရာတွင် သူပေးခဲ့သော ကတိအတိုင်း မမထားပေးသောလက်ဖက်ရည် ကို မသောက်တော့ဘဲ ထိုနေရာမှ ထွက်လာခဲ့လေ၏။ ထိုမိန်းမနှစ်ဦး လည်း ညှိုးငယ်သော မျက်နှာထားများနှင့် ပြန်သွားကြလေတော့၏။ ၎င်းတို့ပြန်သွားကြပြီး နာရီဝက်ခန့်အကြာတွင် ဦးစိန်မြသာကြီး ရောက် လာ၏။ မောင်ဖေသော်သည် ဦးစိန်မြသာကြီးကို မြင်လျှင်မြင်ချင်း. .

"ဒီမှာ ဦးစိန်မြသာ ခင်ဗျားပြောတဲ့အတိုင်း ဒေါ်ထားကြည်ကို ပြောလိုက်ပါပြီ။ ဒါပေမယ့် သူတို့ကလည်း ခင်ဗျားရဲ့အကြောင်းကို ခရေစေ့တွင်းကျပြောသွားကြတယ်။ သူတို့ဆိုတာ ဒေါ်ထားကြည် တစ်ယောက်တည်း မဟုတ်ဘူး။ ပက်ဂီဆိုတဲ့ မိန်းမတစ်ယောက် လည်း ပါလာတယ်"

ဟု ပြောလိုက်လေ၏။

ဦးစိန်မြသာကြီးက. .

"ခက်တော့တာပဲ မောင်ဖေသော်ရယ်၊ ကိုယ်ပြောစရာရှိတာကို ပြောပြီးထွက်ခဲ့။ သူပြောတာကို နားမထောင်နဲ့လို့ အတန်တန် မှာခဲ့ပါတယ်ကွာ။ ဘာလို့ နားထောင်ရတာလဲ"

www.burmeseclassic.com



ဟု ပြောလိုက်လေ၏။

"ခင်ဗျားမှာခဲ့တာ ကျုပ်ရိပ်မိပါပြီ။ သူတို့ပြောတာ နားထောင်မိရင် ခင်ဗျားအကြောင်းတွေ ပေါ်မှာစိုးလို့ မဟုတ်လား"

ဟု ဆိုကာ မမထားပြောခဲ့သောစကားများကို တစ်လုံးချင်းပြန်၍ မောင်ဖေသော်က ပြောပြလေ၏။ ထိုအခါ ဦးစိန်မြသာကြီးက. .

"ငါမင်းကို အတန်တန်ပြောခဲ့တယ်။ အဲဒီကောင်မပြောတဲ့ စကားတွေ နားမထောင်ပါနဲ့ဆိုတာ သံယောဇဉ်အမျှင်တန်းပြီး ဆက်ထိုင်နေတာကိုးကွ။ လုပ်ကြံဇာတ်လမ်းတွေ ပြောတော့တာပေါ့။ အဲဒါတွေကို မင်းကတကယ်ထင်နေတာကိုး။ အဲဒါတွေဟာ မဟုတ်က ဟုတ်ကတွေ ဖြစ်တယ်ဆိုတာ အခုနေရှင်းလို့မရဘူး"

ဟု ပြောလျှင် မောင်ဖေသော်က. .

"ဘာပဲပြောပြော ဦးစိန်မြသာကြီးရေ။ အဲဒီမိန်းမတွေကလည်း အခြေအနေရှိတဲ့ မိန်းမတွေပါပဲ။ သူတို့ပြောတာ အပြည့်အစုံ မဟုတ်တာတောင် တစ်စိတ်တစ်ဒေသတော့ ဟုတ်နိုင်တယ်"

ဟု ပြန်၍ပြောလိုက်လျှင် ဦးစိန်မြသာကြီးသည် မျက်လုံးပြူး၍ သွားလေ၏။ ထို့နောက် ပါးစပ်မှခပ်တိုးတိုးစကားတစ်လုံးနှစ်လုံး ပြော

www.burmeseclassic.com



လိုက်ပြီးလျှင် 'တောက်' တစ်ချက်ခေါက်လိုက်လေ၏။ ပြီးလျှင် ဦးစိန်မြသာသည် မောင်ဖေသော်အား. .

"မင်းမျက်စိမှိတ်ထိုင်ပြီး ပုတီးစိပ်နေ။ ဘာကိုဆိုရမလဲဆိုတော့ အမှန်တရားပေါ်ပေါက်ပါရစေလို့ ဆုတောင်းပြီး ပုတီး(၉)ပတ်ပြည့်အောင် စိပ်နေ"

ဟု ပြောလိုက်သဖြင့် မောင်ဖေသော်လည်း ဦးစိန်မြသာပြောသည့်အတိုင်း မျက်စိကိုမှိတ်၍ ပုတီးကိုစိပ်နေလေတော့၏။

*

ပုတီး (၉)ပတ်ပြည့်၍ မျက်စိကိုဖွင့်ကြည့်လိုက်သောအခါ၌ ဦးစိန်မြသာကြီး မရှိတော့ပေ။ သို့ရာတွင် မမထားနှင့်ပက်ဂီသည် ၎င်းအနီးသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်၏။

"ဒေါ်ထားကြည်။ ခင်ဗျားလာပြန်ပြီလား။ ကျုပ်ဆရာက မိန်းမတွေနဲ့ စကားမပြောရဘူးလို့ မှာထားတယ်"

ဟု မောင်ဖေသော်က အသံမာမာဖြင့် ပြောလိုက်လေ၏။ ထိုအခါ မမထားက. .

"အဲဒီကိစ္စကို တောင်းပန်ချင်လို့ လာတာပါ။ မမထားနဲ့ မမထားရဲ့ သူငယ်ချင်း ဟောဒီ ပက်ဂီဆိုတာက စောစောတုန်းက မောင်

www.burmeseclassic.com



လေးရဲ့ဆရာ ဦးစိန်မြသာကို မဟုတ်တမ်းတရားတွေ ပြောသွားကြပါတယ်။ အဲဒါကိုလာပြီး တောင်းပန်တာပါ။ ဦးစိန်မြသာက မမတို့ပြောသလို လူစားမျိုးမဟုတ်ပါဘူး။ မမတို့က လီဆည်ပြီး ပြောသွားတာပါ။ မမတို့က မောင်လေးနဲ့ဦးစိန်မြသာကြီး ကွဲသွားအောင် လုပ်တာပါ။ အဲဒါကို မယုံပါနဲ့လို့ မမတို့ ကိုယ်တိုင်လာပြီး ဖြေရှင်းတာပါ”

ဟု ပြောပြီးလျှင် မမထားနှင့်ပက်ဂီတို့သည် မောင်ဖေသော်အား ရှိခိုးဦးချ၍ ပြန်သွားကြလေတော့၏။ မောင်ဖေသော်သည် စဉ်းစားရင်း ကျန်ရစ်ခဲ့လေ၏။

“ဘယ်လိုဖြစ်တာလဲ။ စောစောကတုန်းက သူတို့က ဦးစိန်မြသာကြီးကို အလကားလူကြီး၊ တဏှာရူးကြီးလို့ ပြောသွားတယ်။ အခုတော့ မဟုတ်ပြန်ဘူးတဲ့”

ဟု တစ်ကိုယ်တည်း ရေရွတ်နေလေတော့၏။ ထို့နောက် မောင်ဖေသော်သည် စေတီတော်ကို ညာရစ်လှည့်၍ ရှိခိုးပြီးလျှင် ပေါက်ပေါက်ဆုပ်၊ ကန်စွန်းရွက် စသည်များကိုဝယ်ကာ လိပ်ကန်ဘက်သို့သွား၍ လိပ်များ၊ ငါးများကို အစာကျွေးနေလေ၏။

ထိုအခါ၌မှာပင် ဦးစိန်မြသာကြီး ရောက်ရှိလာလေ၏။ ဦးစိန်မြသာကြီးက မောင်ဖေသော်၏ပခုံးကို လက်ဖြင့်လှမ်း၍ပုတ်ရင်း. .

www.burmeseclassic.com



"ဒီနေ့တော့ မင်းဆီကို နှစ်ခေါက်တိတိပြန်ပြီး လာရတာပေ့ါကွာ"

ဟု ပြောလိုက်လေ၏။

"ဟိုမိန်းမနှစ်ယောက် လာသေးတယ်ဗျ။ ဦးစိန်မြသာကြီးကို ပြောမိတာ မှားပါတယ်တဲ့။ ဦးစိန်မြသာကြီးနဲ့ကျုပ် အဆင်မပြေဖြစ်အောင် လုပ်ကြံလီဆည်ပြီး ပြောတာပါတဲ့။ အဲဒီလိုပြောပြီး တောင်းပန်ပြီး ကျုပ်ကိုတောင် ကန်တော့သွားတယ်။ ဘာတွေဖြစ်ကုန်တာလည်း မသိဘူး"

ဟု မောင်ဖေသော်က ပြောလေ၏။

"တောက်ခေါက်သံလေကွာ။ မင်းအနေနဲ့ တစ်ခုသိထားဖို့က ကမ္ဘာပေါ်မှာ စိတ်ဆိုးရင် တောက်ခေါက်တတ်တာ တို့မြန်မာလူမျိုးတစ်မျိုးပဲ ရှိတယ်ကွ။ ဘယ်လိုလူမျိုးမှ တောက်မခေါက်တတ်ဘူး။ ငါတို့မြန်မာလူမျိုးကတော့ အကျအနစိတ်ဆိုးပြီဆိုရင် 'တောက်' ကို မာန်ပါပါခေါက်တော့တာပဲပေ့ါ။ အဲဒါ ငါတို့လူမျိုးရဲ့မူပိုင်အပြုအမူပဲကွ"

ဟု ဦးစိန်မြသာကြီးက ပြောလိုက်လေ၏။

"နေပါဦး ဦးစိန်မြသာရယ်။ ခင်ဗျားက ဒီကနေ တောက်ခေါက်တာ မမထားတို့နှစ်ယောက်က ဟိုးအဝေးကြီးက ကြားရသတဲ့လား"

www.burmeseclassic.com



ဟု မောင်ဖေသော်က မေးလိုက်လေ၏။

"ရိုးရိုးလူခေါက်ရင်တော့ ဘယ်ကြားရမတုံးကွ။ ငါရဲ့တောက်ခေါက်သံက သိဒ္ဓိဓာတ်တွေထည့်ပြီး ခေါက်လိုက်တာကွ။ အဲဒီလိုတောက်ခေါက်နိုင်အောင်လည်း အခု မင်းလေ့ကျင့်သလိုပဲ လေ့ကျင့်ခဲ့ရတာ။ တစ်နေ့မှာ မင်းလည်းအဲဒီလိုတောက်ခေါက်နိုင်မှာပါ"

ဟု ဦးစိန်မြသာကြီးက ပြောလေ၏။ ထို့နောက် ၎င်းတို့နှစ်ဦး သည် ဘုရားပရဝဏ်အတွင်းမှထွက်ကာ ဗိုလ်တထောင်ဆိပ်ကမ်းဘက်သို့ စကားတပြောပြောဖြင့် လမ်းလျှောက်ကြလေ၏။

ဗိုလ်တထောင်ဆိပ်ကမ်းသို့ရောက်လျှင် နှစ်ယောက်သား မတ်တတ်ရပ်လျက် စကားပြောနေကြ၏။ လေမှာ တဟူးဟူးတိုက်နေ၏။ ဦးစိန်မြသာသည် လေတင်ဘက်မှရပ်နေ၏။ မောင်ဖေသော်၏ နှာခေါင်းတွင် အမွှေးနံ့တစ်ခုကို ရလေ၏။ ထိုအမွှေးနံ့ကိုရသည့် တစ်ခဏတွင် ရင်ထဲ၌ အေးမြသကဲ့သို့ ခံစားရ၏။

"အမွှေးနံ့ရတယ် ဦးစိန်မြသာရေ။ နောက်ပြီးတော့ အဲဒီအမွှေးနံ့ကလည်း ရှူရတာရင်ထဲအေးသွားသလိုပဲ။ ဘယ်ကလာတဲ့အမွှေးနံ့လဲမသိဘူး"

ဟု မောင်ဖေသော်က ပြောလိုက်လျှင် ဦးစိန်မြသာက. .

---

www.burmeseclassic.com



"ဘယ်ကလာတဲ့ အမွှေးနံ့လဲဆိုတာ နည်းနည်းစူးစမ်းလိုက်ကွာ။ ငါ ဟောဟိုတံတားဆိပ်က ကွမ်းယာဆိုင်မှာ ကွမ်းသွားစားလိုက်ဦးမယ်"

ဟု ဆိုကာ ထွက်သွားလေ၏။

ဦးစိန်မြသာကြီးထွက်သွားသောအခါ၌ မောင်ဖေသော်သည် အမွှေးနံ့မည်သည့်အရပ်ကလာသည်ကို စုံစမ်းကြည့်လေ၏။ သို့ရာတွင် အမွှေးနံ့သည် မရှိတော့ပေ။

ဦးစိန်မြသာကြီးသည် ကွမ်းယာဆိုင်သို့ ရောက်လျှင် ကွမ်းတစ်ယာမှာ၍စား၏။ အတော်အတန်ကြာမှ ပြန်လာပြီးလျှင်. .

"ဘယ်လိုလဲ မောင်ဖေသော်။ အမွှေးနံ့ ဘယ်ကလာတာလဲကွ"

ဟု မေးလိုက်လေ၏။

"ဦးစိန်မြသာကြီးလည်း သွားရော အမွှေးနံ့လည်းမရှိတော့ဘူးဗျ။ အဲဒီတော့ ဘယ်ကလာတယ်ပြောမလဲ။ ဟော. . . ဟော ပြောရင်းဆိုရင်းအမွှေးနံ့ရပြန်လာပြီဗျ"

ဟု ပြောရင်း မောင်ဖေသော်သည် တစ်စုံတစ်ရာကို တွေး၍စဉ်းစားနေလေ၏။ ထိုသို့စဉ်းစားပြီးနောက် ရှေ့သို့တိုးသွားပြီးလျှင် ဦးစိန်မြသာ၏လက်ကို ဆွဲယူ၍နမ်းကြည့်လိုက်လေ၏။ ထိုသို့ နမ်းကြည့်လိုက်ပြီးနောက်. .

www.burmeseclassic.com



"ဒီအမွှေးနံ့က ဦးစိန်မြသာကိုယ်က ထွက်နေတာ။ ဦးစိန်မြသာ ဆီကလာတာ။ ဒီလောက်ကောင်းတဲ့ရေမွှေး ကျုပ်ဖြင့်မတွေ့ဖူးပါဘူးဗျာ"

ဟုပြောလိုက်လျှင် ဦးစိန်မြသာကြီးက ရယ်လေ၏။ ရယ်ပြီးနောက်. .

" ရေမွှေးမဟုတ်ဘူး ငါ့လူရေ။ ကျင့်စဉ်ကွ။ သူတစ်ပါးကို မညှဉ်းဆဲရဘူး။ သူတစ်ပါးပစ္စည်းမခိုးရဘူး။ လိမ်မပြောရဘူး။ မေထုန်မှုကို မပြုရဘူး။ အဲဒီလို ရှောင်စရာရှိတာတွေကိုရှောင်ပြီး ကိုယ်အကြိုက်ဆုံး အမွှေးနံ့တစ်ခုကို သတ်မှတ်ပြီး ငါ့ကိုယ်က အဲဒီ အမွှေးနံ့မျိုး ထွက်လာပြီ. . ထွက်လာပြီ ဆိုပြီး နေ့စဉ်တစ်နာရီလောက် စိတ်ကို မဲတင်းပေးရတယ်။ တစ်နှစ်လောက်လုပ်လိုက်ရင် လိုအပ်တဲ့အခါမှာ အဲဒီအမွှေးနံ့တွေ ထွက်လာတော့တာပါပဲ။ အဲဒါဟာ ငါတစ်ယောက်တည်း လုပ်မှ ရတာမဟုတ်ဘူး။ ဘယ်သူလုပ်လုပ်ရတယ်။ မင်းလုပ်လို့လည်း ရတယ်။ နည်းစနစ်ကျရင် ရပါတယ်။ ငါ့ကိုလည်း ငါ့ဆရာ ဦးရွှေမြသာဆိုတဲ့လူကြီးက သင်ပေးသွား တာ" ဟု ပြောလေ၏။ မောင်ဖေသော်၏စိတ်၌ ဇဝေဇဝါဖြစ်နေ၏။

---

www.burmeseclassic.com



ဦးစိန်မြသာသည် အမှန်တကယ် ပြောနေသလော သို့မဟုတ် အလွန်ကောင်းသော ရေမွှေးကို ဆွတ်ဖျန်းပြီး ကိုယ်မှအမွှေးနံ့ထွက်သကဲ့သို့ ပြောနေသလော ဆိုသည်ကိုမူ ဝေခွဲ၍မရနိုင်အောင်ရှိလေ၏။

သို့ရာတွင် မောင်ဖေသော် စိတ်၌. .

"ဦးစိန်မြသာကြီးက ငါ့ကို အခြောက်တိုက်ကြွားလုံးထုတ်စရာမရှိပါဘူးလေ။ သူပြောတာ ဟုတ်မှာပါပဲ"

ဟု တွေးမိလေ၏။ ထို့နောက် ၎င်းတို့နှစ်ဦးသည် စကားတပြောပြောနှင့် ဗိုလ်တထောင်ဘုရားဘက်ဆီသို့ လျှောက်လာကြလေ၏။

ဘုရားသို့ရောက်သောအခါ၌ မောင်ဖေသော် ပုတီးစိပ်နေကျ ချောင်ကလေးတစ်ချောင်တွင် နှစ်ယောက်သားထိုင်ကြလေ၏။

"ဒီလို မောင်ဖေသော်ရဲ့ မင်းအခု ရောက်နေတဲ့အဆင့်ဟာ လမ်းဆုံလမ်းခွပဲကွ။ ကြိုက်တဲ့လမ်းကို သွားလို့ရပြီ။ ရပ်ချင်လည်း ရပ်လို့ရပြီ။ အကောင်းဆုံးကတော့ သံပုံချိုင့်က ဘုန်းကြီးကျောင်းမှာနေပြီး ကျောင်းလည်း အဲဒီကတက်၊ ကျောင်းကပြီးတာနဲ့ တခြားမသွားနဲ့။ ဒီဘုရားမှာလာပြီး အဓိဋ္ဌာန်လုပ်ပေတော့၊ ငါလည်း ကူညီနိုင်သလောက် ကူညီမယ်။ အဲဒါ ဘယ်လိုသဘောရသလဲ"

ဟု ဦးစိန်မြသာကြီးက မေးလေ၏။

www.burmeseclassic.com



"ဦးစိန်မြသာကြီးပြောတဲ့အတိုင်း လုပ်ရမှာပါပဲ။ ဒါပေမယ့် ကျောင်းကလည်း မဖွင့်သေးဘူး။ အဲဒီအတောအတွင်းမှာ ခရီးသွားချင်တယ်။ ဘယ်ရယ်လို့ မဟုတ်ပါဘူး။ ဒီဘုရားထဲမှာချည်း ရက်ရှည်လများ အစဉ္စာန်ဝင်လာတော့ စိတ်က နည်းနည်းငြီးငွေ့နေသလိုပဲ။ အဲဒါကြောင့် အပျင်းပြေသဘောမျိုးနဲ့ ခရီးထွက်ချင်တာပါ"

ဟု ပြောလိုက်လေ၏။

"တစ်ခုတော့ ပြောရဦးမယ် မောင်ဖေသော်ရေ။ ငါ့မှာလည်း တခြားကိစ္စတွေက ရှိသေးတယ်။ ဒါကြောင့် ငါလည်းသွားစရာရှိတာတွေကို သွားရဦးမယ်။ ခါတိုင်းလိုမင်းဆီကို နေ့တိုင်းရောက်ဖြစ်ချင်မှ ရောက်ဖြစ်တော့မှာ။ မင်းအတွက်၊ ကျောင်းစရိတ်တွေဘာတွေလိုအပ်တာတွေကိုလည်း မင်းနေတဲ့ကျောင်းက ဆရာတော်ဆီမှာ ငါအပ်ခဲ့မယ်။ မင်းအနေနဲ့လိုသလောက် ဆရာတော်ဆီမှာ ထုတ်ယူပေတော့"

ဟု ဦးစိန်မြသာကြီးက ပြောလိုက်လေ၏။

"ကျွန်တော် ခရီးသွားဖို့ ကိစ္စရော ဦးစိန်မြသာကြီးသဘောတူရဲ့လား"

ဟု မောင်ဖေသော်က မေးလိုက်ရာ ဦးစိန်မြသာကြီးက. .

---

လာဘ်မိုးရွာစေပေ

www.burmeseclassic.com



"သဘောတူပါတယ် ငါ့လူရယ်။ ငါ့အထင်နဲ့ ပြောရရင်တော့ မင်းသွားမယ့်ခရီးဟာ ကျိုက်ထီးရိုးဘုရားဖြစ်လိမ့်မယ်ထင်တယ်"

ဟု ပြောလေ၏။

"အမှန်ပါပဲ ဦးစိန်မြသာ။ကျိုက်ထီးရိုးဘုရားသွားဖူးချင်စိတ်တွေ ပေါက်နေတယ်။ ဦးစိန်မြသာကြီးကို ခွင့်မတောင်းရသေးလို့ မသွားရသေးတာ"

ဟု မောင်ဖေသော်က ပြောလိုက်လျှင် ဦးစိန်မြသာကြီးက ၎င်း၏အိတ်ထဲမှ ငွေ ၂၀၀ကိုထုတ်၍. .

"ဟောဒီမှာ ဘုရားဖူးစရိတ်"

ဟု ပေးလိုက်လျှင် မောင်ဖေသော်ကမယူသေးဘဲ. .

"များပါတယ်ဗျာ။ တစ်ရာဆိုရင်ပဲ လောက်ရုံတင်မကဘူး။ ပို တောင်နေပါပြီ"

ဟု ပြောလိုက်ရာ ဦးစိန်မြသာကြီးက. .

"ယူမှာ ယူစမ်းပါကွာ။ ဘုရားဖူးသွားရင်းနဲ့ အဖော်ကောင်းတွေ ဘာတွေတွေ့တော့လည်း ကိုယ့်မှာပိုက်ဆံပါမှကွ။ မပါရင် ကိုယ့်ဘက်က တာဝန်မကျေသလို ဖြစ်နေမယ်"

ဟု ပြောလိုက်လျှင် မောင်ဖေသော်က. .

www.burmeseclassic.com



"အဖော်ကောင်းတွေစရာမရှိပါဘူးဗျာ"

ဟု ပြန်၍ ပြောလိုက်လေ၏။ ထို့နောက်ၝင်းတို့နှစ်ဦး လမ်းခွဲကြလေ၏။

မောင်ဖေသော်လည်း ဦးစိန်မြသာကြီးနှင့်လမ်းခွဲပြီးနောက် သံပုံချိုင့်ဘုန်းကြီးကျောင်းသို့ မပြန်သေးဘဲ ကျိုက်ထီးရိုးဘုရားဖူးသွားရန် စီစဉ်ရလေ၏။ တာမွေ ဗျိုင်းရေအိုးစင်ရပ်ကွက်တွင်ရှိသော ၝင်း၏ ကျောင်းနေဖက်သူငယ်ချင်းထံသို့သွားရာ ထိုသူငယ်ချင်းက ၝင်းတို့လမ်းထဲတွင် ဘတ်စ်ကားပိုင်ရှင်တစ်ဦးက  ကျိုက်ထီးရိုးဘုရားသွားရန် လူစုနေကြောင်း လိုက်ပါလိုက လိုက်၍ပြောပေးမည်ဖြစ်ကြောင်း ပြောလေ၏။

မောင်ဖေသော်ကလည်း လိုက်ပါမည်ဖြစ်ကြောင်း ပြောလေ၏။ ထို့ကြောင့် ၝင်း၏သူငယ်ချင်းက ဘုရားဖူးထွက်မည့်ကားပိုင်ရှင်အား လိုက်၍ပြောပေးရာ အသွားအပြန် ငွေ(၃၀)ကုန်ကျမည်ဆိုသဖြင့် ငွေ(၃၀) ပေးခဲ့လေ၏။ ထို့ပြင် မနက်စောကြီးထွက်မည်ဆိုသောကြောင့် သူ၏ အိမ်တွင် လာ၍အိပ်ရမည်ဟုဆို၏။

ထို့ကြောင့် မောင်ဖေသော်လည်း ဘုန်းကြီးကျောင်းသို့ ပြန်သွားပြီးလျှင် အဝတ်အစားများကို လွယ်အိတ်တစ်လုံးနှင့်ထည့်ကာ ညနေပိုင်း၌ ဘုရားဖူးကားအိမ်သို့ သွား၍အိပ်ရလေ၏။

---

www.burmeseclassic.com



နံနက်(၄)နာရီထိုးသောအခါ၌ ဘုရားဖူးကားပိုင်ရှင်က. .

"ကျုပ်အနေနဲ့ ဘုရားဖူးခရီးကို အခုလိုကားနဲ့ထွက်တာ အခေါက်ပေါင်း မနည်းတော့ဘူး။ သွားတဲ့အခေါက်တိုင်းမှာ ခရီးသည်တွေက ဟိုနေရာမှာ မထိုင်ချင်ဘူး။ ဟိုလူနဲ့ထိုင်ချင်တယ်။ ပြတင်းပေါက်ဘက်မှာ မနေချင်ဘူး တချို့အေးတယ်။ တချို့ကလည်း ပြတင်းပေါက်ဘက်မှာ နေချင်တယ်။ ကွမ်းသမားမို့ ကွမ်းတံထွေး ထွေးချင်လို့ပါ စသည်ဖြင့်ပေါ့ဗျာ။ အမြဲတမ်း ဖြေရှင်းပေးနေရတယ်။ အခုတစ်ခေါက်တော့ ဒီလိုမလုပ်တော့ဘူး။ ခရီးသည် ၂၄ယောက်ရှိတယ်။ ထိုင်ခုံက ၂၄ခုံရှိတယ်။ ခရီးသည်တိုင်း မဲနှိုက်ရမယ်။ ကိုယ်ပေါက်တဲ့ ခုံမှာထိုင်ရမယ်။ အဲဒါကို မလိုက်နာနိုင်ဘူးဆိုရင်တော့ အခုတည်းက ပြန်ကြပါ"

ဟု တင်းတင်းမာမာပြောလေတော့၏။

ခရီးသည်များလည်း ထိုစည်းကမ်းကို လိုက်နာမည်ဖြစ်ကြောင်း ပြောပြီးလျှင် မဲနှိုက်ကြလေ၏။

မောင်ဖေသော်သည် အတက်အဆင်းလုပ်သော အပေါက်နှင့် အနီးဆုံးထိုင်ခုံတွင် မဲပေါက်လေ၏။ ထိုင်ခုံနံပါတ်မှာ (၇)ဖြစ်၏။ ထို့ကြောင့် ကားပိုင်ရှင်က. .

www.burmeseclassic.com



"ဒီမှာ ငှါတူ. . ဟောဟို နံပါတ်ခုနစ်ခုံမှာ သွားပြီးထိုင်ပေတော့ မဆင်းနဲ့တော့။ ကားထွက်တော့မှာ. . "

ဟု ပြောလေ၏။

ခရီးသည်များသည် တစ်ဦးချင်းမဲနှိုက်၍ ပေါက်မဲစာရွက်များကို ပြကာ ကားပေါ်သို့ တက်လာကြလေ၏။ မောင်ဖေသော်ဘေးရှိ နံပါတ် (၈)ထိုင်ခုံကို မိန်းကလေးတစ်ယောက်ကမဲပေါက်သဖြင့် လာ၍ထိုင်လေ၏။ ခရီးသည်များစုံသောအခါ၌ ကားပိုင်ရှင်သည် အမွှေးနံ့သာခွက်ကြီးတွင် သပြေပန်းကိုနှစ်ကာ ထိုသပြေပန်းဖြင့် သူ၏ကားတစ်စီးလုံး ကို လိုက်၍ရိုက်လေ၏။ ပါးစပ်မှလည်း

"အန္တရာယ်ကင်းဘေးရှင်း အငြင်းမပွားရပါစေနဲ့"

ဟု ကျယ်လောင်စွာရွတ်ဆိုလေ၏။ ထို့နောက် ၎င်းက နာရီကို ကြည့်ပြီးလျှင်. .

"ကဲ ဒရိုင်ဘာ ကိုအောင်ရေ၊ အောင်အခါမှာ အောင်ကားကြီးကို မောင်းပေတော့"

ဟုဆိုလိုက်လျှင် ကားဆရာသည် ဝူးခနဲ မောင်းထွက်လေတော့၏။ ထိုသို့ မောင်းထွက်လိုက်သည်နှင့်တစ်ပြိုက်နက် ခရီးသည်များကလည်း 'အောင်ပြီ၊ အောင်ပြီ' ဟူ၍ မည်သည့်အရာကိုအောင်မှန်းမသိဘဲ ဝိုင်းဝန်းအော်ဟစ်ကြလေတော့၏။

---

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com



ကားကြီး မနှေးမမြန် မောင်းနှင်၍ သွားနေပြီဖြစ်၏။ မောင်ဖေသော်၏နံဘေးတွင် ထိုင်၍ပါလာသော မိန်းကလေးမှာ ပရိတ်စာအုပ်ကို ဖွင့်၍ ပရိတ်ရွတ်ရင်း လိုက်ပါလာလေ၏။

ဤသို့နှင့် မောင်းနှင်ခဲ့ရာ ပဲခူးမြို့ကိုလွန်၍ ဘုရားကြီးလမ်းဆုံအနီးသို့ရောက်သောအခါ၌ ထိုမိန်းကလေးသည် ပရိတ်စာအုပ်ကလေးကို ပေါင်ပေါ်တွင်တင်၍ မျက်စိကိုမှိတ်ကာ ရှည်လျားသောမေတ္တာပို့တစ်ပုဒ်ကို ရွတ်နေလေ၏။

မော်တော်ကားသည် ဘုရားကြီးလမ်းဆုံသို့ ရောက်သောအခါ၌ လယ်ယာဘက်သို့ ဆတ်ခနဲကွေ့လိုက်လေ၏။ မိန်းကလေးပေါင်ပေါ်တွင် တင်ထားသော ပရိတ်စာအုပ်ကလေးသည် ပေါင်ပေါ်မှလျှော၍ ဘုတ်ခနဲ ကျသွားလေ၏။ မိန်းကလေးလည်း ယောင်၍ ဗုဒ္ဓေါဟု အော်လိုက်လေ၏။

မောင်ဖေသော်သည် မိန်းကလေး၏ ပရိတ်စာအုပ်ကလေးကို ကောက်ယူ၍ မိန်းကလေးဘက်သို့ ပြန်၍ပေးလိုက်လေ၏။ ထိုအခါ ထိုမိန်းကလေးက. .

"ကျေးဇူးတင်ပါတယ်ရှင်။ ဒီလမ်းဆုံရောက်ရင် ကားဟာ အဲဒီလိုပဲ တစ်ဆစ်ချိုးကွေ့တတ်တယ်ဆိုတာ မြင့်သိပါတယ်။ အဲဒါကို

www.burmeseclassic.com



သတိမေ့ပြီး စာအုပ်ကိုကိုင်မထားဘဲ ပေါင်ပေါ်မှာ တင်ရုံတင်ထားမိလိုက်တာ”

ဟုပြောလိုက်လျှင် မောင်ဖေသော်က. .

“နာမည်က ‘မြင့်’ တဲ့လား”

ဟု မေးလိုက်လေ၏။ ထိုအခါ ထိုမိန်းကလေးက ခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်လေ၏။

“ကျိုက်ထီးရိုးဘုရားကို ဘယ်နှစ်ခေါက်တောင် တက်ပြီးပြီလဲ”

ဟု မောင်ဖေသော်က မေးလိုက်ရာ ထိုမိန်းကလေးက. .

“ခုနစ်ခေါက်ရှိပြီ။ ဒီအခေါက်က ရှစ်ခေါက်မြောက်ပဲ။ တစ်နှစ်တည်းကို လေးခေါက်တက်ခဲ့တယ်ဆိုပါတော့။ ပြီးခဲ့တဲ့နှစ်က လေးခေါက်၊ အခုနှစ် လေးခေါက်ဆိုတော့ ရှစ်ခေါက်ပေါ့။ ဟိုးတစ်နှစ်က မြင့်အိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ ပိတ်ဖြူစင်ကြယ်နဲ့ အဘိုးကြီးက ကျိုက်ထီးရိုးဘုရားကို (၈)ခေါက်ပြည့်အောင် တက်ရမယ်တဲ့။ (၈)ခေါက်ပြည့်ရင် ပုဂ္ဂိုလ်ထူးနဲ့တွေ့ရမယ်တဲ့”

ဟု ပြောလိုက်လျှင် မောင်ဖေသော်က. .

“ပုဂ္ဂိုလ်ထူးနဲ့ တွေ့မတွေ့တော့ မပြောတတ်ဘူး။ ဖေသော်နဲ့တော့ တွေ့နေပြီ”

www.burmeseclassic.com



ဟု ပြောလိုက်လျှင် မိန်းကလေးက. .

'ခစ်' ခနဲရယ်လိုက်ပြီး. .

"ဒီလိုဆိုရင် အဲဒီဖေသော်ဆိုတဲ့လူက ပုဂ္ဂိုလ်ထူး ဖြစ်ချင်ဖြစ်နေမှာပေါ့"

ဟု မိန်းကလေးက ရယ်သံလွင်လွင်ကလေးဖြင့် ပြောလိုက်လေ၏။ မောင်ဖေသော်က. .

"နေစမ်းပါဦး မြင့်ရယ်။ အဲဒီအိပ်မက်ထဲမှာတွေ့တဲ့ ဝတ်ဖြူစင်ကြယ်နဲ့ ပုဂ္ဂိုလ်ထူးကြီးက ကျိုက်ထီးရိုးဘုရားသွားရင် ဘာလုပ်ရမယ်လို့မှာထားသေးသလဲ"

ဟု မေးလိုက်ရာ မြင့်ဆိုသောမိန်းကလေးက. .

"အိပ်မက်ထဲက ပိတ်ဖြူစင်ကြယ်နဲ့ အဘိုးကြီးက ပုဂ္ဂိုလ်ထူးနဲ့တွေ့ရင် ဘာလုပ်ရမယ်လို့တော့ မမှာလိုက်ပါဘူး။ ဒါပေမယ့် အမေကတော့ မှာလိုက်တယ်။ လမ်းမှာတွေ့တဲ့ယောကျ်ားလေးတွေနဲ့ သိပ်မရောနဲ့တဲ့"

ဟု ပြောလိုက်လျှင် မောင်ဖေသော်က. .

"သိပ်မညံ့ဘူး"

ဟု ပြောလိုက်လေ၏။

---

www.burmeseclassic.com



"အမယ်လေး. . ကိုဖေသော်ကသာ မညံ့ဘူးပြောတာ။ ကျွန်မတို့ရပ်ကွက်ထဲမှာ ကျွန်မတို့မိသားစုက အ,အဆုံး၊ အတုံးဆုံးရှင့်၊ အဲဒီမိသားစုထဲမှာ ကျွန်မက ပိုပြီးတောင် အ,သေးတယ်"

ဟု ပြောလိုက်လျှင် မောင်ဖေသော်က. .

"နေစမ်းပါဦး။ မြင့်က ဘယ်ရပ်ကွက်ကတုံး"

ဟု မေးလိုက်လေ၏။ ထိုအခါ မြင့်က သူ၏သွားတက်ကလေးပေါ်အောင် ပြုံးလိုက်ပြီးလျှင်. .

"ကျွန်မက ကျောက်မြောင်းသူပါ"

ဟု ပြောလိုက်လေ၏။

"သြော်. . ဟုတ်ကဲ့၊ ဟုတ်ကဲ့"

ဟု မောင်ဖေသော်ကပြောလျှင် မြင့်က. .

"ကျောက်မြောင်းသူဆိုပေမယ့် အခုကျောက်မြောင်းမှာမနေတော့ဘူး။ မအူကုန်းလမ်းကျယ်ကို ပြောင်းသွားတာ နှစ်နှစ်ရှိပြီ။ အဲဒီကိုပြောင်းပြီးမှ ပိတ်ဖြူစင်ကြယ်နဲ့အဘိုးကြီးကို အိပ်မက်မက်တာ"

ဟု ပြောလိုက်လေ၏။

မောင်ဖေသော်နှင့် မြင့်ဆိုသောမိန်းမချောကလေးသည် တစ်လမ်းလုံး စကားပြောဖြစ်သွား၏။ လမ်းတွင် ကားရပ်သောအခါ၌လည်း

www.burmeseclassic.com



မောင်ဖေသော်သည် လမ်းဘေးချုံအတွင်းသို့ ပြေးဆင်းကာ ရှူးရှူးပေါက်ရ၏။ ပြီးလျှင်. .

"မြင့်၊ အောက်မဆင်းဘူးလား။ ဟိုမှာ တခြားမိန်းကလေးတွေ ဆင်းနေပါတယ်"

ဟု သွား၍ပြောရ၏။ ဈေးဆိုင်ရှိသောနေရာများ၌ ကားကိုရပ်လျှင်လည်း မောင်ဖေသော်သည် ဈေးဆိုင်၏နောက်သို့ ပြေးသွား၍ ရှူးရှူးပေါက်၏။ ထို့နောက် သကြားလုံးဖြစ်စေ၊ ဆီးပြားဖြစ်စေ ဝယ်ယူကာ မြင့်အားပေး၏။ ထိုအခါ မြင့်ကလည်း. .

"အို ကိုဖေသော်ကြီးကလည်း အားနာစရာကြီး"

ဟုဆိုကာ ပေးသမျှကို စားလေ၏။ ထို့နောက် ကားထွက်သည်နှင့် တစ်ပြိုင်နက် နှစ်ယောက်သား တွတ်တွတ်ထိုး၍ သွားလေတော့၏။

ဤသို့နှင့်ပင် ၎င်းတို့စီးနင်းလာသော ဘုရားဖူးကားသည် ကျိုက်ထီးရိုး၏ တောင်ခြေဖြစ်သော ကင်ပွန်းစခန်းသို့ ရောက်သွားလေတော့၏။ ခရီးသည်များသည် ကားပေါ်မှဆင်း၍ ကိုယ့်အုပ်စုနှင့်ကိုယ်ဆိုသလို တောင်ပေါ်သို့ တက်ကြလေ၏။ မြင့်သည် မောင်ဖေသော်နှင့် တက်၏။

ဤသို့နှင့်ပင် တရွေ့ရွေ့တက်လာကြရာ သစ်သားပေါင်တပ်ထားသော ရေတွင်းကလေးတစ်တွင်း၏အနီးသို့ ရောက်ရှိသွားလေတော့၏။

www.burmeseclassic.com



ရေတွင်းဆိုသော်လည်း ကြိုးဖြင့်ခပ်ရန်မလိုဘဲ အသာလေးကိုယ်ကိုကုန်း၍ ခပ်လျှင် ရနိုင်သောတွင်းမျိုးဖြစ်၏။

မောင်ဖေသော်သည် မြင့်မျက်နှာသစ်ရန်အတွက်လည်းကောင်း၊ ခြေထောက်ဆေးရန်အတွက်လည်းကောင်း ခပ်ပေး၏။ မြင့်ကလည်း. .

"အို အားနာစရာကြီး"

ဟု ဆိုကာ မောင်ဖေသော် ခပ်ပေးသမျှကို မျက်နှာသစ်၏။ ခြေထောက်ဆေးပစ်၏။ သောက်၏။ မောင်ဖေသော်မှာမူ ရေလဲရန်ပုဆိုးအပိုပါလာသဖြင့် ထိုရေတွင်းကလေး၌ ရေချိုးလေတော့၏။ ရေချိုးအဝတ်အစား လဲပြီးသောအခါ၌ နှစ်ယောက်သားထိုင်ကြလေ၏။ ထိုသို့ထိုင်သည့်အခါ၌ မောင်ဖေသော်က. .

"မေးပါရစေဦး မြင့်ရယ်၊ တခြားအဖော်တွေနဲ့ မတက်ဘဲ ကျုပ်နဲ့ဘာလို့လိုက်တက်တာလဲ"

ဟု မေးလျှင်မြင့်က. .

"မြင့်မှာ အဖော်မပါဘူး။ တစ်ယောက်တည်းလည်း မတက်ဝံ့ဘူး။ တောလမ်းထဲမှာ မတော်တရော်လူနဲ့တွေ့ရင် ဘယ့်နှယ်လုပ်မလဲ ကိုဖေသော်ရဲ့"

ဟု ပြောရာ မောင်ဖေသော်က. .

www.burmeseclassic.com



"အဲသလို မတော်တရော်လုပ်မယ့်အထဲမှာ ကျုပ်တစ်ယောက် ကော မပါနိုင်ဘူးလားဗျာ"

ဟု ပြောလိုက်လျှင် မြင့်က တခစ်ခစ်ရယ်လေ၏။ ထိုသို့ရယ်ပြီးနောက်. .

"ကျွန်မ ရှင့်မျက်လုံးကိုသေချာကြည့်ပြီးပါပြီ။ ရှင်ဟာ ဒီလိုလူမျိုးမဟုတ်ပါဘူး"

ဟု ပြောလိုက်ရာ မောင်ဖေသော်က. .

"မင်းတို့ မိန်းကလေးတွေက သိပ်ခက်တာပဲ။ အရမ်း ယုံလွယ်တာပဲ။ ကျုပ်က ထင်သလိုလူကောင်းမဟုတ်ဘူးဗျ"

ဟု ပြောရင်း မျက်နှာသုတ်ရန်အတွက် အိတ်ထဲမှမျက်နှာသုတ်ပဝါကို ဆွဲထုတ်လိုက်ရာ အိတ်ထဲမှာ တစ်စုံတစ်ရာသည် မျက်နှာသုတ်ပဝါနှင့်ရော၍ ပါလာကာ မြေပေါ်သို့ ဘုတ်ခနဲ ထွက်ကျသွားလေတော့၏။ မြင့်သည် ထိုထွက်ကျသွားသောအရာကို လှမ်း၍ကြည့်လိုက်၏။

"အမလေး ဒီမှာကြည့်စမ်းပါဦး။ ဒီပစ္စည်းကြီးနဲ့ လူကများ မတော်တရော်လုပ်မတဲ့လားရှင်"

ဟု ဆိုကာ ခွက်ထိုးခွက်လန် ရယ်လေ၏။ မောင်ဖေသော်လည်း သူ၏ အိတ်အတွင်းမှ ပြုတ်ကျသွားသော သူ၏ပစ္စည်းကို ကြည့်လိုက်

www.burmeseclassic.com



ရာ စိပ်ဖန်များ၍ ပြောင်လက်နေသော (၁၀၈)လုံးပုတီးကို တွေ့ရသဖြင့် ကပျာကယာကုန်း၍ ကောက်လိုက်ပြီးလျှင် လက်နှစ်ဖက်ဖြင့်ပွတ်လိုက်လေ၏။

ထိုအခါ မြင့်က. .

"အိပ်မက်ထဲမှာ ပုဂ္ဂိုလ်ထူးနဲ့တွေ့ရမယ်ဆိုတာ ကိုဖေသော်များဖြစ်နေမလား မဆိုတတ်ဘူး။ လက်စသတ်တော့ ကိုဖေသော်က အသက်ငယ်ငယ်ကလေးနဲ့ ပုတီးသမားဖြစ်နေတာကိုး"

ဟု ပြောလိုက်လေတော့၏။

ထို့နောက် ၎င်းတို့နှစ်ဦးသည် စကားတပြောပြောနှင့် ကျိုက်ထီးရိုးကို တက်ကြလေတော့၏။ မြင့်မောလိမ့်မည်ဟုထင်သော နေရာများတွင် မောင်ဖေသော်က. .

"မြင့် မောနေဦးမယ်။ နားလိုက်ပါဦး"

ဟု ပြောလေ၏။ ထို့နောက် နှစ်ဦးသား ထိုင်၍နားကြလေ၏။ နားသောအခါများ၌လည်း မောင်ဖေသော်က မြင့်အား ယပ်ခတ်ပေးလေ၏။ ထိုအခါ မြင့်က. .

"နေပါစေ ကိုဖေသော်ရယ်၊ နှစ်ယောက်အတူမောတာ ကိုဖေသော်ကချည်း ယပ်ခတ်ပေးနေရတယ်ဆိုတော့ မတရားပါဘူး။ မြင့်လေ သိပ်အားနာတာပဲ ဟိ ဟိ"

www.burmeseclassic.com



ဟု ပြောလေ၏။

"အားမနာပါနဲ့ မြင့်ရယ်။ မြင့်တို့ မိန်းမသားက အားနွဲ့သူမို့လား။ ကိုဖေသော်တို့က ညှာရမှာပေါ့။ ကိုဖေသော်ပြောတာ မှန်တယ်မို့လား ဟာဟ"

ဟု မောင်ဖေသော်က ပြောလိုက်ရာ မြင့်က. .

"ကိုဖေသော်က သိပ်ကိုအလိုက်သိတာပဲ။ မြင့်ကတော့ မယုံဘူး။ မိန်းမဘယ်နှစ်ယောက်နဲ့များ တွေ့ပြီးပြီလဲမသိဘူး။ မိန်းမတွေရဲ့အကြိုက်ကို သိလိုက်တာလွန်နေတာပဲ"

ဟု ပြောလိုက်ရာ မောင်ဖေသော်က. .

"မြင့် ဘုရားစူးရစေရဲ့။ စုစုပေါင်းမှာ ဒီတစ်ယောက်တည်းပါ"

ဟု ကျိန်လိုက်လျှင် မြင့်က. .

"ကိုဖေသော် ကျိန်တာလည်း ဘုရားစူးလို့ကျိန်ရင် တစ်မျိုးပေါ့။ အခုတော့ မြင့် ဘုရားစူးရစေရဲ့ဆိုတော့ ကိုဖေသော် ဘုရားစူးမှာမှ မဟုတ်ဘဲ။ မြင့် စူးမှာပေါ့"

ဟု ပြောလေ၏။ ထိုအခါ မောင်ဖေသော်က. .

"မြင့်က တော်တော်အကင်းပါးတယ်နော်"

ဟု ပြောလိုက်ရာ မြင့်က. .

www.burmeseclassic.com



"မြင့်တို့ ရပ်ကွက်ကလူတွေက လူရိုးတွေချည်းပဲ။ အဲဒီထဲမှာ မြင့်တို့အိမ်က အ,အဆုံး၊ အဲဒီထဲမှာ မြင့်ကပိုပြီး အ,သေးတယ်"

ဟု ပြန်၍ ပြောလေ၏။ ထိုအခါ မောင်ဖေသော်က. .

"မြင့်တို့ရပ်ကွက်ဆိုတာ ကျောက်မြောင်းကို ပြောတာလား"

ဟု ပြန်၍မေးလိုက်လျှင် မြင့်က တခစ်ခစ်ရယ်လေ၏။ ဤသို့နှင့်ပင် ကျိုက်ထီးရိုးရင်ပြင်တော်ဆီသို့ရောက်သွားကြလေတော့၏။ ထို့နောက်နှစ်ယောက်သား ဘုရားအတူဖူး၏။ ထိုသို့ ဘုရားဖူးပြီးနောက် မောင်ဖေသော်က. .

"မြင့်ရေ စိတ်တော့မဆိုးနဲ့နော်။ ယောကျ်ားနဲ့မိန်းမ ဘယ်လောက်ခြားသလဲဆိုတာ အခုပြမယ်။ ကိုဖေသော် ဟောဒီတံတားလေးကဖြတ်ပြီး ကျိုက်ထီးရိုးစေတီဘက်ကို သွားဖူးမယ်။ မြင့်ကတော့လိုက်လို့မရတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီဘက်ကို မိန်းမတွေလိုက်လို့မရဘူးလေ။ မိန်းမတွေဆိုတဲ့နေရာမှာ ရိုးရိုးမိန်းမမပြောနဲ့။ ဘုရင်မတောင် ဟိုဘက်ကို ကူးလို့မရဘူး"

ဟု ဆိုကာ မောင်ဖေသော်သည် မြင့်ကိုပြောင်ပြ၍ ကျိုက်ထီးရိုးစေတီဘက်သို့ တံတားလေးမှတစ်ဆင့် ကူးသွားလေတော့၏။

မြင့်သည် မောင်ဖေသော်၏ အပြုအမူကိုကြည့်ကာ တခစ်ခစ်ရယ်နေလေ၏။ ထို့နောက်မှ. .

www.burmeseclassic.com



"မြင့်အတွက်လည်း ပိုပြီးဆုတောင်းခဲ့နော်"

ဟု မှာရှာ၏။ မောင်ဖေသော်ကလည်း. .

"စိတ်ချမြင့်၊ စိတ်ချ။ မြင့်တစ်ယောက် လင်ကောင်းသားကောင်း ရဖို့ ဆုတောင်းခဲ့ပါမယ်"

ဟုပြောကာ ကျိုက်ထီးရိုးစေတီတော် ကျောက်လုံးကြီးကို လက်နှစ်ဖက်ဖြင့်ကိုင်ကာ ဆုတောင်းလေတော့၏။ ပြီးလျှင် တစ်ဖက်သို့ ပြန်လာကာ. .

"ကဲ ဆုတောင်းခဲ့ပြီမြင့်ရေ။ သွားကြဦးစို့"

ဟု ဆိုကာ နှစ်ယောက်သား လျှောက်၍သွားကြ၏။ ထမင်းဆိုင်တွင် ထမင်းအတူစားကြ၏။ ရင်ပြင်တော်ပေါ်တွင်ပင် အိပ်ကြရ၏။ ညပိုင်းသို့ရောက်သောအခါတွင်လည်း မောင်ဖေသော်သည် ရင်ပြင်တော်တွင်ပင် ပုတီးစိပ်၏။ မြင့်က နောက်မှနေ၍ မှက်၊ ခြင်၊ ယင် မသန်းရအောင် ယပ်ခတ်ပေး၏။

ထို့နောက် ညဉ့်နက်သည်အထိ နှစ်ယောက်သားစကားပြောနေကြ၏။ လွန်စွာအေးချမ်းသောအချိန်သို့ရောက်သောအခါ၌ မောင်ဖေသော်က သူ၏ဗလေဇာ ကုတ်အင်္ကျီကြီးကိုချွတ်၍ မြင့်အားခြုံပေးလိုက်၏။

www.burmeseclassic.com



ထိုအခါ မြင့်က. .

"အို မဟုတ်တာဘဲ။ မြင့်ကနွေးပြီး ကိုဖေသော်က အရမ်းကြီး အေးနေမှာပေါ့။ မြင့် မခြုံရက်ပါဘူး"

ဟုပြောရာ မောင်ဖေသော်က. .

"မြင့်လည်းနွေး၊ ကိုဖေသော်လည်း မအေးရအောင် နည်းတစ်နည်းတော့ရှိတယ်"

ဟုဆိုကာ မောင်ဖေသော်သည် မြင့်ကိုခြုံပေးထားသော ကုတ်အင်္ကျီကို မြင့်ထံမှ ပြန်ယူပြီးလျှင် ဝတ်လိုက်လေ၏။ ထိုသို့ ယူလိုက်ပြီးနောက်. .

"ဟောဒီလို"

ဟုဆိုကာ မြင့်အား သိုင်း၍ဖက်ထားလိုက်လေ၏။ ထိုအခါ မြင့်က. .

"အို ဘယ်လိုလုပ်တာလဲ ကိုဖေသော်။ လွှတ်ပါ၊ လွှတ်ပါ"

ဟု ပြောလေ၏။ ထိုအခါ မောင်ဖေသော်က. .

"ကိုဖေသော်က လွှတ်စေချင်ရင် မြင့်ကကိုဖေသော့်အင်္ကျီကို ဝတ်ရမယ်။ အဲဒီလိုမဝတ်ဘူးဆိုရင်တော့ ဒီနည်းဟာအကောင်းဆုံးပဲ"

ဟု ပြောရာ မြင့်က. .

"လွှတ်ပါ၊ လွှတ်ပါ"

ဟု ပါးစပ်မှ တတွတ်တွတ်ပြောနေသော်လည်း အမှန်စင်စစ်အား ဖြင့် ရုန်းကန်ခြင်းမပြုတော့ပေ။ ထိုအခါ မောင်ဖေသော်က. .

"မြင့်က ကိုဖေသော့်ကို မချစ်ဘူးလား။ ကိုဖေသော်က မြင့်ကိုချစ် ပါတယ်"

ဟု ပြောလျှင်. .

"မဟုတ်တာဘဲ ကိုဖေသော်ရယ်။ မြင့်နဲ့ကိုဖေသော်နဲ့ ဒီနေ့မှ တွေ့ကြတာ။ ဒီနေ့ပဲ ချစ်ရမယ်ဆိုတော့ ခုတွေ့ခုကြိုက်ဆိုပြီး ကိုဖေသော်ကပဲ မြင့်ကိုအထင်သေးမှာပေါ့"

ဟု ပြောရှာလေ၏။ ထိုအခါ မောင်ဖေသော်က. .

"လူချင်းခုမှတွေ့ပေမယ့် ဘယ်ဘဝကတည်းက ဆုပန်လာတဲ့ ရေစက်တွေလည်းမှ မသိဘဲမြင့်ရယ်"

ဟု ပြောလိုက်လျှင် မြင့်က. .

"ဒါတော့ မြင့်လည်း မပြောတတ်ဘူး။ မြင့်ကို အထင်မသေးရဘူး နော်"

ဟု ပြောလိုက်လျှင် မောင်ဖေသော်က. .

"ကျိန်ဆိုရင် ကျိန်ပါ့မယ် မြင့်ရယ်။ ကိုဖေသော် မြင့်ကို တကယ်

www.burmeseclassic.com



ချစ်တာပါ။ အထင်လည်းမသေးပါဘူး။ ဒီစကားက အမှန်ပါ။ မမှန်မကန်ပြောခဲ့ရင် ကျိုက်ထီးရိုးဘုရားရော၊ ရွှေတိဂုံဘုရားပါ စူးရပါစေရဲ့”

ဟုပြောလိုက်ရာ မြင့်က. .

“အို ကိုဖေသော်ကလည်း ကျိုက်ထီးရိုးဆို တော်ရောပေ့ါ။ ဘာလို့ ရွှေတိဂုံပါထည့်ရမှာလဲ”

ဟုပြောလိုက်လျှင် မောင်ဖေသော်က. .

“ဒီလိုမြင့်ရဲ့၊ ကျိုက်ထီးရိုးဆိုတာက တနင်္လာရယ်၊ စနေရယ်၊ ဗုဒ္ဓဟူး ရယ်လေ။ ရွှေတိဂုံဆိုတာက ဗုဒ္ဓဟူးရယ်၊ စနေရယ်၊ တနင်္လာ ရယ်လေ။ မြင့်နားလည်အောင် အရပ်စကားနဲ့ပြောရရင်တော့ ပြောင်းပြန်ပေ့ါ။ လောကီပညာစကားနဲ့ပြောရရင်တော့ ကက်ကင်း လို့ခေါ်တယ်မြင့်ရဲ့။ အဲဒါကြောင့် မြင့်ယုံအောင် နှစ်ဆူလုံးနဲ့ ကျိန် ပြလိုက်တာ”

ဟု ပြောလိုက်လျှင် မြင့်က. .

“ကိုဖေသော်က သိပ်စကားတတ်တာပဲ”

ဟု ပြန်၍ပြောလေ၏။

“ကိုဖေသော်တို့ရပ်ကွက်က ကိုဖေသော်တို့မြို့မှာ စကားပြော အညံ့

www.burmeseclassic.com



ဆုံး၊ အဲဒီထဲမှာ ကိုဖေသော်တို့အိမ်က ပိုပြီးညံ့သေးတယ်။ အဲဒီထဲမှာမှ ကိုဖေသော်က ထပ်ပြီးညံ့တာ”

ဟု မောင်ဖေသော်က ပြောလိုက်လျှင် မြင့်က တခစ်ခစ်ရယ်လိုက်လေ၏။ မောင်ဖေသော်သည် မြင့်အားနွေးစေရန်အတွက် ထွေးပိုက်ထားလေ၏။ ထို့နောက် သူ၏လက်တစ်ဖက်ဖြင့် မြင့်၏နဖူးပေါ်တွင် ဖွာရရာကျဲ၍ ကျနေသော ဆံစလေးများကို အသာအယာသပ်၍ တင်ပေးနေ၏။

ကြောင်မလေးတစ်ကောင်အား သူ၏သခင်က ခေါင်းကို လက်ဖြင့်သပ်ပေးသောအခါ ငြိမ်၍ခံနေသကဲ့သို့ မောင်ဖေသော်က မြင့်၏နဖူးမှ ဆံစကလေးများအား လက်ဖြင့်အသာအယာ သပ်တင်ပေးနေသောအခါ မြင့်သည် မျက်စိကလေးမှိတ်ကာ ငြိမ်၍ ခံနေလေ၏။ ထိုအခါ၌ မောင်ဖေသော်က မြင့်၏နားအနီးသို့ သူ၏ပါးစပ်ကိုတေ့ကာ အသံထွက်သည်ဆိုရုံကလေးဖြင့်. .

“မြင့်ကို သိပ်ချစ်တယ်။ မြင့်ကကော ကိုဖေသော့်ကိုချစ်ရဲ့လား”

ဟု မေးလိုက်ရာ မြင့်က. .

“လူတစ်ယောက်လုံးလည်း ရင်ခွင်ထဲရောက်နေပါပြီ ကိုဖေသော်ရယ်။ မေးဖို့လိုသေးလား”

ဟု ပြန်၍ ဖြေလိုက်လျှင် မောင်ဖေသော်က. .

www.burmeseclassic.com



"ရင်ခွင်ထဲ ရောက်တာ မရောက်တာ အကြောင်းမဟုတ်ပါဘူး။ ပါးစပ်က ချစ်တယ်လို့ ပြောတဲ့အသံကို နားထောင်ချင်လို့ပါ။ အဲဒီအသံဟာ ကိုဖေသော်အတွက်တော့ အလွန်ကျက်သရေမင်္ဂလာရှိတဲ့ အသံဖြစ်မှာပဲ"

ဟု ပြောလိုက်လျှင် မြင့်က တိုးတိုးညင်ညင်အသံကလေးဖြင့်. .

"ချစ်ပါတယ်"

ဟု ဖြေလိုက်လျှင် မောင်ဖေသော်က မြင့်၏နဖူးကလေးကို နမ်းရှုံ့လိုက်လေ၏။

"အို. . ကိုဖေသော်ရယ်။ မလုပ်ကောင်းလုပ်ကောင်း။ ဒီလိုနေရာမျိုးမှာ အဲဒီလိုမလုပ်ရဘူး။ လေကြီးမိုးကြီးကျတတ်တယ်"

ဟု ပြောလိုက်လျှင်. . .

"ဘယ်နေရာကိုပြောတာလဲ မြင့်ရယ်"

ဟု မောင်ဖေသော်က မေးလိုက်ရာ မြင့်က. .

"ဟိုး. . ကင်ပွန်းစခန်းကနေအစ၊ ဒီနေရာအဆုံး ဘယ်နေရာ မှာမှ ဘာမှမလုပ်ရဘူး။ လေကြီးမိုးကြီးကျတတ်တယ်"

ဟုပြောလိုက်ရာ မောင်ဖေသော်က. .

"ဟုတ်နိုင်ပဲ့ါမလား မြင့်ရယ်။ ဒီတောင်ပေါ်တော့ ထားပါတော့။

ကင်ပွန်းစခန်းကစပြီးပြောမယ်ဆိုရင် စဉ်းစားစရာပဲ။ တချို့ဆိုင်တွေဆိုရင် တစ်နှစ်လုံး ဖွင့်ထားကြတာ။ မိုးကျမှ ပြန်ကြတာ အဲဒီဆိုင်တွေမှာ ကလေးတွေလည်းတွေ့တယ်”

ဟု ပြောလိုက်လျှင် မြင့်က. .

“လုပ်ပြီ။ မြင့်က အကောင်းပြောတာကို ကိုဖေသော်က လျှောက်ပြီး ကတ်သီးကတ်သတ်ပြောနေတယ်”

ဟု ပြောလိုက်လျှင် မောင်ဖေသော်သည် မြင့်၏ပခုံးကလေးကို လက်ဝါးဖြင့် တဘုတ်ဘုတ်ပုတ်လိုက်ရင်း ကလေးချော့သကဲ့သို့ ချော့လေ၏။

ထို့နောက် ၎င်းတို့နှစ်ဦးသည် စောင်တစ်ထည်ကို ထုတ်၍ အတူတကွ ခြုံကြပြီးလျှင် မှေးစက်ကြလေ၏။ မောင်ဖေသော်သည် စည်းကမ်းရှိသော ယောကျ်ားဖြစ်ရာ မြင့်နှင့်အတူမှေးစက်ခဲ့သော်လည်း မလိုလားအပ်သော အပြုအမူများကို လုံးဝရှောင်ကြဉ်ခဲ့လေ၏။

နံနက် အရုဏ်တက်ခါနီး၌ နှစ်ယောက်စလုံးထကြပြီးလျှင် ရေထမ်းသမားထံမှ ရေဝယ်၍ မျက်နှာသစ်ကြ၏။ ထို့နောက် အရုဏ်ဆွမ်းကပ်ကာ ဆုတောင်းကြ၏။

ထို့နောက် တစ်ဦးကိုတစ်ဦးဖက်ကာ ကျိုက်ထီးရိုးရင်ပြင်တော်

www.burmeseclassic.com



ပေါ်မှ တရွေ့ရွေ့ဆင်းလာကြလေတော့၏။

မောင်ဖေသော်နှင့် မြင့်တို့သည် ရေမြောင်ကြီးစခန်းသို့ရောက်သောအခါ၌ ရေချိုးကြလေ၏။ ပြီးလျှင်ဆက်၍ဆင်းလာခဲ့ရာ ကင်ပွန်းစခန်းသို့ ရောက်ကြလေ၏။ ကင်ပွန်းစခန်းသို့ရောက်သောအခါ၌ ကြေးကုန်၊ သံကုန်ရောင်းသောဆိုင်သို့ မြင့်ကဝင်သဖြင့် မောင်ဖေသော်လည်း လိုက်၍ ဝင်ရလေ၏။

မြင့်သည် ထိုဆိုင်တွင်ရှိသော ဓားအိမ်ပါသည့် ရှမ်းဓားမြှောင်တစ်လက်ကို ဝယ်လိုက်လေ၏။ မောင်ဖေသော်သည် မြင့်လက်တွင်းမှဓားမြှောင်ကို ဆွဲယူပြီးလျှင် အသွားကိုလက်ဖြင့်တိုင်းကြည့်၏။

"မြင့် ဒီဓားမြှောင်က အသွားခြောက်လက်မရှိတယ်နော်။ လမ်းမှာ အလွတ်ကိုင်ခွင့်မရှိဘူး။ ဥပဒေနဲ့ငြိစွန်းတယ်။ ဘာဖြစ်လို့ ဒါကို ဝယ်ရတာလဲ မြင့်ရယ်"

ဟု မောင်ဖေသော်က အထိတ်တလန့်မေးလိုက်လေ၏။

"ဒီလို ကိုဖေသော်ရဲ့၊ မြင့်မှာက ညီအစ်ကိုမောင်နှမလည်း မရှိဘူး။ အမေလည်းမရှိဘူး။ အဖေနဲ့နေရတာ။ အဖေက မြူနီစပယ်ကျောင်းက ကျောင်းအုပ်ဆရာကြီး၊ အဖေကျောင်းကို သွားရင် မြင့်တစ်ယောက်တည်းနေရတာ တချို့က အဲဒီအချက်ကိုသိတော့

www.burmeseclassic.com



မြင့်ကိုစော်ကားချင်ကြတယ်။ ဒါကြောင့် ဒီခါးမြှောင်ကို ဝယ်လိုက်တာ။ ယီးတီးယားတားလာလုပ်ရင်တော့ ခါးမြှောင်စာတွေ့သွားမယ်”

ဟု မြင့်ကပြောလိုက်လေ၏။

ထို့နောက် ၎င်းတို့သည် ထိုဆိုင်အတွင်းမှထွက်လာကြ၏။ မောင်ဖေသော်သည် ကလေးကစားသော ဝါးဖြင့် ပြုလုပ်ထားသည့် မြွေရုပ် များ၊ မိကျောင်းရုပ်များ၊ ဝါးလက်ခုပ်များ၊ ပုတီးများကို ဝယ်၍မြင့်အား ပေး၏။ ပုတီးများကိုမူ ကိုယ်တိုင် မြင့်၏လည်ပင်း၌ ဆွဲပေးလိုက်၏။ ထို့နောက် ဝါးဖတ်ဖြင့်ပြုလုပ်ထားသော ခမောက်တစ်လုံးကိုဝယ်၍လည်း မြင့်၏ခေါင်း၌ ဆောင်းပေးလိုက်၏။

“မြင့်ကို အရုပ်ကျနေတာပဲ။ အကုန်လုံးဝယ်ပြီး မြင့်ကိုလျှောက်ဆင်ပေးနေတာပဲ”

ဟု မြင့်ကပြောလိုက်လေ၏။

“မြင့်ကိုပြောရဦးမယ်။ ကိုဖေသော်ကြီး. . ကိုဖေသော်ကြီးနဲ့ နှုတ်ကျိုးသွားဦးမယ်။ မောင်လို့ခေါ်ရမယ်နော်”

ဟု မောင်ဖေသော်က ပြော၏။

“အို ရှက်စရာကြီး မခေါ်ရဲပါဘူး မောင်ရယ်”

www.burmeseclassic.com



ဟု မြင့်ကပြန်၍ပြောလျှင် မောင်ဖေသော်က. .

"မြင့်ကနောက်တီးနောက်တောက်လုပ်တတ်တယ်။ မောင်က သိပ်ချစ်တယ်။ ချစ်တော့လည်း အခိုင်းခံရပေဦးမပေါ့။ မြင့်နဲ့ မောင်နဲ့ညားရင်တော့ မြင့်ခိုင်းသမျှ မောင်က ကုန်းရုန်းလုပ်ရတော့မှာပဲ"

ဟု ပြန်၍ပြောလိုက်လျှင် မြင့်က. .

"အမလေး. . . အမလေး ဘယ်သူကများယူမယ်လို့ ပြောသေးလို့တုံး"

ဟု ပြောလိုက်ရာ မောင်ဖေသော်က. .

"မြင့်ကသာ ယူမယ်လို့မဆုံးဖြတ်ရသေးတာ။ မောင်ကတော့စိတ်ကူးထဲမှာ မြင့်နဲ့အိမ်ထောင်ကျပြီး ကလေးတောင်ရနေပြီ။ အကြီးကောင်လေးတောင် ရှင်ပြုလို့ ရှင်လောင်းလှည့်နေပြီ။ အငယ်မလေးကိုလည်း အဲဒီရှင်ပြုပွဲမှာ နားသတစ်ခါတည်းလုပ်နေပြီ"

ဟု ပြောလိုက်လျှင် မြင့်သည် တခစ်ခစ်ရယ်လေ၏။

ထို့နောက်ရင်းတို့နှစ်ဦးသည် လက်ဖက်ရည်ဆိုင်သို့ဝင်ကာ လက်ဖက်ရည်မှာ၍ သောက်ကြ၏။ ပြီးလျှင် ဘုရားဖူးမော်တော်ကားကြီးဆီသို့ သွားထိုင်နေကြလေ၏။

---

www.burmeseclassic.com



"နေစမ်းပါဦး မြင့်ရယ်။ မောင့်ယောက္ခမကြီးနာမည်က ဘယ်သူတဲ့တုံး"

ဟု မောင်ဖေသော်ကမေးလိုက်လျှင် မြင့်က. .

"အမလေး. . အမလေး ပိုင်စိုးပိုင်နင်း၊ ယောက္ခမကြီးတဲ့"

ဟု ပြောလိုက်လျှင် မောင်ဖေသော်က. .

"အခု မတော်ရသေးလည်း နောက်တော့ တော်ရမှာပဲဟာ။ အခုကတည်းက ကြိုခေါ်ထားရတာပေါ့"

ဟု ပြောလိုက်ရာ မြင့်က. .

"ယေက္ခမကြီးနာမည်က ဦးချစ်လို့ခေါ်တယ်။ ဒါပေမယ့် ရပ်ကွက်တစ်ခုလုံးက ဆရာချစ်လို့ပဲခေါ်ကြတယ်"

ဟု ပြန်၍ ပြောလိုက်လေ၏။

နေ့လယ် (၁၂)နာရီထိုးလောက်တွင် ဘုရားဖူးခရီးသည်များ စုံပြီဖြစ်သဖြင့် ဘုရားဖူးမော်တော်ကားကြီးသည် ကျိုက်ထီးရိုးမှ ရန်ကုန်ဘက်ဆီသို့ ပြန်၍မောင်းလာခဲ့လေတော့၏။

ထိုမော်တော်ကားကြီးသည် ရန်ကုန်ရောက်သောအခါ၌ ဗျိုင်းရေအိုးစင်ရှိ မော်တော်ကားပိုင်ရှင်၏ အိမ်ရှေ့၌သွား၍ ရပ်လေ၏။ မော်တော်ကားပိုင်ရှင်သည် ခရီးသည်များအား. .

www.burmeseclassic.com



"ဘယ်လိုလဲဗျာ ပျော်ခဲ့ကြရဲ့လား"

ဟု မေးလေ၏။ ထိုအခါ မောင်ဖေသော်က. .

"ပျော်ပါတယ်ဗျာ၊ ပျော်ပါတယ်။ အတော့်ကို ပျော်ပါတယ်"

ဟု အာသွက်လျှာသွက်နှင့်ဖြေလိုက်ရာ ကားစပယ်ယာက. .

"ပျော်ရမှာပေါ့ ကိုယ့်လူရာ၊ ပျော်ရမှာပေါ့။ ဟီး. . . ဟီး"

ဟု ရယ်လိုက်သဖြင့် ခရီးသည်များအားလုံး ဝါးခနဲ ဝိုင်း၍ရယ်လိုက်ကြလေ၏။ ထို့ကြောင့် မြင့်သည် ရှက်သွေးများဖြာပြီး မျက်နှာတစ်ခုလုံးနီမြန်းသွားလေ၏။ မောင်ဖေသော်သည် မြင့်ရှက်သွားသောအဖြစ်ကို ရိပ်စားမိသဖြင့်. .

"လာ. . မြင့် သွားမယ်"

ဟုဆိုကာ ဆိုက်ကားတစ်စီးငှား၍ မြင့်နေထိုင်ရာအိမ်အထိ လိုက်၍ပို့လေ၏။ မြင့်က . .

"လာလေ မောင်၊ အိမ်ပေါ်တက်ဦးလေ။ ကော်ဖီလေး၊ ဘာလေး သောက်သွားဦးလေ"

ဟု ပြောလိုက်ရာ မောင်ဖေသော်က. .

"တော်ကြာ ဆရာချစ်ကြီး ပြန်လာတာနဲ့တိုးလို့ ပြေးပေါက်မှားနေပါဦးမယ်"

www.burmeseclassic.com



ဟု ပြောလိုက်ရာ မြင့်က. .

"ယောက္ခမကြီးဆို ဘာပြေးပေါက်မှားစရာရှိလဲ"

ဟု ပြုံးစစနှင့် ပြန်၍ပြောလိုက်လေ၏။

"အမလေး ယူတောင်မယူရသေးဘူး။ ယောက္ခမကြီးလို့ သွားခေါ်လို့ ဘယ်ဖြစ်မလဲမြင့်ရဲ့"

ဟု မောင်ဖေသော်က ပြန်၍ပြောရာ မြင့်က. .

"မောင်ကသာ မယူရသေးတာ။ မြင့်က မောင်နဲ့အိမ်ထောင်ကျ တာ ကလေးနှစ်ယောက်တောင်ရနေပြီ။ အကြီးကလေးက အရက်သမားဖြစ်ပြီး၊ အငယ်မလေးက အရွယ်မရောက်ဘဲ လင်နောက်လိုက်သွားလို့ အမှုတောင်ဖွင့်ထားရတယ်"

ဟု ပြောလိုက်လျှင် မောင်ဖေသော်သည် မျက်ရည်ထွက်သည့်တိုင်အောင် ရယ်မောရလေတော့၏။

"မြင့်ဟာ အတော့်ကိုရယ်စရာ ပြောတတ်တာပဲ။ မောင်ဖြင့် ချစ်လို့ကိုမဝတော့ဘူး"

ဟု မောင်ဖေသော်က ပြောလိုက်ရာ မြင့်ကအုန်းပင်ပေါ်သို့ လက်ညှိုးထိုးပြလိုက်သည်။

"ဟိုမှာ အုန်းသီးတွေရှိတယ်။ ခြစ်လို့မဝသေးရင် ခြစ်သွားဦး

www.burmeseclassic.com



လေ။ မောင် အုန်းသီးတွေခြစ်သွားရင်တော့ မနက်ဖြန် အုန်းထမင်း ချက်ပြီး ဖေဖေ့အသက်ငါးဆယ်ပြည့်မွေးနေ့အတွက် ဘုန်းကြီး ပင့်ပြီး ကြက်သားဟင်းနဲ့ ဆွမ်းကပ်လိုက်မယ်”

ဟု နောက်လိုက်သဖြင့် မောင်ဖေသော်လည်း မြင့်၏ကိုယ်လုံးလေး ကို သိမ်း၍ဖက်လိုက်လေတော့၏။

“မောင်တော့ စိတ်မထိန်းနိုင်တော့ဘူးနော်။ မြင့် နောက်တီး နောက်တောက်လုပ်တာ မောင်ဖြင့် သိပ်ချစ်တာပဲ”

ဟု မောင်ဖေသော်က ပြောလိုက်ရာ မြင့်က မျက်လုံးကိုပြူး၍ နှာခေါင်းရှုံ့ပြကာ မောင်ဖေသော်အား ပြောင်ပြလိုက်လေ၏။ ထိုအခါ မောင်ဖေသော်လည်း စိတ်မထိန်းနိုင်ဘဲ မြင့်၏ပါးပြင်ကလေးအား တရှုံ့ရှုံ့ ဖြင့် နမ်းရှုံ့လိုက်လေတော့၏။

ထို့နောက် မြင့်က. .

“လွှတ်ဦး၊ ကော်ဖီသွားဖျော်ဦးမယ်။ နမ်းနေလို့ ကော်ဖီသောက် ရမှာမဟုတ်ဘူး”

ဟု ဆိုကာ ရုန်းထွက်သွား၍ ကော်ဖီဖျော်လေ၏။

ထို့နောက် မောင်ဖေသော်အား ကော်ဖီတစ်ခွက် တိုက်လေ၏။

မောင်ဖေသော်လည်း ကော်ဖီသောက်ပြီးနောက် မြင့်ကိုနှုတ်ဆက်

www.burmeseclassic.com



၍ သံပုံချိုင့်ဘုန်းကြီးကျောင်းသို့ ပြန်ခဲ့လေတော့၏။

ထို့နောက်တွင်လည်း မောင်ဖေသော်သည် မကြာခဏဆိုသလို မြင့်နေထိုင်ရာ မအူကုန်းလမ်းကျယ်ရှိ အိမ်သို့သွားရောက်လေတော့၏။ တစ်ခါတွင် မောင်ဖေသော်အား. .

"ဗျို့ ဆရာကြီး၊ မအူကုန်းလမ်းကျယ်ကို လာလှချည်လား။ လမ်းကြီးနိမ့်ပြီး ချောင်းကြီးဖြစ်သွားဦးမယ်"

ဟု နောက်ပြောင်လေ၏။ ထိုအခါ မောင်ဖေသော်က. .

"ချောင်းဖြစ်ရင်တော့ လှေတစ်စီးဝယ်ရမှာပဲ။ မလာလို့တော့ မရဘူး။ လာရမှာပဲ။ မောင်က ချစ်နေတာကိုး၊ အဲဒီတော့ ကိုယ်ချစ်တဲ့လူဆီကို လှေကလေးလှော်ပြီးလာမယ်။ ချောင်းမဟုတ်ဘဲ မြစ်ဖြစ်သွားရင်တော့ မော်တော်ဘုတ်ဝယ်မယ်။ ပင်လယ်ဖြစ်သွားရင်တော့ ပင်လယ်ကူးသင်္ဘောတစ်စီးဝယ်ရမှာပဲ။ မလာလို့တော့ မဖြစ်ဘူး။ မောင်က မြင့်ကိုချစ်နေတာကိုး"

ဟု ပြောလိုက်လျှင် မြင့်က. .

"သိပ်ပြီးအပြောကောင်းတာပဲ မောင်ရယ်။ မောင့်စကားတွေ ကြားရတာ မြင့်တော့ မြောက်တက်သွားတာပဲ။ ဟောဟိုက အိမ်အမိုးနဲ့ထိပြီး ခေါင်းတောင်ပေါက်လောက်ပါရဲ့"

www.burmeseclassic.com



"တော်တော့်ကို နောက်တဲ့မိန်းကလေးပဲ။ ကဲကွယ်. . . ကဲကွယ်"

ဟုဆိုကာ သူကတစ်လှည့်ပြန်၍ နမ်းပြန်လေ၏။

ဤသို့နှင့်ပင် မောင်ဖေသော်နှင့်မြင့်တို့သည် ချစ်သူဘဝသို့ ရောက်လုံးလုံးလျားလျားကြီး ရောက်ရှိသွားကြလေတော့သည်။ အတူတကွဘုရားဖူးထွက်ကြလေ၏။ ပျော်ပွဲစားထွက်ကြလေ၏။ တစ်ဦးကိုတစ်ဦးတုန်နေအောင်ချစ်သည်ဆိုသောစကားသည် မောင်ဖေသော်နှင့်မြင့်တို့နှစ်ဦးအတွက် အထူးဖော်စပ်ထားသကဲ့သို့ ရှိ၏။ ၎င်းတို့နှစ်ဦးသည်တစ်ဦးကိုတစ်ဦး တုန်နေအောင်ချစ်ကြလေ၏။

တစ်နေ့တွင် မြင့်က မောင်ဖေသော်အား. .

"မောင့်ကို ပြောရဦးမယ်။ နားထောင်ရုံ နားထောင်နော်။ ဒေါ်တွေပွပြီး တရှုးရှုးတရှားရှားမဖြစ်ရဘူး"

ဟု စကားပလ္လင်ခံလိုက်လေ၏။

"ကဲပါ မြင့်ရယ်။ ပြောမှာပြောစမ်းပါ"

ဟု မောင်ဖေသော်ကပြောလိုက်ရာ မြင့်က. .

"မြင့်တို့လမ်းထဲမှာ ချောဘဆိုတဲ့ ကုလားကပြားတစ်ယောက်ရှိတယ်။ သူက မြင့်အပြင်ထွက်တာနဲ့ အတင်းကပ်လာပြီး ချစ်တယ်ကြိုက်တယ်နဲ့ ရည်းစားစကားလာပြောတော့တာပဲ"

www.burmeseclassic.com



ဟု ပြောလိုက်လျှင်. .

"ဒါက ဒီလိုရှိတယ်မြင့်ရေ။ လှတာမြင်ရင် ချစ်တာဟာ ကုလားရယ်၊ မြန်မာရယ်မရှိပါဘူးကွယ်။ အဲဒီတော့ ချောဘဆိုတဲ့ ကုလားကပြားကလည်း ချောတဲ့မြင့်ကိုမြင်တော့ ချစ်ပေမပေါ့။ ချစ်တော့လည်း မမျိုသိပ်နိုင်တော့ဘဲ ချစ်တဲ့စကား၊ ကြိုက်တဲ့စကားလိုက်ပြီးပြောမှာပေါ့။ ဒါဟာ အပြစ်လည်းမဟုတ်ဘူး။ မကောင်းဘူးလည်းမဟုတ်ဘူး။ ကောင်းမှုထဲလည်း ထည့်လို့မရဘူး။ သဘာဝထဲပဲ ထည့်ရမယ်။ ဒီလိုပဲ ကိုယ်ချစ်တဲ့လူကို ဒို့ပြင်လူကချစ်ရင် မခံချင်စိတ်တွေဖြစ်တာ သဘာဝပဲ။ အဲဒီတော့ ကိုယ်လည်း မခံချင်စိတ်တွေဖြစ်နေတယ်။ အဲဒီတော့ ဒီချောဘဆိုတဲ့ကောင်ကို တံတောင်နဲ့ထောင်းရင်ထောင်း၊ မထောင်းရင် သူ့မျက်နှာကို ဒူးနဲ့တိုက်ရမှာပဲ"

ဟု ပြောလိုက်လျှင် မြင့်ကရယ်လေ၏။

"ဘာရယ်တာလဲ မြင့်ရဲ့"

ဟု မောင်ဖေသော်ကမေးလိုက်လျှင် မြင့်က. .

"သူက မောင့်ထက် အရပ်အများကြီးမြင့်တယ်မောင်ရဲ့။ ဘယ်

www.burmeseclassic.com



လိုလုပ်ပြီး တံထောင်နဲ့ထောင်းမှာလဲ၊ ဘယ်လိုလုပ်ပြီး ဒူးနဲ့တိုက်မှာလဲ”

ဟု ပြောလိုက်လျှင် မောင်ဖေသော်က. .

“ဩော် ဒီချောဘဆိုတဲ့ကောင်က ကုလားလန်ဘားကိုး။ ကုလားလန်ဘားကိုတော့ အခြားနံပြားကျွေးပြီး၊ ခေါင်းကိုမမီရင် ဗိုက်ကိုလက်သီးနဲ့ထိုးရမှာပဲ။ အဲဒါမှ ဗိုက်ထိုးဖြစ်သွားမယ်”

ဟု ပြောလိုက်ရာ မြင့်က ရယ်လေ၏။ မောင်ဖေသော်ကလည်း ရောစ၍ ရယ်လေ၏။ ထို့နောက် မြင့်က. .

“မောင်ဟာ သိပ်ပြီးပျော်တတ်တာပဲ။ အဲဒီလို ပျော်ပျော်နေတတ်လို့လည်း မြင့်က ချစ်တာ။ ချစ်လို့ကို မဝဘူး”

ဟု ပြောလိုက်လျှင် မောင်ဖေသော်က မြင့်တို့အိမ်ရှေ့မှ အုန်းပင်အား လက်ညှိုးထိုးပြလိုက်ပြီးလျှင်. .

“ချစ်လို့မဝရင် ဟိုပေါ်မှာ အုန်းသီးတွေကျန်သေးတယ်။ မြင့်ဘာသာ အုန်းပင်ပေါ်တက်ပြီး အုန်းသီးခူး၊ ပြီးတော့ခြစ် အဲဒီအုန်းသီးတွေနဲ့ အုန်းထမင်းချက်ရမယ်။ ပြီးတော့ ကြက်သားဟင်းနဲ့ မနက်ဖြန် အုန်းထမင်းဆွမ်းကပ်ရမယ်။ မနက်ဖြန် မောင့်မွေးနေ့လေ”

www.burmeseclassic.com



ဟု ပြောလိုက်ရာ မြင့်က. .

“ဒါဖြင့် မနက်ဖြန် မြင့်ဆီလာခဲ့နော်။ မောင့်ရဲ့မွေးနေ့အတွက် မွေးနေ့လက်ဆောင် ကောင်းကောင်းပေးမယ်”

ဟု ပြောကာ မောင်ဖေသော်အား လက်နှစ်ဖက်ဖြင့် သိုင်း၍ ဖက်လိုက်လေတော့သတည်း။

***

www.burmeseclassic.com



# အခန်း(၁၂)

ထိုနေ့သည် မောင်ဖေသော်၏ မွေးနေ့ဖြစ်သည်။ မောင်ဖေသော်သည် မြင့်တို့အိမ်သို့ ထွက်လာခဲ့လေ၏။ (၉)နာရီကျော်ကျော်လောက်တွင် မောင်ဖေသော်သည် မြင့်တို့အိမ်ရှေ့တည့်တည့်သို့ ရောက်လေ၏။ မောင်ဖေသော်သည် အသံမပေးဘဲ မြင့်တို့အိမ်ပေါ်သို့ တက်သွားမည်။ မြင့်အနီးသို့ရောက်ကာမှ မြင့်ကို 'ဝါးခနဲ' လှန့်လိုက်မည်ဟု စိတ်ကူးကာ တံခါးကို အသာအယာတွန်းဖွင့်၍ အိမ်ပေါ်သို့ တက်လေ၏။ အိမ်ပေါ်သို့ရောက်လျှင် 'ဆက်တီ'ခုံများ ချထားသော ဧည့်ခန်းနေရာသို့ လှမ်း၍ ကြည့်လိုက်ရာ မြင့်သည် စားပွဲြောင်ကိုဆုပ်ကိုင်လျက် ငူငူကြီးရပ်နေသည်ကို တွေ့ရ၏။

www.burmeseclassic.com



ထိုဓားမြှောင်မှာလည်း ကျိုက်ထီးရိုးဘုရားဖူးသွားရင်း ဝယ်လာသော ဓားမြှောင်ဖြစ်မှန်း မောင်ဖေသော်ကောင်းစွာမှတ်မိသွား၏။ မြင့်၏ ခြေရင်းကြမ်းပြင်ပေါ်၌မူ အရပ်ရှည်ရှည်လူတစ်ယောက် သွေးအိုင်ထဲတွင်လဲနေသည်ကို တွေ့ရ၏။ ထိုလူမှာ မြင့်ပြောဖူးသော ကုလားလန်ဘား ချောဘဖြစ်လိမ့်မည်ဟု မောင်ဖေသော်သည် အတတ်သိနေ၏။

ထိုမြင်ကွင်းကို မြင်လျှင်မြင်ချင်း မောင်ဖေသော်သည် အံ့သြသွား၏။ ထို့နောက် မြင့်ထံသို့ ပြေးသွားပြီးလျှင် မြင့်ထံမှ ဓားမြှောင်ကို ဆွဲယူကာ မြင့်၏ကိုယ်ကိုလှုပ်၍. .

"ဘယ်လိုဖြစ်တာလဲ မြင့်ရယ်"

ဟု အလောသုံးဆယ် မေးလိုက်လေ၏။ ထိုအခါ မြင့်က. .

"ဆွမ်းခံလာတဲ့ ဘုန်းကြီးကြွလာလို့ မြင့်က ဆွမ်းလောင်းဖို့ တံခါးဖွင့်လိုက်တာ။ ဘုန်းကြီးကို ဆွမ်းလောင်းပြီးလို့ ဘုန်းကြီးလည်း ပြန်ကြွသွားရော ဒီကောင်က တက်လာပြီး မြင့်ကို ကိုးရိုးကားရား လုပ်ဖို့ ကြံတာ။ ဟောဒီဓားမြှောင်က ဟောဒီကြွက်လျှောက်တန်းပေါ်မှာ တင်ထားတာဆိုတော့ အဲဒီဓားမြှောင်နဲ့ကောက်ပြီး ထိုးလိုက်တာ သူလည်းလဲကျသွားရော မောင်က အိမ်ပေါ်ရောက်လာတာ"

www.burmeseclassic.com



ဟု ပြောလိုက်လေ၏။ ထိုအခါ မောင်ဖေသော်က. .

“မောင်ပြောတဲ့စကားကို နားထောင်ပေတော့။ မြင့်အနေနဲ့ အချုပ်ထဲတွေဘာတွေ ရောက်လို့မကောင်းဘူး။ မောင်ထိုးတယ်ဆိုပြီး ရှင်းရမှာပဲ။ မောင့်အတွက်လည်း ဘာမှမပူနဲ့။ မောင့်နည်းမောင့်ဟန်နဲ့ ရှင်းနိုင်ပါတယ်”

ဟုပြောကာ ကုလားလန်ဘား ချောဘ၏မျက်နှာကို ‘ထွီ’ ခနဲ တံထွေးထွေးချလိုက်လေ၏။

ထို့နောက်တွင်ကား ရပ်ကွက်လူကြီးမှတစ်ဆင့် ဂါတ်သို့အကြောင်းကြားလိုက်လေ၏။ ဂါတ်မှ တာဝန်ရှိသူများရောက်ရှိလာကြ၏။ မြင့်၏ဖခင်ကြီးလည်း သတင်းကြား၍ ကျောင်းမှနေ၍အိမ်သို့ပြန်လာ၏။ မြင့်တို့အိမ်ရှေ့တွင်လည်း ထိုအဖြစ်အပျက်ကို လာရောက်ကြည့်ရှုကြသောလူများဖြင့် ပြည့်နှက်သွား၏။

များမကြာမီ၌ပင် ဆေးရုံကားရောက်ရှိလာပြီးလျှင် လန်ဘားချောဘ၏ အလောင်းကို ဆေးရုံသို့ သယ်သွား၏။ မောင်ဖေသော်ကိုလည်း သက်ဆိုင်ရာမှ ရဲစခန်းသို့ခေါ်သွားပြီဖြစ်၏။ ရဲစခန်းသို့ ရောက်လျှင် မောင်ဖေသော်အား အချုပ်ခန်းအတွင်းသို့ ထည့်ထားလိုက်လေ၏။ အချုပ်ခန်းသို့ရောက်ပြီး တစ်နာရီခန့်အကြာတွင် ရဲအရာရှိက. .

www.burmeseclassic.com



"ဒီမှာ မောင်ဖေသော်၊ မင်းကို လူကြီးတစ်ယောက်က တွေ့ချင်လို့ တဲ့။ မင်းကိုယ်တိုင်က သူ့ကိုတွေ့ချင်တယ်ဆိုရင် တွေ့ခွင့်ပေးလိုက် မယ်။ မင်းကမတွေ့ချင်ဘူးဆိုရင်လည်း သူ့ကိုပြန်လွှတ်လိုက်မယ်"

ဟု ပြောလျှင် မောင်ဖေသော်က. .

"တွေ့ချင်ပါတယ်ဗျာ"

ဟု ပြန်၍ဖြေလိုက်လေ၏။ ထိုအခါ ရဲအရာရှိသည် လူကြီးတစ် ယောက်အား မောင်ဖေသော်ရှိရာ အချုပ်ခန်းသို့ ခေါ်လာလေ၏။ မောင် ဖေသော်သည် ထိုလူကြီးကိုမြင်လျှင်မြင်ချင်း အားရဝမ်းသာဖြင့်. .

"ဦးစိန်မြသာ"

ဟု လှမ်း၍ခေါ်လိုက်လေ၏။ ထိုအခါ ဦးစိန်မြသာက ပြုံးပြုံးကြီး ဖြင့် မောင်ဖေသော့်အနီးသို့လျှောက်ကာ သံတိုင်အတွင်းသို့ လက်ကို သွင်းကာ မောင်ဖေသော်၏လက်ကို ကျစ်ကျစ်ပါဆုပ်ကိုင်၍ လှုပ်ယမ်း ရင်း. .

"ဒီလိုပဲဖြစ်ရမယ် မောင်ဖေသော်ရေ"

ဟု ပြောလိုက်ရာ မောင်ဖေသော်က. .

"ဘယ်လိုဖြစ်ရမှာလဲ ဦးစိန်မြသာ"

ဟု ပြန်၍မေးလိုက်လေ၏။

www.burmeseclassic.com



"မိန်းမတစ်ယောက်အတွက် ဓားထိုးမှု၊ လူသတ်မှုဖြစ်ရမယ် မဟုတ်လား။ သေတဲ့လူဟာလည်း လူမျိုးခြားဖြစ်ရမယ်။ ဒါလမ်းကြောင်းပဲ"

ဟု ဦးစိန်မြသာကြီးက ပြောလေ၏။

"ဘာလမ်းကြောင်းလဲ ဦးစိန်မြသာရဲ့၊ ခင်ဗျားပြောတာ ကျုပ်ဖြင့် မရှင်းဘူး။ ရှင်းရှင်းပြောစမ်းပါဗျာ။ လူသတ်မှုဖြစ်လို့ စိတ်ညစ်ရတဲ့အထဲ ကိုးရိုးကားရားပြောနည်းတွေနဲ့ လာပြီးမပြောစမ်းပါနဲ့"

ဟု မောင်ဖေသော်က ပြန်၍ပြောလိုက်လေ၏။ ထိုအခါ ဦးစိန်မြသာကြီးက. .

"အခု ငါပြောတာတွေကို မင်းအနေနဲ့ နားလည်မှာမဟုတ်ဘူး။ ရှင်းပြရင် ပိုပြီးတောင် ရှုပ်သွားဖို့ရှိတယ်။ ဒါပေမယ့် မင်းအခုဖြစ်နေတဲ့ ဖြစ်စဉ်ဟာ လူတစ်ယောက်ရဲ့ဖြစ်စဉ်နဲ့ တစ်ထေရာတည်းတူနေတယ်။ တစ်ခါက လူတစ်ယောက်ဟာ သူ့ရဲ့ချစ်သူအိမ်ကို သွားလည်တယ်။ အဲဒီအချိန်မှာ သူ့ရဲ့ချစ်သူဟာ သူ့ကို မတော်မတရားလာပြီးကြံတဲ့ ဗလက္ကာရသမားတစ်ဦးကို ဓားနဲ့ ထိုးသတ်လိုက်တယ်။ အဲဒီဓားမြှောင်ကလေးဟာလည်း ဘုရားဖူးသွားရင်း ဝယ်လာတဲ့ဓားမြှောင်ကလေးပဲ။ အဲဒီလူဟာ သူ့ချစ်သူ

www.burmeseclassic.com



လက်ထဲက ဓားမြှောင်ကိုဆွဲယူပြီး သူသတ်တာပါလို့ ပြောလိုက်တယ်။ အဲဒီအခါမှာ အဲဒီလူဟာ တစ်ကျွန်းကိုကျသွားတယ်။ အဲဒီတစ်ကျွန်းကနေမှ လွတ်မြောက်ပြီး ဂန္ဓီရပညာတွေတတ်သွားတယ်။ အဲဒီလမ်းကြောင်းကို ဒုတ်ဒုတ်ထိ လိုက်သွားတယ်။ အခုမောင်ဖေသော်ဖြစ်တဲ့အတိုင်းပဲ။ အဲဒီတော့ မောင်ဖေသော်ရေ ဘာမှစိတ်မပူနဲ့။ ထောင်ကျမှာ သေချာတယ်”

ဟု ပြောလိုက်လျှင် မောင်ဖေသော်၏မျက်နှာသည် ရှုံ့မဲ့၍သွားလေ၏။

“ဦးစိန်မြသာကြီး ကလည်းဗျာ။ နိမိတ်မရှိ နမာမရှိ လွတ်ဖို့ ပြောစမ်းပါဗျ။ ထောင်ကျဖို့ မပြောစမ်းပါနဲ့”

ဟု မောင်ဖေသော်က ပြန်၍ပြောလေ၏။

www.burmeseclassic.com



မှတ်ချက်။ ။ ဦးစိန်မြသာပြောသော လူတစ်ယောက်ဆိုသူမှာ မောင်ဖေသော်ကဲ့သို့ပင် ချစ်သူ၏အမှုကို ဝင်ရောက်ဓားစာခံသွားသော လူတစ်ယောက်ဖြစ်၏။ ထိုသူသည် နောင်အခါ၌ လောကီကျင့်စဉ်စခန်းကို ပေါက်ပေါက်မြောက်မြောက် ကျင့်ကြံသွားနိုင်၏။ ထိုသူ၏အမည်မှာ ရွှေမြသာဟူ၍ဖြစ်၏။ ထိုသူ၏အကြောင်းကို 'မြေလျှောက်စီခွာ ရွှေမြသာ' ဟူသောအမည်ဖြင့် ကျွန်ုပ်မင်းသိန်းသည် သုံးအုပ်တွဲဝတ္ထုကြီးတစ်ပုဒ် ရေးသားခဲ့၏။ ထိုဂမ္ဘီရဝတ္ထုကြီးတွင် ဦးစိန်မြသာပြောသော လူတစ်ယောက်၏ အကြောင်းကို အသေးစိတ်ဖော်ပြထားပါသည်။ ထိုဝတ္ထုကြီးကို လာဘ်မိုးရွှေစာပေမှ ထုတ်ဝေပြီးဖြစ်၏။

စာရေးသူ

ဦးစိန်မြသာကြီးသည် မောင်ဖေသော်အား အချုပ်ခန်းအတွင်း၌ နေရစဉ် လက်ဖက်ရည်၊ ဆေးလိပ်၊ ထမင်းဟင်းများ ဝယ်ယူကျွေးမွေးရန်အတွက် ဂါတ်စာရေးထံတွင် ငွေငါးရာပေးခဲ့ပြီးနောက် မောင်ဖေသော်အား နှုတ်ဆက်ကာ ပြန်သွားလေတော့၏။

www.burmeseclassic.com



မောင်ဖေသော်သည် အချုပ်ခန်းသံတိုင်ကို ကိုင်၍ မြင့်ကိုမျှော်နေမိ၏။ သို့ရာတွင် မြင့်သည် ပေါ်မလာပေ။ အချုပ်ခန်းထဲတွင် (၁၄) ရက်ပြည့်သောအခါ၌ မောင်ဖေသော်အား ထောင်အချုပ်သို့ ပို့လိုက်လေ၏။ ထောင်အချုပ်တွင် နေစဉ်အတွင်း ရုံးထုတ်၍ အမှုစစ်လေ၏။ ရုံးထုတ်သောအခါတိုင်း၌ မောင်ဖေသော်သည် မြင့်ကိုမျှော်ခဲ့၏။ သို့သော် မြင့်သည် ရောက်မလာခဲ့ပေ။ နောက်ဆုံးတွင် မောင်ဖေသော်သည် ဦးစိန်မြသာကြီးအား ဖွင့်၍မေး၏။

"ဒီမှာ ဦးစိန်မြသာ၊ ကျုပ်ကတော့ မြင့်ကိုအမျှော်ကြီးမျှော်ခဲ့တာပဲ။ ဒါပေမယ့် မြင့်ကတော့ တစ်ခေါက်တလေတောင် သတင်းမေးဖော်မရပါလား"

ဟု ပြောလေတော့၏။ ထိုအခါ ဦးစိန်မြသာကြီးက. .

"ဒီလိုရှိတယ် မောင်ဖေသော်ရဲ့။ အခင်းဖြစ်ပွားပြီး နောက်တစ်နေ့မှာပဲ သူ့အဖေကြီးက အမျိုးတွေရှိတဲ့ မအူပင်မြို့ကို ပို့ပစ်လိုက်တယ်။ ဒါပေမယ့် သက်သေစစ်တဲ့နေ့တွေမှာတော့ ရန်ကုန်ကို လာပြီး သက်သေထွက်ပါတယ်။ ငါနဲ့တောင် တစ်ခါနှစ်ခါတွေ့သေးတယ်။ ဒါပေမယ့် သူ့ကိုနောက်ထပ် စစ်စရာမရှိတော့ဘူးကွ။ ဒါကြောင့် သူ့အနေနဲ့ လာစရာမရှိတော့ဘူး။ အကောင်းဆုံး

www.burmeseclassic.com



ပြောချင်တာက လူတွေဟာ ရောထွေးနေပေမယ့် သွားတဲ့လမ်းကြောင်းက ကိုယ့်လမ်းကြောင်းနဲ့ကိုယ် သွားနေကြတာ။ အကောင်းဆုံး ပြောချင်တာကတော့ မင်းလမ်းကြောင်းအတိုင်း မင်းဟာမင်း လျှောက်သွားပါ”

ဟု ပြောလိုက်လေ၏။

“ပြောရမှာ တော်တော်ခက်တယ်။ ကျုပ်ဟာ အသက်ငယ်ငယ်လေးပဲ ရှိသေးတယ်။ ဒါပေမယ့် မိန်းမတော်တော်များများနဲ့ တွေ့ဖူးတယ်။ တွေ့ဖူးတဲ့မိန်းမတွေမှာ သူတစ်ယောက်တည်းပဲ ဖြစ်ရယ်လို့ ဖြစ်နေတာ။ ကျုပ်တွေ့ဖူးတဲ့မိန်းမတွေက နာမည်ဆင်တူတွေ။ ဦးရွှေမြသာသိအောင် အဲဒီနာမည်ကို ပြောပြထားပါဦးမယ် ‘မြနန်းနွယ်’တဲ့”

ဟု ပြောလိုက်လျှင် ဦးစိန်မြသာက ‘တဟားဟား’ ရယ်လေ၏။ ထိုသို့ ရယ်ပြီးနောက်

“မင်းတွေ့ခဲ့တဲ့ မြနန်းနွယ်ဆိုတာတွေက လူတွေမဟုတ်ပါဘူး ကွာ။ အိပ်မက်တွေပါ။ အဲဒီအိပ်မက်မျိုးတွေကို အရပ်အခေါ်တော့ လမိုင်းလို့ခေါ်တာပေါ့ကွာ။ မင်းရဲ့ ဖြောင့်ဖြူးတဲ့လမ်းကြောင်းကို ကွေ့တိကွေ့ကောက်ဖြစ်အောင်လုပ်တဲ့ ဟာတွေပါကွ။ မင်းမှာက

www.burmeseclassic.com



ဘဝဘဝက ပါရမီကံကလေးက ကောင်းနေတော့ သူတို့က ဘယ်လောက်ပဲ ကွေ့တိကွေ့ကောက်ဖြစ်အောင် လုပ်ပေမယ့် ဒုက္ခရောက်မသွားဘူး။ ကယ်မယ့်သူက ပေါ်လာတယ်။ ကယ်မယ့်သူက ဘယ်သူလဲဆိုတော့ စိန်မြသာဆိုတဲ့ ငါပဲကွ။ ဟား. . ဟား. . ဟား"

ဟု ပြောဆိုရယ်မောလိုက်လျှင် မောင်ဖေသော်က. .

"စိတ်ညစ်ရတဲ့အထဲဗျာ။ ခင်ဗျားက လာပြီး ရယ်လားမောလား လုပ်နေသေးတယ်"

ဟု စိတ်ဆိုးသော လေသံဖြင့်ပြောလိုက်လေ၏။ ထိုအခါ ဦးစိန်မြသာက

"စိတ်မဆိုးပါနဲ့ မောင်ဖေသော်ရယ်။ ဟောဒီမှာ ဆေးလိပ်၊ ထောင်ထဲမှာသောက်ဖို့။ ဟောဒီမှာ ငါးပိကြော် ထောင်ထဲမှာစားဖို့"

ဟုပေးပြီးလျှင် တရားရုံး၌ပင် လမ်းခွဲသွားလေ၏။

မောင်ဖေသော်အား ရုံးထုတ်၍ (၄)လတိုင်တိုင် စစ်ဆေးပြီးနောက် ချောဘဆိုသူအား ဒေါသအလျောက် ဓားဖြင့်ထိုးသတ်ခဲ့ကြောင်း၊ နဂိုက သတ်ရန် ရည်ရွယ်ချက်မရှိကြောင်း ထင်ရှားသည်ဟုဆိုကာ ထောင်(၁၀) နှစ် အပြစ်ဒဏ်ပေးခဲ့လေ၏။

---

www.burmeseclassic.com



ဦးစိန်မြသာကြီးသည် မောင်ဖေသော်အား တစ်လတစ်ကြိမ်ထောင်ဝင်စာ လာ၍တွေ့၏။ ဤသို့ထောင်ဝင်စာတွေ့လာခဲ့ရာ (၈)ကြိမ်မြောက်ထောင်ဝင်စာ လာ၍တွေ့သောအခါ. .

"မောင်ဖေသော်ရေ မင်းအတွက် ဝမ်းသာစရာသတင်းပါတယ် ကွ။ ဟောဒီမှာ"

ဟုဆိုကာ ဖိတ်စာကလေးတစ်စောင်ကို ထောင်ဝင်စာတွေ့သောအပေါက်မှ ထိုး၍ပေးလိုက်လေ၏။ မောင်ဖေသော်လည်း ထိုဖိတ်စာကိုလှမ်းယူ၍ ကြည့်လိုက်ရာ သူ၏ချစ်သူမြင့်နှင့်မောင်မောင်ကြီးဆိုသူတို့ထိမ်းမြားလက်ထပ်သော မင်္ဂလာဖိတ်စာဖြစ်ကြောင်းကို သိရသဖြင့်မျက်လုံးအိမ်မှ မျက်ရည်များယိုစိမ့်ထွက်လာလေတော့၏။ ထိုအခါ ဦးစိန်မြသာက. .

"ဟော့ကောင် မောင်ဖေသော်၊ ဘာဖြစ်လို့ ငိုနေရတာလဲ"

ဟုမေးလိုက်ရာ မောင်ဖေသော်က. .

"ကိုယ့်ချစ်သူ သူများနဲ့ မင်္ဂလာဆောင်တဲ့ မင်္ဂလာဖိတ်စာကိုကြည့်ပြီး ကျုပ်က ရယ်နေရမှာလား"

ဟု ပြန်၍အော်ပြောလိုက်လေ၏။

"ခက်တော့တာပဲကွာ။ ဒီဖိတ်စာက အခုမှရိုက်တဲ့ဖိတ်စာမဟုတ်

www.burmeseclassic.com



ဘူး။ နေ့စွဲလည်း သေချာကြည့်ပါဦး။ လွန်ခဲ့တဲ့ (၆)လလောက်က ရိုက်တဲ့ဖိတ်စာကွ။ မြင့်တို့၊ မောင်မောင်ကြီးတို့မင်္ဂလာဆောင်တာအခုမှမဟုတ်ဘူးဟေ့။ ပြီးခဲ့တဲ့ (၆)လကတည်းကဆောင်ခဲ့ကြတာ။ အတိအကျပြောရရင် စက်ရှင်တရားသူကြီးက မင်းကိုထောင် (၁၀)နှစ် ပြစ်ဒဏ်ချတဲ့နေ့ဟာ မောင်မောင်ကြီးနဲ့မြင့်တို့မင်္ဂလာဆောင်တဲ့နေ့ကွ။ တရားရုံးမှာ မင်းကိုလာတွေ့ပြီးတဲ့နောက်ပိုင်းမှာ ငါတောင် မြင့်တို့မင်္ဂလာဆောင်ကို သွားရသေးတယ်ဟေ့။ လက်ဖွဲ့လေးဘာလေးလည်း သွားပြီးပို့ရသေးတယ်။ ရေခဲမုန့်လေး၊ ဘာလေးလည်း စားရသေးတာပေါ့ကွာ”

ဟု ဦးစိန်မြသာကြီးက ပြောလိုက်လျှင် မောင်ဖေသော်က. .

“တော်စမ်းပါဗျာ။ စိတ်ဆင်းရဲစရာတွေကိုလာပြီး မပြောစမ်းပါနဲ့။ ခင်ဗျား ပြန်ပါတော့”

ဟု ပြောလိုက်လျှင် ဦးစိန်မြသာက. .

“လောကကြီးမှာ စိတ်ဆင်းရဲစရာကို အကျအနခံစားဖူးမှ စိတ်ချမ်းသာစရာနဲ့တွေ့ရင် အပြည့်အဝခံစားရတယ်ကွ။ ကဲ. . ကဲ ငါသွားလိုက်ဦးမယ်”

ဟု ဆိုကာ ပြန်သွားလေတော့၏။

---

www.burmeseclassic.com



ထို့နောက်တွင်ကား ဦးစိန်မြသာကြီးသည် ထောင်ဝင်စာ လာ၍ မတွေ့တော့ပေ။ သို့ရာတွင် မောင်ဖေသော်အတွက် ဆေးပေါ့လိပ်၊ ငါးပိကြော်စသည်များ ဝယ်ပေးရန် ထောင်ရုံးခန်းတွင် ငွေငါးရာကို လျှောက်လွှာရေး၍ တရားဝင် အပ်နှံခဲ့လေ၏။ ထို့ကြောင့် မောင်ဖေသော်သည် ဆေးလိပ်နှင့် ငါးပိကြော်ကို မပြတ်မလပ်ရရှိခဲ့လေ၏။

မောင်ဖေသော် ထောင်ကျပြီးတစ်နှစ်ခန့်ကြာသောအခါတွင် လူတစ်ယောက်သည် မောင်ဖေသော်အား ထောင်ဝင်စာလာ၍ တွေ့၏။ မောင်ဖေသော်သည် ထိုသူအား. .

"ခင်ဗျားက ကျုပ်ကို ထောင်ဝင်စာလာပြီးတွေ့တယ်။ ကျုပ်က ခင်ဗျားကိုမသိဘူး။ ခင်ဗျားဘယ်သူလဲ"

ဟု ခပ်ဆတ်ဆတ်မေးလိုက်လေ၏။ ထိုအခါ ထိုသူက မောင်ဖေသော်အား နှစ်လိုဖွယ်ရာ ပြုံးပြပြီး. .

"ဒီမှာ ကိုဖေသော်။ ခင်ဗျားကြိုတင်ပြီး သိထားဖို့ကတော့ ကျုပ်ဟာ ခင်ဗျားရဲ့ ရန်သူမဟုတ်ဘူး။ ကိုယ်ချင်းစာတရားရှိတဲ့အတွက် လာပြီးတွေ့တာ။ ကျုပ်နာမည်မောင်မောင်ကြီးတဲ့။ ကျုပ်ဟာ မြင့်ရဲ့ယောက်ျားပဲ။ ခင်ဗျားနဲ့ပတ်သက်တဲ့သတင်းကို အန်ကယ်ဦးစိန်မြသာဆီက သိရပါတယ်။ ဘာပဲဖြစ်ဖြစ် ခင်ဗျားဟာ သနား

www.burmeseclassic.com



စရာကောင်းတဲ့အဖြစ်ကိုရောက်နေပါတယ်။ ခင်ဗျားကိုလာပြီး တွေ့ဖြစ်တဲ့အကြောင်းထဲမှာ ကျုပ်ရဲ့လုပ်ငန်းကြောင့်လည်းပါ တာပေါ့ဗျာ။ ကျုပ်က ဒီထောင်ကြီးကို ရိက္ခာသွင်းတဲ့ ကန်ထရိုက် ဗျ။ ပြီးခဲ့တဲ့ နှစ်လလောက်ကမှ ဒီအလုပ်ကိုလုပ်တာပါ။ စီးပွား ရေးသမားဆိုတော့ အကျိုးရှိမယ့်အလုပ်တွေ လျှောက်ပြီးလုပ်တာ ပေါ့ဗျာ။ ခင်ဗျားဟာ အခုလက်သမားအလုပ်ဘက်မှာ ကျနေတယ် ဆိုတာ ကျုပ်သိတယ်။ ထောင်ပိုင်ကြီးနဲ့ကျုပ်နဲ့ အတော်အတန် ရင်းနှီးပါတယ်။ ကျုပ်က ခင်ဗျားကို ကျုပ်ညီတစ်ဝမ်းကွဲလို့ ပြော ထားတယ်။ ရိက္ခာရုံဘက် ရွှေ့ပေးဖို့လည်း တစ်နေ့က ပြောလိုက် တယ်။ ဒီနေ့ ထောင်ဝင်စာကပြန်တာနဲ့ ရိက္ခာရုံဘက်ကို ရောက် လိမ့်မယ်။ အဲဒီမှာ သက်သာတယ်ဗျ။ နောက်တစ်ခု ပြောရဦး မယ်။ ထောင်မှာ ရိက္ခာသွင်းတဲ့အလုပ်ကို ကျုပ်အနေနဲ့လုပ်ဖြစ်ဖို့ ဦးစိန်မြသာကြီးက အကူအညီပေးတာ။ ပြီးတော့ ခင်ဗျားကို ထောင်ဝင်စာတွေ့ဖို့ ရိက္ခာရုံဘက်ကိုပြောင်းဖို့ ဦးစိန်မြသာကြီး ကပဲ အကြံပေးတာ”

ဟု ပြောလိုက်လျှင် မောင်ဖေသော်က. .

“ဪ. . ”

www.burmeseclassic.com



ဟု ရေရွတ်လိုက်လေတော့၏။ ထိုအခါ မောင်မောင်ကြီးက. .

"ကဲ ကျုပ်သွားမယ်။ လိုတာရှိလည်း ကျုပ်နဲ့မကြာမကြာ ရိက္ခာရုံမှာ တွေ့နေမှာပဲ။ ပြောပေါ့ဗျာ။ အရေးကြီးတဲ့စကားတစ်ခုကတော့ ကျုပ်က မြင့်ရဲ့ယောက်ျားဆိုတော့ မြင့်ကိုတော့ ပိုင်ပါတယ်။ ဒါပေမယ့် မြင့်ရဲ့နှလုံးသားကိုတော့ ကျုပ်ကမပိုင်ပါဘူး။ မြင့်ရဲ့နှလုံးသားကိုပိုင်တာက မောင်ဖေသော်ပါ"

ဟု ပြော၍ ပြုံးပြနှုတ်ဆက်ကာ ပြန်သွားလေတော့၏။

မောင်ဖေသော်သည် ထောင်ဝင်စာတွေ့ပြီးနောက် ရိက္ခာရုံသို့ ပြောင်းရွှေ့တာဝန်ကျလေ၏။ ရိက္ခာရုံတွင် ရိက္ခာများကို ချိန်တွယ်၍ လက်ခံရ၏။ စာရင်းအင်းများ ပြုလုပ်ရ၏။ ထို့ကြောင့် မောင်ဖေသော် အဖို့ လက်သမားရုံတွင်အလုပ်ရသည်ထက် များစွာသက်သာ၍ သွားလေတော့သည်။

ရိက္ခာရုံသို့ မောင်ဖေသော်ရောက်ပြီး (၈)ရက်ခန့်အကြာတွင် မောင်ဖေသော်၏လက်အောက်၌ ကုန်ချိန်ပေးရန်အတွက် ထောင်ကျ အသစ်တစ်ယောက် ရောက်လာလေ၏။ ထို ထောင်ကျမှာ မောင်ဖေ သော်ထက် ငယ်၏။ သူ၏အမည်မှာ 'ဓူဝံ' ဟုခေါ်၏။ ကုန်ရုံ၌ ဓူဝံအပြင် ယခင်ကပင်ရှိနှင့်နေသော အကျဉ်းသားနှစ်ဦးလည်းရှိ၏။ ထိုနှစ်ဦးမှာ

www.burmeseclassic.com



'အီဆပ်' နှင့် 'မာသီး' ဟူ၍ ဖြစ်၏။

အီဆပ်နှင့်မာသီးသည် ကုန်ရုံတွင်ရှိသောအလုပ်ကို လုပ်ကြသည် မဟုတ်။ ထောင်ဖွင့်သည်မှ ထောင်ပိတ်သည်အထိ တစ်ထောင်လုံးလှည့်လည်ကာ ဆေးလိပ်၊ အစားအသောက်၊ ကွမ်းယာ စသည်များကိုရှာဖွေလေ၏။ ရလာလျှင် မောင်ဖေသော်နှင့် ဓူဝံကိုလည်း ဝေငှ၍ပေး၏။ ထောင်ထဲတွင် ထိုသို့ရှာဖွေစားသောက်သည်ကို ထောင်စကားအားဖြင့် 'အကြံအဖန်' ဟုခေါ်၏။

ထို့ကြောင့် မောင်ဖေသော်က ဓူဝံအား. .

"အီဆပ်နဲ့မာသီး ဘယ်သွားသလဲ"

ဟု မေးလိုက်လျှင် ဓူဝံအနေနှင့် ဖြေသောစကားတစ်ခုသာရှိ ၏။ ထိုစကားမှာ. .

"အကြံအဖန်သွားလုပ်ကြတယ် အစ်ကိုကြီးရေ"

ဟုသာ ဖြေ၏။ သို့ရာတွင် မာသီးသည် ထမင်းစားခါနီး၌ ကိုဒေါင်ဘေးတွင် ဟင်းခိုး၍ချက်ကာ မောင်ဖေသော်နှင့်ဓူဝံကို ကျွေးတတ်၏။ ထို့ကြောင့် မောင်ဖေသော်နှင့် ဓူဝံသည် မာသီးကျေးဇူးကြောင့် နေ့တိုင်းလိုလို ဆီပြန်ဟင်းနှင့်စားနေရသည်။ တစ်နေ့တွင် မာသီး ဟင်းခိုးချက်သည်ကို ထောင်ပိုင်ကြီးကိုယ်တိုင်မိသွားသဖြင့် မာသီးအား တိုက်

www.burmeseclassic.com



ပိတ်အပြစ်ပေးကာ အခြားသို့ ပြောင်းပစ်လိုက်၏။ ထိုအချိန်မှစ၍ မောင်ဖေသော်သို့ မူဝံတို့လည်း ဆီပြန်ဟင်းကို မစားရရှာတော့ပေ။

မောင်ဖေသော်သည် နဂိုကပင် ပုတီးသမားဖြစ်သောကြောင့် အလုပ်အားသည့်အချိန်တိုင်းတွင် ကုန်ရုံဂိုဒေါင်ဘေးအရိပ်တွင် ထိုင် ၍ ပုတီးစိပ်နေတတ်သည်။ မူဝံမှာမူ ဂိုဒေါင်ဘေးရှိ ကုက္ကိုပင်အောက်တွင်ထိုင်ကာ ငြိမ်၍နေတတ်၏။ ၎င်းတို့နှစ်ဦးသည် ထောင်၏စည်းကမ်းကိုလည်း လိုက်နာ၏။ အလုပ်ကိုလည်း ကောင်းစွာလုပ်ကိုင်၏။ အားသောအချိန်များတွင်လည်း တစ်ဦးကပုတီးစိပ်၍ တစ်ဦးကတရားထိုင်နေသည်ကို တစ်ထောင်လုံးက တွေ့မြင်၏။ ထောင်တန်းစီး၊ ထောင်ဗာယာနှင့် ထောင်ဝန်ထမ်းတို့သာမက ထောင်မှူး၊ ထောင်ပိုင်တို့ပင် သိနေကြပြီဖြစ်၏။

ထို့ကြောင့် ထောင်ပိုင်ကြီးက. .

"အနှောင့်အယှက်မပေးကြပါနဲ့ကွာ။ သူတို့က ကောင်းတာလုပ်နေတာပဲ"

ဟု အသိအမှတ်ပြုထားလေ၏။

တစ်နေ့တွင် မောင်ဖေသော်နှင့် မူဝံတို့သည် တစ်ဦးကပုတီးစိပ်၍ တစ်ဦးကတရားထိုင်ပြီးနောက် အရိပ်အောက်တွင် ဖျာကြမ်းလေးခင်း

www.burmeseclassic.com



ကာ စကားစမြည်ပြောနေကြလေ၏။ ထိုအချိန်၌ နှစ်ကြီးအကျဉ်းသား သန်းလွင်ဆိုသူရောက်လာပြီးလျှင်. .

"ကိုယ့်လူတို့နှစ်ယောက်က ကောင်းတာတွေလုပ်တယ်ဆိုတော့ ရေနွေးကြမ်းနဲ့ ကြံသကာ ဒါနပြုဦးမယ်"

ဟု ဆိုကာ ရေနွေးပန်းကန်နှစ်လုံး၊ ဒန်ရေနွေးကရားတစ်လုံးနှင့် ကြံသကာနှစ်ချပ် လာ၍ချပေးလေ၏။

မောင်ဖေသော်နှင့် ခူဝံတို့လည်း ရေနွေးကြမ်းမော့သောက်လိုက် ကြံသကာကိုက်လိုက်နှင့် စကားပြောဖြစ်ကြလေ၏။

"နေစမ်းပါဦး ငါ့ညီမောင်ခူဝံရ။ မင်းက ပုတီးမစိပ်ပါလား"

ဟု မောင်ဖေသော်က မေးလိုက်ရာ ခူဝံက. .

"ဒီလိုပါ အစ်ကိုကြီးရယ်။ ကျွန်တော်က သမထအလုပ်လုပ်တာ ပါ"

ဟု ပြန်၍ဖြေလျှင်. .

"မောင်ခူဝံကလည်း အလာကြီးပဲကွယ့်။ သမထတွေ၊ ဝိပဿနာ တွေ၊ နားလည်သားပဲ။ ငါလည်း ပုတီးစိပ်တာဆိုတော့ သမထ ပေါ့ကွာ။ ဆရာ အမျိုးမျိုးဆီချဉ်းကပ်ပြီး ပုတီးစိပ်နည်းအမျိုးမျိုး ကိုသင်ယူခဲ့တာပေါ့။ အဲဒီတော့ မင်းနဲ့ငါနဲ့ဟာ မကွာပါဘူးကွာ။

www.burmeseclassic.com



နှစ်ယောက်စလုံး သမထလုပ်တာချည်းပါပဲ။ ငါ့နည်းကို မင်းသိချင်ရင်လည်း ငါ့ရဲ့ပုတီးစိပ်နည်းတွေ ပြောပြပါ့မယ်။ မင်းရဲ့နည်းကိုလည်း ငါ့ကိုပြောပြနိုင်ရင် ပြောပြပါဦး”

ဟု မောင်ဖေသော်က ပြောလိုက်လေ၏။

ထိုအခါ မူဝံက. .

“ကျွန်တော်လည်း တတ်သိနားလည်လို့မဟုတ်ပါဘူး အစ်ကိုရယ်။ ဆရာကောင်းနဲ့တွေ့ပြီး ဆရာကသင်ပေးထားတဲ့ နည်းပါ။ အများသိကြတာကတော့ ဒီနည်းကို ‘တန္တြ’ လို့ပြောတယ်”

ဟု ပြန်၍ပြောလျှင်. .

“အေး ဟုတ်ပြီကွ။ ‘မန္တြ’တို့၊ တန္တြ တို့ ဆိုတဲ့စကားလုံးတွေကို ငါကြားဖူးသလိုပဲ။ မန္တြ ဆိုတာတော့ မန္တန်ရွတ်တဲ့ ကျင့်စဉ်ကိုပြောတာကွ။ တန္တြဆိုတာတော့ အဲဒီစကားလုံးကိုပဲ ကြားဖူးတာ။ အနက်အဓိပ္ပာယ်နဲ့ လုပ်နည်းကိုင်နည်းကို ငါ့အနေနဲ့ လုံးဝမသိဘူးကွ။ ပြောပြနိုင်ရင် ပြောပြပါလားကွာ”

ဟု မောင်ဖေသော်က အငမ်းမရမေးလိုက်လေ၏။

“အသေးစိတ်တော့ ကျွန်တော်လည်းမသိဘူး။ ဆရာကသင်ပေးထားသလောက်ပဲ သိတာ။ တန္တြနည်းက (၁၁၂)နည်းတောင်ရှိ

www.burmeseclassic.com



တာ။ အဲဒီထဲက ကျွန်တော့်ဆရာက ကျွန်တော့်ကိုနည်းလေးနည်း သင်ပေးထားတယ်။ အဲဒါကိုပဲ ကျွန်တော်ကလုပ်နေတာ”

ဟု ခူဝံကပြောလိုက်လေ၏။

“နေစမ်းပါဦး မောင်ခူဝံရဲ့။ မင်းဆရာသင်ပေးထားတဲ့နည်းလေး နည်းစလုံးကို မင်းကလုပ်နေတာလား”

ဟု မောင်ဖေသော်က မေးလိုက်လေ၏။ ထိုအခါ ခူဝံက. .

“ဒီလိုမဟုတ်ဘူး အစ်ကိုရဲ့။ ဆရာကနည်းလေးနည်းကို သင်ပေးတယ်။ အဲဒီနည်းလေးနည်းစလုံးကို စမ်းပြီးလုပ်ကြည့်ရတယ်။ အဲဒီမှာကိုယ်နဲ့အကိုက်ညီဆုံးနည်းတွေ့ရင် အဲဒီနည်းကိုပဲ ဆက်ပြီးလုပ်ရတယ်။ ကျန်တဲ့နည်းတွေကိုမလုပ်ရဘူး။ အဲဒီနည်းလေးနည်းထဲမှာမှ ကိုယ်နဲ့ကိုက်ညီနေတဲ့နည်းမပါဘူးဆိုရင် ဆရာက နောက်ထပ်နည်းလေးနည်းသင်ပေးရတယ်။ အဲဒီတော့ ဆရာက တစ်ခါသင်ရင် လေးနည်းဆိုတော့ ၂၈ကြိမ်သင်ရရင်၊ ၁၁၂နည်း ပြီးရောပေါ့။ ကျွန်တော့်အဖို့တော့ ပထမသင်ပေးတဲ့လေးနည်းထဲ က တစ်နည်းဟာ ကျွန်တော်နဲ့အတော်ကိုက်ညီတယ်။ ဒါကြောင့် အဲဒီနည်းကိုပဲ ကျွန်တော်လုပ်နေတာ”

ဟု ပြောလိုက်လျှင် မောင်ဖေသော်က. .

www.burmeseclassic.com



"မင်းနဲ့ကိုက်ညီတယ်ဆိုတဲ့နည်းကို ငါ့ကိုပြောပြနိုင်ရင် ပြောပြပါလားကွာ"

ဟု တောင်းပန်လိုက်ရာ ရှုဝံကခေါင်းညိတ်ပြလိုက်ပြီးလျှင် အောက်ပါအတိုင်း ဖြေလိုက်လေတော့သည်။

## "တတိယမျက်လုံး"

*****

www.burmeseclassic.com



www.burmeseclassic.com



# အခန်း(၁၃)

မောင်ဖေသော်သည် မူဝံပြောပြသော တတိယမျက်လုံးအကြောင်းကို စိတ်ဝင်စားစွာ နားထောင်လေ၏။ သူသည် မူဝံအတွက် ဆေးပေါ့လိပ်တစ်လိပ်ကိုမီးညှိပေးလိုက်၏။ မူဝံက ဆေးပေါ့လိပ်ကို မီးခိုးတထောင်းထောင်းထအောင်ဖွာရင်း အောက်ပါအတိုင်းပြောလေတော့၏။

" အစ်ကိုကြီးကို ကျွန်တော် တစ်ခုပြောမယ်။ တစ်ခါတလေ ကိုယ့်သူငယ်ချင်းထဲမှာ မောင်ဖြူဆိုတာ ရှိတယ်ဆိုပါတော့။ အဲဒီမောင်ဖြူနဲ့ မတွေ့ရတာလည်း ကြာပြီဆိုတော့ မောင်ဖြူနဲ့တွေ့ရင်

www.burmeseclassic.com



ကောင်းမှာပဲလို့ ကိုယ်ကစိတ်ကူးမိတယ်။ မကြာခင်မှာပဲ တစ်ယောက်ယောက်က ကိုယ့်အိမ်တံခါးကို လာခေါက်တယ်။ သွားလည်းဖွင့်လိုက်ရော ကိုယ်တွေ့ချင်တဲ့ မောင်ဖြူဖြစ်နေတယ်။ အဲဒီအခါမှာ ကိုယ်ကဘာပြောမလဲ။ ‘အောင်မလေး မောင်ဖြူ ရယ်။ မင်းအကြောင်းကို အခုပဲ ငါက စိတ်ရောက်နေတယ်။ မင်းကိုတွေ့ချင်နေတာ မင်းကရောက်လာတယ်။ တိုက်လည်းတိုက်ဆိုင်လွန်းတယ်’ လို့ပြောမှာပေါ့”

မောင်ဖေသော်သည် ဓူဝံပြောသော စကားကိုနားထောင်နေ၏။ ထို့နောက် ဆေးလိပ်ကိုဖွာ၍ မီးခိုးများကို မှုတ်ထုတ်လိုက်၏။

ထိုအခါ ဓူဝံက. .

“အစ်ကိုကြီး အဲဒီအဖြစ်အပျက်မျိုး မကြုံဖူးဘူးလား”

ဟု မေးလိုက်လေ၏။ ထိုအခါ မောင်ဖေသော်က. .

“အခုပဲ ငါကပြောမလို့ကွ။ အဲဒါမျိုးတွေ ခဏခဏကြုံဖူးပါတယ်။ အဲဒါ တိုက်ဆိုင်တာမဟုတ်ဘူးလား”

ဟု မေးလိုက်လေ၏။

“တစ်ခါဆိုရင်တော့ တိုက်ဆိုင်တာပေါ့။ နှစ်ခါဆိုရင်လည်း တိုက်ဆိုင်တာပေါ့။ ခဏခဏဆိုရင်တော့ တိုက်ဆိုင်တာမဟုတ်တော့

www.burmeseclassic.com



ဘူး။ အကြောင်းတစ်ခုခုရှိနေပြီဆိုတာတော့ သဘောပေါက်ဖို့ လိုတယ်”

ဟု ခူဝံက ပြောလိုက်လေ၏။

“နေစမ်းပါဦး မောင်ခူဝံရဲ့။ အကြောင်းတစ်ခုခုဆိုတာကဘာလဲ”

ဟု မောင်ဖေသော်က မေးလိုက်လျှင် ခူဝံက. .

“အကြောင်းတစ်ခုခုဆိုတာဘာလဲမေးရင် အဲဒီ အကြောင်းတစ်ခုခု ဆိုတာက အခုကျွန်တော်ပြောပြမယ့် ကျင့်စဉ်ပဲ။ အဲဒါက ဘာလဲ ဆိုရင် တတိယမျက်လုံးကျင့်စဉ်ပေါ့”

ဟု ပြောလိုက်လေ၏။

“လုပ်စမ်းပါဦးကွ။ မင်းရဲ့ တတိယမျက်လုံး ကျင့်စဉ်ဆိုတာ ငါ သိချင်လှပြီ”

ဟု မောင်ဖေသော်က ပြောလိုက်လျှင် ခူဝံက. .

“မျက်လုံးနှစ်လုံးရဲ့အလယ် မျက်ခုံးမွေးနှစ်ခုရဲ့ကြားနေရာမှာ တတိယမျက်လုံးဆိုတာ ရှိတယ်။ အင်္ဂလိပ်လိုတော့ ‘သတ်ဒ်အိုင်း’ လို့ခေါ်တယ်။ ခေတ်မီဆေးသိပ္ပံပညာကလည်း အဲဒီနေရာမှာ အကျိတ်ကလေးတစ်ခုရှိတယ်လို့ ပြောထားတယ်။ ဒါနဲ့ပတ်သက် လို့ ဂျာမန်လူမျိုး စိတ်ပညာရှင်တစ်ဦးဖြစ်တဲ့ ဝီလျံဝပ်ချ်ကတော့

www.burmeseclassic.com



ထူးဆန်းအံ့ဩဖွယ်ကောင်းတဲ့နေရာလေးအဖြစ် ထုတ်ဖော်ပြော တယ်။ ဒါပေမယ့် ရှေးဟောင်းအိန္ဒိယလူမျိုးတွေကတော့ ဒါလေး အကြောင်းသိတာ နှစ်ပေါင်းသုံးထောင်ကျော်လောက်ရှိပြီ။ ဒါ ပေမယ့် ဒါလေးကို သူတို့က တတိယမျက်လုံးလို့ အတိအကျ မပြောဘူး။ 'သျှိဝနတ္တရ'၊ 'သီဝမျက်လုံး' လို့ ပြောတယ်။ အဲဒီ သီဝ မျက်လုံးကို အနက်အဓိပ္ပာယ်ဖွင့်တာကလည်း တတိယမျက်လုံး ရဲ့ အနက်အဓိပ္ပာယ်နဲ့ အတူတူပါပဲ။ အဲဒီတော့ အကျဉ်းရုံးပြောရ ရင် မျက်ခုံးမွေးနှစ်ခုကြားမှာ တတိယမျက်လုံးရှိတယ်ပေါ့ အစ်ကို ကြီးရာ"

ဟု ပြောလိုက်လေ၏။ ထိုအခါ မောင်ဖေသော်က. .

"လုပ်စမ်းပါဦး မောင်ခူဝံရေ။ မင်းဟာက အတော့်ကို စိတ်ဝင်စား စရာကောင်းတယ်"

ဟု ပြောလိုက်လေ၏။

"တတိယမျက်လုံးဟာ ကန်းနေတာမဟုတ်ဘူးနော်။ သူကအလုပ် မလုပ်တာ။ နားလည်အောင်ပြောရရင် သူမှိတ်ရုံလေးမှိတ်နေတာ။ သူဖွင့်လိုက်ရင်တော့ တန်ခိုးသိဒ္ဓိဆိုတဲ့ကိစ္စဟာ ပြီးသွားပြီ။ အဲဒီ မျက်လုံးကိုဖွင့်အောင် ဘယ်လိုလေ့ကျင့်ရမလဲဆိုရင် အစ်ကိုကြီး

www.burmeseclassic.com



ထိုင်တတ်သလိုထိုင်ပါ။ အကောင်းဆုံးကတော့ ခြေထောက် နှစ်ခုကို ချိတ်ပြီးထိုင်ပါ။ အဲဒီထိုင်နည်းကို 'ပဒုမာသဏ' လို့ခေါ်တယ်ဟုတ်လား"

ဟု မောင်မူဝံက ပြောလိုက်ရာ မောင်ဖေသော်က. .

"ဟုတ်တယ်ဟ့ေ၊ ဟုတ်တယ်၊ အဲဒီလုပ်နည်းကို ငါကောင်းကောင်းလေ့ကျင့်ထားတာပဲ။ ဒါပေမယ့် ကြာကြာထိုင်ရင်တော့ ခြေထောက်နှစ်ခုဟာ ညှပ်ပြီးနာတယ်ကွ"

ဟု ပြောလိုက်လျှင် မောင်မူဝံက. .

"အစ်ကိုကြီးတော်တော်ထိုင်ထားတာပဲ။ ဒါကြောင့် သေသေချာချာသိတာ၊ အဲဒီ ပဒုမာသဏထိုင်နည်းဟာ ပုံစံအမှန်ပဲ။ ဒါပေမယ့် ကြာရင်ခြေထောက်သိပ်ပြီးနာတယ်။ အဲဒီတော့ ဘယ်ဘက်ခြေဖဝါးကို ညာဘက်ပေါင်ပေါ်တင်လိုက်၊ ညာဘက်ခြေဖဝါးကိုဘယ်ဘက်ဒူးကွေးအောက်ထဲထည့်လိုက်၊ ဒီထိုင်နည်းကိုတော့ အစ်ကိုကြီးထိုင်ဖူးမှာပေါ့"

ဟု ပြောလိုက်လျှင် မောင်ဖေသော်က. .

"ငါ အနှစ်သက်ဆုံးထိုင်နည်းပဲကွ။ သုခသဏလို့ခေါ်တယ်မဟုတ်လား။ မောင်မူဝံရဲ့"

www.burmeseclassic.com



ဟု ပြန်၍မေးလိုက်လျှင် မောင်မူဝံက. .

"အစ်ကိုကြီး တော်တော်လုပ်ထားတာပဲ။ ဒါကြောင့် သေသေချာချာသိတာ"

ဟုပြောလိုက်လေ၏။ ထို့နောက် မောင်မူဝံကပင်. .

"ကဲ အစ်ကိုကြီးထိုင်နိုင်တဲ့ သုခသဏဆိုတဲ့ ထိုင်နည်းအတိုင်း ထိုင်လိုက်ပေတော့။ အစ်ကိုကြီးကြိုက်သလို ထိုင်ပေတော့။ ကုန်ကုန်ပြောမယ် အစ်ကိုကြီးရယ်။ ကုလားထိုင်ပေါ်မှာထိုင်ပြီးလည်း ကျင့်လို့ရပါတယ်။ ဒီကျင့်စဉ်မှာ ထိုင်နည်းပေါ်မှာ သိပ်ပြီးဇီဇာမကြောင်လှဘူး အစ်ကိုကြီးရဲ့"

ဟု ပြောလိုက်လျှင် မောင်ဖေသော်က. .

"အေးပါကွာ နားလည်ပါပြီ။ ဆက်ပြီးပြောစမ်းပါဦး"

ဟု ပြောလိုက်လေ၏။ ထိုအခါ မူဝံက. .

"အဲဒီလိုထိုင်ပြီးရင် မျက်လုံးနှစ်လုံးကို ပိတ်လိုက်ရမယ်။ ပြီးတော့ သူငယ်အိမ်နှစ်လုံးကို စောစောကကျွန်တော်ပြောတဲ့ တတိယမျက်လုံးနဲ့ နီးနိုင်သမျှနီးအောင် ဆွဲကပ်လိုက်ရမယ်။ ပြီးတော့ စိတ်အာရုံကိုလည်း တတိယမျက်လုံးနေရာမှာထည့်ထားရမယ်။ အထဲက မှိတ်ထားတဲ့ မျက်စိရဲ့ သူငယ်အိမ်နှစ်လုံးဟာ တတိယ

www.burmeseclassic.com



မျက်လုံးနေရာကို ရောက်နေပြီဆိုတာ ဘယ်လိုသိမလဲဆိုတော့ သူငယ်အိမ်ဟာ ရွေ့လို့မရအောင် တင်းနေပြီဆိုရင်တော့ ရောက်နေပြီပေါ့။ သူငယ်အိမ်နှစ်လုံးဟာ တတိယမျက်လုံးနေရာမှာ ရောက်နေသလိုပဲ စိတ်အာရုံကလည်း တတိယမျက်လုံးနေရာမှာ စိုက်နေရမယ်”

ဟု ပြောလိုက်လေ၏။

“အထဲက မျက်လုံးနှစ်လုံးရွေ့တာက သိပ်မခက်ဘူးကွ။ တတိယမျက်လုံးနေရာမှာ စိတ်ကိုစိုက်ထားရမယ်ဆိုတာတော့ ခက်လိမ့်မယ်ကွ။ ငါက စိတ်ကိုငယ်ထိပ်မှာစိုက်တဲ့နည်းတို့ ရင်ညွန့်မှာစိုက်တဲ့နည်းတို့ ဗိုက်မှာစိုက်တဲ့နည်းတို့ အများကြီးလုပ်ဖူးတယ် ကွ။ တစ်ခါတည်း စိုက်နေဖို့ဆိုတာ လွယ်တဲ့ကိစ္စမဟုတ်ဘူး။ အပြောလွယ်သဘောလွယ်ပြီး တကယ်လုပ်တော့ ခက်တယ်ကွ”

ဟု မောင်ဖေသော်က ပြောလိုက်လေ၏။ ထိုအခါ ခူဝံက. .

“ဒီလိုရှိတယ်အစ်ကိုကြီး။ ငယ်ထိပ်မှာစိုက်ထားပါဆိုတာ လွယ်တဲ့ကိစ္စမဟုတ်ဘူး။ အဲဒီလိုပဲ ရင်ညွန့်မှာစိုက်ထားပါတို့ ဗိုက်မှာစိုက်ထားပါတို့ဆိုတာ လွယ်တဲ့ကိစ္စမဟုတ်ဘူး။ တော်တော့်ကို သမာဓိရမှုဖြစ်တဲ့ကိစ္စ။ ဒါပေမယ့် တတိယမျက်လုံးနေရာမှာ စိတ်

www.burmeseclassic.com



ကိုစိုက်ထားပါဆိုတာကတော့ သိပ်မခက်ဘူး။ ဘာဖြစ်လို့လဲဆို တော့ တတိယမျက်လုံးနေရာက ဒီ့ပြင်နေရာတွေနဲ့မတူဘူး။ ကိုယ်က စိတ်ကို သူ့နေရာမှာစိုက်ထားသလို သူကလည်း ကိုယ့် စိတ်ကို သံလိုက်လိုပြန်ပြီးဆွဲထားတယ်။ အဲဒီနေရာမှာစိတ်ကို စိုက်ထားဖို့ သိပ်ပြီးလွယ်တယ် အစ်ကိုကြီးရဲ့။ အဲဒီတတိယ မျက်လုံးက အကျိတ်ဟာ သူ့ဆီကိုလာဖို့ စုပ်ယူတယ်။ ဆွဲငင်တယ်။ သူ့ကိုအာရုံစိုက်လိုက်မိရင် အညှို့ခံရသလို ဖြစ်သွားတတ်တယ်။ ဒီနည်းဟာ အာရုံစုဖို့ကို ကိုယ်ကပင်ပင်ပန်းပန်းလုပ်ဖို့တောင် မလိုဘဲ အလိုလိုစုစည်းပြီး ဖြစ်သွားလို့ပါပဲ”

ဟု ပြောလိုက်လျှင် မောင်ဖေသော်က

“တကယ်ပဲလား မောင်မူဝံရယ်။ အတော့်ကိုထူးဆန်းတာပဲ။ သူက ပြန်ပြီးဆွဲထားတယ် ဟုတ်လား။ ကောင်းလိုက်တာကွာ”

ဟု ပြောလိုက်လေ၏။ ထို့နောက်မူဝံသည် ရေနွေးကြမ်းကို တစ် ခွက်ငှဲ့၍ သောက်လိုက်ပြီးနောက်

“အဲလို စိုက်ပြီးတဲ့အခါမှာ အသက်ရှူတဲ့အကြောင်းကိုလည်း ပြောရဦးမယ်။ ကျွန်တော်တို့အသက်ရှူနေတာ လေတွေကိုချည်း ရှူ နေတာမဟုတ်ဘူးနော် အစ်ကိုကြီး”

www.burmeseclassic.com



ဟု မူဝံကပြောလိုက်လျှင် မောင်ဖေသော်က. .

"ဒါတော့ ငါသိပါတယ်ညီလေးရာ။ လေတွေတင်ဘယ်ကမလဲ။ အောက်စီဂျင်ဓာတ်ဆိုတာကိုလည်း ရှူနေတာပေါ့"

ဟု ပြောလေ၏။ ထိုအခါ မူဝံက ခေါင်းကို တွင်တွင်ယမ်းရင်း. .

"အခု အစ်ကိုကြီးပြောတဲ့ အောက်စီဂျင်၊ နိုက်ထရိုဂျင်၊ ဟိုက်ဒရိုဂျင်တို့မပါဘူး အစ်ကိုကြီးရဲ့ ကျွန်တော်တို့ ရှူသွင်းနေတဲ့လေထဲမှာ 'ပရာနာ' ဆိုတဲ့ဓာတ်တစ်မျိုးလည်း ပါတယ်။ ဒါကိုတော့ သိပ္ပံပညာက လက်မခံသေးဘူး။ ဂျာမန်လူမျိုး စိတ်ပညာရှင် ဝီလျံဝပ်ချ် ဆိုတဲ့ ဆရာတစ်ဦးကတော့ လေကိုလူတွေရှူတဲ့အခါမှာ အခြားအရာတစ်ခုပါပါတယ်တဲ့။ အဲဒီအရာဟာ 'အိုဂွန်း' ဖြစ်တယ်လို့ ပြောတယ်။ သူပြောတဲ့ 'အိုဂွန်း'ဆိုတာကလည်း ပရာနာကိုပြောတာပါပဲ။ အဲဒီတော့ လေဆိုတာက ဒီပရာနာကို သယ်ဆောင်လာတဲ့ ယာဉ်တစ်ခုပါပဲ။ တကယ် လူတွေမှာလိုအပ်တာက ပရာနာဖြစ်တယ်။ လေဟာ ယာဉ်ရထားနဲ့တူတယ်။ ပရာနာကိုထည့်ထားတဲ့ဘူးနဲ့လည်းတူတယ်။ တကယ့် အနှစ်သာရကတော့ ပရာနာပါပဲ။ လေကတော့ အပေါ်ကဘူးခွံပဲ"

ဟု ပြောလေ၏။

www.burmeseclassic.com



"အဲဒီမှာ အောက်စီဂျင်ဆိုတာကို ထည့်မပြောတော့ဘူးလား မောင်ဓူဝံရဲ့"

ဟု မောင်ဖေသော်က မေးလိုက်လျှင်. .

"အောက်စီဂျင်မရတဲ့နေရာမှာ လူတစ်ယောက်ဟာနှစ်လေးဆယ် လုံးလုံး အသက်ရှင်နေတယ်လို့ ပြောရင် အစ်ကိုကြီးအောက်စီဂျင် ဆိုတဲ့စကားကို စွန့်လွှတ်မလား"

ဟု မေးလိုက်ရာ မောင်ဖေသော်က ရယ်လေ၏။

"အထောက်အထားနဲ့ပြောပြနိုင်ရင်တော့ ဒီတစ်သက်မှာ အောက် စီဂျင်ဆိုတဲ့စကားကိုမပြောတော့ဘူးလို့ ကတိပေးပါတယ်"

ဟု မောင်ဖေသော်က ပြောလိုက်လျှင် ဓူဝံက အောက်ပါအတိုင်း ပြောလေ၏။

"ဒီလိုရှိတယ်အစ်ကိုကြီး၊ အီဂျစ်ပြည်မှာ လူတစ်ယောက်ဟာ ၁၈၈၀ ခုနှစ်ကနေပြီး မြေကြီးထဲကို ဝင်ပြီးတော့နေတာ။ လူတွေ ကလည်း သူ့ကို အပေါ်က မြေတွေဖို့လိုက်ပြီး ဖို့တယ်ဆိုတာ မသာကိုမြေဖို့သလို ဖို့လိုက်တာနော်။ သူဟာ မြေကြီးထဲမှာ အစ် ကိုကြီးပြောတဲ့အောက်စီဂျင်လည်း မရပါဘူး။ ဒီအတိုင်းပြောရ ရင်တော့ သေပြီပေါ့ဗျာ။ အောက်စီဂျင်မှမရဘဲ။ တကယ့်ကိုပဲ

www.burmeseclassic.com



အစ်ကိုကြီးရေ။ သက္ကရာဇ် ၁၉၂၀ခုနှစ်ရောက်မှ သူဟာ အဲဒီ ကျင်းထဲက ပြန်ပြီးထွက်လာတယ်။ အနှစ် ၄၀လုံးလုံးအောက် စီဂျင်မရဘဲ မြေကြီးထဲမှာနေခဲ့တာနော်။ မျက်စိနဲ့မမြင်ရတော့ ယုံစရာမရှိပါဘူး။ ဒါပေမယ့် အောက်စီဂျင်ဓာတ်လည်း မရဘဲနဲ့ နေခဲ့တာ။ အသားအရေကတော့ နည်းနည်းဖျော့တော့သွားတာ ပေါ့။ အပြင်ကို ပြန်ထွက်ပြီး ဆယ်နှစ်နေသေးတယ်။ ဆယ်နှစ် ကြာမှ အသက်ကလည်းကြီးပြီဆိုတော့ အခြားရောဂါတစ်ခုနဲ့ အနိစ္စရောက်သွားရှာတယ်။ အောက်စီဂျင်ဟာ နေရောင်မရှိတဲ့ နေရာကိုလည်း သူကထိုးဖောက်ပြီး ရောက်နိုင်တာကိုး။ အဲဒီ အကြောင်းရေးထားတဲ့ စာအုပ်စာတမ်းတွေ၊ ဖတ်ချင်တယ်ဆိုရင် တော့ အစ်ကိုကြီးလွတ်တဲ့အခါ ပြန်ဖတ်ကြည့်ပေတော့”

ဟု ပြောလိုက်လေ၏။

“ဒီမှာ မောင်ဓူဝံရေ။ မင်းကို အစ်ကိုကြီးမေးနေတယ်ဆိုတာက မယုံလို့ မေးနေတာမဟုတ်ဘူး။ ခိုင်လုံစေချင်လို့မေးတာကွ”

ဟု ပြန်၍ ပြောလိုက်လေ၏။ ထိုအခါ မောင်ဓူဝံက မောင်ဖေ သော်အတွက် ရေနွေးကြမ်းတစ်ခွက်ငှဲ့ပေးရင်း. .

“လေကိုရှူသွင်းတဲ့အခါမှာ လေဟာအဓိကမဟုတ်ဘူး။ လေထဲမှာ

www.burmeseclassic.com



ပါနေတဲ့ ပရာနာကိုရှူသွင်းနေတယ်လို့ အာရုံပြုမယ်။ အဲဒီ ပရာနာဓာတ်ကို ဘာနဲ့ကိုယ်စားပြုရမလဲဆိုရင် အလင်းရောင်ဓာတ်တစ်ခုနဲ့ ကိုယ်စားပြုရမယ်။ အလင်းရောင်တွေကို ရှူသွင်းနေတယ်ပေါ့ အစ်ကိုကြီးရာ။ အဲဒီလို စိတ်ကိုအာရုံပြုပြီး ရှူသွင်းလိုက်တဲ့အလင်းရောင်တွေဟာ ငယ်ထိပ်ကိုရောက်သွားတယ်လို့ စိတ် မှာအာရုံပြုထားရတယ်။ ခေါင်းအထက်ပိုင်းတစ်ခုလုံးဟာ အလင်းရောင်တွေနဲ့ ပြည့်နေပြီ။ ပြီးတော့ ကိုယ့်ကိုယ်ပေါ် ဖြာကျနေပြီလို့ အာရုံပြုပြီးတော့ အသက်ရှူရမယ်။ မျက်လုံးနှစ်လုံးဟာ တတိယမျက်လုံးနေရာမှာ ရောက်နေတယ်လို့ အာရုံပြုထားမယ်။ ငယ်ထိပ်တစ်ခုလုံးကနေ အလင်းရောင်တွေဟာ ကိုယ်ပေါ်ကို ဖြာကျနေတယ်လို့ အာရုံပြုထားရမယ်။ အဲဒီတော့အလင်းရောင်ပရာနာတွေပဲ အစ်ကိုကြီး”

ဟု မောင်ဓူဝံက ပြောလိုက်လျှင် မောင်ဖေသော်က. .

“မောင်ဓူဝံရေ မင်းအခုပြောနေတာတွေဟာ ကျင့်စဉ်ပဲပေါ့ကွာ”

ဟု ပြောလိုက်လေ၏။ ထိုအခါ ဓူဝံက. .

“တကယ့်ကို ကျင့်စဉ်ပါပဲ ။ တိဘက်ပြည်မှာ အင်မတန်နာမည်ကြီးတဲ့ တန္တြဆိုတာ ကျင့်စဉ်ပေါင်း ၁၁၂နည်းကို ပြောတာပါ။

www.burmeseclassic.com



အခု ကျွန်တော် အစ်ကိုကြီးကိုပြောပြနေတဲ့ တတိယမျက်လုံးဆိုတာဟာ တန္တြကျင့်စဉ် နံပါတ်(၅)ကို ပြောတာပါပဲ”

ဟု ပြောလေ၏။ ထိုအခါ မောင်ဖေသော်က. .

“အဆန်းပဲဟေ့”

ဟု ရေရွတ်လိုက်လေ၏။

“အဆန်းလို့မပြောပါနဲ့ အစ်ကိုကြီးရယ်။ အမြင်သစ်လို့ ပြောပါ။ ရိုးရိုးမျက်လုံးနှစ်လုံးနဲ့ မြင်နိုင်တဲ့အမြင်ကတော့ အမြင်သစ်လို့ မပြောနိုင်ပါဘူး။ ရိုးရိုးတွေ့နေကျ၊ မြင်နေကျအမြင်လို့ပဲ ပြောရမှာပါပဲ။ တတိယမျက်လုံးပွင့်သွားပြီး အဲဒီမျက်လုံးနဲ့ မြင်တဲ့အမြင်မှပဲ တကယ့်အမြင်သစ်ဖြစ်မှာပေါ့။ အဲဒီတော့ ကျွန်တော် အခုပြောပြတဲ့ တတိယမျက်လုံးကျင့်စဉ်ကို စမ်းသပ်ပြီးကျင့်ကြည့်ပါလား”

ဟု ဓူဝံက ပြောလိုက်ရာ မောင်ဖေသော်က သူ၏လက်တွင်းမှ ရေနွေးခွက်ကို မိုးပေါ်သို့ မြှောက်ရင်း. .

## “တတိယမျက်လုံးပွင့်ရေး”

www.burmeseclassic.com



ဟု လေးလေးနက်နက်ကြီး ပြောလိုက်လေတော့၏။

ထိုနေ့မှစ၍ မောင်ဖေသော်သည် ဓူဝံပြောသော တတိယမျက်လုံးကျင့်စဉ်ကို စ၍ကျင့်ခဲ့လေတော့၏။ တစ်ခုသော အင်္ဂလိပ်လ၏ (၈)ရက်နေ့ဖြစ်၏။ စ၍ကျင့်သောအချိန်မှာ နံနက် (၈)နာရီဖြစ်၏။ မောင်ဖေသော်သည် ဂိုဒေါင်ရိပ်တွင် ဖျာကြမ်းလေးခင်းကာ ထိုဖျာကြမ်းပေါ်တွင် စောင်ကလေးထပ်၍ခင်းပြီးလျှင် အကျအန တင်ပလ္လင်ခွေထိုင်လျက် တတိယမျက်လုံးပွင့်ရေးကို ဦးစားပေး၍ ကျင့်လေတော့၏။

မောင်ဖေသော်သည် ထိုတတိယမျက်လုံးကျင့်စဉ်ကို တစ်ခါကျင့်လျှင် ကိုးရက်ဆက်တိုက်ကျင့်၏။ ပြီးလျှင် တစ်ရက်နား၏။ ထို့နောက် ပြန်၍ ကိုးရက်ကျင့်ပြန်၏။ ဤသို့ဖြင့် (၂၇)ကြိမ်တိတိ ကျင့်ခဲ့၏။ ထို့ကြောင့် စ၍ကျင့်သောရက်မှရေတွက်လျှင် ၂၅၁ရက်ကြာခဲ့လေ၏။ ၂၅၁ရက်ကျင့်ပြီးသည်ဆိုသော်လည်းနားရက်မှာ ၂၇၃ရက်ဖြစ်၏။

(၂၇၃)ရက်ပြည့်သောနေ့တွင် မောင်ဖေသော်က. .

“ဒီရက်ပိုင်းအတွင်း ငါထောင်ကလွတ်မှာ”

ဟု ပြောလိုက်ရာ ဓူဝံက

“ဟုတ်ပ့ါမလား အစ်ကိုကြီးရယ်။ အစ်ကိုကြီး လွတ်ရက်သိအောင် ထောင်ရုံးမှာသွားပြီး ဘုတ်,တိုက်ကြည့်ပါဦး။ အစ်ကိုကြီးကျတာ နှစ်ကြီးကျတာပဲ။ ဘယ်လိုလုပ်လွတ်ဦးမှာတုံး”

www.burmeseclassic.com



ဟု ပြောလိုက်ရာ မောင်ဖေသော်က. .

"မင်္ဂလသုတ်စာမေးပွဲတွေ ခဏခဏအောင်ထားတာပဲကွာ။ အဲဒါ လျှော့ရက်ရမှာပေါ့"

ဟု ပြောလိုက်ရာ မူဝံက. .

"ဘယ်လောက်ပဲ လျှော့ရက်ရရ၊ ဒီရက်အတွင်းတော့ မလွတ်နိုင်သေးပါဘူး။ အများကြီးလိုသေးတာပဲ"

ဟု ပြောလိုက်လျှင် မောင်ဖေသော်က တဟားဟားရယ်လေ၏။

"မင်းကိုငါပြောမယ် မူဝံရေ။ လူတစ်ယောက်ဟာ သူ့ရဲ့မိတ်ဆွေမောင်ဖြူကို သတိရလိုက်တယ်ဆိုပါတော့ကွာ။ နောက်နာရီဝက်အတွင်းမှာပဲ မောင်ဖြူဟာ အိမ်တံခါးလာခေါက်တော့တာပဲဟေ့။ ဒါကို မသိရင် တိုက်ဆိုင်တာပဲလို့ ပြောကြမှာပဲ။ နောက်တစ်ခါ ငါးသလောက်ပေါင်း ကိုယ်က စားချင်နေတယ်။ မကြာခင်ပဲ မိန်းမဟာ ဈေးကပြန်လာတယ်။ ကဝက်ကင်းငါးသားလောက် လတ်လတ်ဆတ်ဆတ်ကြီးတွေကို ဝယ်လာတယ်။ ငါးသလောက်ပေါင်းမယ်လို့ပြောတယ်။ အဲဒါကို တိုက်ဆိုင်တာပဲလို့ပဲ ပြောမယ်။ ခဏခဏတိုက်ဆိုင်နေတော့ အံ့ဩစရာပေါ့ကွယ်။ဒါပေမယ့် အဲဒီလိုတိုက်ဆိုင်မှုတွေက ခဏခဏဖြစ်သလားလို့မေးရင် မဖြစ်ဘူးလို့

www.burmeseclassic.com



ပဲ ဖြေရမှာပဲ။ သူဖြစ်ချင်တဲ့အခါ တိုက်ဆိုင်ချင်တဲ့အခါကျတော့ တိုက်ဆိုင်ပြန်ရောပေါ့။ ဒါပေမယ့် လူတော်တော်များများဟာ ဘာကြောင့်ဖြစ်တယ်၊ ဘာကြောင့်တိုက်ဆိုင်တယ်ဆိုတာကို မစဉ်းစားခဲ့ကြဘူး။ အဲဒါ ငါပြောတဲ့စကားမဟုတ်ဘူးနော် ဓူဝံရေ။ မင်းငါ့ကိုပြောခဲ့တဲ့စကား။ ဒါပေမယ့် ရက်ပေါင်း (၂၄၃)ရက် အဲဒါကို လေ့ကျင့်လိုက်တဲ့အခါမှာ ငါသေသေချာချာသိသွားပြီ။ မျက်လုံးသူငယ်အိမ်နှစ်လုံးဟာ တတိယမျက်လုံးမှာအာရုံစိုက်လိုက်တဲ့အချိန်၊ ရှူသွင်းလိုက်တဲ့ ပရာနာဟာ ငယ်ထိပ်ကိုရောက်သွားတဲ့အချိန်၊ တစ်စုံတစ်ခုကို တမ်းတလိုက်တဲ့အချိန်၊ အဲဒီအချက်သုံးချက်ဟာ ညီညွတ်ရင် စောစောက တိုက်ဆိုင်တယ်ဆိုတာ ဖြစ်လာတော့တာပဲ။ အဲဒီတော့ ငါဖြစ်ချင်တာတစ်ခုကို အဲဒီနည်းနဲ့ တိုက်ဆိုင်ခိုင်းလိုက်တော့တာပေါ့ကွာ။ တိုက်ဆိုင်ခိုင်းလိုက်လို့ တိုက်ဆိုင်ပြီဆိုရင်တော့ ငါလိုတာရပြီပေါ့။ ကိုယ်လိုချင်တာ ရပြီဆိုရင် လိုတရပြီပေါ့။ လိုတရပြီဆိုရင် ဣစ္ဆာသယပေါ့ကွာ။ အဲဒီတော့ ငါထောင်ကလွတ်မယ့်ရက်ကို ငါတိုက်ဆိုင်ခိုင်းထားပြီးပြီ။ အဲဒါတွေလည်း ငါပြောတဲ့စကားတွေမဟုတ်ပါဘူး။ မင်းပြောတဲ့စကားတွေပါပဲ။ ဒါပေမယ့် ငါကလက်တွေ့လုပ်ပြခဲ့တာ။ ပြည့်

www.burmeseclassic.com



စုံပြီလားဆိုတော့ ပြည့်စုံတဲ့အဆင့်မရောက်သေးဘူး။ ကြိုးပမ်းပြီးနေတဲ့အဆင့်မှာပဲ ရှိသေးတယ်။ နာရီတိုင်း၊ မိနစ်တိုင်း၊ တိုက်ဆိုင်နိုင်တဲ့အဆင့်ကိုတော့ ဆက်ပြီးလုပ်ရဦးမယ်။ ဘာပဲဖြစ်ဖြစ် ဆက်လေ့ကျင့်ရင်း ကိုယ်လိုချင်တာတွေကို မကြာခင်တိုက်ဆိုင်လာလိမ့်မယ်။ မင်းကိုလည်း တစ်ခုပြောရဦးမယ်။ ငါဟာ ရိုးရိုးဖေသော်မဟုတ်ဘူး။ မကြာခင်မှာ တတိယမျက်လုံးပိုင်ရှင် ဖေသော်ဖြစ်လာလိမ့်မယ်”

ဟု ပြောလိုက်လျှင် ဓူဝံက မောင်ဖေသော်အား ပြေး၍ဖက်လေ၏။

“ပြီးတော့ ထပ်မှာခဲ့ဦးမယ်။ မင်းပဲ ထောင်ထဲကအရင်ထွက်ထွက်၊ ငါကပဲ အရင်ထွက်ထွက်၊ ဟောဒီမှာ ငါ့ရဲ့မှတ်တမ်းကြီးရှိတယ်။ အဲဒီမှတ်တမ်းကြီးကို ငါ့ရဲ့သူငယ်ချင်းအောင်သော်ဆီကို မဖြစ်ဖြစ်အောင် သွားပေးလိုက်။ တစ်ခုမှာချင်တာကတော့ ဟောဒီမှတ်တမ်းကြီးဟာ စရေးကတည်းက မကောင်းဆိုးဝါးတွေ စီးနေတယ်။ မကောင်းဆိုးဝါးတွေနဲ့လည်း ငါဟာ အများကြီးပတ်သက်ခဲ့တယ်။ ဒီမကောင်းဆိုးဝါးတွေဆိုတာက အရပ်စကားနဲ့ ပြောရရင် လမိုင်းတွေ။ အဲဒီငါနဲ့တွေ့တဲ့လမိုင်းတွေကလည်း ယောက်ျားတွေ

www.burmeseclassic.com



မဟုတ်ဘူး။ မိန်းမတွေ။ အားလုံးလာပြီးလှည့်စားကြတယ်။ ပြီးတော့ ငါ့ကို လမိုင်းတစ်ကောင်ဖြစ်အောင် လုပ်ကြတယ်။ တစ်ခု ထူးခြားတာကတော့ မိန်းမတစ်ယောက်ဟာ ငါ့ကို လာပြီး အနှောင့်အယှက်ပေးတယ်။ မရရင် နောက်တစ်ယောက်လာတယ်။ သူတို့အချင်းချင်းလည်း အဆက်အသွယ်ရှိကြတယ်။ ဒါကြောင့် လာရင်နာမည်တစ်မျိုးတည်းနဲ့လာတယ်။ အဲဒီနာမည်ကလည်း မြနန်းနွယ်တဲ့။ ဟောဒီမှတ်တမ်းကြီးကိုက သူတို့ရဲ့ဓာတ်သက်တွေ စွဲနေတယ်။ ဒါပေမယ့် ငါ့မှာအမြင်သစ်တွေရလာပြီ။ နောက်တစ်ခု မင်းကိုပြောရဦးမယ်။ မြနန်းနွယ်ဆိုတဲ့ သူတော်ကောင်း အမျိုးသမီးတစ်ဦးရှိတယ်။ သူဟာ အလှူအတန်းရက်ရောတယ်။ စေတီတော်တစ်ဆူကို တန်ဖိုးရှိတဲ့ပစ္စည်းတွေ လှူဒါန်းသွားပြီးပြီ။ အဲဒီ အမျိုးသမီးကြီးနဲ့ စောစောက လမိုင်းတွေနဲ့ ဘာမှမဆိုင်ဘူးနော်။ အဲဒီ သူတော်ကောင်းအမျိုးသမီးကြီးလည်း ကောင်းမှုကုသိုလ်တွေ အကျအနလုပ်ပြီး လူ့ပြည့်လူ့လောကကို စွန့်ခွာသွားပါပြီ။ ငါနဲ့တွေ့ခဲ့တဲ့ မြနန်းနွယ်ဟာ အဲဒီအမျိုးသမီးကြီးနဲ့ ဘာမှမဆိုင်ဘူးဆိုတာတော့ မောင်မူဝံနားလည်ဖို့တော့လိုတယ်”

ဟု ပြောလိုက်လျှင် မူဝံသည် ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

www.burmeseclassic.com



ထို့နောက် မောင်ဖေသော်၏နဖူးကို နမ်းလိုက်လေ၏။ ၎င်းနမ်းသော နေရာသည် တတိယမျက်လုံးနေရာပင်ဖြစ်လေ၏။ ထို့နောက် ဓူဝံက. .

“အစ်ကိုကြီး အတော့်ကို ပေါက်ပေါက်မြောက်မြောက်ဖြစ်သွား ပြီပဲ။ ကျွန်တော်အစ်ကိုကြီးနဲ့ နေရကျိုးနပ်ပါပြီ”

ဟု ပြောချိန်၌ပင် အကျဉ်းသားတစ်ဦးနှင့် ထောင်မှူးတစ်ဦး ရောက်လာပြီးလျှင် အကျဉ်းသားက. .

“အဘ ဦးဘကောင်း အကျဉ်းသား ဓူဝံ လွတ်လူ”

ဟု အော်လိုက်လေ၏။ ထိုအခါ ဓူဝံက. .

“အစ်ကိုကြီးရေ ကျွန်တော်လည်း တိုက်ဆိုင်သွားပြီ။ အဲဒီတော့ သွားမယ်။ အစ်ကိုကြီး ရေးထားတဲ့မှတ်တမ်းဆိုတာလည်း ကျွန် တော်ရအောင် ထုတ်လိုက်မယ်”

ဟုဆိုကာ ထွက်သွားလေတော့၏။ မောင်ဖေသော်လည်း ထောင် ထဲတွင် ၄၅ရက်ခန့်နေရ၏။ (၄၅) ရက်ပြည့်သောနေ့တွင် မဂ်လသုတ် စာမေးပွဲကို ထူးချွန်စွာအောင်သည်ကိုအကြောင်းပြ၍ လျှော့ရက် အမြောက်အမြားရရှိသည်ဖြစ်ရာ မောင်ဖေသော်အား ထောင်မှ အပြီး အပိုင် လွှတ်လိုက်လေတော့၏။

ထောင်ဘူးဝတွင် ဦးစိန်မြသာကြီးသည် မောင်ဖေသော်အား လာ

www.burmeseclassic.com



၍ကြိုနေ၏။ ဦးစိန်မြသာကြီးသည် မော်တော်ကားကို ကိုယ်တိုင်မောင်း လာခြင်းဖြစ်၏။ မောင်ဖေသော်အား ကားပေါ်တင်၍ ကားကိုမောင်း၍ ထွက်လာ၏။

"ဘယ်လိုလဲ မောင်ဖေသော်။ ထောင်ထဲမှာ အတော်ကလေး အတိဒုက္ခရောက်ရဲ့လား"

ဟုမေးလိုက်ရာ မောင်ဖေသော်က

"ဦးစိန်မြသာရဲ့ ပို့သသောမေတ္တာကြောင့် မရောက်ပါဘူးဗျာ။ ကျုပ်အများကြီး အလုပ်လုပ်နိုင်ခဲ့ပါတယ်"

ဟု ပြောလိုက်လျှင် ဦးစိန်မြသာကြီးက ရယ်မောလေ၏။

"ကဲ မောင်ဖေသော် မင်းကို ဘယ်ပို့ပေးရမလဲ"

ဟု မေးလိုက်ရာ မောင်ဖေသော်က. .

"ဒီလိုရှိတယ် ဦးစိန်မြသာ၊ ဖြစ်နိုင်ရင်ကျုပ်ကို ပုပ္ပါးကို ပို့ပေး စမ်းပါ။ အဲဒီမှာ ကျန်တဲ့အလုပ်ကလေးတွေ ဆက်ပြီးလုပ်မယ်။ အဲဒီကနေပြီးမှ ခရီးဆက်မယ်"

ဟု ပြောလျှင်ဦးစိန်မြသာကြီးက. .

"ဘာပဲဖြစ်ဖြစ်ကွာ။ မဂိုလမ်း(ယခုရွှေဘုံသာလမ်း) က သက် သတ်လွတ်ထမင်းဟင်းရောင်းတဲ့ ဘရာဟင်ထမင်းဆိုင်မှာ ထမင်း စားကြသေးတာပေ့ါ။ ပြီးတော့မှ ပုပ္ပါးကို ပို့ပါမယ်"

www.burmeseclassic.com



ဟု ပြောလေ၏။ ထို့နောက် ၎င်းတို့သည် မဂိုလမ်းသို့ သွားကာ ဘာရာဟင်ဆိုင်တွင် ထမင်းစားသောက်ကြလေ၏။ ထို့နောက် ဦးစိန်မြသာက မောင်ဖေသော်ဝတ်ရန်အတွက် အဝတ်အစားများ၊ လိုအပ်သော အသုံးအဆောင်များ လိုက်၍ဝယ်ပေးလေ၏။ ၎င်းတို့နှစ်ဦးစီးသော ကားကလေးသည် တရွေ့ရွေ့နှင့်မောင်းနှင်ခဲ့ရာ နောက်တစ်နေ့နံနက် (၈)နာရီလောက်တွင် ကျောက်ပန်းတောင်းမှ ပုပ္ပါးသို့သွားသောလမ်းပေါ်သို့ ရောက်ရှိနေတော့၏။ နေရိပ်တစ်နေရာသို့ ရောက်သောအခါ၌ ကားပေါ်မှ ဆင်း၍ လမ်းဘေးတွင်ရပ်နေကြလေ၏။ ထိုအချိန်တွင် ပုပ္ပါးတောင်ဘက်မှနေ၍ မောင်းလာသောကားတစ်စီးသည် ၎င်းတို့ရှိရာဘက်ဆီသို့ ဦးတည်၍ မောင်းနှင်လာသည်ကိုတွေ့ရလေ၏။ ထိုကားကလေးသည် ဦးစိန်မြသာစီးသော ကားကလေးနှင့်တထေရာတည်းလည်းတူ၏။ ထိုကားကလေးသည် ဦးစိန်မြသာ၏ကားကလေးနှင့် ခေါင်းချင်းဆိုင်၍ လာရပ်လေ၏။ ထို့နောက် ကားပေါ်မှ တစ်စုံတစ်ယောက် ဆင်းလာ၏။ ထိုတစ်စုံတစ်ယောက်သည် အဖြူရောင်ဥရောပဝတ်စုံကို ဝတ်ထားပြန်လေ၏။ စီးထားသော ရှူးဖိနပ်သည်ပင်လျှင် အဖြူဖြစ်၏။ ထိုသူသည် သွက်လက်ဖျတ်လတ်သော လူငယ်တစ်ဦးမျှသာဖြစ်၏။ မောင်ဖေသော်သည် ထိုလူအား လှမ်း၍ကြည့်လိုက်၏။ ထို့နောက် မျက်မှောင်တစ်ချက်

www.burmeseclassic.com



ကြုတ်လိုက်၏။ ပြီးလျှင် သူ၏မျက်နှာ၌ ပြုံးရောင်သမ်းသွားလေ၏။ ထိုအပြုံးနှင့်အတူ အသံ ထွက်လာ၏။

"မူဝံပါလား"

"ဟုတ်ပါတယ် အစ်ကိုကြီး။ ကျွန်တော် မူဝံပါ။ ဒါနဲ့ပြောရဦးမယ်။ ကျွန်တော့်ကို တစ်နေ့က အစ်ကိုကြီးကိုပေးလိုက်ပါဆိုပြီး ပေးထားတဲ့ ဖိတ်စာတစ်စောင်ရှိတယ်။ ဖိတ်စာကတော့ တခြားမဟုတ်ပါဘူး။ ကလေးကင်ပွန်းတပ်ဖိတ်စာပါ။ ကိုမောင်မောင်ကြီးနဲ့ မြင့်တို့က ဖိတ်တဲ့ဖိတ်စာပါ။ သမီးကလေးတဲ့။ သမီးကလေးကို ကင်ပွန်းတပ်မလို့တဲ့။ အစ်ကိုကြီးလာနိုင်ရင် လာပါတဲ့"

ဟု ဆိုကာ ဖိတ်စာတစ်စောင်ကိုပေးလိုက်လေ၏။ မောင်ဖေသော်လည်း ထိုဖိတ်စာကို အိတ်ထဲတွင်ထည့်လိုက်လေ၏။

"နေစမ်းပါဦးကွ မောင်မူဝံရ၊ မင်းကဘယ်ကိုသွားမှာတုံး"

ဟု မေးလိုက်ရာ မူဝံက. .

"ကျွန်တော့်အလုပ်တာဝန်ပြီးပါပြီ အစ်ကိုကြီး။ ကျွန်တော် အစ်ကိုကြီးကို တတိယမျက်လုံးအကြောင်းပြောဖို့ ထောင်ထဲကိုလိုက်လာရတာပါ။ ကျွန်တော့်တာဝန်ပြီးလို့ ရှမ်ဘဲလားကို ပြန်ရမှာပါ။ ရှမ်ဘဲလားဆိုတာက မဟာမြိုင်ပေါ့ခင်ဗျာ"

---

www.burmeseclassic.com



ဟု ပြောလိုက်လျှင် မောင်ဖေသော်သည် ဦးစိန်မြသာ၏မျက်နှာကိုလှမ်းကြည့်လိုက်လေ၏။ ထိုအခါ ဦးစိန်မြသာက. .

"ကဲ လူကလေးမောင်ဖေသော် ကားမောင်းတတ်ရင် အဲဒီကားကို ယူသွားပေတော့။ ငါတော့ ဓူဝံရဲ့ကားနဲ့လိုက်သွားတော့မယ်"

ဟုဆိုကာ ဓူဝံ၏ကားပေါ်သို့ တက်လိုက်လေ၏။ ထို့နောက် ၎င်းတို့ နှစ်ဦးသည် မောင်းနှင်၍ ထွက်ခွာသွားလေတော့၏။ မောင်ဖေသော်သည် ငူငူကြီးရပ်ကျန်ရစ်ခဲ့လေတော့သည်။

| | |
|---|---|
| **မှတ်ချက်။** | **။ဤမှတ်တမ်းမှာမောင်ဖေသော်၏မှတ်တမ်းကြီးဖြစ်၏မောင်ဖေသော်နှင့်ဦးစိန်မြသာ၊မောင်ဓူဝံတို့ခွဲခွာခဲ့ပုံကို မောင်ဓူဝံက ရေးသားခဲ့ဟန်တူ၏ထိုမှတ်တမ်း၏အဆုံးတွင် မောင်ဓူဝံသည်ကားဘေးတွင်ငူငူကြီးရပ်၍ကျန်ရစ်ခဲ့သောမောင်ဖေသော်၏အကြောင်းကို အောက်ပါအတိုင်း စိတ်ကူး၍ရေးသားခဲ့ဟန်တူ၏။** |
| | *စာရေးသူ* |

**လာဘ်မိုးစွေစာပေ**

www.burmeseclassic.com



မောင်ဖေသော်သည် မော်တော်ကားဘေးတွင် ငူငူကြီးရပ်၍နေ ၏။ ကားကလေးသည် တဖြည်းဖြည်းဝေး၍သွား၏။ ထို့နောက် ဖုန်လုံးကြီးထဲတွင် ပျောက်ကွယ်သွား၏။ မောင်ဖေသော်လည်း မြင့်မြင့်နှင့်ကိုမောင်မောင်ကြီးတို့၏ သမီးကလေးကင်ပွန်းတပ်ဖိတ်စာဆိုသည်ကိုဖွင့်၍ ကြည့်လိုက်၏။ ထိုဖိတ်စာမှာ အောက်ပါအတိုင်းရေးသားထားသည်ကို တွေ့ရ၏။

**ကျွန်တော် မောင်မောင်ကြီးနှင့် ကျွန်မ မြင့်တို့က...**
**ကျွန်တော်၊ ကျွန်မတို့၏ ရင်နှစ်သည်းချာသမီးရတနာလေးကို**
**အမည်ပေးကင်ပွန်းတပ်ပြုလုပ်မည်ဖြစ်ပါ၍**
**လူကြီးမင်းကိုယ်တိုင် ကြွရောက်ပါရန် ဖိတ်ကြားပါသည်။**
**ကျွန်မတို့၏ ရှုမငြီးသည့် သမီးဦးရတနာလေးကို**
**အောက်ပါအမည် မှည့်ခေါ်မည်ဖြစ်ကြောင်းကိုလည်း**
**ကြိုတင်သတိပေးအပ်ပါသည်။**

**သမီးကလေး**

**မြနန်းနွယ်**

www.burmeseclassic.com



မောင်ဖေသော်သည် ထိုဖိတ်စာကိုကြည့်ပြီးနောက် သူ၏ မျက်လုံးတို့မှာလည်း မှုန်မှိုင်းရီဝေသွား၏။

"သြော်. . . သူတော်စင်အမျိုးသမီးကြီး၊ လူ့ပြည်ကို တစ်ခေါက်ပြန်လာပြီကိုး"

ဟု ဝမ်းမြောက်ဝမ်းသာ ရေရွတ်လိုက်လေတော့သတည်း။ ။

**သဗ္ဗေသတ္တာကမ္မဿကာ**

**မင်းသိခ်**

www.burmeseclassic.com

